
စီဂါဘားလန်း
ကိုချစ်

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာအုပ်အမည် | - | စိဂါဘားလန်း |
| စာရေးသရာ | - | ကိုချစ် |
| ပုံနှိပ်ခြင်း | - | ၂၀၁၃ ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုချစ် |
| ကွန်ပျူတာစာစီ | - | ကောင်း ကွန်ပျူတာ ဖုန်း-၀၉ ၇၃၁၈၅၀၅၇ |
| | | အမှတ်(၁၇၀)၊ ၃၃-လမ်း(အထက်)။ |
| စာအုပ်ချုပ် | - | ကိုမြင့် |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - | ဦးကျော်ရင် (မြ ၁၀၀၉၈) ရွှေခြင်္သေ့ပုံနှိပ်တိုက်၊ အမှတ်-၁၇၉၊ ၃၁လမ်း(အထက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးလှတိုး(မြ-၀၃၇၇၂)၊ ရန်အောင်စာပေ တိုက်-၁၇၊ အခန်း-၂၃၊ ရွှေအုန်းပင်အိမ်ရာ၊ အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်။ ဖုန်း - ၀၉ ၇၃၂၄၃၀၅၊ ၀၉ ၅၁၇၉၃၉၈ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း CIP

၈၀၈.၈၄

ကိုချစ်
စိဂါဘားလန်း/ကိုချစ် – ရန်ကုန်။
ရန်အောင်စာပေ၊ ၂၀၁၃။
၂၉၀– စာ၊ ၁၃ × ၂၀ စင်တီ။
(၁) စိဂါဘားလန်း

## စာရေးသူ၏အမှာ

"ဤဝတ္ထုသည် ဘာသာပြန်ဝတ္ထုမဟုတ်ပါ"၊ ကျွန်ုပ်၏ စိတ်ကူးယဉ် ဝတ္ထုဇာတ်လမ်းသာဖြစ်သည်။ စိတ်ကိုအချုပ်အနှောင် မရှိ လွတ်လွတ်လပ်လပ်ရေးသားထားခြင်း ဖြစ်ပါသည်။ ဝတ္ထုတွင် ပါဝင်သောဇာတ်ကောင်တို့၏ အမည်များသည်လည်း ဇာတ်လမ်းနှင့် လိုက်ဖက်မည်ထင်သော အမည်များကို စိတ်ကူးဖြင့် ပေးထားခြင်း သာ . . . တစ်စုံတစ်ရာ အမှားအယွင်းရှိသော် သည်းခံခွင့်လွှတ် ဖတ်ရှုစေလိုပါသည်။

ကိုချစ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင် ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

**စီဂါဘားလန်း**
**အသက် (၂၆) နှစ်**
**၂၄.၁၂.၂၀၀၇ တွင်ကွယ်လွန်သည်**

သူ့ဦးခေါင်းပေါ် . . မျက်နှာပေါ် သူ့ဝိညာဉ် တစ်ကိုယ်လုံး အပေါ်ကို ကြွေကျလာတဲ့ ချယ်ရီပန်းတွေကို ငေးကြည့်ရင်း 'ဘားလန်း' အနည်းငယ် ကြည်နူးမိတာ ဝန်ခံရမယ်၊ ကံဆိုးတဲ့အထဲမှာ ကံနည်းနည်းကောင်းတယ်လို့ တစ်ဆက်တည်း တွေးနေမိတယ်၊ ဒုတိယ ကံနည်းနည်းကောင်းသူက - ဂျိုး၊ 'ဂျိုးဂျေဆာ'၊ သူနဲ့ ဘေးချင်းကပ်လျက် အုတ်ဂူက ဂျိုးပဲ။ ဂျိုးရဲ့အုတ်ဂူပေါ်မှာလည်း ချယ်ရီပန်းပွင့်တွေက ဆောင်းလေနှင့်အတူ တဖွဲဖွဲလွင့်မျောနေတယ်။ နှင်းပွင့်တွေရောပဲ၊ ကျောက်စက်သချိုင်းမှာ ချယ်ရီပင်သုံးပင်ရှိတယ်။ တစ်ပင်က ဂျိုးနဲ့ ကျွန်တော်ရဲ့ အုတ်ဂူဘေးမှာ၊ နောက်နှစ်ပင်က သချိုင်းဇရပ်ပျက်ကြီးရဲ့ဘေးမှာ၊ ချယ်ရီပန်းတွေ လှိုင်လှိုင်ပွင့်တဲ့ ဒီဇင်ဘာလို လမျိုးမှာဆိုရင် ကျွန်တော်တို့ သချိုင်းဟာ သုသာန်တွေထဲမှာ အလှဆုံးနှင့် ကဗျာဆန်ဆုံးသချိုင်းလေးပဲ ဖြစ်မယ်၊ လွမ်းစရာကောင်းတယ်၊ သေသေချာချာ လေ့လာကြည့်မယ် ဆိုရင်တော့ ကြောက်စရာကောင်းတာကိုလည်း တွေ့ရလိမ့်မယ်။

၎င်းချယ်ရီပင် ကျွန်တော်တို့ အုတ်ဂူဘေးမှာ ရှိနေတာကို သွေးညီနဲ့ တထောင်းထောင်း ထနေတဲ့ ဒေါက်တလောက်က နည်းနည်းလေးမှ ကြည့်လို့ မရဘူး၊ ကျွန်တော်တို့ရဲ့ ချယ်ရီပင်ကို ဖျက်ဆီးပစ်မယ်ချည်းပဲ ကြုံးဝါးနေတယ်၊ သူက ဒီလိုပါပဲ၊ တစ်ညလုံး တစ်နေ့လုံး သူများကို သတ်မယ်ဖြတ်မယ် ဖျက်ဆီးပစ်မယ်ချည်း ပြောနေတော့တာ ပဲ၊ တကယ် ဆိုးတဲ့သရဲ သူက တကယ်ဆိုးတယ်ဗျ၊ သူများတွေ သာသာယာယာ နေရတာကို ဘယ်တော့မှ မနှစ်မြို့ဘူး၊ အဲဒီလိုပဲ. . .

ကျွန်တော်တို့ အိပ်စက် အနားယူတဲ့အချိန်၊ အုတ်ဂူပေါ်မှာ ထိုင်ပြီး ဂျိုးနဲ့ စကားစမြည် ပြောနေတဲ့အချိန်မျိုးမှာ ၎င်းချယ်ရီပန်းတွေဟာ အလိုက်သိစွာနဲ့ ကြွေဆင်းနေတတ်တယ်။ ထိုအချိန်အခါမျိုးမှာ တစ်ချို့ဝိညာဉ်တွေက ကျွန်တော်နဲ့ဂျိုးရဲ့ နေရာကို အလိုက်ပေးပြီး နေရာချင်း လဲချင်နေကြတယ်၊ ဒါကိုတော့ ကျွန်တော်တို့က လုံးဝ ငြင်းဆန်တယ်၊ ကျွန်တော်တို့ရဲ့အုတ်ဂူနဲ့ ချယ်ရီပင်ဟာ ကျောက်စက် သင်္ချိုင်းမှာ အနေအထား အကျနဆုံး၊ အကောင်းဆုံးနေရာ မဟုတ်လား၊ တစ်ခါတစ်ရံ မြူခိုးနှင်းခိုးတွေ ပတ်လည်ဝိုင်းနေရင် အလွန်လှပတဲ့ ကောင်းကင်ဘုံကသင်္ချိုင်းတစ်ခုလို့တောင် ထင်ရတယ်၊ ၎င်းနေရာကို ကျွန်တော်ရတာ ကံကောင်းတယ်၊ အဲဒါ ကျွန်တော့်ချစ်သူ မေလီရဲ့ ကောင်းမှုကြောင့်ပဲ၊ မေလီက ဒီဘက်မှာတော်တယ်လေ၊ အိမ်ကောင်းကောင်းရှာတာတို့၊ နေရာကောင်းကောင်း ရှုခင်းကောင်းကောင်းရွေးချယ်တာတို့. . မေလီ့ကိုတော့ ဒီ့အတွက် အထူးကျေးဇူးတင်တယ်၊ မေလီက ကျွန်တော့်အကြိုက်ကို သိလွန်းတယ်၊ ဒါ သိပ်တော့ မဆန်းပါဘူး၊ သူမက ကျွန်တော့်ချစ်သူပဲ မဟုတ်လား. . .

ဒါပေမဲ့ ကိုးလိုးကန့်လန့် မြင်ကွင်း တစ်ခုတော့ရှိနေသလိုပဲ. . ၎င်းအချက်က ဘာလဲဆိုတော့ ကျွန်တော်တို့ အုတ်ဂူ နှစ်လုံးပဲ၊ ကျွန်တော့်အုတ်ဂူက ရှည်မျောမျော အဖြူရောင်ဆွတ်ဆွတ်၊ ဂျိုးရဲ့အုတ်ဂူက သေးသေးကွေးကွေး နီညိုရောင်အုတ်ဂူ၊ ဘယ်လိုမှမလိုက်



က်ဘူး. . မသိရင် သားအဖနှစ်ဦး အတူတူသေသလိုလို ဘာလိုလို. . ဂျိုးရဲ့မိဘတွေက ဘယ်လို စိတ်ကူးနဲ့များ သူ့သားရဲ့ အုတ်ဂူကို သေးသေးကွေးကွေး နီညိုရောင် လုပ်လိုက်တယ် မသိဘူး၊ ဘယ်လိုမှ ဘျှာ မဆန်ဘူးလို့ ကျွန်တော် တွေးနေမိတယ်၊ ကျွန်တော့်မျက်လုံးထဲမှာ ဒီတစ်ခုဟာ မှားယွင်းနေသလားပဲ. . ဘာမှားနေလဲတော့ မပြောတတ်ပါဘူး၊ ကိုယ့်အတွေးနဲ့ကိုယ် စဉ်းစားနေမိတာ. . ဟုတ်တော့လည်းဟုတ်တယ်၊ ဂျိုးက သေးသေးကွေးကွေး ဝိညာဉ်တစ်ကောင်ပဲ၊ မျက်လုံး မျက်ခုံးကောင်းပြီး ဆံပင်ရှည်ရှည်နဲ့ ကြည့်လို့တော့ကောင်းပါတယ်၊ ဒါပေမဲ့ ဂျိုးရဲ့ခန္ဓာကိုယ်ဟာ အလွန်သေးကွေးလွန်းတယ်၊ သူ့ဘယ်လောက်ပဲသေးသေး ဂျိုးကိုတော့ ကျွန်တော် ခင်မိတယ်၊ သူကလည်း ကျွန်တော့်ကို ခင်တွယ်ပါတယ်၊ ကျွန်တော်တို့ ဝိညာဉ်နှစ်ကောင်က အရွယ်သာ မတူတယ်၊ စိတ်တူ ကိုယ်တူတွေပဲလေ၊ စိတ်တူရာ ပေါင်းမိကြတဲ့သဘော. . အဲဒီလိုပဲ. . ကျွန်တော်တို့ သင်္ချိုင်းအကြောင်းကို တွေးနေရင်းက ကျွန်တော် လူ့ဘဝတုန်းက ကံဆိုးမိုးမှောင်ကျခဲ့ပုံကို ပြန်လည် တွေးတောနေမိတယ်၊ အတွေးတွေက တောင်ရောက်မြောက်ရောက်နဲ့. . ကျွန်တော့်ဘဝဟာ ဘယ်ဆီဘယ်ဝယ်ကို ဆက်လက် ထွက်ခွါရမလဲ ဆိုတာတော့ မသိတော့ပါဘူး. . "ဒါပေမဲ့" ထိုနေ့ကိုတော့ ကျွန်တော် ကောင်းကောင်း မှတ်မိတယ်၊ ဘယ်လိုမှ မေ့လို့ မရနိုင်တဲ့နေ့တစ်နေ့. . , အဲဒါက ကျွန်တော် သေတဲ့နေ့မို့လို့ပါပဲ. . . .

ထိုနေ့က ခရစ်စမတ် အကြိုနေ့၊ ကျွန်တော့်အတွက်တော့ ကြေကွဲဖွယ်ရာ ကောင်းတဲ့ နေ့တစ်နေ့၊ သေခြင်း တရားက ခပ်မြန်မြန်ပဲ ကျွန်တော့်ဆီကို ရောက်လာတော့တယ်. . ကျွန်တော် လူ့ဘဝတုန်းက စိုက်ပျိုးရေးဌာန တစ်ခုရဲ့ လက်ထောက်မန်နေဂျာ အလုပ်လုပ်ကိုင်ရင်း လစာကို ကျစ်ကျစ်ပါအောင် စုဆောင်းနေမိတယ်၊ အကြောင်းက မေလီ့ကို လက်ထပ်ယူဖို့ ဦးတည်တာပဲ. . မေလီနဲ့ ကျွန်တော် လက်ထပ်ဖို့ ကတိပြုထားပြီးသား. . မကြာခဏဆိုသလို ကျွန်တော့်ချစ်သူမေလီနဲ့ ဆုံတွေ့ဖြစ်တယ်။ အလုပ်နားရက်တွေမှာ

မေလီတို့ နေထိုင်ရာ တောင်ပေါ်မြို့လေးကို ကျွန်တော်သွားရောက်တွေ့ဆုံနေကျ. . ဒါပေမဲ့ အလွန်ဆိုးဝါးတဲ့ ကံဆိုးမှုတစ်ခုဟာ ရုတ်တရက် ပေါ်ပေါက်လာခဲ့တယ်၊ ကျွန်တော့်ဘဝ တစ်ခုလုံးကို ဖျက်ဆီးချေမှုန်းပစ်လိုက်တဲ့ ကံဆိုးမှု၊ ကားအက်စီးဒင့်တစ်ခု၊ လုံးဝ မဖြစ်သင့်တဲ့ အမှား တစ်ခုပါပဲလေ. . .

မေလီတို့ မြို့လေးဆီကို ကျွန်တော် အရောက်သွားရမဲ့ ခရစ်စမတ် အကြိုနေ့က ကျွန်တော် စီးလာတဲ့ အဝေးပြေးကားဟာ တောင်စောက်မြို့အဆင်းမှာ အရှိန်မထိန်းနိုင်ပဲ ရုတ်တရက် တိမ်းမှောက်သွားတယ်. . ကားက ဘရိတ်ကောင်းတယ်. . အင်ဂျင်သံလည်း ကောင်းပါတယ်. . ချွင်းချက်က ကားမောင်းသူဟာ လိုတာထက်ပိုပြီး အမြန်မောင်းခဲ့လို့ပဲ၊ သူဟာ အရက်လည်း အနည်းငယ် သောက်ထားတယ်ဆိုတာ ကားမှောက်ပြီးမှပဲ သိကြရတယ်၊ သိပ် စိတ်ဆိုးဖို့ ကောင်းတယ်. . ကားမှောက်တဲ့နေရာက မြို့လေးတစ်မြို့ရဲ့ တောင်တက်လမ်းမှာပဲ၊ မြို့နာမည်ကလည်း ခပ်စောင်းစောင်း. . တောင်စောက်မြို့တဲ့. . ကျွန်တော်တို့ကားက တောင်တက်လမ်းကို အရှိန်နဲ့တက်ခဲ့တယ်။ အဆင်းမှာ ကားဘီးဟာ ရုတ်တရက်ချော်ပြီး ကားတစ်စီးလုံး ချောက်ထဲကို ထိုးကျသွားတော့တာပဲ။ တကယ့်ကို ချောက်ချောက်ချားချားပဲ. . ကျွန်တော် ရုတ်တရက် ပူထူသွားပြီး ဦးခေါင်း တစ်ခုလုံး နာကျင် ကိုက်ခဲသွားတာပဲ သိလိုက်တယ်၊ ခဏ မေ့သွားပြီးမှ ပြန်လည် သတိရလာတယ် ထင်တယ်၊ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ တချို့လူတွေကို ကယ်ဆယ်ရေးအဖွဲ့တွေက ကယ်ထုတ်နေကြပြီ။ ကျွန်တော်နဲ့ အခြား ခြောက်ဦးလောက်ကိုတော့ နေရာတစ်ခုမှာ သပ်သပ်ခွဲထားတယ်။ တစ်မျိုးပဲ. . ကျွန်တော်တို့ စုစုပေါင်း ခုနစ်ဦးထဲမှာ ကားမောင်းသူကိုလည်း ရှုံ့ကြောင်မှုံကြောင်နဲ့ တွေ့ရတယ်၊ သူက မိုင်းဖုံးထိထားတဲ့ ကြွက်လို စုတ်ပြတ်သပ်နေပြီး နေစရာ မရှိအောင် ကြောက်လန့်နေတယ်၊ ကျွန်တော် ရုတ်တရက် ထပြီး သွေးတွေ ပေနေတဲ့ ကားမောင်းသူကို အပြစ်တင် ပြောဆိုနေတော့တယ်၊



“ခုလိုဖြစ်ရတာ ခင်ဗျား မဆင်မခြင်မောင်းလို့ဖြစ်ရတာ. . ခင်ဗျားကို မကျေနပ်ဘူး. . ကားက. . အခုလိုတော့ မဖြစ်သင့်ဘူး. . .”

ကျန်တဲ့သူတွေကလည်း မကျေနပ်တဲ့ပုံစံနဲ့ ကုန်းထလာကြပြီး ကားသမားမျက်နှာကို မုန်းတီးစွာ ဝိုင်းကြည့်လိုက်ကြတယ်၊ ကားသမားရဲ့မျက်နှာမှာ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်းတွေ စိုးမိုးနေရာယူထားတာ တွေ့ရတယ်၊ တစ်ကိုယ်လုံးလည်း ဒဏ်ရာတွေ သွေးတွေ ပြည့်နှက်နေပြီး အရူးတစ်ယောက်လို ဘာတွေပြောမှန်းမသိ မြည်တမ်းရင်း တောင်ပြေးမြောက်ပြေးနဲ့ ပြောနေတယ်. .

“ဒီလမ်းက ကျွန်တော် သွားနေကျလမ်း. . တကယ်ပဲ. . ဒါ ခင်ဗျားတို့လည်း သိပါတယ်၊ တောင်အတက်မှာ. . တောင်အတက်မှာ. . အရှိန်များ. . အဲ. . ကျွန်တော် သိပ်ဂရုစိုက် ရမောင်းနှင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့လက်ကို ဘုရားသခင်က အပြစ်ပေးတယ်လို့ပဲ ယူဆရတော့မှာပဲ. . ဘာမှ မတတ်နိုင်တော့ဘူး. .”

ကားသမားက အဲဒီလိုပဲ သူ့အပြစ်ကို ဖုံးကွယ်ဖို့ အစွမ်းကုန် အော်ဟစ် ပြောဆိုနေတယ်. . နောက်ပြီး ၎င်းက နဖူးမှစီးကျနေတဲ့ သွေးတွေကို လက်နဲ့သုတ်ရင်း ငိုနေတာ အားရပါးရပဲ၊ သူ့ပုံစံက တကယ့်ကိုပဲ သွေးပျက်စရာ ဒဏ်ရာဗရပွနဲ့. . အားလုံးက သူ့ကို ငေးကြောင်ကြည့်နေမိကြတယ်. . သူဟာ အလွန်ကို စိတ်ဆင်းရဲတဲ့ ပုံပေါက်နေတယ်၊ ကျွန်တော်ကတော့ ဒုက္ခရောက်သူ အချင်းချင်း ဘာမှ မပြောချင်တော့ဘူး၊ စိတ်ပျက်လက်ပျက်နဲ့ပဲ ကြည့်နေလိုက်တယ်၊

ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်ကြည့်မိတယ်၊ ဘူးဆန်းတယ်. . ဘယ်လို နာကျင်မှုမျိုးမှ မခံစားရပဲ စိတ်လက်ပေါ့ပါးနေတယ်၊ ဒါကောင်းတဲ့အချက်ပဲ. . ဒဏ်ရာဒဏ်ချက်တွေက ပြောပလောက်ဘူး ထင်တယ်၊ နှာခေါင်းနဲ့နားက သွေးတွေ ယိုစီးထွက်နေတာကိုပဲ စိုးရိမ်မိတယ်။ ဒဏ်ရာရသူတွေအားလုံးကို သတိထားကြည့်မိတယ်။ ကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ရောထွေးနေပြီး

လက်ကျိုး ပေါင်ကျိုး သွေးသံ တရဲရဲ အော်ဟစ် ညည်းညူသံတွေ ကြားရတယ်၊ ရုပ်ပျက်ဆင်းပျက်နဲ့ သေဆုံးသွားတဲ့ အလောင်းတွေကို တစ်နေရာမှာ စုပုံထားပြီး အဝတ်ဖြူတွေနဲ့ ဖုံးအုပ် ထားတယ်။ သေဆုံးသူတွေကို ရေတွက်ကြည့်လိုက်တော့ စုစုပေါင်း ခုနစ်ယောက် ရှိတာကိုတွေ့ရတယ်၊ ဖြည်းဖြည်းချင်း ကယ်ဆယ်ရေး သမားတွေက အလောင်းတွေကို နီးစပ်ရာဆေးရုံကို သယ်ယူနေကြတယ်။ ဒဏ်ရာရသူအားလုံးကလည်း ဆေးရုံဆေးခန်းကိုသွားဖို့ တာစူ နေကြတယ်၊ ကျွန်တော်လည်း သူတို့နဲ့အတူ ဆေးခန်းသွားဖို့ အခုမှ သတိရတော့တယ်။ ကယ်ဆယ်ရေးသမားတွေက မျက်နှာလိုက်တယ်။ ကျွန်တော့်ကိုတော့ ဘာမှမမေးဘဲ အခြားဒဏ်ရာရသူတွေကိုသာ ဂရုစိုက်နေတာကို တွေ့ရတယ်။

"ဟေ့. . ဒီမယ်. . ခင်ဗျားတို့ အစီအစဉ်ထဲမှာ ကျွန်တော် မပါဘူးလား. . ." စိတ်ထဲမှာ မကျေနပ်လို့ အော်ပြောမိတယ်. .

"ဘယ်လို သဘောထားမျိုးလဲ. . ကားမှောက်တဲ့အထဲမှာ ခင်ဗျားတို့အမျိုးတွေကိုပဲ ရွေးကယ်မလို့လား၊ ကျွန်တော့်မှာလည်း ဒဏ်ရာတွေနဲ့ပဲ၊ ကျွန်တော်က ဘယ်ဆေးရုံ ဆေးခန်းကို သွားရမှာလဲဗျ၊ ပြောစမ်းပါဦး ကိုယ့်လူတို့. . ."

ကျွန်တော်က စိတ်ဆိုးရင်း အကူအညီ တောင်းနေတယ်၊ ဒါပေမဲ့ ဘယ်လိုပဲ အော်မေးမေး တစ်ဦးတစ်ယောက်မှ ပြန်မဖြေဘူး၊ သူတို့အလုပ် သူတို့သာ ဆက်လက်လုပ်ကိုင် နေကြတယ်၊ သူတို့ အချင်းချင်းလည်း အော်ဟစ် ဆူညံနေလို့ ကျွန်တော်ပြောတဲ့စကားကို မကြားတာပဲ ဖြစ်မယ်၊ အေးလေ. . . သူတို့လည်း အလုပ်များနေတော့ အားလုံးကို ဘယ်ကြည့်နိုင်တော့မလဲ။ ကိုယ့် ဘာသာကိုယ် ဆေးခန်း (သို့မဟုတ်) နီးစပ်ရာ ဆေးရုံ တစ်ခုခုကို သွားရုံပေါ့. . ဒါပဲရှိတယ်. . ကိုယ့်အတွေးနဲ့ကိုယ် ဆုံးဖြတ်ပြီး ထိုလူအုပ်ထဲက ထွက်လာခဲ့တယ်။ နေပါဦး. . ကျွန်တော် အခုမှ သတိရတယ်။ ဒီမြို့ပြင်ကနေ ဆေးခန်းကို ဘယ်လိုသွားမလဲ။ ဒီမြို့က ကျွန်တော်နဲ့ ရင်းနှီးကျွမ်းဝင်တဲ့မြို့လည်း မဟုတ်ဘူး။ မဖြစ်သေးပါဘူး. .



တစ်ယောက်ယောက်ကို အကူအညီတောင်းမှ ဖြစ်မှာပါ။ ခုမှ သေချာ ကြည့်မိတယ်. . ကယ်ဆယ်ရေးသမားတွေနဲ့ လူနာတွေက အားလုံး သွားကုန်ကြပြီ။ တစ်ယောက်မှ မရှိတော့ဘူးပဲ. . . ကျွန်တော်ရယ်. . ချောက်ထဲက ကားပျက်ကြီးရယ်. . သွေးတွေပေနေတဲ့ ပစ္စည်းပျက်တွေပဲ ကျန်တော့တယ်။ ဘယ်လိုဖြစ်တာလဲ. . တစ်ခုခုတော့ မှားယွင်းနေပြီ. . ကျွန်တော် စဉ်းစား မနေနိုင်တော့ပဲ မြို့ရှိတဲ့ ဘက်ကို အပြေးကလေး ထွက်လာမိတယ်၊ ဒါပေမဲ့ နောက်ကျသွားပြီ၊ ဘယ်သူ့ကိုမှ မတွေ့ရတော့ဘူး၊ လမ်းပေါ်မှာ ကျွန်တော် တစ်ယောက်ထဲ၊ စိတ်ထဲမှာ ရုတ်တရက် အားငယ်လာပြီး ပတ်ဝန်းကျင် တောင်တောင်မြောက်မြောက်ကို ကြည့်မိတယ်၊ ပတ်ဝန်းကျင်က လိုတာထက် အတော့်ကို တိတ်ဆိတ်လို့နေတယ်၊ စောစောကလူတွေ ဘယ်ရောက်သွားကြပြီလဲ. . ကျွန်တော့်ကို ထားပြီး ထွက်သွားကြပြီ ဗျ၊ ဘုရားရေ . . ဟုတ်မှဟုတ်ရဲ့လား. . လူသားချင်း ကိုယ်ချင်း စာ ဒဏ်ရာရသူကို တစ်ယောက်ထဲ ထားသွားတယ်. . ငါ ဘာများ အမှား လုပ်မိပါလိမ့်. . ကျွန်တော် လမ်းမပေါ်မှာ တစ်ယောက်ထဲ ခပ်သွက်သွက်လေး လျှောက်နေမိတယ်၊ အတော့်ကို အားငယ်မိ တယ်. . ခဏအကြာမှာ ကျွန်တော့်နောက်က အသံတစ်သံ ထွက် ပေါ်လာတယ်၊ ကျွန်တော့်ကိုခေါ်တဲ့အသံ. . ဟုတ်တယ်. . သေချာ ပေါက် ကျွန်တော့်ကို ခေါ်သံကြားရတယ်၊

"ဟေ့. . ဘယ်သူလဲ. . ခင်ဗျားလည်း ကျွန်တော့်လို ကျန်နေခဲ့တဲ့ လူတစ်ယောက်လား. . ."

ကျွန်တော်က သူ့အသံကို ကြားရလို့ အားတက်လာပြီး မေး တယ်၊ ဒါပေမဲ့ ကျွန်တော့်မျက်လုံးတွေ ဝေဝါးနေလို့ သူ့ကို ရှင်းရှင်း ထင်းလင်းမမြင်ရဘူး။

"ဟုတ်ပါတယ်ကောင်လေး. . ကျုပ်ပါ. . . မင်းလိုပဲ ဒဏ်ရာရ ခရီးသည်တစ်ယောက်ပါ. ." သူက ထော့နဲ့ထော့နဲ့ လျှောက်လာရင်း စိတ်ပျက်တဲ့လေသံနဲ့ပြောတယ်။

ကျွန်တော် လမ်းလျှောက်တာကို ရပ်ပြီး နောက်က လူကို သေချာပြန်ကြည့်လိုက်တယ်၊ သူက အသက် လေးဆယ်လောက်တော့ ရှိမယ်၊ ကျွန်တော့်ထက် ဒဏ်ရာတွေပိုများတာကို တွေ့ရတယ်၊ သူ လမ်းလျှောက်ပုံက ကျွန်တော့်လို သွက်သွက်လက်လက် မဟုတ်ဘူး၊ တုန်တုန်ရီရီနဲ့ ခြေတစ်လှမ်းကို မနည်းအားယူ လျှောက်နေရတာကို တွေ့ရတယ်။

"ခင်ဗျားကိုလည်း သူတို့က ခေါ်မသွားဘူး. . ဘာဖြစ်လို့ ထားခဲ့ရတာလဲ၊ ကျွန်တော်ထင်တယ်၊ သူတို့က ကယ်ဆယ်ရေးသမား စစ်စစ်တွေ မဖြစ်နိုင်ဘူးဗျ. . အပျော်တမ်း အသင်းအဖွဲ့ဖြစ်မယ်၊ ဒီလူတွေ လုပ်ငန်း မကျွမ်းကျင်တာ ခင်ဗျားအမြင်ပဲ. . ကျွန်တော့်လို လူငယ် ဒဏ်ရာ နည်းနည်းပါးပါးရလို့ ထားခဲ့တာ ဟုတ်ပါပြီ၊ ခင်ဗျားလို ဒဏ်ရာအများကြီး ရထားတဲ့လူကိုတော့ ခေါ်သွားသင့်ပါတယ်၊ ဒါ ကလေးတောင် သိတယ်. . မဟုတ်ဘူးလား. . ."

ကျွန်တော်က ဘဝတူချင်း ကရုဏာသက်စွာပြောရင်း ထိုလူကို ဖေးမ တွဲကူလိုက်တယ်၊ သူက သွေးထွက်များလို့လားတော့မသိဘူး၊ အတော်ကို အားနည်းတဲ့ပုံပေါက်တယ်၊

"ခင်ဗျား ဘာမှအားမငယ်နဲ့. . . ကျွန်တော်ရှိတယ်၊ ခင်ဗျားကို နီးစပ်ရာဆေးရုံတစ်ရုံကို ပို့ပေးမယ်. . . ဟုတ်ပြီလား. . ကျွန်တော့်ကိုတွဲထား၊ စိတ်ဓါတ်မကျပါနဲ့ဗျာ. . စိတ်ချပါ. . ခင်ဗျားကို ဆေးရုံ မရောက်ရောက်အောင် ပို့ပေးမှာပါ။ ကျွန်တော်လည်း ကျွန်တော့်ဒဏ်ရာတွေ စစ်ရဦးမယ်လေ. . ကျွန်တော်တို့နှစ်ယောက် အတူတူသွားကြတာပေါ့. . ."

သူက ကျွန်တော့်စကားကို ပြုံးပြီးနားထောင်ရင်း ပြန်ပြောတယ်။ သူ့အပြုံးက တစ်မျိုးတော့တစ်မျိုး. . . တစ်ခုခုကို သိထားသလိုပဲ။

"မင်းက လူသားချင်း ကိုယ်ချင်းစာ တရားရှိတာ ဝမ်းသာမိတယ်. . မင်းဘာလို့ ပြေးထွက်သွားတာလဲ၊ ကျုပ် မင်းကို လိုက်ခေါ်တာ. . ခုချိန်မှာ တို့တွေ စည်းစည်းလုံးလုံး တစ်စုတစ်စည်းထဲ ရှိနေ



သင့်တာပေါ့. . လာပါ. . ကြောက်မနေပါနဲ့တော့. . ဖြစ်သမျှ အကြောင်း အကောင်းချည်းပါပဲ. . လူတွေအားလုံး ဒီလိုပဲ. . အကြောင်းတစ်ခုခုနဲ့ ကိစ္စပြတ်သွားကြတာချည်းပဲ၊ ဒါပေမဲ့ မင်းက သိပ်ငယ်သေးတယ်. ."

သူက ကျွန်တော့်ကို သနားတဲ့အကြည့်နဲ့ပြောပြီး ကား မှောက်တဲ့ဆီသို့ ပြန်သွားဖို့ ဦးတည်နေတယ်၊ သူဘာတွေပြောနေတယ်ဆိုတာကို နားမလည်လို့ ကျွန်တော်က ပြန်မေးရတယ်။

"ခင်ဗျားတစ်ခုခုကို ပြောချင်နေတယ်၊ ဘာပြောချင်တာလဲ ဆိုတာ ကျွန်တော်တော့ နားမလည်တော့ဘူး။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ခင်ဗျားဒဏ်ရာတွေကို ဆေးကုဖို့လိုတယ်။ ဆေးရုံ. . ဆေးရုံကို မြန်မြန်ရောက်ဖို့ အရေးကြီးတယ်" ကျွန်တော်က အချိန်ဖြုန်းမနေပဲ သူ့ကို ဆွဲခေါ်လိုက်တယ်။

"မဟုတ်သေးဘူးကောင်လေး. . မင်း တကယ်နားမလည် သေးဘူးထင်တယ်။ ငါတို့ဒဏ်ရာတွေက မနာတော့ဘူးလေကွာ. . နာကျင်လွန်းအားကြီးလို့ နာကျင်ခြင်းရဲ့တစ်ဖက်ကို ရောက်သွားပြီ။ မင်းလည်း ဒီအတိုင်းပဲ. . အတူတူပါပဲ. . ဘာမှားနေလို့လဲ။ ဟိုနောက်မှာ တို့လိုသေသွားသူတွေ ကျန်သေးတယ်။ ပွဲချင်းပြီး ကတော့ စုစုပေါင်းတို့ခုနစ်ယောက်ထဲ. . စောစောကမှ ကျုပ်လည်း သတိထားမိတာ. . တို့ခုနစ်ယောက်ကို သပ်သပ်ထားတယ်ဆိုတာ. . အဲဒါ အခြားကြောင့် မဟုတ်ဘူးကွ၊ တို့က ပြင်းထန်တဲ့ဒဏ်ရာတွေ ရပြီး သေဆုံးသွားကြလို့ပဲ. . ."

သူက အသေအချာ သိထားပြီးတဲ့ပုံနဲ့ ပြောတယ်၊ သူ့စကား ကြောင့် ကျွန်တော် တုန်လှုပ်သွားမိတာအမှန်ပဲ၊ ဒါပေမဲ့ သူ့စကားက သွေးရူး သွေးတန်း စကားလို့ထင်တယ်၊ သူ့ပုံစံက အခုမှ လူသေနဲ့ တူလာသလိုပဲ၊ ဒီလူ အကြောက်လွန်ပြီး ပြောချင်ရာ ပြောနေပြီ၊ သူ့ကို နီးစပ်ရာဆေးရုံကို အမြန်ခေါ်သွားမှဖြစ်တော့မယ်။

"ခင်ဗျား သွေးရူးသွေးတန်းနဲ့ ဘာတွေ ပြောနေတာလဲ. . ကျွန်တော် နားမလည်ဘူး. . ကျွန်တော်ပြောတာကို သေသေချာချာ

နားထောင်ပါ၊ ခင်ဗျားဒဏ်ရာတွေက သွေးထွက်များတယ်ထင်တယ်.. ဆေးရုံအမြန်ရောက်မှ ဖြစ်တော့မယ်..."

ကျွန်တော်က သူ့ကို ဖေးမပြီး ဆေးရုံသွားဖို့ ထပ်ပြောတယ်၊ ဒါပေမဲ့ သူက အေးအေးဆေးဆေးပဲ ပြန်ပြောတယ်။

"မင်းမယုံရင် ကျုပ်လက်တွေ့ပြမယ်၊ ဟိုရှေ့မှာ ကားလာနေတယ်.. မြင်လား.. အေး.. အဲဒီကားရဲ့ ရှေ့မှာ ကျုပ်ရပ်ပြမယ်..."

သူက ပြောပြောဆိုဆိုနဲ့ ကားလာတဲ့ လမ်းတည့်တည့်မှာ မရှောင်ဘဲ ရပ်စောင့်နေတယ်၊ ကျွန်တော်လည်း ဘာလုပ်လို့ လုပ်ရမှန်းမသိခင် ကားက သူ့ကိုဖြတ်တိုက်သွားတယ်။ ကျွန်တော်က မျက်လုံးကို ပိတ်ထားပြီး 'သေပါပြီ' လို့ အော်ဟစ်လိုက်မိတယ်။ ဒါပေမဲ့ ထူးဆန်းတယ်.. သူက ရပ်မြဲတိုင်းရပ်နေပြီး ကားဖြတ်တိုက်သွားပေမဲ့ ဘာမှမဖြစ်ဘူး။ ဘာဒဏ်ရာဒဏ်ချက်မှ ထပ်မရဘဲ ကျွန်တော့်ကို ပြုံးပြုံးကြီးကြည့်နေတယ်။ လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ၊ သူက သရဲလား.. နာနာဘာဝလား.. တစ်ခုခုတော့ တစ်ခုခုပဲ.. လူတော့ မဟုတ်တော့ဘူး...

"ခင်ဗျားဘယ်သူလဲ.. သရဲလား.. ကျွန်တော့်လို ဒုက္ခရောက်နေတဲ့သူကို ဒီလိုခြောက်လှန့်ဖို့တော့ မကောင်းပါဘူး..."

ကျွန်တော်က သူ့ကို ကြောက်ရွံ့စွာကြည့်ပြီး ပြောတယ်။

သူက ဘာမှမဖြစ်သလိုပဲ ပြောတယ်။

"မဟုတ်ဘူး ကောင်လေး.. မင်းကို ခြောက်လှန့်နေတာ မဟုတ်ပါဘူး.. မင်း အမှန်ကိုသိအောင် လက်တွေ့ပြနေရတာပါ၊ ကျုပ် စောစောက တစ်ခါ စမ်းသပ်ပြီးပြီ၊ ပထမ ကားတစ်စီးကို ဆေးရုံသွားဖို့ အသည်းအသန် တားကြည့်သေးတယ်။ ၎င်းကားက ကျုပ်ကို မမြင်သလို ရပ်မပေးဘဲ ဖြတ်တိုက်တောင် သွားသေးတယ်၊ ဒါပေမဲ့ ကျုပ်မှာ ဒဏ်ရာတွေ ထပ်ဖြစ်မလာဘူး။ လေတိုးသွားသလောက်ပဲ ထင်ရတယ်၊ ကျုပ်သေချာစဉ်းစားကြည့်လိုက်တော့ စောစောက မင်း မြင်လိုက်သလိုပဲ။ သေချာတယ်.. ကျုပ်တို့ သေဆုံးသွားပြီဆိုတာ..."



ထိုသူက သူတကယ် သေဆုံးပြီဆိုတာကို ကျွန်တော်ယုံအောင် လက်တွေ့ရှင်းပြရင်း သူ့ဦးခေါင်းက ထွက်နေတဲ့ သွေးတွေကို လက်နဲ့သပ်ချနေတယ်၊ ကျွန်တော်က သူခါလိုက်တဲ့သွေးတွေကို နောက်ဆုတ်ရှောင်ရင်း သူပြောတာကို အကြောက်အကန် ငြင်းဆိုလိုက်တယ်။

"မယုံဘူး.. ခင်ဗျားဆိုလိုတာ ကျွန်တော်ကရော အသက်မရှိတော့ဘူး၊ သေသွားပြီလို့ ဆိုလိုတာလား..."

"ဟုတ်တယ်ကောင်လေး.. ဒီအတိုင်းပဲ၊ ဒါအမှန်ပဲ.. မယုံရင် မင်းကိုယ်တိုင် လက်တွေ့စမ်းသပ်ကြည့်ပါလား..."

သူက ကျွန်တော့်ကို ဒုက္ခရောက်အောင် လက်တွေ့စမ်းသပ်ကြည့်ဖို့ တိုက်တွန်းတယ်၊ ကျွန်တော် အရမ်းတုန်လှုပ်စွာနဲ့

"မဟုတ်တာတွေ မပြောပါနဲ့.. ကျွန်တော် ခင်ဗျားပြောတာတွေကို မယုံဘူး... အဲဒီတော့ ခင်ဗျား သွားချင်ပါဗျာ ကျွန်တော့်ဆီက အကူအညီ မလိုရင် သွားပါတော့..."

သူက နောက်ဆုတ်ရင်း ခေါင်းတရမ်းရမ်းနဲ့ ပြောတယ်။

"မင်းမယုံတာတော့ ကျုပ်မတတ်နိုင်ဘူး၊ မင်းကို သနားလို့ မင်းနောက်ကို အမီလိုက်လာခဲ့တာ.. စောစောက [illegible] တဲ့အလောင်းတွေထဲမှာ မင်းရဲ့ရုပ်အလောင်းလည်း ပါတယ်၊ မင်းမယုံရင်တော့ ဆေးရုံကို လိုက်ကြည့်ပေတော့၊ လိုက်ကြည့်ပြီးလို့ မင်းလက်ခံပြီဆိုရင် ကျုပ်တို့အဖွဲ့ဆီ ပြန်လာခဲ့ပါ၊ ဘာဘဲဖြစ်ဖြစ် တို့တွေ စည်းစည်းလုံးလုံး ရှိနေဖို့လိုတယ်၊ ရှေ့ကို ဘာအလုပ်လုပ်ရမယ်ဆိုတာကိုလည်း တိုင်ပင်ရဦးမယ်၊ ကျုပ်တို့ ကားမှောက်တဲ့နေရာကနေ စောင့်နေမယ်..."

သူကပြောပြီး ထော့နဲ့ထော့နဲ့နှင့် ကားမှောက်တဲ့နေရာဘက်ကို ပြန်သွားတယ်၊ ကျွန်တော် သူ့ရဲ့နောက်ကျောကို လိုက်ကြည့်ပြီး စိတ်ရှုပ်ထွေးသွားတယ်။

မဖြစ်သေးပါဘူး.. ဒီလူ ဘာတွေပြောနေလည်း မသိဘူး၊ ဒီနေရာက မြန်မြန်ထွက်သွားတာပဲ ကောင်းတယ်။ ကျွန်တော်

ထိုသူနှင့်ဆန့်ကျင်ဖက်လမ်းမ အတိုင်း ပြေးထွက်လာခဲ့တယ်၊ တဖြည်းဖြည်းနဲ့ မြို့အဝင် တောင်တန်းတွေနားကို ရောက်လာတယ်။ တောင်ပေါ်ကနေ မြို့ရဲ့အဆောက်အဦတွေကို လှမ်းမြင်နေရတယ်၊ စိတ်ထဲမှာ အားအင်တွေ အနည်းငယ်ရှိလာပြီး ဆေးရုံဆေးခန်း ရှိမယ် ထင်တဲ့ဘက်ကို ဆက်သွားနေမိတယ်။

မြို့တွင်း ဝင်ဝင်ချင်း ဆိုင်းဘုတ် တစ်ခုက "တောင်စောက်မြို့မှကြိုဆိုပါ၏" တဲ့၊ ဟုတ်တယ်. . ဒီလိုပဲဖြစ်ရမယ်၊ ကျွန်တော့်ကို ဒီမြို့က ကြိုဆိုရမှာပေါ့၊ စောစောကလူက သရဲတစ်ကောင်ပဲဖြစ်ရမယ်။ ကျွန်တော့်ကို သေအောင် သူနဲ့ အဖော်ရအောင် တမင်ခြောက်လှန့်တာပဲဖြစ်မယ်၊ တော်တော်ဆိုးတဲ့ သရဲ၊ ကျွန်တော် ထိုလူအကြောင်းတွေးရင်း မြို့ထဲကို လမ်းလျှောက် ဝင်လာခဲ့တယ်။ မြို့ဝင်ဝင် ချင်းပဲ စားသောက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ စည်ကားသိုက်မြိုက်စွာရှိတယ်၊ လူတွေက သူ့အလုပ်နဲ့သူ လုပ်ကိုင်နေကြတယ်၊ ကျွန်တော့်ကိုတော့ တစ်ယောက်တလေမှ လှည့်မကြည့်ကြသေးဘူး။ ကျွန်တော်လည်း စိတ်မရှည်ချင်တော့ဘူး။

"ဒီမယ်မိတ်ဆွေတို့ . . ဆေးခန်းရှိတဲ့နေရာကို ပြပါလားဗျာ . . . ကျွန်တော်ဒဏ်ရာရလာတဲ့ ခရီးသွား တစ်ယောက်ပါ. . ကျွန်တော့်ဒဏ်ရာတွေကို ဆေးထည့်ချင်တယ်၊ ကျွန်တော့်ဦးခေါင်းကိုလည်း စစ်ဆေးကြည့် ချင်တယ်ဗျာ၊ ကျွန်တော့်ကို ကူညီကြပါ. . ." ကျွန်တော်က အားကိုးတကြီးနဲ့ မေးလိုက်တယ်။

ဒါပေမဲ့ သူတို့က ကျွန်တော်ပြောတဲ့စကားကိုမကြားဘူးထင်တယ်၊ ပြန်လည်းမပြောကြဘူး၊ ကျွန်တော့် စိတ်ထဲမှာ စိုးရိမ်စိတ်တွေ ဝင်ရောက်လာပြန်တယ်၊ ဒီတစ်ခါတော့ လူတစ်ဦးရဲ့ ရှေ့တည့်တည့်ကိုသွားပြီး ထိုသူကို နှုတ်ဆက်လိုက်တယ်။

ဒါပေမဲ့ အထင်နဲ့အမြင် တက်တက်စင်အောင် လွဲမှားနေပြီ။ ထိုသူက ကျွန်တော့်ကိုရှိတယ်လို့တောင် မထင်မှတ်ပဲ ဝင်တိုက်သွားတယ်။ သူ့ရဲ့ကိုယ်လုံးဟာ ကျွန်တော့်ကိုယ်ထဲကို ဖြတ်သန်းဝင်ရောက်သွားတယ်။ ကျွန်တော် ရုတ်တရက် သွေးပျက်သွားတယ်။ ဒဏ်ရာနဲ့



လူပြောတာ မှန်ကုန်ပြီ။ ကျွန်တော်တကယ်သေသွားပြီလား။ ကျွန်တော့်ကို မကယ်နိုင်တော့ဘူးလား။ ဘုရားသခင်. . . ကျွန်တော့်ကိုကယ်တော်မူပါဦး၊ ကျွန်တော် မသေချင်သေးပါဘူးဗျာ။ လုပ်ကြပါဦး. . မိတ်ဆွေတို့ ကျွန်တော့်ဒဏ်ရာတွေဟာ ဒီလောက်ပြင်းပြင်းထန်ထန်ကြီးမဟုတ်ပါဘူး။ မသေနိုင်လောက်ပါဘူး။ ကျွန်တော့်ကို တစ်ခုခုပြန်ပြောကြပါဗျာ. . ကျွန်တော်ဟာ နားမလည်နိုင်တော့တဲ့ အဆုံး လူတွေကြားထဲမှ တိုးထွက်ပြီး ဦးတည်ရာမဲ့ ပြေးလာခဲ့တယ်။

မောပန်းခြင်း၊ ထိတ်လန့်ခြင်း၊ မယုံကြည်လောက်အောင်ဖြစ်ခြင်းတို့နှင့်အတူ ပြေးထွက်ခဲ့တယ်။ ပထမဆုံး ပြေးမြင်မိတာ ကျွန်တော့်ချစ်သူရဲ့မျက်နှာ. . ဘယ်လိုလုပ်ကြမလဲ. . ဝေးကြရပြီ. . ကွဲကြရပြီ. . သေကွဲ ကွဲကြရတော့မယ်။ လုပ်ရက်လိုက်ကြတာဗျာ. . ကျွန်တော့်ကို ကူညီကြပါ. . ကျွန်တော့်ချစ်သူနဲ့ လုံးဝ မခွဲနိုင်ပါဘူး. . ကျွန်တော် တစ်ခုခုလုပ်မှ ဖြစ်တော့မယ်၊ ဟုတ်တယ်. . ရှင်းရှင်းလင်းလင်းသိအောင်. . .

ပန်းရောင်အနုအရင့် ရောယှက်ကာ ဖူးပွင့်ဝေဆာနေတဲ့ ချယ်ရီပန်းတွေဟာ. . . ရုတ်တရက် တစ်စုံတစ်ရာကြောင့် ကျိုးကျကြေမွသွားကြတယ်. . .

တောင်စောက်မြို့မှ မြို့ခံလူတွေက ကားမှောက်တဲ့သတင်းကိုပဲ ပြောဆိုနေကြတယ်။

"ဒီနေ့ ကျွန်တော်တို့မြို့မှာ သတင်းဆိုး တစ်ခုရှိတယ်၊ နေ့လယ်ပိုင်းလောက်က အဝေးပြေးယာဉ် တစ်စီး တိမ်းမှောက်တယ်လို့ သိရတယ်၊ ဒဏ်ရာရတဲ့သူ တော်တော်များတယ်၊ သေဆုံးသူစာရင်းတော့ အတိအကျ မသိရသေးဘူး. ."

"ဟုတ်လား. . . တော်တော် မကောင်းတဲ့သတင်းပဲ. . ဘယ်လိုဖြစ်တာတဲ့လဲ. . ."

"ဟုတ်တယ်. . မကောင်းတဲ့သတင်း. . ကျွန်တော်တို့မြို့အဝင် သချိုင်းနားမှာဖြစ်တာ၊ ကားက အရှိန် မထိန်းနိုင်ဘဲ ချောက်ထဲကို ထိုးကျသွားတယ်ဆိုပဲ. . အဲဒီနေရာက မကြာခဏ ကားမှောက်တတ်တယ်ဗျ၊ လမ်းကလည်း တောင်တက်လမ်း၊ အရှိန်နဲ့ တက်မှရတယ်၊ အရှိန်လျှော့ပြန်ရင်လည်း ကားက နောက်ကို ပြန်လိမ့်တတ်တယ်၊ အနီးအနားမှာ သချိုင်းကလည်းရှိနေတယ်ဆိုတော့ . . . ကံမကောင်းရင် ပြောစရာဖြစ်တာပေါ့ဗျာ၊ တချို့ကားသမားတွေဆိုရင် ဒီလမ်းကို မမောင်းချင်ကြဘူး။ ခိုက်တယ်လို့ ယူဆကြတယ်. . ."

"စိတ်မကောင်းစရာပဲ. . ခရီးသည်တွေလည်း အကြောင်းအမျိုးအမျိုးကြောင့် ခရီးသွားကြရတာ။ အခုလို လမ်းကြမ်းလမ်းဆိုး



နဲ့တွေ့ရင် အန္တရာယ်များပြီလားဗျာ။ သေဆုံးသူတွေကို ဆေးရုံမှာထားတယ်လို့ကြားတယ်။ လောလောဆယ် ခုနစ်ယောက်လောက် ပွဲချင်းပြီးသေတယ်လို့ပြောတယ် . . လာဗျာ. . သွားစပ်စုကြရအောင်. . ."

မြို့ခံလူတွေက တစ်ယောက် တစ်ပေါက်ပြောဆိုနေကြတယ်။ သတင်းအချက်အလက်ကို အသေအချာ သိချင်တဲ့သူတွေက ဆေးရုံရှိရာဘက်ကို တဖွဲဖွဲသွားနေကြတယ်။ ထိုသူတို့ရဲ့နောက် ကိုက်နှစ်ဆယ်လောက်အကွာမှ အရပ်ရှည်ရှည် မျက်လုံးမျက်ဖန်ကောင်းကောင်း နှုတ်ခမ်းပါးပါး၊ ဖြောင့်စင်းတဲ့ ဆံပင်နဲ့ လူရည်သန့် တစ်ယောက်ဟာ မယောင်မလည်နဲ့ လိုက်ပါလာခဲ့တယ်၊ ၎င်းရဲ့ ရုပ်ဆင်းရူပကာမှာ သန့်ပြန့်ပြီး တွေ့သူမြင်သူတိုင်းက လေးစား ချစ်ခင်နိုင်သော ရုပ်ရည်မျိုးပဲ။ ဒါပေမဲ့ ၎င်းကို တစ်ဦးတစ်ယောက်မှ မမြင်နိုင်တော့ဘူး . . ၎င်းက စိတ်ဝိညာဉ် သက်သက်သာရှိပြီး ခန္ဓာကိုယ်ကိုဘစ်နေရာ၌ ထားခဲ့ရသူ. . သူ့ဝိညာဉ်နှင့်အတူ တည်ရှိ မနေတဲ့ ခန္ဓာကို လိုက်လံ ရှာဖွေနေသူ တစ်ယောက်မို့လို့ပဲ. . ထိုသူက အလွန်သနားစရာ ကောင်းသော၊ ကံဆိုးလွန်းသော 'စီဂါဘားလန်း' ဆိုတဲ့ လူငယ်တစ်ယောက်သာ ဖြစ်တော့တယ်. . ဘားလန်းက ဆေးရုံကိုသွားနေတဲ့ လူအုပ်ရဲ့နောက်က ပုန်းလျှိုးကွယ်လျှိုးနဲ့ လိုက်လာတယ်။ သူက ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်ရင်း သိလိုတဲ့ သတင်း အချက်အလက်တွေကို နားစွင့်နေတယ်၊ သူအလွန်သိချင်တဲ့ သတင်းဟာ သေဆုံးသွားတဲ့လူတွေထဲမှာ သူ့ရုပ်ပုံ ပါမပါ. . သူ့စိတ်ထဲမှာ ရှင်းရှင်းလင်းလင်း မသိရသေးသရွေ့တော့ ဘယ်သူ ဘယ်လိုပြောပြော လက်ခံမည့်ပုံမျိုး မဟုတ်. . .

အဖြူရောင်မွဲမွဲနဲ့ သက်တမ်းရင့်နေတဲ့ နှစ်ထပ် အဆောက်အဦးရှေ့ကို အရောက်မှာ ဆေးရုံကို လာရောက် ကြည့်ရှုကြတဲ့ မြို့ခံလူတွေဟာ ၎င်းအဆောက်အဦးထဲကို တိုးဝှေ့ကာ ဝင်ရောက်သွားကြတယ်၊ ၎င်းအဆောက်အဦးရဲ့ အဝင်တံခါးမှာ "မြို့နယ်ဆေးရုံ၊ တောက်စောက်မြို့" လို့ မှုန်ဝါးဝါး စာတမ်း ရေးထိုးထားတဲ့ ဆိုင်းဘုတ်တစ်ခုကို ဘားလန်းတွေ့ရတယ်။ ၎င်းဝင်းတံခါးမှ ရင်လေးစွာ ခြင်လှမ်းချင်း ဝင်ရောက်လာခဲ့တယ်။ ဘားလန်းက စိတ်လှုပ်ရှား

လွန်းစွာနဲ့ ပတ်ဝန်းကျင်ကို ဂရု မထားနိုင်တော့ဘဲ လူအုပ်ကြားထဲကို ဝင်ရောက် လှေ့လာနေတယ်။ အလောင်းတွေကို မြို့နယ်ဆရာဝန်တွေက စစ်ဆေးနေကြတယ်၊ မကြာမီ စစ်ဆေးပြီးတဲ့အလောင်းတွေကို အအေးခန်း ရင်ခွဲရုံသို့ ပို့မယ်လို့ ကြားသိရတယ်၊ စိတ်မရှည်နိုင်တဲ့ ဘားလန်းက ဆရာဝန်တွေ စစ်ဆေးနေတဲ့အခန်းကို ဇွတ်အတင်း ဝင်ရောက်သွားပြီး အလောင်းတွေကို တစ်ယောက်ချင်း သေသေချာချာ ကြည့်ရှုလိုက်တယ်။

ပထမဦးဆုံးတွေ့ရတဲ့ အလောင်းဟာ ကားသမားဖြစ်နေတာကို မြင်ရလို့ သူ့ရင်ထဲ အသည်းထဲ ရုတ်တရက် ဓာတ်လိုက်သလို ခံစားရတော့တယ်. . အခန်းအပြင်ကို ပြေးမထွက်မိအောင် မနည်းသတိထားလိုက်တယ်၊ နောက်တစ်ယောက်က ကားလမ်းမမှာ သူတကယ်သေဆုံးကြောင်း သက်သေပြတဲ့လူ ဖြစ်နေတယ်၊ ဟုတ်ပြီ. . သေချာသွားပြီ။ ဒီလူပြောတာ တကယ်ဖြစ်လောက်ပြီ. . ဒါဆိုရင် ငါ့ရဲ့အလောင်းက ဘယ်မှာလဲ. . ဒီအလောင်းတွေထဲမှာ အရုပ်အရှည်ဆုံး အလောင်းက ငါပဲဖြစ်ရမယ်။ အရုပ်အရှည်ဆုံး အလောင်းက ဒီမှာပဲ. . ဒါပဲလား. . . ၎င်းကို ပိတ်စဖြူနဲ့ လွှမ်းထားပါလား၊ ငါဘာလုပ်ရမလဲ. . ဒီပိတ်စကို ဖွင့်ကြည့်ရင် ကောင်းမလား. . မကြည့်ပဲနဲ့ ဒီနေရာကနေ အဝေးဆုံးကို ထွက်ပြေးရင် ကောင်းမလား. . ဘားလန်းက တွန့်ဆုတ်စွာနဲ့ အရုပ်အရှည်ဆုံး အလောင်းကို ငေးကြည့် နေတယ်၊ ကျွန်တော့်ခန္ဓာ မဖြစ်ပါစေနဲ့. . ဒီတစ်ချက်တော့ သနားသောအားဖြင့် ဘုရားသခင် ကယ်တော်မူပါ. . နှုတ်က တဖွဖွ ဆုတောင်းနေရင်း အရုပ်ရှည်တဲ့ အလောင်းကို ဖွင့်ကြည့်ဖို့ အားယူလိုက်တယ်၊ သူ့ရဲ့အေးစက်နေတဲ့ လက်တွေက ပိတ်ဖြူဖုံးအုပ်ထားတဲ့ ရုပ်အလောင်းပေါ်ကို တဖြည်းဖြည်းရောက်ရှိသွားတယ်၊ ကြောက်အား လန့်အားနှင့် ပိတ်စကို ခွာလိုက်တော့ သူမမျှော်လင့်တဲ့ သူ့ရုပ်သွင်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရတယ်၊ ထို့နောက် ဘားလန်းဟာ နောက်ကို ခြေတစ်လှမ်းချင်း ဆုတ်လိုက်ပြီး ဦးတည်ရာမဲ့ ပြေးထွက် ပျောက်ကွယ်သွားတော့တယ်. . .

ဒီဇင်ဘာနှင်းတွေနဲ့ ချမ်းစိမ့်စိမ့် ဆောင်းအခါသမယက တောင်စောက်မြို့ရဲ့ လွှမ်းဖွယ့်အလှကို အရောင်တင်ပေးနေကြတယ်။ တောင်တန်းတွေရဲ့နောက်က အလင်းရောင်အားပျော့တဲ့ ဆည်းဆာနေ့ထွေးဟာ နှင်းပွင့်တွေကို နှုတ်ဆက်နေတယ်၊ ခရစ်စမတ် နှင်းခိုးတွေက တောင်စဉ်တောင်တန်း တစ်ဝိုက်ပေါ် အလည်ရောက်ရှိလာပြီး ခရစ်စမတ် လက်ဆောင်များကို တောင်စောက်မြို့လေးသို့ ယူဆောင်လာခဲ့ကြတော့တယ်။

ချမ်းအေးတဲ့ ညနေဆည်းဆာချိန် ထင်းရှူးပင်တစ်ပင်ရဲ့ ခြေရင်း၌ လူတစ်ယောက် လေးတွဲ့စွာ မတ်တတ်ရပ်နေတယ်။ ဖြစ်ပျက်ခဲ့တဲ့ အနိဋ္ဌာရုံမြင်ကွင်းတွေကို မျက်လုံးထဲမှာ တစ်ကွက်ချင်း ဘစ်ပုံချင်း တွေးမြင်နေပြီး ၎င်းအဖြစ်အပျက်တွေကို မကျေနပ်နိုင်၊ နားမလည်နိုင်အောင်ဖြစ်နေတော့တယ်။ များမကြာမီ အချိန်မှာ အမှောင်ထုက ကျရောက်တော့မယ်။

ထိုသူဟာ ထင်းရှူးပင်အောက်ကနေ တစ်လှမ်းချင်းလှမ်းပြီး ထွက်ခွာလာခဲ့တယ်။ သူထွက်လာတဲ့အရပ်က ခရစ်စမတ် အကြိုပွဲသွေကျင်းပနေတဲ့၊ ပျော်ရွှင်နေတဲ့ တောင်စောက်မြို့လေးနဲ့ ဆန့်ကျင်

ဘက်အရပ်ကို ဖြစ်တယ်။ ခရစ်စမတ်ကဲ့သို့ ပျော်ပွဲရွှင်ပွဲတွေက ထိုသူနဲ့ ဘာမှမဆိုင်တော့။ သက်ရှိ လူ့အသိုင်းအဝိုင်းက ထိုသူ့ကို လက်မခံနိုင်တော့ပါ။ ဒါကြောင့် ထိုသူဟာ တောတန်းတွေရှိရာဘက်သို့ ဦးတည်လာခဲ့ရတော့တယ်။ နေ့လယ်ပိုင်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်သနစ်တွေကို တဖြည်းဖြည်း နားလည်လာခဲ့တယ်။ သူ့မှာ လောလောဆယ် အဖော်မရှိတော့။ တစ်ယောက်တည်း ထိတ်လန့်အထီးကျန်ရင်း တွေဝေငေးမော နေမိတယ်. . အဝေးမှာကျန်ရစ်ခဲ့တဲ့မိဘတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေ၊ ပြီးတော့ အသက်နဲ့အမျှ ချစ်ရတဲ့ ချစ်သူမေလီ၊ ထိုအကြောင်းတွေကို တွေးရင်း ရင်မှာဆို့တက်လာပြီး ချုံးပွဲချငိုမိတယ်၊ အားရပါးရငိုနေမိတယ်၊ မျက်ရည်တွေက မျက်ဝန်းအိမ်မှ. . ပါးပြင်မှ. . ထို့နောက် ရင်ခွင် တစ်လျှောက်လုံး ရွှဲရွှဲစိုနေခဲ့ပြီ။ ငိုရလွန်း၍ မောပန်းလှပြီ၊ နှင်းတောထဲ မှောက်ရက်လဲအောင် ဖြစ်နေရပြီ၊ ဘယ်လောက်ကြာကြာ ငိုမိတယ်မသိ၊ လေထဲက ခေါ်သံတစ်သံကြားလိုက်ရမှ သတိပြန်လည်ဝင်ရောက်လာခဲ့တယ်။

"ဘားလန်း. . စီဂါဘားလန်း. . ဟေ့ကောင်လေး. . ထ. . ထ. . မင်းငိုနေလို့ ဘာအကြောင်းထူးတော့မလဲ၊ မင်းလိုပဲ ဒုက္ခ ပင်လယ်ဝေတဲ့သူတွေ လောကမှာ တစ်ပုံကြီးပါပဲ. . အားလုံး. . တကယ်ပဲ ဘာမှ မတည်မြဲဘူး၊ ဖြစ်ပြီးရင် ပျက်တာချည်းပဲ၊ ငါ့တစ်သက်မှာ တည်မြဲတယ်ဆိုတဲ့ စကားကို သေးသေးလေးတောင် မယုံဘူး. . အေး. . ဒါပေမဲ့ အဆိုးပြီးရင် အကောင်းတော့လာတာပဲ၊ ငါလည်း အဲဒါကိုပဲ စောင့်နေတာ၊ မင်း ငါနဲ့တွေ့ရတာကံကောင်းသေးတယ်၊ ဒီနေရာမှာ တခြား နာနာဘာဝတွေနဲ့တွေ့ရင် သက်သက် ဒုက္ခရောက်ရဦးမယ်. . မင်းကို ဘုရားသခင် စောင့်ရှောက်မှာပါ. . ငါယုံပါတယ်၊ ကဲ. . လာ. . လာ. . စမ်းနည်း မနေပါနဲ့တော့၊ မင်းမှာ လုပ်စရာတွေ ကျန်သေးတယ်ကွ. . . လေထဲက အသံဟာ သူ့ကို အားပေးနှစ်သိမ့်စကားတွေ ပြောတယ်၊ ဘားလန်းက အပေါ်ကို မော့ကြည့်လိုက်တော့ ဘာဆိုဘာမှ မတွေ့ရပဲ အသံပဲကြားနေရတယ်၊



"နေပါဦး. . . ခင်ဗျားက ဘယ်သူလဲ. . ကျွန်တော့်ကို ခင်ဗျားသိတယ်ပေါ့. . ." ဘားလန်းက မှောက်ရက်လဲ ငိုနေရာမှ အငိုတိတ်ပြီး လေထဲက အသံကို လိုက်ရှာတယ်။

"ဟား. . ဟား. . ဟား. . အေး ဟုတ်တယ်၊ မင်းတင်မဟုတ်ဘူး. . ငါ့ပိုင်နက်ထဲမှာ ဖြစ်ပျက်နေတာတွေ အကုန်လုံးသိတယ် ကောင်လေးရေ. . . " ၎င်းကအားပါးတရရယ်ရင်းပြောတယ်။

"ဒါဆို ခင်ဗျားကဘာလဲ. . သရဲလား. . . တစ္ဆေလား. . ."

"အေး ဟုတ်တယ်၊ မင်းထင်တာ မမှားဘူး. . ငါက လူတွေအခေါ် တစ္ဆေတစ်ကောင်ပဲ. . ဒါပေမဲ့ ငါ့ကိုယ်ငါ တစ္ဆေတစ်ကောင်လို့ ဘယ်တော့မှ မသတ်မှတ်ဘူး. . ."

"ခင်ဗျားပြောတာ ကျွန်တော် နားမရှင်းဘူး. . . " ဘားလန်းက စိတ်ဝင်စားသွားပြီး မေးတယ် . . .

"အေး. . မင်း နောက်တော့ တဖြည်းဖြည်း နားလည်လာပါလိမ့်မယ်ကွာ. . ."

အသံရှင်က ထင်းရှူးပင်ပေါ်မှ ခုန်ပေါက်ဆင်းလာတယ်။ သူက တစ္ဆေတစ်ကောင်ဆိုပေမဲ့ မှော်ဆရာပုံစံ ပေါက်နေသလိုပဲ၊ ၎င်းက အမွေးအမှင်အဖြူရောင်နဲ့ အဖိုးအိုတစ်ဦး. . . သူ့လက်ထဲမှာ အမည်းရောင် ကွေးကွေးကောက်ကောက် တောင်ဝှေး တစ်ချောင်း ကိုင်ထားတယ်၊ သူ့ရဲ့ မျက်လုံးသေးသေးလေးတွေက အပြာရောင် တောက်နေသေးတယ်၊ သူဟာ စိတ်စွမ်းအား ထက်သန်တဲ့သူ တစ်ယောက်ဖြစ်မယ်လို့ ဘားလန်း ခန့်မှန်းမိတယ်၊ အဘိုးအိုက သူ့ကို အေးမ တွဲထူရင်း ပြောတယ်. . .

"အခုပြောနေလို့ သဘော မပေါက်နိုင်သေးဘူး. . မင်း ဒီသံကြားတော့ ကူညီချင်လို့ရောက်လာတာပဲ၊ ပထမ ဦးဆုံး [illegible]သိထားရမှာက မင်းဟာ ခန္ဓာနဲ့ဝိညာဉ် အတူတူ တွဲမနေတော့ဘူးဆိုတာ လက်မခံချင်လည်း လက်ခံရတော့မယ် ကောင်လေး. . ." အဘိုးအိုက သူ့တောင်ဝှေးနဲ့ မြေကို တဒေါက်ဒေါက်ခေါက်ရင်း ပြောတယ်။

"ဂြိုလ်ကမ္ဘာမှာ ဝိညာဉ်လောကလောက် အနေခက်တာ ဘယ်ဘဝမှာမှ မရှိဘူးကွ၊ သက်ရှိလူသားတွေချည်း ကိုယ့်အိမ်ကိုယ့်ယာနဲ့နေတယ်လို့ မမှတ်နဲ့. . ဝိညာဉ်လောကမှာလည်း သတ်မှတ်ရာ ကိုယ်ပိုင်ဆိုင်ရာနေရာနဲ့ အကြီးအကဲတွေရှိတယ်. . နားလည်လား။ အကြောင်းကြောင်းကြောင့် မကျွတ်လွတ်တဲ့ဝိညာဉ်တွေ၊ သရဲတွေ၊ တစ္ဆေတွေဟာ သူတို့ပိုင်ရာဆိုင်ရာ နေရာတိုင်းမှာရှိတယ်။ ကိုယ်နေလို့ရတဲ့နေရာရှိသလို နေလို့ မရတဲ့နေရာလည်း ရှိတာပေါ့ကွာ. . ဘုမသိ ဘမသိ တွေ့ရာနေရာမှာ အခုမင်းလို ငါ့ပိုင်နက်ထဲမှာ နေနေရင်တော့ ပြဿနာ တက်ပြီသာမှတ်။ လူတွေလိုသူများပိုင်တဲ့အိမ်မှာ အိမ်ရှင်မရှိဘဲ တက်နေသလိုပေါ့ကွာ. . အိမ်ရှင်လည်း ရောက်လာရော ပြဿနာတက်တော့တာပဲ မဟုတ်လား. . . ဒီသဘောမျိုးပဲ. . ."

"မင်းကိုတော့ ငါမြင်မြင်ချင်း ခင်မိသလားပဲ. . ငါ့ပိုင်နက်ထဲမှာ ခဏလာနေလို့တော့ရတယ်၊ ဒါပေမဲ့ မင်းက အခုမှ ပူပူနွေးနွေး သေတာဆိုတော့ ငါကူညီချင်တိုင်း ကူညီလို့ မရသေးဘူးကွ၊ မင်းကို ကောင်းကင်ဘုံက ဘယ်လို စီရင်ချက်ချမယ်ဆိုတာ မသိသေးဘူး၊ အဓိက. . မင်းသိထားရမှာက မင်းကိုမြှုပ်မဲ့သင်္ချိုင်းပဲ. . မင်းဝိညာဉ်ကို မင်းရဲ့ခန္ဓာကိုယ်မြှုပ်တဲ့သင်္ချိုင်းက ပိုင်တယ်၊ လောလောဆယ် အဲဒီမှာ မင်းနေရမယ်၊ နောက်မှ မင်းရဲ့ကျန်ခဲ့တဲ့အတိတ်က ကောင်းမှုပါရင်ပါသလို၊ မပါရင် မပါသလို ကောင်းကင်ဘုံက စီရင်ချက်ချတဲ့ အတိုင်းသွားရမှာ၊ နားလည်ရဲ့လား ကောင်လေး. . ."

ဘားလ ါးက ၎င်းရဲ့စကားကို နားထောင်ရင်း သူဟာလည်း ဝိညာဉ်တစ်ကောင်ဖြစ်သွားပြီလို့ နားလည်လိုက်တယ်၊ အဘိုးအိုက သူ့ရဲ့အဖြူရောင်မွှဲမွှဲ မုတ်ဆိတ်မွေးတွေကို တစ်ချက်သပ်ရင်း ဆက်ပြောတယ်. . .

"မင်းခန္ဓာကိုယ် မြှုပ်မဲ့သင်္ချိုင်းမှာ ဆရာ့ဆရာကြီးတွေရှိလိမ့်မယ်၊ သူတို့က သင်္ချိုင်းဥက္ကဋ္ဌ. . ဘာပြောမလဲကွာ. . သရဲခေါင်းဆောင်ပေါ့၊ အေး. . အဲဒီလိုပဲ. . . အဲဒီသရဲခေါင်းဆောင်နဲ့



အတူတူ နေရမယ်၊ မင်းက သနားစရာ. . ဝိညာဉ်အသစ်လေးပေါ့ကွာ၊ သူတို့က မင်းရဲ့ဆရာတွေပေါ့၊ သူတို့က မင်းကို ဘာမလုပ်ရ. . ညာမလုပ်ရ ဘယ်လိုနေ. . ဘယ်လိုထိုင်. . သိပ်ကို. . ဩဇာပေးလိမ့်မယ်။ မင်းကို မတောက်တခေါက်ပညာတွေလည်း သင်ပေးလိမ့်မယ်၊ ကောင်းတဲ့အတတ်တွေရှိသလို သူတစ်ဖက်သား ဒုက္ခရောက်အောင် ကြောက်လန့်အောင်လုပ်တဲ့ အတတ်တွေလည်း ပါတာပေါ့ကွာ။ ငါလည်း တစ်ချိန်တုန်းက ဒီအပေါ်မှာ သိပ်ကို သာယာခဲ့တယ်. . အဲဒါ လုံးလုံး မကောင်းဘူး. . . ခုလောလောဆယ်တော့ ဒီလောက်သိထားရင် လုံလောက်ပြီ. . ." အဘိုးအိုက နှင်းတွေ တဖွဲဖွဲ ဝဲပျံစပြုနေတဲ့ ကောင်းကင်ပေါ်ကိုမော့ကြည့်ရင်း. . .

"အခုချိန်ဟာ မင်းသွားချင်တဲ့ဆီကို သွားဖို့ အချိန်ကောင်းပဲ ကိုယ့်လူ. . နောက်ဆိုရင် ဝိညာဉ်တစ်ကောင်ဟာ ခရီးသွားရတာ အလွန်အန္တရာယ်များတယ်ဆိုတာ မင်းသိလာမှာပါ. . ဒါပေမဲ့ မင်းအနေနဲ့ မင်းရဲ့ဆွေမျိုး. . ချစ်ခင်နှစ်သက်ရသူတွေ လူ့ဘဝမှာ ကျန်ခဲ့အုံးမှာပဲ၊ သူတို့ကို နောက်ဆုံးအနေနဲ့ သွားရောက် နှုတ်ဆက်ချင်မှာပဲ၊ ဒါသေဆုံးပြီးစ လူတိုင်း ပြုလေ့ပြုထရှိတဲ့အစဉ်အလာပဲ. . မင်းလည်း သွားနှုတ်ဆက်ချင်တယ် မဟုတ်လား. . လမ်းမှာ တစ်စုံတစ်ရာ အန္တရာယ်တွေ့ခဲ့ရင် ထင်းရှူးပင်တစ္ဆေရဲ့ မိတ်ဆွေတစ်ယောက်လို့ပြော. . ငါလည်း သိတ်ပြီး အစွမ်းရှိလှတယ်လို့မဟုတ်ဘူး၊ တစ်စုံတစ်ဦးက မင်းကို အန္တရာယ်ပြုရင် ပြောစရာစကားရှိအောင်လို့သာ. . ."

အဘိုးအိုက မိတ်ရင်းဆွေရင်းပမာ ဝိညာဉ်လောကအကြောင်းတွေ ပြောရင်း ဘားလန်းကို သနားကြင်နာစွာ ကြည့်တယ်၊ ၎င်းရဲ့မျက်နှာမှာ ကြင်နာစိတ် အပြည့်ရှိနေတာကို ဘားလန်းတွေ့ရတယ်။

"ဒါနဲ့ ဝိညာဉ် ခရီးသွားနည်းရော သိရဲ့လား. . ."

"ကျွန်တော်. . . ဘယ်လိုလုပ်. . ဝိညာဉ် ခရီးသွားနည်းဆိုတာ ဘာကို ပြောတာလဲ. . " ဘားလန်းက ကလေးတစ်ယောက် ာမာ ပြန်မေးမိတယ်။

ထင်းရှူးပင်တစ္ဆေက ဘားလန်းရဲ့အမေးကို သဘောကျပြီး တဟားဟား ရယ်မောတယ်၊ နောက် ဘားလန်းရဲ့ဦးခေါင်းကို တို့ထိပြီး. . .

"အေး. . ငါသင်ပေးမယ်၊ နည်းသိရင်. . သိပ်လွယ်တယ်. . . ဒီနည်းက တစ်နာရီကို မိုင်ငါးဆယ်နှုန်းနဲ့ သွားလို့ရတယ်၊ ဒီထက် ပညာတတ်သွားရင် တစ်နာရီ မိုင်တစ်ရာနှုန်းနဲ့တောင် သွားလို့ရတယ်၊ နည်းလမ်းက ဒီလို. . မင်းရဲ့ဝိညာဉ်ကို တည်ငြိမ်အောင် အရင်စုစည်းပြီး အမြင့်တစ်ခုပေါ် တက်ရမယ်၊ ငယ်ငယ်တုန်းက စွန်လွှတ်သလိုပဲ. . စွန်နေရာမှာ မင်းဝိညာဉ်ကို အစားထိုးပြီး လွှတ်တဲ့သဘောနဲ့ ဝိညာဉ်ကို ပျံခိုင်းရမှာ. . မင်းသာ ပျံချင်တဲ့စိတ်စွမ်းအား ထက်သန်နေရင် လေထဲကို ပျံဖို့ အားယူလိုက်တာနဲ့ တဖြည်းဖြည်းချင်း လေထဲပျံတက်သွားလိမ့်မယ်၊ ဒါ ဝိညာဉ်တွေအတွက် ဘုရားသခင်က ပေးတဲ့အကောင်းဆုံး လက်ဆောင်တစ်မျိုးပါပဲ. . အဲဒီအချိန်မှာ ဘာမှမကြောက်နဲ့. . လိုအပ်သလို သွားလို့ရပြီ၊ စစချင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိသေးလို့ မသွားရဲဘူး၊ နောက်ကျတော့လည်း ကျင့်သား ရသွားလိမ့်မယ်၊ ဟုတ်ပြီလား. . ကဲ. . လုပ်ကြည့်ပါ ဦး. . ငါ ဒီကနေ ကြည့်နေမယ်. . ."

ဘားလန်းက ထင်းရှူးပင် တစ္ဆေပြောတဲ့အတိုင်း စိတ်အားထက်သန်စွာ လုပ်ကြည့်တော့ သစ်ပင်ပေါ် မှငှက်ပျံသလို ပျံနိုင်ခဲ့တယ်၊ ဒါပေမဲ့ ကိုက်တစ်ရာလောက် အရောက်မှာ မြေပြင်ပေါ် ကို ပြန်လည်ပြုတ်ကျသွားတယ်၊ ထင်းရှူးပင် တစ္ဆေက နောက်က လိုက်ပြီး ကူညီသင်ပေးလို့ ဖြည်းဖြည်းချင်း နားလည်သဘောပေါက်လာခဲ့တယ်၊ သိပ်မကြာခင်မှာပဲ ဝိညာဉ် ခရီးသွားနည်းနဲ့ သူသွားလိုရာဘက်ကို သွားဖို့ အဆင်သင့် ဖြစ်လာတယ်၊ ဘားလန်းက သူ့ဝိညာဉ် လေပေါ်မှာ ပျံဝဲနိုင်ခြင်းကို အထူးအဆန်းသဖွယ်ဖြစ်နေပြီး ဖြစ်ပျက်ခဲ့တဲ့ စိတ်ပျက်စရာ အားလုံးကို ခေတ္တခဏ မေ့သွားတယ်၊ အနည်းငယ် စိတ်ကြည်လင် လန်းဆန်းလာပြီး ထင်းရှူးပင်တစ္ဆေကို ယုံကြည်လေးစားသွားမိတယ်။



"ကျွန်တော် တကယ်ပျံနိုင်ပြီလား. . ကျွန်တော့်အနေအထား လေထဲမှာ ပုံပျက်ပန်းပျက် ဖြစ်မနေဘူးလားဗျ. . ခင်ဗျားကို ကျေးဇူးတင်ပါတယ်ဗျာ. . အခုလို ကူညီပေးတာ. . ကျေးဇူးပြန်ဆပ်နိုင်အောင် ကြိုးစားပါမယ်. . ကျွန်တော်. . . "

ထင်းရှူးပင်တစ္ဆေက ကရုဏာအပြည့်နဲ့ ပြုံးတယ်. . .

"မင်းပျံတာ သိပ်ကောင်းတယ်. . ကောင်လေး. . မင်းကို ကူညီတာ ကျေးဇူးတင်ခံချင်လို့တော့ မဟုတ်လှဘူး၊ မင်းကို မြင်မြင်ချင်း ကိုယ့်သားသမီးလို ကိုယ်ချင်းစာမိတယ်. . စာနာစိတ်တစ်ခုက. . အဲဒီလိုပဲ. . တစ်ခုတော့ သတိထား၊ မင်း ခရီးထွက်ရင် သိပ်ဝေးဝေး မသွားနဲ့. . ခရီးဝေး ရောက်သွားရင်လည်း မြန်မြန်ပြန်လာခဲ့. . မင်းရဲ့သက်ဆိုင်ရာ နေရာကနေ အကြာကြီးထွက်ခွာခွင့် မရှိဘူး၊ ခရီးလွန်လို့ ပြန်မလာနိုင်ရင် မုန်တိုင်းထဲမှာ လွင့်ပါသွားတဲ့ သစ်ရွက်ကလေးလို ကိုယ့်နေရာကိုယ် ပြန်ရောက်ဖို့ အလွန်ခဲယဉ်းတယ်။ အဲဒီလိုဖြစ်ခဲ့ရင်တော့ မင်းဟာ လွင့်မျော ဝိညာဉ်ဘဝနဲ့ အကြာကြီးနေနေရအုံးမယ်၊ နောက်ပြီး မကျွတ် မလွတ်တဲ့ဘဝကို ရောက်သွားမယ်. . မင်း နားလည်လား. . ."

"ခင်ဗျားပြောတာကို သေသေချာချာ မှတ်ထားပါမယ်၊ ပြောရင်းဆိုရင်းနဲ့ မိုးတောင်ချုပ်သွားပြီ. . ကျွန်တော့်ကို သွားခွင့်ပြုပါဦး. . ." ဘားလန်းက ထင်းရှူးပင်တစ္ဆေကို နှုတ်ဆက်ပြီး ခရီးသွားဖို့ အားယူလိုက်တယ်။

"ကဲ. . ကျွန်တော် သွားပြီဗျို့. . ."

"အေး. . အေး. . ကံဆိုးလွန်းတဲ့ ဘားလန်းရေ. . မင်းဘဝမှာ နောက်ထပ်ဒုက္ခတွေ ထပ်မတွေ့ပါစေနဲ့လို့ ငါဆုတောင်းလိုက်ပါတယ်ကွာ. . ."

ည. . ညတော့ည၊ ဒါပေမဲ့ မှောင်မိုက်မည်းတဲ့ညတော့ မဟုတ်ပါ. . ထက်ကောင်းကင်ယံမှာ ထွန်းသစ်စ လမင်းကြီးနဲ့ အပြိုင် ကြယ်ကလေးတွေ ဝိုင်းရံခဲ့တဲ့ည. . . ခရစ်စမတ်အကြိုည၊ မနက်ဖြန်ဆိုလျှင် ခရစ်စမတ်နေ့၊ ၂၅ ဒီဇင်ဘာ. . . သက်ရှိလူသားတွေအတွက်တော့ ခရစ်စမတ်ညဟာ ဝေးရပ်မြေရောက် ဆွေမျိုးတွေ၊ မိသားစုဝင်တွေ၊ မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းတွေ ပြန်လည်ဆုံစည်းနိုင်တဲ့ည၊ အထူးသဖြင့် ချစ်သူခင်သူတွေ တွေ့ဆုံကြတဲ့ ညသာ ဖြစ်တော့တယ်၊ ဘဝတစ်သက်တာရဲ့ သတိရစရာအကြောင်းတွေ၊ ခွဲခွါနေရတဲ့မိသားစုတွေ ဆုံစည်းခွင့်ပေးတဲ့ည၊ ဘဝအမောတွေကို တွေ့ဆုံပျော်ရွှင်ခြင်းဖြင့် ပြေပျောက်စေတဲ့ည သတ်သတ်မှတ်မှတ် သတိရစရာ ညတစ်ညပါပဲလေ. . .

ခရစ်စမတ်အမီ ချစ်သူခင်သူတွေနဲ့ ဆုံစည်းနိုင်ဖို့ ချမ်းအေးတဲ့ ဒီဇင်ဘာ ၂၄ ရက်နေ့မှာ လူသား အသီးသီးဟာ ခရီးသွားလာနေကြတော့တယ်၊ ၎င်းတို့ရဲ့ ဆွေမျိုးမိဘတွေရှိရာအရပ်၊ မွေးရပ်မြေအရပ်ဒေသတွေကို အရောက်သွားနေကြတယ်. . အချို့က ကားနဲ့၊ အချို့က လေယာဉ်၊ ရေယာဉ် အမျိုးမျိုးသော အမြန်ယာဉ်တွေနဲ့



အချိန်မီရောက်အောင် သွားလာနေကြတယ်၊ အချိန်မီ ရောက်မှသာ ခရစ်စမတ် ပွဲတော်ကို ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်မယ် မဟုတ်လား. . အကြောင်းအမျိုးမျိုးကြောင့် လမ်းခုလတ်မှာ ကြန့်ကြာနေမယ်ဆိုရင် လိုရာခရီး မရောက်မချင်း စိတ်မောကြရတယ်။ အဲဒါကြောင့် ခရီးသွားတွေရဲ့စိတ်ထဲမှာ လိုရာခရီးကို အချိန်မီရောက်ဖို့သာ ဆန္ဒစောနေကြတယ်။

လူသားတွေနည်းတူ ထက်ကောင်းကင်ယံမှာ စီဂါဘားလန်းရဲ့ဝိညာဉ်ကလည်း အသော့ခရီးနှင်လျက်ရှိတယ်၊ ဒါပေမဲ့ သူ့ရဲ့ ခရီးထွက်နည်းကတော့ သူများတွေနှင့်မတူ. . တစ်မူကွဲပြားခြားနားတယ်၊ ဝိညာဉ်သက်သက်သာ ခရီးနှင်ရလို့ ဘားလန်းရဲ့ ရင်ထဲမှာ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်းတို့သာ နေရာယူစိုးမိုးနေတော့တယ်၊ အသက်နဲ့ထပ်တူချစ်ရတဲ့ သူ့ချစ်သူမေလီက သူ့အလာကို မျှော်လင့်ကြီးစွာ စောင့်ကြိုနေမှာ မြင်ယောင်မိတယ်၊ သူ့ရဲ့ အဖြစ်သနစ်တွေကို မသိရှာသေးတဲ့ ချစ်သူမေလီက စိုးရိမ်စိတ်တွေနဲ့ ခေါင်းတမော့မော့ လည်တမော့မော့ စောင့်မျှော်နေရှာရော့မယ်. . ရင်လေးလိုက်တာ ဘားလန်းရယ်. . . ဘယ်ဘဝက အကျိုးပေး ဝဋ်ကြွေးများလဲ. . .

တောင်စောက်မြို့ကို ဖြတ်ကျော်ပြီး မေလီတို့ရှိရာမြို့လေးကို ဘားလန်း ရောက်ရှိလာခဲ့တယ်။ အိမ်တိုင်း အိမ်တိုင်းမှာ ခရစ်စမတ်သစ်ပင်တွေကို ခရစ်စမတ်ခေါင်းလောင်းတွေ၊ ခရစ်စမတ်လက်ဆောင်ပစ္စည်းတွေနဲ့ အလှဆင် ချိတ်ဆွဲနေကြတယ်၊ မေလီတို့အိမ်မှာလည်း ခရစ်စမတ်သစ်ပင် ပြင်ဆင်ထားတာကို တွေ့ရတယ်၊ ခြံထဲက လမ်းကလေးမှာ မေလီ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သူ့ကို စောင့်မျှော်နေတာတွေ့ရလို့ ဘားလန်းက စိတ်မထိန်းနိုင်ဘဲ မေလီကို ပြေးပြီး ပွေ့ဖက်လိုက်တယ်၊ ဒါပေမဲ့ သူ့ရဲ့ ရင်ခွင်ထဲကို မေလီရောက်မလာဘဲ သူသာ ရှေ့ကို အားလွန်ပြီး လဲကျသွားတယ်၊ ပြန်ထဖို့ အားမရှိတော့ဘဲ မြေမှာသာ လဲလျောင်း ငိုကြွေးနေရတော့တယ်။

"မေလီ. . အချစ်ရယ်. . မောင့်ကို ကြည့်လှည့်ပါဦး ကွယ်. . မောင်ရောက်လာပါပြီ. . မောင့်ကို ထူပေးပါဦး. . မောင့် အသည်းတွေ ကွဲကြေကုန်ပါပြီအချစ်ရယ်. . မင်းကို နားလည် အောင် ဘယ်လိုပြောရမလဲ၊ မောင်ပြောတာတွေ မေလီကြားရရဲ့လား ကွယ်၊ မောင် ကံဆိုးခဲ့တယ်မေလီ. . မောင်ဒုက္ခရောက်လာခဲ့ တယ်. . မောင့်ကို ပွေ့ထူပေးပါဦးမေလီရယ်. . မောင်မထနိုင်တော့ ပါဘူး. . မေလီ. . မေလီ. . မောင်ခေါ်တာကြားရဲ့လားဟင်. . "

"ကြားတယ်. . မေလီကြားရတယ်. . မောင်လားဟင်. . . "

"ဘာ. . မင်းဘာပြောလိုက်တယ်. . ကြားတယ် ဟုတ်လား. . မေလီ. . မေလီ. . နေပါဦး မေလီ. . ခဏစောင့်ပါ ဦး. . . "

"မေမေရေ. . မောင်တော့ တစ်ခုခုဖြစ်ပြီထင်တယ်၊ မေမေ ရယ်. . သမီးကို ကယ်ပါဦး. . သမီးကြောက်တယ် မေမေ. . သမီး တော့ မောင်တစ်ခုခု ဖြစ်တယ်ထင်တယ်. . . "

"ဟဲ့. . သမီး. . သမီး. . ဘာဖြစ်တာလဲကွယ်. . အိမ်ထဲကို ဘာဖြစ်လို့ အလန့်တကြား ပြေးဝင်လာတာလဲ. . ဘယ်သူက ဘာလုပ်လို့လဲ. . ပြောစမ်းပါ သမီးရယ်. . မေမေ ရင်ထိတ်လိုက် တာ. . . "

"မဟုတ်ဘူးမေမေ. . သူ့အရောက်နောက်ကျနေလို့ သမီး ခြံထဲ ထွက်ကြိုနေတာ၊ သမီးရင်ထဲမှာ အေးခနဲ ဖြစ်ပြီး သူ့ငိုသံကြား လိုက်တယ်. . သူ့အသံမှ သူ့အသံစစ်စစ်ပဲ. . သမီးနားကြား မလွဲ ဘူး. . မောင်ငိုနေတယ်၊ အရမ်းဝမ်းနည်းလို့ ငိုနေတဲ့အသံပဲ မေမေ ရယ်. . မောင်တော့ဒုက္ခရောက်ပြီထင်တယ်၊ လုပ်ပါအုံး မေမေ. . တစ်ခုခုလုပ်ပါဦး. . . "

"အို. . သမီးရယ်၊ မတွေးကောင်းတာတွေ တွေးနေပြန်ပြီ။ သမီးစိတ်ထင်လို့ဖြစ်မှာပါ။ မောင်ဘားလန်း လာမှာပါ. . လမ်းမှာ ကားတွေ ဘာတွေပျက်နေလို့ ကြာနေတာဖြစ်မှာပါ၊ မနက်ကပဲ ဖုန်းဆက်သေးတယ် မဟုတ်လား၊ သူထွက်လာပြီ. . ကားဂိတ်ကို



ရောက်နေပြီလို့. . . ဘာမှစိုးရိမ် မနေနဲ့. . သူရောက်လာမှာပါ၊ ရော့. . ရော့. . ရေသောက်လိုက်. . အိမ်ရှေ့မှာ ထွက်စောင့် မနေနဲ့ သမီးလေးရယ်. . အိမ်ထဲမှာပဲ မေမေနဲ့အတူ စောင့်နေနော်. . "

မေလီရဲ့ မိခင်က မေလီ့ကို စိတ်မပူအောင် ဖျောင်းဖျပြော ဆိုနေတာကို ဘားလန်း ကြားနေရတယ်၊ မေလီနဲ့ သူ့မမေမေ မျှော်လင့်ထားသလို ဘားလန်း ရောက်လာခဲ့ပါတယ်၊ ဒါပေမဲ့ သူရောက်ခဲ့ခြင်းက သူတို့ မမြင်နိုင်သော ဝိညာဉ်သက်သက်သာ. . .

ထိုညက ဘားလန်း ရောက်မလာတော့ မေလီနဲ့သူမရဲ့အမေ တို့ အိပ်မပျော်ဘူး။ မေလီက တစ်ညလုံး တရှုံ့ရှုံ့ငိုလို့သာနေတယ်၊ နောက်တစ်နေ့နံနက်ရောက်မှ အိပ်ရေးပျက် ပင်ပန်းလွန်းပြီး မေလီ ဘစ်ရေးအိပ်ပျော်သွားတယ်၊ ဘားလန်းက မေလီရဲ့ အရိပ်အကဲကို ခြံပြင်မှ တစ်ညလုံး စောင့်ကြည့်နေခဲ့တယ်၊ မေလီ့ကို အငိုတိတ်အောင် ချော့မော့ချင်တယ်. . အားပေးချင်တယ်. . သူ့မှာက သူ့ဒုက္ခနှင့်သူ၊ ဘယ်လိုမှ ရှင်းပြခွင့်မရ၊ လုပ်ဆောင်ခွင့်မရ ဖြစ်နေရပြီ၊ ဘာပဲဖြစ် ဖြစ် နေရစဉ် ခဏလေးမှာ မေလီ့အနားမှာပဲ နေချင်မိတယ်၊ ခွဲခွာ ချိန် မတိုင်ခင်အထိ မေလီကိုပဲ ကြည့်နေချင်တယ်၊ မေလီ့ကို သူ စိတ်မချဘူး. . မခွဲနိုင် မခွာရက်ဖြစ်နေရပြီ. . ဘားလန်းရဲ့ ဝိညာဉ် ဟာ မေလီတို့ ခြံထဲက သစ်ပင် တစ်ပင်အောက်မှာ ဝမ်းနည်း ပူဆွေး စွာနဲ့ တစ်ညလုံးထိုင်နေခဲ့တယ်။

မနေ့က နေ့ခင်းပိုင်းမှာ အဝေးပြေး ယာဉ်တစ်စီး တိမ်း မှောက်တာကို မေလီတို့မြို့က လူတွေ ကြားသိကြရတယ်၊ ဂရင်းသတင်း ကြားကြားချင်း မေလီမူးလဲသွားလို့ အသိဆရာဝန်တစ်ဦးရဲ့ လာရောက်ကုသမှုကို ခံယူနေရတယ်၊ မေလီရဲ့မိခင်က ကားမှောက် တဲ့အထဲမှာ ဘားလန်းပါပြီး ပွဲချင်းပြီးသေဆုံးသွားတယ်လို့ သတင်း သပ်ကြားရတယ်၊ သောကများစွာနဲ့ မေလီ့မိခင်ဟာ မေ့လဲနေတဲ့သမီး ကို ရှင်းပြဖို့ ချိန်ဆနေရတယ်။

အဖြစ်ဆိုးလိုက်တာ မောင်ဘားလန်းရယ်. . သမီးကို ဘယ်လိုရှင်းပြရမှာလဲကွယ်၊ မဖြစ်ဘူး. . မဖြစ်ဘူး. . မေလီကို

နားလည်အောင်နားချပြီး တောင်စောက်မြို့ကိုအမြန်လိုက်မှ၊ မေလီရဲ့မိခင်က သမီးရဲ့အရိပ်အကဲကို စိုးရိမ်စွာ စောင့်ကြည့်နေတယ်။ ခဏအကြာမှာပဲ မေလီ သတိပြန်လည်ရလာတာ မြင်ရလို့ အနည်းငယ်စိတ်အေးသွားတယ်။

"သမီးလေး. . သမီးလေး သတိရလာပြီ၊ ကျေးဇူးတင်ပါတယ် ဆရာရယ်. . ." သူမက သမီးကိုပွေ့ထူရင်း ဆရာဝန်ကို ကျေးဇူးတင်ကြောင်း ပြောတယ်။

"ရပါတယ်အန်တီ. . ဘာမှမဖြစ်တော့ပါဘူး၊ စိတ်ထိခိုက်လို့ မူးသွားတာပါ၊ ခဏနားလိုက်ရင် ကောင်းသွားမှာပါ. . ." ဆရာဝန်က မေလီ့ကို သွေးခုန်နှုန်း ထပ်စမ်းရင်း စိုးရိမ်စရာ မရှိကြောင်းပြောတယ်၊ မေလီရဲ့အမေက ဆရာဝန်ကို အခန်းအပြင်ကိုလိုက်ပို့ရင်း. . .

"ဒါဆိုရင် ကျွန်မတို့ တောင်စောက်မြို့ကို လိုက်သွားချင်တယ် ဆရာရယ်. . သမီးလေးလည်း ခေါ်သွားချင်တယ်. . ဖြစ်ပါ့မလားဆရာ. ."

"ခေါ်သွားလို့ရပါတယ်၊ ဆေးတိုက် ခဏနားပြီးမှခေါ်သွားပါ၊ ဒါပေမဲ့ သူချစ်သူကိုတော့ ချက်ချင်း သွားမကြည့်စေနဲ့၊ ဒဏ်ရာတွေနဲ့ ရုတ်တရက် မြင်ရရင် သွေးလန့်ပြီး နောက်တစ်ခါ မူးလဲသွားဦးမယ်"

ဆရာဝန်က မေလီမကြားအောင် လေသံတိုးတိုးနဲ့ပြောတယ်။

"စိတ်ချပါဆရာ၊ ဟိုက အခြေအနေ သိရရင် တော်ပါပြီ. ."

"ကျွန်တော်လည်း ဘားလန်း သတင်းကြားရတာ စိတ်မကောင်းပါဘူး၊ သူနဲ့ကျွန်တော် ရင်းနှီးတယ်။ ဒီလူက လူကောင်းတစ်ယောက်ပဲ၊ သိပ်သဘောကောင်းတယ်. . မေလီ့အတွက် ဝမ်းနည်းပါတယ်. . ."

ဆရာဝန်က ဝမ်းနည်းစွာနှုတ်ဆက်ပြီး ပြန်သွားတယ်။ မေလီ့ အမေက မေလီ့ကိုအားပေးနှစ်သိမ့်ရင်း ဘားလန်းအကြောင်းကို အရိပ်အမြွက်ပြောပြရတယ်။



"သူတို့ကားဟာ တစ်ခုခု ပျက်သွားတာဖြစ်မှာပါ၊ ဆိုးဆိုးဝါးဝါးဖြစ်ခဲ့ရင်လည်း ဘုရားသခင် စောင့်ရှောက်မှာပါ သမီးရယ်၊ မေမေနဲ့ တောင်စောက်မြို့ကို လိုက်ခဲ့ဖို့ပဲ အားမွေးထားစမ်းပါ. ."

ဒါပေမဲ့ မေလီက ဘာမှ ပြန်မပြောတော့ပဲ မျက်နှာကြက်ကိုသာ ငေးကြောင်ပြီး စိုက်ကြည့်နေတော့တယ်. . .

မေလီရယ်. . မောင့်အဖြစ်ဆိုးကို သိသွားပြီပေါ့၊ မနေ့ညက မောင်ရောက်လာတာ လက်ခံသွားပြီပေါ့၊ အခုလည်း မောင် မေလီ့အနားမှာ ရှိနေပါတယ်အချစ်ရယ်၊ မင်းလေး ငိုကြွေး ဝမ်းနည်းနေတဲ့အသံတွေကို မောင်ကြားနေ မြင်နေရပါတယ်၊ မောင်တို့ ဒီခရစ်စမတ်မှာ ကံကောင်းခြင်း လက်ဆောင် မရရှိတော့ဘူးကွယ်၊ မောင့်အင်္ကျီရဲ့ညာဘက်အိတ်ထဲမှာ မေလီ့အတွက် ခရစ်စမတ် လက်ဆောင် ဆွဲကြိုးလှလှလေး တစ်ကုံးရှိတယ်၊ ဆွဲကြိုးရဲ့ လော့ကက်သီးပုံလေးက ပဒါရောင် ငှက်ကလေး နှစ်ကောင်ကို လှပတဲ့အဖြူရောင်ကျောက်ကလေးတွေ ဝိုင်းရံထားတယ်၊ မောင့်ရဲ့ ချစ်သက်လက်ဆောင်ပါ မေလီ၊ မေလီလေး တွေ့အောင်ရှာပြီးယူနိုင်ပါစေလို့ မောင်ဆုတောင်းပါတယ်။ မောင်သွားရတော့မယ်မေလီ. . မေလီ့အနားက မခွာချင်ပဲသွားရတော့မယ်၊ နှုတ်ဆက်ခဲ့ပါတယ် ချစ်သောမေလီ. . မောင်မင်းကိုနောက်ထပ် မတွေ့ရက်တော့ပါဘူး. . မင်းကို တွေ့နေမြင်နေရရင် ဘယ်လိုမှ ခံနိုင်စွမ်းရှိမှာ မဟုတ်တော့ပါဘူး . . . မေလီတစ်ယောက် သံသရာထဲမှာ ကျင်လည်ရင်း သာယာငြိမ်းချမ်းတဲ့ဘဝမှာ အခြေကျ နေထိုင်နိုင်ပါစေလို့ မောင် ဆုတောင်းခဲ့ပါတယ်. . ချစ်သောမေလီရယ်. . ."

"နာနာဘာဝ. . . ဟုတ်တယ်. . ကျွန်တော်တို့ဟာ နာနာဘာဝ ဝိညာဉ် သရဲ တစ္ဆေတွေပဲ၊ အခုရောက်လာတဲ့ လူသေအသစ်တွေ၊ နောက်ရောက်လာမဲ့ သေခါနီးလူနာတွေ အားလုံးဟာ နာနာဘာဝတွေ ဝိညာဉ်တွေချည်းပဲ။ ဒါပေမဲ့ သရဲ တစ္ဆေလို့ မဆိုနိုင်သေးဘူး. . သရဲတစ္ဆေဆိုတာက လုပ်ယူမှရတယ်၊ လေ့ကျင့်ယူမှရမယ်၊ သင်ယူရတယ်၊ သေကာစ လူသေဟာ တစ်စုံတစ်ယောက်ကို ခြောက်လန့်အောင် မခြောက်တတ်သေးဘူး။ ဘာဖြုလို့လဲ. . သေဆုံးသူက ယူကျုံးမရ ဝမ်းနည်းပူဆွေးနေလို့ ခြောက်လှန့်ခြင်းကို စိတ်မဝင်စားသေးဘူး၊ အဲဒီတော့ လူသေတွေကို ခြောက်စရာမလိုဘူး. . ဟဲ. . ဟဲ. . ဟဲ. . ပြောချင်တာက အခုရောက်လာတဲ့ လူသေအသစ်တွေကို ကျောက်စက်သင်္ချိုင်းက ကြိုဆိုပါတယ်. . "

လက်ခုပ်သံ ထွက်ပေါ်လာတယ်၊ တစ်ယောက်ထဲတီးတဲ့ လက်ခုပ်သံ၊ သူ့ဟာသူပြောပြီး သူ့ဟာသူ ထောက်ခံတဲ့ လက်ခုပ်သံ. . . ပြောနေတဲ့သူက အလွန်အရုပ်ဆိုးတယ်၊ အမည်းရောင် လက်သည်းချွန်တွေပိုင်ဆိုင်ထားပြီး ဆံပင်ကောက်ကောက် ရှည်ရှည်နဲ့ပဲ. . . ထူးခြားတာက သူ့မျက်လုံး နှစ်လုံး. . . မြွေမျက်လုံးလိုလို



ခြင်္သေ့မျက်လုံးလိုလိုနဲ့ ခန့်မှန်းရ ခက်တယ်၊ မျက်လုံးတွေက အရောင်ပြောင်းပြောင်း သွားတာကိုလည်း တွေ့ရတယ်။

ဂျင်းက ဆက်ပြောတယ်. . .

"ဒီသင်္ချိုင်းကို ကျောက်စက်သင်္ချိုင်းလို့ ဘာကြောင့်ခေါ်လဲ သိကြလား. . ဟုတ်ပြီ. . ခင်ဗျားတို့ မသိဘူး. ., နားလည်အောင် ပြောရရင် ဟိုအရင်က ဒီအနားမှာ ကျောက်ခွဲစက် စက်ရုံတစ်ရုံ ရှိခဲ့တယ်၊ အဲဒီစက်ရုံကို အစွဲပြုပြီး ကျောက်စက်သင်္ချိုင်းလို့ခေါ်တာ ဖြစ်မယ်. . အဲဒီလို မှတ်ထားရမယ်။ တောင်စောက်မြို့က လူတွေ သေရင် ဒီသင်္ချိုင်းမှာ လာမြှုပ်နှံသင်္ဂြိုဟ်ကြတယ်. . ကျုပ်တို့သုသာန်က တောင်စောက်မြို့ပြင် တောင်ကုန်းပေါ်မှာ တည်ရှိတယ်၊ ဒီတောင်ပေါ်ကနေ မြို့ကိုလှမ်းမြင်နိုင်တယ်. . . ရှုခင်းသိပ်ကောင်းတယ်. . ဟဲ. . ဟဲ. . ဟဲ. . . "

ဂျင်းရုပ်ဆိုး သရဲက အစီအစဉ်မကျ ပြောချင်တာတွေပြောပြီး သူ့စကားသူ သဘောကျနေတယ်၊ အခြားဝိညာဉ်တွေက ယောင်နနနဲ့ ဂျင်းပြောတာကို နားထောင်နေရတယ်၊ သူက ခပ်တည်တည်ပဲ ဆက်ပြောတယ်. . .

"အော်. . ဟုတ်ပြီ. . အဓိက အချက်ကို မေ့နေတယ်. . ကျုပ်နဲ့ မိတ်ဆက်ပေးရဦးမယ်. . ကျုပ်နံမည်က 'ဒေါက်တာလောက်' လို့ခေါ်တယ်. . ခေါ်ကြည့်စမ်းပါ. . သိပ်ခေါ်လို့ကောင်းတယ်. . လူ့ဘဝတုန်းက နာမည်ကလည်း ဒေါက်တာလောက်ပဲ. . ဒါ ကျုပ်အမေပေးတဲ့ ချစ်စရာကောင်းတဲ့နာမည်လေးပေါ့. . . ကျုပ်အမေက သိပ်အမြော်အမြင်ကြီးတယ်. . ကျုပ်ဟာ လူ့ဘဝမှာတုန်းက လူဆိုးတစ်ယောက်ပဲ. . လူ့ဘဝ တစ်လျှောက်လုံး ကောင်းတဲ့ အလုပ်တစ်ခုမှ မလုပ်ဖူးဘူး၊ လူမိုက်ပဲ လုပ်စားတယ်။ တစ်ယောက်ထဲနဲ့ လူဆယ်ယောက် သတ်ဖူးတယ်။ အုပ်စုနဲ့လည်း သတ်ဖူးတယ်။ ထောင်ကျပြီး ရဲဘက်ပါသွားတယ်။ ရဲဘက်မှာ ရန်ဖြစ်ရင်း အသတ်ခံလိုက်ရတယ်. . . ကိုယ် အသုံးမကျလို့. . အဲ. . ရန်သူက နည်းနည်းလေး လက်ဦးသွားတယ်. . ကျုပ်ကို ဒီသင်္ချိုင်းမှာ မြှုပ်နှံခဲ့တယ်. .

အရေးကြီးတဲ့အချက်.. အခုလက်ရှိ ဒီသုသာန်မှာ ကျုပ်ခေါင်းဆောင်ပဲ... သရဲဘဝရောက်မှ လူငါးယောက်လောက်ကို သေအောင် ခြောက်လှန့်ဖူးတယ်၊ ကျုပ်နဲ့ ဆန့်ကျင်ဘက်လုပ်ရင်လည်း လုပ်တဲ့သူကို မှတ်လောက်သားလောက်အောင် ပညာပေးတတ်တဲ့ အကျင့်လေးရှိတယ်... ဒီတော့ကာ ခင်ဗျားတို့လည်း ကျုပ်စကားကို မြေဝယ်မကျ နားထောင်မှ သက်သာမဲ့သဘောပဲ... မရှင်းတာ ဘာရှိလဲ..."

"ရှင်းပါတယ်..." ဒေါက်တလောက်ဆိုသူ သရဲရဲ့ ပြောစကားနဲ့ ရုပ်ရည်ကို အားလုံးက ကြောက်လန့်ကုန်ကြပြီး သူ့စကားကို ဘုမသိ ဘမသိ ထောက်ခံပေးကြတယ်၊ ဒေါက်တလောက်က သူ့ရဲ့ဂုဏ်ပုဒ်တွေကို ဆက်လက် ထုတ်ပြပြီး နောက်ရောက်လာတဲ့ ဝိညာဉ်သစ်တွေကို ခြိမ်းခြောက်နေတယ်။

ဘားလန်းက ဘာတစ်ခွန်းမှမပြောပဲ ဇက်ကလေးပုပြီး ၎င်းကို ပေစောင်းစောင်းကြည့်နေမိတယ်၊ ဝိညာဉ်သစ်တွေထဲမှ ကလန်ကလားနဲ့ ဘားလန်းကို ဒေါက်တလောက်က သတိပြုမိတယ်၊

"ဟို ပေစောင်းစောင်းနဲ့ အရုပ်ရှည်ရှည်ကောင်လေး ငါပြောတာ နားလည်ရဲ့လား၊ ကြည့်စမ်း.. မင်းက လူချောပဲ.. မင်းနာမည် ဘယ်လိုခေါ်လဲ..."

ဒေါက်တလောက်က ဘားလန်း အနားကို လျှောက်လာပြီး စစ်ဗိုလ်က သူ့တပ်သား တစ်ယောက်ကို မေးသလိုမျိုး မေးတယ်။

"ဟို..ဟို.. ကျွန်တော့်နာမည် 'စီဂါဘားလန်း' ပါ" ဘားလန်းက ခါးကိုကိုင်းပြီး ဖြေတယ်။

"ကောင်းပြီ.. ဘားလန်း မင်း ငါ့သင်္ချိုင်းမှာနေတုန်း ကောင်းကောင်းလေးနေပါ၊ ငါ မင်းကို ကြိုဆိုတယ်.." ဒေါက်တလောက်က ပြောပြီး သူ့နေရာသူ မြောက်ကြွ မြောက်ကြွနဲ့ ပြန်သွားတယ်။

"အားလုံးနားထောင်ကြ.. အခုဆိုရင် ကျုပ်တို့သင်္ချိုင်းက အရင်လို ခြောက်ကပ်ကပ် မဟုတ်တော့ဘူး၊ သေသူတွေ၊ လာရောက်



မြှုပ်နှံသူတွေများလာပြီ၊ ဒါကြောင့် ကျောက်စက်သင်္ချိုင်းက စည်ကားလာပြီ။ နောက်ထပ် ပိုပြီး စည်ကားအောင်လည်း လုပ်ဖို့အစီအစဉ်တွေ ရှိတယ်.. အစီအစဉ်က လူတွေကို တစ်နည်းနည်းနဲ့ သေဆုံးအောင် လုပ်ရမယ်။ သင်္ချိုင်းနားက ဖြတ်သွားတဲ့လူတွေ၊ ကားလမ်းက ခရီးသွား ကားတွေ၊ ဒီလူတွေကို ကျုပ်တို့ ပစ်မှတ်ထားရမယ်။ ဒါမှ ကျုပ်တို့ သုသာန်မှာ နာနာဘာဝတွေ စည်ကားလာမယ်၊ ပျော်စရာကောင်းလာမယ်။ အဖော်သစ်တွေများများရမယ်၊ ကျုပ်အစီအစဉ် မကောင်း ဘူးလား... သိပ်ကောင်းတဲ့အစီအစဉ်... ဒီတော့ နောက်ရောက် လာတဲ့ဘားလန်းတို့အဖွဲ့ကို သရဲခြောက်နည်း၊ ကိုယ်ထင်ပြနည်း၊ ပစ္စည်းတစ်ခုခုကို ဆွဲကိုင်လှုပ်နည်းတွေ သင်ပေးမယ်၊ ဝိညာဉ် တစ်ကောင်မှာ တတ်သင့်တဲ့ပညာတတ်ထားမှ သရဲဖြစ်လာမယ်.."

ဒေါက်တလောက်က ဝိညာဉ်သစ်တွေကို သူ့ရဲ့သင်တန်းအားကိုးတကြီးတက်တဲ့ တပည့်တွေပမာ လှည့်ပတ်ကြည့်ရှုနေတယ်၊ ညစ်ပတ်နံစော်နေတဲ့ သူ့ကုတ်အကျီရှည်က ခါးစည်းကြိုးကို စည်းရင်း အကျယ်ကြီး ပြောတယ်.. သူက မိန့်ခွန်းခြွေသလို ပြောဆိုရတာကို အလွန့်ကို နှစ်သက်နေတယ်။

"ကျုပ်ဆိုရင် သေတဲ့နေ့မှာပဲ သူများကို သွားခြောက်လှန့်တယ်။ ကိုယ်မုန်းတဲ့သူ မကျေနပ်တဲ့သူတွေကို ကောင်းကောင်း ခြောက်လှန့်နိုင်ခဲ့တယ်။ ဒီအနီးအနားတစ်ဝိုက်က လယ်ယာလုပ်ကိုင်တဲ့သူတွေ၊ သိုးကျောင်းသားတွေ၊ လိမ္မော်စိုက်ခင်း သမားတွေဟာ ကျုပ်အကြောင်းကို သိပ်..သိတယ်၊ ညရေးညတာမှာ သူတို့တွေ တစ်ယောက်ထဲ မသွားရဲကြဘူး၊ သူတို့ရဲ့ရင်ထဲ ပါးစပ်ထဲမှာ သရဲဒေါက်တလောက်ဆိုတာ ရှိနေတယ်၊ အဲဒါ ဝိညာဉ်လောကမှာ ကျုပ်တတ်ထားတဲ့ ပညာစွမ်းတွေကြောင့်... နောက်ပြီး ကျုပ်မှာ မှော်ပညာတတ်တဲ့ ဦးခေါင်းပြတ်တစ်လုံး ပိုင်ဆိုင်ထားတယ်၊ ၎င်းဆီက ကျုပ်လုပ်ချင်တာတွေ.. ကျုပ်တတ်ချင်တာတွေ ထုတ်ယူလို့ရတယ်.. ကြွားလွန်းသွားပြီလား။ ကောင်းပြီ.. ခင်ဗျားတို့ ဝိညာဉ်

လွတ်မြောက်ပွဲဆိုတာ. . အဲ. . စကား မှားသွားပြီ. . ကျောက်စက်သချိုင်းနဲ့ ဝိညာဉ်လွတ်မြောက်ပွဲက သိပ်တော့ မဆိုင်ပါဘူး. . အဲဒီတော့ ဝိညာဉ်သရဲ ပိသအောင်ပဲ နေထိုင်ကြပါ. . အဲဒါမှ ဒေါက်တာလောက် အုပ်ချုပ်တဲ့ ကျောက်စက်သချိုင်း နာမည်ကြီးမယ်. . ဒီညတော့ ဒီလောက်ပါပဲ. . အားလုံး ကိုယ့်နေရာကိုယ် သွားနိုင်ပါပြီ. . "

ဒေါက်တာလောက်က သူ့စကားအပြီးမှာ . . . နောက်ကို ပြန်မကြည့်ဘဲ လှည့်ထွက်သွားတယ်။ သူ့ပုံစံက ပြောတဲ့အတိုင်း လုပ်မယ့်ပုံမျိုး. . . ဝိညာဉ်သစ်အားလုံးက သူ့နောက်ကျောကို လိုက်ကြည့်ပြီး အသီးသီး သက်ပြင်းချလိုက်ကြရင်းနဲ့ ကိုယ့်အုတ်ဂူကိုယ် အလျှိုအလျှို ပြန်ဝင်သွားကြတယ်၊ ဘားလန်းသာ သချိုင်းဇရပ်ထဲမှ မထသေးဘဲ ဒေါက်တာလောက်ပြောတဲ့ ဝိညာဉ် လွတ်မြောက်ပွဲက ဘာကိုဆိုလိုတာလည်း မသိလို့ အတွေးနယ်ချဲ့နေမိတယ်. . ဒါပေမဲ့ ဒေါက်တာလောက်က ထိုအကြောင်းကို သိပ်ပြောချင်တဲ့ပုံ မပေါ်ဘူး. .

"ဒေါက်တာလောက်တဲ့. . ဘယ်လို သဘောရလဲ. . . "

သူ့လို ကိုယ့်နေရာကိုယ် ထမသွားသေးဘဲ ထိုင်နေတဲ့ ဝိညာဉ်တစ်ကောင်က ဘားလန်းကိုမေးတယ်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ. . . " ဘားလန်းက သူ့ဘေးမှ ဝိညာဉ်ကို ပြန်ကြည့်ရင်း မေးတယ်။ ၎င်းဝိညာဉ်က တခြားဝိညာဉ်တွေနဲ့ သိပ်မတူဘူး. . သေးနေသလိုပဲ. . သူ့ကို မှုန်တီမှုန်ဝါးသာ မြင်ရတယ်။

"ကျွန်တော်ပြောတာ စောစောက မှာတမ်းတွေခြွေသွားတဲ့ သရဲဒေါက်တာလောက်ကိုပြောတာ. . နာမည်ကလည်း ခဲပေါက်သံကြားရသလို. . ခပ်ဆိုးဆိုးပဲ. . သူ့အမေက ပေးလည်းပေးတတ်ပါပေ့ဗျာ. . သူ့ကိုကြည့်ရတာတော့ လူမပြောနဲ့၊ သရဲအချင်းချင်းတောင် ကြောက်စရာကြီး. . နောက်ပြီး သူက ပြောတဲ့အတိုင်း တကယ်လုပ်မဲ့ပုံပဲ. . ခင်ဗျားရော သူ့ကိုကြောက်လား. . "



သေးနေသလို ထင်ရတဲ့ဝိညာဉ်က ကြောက်ရွံ့တဲ့ပုံနဲ့ ဘားလန်းကို မေးတယ်။

"အဲ. . ကျွန်တော်လည်း ကြောက်သင့် မကြောက်သင့် စဉ်းစားနေတာပဲ. . "

ဘားလန်းက သူ့စိတ်ထဲရှိတဲ့အတိုင်း ဖြေလိုက်တယ်။

"ဒါကြောင့် ဒေါက်တာလောက်က ခင်ဗျားကို သတိထားမိတာကို. . ကျွန်တော် သိပါတယ်၊ ခင်ဗျားသူ့ကို မကြောက်ပါဘူး ဘားလန်းရာ. . . " ၎င်းဝိညာဉ်က ဘားလန်း ရှိရာဘက်ကို ဖင်တရွတ်တိုက်တိုးလာပြီး ပြောတယ်။

"ခင်ဗျားက ကျွန်တော့်နာမည်တောင် သိနေပြီ. . ဒါနဲ့ ခင်ဗျားဘယ်သူလဲ၊ ကျွန်တော်တို့နဲ့ တစ်ဖွဲ့ထဲ သေတဲ့သူ မဟုတ်ဘူးထင်တယ်. . . "

"မဟုတ်ပါဘူးဗျာ. . ကျွန်တော်က ဒီတောင်စောက်မြို့သားပါ၊ နေမကောင်းဖြစ်ပြီးသေတာ. . ခင်ဗျားတို့ အရင်နှစ်ရက်လောက်ကပဲ. . . ကျွန်တော့်နာမည်က 'ဂျိုးဂျေဆာ' ပါ"

သေးနေသလို ထင်ရတဲ့ဝိညာဉ်က သူ့ကိုယ်သူ မိတ်ဆက်တယ်။

ဘားလန်းက ဂျိုးဂျေဆာလို့ သူ့ကိုယ်သူ မိတ်ဆက်တဲ့ဝိညာဉ်ကို ပထမဦးဆုံး အနေနဲ့ နားလည်စွာ ကြည့်မိတယ်။ အသက်က သူနဲ့မတိမ်းမယိမ်းလောက်ပဲ ဖြစ်မယ်ထင်တယ်။

"ခင်ဗျားက ရိုးရိုး ဖျားနာသေခဲ့တာဆိုတော့ ကျွန်တော့်ထက်တော့ ကံကောင်းပါတယ်ဗျာ. . . "

"ဒါက ခင်ဗျားအထင်ကိုး. . လူ့ပြည်မှာလည်း ကံမကောင်းဘူး၊ အမြဲတရှောင်ရှောင်နဲ့ . . . ကျွန်တော့် ပုံစံသာကြည့်တော့. . ဒီသချိုင်းရောက်တော့လည်း ကံမကောင်းပါဘူးဗျာ. . " ဂျိုးဂျေဆာက ဦးခေါင်းကိုငုံ့ပြီး ခေါင်းတရမ်းရမ်းနဲ့ပြောတယ်။

"ဘာဖြစ်လို့လဲ. . . " ဘားလန်းက ဂျိုးရဲ့အဖြစ်ကို သိချင်လာမိတယ်။

"ခင်ဗျား မလာခင် တစ်ရက်က ကျွန်တော်အနိုင်ကျင့်ခံရတယ်ဗျာ၊ အခုကျွန်တော့်ဂူထဲမှာ ကျွန်တော့်ခေါင်းတလား မရှိတော့ဘူး. . သူတို့ လုယူသွားကြပြီ. . ကျွန်တော့်ခေါင်းက ကျွန်းသစ်နဲ့သေသေသပ်သပ် လုပ်ထားတာ. . လက်ရာမြောက်တဲ့ပန်းခက်တွေ ရုပ်ကြွတွေလည်းပါတယ်. . ကျွန်တော့်အဖေက ကျွန်တော့်အတွက် ဈေးကြီးကြီးပေးပြီး ဝယ်ပေးလိုက်တာ. . အဲဒီညက ကျွန်တော် အိပ်နေတုန်း သရဲနှစ်ကောင် ရောက်လာတယ်. . 'ခေါင်းအသစ်ကြီး သိပ်လှတယ်' ဆိုပြီး လုယူသွားကြတယ် ကျွန်တော်လည်း ပြန်တော့ ခုခံတာပဲ။ ဒါပေမဲ့ သူတို့က ခွန်အားကြီးတယ်၊ နောက်ပြီး ခင်ဗျားတို့လို အစိမ်းသေ. . ဒေါသကြီးတယ်၊ ကျွန်တော့်ပုံစံနဲ့ သူတို့ကို ဘယ်လို ယှဉ်လို့ရမှာလဲ. . မပေးချင်ဘဲ ပေးလိုက်ရတယ်" ဂျိုးက ငိုတော့မဲ့ပုံ ဖြစ်လာရင်း ပြောပြတယ်။

ဘားလန်းက ဂျိုးပုံစံကြောင့် စိတ်မကောင်း ဖြစ်သွားတယ်။

"အတော်ဆိုးတယ်. . ကိုယ့်အချင်းချင်းကိုတောင် လုပ်ရက်တယ်၊ ခင်ဗျားအကြောင်းကြားရတာ စိတ်မကောင်းပါဘူး. . ခင်ဗျား ဒေါက်တလောက်ကို သွားမပြောဘူးလား. . ."

"ဘယ်နေမလဲ. . ကျွန်တော် သွားပြောတာပေါ့၊ ဒါပေမဲ့ အလကားပါဗျာ. . အဲဒီကောင်တွေက ဒေါက်တလောက် တပည့်ရင်းတွေလေ. . . ဒေါက်တလောက်က ဘာပြောတယ်ထင်လဲ. . "

"ဘာပြောလဲ. . ."

"မင်းခေါင်းတလားက မင်းပုံစံနဲ့ မလိုက်ဘူး . . . သိပ်ကို တန်ဖိုး ကြီးလွန်းတယ်. . အဲဒါကြောင့် လုယူခံရတာဖြစ်မယ်လို့ ပြောတယ်ဗျာ. . ."

ဘားလန်းက ဂျိုးရဲ့စကားကြောင့် သူ့အုတ်ဂူကို စိတ်မချစွာနဲ့ လှမ်းကြည့်ရင်း. . .

"ခင်ဗျားပြောတာနဲ့ ကျွန်တော်လည်း ကျွန်တော့် ခေါင်းတလားကို ဂရုစိုက်ရဦးမယ်။ ဒီခေါင်းတလားက နှယ်နှယ်ရရ မဟုတ်ဘူးဗျ။ ကျွန်တော့်ချစ်သူ မေလီကိုယ်တိုင် သေသေချာချာ



ဝယ်ပေးထားတာ . . . ခင်ဗျားခေါင်းလောက် လှမှာ မဟုတ်ပေမဲ့ ကျွန်တော့်ချစ်သူရဲ့ နောက်ဆုံး လက်ဆောင်ဆိုတော့ ကျွန်တော် တန်ဖိုးထားတယ်ဗျာ။ ကျွန်တော့် ချစ်သူကိုယ်တိုင် ခင်းကျင်းပေးတဲ့ အိပ်ရာမှာ အိပ်ရသလိုပဲ ငြိမ်ရှိတယ်. . "

ဘားလန်းက ဂျိုးကို ရင်းရင်းနှီးနှီး ပွင့်လင်းစွာ ပြောတယ်။ သူ့မျက်လုံးတွေကိုတော့ သူ့အုတ်ဂူဆီ ခဏခဏ အကြည့်ပို့ထားတယ်။

"ခင်ဗျားချစ်သူက တကယ်ပဲ ခင်ဗျားကို အိပ်ရာခင်းပေးဖူးလို့လား၊ ကျွန်တော်တော့ မယုံဘူး၊ ခင်ဗျားက ကြံကြံဖန်ဖန်တွေးပြီး ပြောတတ်. . ကျေနပ်တတ်တဲ့လူစားမျိုးပဲ. . တကယ်ပဲ. . ခင်ဗျားကိုတော့ ကျွန်တော် ခင်သွားပြီ စိဂါဘားလန်းရေ. . ." ဂျိုးက စောစောကလို ငိုမဲ့မဲ့ပုံစံ မဟုတ်တော့ဘူး၊ သူ့ပင်ကိုယ်အမူအရာလို့ ထင်ရတဲ့ ချစ်စရာကောင်းတဲ့အပြုံးတစ်ချက် ပြုံးလိုက်တာကို တွေ့ရတယ်။

"ဘားလန်း. . ခင်ဗျား မသိသေးတဲ့ အချက်တစ်ချက်ကို ကျွန်တော် သိထားတယ်။ ကျွန်တော် ပြောပြမယ်။ ခင်ဗျားက သူတို့လိုပဲ အစိမ်းသေ၊ နောင်တစ်ချိန်မှာ သူတို့ထက် ပါဝါ ပိုကြီးလာနိုင်တယ်၊ ဝိညာဉ်လောကမှာ အစိမ်းသေဟာ စွမ်းအားပိုကြီးတယ်. . စိတ်စွမ်းအင်မှာ သာတယ်၊ ကျွန်တော်တို့လို ဖျားနာပြီး မကျန်းမာလို့ သေတဲ့သူကတော့ ပါဝါသိပ်မရှိဘူး၊ စိတ်စွမ်းအင် သိပ်မကောင်းဘူးလို့ သိရတယ်၊ အဲဒါကြောင့်လူတွေက ရိုးရိုးသေတဲ့သူထက် အစိမ်းသေသရဲကို ပိုကြောက်ကြတာပေါ့၊ ခင်ဗျားလို အစိမ်းသေသရဲမျိုးသာ စိတ်စွမ်းအင် ထကြွလို့ရှိရင် ဘယ်သရဲတစ္ဆေမှ အနားကပ်ရဲမှာ မဟုတ်ဘူး" ဂျိုးက အတပ်သိတဲ့ပုံနဲ့ပြောတယ်။

ဘားလန်းက ပခုံးနှစ်ဖက်တွန့် ရယ်မောရင်း. . .

"ဟား. . ဟား. . ဟား. . . ခင်ဗျားက ဝိညာဉ်အချင်းချင်း မြှောက်နေပြန်ပြီ. . . "

ဘားလန်းက ဂျိုးရဲ့စကားကြောင့် ရယ်မောလိုက်တော့ ဂျိုးကပါ ပျော်ပြုံးလာတယ်။

"ခင်ဗျားကို မြှောက်နေတာ မဟုတ်ဘူး. . တကယ်ပြောတာပါ၊ ကျွန်တော့်ကိုယ်တွေ့ကို ပြောပြမယ်၊ ကျွန်တော့်ကို မြှုပ်တဲ့နေ့က ဒီကျောက်စက်သချိုင်းမှာ မနေချင်ဘူး. . ကိုယ့်အိမ်ကိုပဲ ပြန်မယ်ဆိုပြီး ခေါင်းထဲက ထွက်လာခဲ့တယ်၊ သချိုင်းက ကျွန်တော်ထွက်လာတော့ မှောင်ရီသန်းချိန်လောက်ပဲ. . ကိုယ်က လောလောဆယ်သေထားတာဆိုတော့ ဝိညာဉ် ခရီးသွားနည်းကို မသိသေးပဲကို. . လူ့ဘဝတုန်းကအတိုင်း လမ်းလျှောက်သွားရတာပေါ့ဗျာ၊ သချိုင်းထိပ်က ထင်းရှူးပင်တွေနားလည်း ရောက်ရော အပင်တွေပေါ်မှာ မျက်လုံးတွေအများကြီးပဲ. . မျက်လုံးနီနီကြီးတွေ. . ဆင်းလိုက်တက်လိုက်နဲ့. . လေထဲကနေ သစ်ပင်တစ်ပင်နဲ့တစ်ပင် ခုန်ကူးနေကြတယ်။ ကျွန်တော်လည်း တစ်ချိုးထဲ အိမ်ကို ခြေကုန်သုတ်တော့တာပဲ. . မောလိုက်တာ သေမတတ်ပဲ။ နောက်မှ ပြန်စဉ်းစားမိတယ်။ ငါလည်း ဝိညာဉ်ပဲ၊ ဘာလို့ကြောက်ရမှာလဲဆိုပြီး စိတ်တင်းထားရတယ်။ အိမ်ကိုရောက်တော့ အိမ်ထဲလည်း ဝင်လို့မရပါဘူး. . တစ်စုံတစ်ရာက ကျွန်တော့်ကို အိမ်ထဲဝင်လို့ မရအောင် စီမံထားသလိုပဲ၊ ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ ကိုယ့်ကိုလက်ခံရာ သချိုင်းကိုပဲ ပြန်ခဲ့ရတာပေါ့. . .

သချိုင်း ပြန်ရောက်ခါနီးမှာ ကြောက်ကြောက်နဲ့ မြုံတောထဲက ပုန်းလာရတယ်၊ ထင်းရှူးပင်တွေပေါ်ကိုလည်း မကြည့်ဘဲ မနေနိုင်ဘူးလေ၊ သေသေချာချာတစ်ချက်ကြည့်လိုက်တော့ ဒေါက်တာလောက်နဲ့ သူ့တပည့်တွေကို တွေ့ရတာပဲ၊ ထူးဆန်းတာက အဲဒီညမှ သူတို့မျက်လုံးတွေက ဘာလို့နီနေရတာလဲ. . အရောင်တွေ ထွက်နေရတာလဲဆိုတာ နားမလည်နိုင်ဘူး၊ သစ်ပင်တက်တာ သစ်ကိုင်းကူးတာကလည်း မျောက်လွှဲကျော်တွေတောင် အရှုံးပေးရလောက်တယ်၊ ကျွန်တော်လည်း ဆက်မကြည့်ဝံ့တာနဲ့ တိတ်တိတ်လေး ကိုယ့်အခေါင်းထဲကိုယ်ပြန်ပြီး အိပ်နေလိုက်တယ်၊ နောက်နေ့ မနက်မှ တခြားဝိညာဉ်တစ်ကောင်ကို မေးကြည့်တော့ ဒေါက်တာလောက်တို့ဟာ သရဲခြောက်ဖို့အတွက် လေ့ကျင့်နေတာလို့သိရတယ်။ ဒါဆို ကျွန်တော်လည်း



သူတို့လို လေ့ကျင့်လို့ရလားလို့ မေးကြည့်တော့. . ရတော့ရတယ်. . သူတို့လောက်တော့မဖြစ်နိုင်ဘူးလို့ ရှင်းပြတယ်။ ဘာဖြစ်လို့လဲ မေးကြည့်တော့ သူတို့က အစိမ်းသေတွေ၊ အစိမ်းသေဆိုတာ လူ့ဘဝမှာ ကျန်းမာသန်စွမ်းတုန်း မသေသင့်ပဲ ရုတ်တရက်သေဆုံးရတာဆိုတော့ သန်မာဖျတ်လတ်တယ်။ အဲဒါကြောင့် ဝိညာဉ်ဘဝမှာလည်း စွမ်းအားရှိတဲ့ သရဲတွေဖြစ်လာရတာပေါ့။ သူတို့ဒေါသထွက်လာရင် သက်ရှိလူသား (သို့မဟုတ်) တိရစ္ဆာန်တစ်ကောင်ကောင်ကို ခြောက်ပြီး သေအောင် သတ်လို့ရတယ်၊ အဲဒါကြောင့် အစိမ်းသေသရဲဆို လူတွေက ပိုကြောက်ကြတယ်၊ ဝိညာဉ်ဘဝမှာလည်း သူတို့က ဗိုလ်ပဲလို့ ရှင်းပြတယ်ဗျာ. . ."

"ခင်ဗျားလည်း အစိမ်းသေပဲ. . အဲဒါကြောင့် ခင်ဗျားအခေါင်းကို သူတို့ မယူရဲသေးတာ ဖြစ်မယ် ဘားလန်း. . ခင်ဗျားသာ ကျွန်တော့်လို ဂီလာန ရောဂါနဲ့ သေကြည့်ပါလား၊ အခုလောက်ဆို ဒေါက်တာလောက်တပည့်တွေက ခင်ဗျားကို အရေစုတ်ပစ်လောက်ပြီ. . ."

ဂျိုးက ကျောက်စက်သချိုင်းကို သူရောက်ပြီး သိထားသမျှတွေကို အကျယ်တဝင့် ရှင်းပြတယ်၊ ဘားလန်းက ဂျိုးပြောပြနေတာတွေကို စိတ်ဝင်တစား နားထောင်ရင်း သချိုင်းရဲ့အခြေအနေကို အကဲခတ် ကြည့်မိတယ်၊ ကျောက်စက် သချိုင်းက ညအမှောင်ထဲမှာ အလွန်တရာ ကျောချမ်းဖွယ်ရာ အတိပြီးတယ်၊ ဂျိုးက ဘားလန်းနည်းတူ သချိုင်းထဲကို ငေးကြည့်ပြီး ဇက်ကလေး ပုသွားတယ်၊ သူတို့နှစ်ဦးစလုံး ဝိညာဉ်တွေ ဖြစ်နေတာ သိကြပေမဲ့ သူတို့နဲ့ မရင်းနှီးတဲ့နယ်မြေကြမ်း သချိုင်းထဲမှာနေနေရတာ ကြောက်စိတ် ကိုယ်စီဖြစ်ပေါ်နေတာကို နှစ်ဦးစလုံး နားလည်ကြတယ်။ ဂျိုးက တိတ်ဆိတ်နေခြင်းကို မနှစ်မြို့စွာဘဲ သက်ပြင်းချရင်း စကား ဆက်ပြောတယ်။

"သေတာချင်းအတူတူ ကျွန်တော်လည်း ခင်ဗျားတို့လို အစိမ်းသေဖြစ်ရင် ပိုကောင်းမှာပဲဗျာ. . အဲဒါမှ ကျွန်တော် ကြောက်စိတ်နည်းသွားမှာ၊ ကျွန်တော့်အခေါင်းကိုလည်း သူတို့လုယူရဲမှာမဟုတ်ဘူး. ."

ဘားလန်းက ဂျိုးစကားကို ပြန်ပြီး အာရုံစိုက်တယ်။

"ဒေါက်တလောက်တို့ရဲ့ လေ့ကျင့်ခန်းတွေ စွမ်းအားတွေ ကြည့်ရတာ အားကျစရာပဲဗျာ၊ အဲဒီလို စွမ်းအားမျိုးတွေ ရလို့ကတော့ သိပ်ကောင်းမယ်။ လူ့ပြည်မှာ ကျွန်တော် မကျန်းမာတုန်း နိုင်ထက်စီးနင်းလုပ်တဲ့သူတွေကို ခြောက်လှန့်ချင်လို့.. အခုလို ကျွန်တော့် ပုံစံမျိုးနဲ့ သွားခြောက်လို့ကတော့ မကြောက်တဲ့အပြင် ဝိုင်းပြီး ဟားတိုက် လှောင်လိုက်ဦးမယ် ထင်တယ်.. ခင်ဗျားရော သူများတွေကို ခြောက်လှန့်တာ ဝါသနာ မပါဘူးလား ဘားလန်း..."

"ကျွန်တော် ဝါသနာ လုံးလုံးမပါဘူး.. ဘယ်သူ့ကိုမှ မခြောက်လှန့်ချင်ပါဘူးဗျာ၊ ကျွန်တော် ဘဝလေး အခုလို ဆိုးဆိုးဝါးဝါးသေခဲ့ရတာကိုပဲ ကြောက်လှပါပြီ... အေးအေးဆေးဆေး နေပါရစေဗျာ၊ တကယ့်ကိုပဲ အေးအေးဆေးဆေး နေပါရစေ.."

ဘားလန်းက သူ့အဖြစ်ဆိုးတွေကို သတိရလျက် ခေါင်းငုံ့ပြီး ကြေကြေကွဲကွဲ ပြောတယ်။

"ဆောရီးဗျာ၊ ကျွန်တော် မေးမိတာ မှားသွားပြီ..." ဂျိုးက သူ့စကားသူ ပြန်ရုပ်သိမ်းတဲ့သဘောနဲ့ ပြောတယ်။

"ခင်ဗျားစိတ်ကို သိပါတယ်၊ ခင်ဗျားပြောတာ ဟုတ်တယ်.. ကျွန်တော်လည်း ခင်ဗျား စိတ်ထားကို စံနမူနာယူပြီး သူများတစ်ဖက်သားကို စိတ်ဒုက္ခရောက်အောင် မလုပ်ချင်တော့ပါဘူး။ ခင်ဗျားက ဒီလောက်စိတ်ကောင်းရှိရဲ့သားနဲ့ ဘာဖြစ်လို့များ သေမင်းက စောစောစီးစီး အသေခိုင်းရတာလဲ။ ကျုပ်တော့ နားကို မလည်နိုင်တော့ဘူး..."

"ကျွန်တော်လည်း နားမလည်ပါဘူးဗျာ.. ကံစီမံရာပေါ့..."

ဂျိုးက ဘားလန်းကို စာနာစွာကြည့်ပြီး.. "အေးဗျာ.. ဘာပဲဖြစ်ဖြစ် ဒေါက်တလောက်ကိုတော့ သတိထားဦး၊ ကျွန်တော်တို့ သဘောထားတွေ သူသိသွားရင် ဒုက္ခပေးနေပါဦးမယ်။ ခင်ဗျားနဲ့ ကျွန်တော် ဘယ်သူဒုက္ခရောက်ရောက် တစ်ယောက်နဲ့တစ်ယောက် ကူညီကြနော် ဘားလန်း"



"စိတ်ချပါ.. ကျွန်တော် ခင်ဗျားဒုက္ခတွေ့ရင်ကူညီပါ့မယ်၊ ကဲ.. ကျွန်တော်တို့ နားချိန်သင့်ပြီ.. အိပ်ကြရအောင်.. ဂွတ်နိုက်.. ဂျိုး..."

"ခင်ဗျားက လုပ်ပြီ.. အခု ကျွန်တော်တို့က ဝိညာဉ်ဘဝလေ.. ခင်ဗျားမေ့နေပြီလား.. ဝိညာဉ်တွေက ညမှာ မအိပ်ဘူး.. နေ့မှာပဲ အိပ်တယ်လေဗျာ..."

ဂျိုးစကားကြောင့် ဘားလန်းက သူ့ကိုယ်သူ ပြန်ကြည့်ပြီး...

"ဩော်.. ဟုတ်သားပဲ၊ ကျွန်တော့်ကိုယ် ကျွန်တော် လူပဲမှတ်နေတာ.. မထူးပါဘူး.. ဒီညတော့ လူ့ဘဝကို အမှတ်ရတဲ့အနေနဲ့ အိပ်ကြရအောင်ဗျာ.."

"ခင်ဗျားအကြံ ကောင်းသားပဲ ဘားလန်း.. လုပ်စရာ မရှိတဲ့ အတူတူ အိပ်ကြတာပေါ့၊ ဂွတ်နိုက် ဘားလန်း ဂွတ်နိုက်၊ အိပ်မက်လှလှ မက်ပါစေ..."

ညဆီးနှင်းတွေနဲ့ ဆောင်းလေအေးတို့ကြောင့် တုန်ချမ်းနေတဲ့ တောင်စောက်မြို့ကလေးဟာ တိတ်ဆိတ်စွာ အိပ်မောကျနေတယ်။ မြို့အဝင်လမ်းမကြီးပေါ်မှာ လူသွားလူလာ ရှင်းလင်းပြီး တစ်ခါတစ်ခါမှ အဝေးပြေး ကုန်ကားကြီးတွေ တစ်စီးစ နှစ်စီးစ ဖြတ်မောင်းသွားတဲ့အသံ ကြားရတယ်။ အအေးဓာတ်ပိုလာတဲ့ ဆောင်းလေအေးတွေကြောင့် တောင်စောက်မြို့ရှိ ကော်ဖီဆိုင်တွေ ဘားဆိုင်တွေက စောစောသိမ်းပြီး အိပ်စက်အနားယူနေကြပြီ။ အလင်းရောင် အားဖျော့တဲ့ ဝါကျင်ကျင်မီးရောင်အောက်က Family Bar အရက်ဆိုင်မှာ စားသုံးသူ နှစ်ဦးမှအပ လူရှင်းစပြုနေပြီ။ စားသောက်သူ တော်တော်များများက ရေချိန်ကိုက်ပြီး ပြန်သွားကြကုန်ပြီ။ အရက်သောက်ရင်း ကျန်နေသူနှစ်ဦးက တောင်စောက်မြို့သားတွေ မဟုတ်ဘဲ ခရီးသွား မျက်နှာစိမ်းတွေဖြစ်နေလို့ ဆိုင်ရှင်က ဆိုင်ပိတ်ဖို့ အားနာနေမိတယ်။ ဆိုင်ရှင်က နာရီကို ခဏခဏကြည့်ပြီး ဆိုင်ပိတ်ဖို့ စိုင်းပြင်းနေတယ်။

"ဆရာတို့..ကျွန်တော်တို့ ဆိုင်ပိတ်ပါတော့မယ်ခင်ဗျာ။ အခုလို လာရောက်အားပေးတာ ကျေးဇူးတင်ပါတယ်.. နောက်လည်း လာအားပေး သုံးဆောင်ကြပါဦး..."



ဆိုင်ရှင်က အတတ်နိုင်ဆုံး ရိုကျိုးစွာနဲ့ ပြောတယ်။ ၎င်း စားသုံးသူ နှစ်ဦးထဲမှ ဆံပင်ကောက်ကောက် အရှပ်ဆိုးဆိုးလူက...

"ဆိုင်ပိတ်ဖို့ မဖြစ်နိုင်သေးဘူးထင်တယ်.. ကျုပ်တို့ သောက်လို့ မပြီးသေးဘူး..ခဏစောင့်..." လေသံမာမာနဲ့ ပြန်ပြောတယ်၊ သူ့ရဲ့အဖော်က ဝီစကီ တစ်လုံး ထပ်ချပေးဖို့ ပြောတယ်။

ဆိုင်ရှင်က သွားပေါ်တဲ့အပြုံးနဲ့.. "ဆရာ.. ဒီနေ့ ရာသီဥတုက နည်းနည်းအေးတယ်ဆိုတော့ ကျွန်တော်တို့ကို နားလည်စွာ... ဆိုင်ပိတ်.. အဲ.. ဆရာမှာတဲ့ဝီစကီကို ပါဆယ်ယူသွားမယ်ဆိုရင်.. ဒီမှာတော့... ကျေးဇူးတင်ပါတယ်ဆရာ .."

ဆံပင်ကောက်ကောက်နဲ့လူက ဆိုင်ရှင်ရဲ့စကားကြောင့် ပြဿနာရှာတဲ့အကြည့်နဲ့ စူးစူးစိုက်ကြည့်တယ်။

"မင်းက ငါတို့ကို ဘာကျေးဇူးတင်နေတာလဲ၊ မင်းကျေးဇူးတင်ခံချင်လို့ မင်းဆိုင်မှာ လာသောက်နေတာ မဟုတ်ဘူး၊ ရည်ရွယ်ချက်ရှိတယ်.. ဒီည မင်းဆိုင်ကို ဂုဏ်ပြုဖို့ တမင်သက်သက်ပဲ.."

ဆိုင်ရှင်က ၎င်းစကားကို သေချာပေါက် နားမလည်ဘူး။ ဒါပေမဲ့ အခြေအနေက တစ်မျိုးဆိုတာတော့ ခံစားမိတယ်၊ ဆိုင်ရှင်က မပြုံးနိုင်တော့ပဲ စိတ်လှုပ်ရှားစွာနဲ့ ...

"ဆရာတို့ကိစ္စနဲ့ ကျွန်တော့်ဆိုင်နဲ့ ဘယ်လို ပတ်သက်နေလို့ပါလဲ..အဲ..ခင်ဗျာ.."

ဆံပင်ကောက်ကောက် အရှပ်ဆိုးဆိုးလူက လျှာရှည်တဲ့ ဆိုင်ရှင်ရဲ့နားရွက်ကို သေသေချာချာ ထဆွဲလိုက်ပြီး..

"မင်းကို ငါသင်ပေးမယ်.. အရက်သောက်တဲ့လူတွေနဲ့ စကားပြောရင် မင်းရဲ့လျှာကို အာခေါင်ဘက်ကိုပို့ထား၊ လျှာရှည်တာ ပြဿနာကို ဖိတ်ခေါ်တာနဲ့အတူတူပဲ ငတုံးရ.. နားလည်လား.. မင်းကမေးတော့ ငါဖြေရတာပေါ့။ မင်းဆိုင်နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ သိချင်တယ်..ဟုတ်လား.. သိချင်ရင် ငါ့ကို တည့်တည့်ကြည့်စမ်း.. ငါဘယ်သူလဲ.."

ဆိုင်ရှင်က ၎င်းကို ဂရုစိုက်ပြီး ကြည့်တယ်၊ အရင်က ထိုသူကို တစ်ခါမှမမြင်ဖူးတာ သေချာတယ်။

"ခင်ဗျားကို ကျွန်တော် မမြင်ဖူးပါဘူးဗျာ၊ ကျွန်တော့်နားရွက်ကို လွှတ်ပါ. . နာလှပြီဗျ. . " ဆိုင်ရှင်က သူ့နားရွက် ဆွဲထားတာကို ရှုန်းကန်ရင်း ပြောတယ်။

"အေး. . မမြင်ဖူးရင် 'အထူး' သေသေချာချာမှတ်ထား၊ ငါ့နာမည် 'ဒေါက်တလောက်'တဲ့. . ဟား. . ဟား. . ဟား. . ဟား"

ဆံပင်ကောက်ကောက်နဲ့လူကပြောပြီး သူ့မျက်လုံးများကို အနီရောင်ထွက်အောင် လုပ်လိုက်တယ်။

"ဒေါက်တလောက်. . သရဲဒေါက်တလောက်. . သရဲ. . သရဲ. . အောင်မလေး ကြောက်ပါပြီဗျ. . ကျွန်တော့်ကို ချမ်းသာပေးပါ. . "

ဆိုင်ရှင်က ဒေါက်တလောက်ရဲ့လက်မှ သူ့နားရွက်ကို ပြတ်အောင်ရုန်းပြီး ကြောက်လန့်တကြား နောက်ဆုတ်သွားတယ်၊

"ဟား. . . ဟား. . . ဟီး. . ဟီး. . ဟီး. . ချမ်းသာပေးရမယ် ဟုတ်လား. . မင်းက အခု မချမ်းသာလို့လား၊ 'ခွင့်လွှတ်ပါ'. . မင်းကို လူ့ပြည်မှာတော့ ချမ်းသာမပေးနိုင်ဘူး၊ ငါ့သင်္ချိုင်းကို ရောက်ရင်တော့ မင်းဖြစ်ချင်တာ ဖြစ်ရစေမယ်လို့ ကတိပေးတယ်. . ဟီး. . ဟီး. . ဟီး. . ဟီး. . "

ဒေါက်တလောက်ရဲ့ အော်ဟစ် လှောင်ရယ်သံက တိတ်ဆိတ်သောညကို ဖြိုခွင်းလိုက်တယ်၊ Family Bar ဆိုင်ရှင်ဟာ သွေးတွေ စီးကျနေတဲ့ သူ့နားရွက်ကို လက်နဲ့အုပ်ပြီး ကြောက်အားလန့်အားနဲ့ ဆိုင်အပြင်ဘက်ကိုပြေးထွက်သွားတယ်၊ ဆိုင်ရှင်ရဲ့တပည့် စားဖိုမှူးနဲ့ စားပွဲထိုးတို့က သရဲဒေါက်တလောက်ရဲ့ရယ်သံကို ကြောက်လန့်ပြီး မီးဖိုတံခါးကို ကသောကမျော ပိတ်ရင်း နှစ်ယောက်သား ပူးကပ်နေတော့တယ်၊ ဒေါက်တလောက်နဲ့ သူ့အဖော်တို့က အမှောင်ထဲမှ စောင့်ဆိုင်းနေတဲ့ သူတို့အပေါင်းအဖော်တွေကိုခေါ်ပြီး ဆိုင်ထဲရှိ စားသောက်စရာတွေ၊ ချိတ်ဆွဲထားတဲ့ ဝက်ပေါင်ခြောက်တွေ


မြင်မြင့် စာပေ

နဲ့ ဘားကောင်တာမှ အရက်တွေကို စိတ်ကြိုက်ယူငင် စားသုံးကြတယ်၊ သူတို့အားလုံးဟာ လူယောင်ဆောင်ထားတဲ့ ကျောက်စက်သင်္ချိုင်းက ဝိညာဉ်သရဲတွေဆိုတာ သံသယ ရှိစရာတောင် မလိုဘူး။

ဒေါက်တလောက်က ကြောက်လန့်စွာ ပုန်းအောင်းနေတဲ့ စားပွဲထိုးနဲ့စားဖိုမှူးကို ကုပ်ပိုးကဆွဲခေါ်လာပြီး သူတို့တစ်ဖွဲ့လုံးအတွက် စားပွဲထိုးခိုင်းတယ်။

ကားသမားဝိညာဉ်က ဒေါက်တလောက် လေသံနဲ့တူအောင် ကြိုးစားပြီး ပြောတယ်. .

"ငါတို့ ဒီည လာရောက် အားပေးတာ မင်းတို့ဆိုင်အတွက် သိပ်ဂုဏ်ယူဖို့ကောင်းတယ်. . တကယ့်ကို ဆိုင်လုံးပြုတ် အားပေးမဲ့ အဖွဲ့ပါပဲကွာ. . "

"သေတာ ၁၄ ရက်ရှိပြီ. . တစ်ရက်မှ ပျော်ရွှင်မှုဆိုတာ မရှိခဲ့ဘူး. . ဒီညတော့ ဆရာဒေါက်တလောက် ကျေးဇူးကြောင့် ဝက်ပေါင်ခြောက်နဲ့ ဝီစကီ ပွဲတော်တည်ရပြီ၊ တစ်ဆိုင်လုံးက အရက်တွေ လုံးဝကုန်စေရမယ်လို့ ကတိပြုတယ်. . . "

ဆိုင်ရဲ့အပြင်ဘက် စားပွဲတစ်လုံးမှာ ဘားလန်းနဲ့ ဂျိုးဂျေဆာတို့နှစ်ဦးသာရှိပြီး အခြားဝိညာဉ်တွေ လုယက် စားသောက်နေကြတာကို အံ့သြစွာ ငေးကြည့်နေမိကြတယ်။ သူတို့နှစ်ဦးဟာ ဘာအစားအစာကိုမှ မစားမသောက်ဘဲ ဆိုင်ရှင် နားရွက်ပြတ်ကာ ကြောက်လန့်တကြား ပြေးထွက်သွားတာကိုကြည့်ပြီး သနားနေကြတယ်။ ဆိုင်ထဲမှာတော့ ကားသမားဝိညာဉ်ရဲ့အသံက အကျယ်ဆုံးပဲ။

"ဂျိုး. . အခုအော်ဟစ်နေတဲ့သူကိုသိလား. . " ဘားလန်းက ဆိုင်ထဲမှာ အူမြူးနေတဲ့ကားသမားကို မေးထိုးပြပြီး မေးတယ်။

"သိသားပဲ. . ခင်ဗျားတို့ကို မရဏနိုင်ငံအရောက် ယာဉ်မောင်းပို့ခဲ့သူ မဟုတ်လား. . "

"သိပ်ဟုတ်တာပေါ့ ဂျိုး . . အဲဒီသရဲနဲ့ ဝေးဝေးနေတာအကောင်းဆုံးပဲ၊ သူမူးလာရင် ဒုက္ခတစ်ခုခုတွေ့ရဖို့ သေချာသလောက်ပဲ။ ကျွန်တော်ကတော့ သူ့ကို မမြင်ချင်ဘူး. . သူ့ကိုမြင်နေ

ရရင် စိတ်ထဲမှာ ဒေါသထွက်လာပြီး နားရင်း နှစ်ချက်လောက် ပြေးအုပ်ချင်တဲ့စိတ်ကို မနည်း ထိန်းထားရတယ်ဗျ. . "

"ကြည့်ပါဦး. . . ဒေါက်တာလောက်ကလည်း ဘာတွေ လုပ်နေတာလဲဗျ. . သူ့လုပ်ရပ်တွေက တရားလွန်တယ်လို့ ကျွန်တော် ထင်တယ်၊ ဒီမြို့က လူတွေကို ကြောက်လန့်စိတ် ပျက်အောင် လုပ်နေရင်တော့ တစ်နေ့ ကျွန်တော်တို့ သချိုင်းကိုလည်း လူတွေက လာရောက် ဖျက်ဆီးပစ်မှာ အသေအချာပဲ. . . ကျွန်တော်တော့ စိတ်ပျက်မိပြီဗျို့. . သူကခေါ်လို့သာ လိုက်လာရတယ်. . ဒီလို အရိုင်းအစိုင်း လုပ်ရပ်တွေကို ထိုင်ကြည့် မနေချင်တော့ဘူးဗျာ. . ကျွန်တော် ပြန်တော့မယ်. . ခင်ဗျားလိုက်ချင်လည်း လိုက်ခဲ့. . . "

ဘားလန်းက စိတ်ပျက်စွာ ညည်းတွားရင်း ပြောပြောဆိုဆို နဲ့ ထထွက်သွားတယ်။

"ဘားလန်း. . ဘားလန်း. . ခဏနေပါဦး. . . "

ဂျိုးက ဘားလန်းနောက်ကို မြန်မြန် ထလိုက်လာပြီး ခေါ်တယ်။ ဘားလန်းက နောက်လှည့် မကြည့်ဘဲ ဆက်သွားနေလို့ ဂျိုးက မနည်းအမီ ပြေးလိုက်နေရတယ်။

"ဒေါက်တာလောက်က သူ့ကို အသိမပေးဘဲ ခုလို ပြန်သွားတာသိရင် မလွယ်ဘူးထင်တယ်၊ ကျွန်တော်တို့ တစ်ခုခု အကြောင်းပြမှ ဖြစ်မယ်ဗျ. . ခင်ဗျားမှာ ဘာအကြောင်းပြချက်ရှိလဲဘားလန်း. . "

ဂျိုးက စိတ်ပူတဲ့ပုံနဲ့ပြောတယ်။

"ကျွန်တော်တော့ ဒေါက်တာလောက်ကို ကြောက်တယ်. . . ဒေါက်တာလောက် သိရင်တော့. . ဒေါက်တာလောက်က. . သူဟာ. . သိပ်ကို. . စွမ်းအားကြီးတယ်. . ခင်ဗျားသိပါတယ်. . "

သူ့နောက်က တတွတ်တွတ်ရှင်းပြရင်း သူ့ခြေလှမ်းကို မီအောင် ပြေးလိုက်လာတဲ့ ဂျိုးကို လှည့်ကြည့်လိုက်တယ်၊ ဂျိုးရဲ့ အရပ်က သူ့ရဲ့ရင်ညွန့်လောက်ပဲရှိပြီး ခန္ဓာကိုယ်က လေပြင်းတစ်ချက် တိုက်ရုံနဲ့ လွင့်သွားတော့မဲ့အတိုင်းပဲ။ အလွန်ကို သေးလွန်းတယ်။ ဘားလန်းက ဂျိုးပုံစံကို ကြည့်ပြီး သနားသွားတယ်။



"ဂျိုးရေ. . ခင်ဗျား သိပ်စိုးရိမ်နေရင်လည်း သူတို့ဆီ ပြန်သွားပါ၊ ကျွန်တော့်အတွက်နဲ့ စိတ်ညစ် မခံပါနဲ့. . ခင်ဗျားကို ဘယ်လိုမှ သဘော မထားပါဘူး. . ခင်ဗျားကို ကျွန်တော် နားလည်ပါတယ်. . ကျွန်တော်ကတော့ သချိုင်းကိုပဲ ပြန်ချင်တယ်. . . "

ဂျိုးက ဘားလန်းကို ယောင်နနနဲ့ မော့ကြည့်ရင်း. . .

"ဒီလိုလည်း မဟုတ်သေးဘူးလေ ဘားလန်း. . ခင်ဗျားနဲ့ ကျွန်တော်နဲ့က ဆိုးအတူ ကောင်းအတူပဲလို့ ပြောပြီးသား မဟုတ်လား။ ခင်ဗျား မလုပ်ချင်တာကို ကျွန်တော်လည်း မလုပ်ချင်ပါဘူး. . ကောင်းပြီ. . ဒါဆိုလည်း သချိုင်းကို ပြန်ကြရုံပဲ ရှိတာပေါ့. . "

ဘားလန်းက ဂျိုးရဲ့စိတ်ထားကို နှစ်သက်စွာနဲ့ လက်ခံမိတယ်။

"ဂျိုး . . ခင်ဗျားကို ကျွန်တော်သိတယ်၊ ခင်ဗျားဟာ သိပ်ခင်ဖို့ကောင်းတယ်၊ ခင်ဗျား ဘာမှမစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ ဘာတစ်ခုမှ အမှား မလုပ်ခဲ့ဘူးဆိုတာ ဘုရားသခင်သိပါတယ်. . . အဲဒါအရေးကြီးဆုံးပဲ. . ကျွန်တော်တို့ လမ်းလျှောက်ရင်း သချိုင်းကို ပြန်ကြတာပေါ့. . "

ဘားလန်းက ဂျိုးကို နှစ်သိမ့်ရင်း သူငယ်ချင်းနှစ်ယောက် အမှောင်ထဲကို တိုးဝင်လာခဲ့တယ်။

"ခင်ဗျား ဝိညာဉ် ခရီးသွားနည်းနဲ့ ခရီးသွားတတ်လား. . ဘားလန်း"

"ကျွန်တော် နည်းနည်းပါးပါးတော့သွားတတ်တယ်၊ ကျွန်တော့် ချစ်သူဆီကို ဝိညာဉ်လွှတ်ပြီး သွားဖူးတယ် . . . ဒေါက်တာလောက်တို့လိုတော့ မမြန်ဘူးပေါ့. . "

"ဟုတ်လား. . အံ့သြစရာပဲ. . ခင်ဗျားကို ဘယ်သူ သင်ပေးလဲ. . "

"ကျွန်တော့်ကို တစ္ဆေအဘိုးကြီး တစ်ယောက်က သင်ပေးတယ်။ သူ့နာမည်က ထင်းရှူးပင် တစ္ဆေလို့ပြောတယ်၊ စိတ်ကောင်းရှိတဲ့ တစ္ဆေတစ်ကောင်ပါပဲ. . "

"ကျွန်တော်လည်း ခင်ဗျားလို တတ်ချင်လိုက်တာ.. ကျွန်တော့်ကို သင်ပေးပါလား.."

"ခင်ဗျား သင်ချင်တယ်ဆိုရင် ဖြစ်ပါတယ်၊ ခင်ဗျားလည်း ဝိညာဉ်.. ကျွန်တော်လည်း ဝိညာဉ်ပဲ .. ဘာမှ မကွဲပြားဘူး.."

"ဖြစ်ပါ့မလား ဘားလန်း .. ကျွန်တော်က သေးသေး ညှက်ညှက်လေး၊ ခင်ဗျားလို ထွားထွားကျိုင်းကျိုင်း မဟုတ်ဘူး.."

"ခန္ဓာကိုယ်ကြီးတာ သေးတာနဲ့ မဆိုင်ဘူးဗျ၊ သေးတော့ ပိုလို့တောင် ပေါ့ပါးပြီး မြန်မြန်ခုန်ပျံနိုင်တာပေါ့၊ ပြောနေကြာတယ်.. အခုပဲ ကျွန်တော် သင်ကြည့်မယ်၊ ဟိုရှေ့က ချယ်ရီပင်ပေါ်ကို အရင် တက်ရမယ်၊ ဝိညာဉ်သစ်တွေက ဒေါက်တလောက်တို့လို မြေပြင်ပေါ် ကနေ ပျံတက်ပြီး ဝိညာဉ်လွှတ်လို့ မရသေးဘူး.. အဲဒါက အလေ့ အကျင့်ရှိမှ လေထဲကို ပျံတက်လို့ရတာ.. စသင်သင်ချင်း အမြင့် တစ်ခုခုပေါ်ကို တက်ရမယ်၊ အမြင့်တစ်ခုခုပေါ်ကနေ လေထဲကို ဘာမှမကိုင်ဘဲ ကိုယ်ဖော့ မတ်တတ်ရပ်နိုင်မှ ဝိညာဉ် ခရီးသွားနည်း သင်လို့ရမယ်၊ အခု ကျွန်တော်တို့ နှစ်ယောက်လုံး သစ်ပင်ပေါ် စတက်မယ်၊ ကျွန်တော်က ရှေ့က နည်းပြမယ် ... ခင်ဗျားက ကျွန်တော် လုပ်သလို လိုက်လုပ်"

"ဘားလန်း.. ကျွန်တော်သစ်ပင်ပေါ် မတက်ရဲဘူး.. တစ်ခါမှ မတက်ဖူးဘူးဗျ..."

"ခင်ဗျားက လုပ်ပြီ ဂျိုးရာ .. သစ်ပင်နိမ့်နိမ့်လေးတောင် မတက်ရဲဘူးဆိုတော့၊ သရဲထဲမှာ ပထမတန်းစားပဲ.. မကြောက်ပါ နဲ့.. ကျွန်တော်တက်သလိုသာ လိုက်တက်၊ ခင်ဗျား ယောကျ်ားပဲ၊ ခင်ဗျားမှာ ဘာရောဂါ ဘာနာကျင်မှုမှ မရှိတော့ပါဘူး။ နာကျင်မှု ရောဂါတွေဟာ လူ့ဘဝမှာ ကျန်ခဲ့ပြီလေဗျာ ... အခုခင်ဗျားဟာ ကျွန်တော့်လိုပဲ ကျန်းမာတဲ့ ဝိညာဉ်ဖြစ်နေပြီဆိုတာ သိထားစမ်းပါ.. ထွေထွေထူးထူး ကြောက်လန့်စရာ ဘာမှ မရှိပါဘူး။ ကဲ.. စတက်ကြ မယ် ... ပထမဦးဆုံး ဒီသစ်ကိုင်းကိုကိုင်၊ ခြေထောက်နဲ့ ဒီလို ကန်တက်.. အဲဒါပြီးရင် လက်တစ်ဖက်နဲ့ သစ်ကိုင်းကို ဒီလိုဆွဲ၊



ခြေထောက်ကို ကန်ပြီး ဟောဒီလိုတက်၊ ကဲ.. တက်ခဲ့တော့.."

ဘားလန်းက သူ့ဟာသူပြောပြီး သစ်ပင်ပေါ် ရောက်သွား တယ်။ ဂျိုးကတော့ သစ်ပင်အောက်က ငေးကြည့်နေဆဲပဲ.. ခဏ အကြာမှ ဂျိုးက ကြောက်ကြောက်နဲ့ ဘားလန်း တက်သလို လိုက်တက် လာရင်း သစ်ပင်ခွဆုံကို ရောက်လာတယ်။

"အခုဆိုရင် သစ်ပင် တစ်ဝက်လောက်ကို ကျွန်တော်တို့ ရောက်လာပြီ။ ခင်ဗျားရင်ထဲမှာ ကြောက်လန့်တဲ့စိတ်တွေ ရှိသေး လား.."

"မရှိတော့ဘူး.. ခင်ဗျားနဲ့အတူ ရှိနေလို့လားတော့ မသိဘူး.." ဂျိုးက သစ်ပင်အောက်ကို ငုံ့ကြည့်ပြီး ပြောတယ်၊ ဒါပေမဲ့ သူ့ခြေထောက်တွေကတော့ တုန်နေတုန်းပဲ။

"ကောင်းပြီ .. ဒါဆိုရင် နောက်တစ်ဆင့်တက်မယ်၊ ခင်ဗျားရဲ့စိတ်တွေကို စုစည်းလိုက်။ ပြီးရင် ကျွန်တော်တို့ ဝိညာဉ်တွေ ကို လေထဲမှာ ပျံနိုင်းရမှာ။ ရေထဲမှာ ကိုယ်ဖော့သလိုမျိုးပဲ.. လေထဲ မှာ ကိုယ်ဖော့ထားရမယ်.. မြေပြင်ကို မကြည့်နဲ့.. ခုကျွန်တော် လုပ်သလို ဖြည်းဖြည်းချင်း လက်တစ်ဖက်ချင်း သစ်ကိုင်းတွေကို လွှတ်လိုက်မယ်.. မှတ်မိလား.."

"မှတ်မိတယ် ဘားလန်း.. ဒါပေမဲ့ ဖြစ်ပါ့မလား..."

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ခင်ဗျားက ဝိညာဉ်ဆိုတာ မေ့နေပြီလား၊ ကျွန်တော်ပြောတဲ့အတိုင်းသာလုပ်ပါ.. ကျွန်တော်တို့ ကျောက်စက်သင်္ချိုင်းကိုသွားမယ်။ အခု ဒီချယ်ရီပင်ဟာ တောင် စောက်မြို့ အထွက်နားမှာရှိတာ။ ကျောက်စက်သင်္ချိုင်းနဲ့ ဘယ် လောက်မှမဝေးဘူး။ အဆင်သင့်ဖြစ်ပြီနော် ဂျိုး.. ကျွန်တော့်ကို သေချာကြည့်ထား"

ဘားလန်းက ကိုင်ထားတဲ့သစ်ကိုင်းကိုလွှတ်ပြီး လေထဲကို ယိမ်းထိုးကာ ထွက်သွားရင်း ဂျိုးကို စောင့်ကြည့်နေတယ်၊ ဂျိုးက ဘာမှစဉ်းစား မနေတော့ပဲ အားပြုထားတဲ့ သစ်ကိုင်းကိုလွှတ်ပြီး ကသောကမျော ခုန်ချလိုက်တယ်၊ လေထဲမှာ ဂျိုးဝိညာဉ်က အပေါ်ကို

ပျံမတက်ဘဲ မြေပြင်ပေါ်ကို စိုက်သွားလို့ ဘားလန်းက ဆွဲကူလိုက်ရတယ်။

"ဂျိုး.. မကြောက်နဲ့.. ကျွန်တော်ရှိတယ်၊ မြေပြင်ကို သိပ်အာရုံ မပြုနဲ့.. ကိုယ်ဖော့ထား ..ဟုတ်ပြီ.. ဟုတ်ပြီ.. ကျွန်တော့်လက်ကို ဆွဲထား.. အပေါ်ကို ရောက်အောင် ကိုယ်ဖော့စမ်းပါ.."

"ကျွန်တော့်ကို လွှတ်မချလိုက်နဲ့နော်.. ကျွန်တော် အဆင်သင့် မဖြစ်သေးဘူး.." ဂျိုးက အသံတုန်တုန်နဲ့ပြောတယ်၊ သူ့လက်ကလည်း ဘားလန်းကို တအား ဆုပ်ကိုင်ထားတယ်။

"ခင်ဗျား ဘယ်အချိန်ကျမှ အဆင်သင့်ဖြစ်မှာလဲ ဂျိုးရာ.. အခုပဲ ကျွန်တော်တို့ လေထဲရောက်နေပြီ.. ကျွန်တော့်ကိုသာ ကိုင်ထားပေတော့ဗျာ.. လာ သွားမယ်.."

ဘားလန်းက ဂျိုးကို တွဲခေါ်ရင်း တရွေ့ရွေ့ ထွက်လာခဲ့တယ်။ ဂျိုးက ကြောက်လန့်ပြီး အားကုန် ဆုပ်ကိုင်ထားလို့ လိုသလောက် ခရီးမတွင်ဘဲ လေထဲမှာ တဝဲလည်လည်ဖြစ်နေတယ်။

"ဒီပုံအတိုင်းတော့ မဖြစ်သေးဘူး ထင်တယ်.. ကျွန်တော်တို့ပုံက လေပွေတိုက်ခံရတဲ့ သစ်ရွက်လို ဖြစ်နေပြီ၊ အောက်ကိုဆင်းမှ ဖြစ်တော့မယ်.."

"ကောင်းတယ်.. အဲဒီ့အစီအစဉ်ကောင်းတယ်။ မြေပြင်ကလမ်းလျှောက်သွားတာမှ မြန်မြန် ခရီးတွင်ဦးမယ်.."

ဂျိုးက ဘားလန်းရဲ့ဆုံးဖြတ်ချက်ကို ဝမ်းခေါင်းသံကြီးနဲ့ အမြန်ထောက်ခံတယ်။ ဘားလန်းက အောက်ကို ဆင်းဖို့ အားယူနေတယ်၊ မြေပြင်ပေါ်ကို တစ်ရှိန်ထိုး ခွေးကျ ကျသွားမှာကိုလည်း ကြောက်နေသေးတယ်၊ သူတို့နှစ်ယောက်ရဲ့ဝိညာဉ်က အထက်မရောက် အောက်မရောက်နဲ့ ငှက်ပေါက်စကလေး အပျံသင်စလို ဖြစ်နေတော့တယ်။

"ဟော့..ကလေးတွေ.. ဟော့ ကလေးတွေ.. အောက်ကို ဆင်းမယ်၊ အောက်ကိုဆင်းမယ်၊ စိဂါဘားလန်း.. မင်းကတော့



ဗရုတ်သုတ်ခတွေလုပ်နေပြီ.. အားလုံးဒုက္ခ ရောက်ကုန်တော့မှာပဲ..."

"ဒါ ထင်းရှူးပင်တစ္ဆေအသံပါလား..."

ဘားလန်းက ၎င်းအသံကို ကြားကြားချင်း မြေပြင်ပေါ်ကို အတတ်နိုင်ဆုံးထိန်းပြီး ဆင်းသက်လိုက်တယ်။ ဂျိုးက ကြောက်လန့်ပြီးသေတဲ့ အသေကောင်လို မတုန်မလှုပ် ကျောက်ရုပ်ကြီးဖြစ်နေတယ်။ ဂျိုးကိုဖေးမ ထားရလို့ နှစ်ဦးစလုံး မြေပြင်ပေါ်ကို ဒလိမ့်ခေါက်ကွေး ကျသွားတယ်၊ ဒါပေမဲ့ ဒဏ်ရာအနာတရတော့ မဖြစ်လို့တော်ပါသေးတယ်။ ဘားလန်းတို့အနားကို အရိပ်တစ်ခု ဘွားခနဲပေါ်လာပြီး ထင်းရှူးပင် တစ္ဆေရောက်လာတယ်။

"ဘားလန်း.. မင်းတို့ကလေးတွေ တော်တော်ဆိုးတာပဲ၊ မင်းသူငယ်ချင်းကိုတော့ ဒီနည်းနဲ့သင်လို့ မရဘူးလေကွာ.. မင်းက စိတ်ထက်သန်တဲ့လူငယ်.. အစီမံသေမို့လို့ ဝိညာဉ်လွှတ်နည်း အမြန်တတ်အောင် သစ်ပင်ပေါ်ကနေ စသင်ပေးတာ.. သူကမင်းနဲ့ မတူဘူး၊ လူ့ဘဝတုန်းက ရောဂါတွေကြောင့် ဝိညာဉ်ဖြစ်လာတော့လည်း အားငယ်တဲ့စိတ်တွေက ရှိနေသေးတယ်.. ဒါ သူ့စိတ်ထဲမှာ စွဲကပ်နေတဲ့ အားငယ်တဲ့အယူအဆပဲ.. ဒါကို မင်းသိထားသင့်တယ်။ တကယ်လို့ မင်းသာ သူ့လက်ကိုဖေးမ မထားရင် မြေပြင်ပေါ် အရှိန်နဲ့ ပြုတ်ကျပြီး ပြန်မထနိုင်ဘဲ ဖြစ်သွားမယ်.. မြေပေါ်မှာ ကွားသွားတဲ့ ဝိညာဉ်ဘဝ ရောက်သွားမယ်။ တွားသွားတဲ့ဝိညာဉ်ဟာ ဝိညာဉ်ဘဝမှာ အနိမ့်ဆုံးပဲ.. မင်းတို့လုပ်ရပ်က သိပ်အန္တရာယ်များတယ်။ သူ့ကိုသင်ချင်ရင် သိပ်မမြင့်တဲ့ စားပွဲလို ကုလားထိုင်လိုပေါ်ကနေ လေထဲမှာ မတ်တတ်ရပ်နည်း အရင်သင်ပေးရတယ်၊ လေထဲမှာ ကြာကြာရပ်နိုင်မှ ဖြည်းဖြည်းချင်း ကိုယ်သွားချင်တဲ့ဆီကို သွားရတယ်။ အဲဒီနည်းဟာ ကြာပေမဲ့ အန္တရာယ် မရှိဘူး.. ဒီနည်းနဲ့ အရင်သင်သင့်တယ်.. ကလေးတွေ..."

ထင်းရှူးပင်တစ္ဆေက လဲကျပြီး ပြန်မထသေးဘဲ မြေပြင်ပေါ်မှာထိုင်နေတဲ့ ဘားလန်းတို့ကို ကြည့်ပြီး စိုးရိမ်စွာ ပြောတယ်။

"နေပါဦး . . မင်းတို့က ကိုယ့်သင်္ချိုင်းမှာကိုယ်မနေဘဲ ဒီမှာဘာလို့ ရောက်နေရတာလဲ။ မင်းတို့သင်္ချိုင်း ခေါင်းဆောင်ရော သိရဲ့လား . ."

"ကျွန်တော်တို့ ခေါင်းဆောင်လား . . သူ မြို့ထဲမှာ ပါတီ လုပ်နေတယ်။ ကျွန်တော်တို့လည်း အဲဒီက ပြန်လာတာပဲ . ." ဂျိုးက သွက်သွက်လက်လက် ဖြေတယ်။

"ဘယ်လို . . ပါတီ . . မင်းပြောတာ ငါမရှင်းဘူး။ သူက မြို့ထဲကို သွားသလား။ ဘာကိစ္စနဲ့သွားတာလဲ . ."

"သူ့မှာရည်ရွယ်ချက် ကြီးကြီးမားမား ရှိတယ်ဗျ . . ကျောက် စက်သင်္ချိုင်း စည်ကား သာယာရေး အတွက်လို့တော့ ပြောတာပဲ . . ကြောက်တတ်တဲ့လူတွေကို တစ်နည်းနည်းနဲ့ သေအောင် လုပ်နိုင်ရင် ကျောက်စက်သင်္ချိုင်း စည်ကားလာမယ်လို့ အယူရှိနေတယ် . . မဟာ ဗျူဟာ စီမံကိန်းပဲ . ."

"အခုလည်း သူ့စီမံကိန်း အောင်မြင်ရေးအတွက် မြို့ထဲက အရက်ဆိုင်တစ်ဆိုင်မှာ သောင်းကျန်းနေလေရဲ့။ ကျွန်တော်တို့ ကတော့ သူ့လုပ်ရပ်ကို မကြိုက်လို့ ပြန်လာခဲ့ပြီ . . ဘာတွေဆက်ဖြစ် မယ်တော့ မတွေးရဲတော့ဘူး . . ကျွန်တော်တို့လည်း ဒီလောက်ပဲသိ တယ်" ဂျိုးက သူနားလည်သလို ရှင်းပြတယ်။

"ဟေ . . ဟုတ်လား . . ဒါဆိုရင် မလွယ်ဘူးဟေ့၊ ဒီကောင့် ကြောင့် မင်းတို့ အိုးမဲ့အိမ်မဲ့ ဖြစ်သွားနိုင်တယ်။ နောက်ပြီး မင်းတို့က သူ့ကို ဆန့်ကျင်မှန်းသိရင် မင်းတို့ကို ခွင့်လွှတ်ပေးမှာ မဟုတ်ဘူး . . ငါသိတယ်။ ဒေါက်တလောက်ဟာ အကင်းပါးတယ်။ ငါ့အနေနဲ့ ဘာမှ မတတ်နိုင်ပါဘူးကွာ . . ဒေါက်တလောက်ကို ငါလည်း ကြောက်ရ သလိုပါပဲ။ ငါ့ဘဝက သိပ်မကောင်းလှဘူး။ အခုလို သူ့ပိုင်နက်ထဲမှာ မင်းတို့နဲ့ငါ အတူတူရှိနေတာ သူတွေ့သွားလို့ကတော့ . . အဲဒါမှ တကယ့်ပြဿနာ . . ငါ့အတွက်တော့ သေသေရှင်ရှင် ဘယ်ဘဝ ရောက်ရောက် သိပ်မထူးဆန်းတော့ပါဘူး။ ဒါပေမဲ့ အပြစ်မဲ့တဲ့ မင်းတို့လေးတွေ ဒုက္ခရောက်သွားမှာ စိုးရိမ်တယ်၊ ဒေါက်တလောက်



တို့ ငါတို့ဆိုတာ မကောင်းတဲ့ဘဝတွေမှာ အတူတူ ကျင်လည် ကျက်စားခဲ့ဖူးတဲ့ မကောင်းဆိုးဝါးတွေပါကွာ . . ကျိန်စာသင့်ထားတဲ့ ဝိညာဉ်ဘုံသားတွေပါ။ ဒါပေမဲ့ ငါ အခု နောင်တ နည်းနည်းရနေပါ ပြီ။ ဒါ့ကြောင့် လိမ်လိမ်မာမာနေတော့မယ်လို့ စိတ်ကူးထားတယ် . . ငါ ထင်းရှူးတောထဲမှာနေတာ အကြောင်းမဲ့နေတာ မဟုတ်ဘူး။ သူနဲ့ ထိပ်တိုက် မတွေ့ချင်လို့ဆိုရင် ပိုမှန်မယ်၊ ဒီကောင်က ကောင်းတဲ့ စိတ်ဓါတ် သေးသေးလေးတောင် မရှိဘူး၊ ငါ မှာချင်တာက မင်းတို့ တွေ သူနဲ့ ထိပ်တိုက်မတွေ့အောင် နေကြပါ။ ကဲ . . ကိုယ့်နေရာကိုယ် ပြန်ကြတော့ . . ငါနဲ့ အခုလို တွေ့ဆုံတာကို ဘယ်သူ့ကိုမှ ပြန်မပြော ကြနဲ့ . . ဒီကိစ္စ ဒေါက်တလောက်သာ သိသွားရင် မိုးမီးလောင်သွား မယ်၊ ဘားလန်း . . မင်းဘဝကို ငါသိတယ်။ ဒေါက်တလောက် ကလည်း သိတယ်။ မင်းဟာ လူကောင်း တစ်ယောက်ဆိုတာ . . ငါတို့လို ဝိညာဉ်ဘဝမှာ ကြာကြာနေရမှာ မဟုတ်ဘူး . . အဲဒါတော့ ငါ့စိတ်ထဲက သိနေသလိုပဲ။ ကဲ . . ကဲ . . ငါသွားပြီဟေ့ . . လိမ်လိမ် မာမာ နေရစ်ကြတော့ . . ."

ထင်းရှူးပင်တစ္ဆေက ဘားလန်းတို့ကို နှုတ်ဆက်ပြီး အမြန် ပြန်သွားတယ်။ ဘားလန်းက သူသိလိုတဲ့အချက်တွေကို ထင်းရှူးပင် တစ္ဆေကို မေးချင်ပေမဲ့ မမေးဖြစ်လိုက်ဘူး။ ဒါပေမဲ့ ထင်းရှူးပင်တစ္ဆေ နဲ့ ဒေါက်တလောက်တို့ကြားမှာ ပြဿနာတချို့ရှိတယ်ဆိုတာတော့ အရိပ်အမြွက်သိလိုက်ရတယ်။

"ကဲ . . အားကိုးရမဲ့သူလည်း မရှိတော့ဘူး၊ ဒီတော့ ဒေါက်တလောက်တို့ ပြန်မရောက်ခင် ကိုယ့်နေရာကိုယ်သွားပြီး ပုန်းနေကြဦးစို့ ဘားလန်းရေ . ."

ဂျိုးက ကျောက်စက်သင်္ချိုင်းဘက်ကို မျှော်ကြည့်ရင်း ပြောတယ်။

"ခင်ဗျား တော်တော် စိုးရိမ်နေပြီလား ဂျိုး . . ."

"ဟုတ်တယ် . . ခင်ဗျားကို ခင်လွန်းလို့သာ လိုက်လာခဲ့ရ တယ် . . စိတ်ထဲမှာ တထင့်ထင့်နဲ့ တစ်မျိုးကြီးပဲ"

"ဒါဆိုလည်း ပြန်ကြတာပေါ့ဗျာ.. ဝိညာဉ် ခရီးသွားနည်းကို လေ့ကျင့်ထားဦးနော် ဂျိုး.."

"ဟုတ်ကဲ့ပါ.. ကျွန်တော် အထူးလေ့ကျင့်ထားမယ်.."

"ဘာဖြစ်လို့ အထူးလေ့ကျင့်မှာလဲဗျ.."

"ဒေါက်တလောက်.. ဒေါက်တလောက်ကြောင့်ပေါ့ဗျာ.. တကယ်လို့ ကျွန်တော်တို့ကို တိုက်ခိုက်ရင် ထွက်ပြေးရအောင်လို့ အထူးကို လေ့ကျင့်ထားရမယ်လေ ဟီ..ဟီ.."

"ခင်ဗျားကတော့ လုပ်ပြီဗျာ.. ထွက်ပြေးဖို့ အရင်စဉ်းစားနေတယ်"

"ဒီမှာ ကိုယ့်လူရဲ့.. ကျုပ်ဗလ ကျုပ်ပညာနဲ့ ဘာလုပ်လို့ရမှာလဲ၊ အဲဒီတော့ ထွက်ပြေးတာ အကောင်းဆုံးပဲ.. ဟဲ..ဟဲ.. လူ့ဘဝ ကတည်းက ရန်ဖြစ်ရင် ထွက်ပြေးဖို့ပဲ စဉ်းစားတယ်၊ အခုထိ အကျင့်ပါနေတာဖြစ်မယ်။ ကဲ.. လာ.. လာ.. သွားမယ်.. သွားမယ်.."

ညက ဒေါက်တလောက်တို့အဖွဲ့ ဘယ်အချိန်ပြန်ရောက်တယ်တော့ မသိဘူး၊ မနက်စောစောမှာ ကားသမားသရဲက ဘားလန်းတို့နှစ်ယောက်ကို ဒေါက်တလောက်က အခေါ်တော်ဆင့်တယ်လို့ လာပြောတယ်။

"ဟော့.. ဘားလန်းနဲ့ ဟိုမှင်စာလား ဂီလာနဝိညာဉ်လား.. မြန်မြန်ထစမ်း.. ဒေါက်တလောက် ခေါ်နေတယ်၊ မင်းတို့ ညက ဘယ်မှာ ပုန်းနေကြတာလဲကွ.. အရက်မူးလွန်ပြီး လမ်းမှားသွားတာတော့ မဖြစ်နိုင်ပါဘူးနော်.. ဟဲ..ဟဲ.. ဘာလဲ.. မင်းတို့က တို့အဖွဲ့နဲ့ မတွဲချင်လို့လား၊ ပျော်စရာကောင်းတဲ့ ဝိညာဉ်ပါတီကိုတောင် ပါဝင် မဆင်နွှဲချင်တဲ့ကောင်တွေပဲ။ ဒေါက်တလောက်နဲ့ တွေ့တာ နည်းတောင်နည်းသေးတယ်.."

ကားသမားက အမူးမပြေသေးတဲ့ပုံနဲ့ သရော်ပြုံး ပြုံးပြီးပြောတယ်။

"ခင်ဗျား ဘာတွေ လာပြောနေတာလဲ။ အရှုးလို ပွစိပွစိနဲ့



နားငြီးတယ်" ဂျိုးက ဗလသာ မရှိတယ်၊ ကားသမားကိုတော့ လုံးလုံးဂရုမစိုက်တဲ့ပုံနဲ့ ပြန်အော်တယ်။

"အောင်မယ်.. အောင်မယ်.. မင်းလိုမှင်စာကများ ငါ့ကို ပြောရဲသေးတယ်။ မင်းတို့ ညက ဘာကြောင့် ပြန်သွားလဲဆိုတာ ငါသိတယ်၊ ဒေါက်တလောက်လုပ်ရပ်ကို မကြိုက်လို့ ပြန်ပြေးတာ မဟုတ်လား.." ဘားလန်းက ကားသမားကို တစ်ခွန်းမှ ပြန်မပြောဘဲ မျက်တောင်မခတ် စိုက်ကြည့်နေတယ်၊ ဘားလန်းရဲ့ စူးရှတဲ့ အကြည့်ကြောင့် ကားသမားက ဘားလန်းတို့နားမှာ ဆက်မနေတော့ဘဲ လှည့်ပြန်ရင်း အော်သွားတယ်။

"ဒီကိစ္စ ဒေါက်တလောက်သိအောင် ငါပြောကြည့်ဦးမယ်.. ဟား..ဟား..ဟား.. မင်းတော့ ဝိညာဉ်ဖြစ်ရတာ သနားစရာပဲ ကိုဘားလန်း ဟီး..ဟီး..ဟီး.."

ကားသမားက အဝေးမှလှမ်းအော်ပြောရင်း ဒေါက်တလောက်ထံ သံတော်ဦးတင်ဖို့ ခပ်သုတ်သုတ် ထွက်သွားတယ်။

"မင်းကိုငါသိတယ်. . မင်းဟာ ငါ့ရဲ့ ရံရွှေတော် မဟုတ်ဘူး ဆိုတာကို. . "

ဒေါက်တလောက်ဟာ သူ့ရဲ့ပြင်းအားကြီးတဲ့ မျက်လုံးတွေနဲ့ ဘားလန်းကို ကြည့်ပြီး ပြောနေတယ်။

"မဟုတ်ပါဘူး. . ကျွန်တော်တို့ မြို့ထဲမှာ ကြောက်နေလို့ပါ၊ သချိုင်းကိုပြန်ရင် သိပ်ကောင်းမှာပဲလို့ . . အဲဒါနဲ့ ဂျိုးနဲ့အတူတူ ပြန်လာခဲ့တာပါ။ အခြားအကြောင်းအရာ ထွေထွေထူးထူး မရှိပါဘူး။ သချိုင်းကို ပြန်ရုံလေးပါ ခင်ဗျာ. . "

"မင်းက ငါ့ကို ငအများ မှတ်နေလား၊ ညက အကြောင်းတွေကို ငါ့တပည့်ကားသမား ပြောပြလို့ ငါသိပြီးပြီ၊ အဲဒီတော့ မင်းဘယ်လိုသဘောထားနဲ့ ဒီလိုလုပ်ရတာလဲ. . ငါ့အလုပ်ကို ဆန့်ကျင်တဲ့ သဘောလား. . မှန်မှန်ပြောစမ်း"

"ဟို. . ဒါက ဒီလိုရှိပါတယ်. . သူနဲ့ ကျွန်တော်က သိပ်အစေး မကပ်ဘူး. . ကျွန်တော် ဒေါက်တလောက်ကို ဆန့်ကျင်တာ မဟုတ်ပါဘူး. . "

ဘားလန်းက ဒေါက်တလောက်ကို ရဲရဲကြည့်ပြီး ပြောတယ်။ ဒေါက်တလောက်နဲ့ အကြည့်ချင်းဆုံတဲ့ အချိန်မှာ ဒေါက်တလောက်ရဲ့



အရောင်တစ်မျိုး ထွက်နေတဲ့ မျက်လုံးတွေက ဘားလန်းရဲ့ အသည်းထဲ ဦးနှောက်ထဲအထိ ဖြတ်သန်း ဝင်ရောက်သွားတယ်။

"ကောင်းပြီလေ. . ဒီတစ်ခါတော့ ရှိစေတော့၊ နောက်ဆို မင်းကို အမြဲစောင့်ကြည့်နေမယ် ဟုတ်ပြီလား"

ဒေါက်တလောက်က ဘားလန်းဆီက အကြည့်လွှဲဖယ်လိုက်ပြီး ဂျိုးဘက်ကိုလှည့်လိုက်တယ်။

"မှင်စာ. . မင်း ရှေ့ကိုတိုးစမ်း. . မင်းကရော ဘာအချိုးချိုးတာလဲ. . ငါလက်ခံအောင် ပြောပြစမ်း. . "

"ဟို. . ဟို. . ကျွန်တော်လည်း ဘားလန်း အဖော်ရအောင်လို့ အတူတူ ပြန်ခဲ့တာပါဆရာ. . "

"တော်စမ်း. . မင်းရဲ့ ပေါက်ကရ စကားတွေ. . မင်းနောက်ဒီလိုလုပ်ရင် မင်းကို ငါမျိုချပစ်မယ်"

ဒေါက်တလောက်က ဂျိုးကို လက်ညှိုးငေါက်ငေါက်ထိုးပြောပြီး ခြေသံပြင်းပြင်းနဲ့ ထွက်သွားတယ်။

"မှင်စာလေး. . မှင်စာလေး. . ဟား. . ဟား. . ဟား. . . "

ကားသမားက သူ့ဆရာနောက်မှ အပြေးကလေး လိုက်သွားရင်း ဂျိုးကို လှောင်ရယ်သွားသေးတယ်။

ဂျိုးက ကားသမားရဲ့ နောက်ကျောကို မှုန်ကုပ်ကုပ်နဲ့ ကြည့်ရင်း. . .

"ကားသမားကတော့ ကျွန်တော်တို့ကို ကောင်းကောင်းချစ်နေပြီဗျ။ ကျွန်တော့်ကိုလည်း မှင်စာလေး ဘာလေးနဲ့ ထောပနာပြုသွားသေးတယ်။ ရှေ့လျှောက် သူတို့တွေနဲ့ နှစ်ပါးသွားရတော့မယ်။ ခင်ဗျားမှာ ဘာအစီအစဉ်ရှိလဲ. . ပြောပြထားပါဦး၊ အဲဒါမှ ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ပြတ်ပြတ်သားသား သိရမှာ. . အဲ. . လောလောဆယ်တော့ ဒေါက်တလောက်ကို ကြောက်ဖို့ကလွဲပြီး ဘာမှမပိုဘူး. . " ဂျိုးက ရှေ့ရေးကို တွေးပြီး ရင်လေးစွာ ပြောတယ်။

"ဂျိုး. . ခင်ဗျားရဲ့ စိုးရိမ်စိတ်တွေကို ထုတ်ဖော် မနေပါနဲ့၊ ဒေါက်တလောက် ကျွန်တော်တို့အပေါ် မျက်စိစူးတာ အနည်းဆုံးတော့ တစ်ခုခုထူးခြားဖို့ အကြောင်းအရာ အစပဲ။ ဒီအတိုင်းနေရတာ ပျင်းဖို့ ကောင်းပါတယ်ဗျာ။ သူရဲ့ ကြုံးဝါးချက်တွေ ကျွန်တော်တို့ အပေါ်မှာရှိတာ ရင်ခုန်စရာကောင်းတာပေါ့. . မဟုတ်ဘူးလား. ."

"ဟုတ်တော့ ဟုတ်ပါတယ်. . ဒါမျိုးပဲ၊ အပြောင်းအလဲဖြစ်တာလဲ ဒါမျိုးကိစ္စတွေပဲ။ ဒါပေမဲ့. . ခင်ဗျား သဘောထားက ပိုနေမြဲကျားနေမြဲလား. . ကားသမားလို ဒေါက်တလောက်နောက်ကို အပြေးလိုက်သွားရမှာလား. . ကျွန်တော်ကတော့ ခင်ဗျားလုပ်သလို လိုက်လုပ်မှာပဲ. ."

"အခြေအနေကြည့်ပါဦး ဂျိုးရာ. . ကျွန်တော်တို့စိတ်ထဲက လုပ်ချင်တာကိုပဲ လုပ်ကြတာပေါ့. ."

တစ်နေ့ထက်တစ်နေ့ တောင်စောက်မြို့အနီးတဝိုက်မှာ သေဆုံးသူ များပြားလာတယ်၊ ကျောက်စက်သချိုင်းကိုလည်း လာရောက်မြှုပ်နှံတဲ့အလောင်းတွေ ဝင်လာမစဲ တသဲသဲပဲ။ သေဆုံးသူတွေထဲမှာ ဒေါက်တလောက် လက်ချက်ကြောင့် သေဆုံးရတဲ့သူတွေလည်းပါတယ်။ ဒေါက်တလောက်က သူ့ရည်ရွယ်ချက် အောင်မြင်တယ်လို့ ပြောနေတယ်။

နောက်ရောက်လာတဲ့ လူသေတွေကို သင်ရပြုရ ဆရာလုပ်ရတာနဲ့ ဒေါက်တလောက်နဲ့ သူ့ရဲ့မွေးစားသား ကားသမားဟာ အောင်မြင်တဲ့ ဘဏ်လုပ်ငန်း မန်နေဂျာတွေလို အလုပ်တွေ မအားမလပ် ဖြစ်နေကြတယ် . . . ၊ လူသေအသစ်တွေထဲမှာ မဒီကညာတစ်ယောက်လည်း ပါလာတယ်။ ဒေါက်တလောက်နဲ့ သူ့တပည့်တွေက ၎င်း မဒီကညာလေးကို ကိုယ်ဖိရင်ဖိ သရဲသင်တန်းပေးနေလို့ သချိုင်းထဲမှာ စည်ကားသိုက်မြိုက်စွာ ပွဲကျနေကြတယ်။ ဒေါက်တလောက်က ဘားလန်းနဲ့ဂျိုးကိုတော့ ရောက်ကထဲက ဘာပညာမှ သင်ပြ မပေးဘူး။

ဂျိုးက သူ့ဂူပေါ်မှနေ ဒေါက်တလောက်တို့အဖွဲ့ကို လှေလာအကဲခတ်ရင်း. .

"ဘားလန်း. . နောက်ရောက်လာတဲ့ မဒီလေးက အနိပ်စားလေးဗျ၊ သူမက ရေကူး ချန်ပီယံတဲ့. . လူ့ပြည်မှာ ရေကူးချန်ပီယံဘွဲ့ ရပြီး သေတော့လည်း ရေနစ်သေတယ်ကြားတယ်. . ရယ်စရာပဲ။ ခင်ဗျား ရှုပါနဲ့ဆိုရင် ဒီကောင်မကို ညစာစားဖို့ ဖိတ်လို့ရလောက်တယ်။ ခုလောလောဆယ်တော့ ဒေါက်တလောက်က သူ့ရည်းစား လိုလို ဘာလိုလိုနဲ့ လူစွမ်းပြနေလိုက်ပုံများ ကြည့်ပါဦး. . ."

"တော်ပါတော့ ဂျိုးရာ. . အလကားကိစ္စတွေပါ။ ဒါမျိုးတွေက ခဏသာပျော်ရပြီး အမြဲစိတ်ညစ်စရာတွေ၊ မသဒီစရာတွေ ဖြစ်လာရတာပဲ။ သူ့မဒီကို ရိသဲ့သဲ့လုပ်ရင် နဂိုကမှ ကြည့်မရတဲ့ ကျွန်တော့်ကို ဒေါက်တလောက် အမျက်တော် ရှနေပါဦးမယ်. . အခုချိန်က ကျွန်တော်တို့အတွက် အခွင့်အရေးဗျ. . ဒေါက်တလောက် အလုပ်ရှုပ်နေတုန်း ကျွန်တော်တို့ကို အမြဲစောင့်ကြည့် မနေနိုင်တော့ဘူး၊ ဒီအချိန်မှာ ခင်ဗျားနဲ့ ကျွန်တော်က ဝိညာဉ်ဆိုင်ရာ လုပ်ထုံး လုပ်နည်းတွေကို ရသလောက် လေ့လာထားသင့်တယ်၊ အကြောင်း ကိစ္စပေါ်ရင် အသုံးချလို့ ရတာပေါ့၊ ပြောနေကြာတယ်။ သူတို့ လုပ်သလို ကျွန်တော်တို့ ရုပ်လုံးပြနည်း၊ ပစ္စည်းတစ်ခုကို ကိုင်တွယ် နည်းတွေ လေ့လာရမယ်ဗျ"

ဂျိုးက ဘားလန်းရဲ့ အစီအစဉ်ကို ထောက်ခံသူပီပီ. .

"ဟုတ်ပြီလေ။ ကျွန်တော်တို့လည်း ဒီနည်းတွေ တတ်ထားသင့်တာပေါ့။ တစ်ခုတော့ရှိတယ်။ ကျွန်တော်တို့ရဲ့ ချစ်လှစွာသော ဒီသချိုင်းမှာ နေတဲ့ သရဲတွေက ကျွန်တော်တို့ကို သင်မပေးချင်ဘူးလေ။ အဲဒီတော့ ဘယ်သူ့ကို အမျိုးတော်ပြီး ဘယ်သူ့ကို ဆရာခေါ်ရမှာလဲ. ."

ဂျိုးရဲ့ချက်ကျကျပြောတတ်တဲ့ စကားနဲ့အမူအရာကို ဘားလန်းက သဘောကျနေတယ်။

"ခင်ဗျားပြောတာ မှန်တယ်ဂျိုး. . ကျွန်တော်တို့ကို ဒီသချိုင်းက ဘယ်သူမှအလုပ်ရှုပ်ခံပြီး သင်ပေးမှာ မဟုတ်ဘူး၊ အဲဒီတော့ လုပ်စရာ တစ်ခုပဲရှိတယ်. . ကျွန်တော်တို့ရဲ့ ဦးရီးတော် ထင်းရှူးပင်တစ္ဆေကိုပဲ အကူအညီတောင်းရင် ကောင်းမယ်၊ ကျွန်တော်ပြောတာ ကောင်းတယ်မဟုတ်လား. ."



"ဒါမျိုး ဒေါက်တလောက်ကတော့ သဘောထား ကြီးလိမ့်မယ် မထင်ဘူး. ."

ဂျိုးက ပခုံးကို တွန့်ပြီးပြောတယ်။

ဘားလန်းက ဂျိုးရဲ့စိုးရိမ် စကားကြောင့် ဘာမှထပ်မပြောတော့ပဲ သူ့အုတ်ဂူပေါ်ကနေ ဒေါက်တလောက် တပည့်တွေက ဝိညာဉ်သစ်တွေကို သင်တန်းပေးနေတာ ကြည့်နေတော့တယ်။

ဂျိုးက ဘားလန်း နှုတ်ဆိတ်သွားတာကို ကြည့်ပြီး. .

"ဒါဆိုရင်လည်း ကျွန်ုပ်တို့ရဲ့ခြေထောက်တွေကို ထင်းရှူးပင် တန်းဘက် သွားအောင် ခိုင်းစေရတော့မှာပဲ. ."

ဝိုင်းစက်တဲ့လရောင်အောက်မှာ ဝိညာဉ်နှစ်ခု တရွေ့ရွေ့သွားနေကြတယ်။ သူတို့ရဲ့ဦးတည်ရာ ထင်းရှူးတောဘက်မှာတော့ သချိုင်းလောက်မဆူညံပဲ သာယာခြင်း၊ တိတ်ဆိတ်ခြင်းတွေနဲ့အတူ တောပန်းတစ်ချို့ ဖူးပွင့်ဝေဆာနေတယ်။ တစ်ချက်တစ်ချက် ပရစ်နီညိုတွေ အော်သံကြားရတယ်။ တဖျတ်ဖျတ်တိုက်ခတ်နေတဲ့ လေစုအေးတို့နဲ့အတူ ဘားလန်းနဲ့ဂျိုးတို့ရဲ့ ဝိညာဉ်နှစ်ခုဟာ တရွေ့ရွေ့လွင့်မျောနေတယ်။

ထင်းရှူးပင်တန်း အရောက်မှာတော့ သရဲတစ်ကောင် ရုတ်တရက် ထွက်လာပြီး သူတို့ရှေ့မှ တားဆီး လမ်းပိတ်ထားတယ်၊ ၎င်းက လင်းတလည်ချောင်းကွဲသံနဲ့ပြောတယ်. . .

"ခပ်ပေါပေါ ဝိညာဉ်နှစ်ကောင်. . ဘယ်ကလာပြီး ဘယ်ကို ကြွမြန်း မလို့လဲ၊ ဘုံပျောက်လို့ လျှောက်သွားနေတာလား. . ဒီနေရာက လွယ်လွယ်ဖြတ်လို့ မရဘူးကွ။ ငါ့ပညာကို မြည်းစမ်းကြည့်ပြီးမှ သွားသင့်တယ်။ တကယ်လို့ ငါ့ရဲ့အစွမ်းကို ပြန်လည်ခုခံနိုင်မယ် ဆိုရင်ပေါ့. ."

၎င်းသရဲက ပြောပြောဆိုဆို ဘားလန်းတို့ ခေါင်းပေါ်မှ ဝဲပျံပြီး သူ့ရဲ့ရှည်လျားလှတဲ့ လက်ချောင်းတွေနဲ့ စတင်တိုက်ခိုက်တယ်။



ဘားလန်းနဲ့ဂျိုးလည်း နောက်ကို ကသောကမျော ရှောင်တိမ်းလိုက်ရတယ်။

"ဘာလဲဟ. . ." ဂျိုးက ရုတ်တရက် တိုက်ခိုက်ခံရလို့ နားမလည်ဘူး ဖြစ်နေတယ်။

နောက်တစ်ဖန် ၎င်းသရဲက သူ့ရဲ့ ရှည်လျားတဲ့ဆံပင်တွေနဲ့ ဘားလန်းတို့ကို ဖမ်းယူဖို့ ကြိုးစားတယ်။ ဘားလန်းက အပြေးအလွှား ရှောင်တိမ်းရင်း. .

"ဂျိုးရေ.. မကြောက်နဲ့ဗျို့၊ ဒီနေရာမှာ အကြောက်တရားဟာ သေမင်းနဲ့ဘော်ဒါပဲ။ ခင်ဗျားဆီကို ရောက်လာတဲ့ ဆံပင်မှန်သမျှကို မလွှတ်တမ်း ဖမ်းဆွဲထားပြီး သူ့ကို မြေပြင်ပေါ် ပြုတ်ကျအောင် ဆောင့်ဆွဲကြမယ်ဗျို့. . ဒီနည်းလမ်းက အကောင်းဆုံးပဲ. ."

ဘားလန်းနဲ့ဂျိုးက သူတို့ဆီသို့ ဦးတည်တိုက်ခိုက်လာတဲ့ ကောင်းကင်ပေါ်က ဆံပင်ရှည်တွေကို ဖမ်းယူကာ အားရှိသလောက် မြေမှာခြေကန်ပြီး ဆောင့်ဆွဲကြတယ်။ နှစ်ဦးသား တက်ညီလက်ညီ ဆွဲလိုက်တော့ လေပေါ်မှာဝဲနေတဲ့သရဲက တဖြည်းဖြည်း အားလျော့လာပြီး မြေပြင်ပေါ် ပြုတ်ကျသွားတယ်၊ ဘားလန်းက အချိန်မဆွဲဘဲ သရဲရဲ့ဆံပင်စတွေကို တရှိတ်တိုက်ဆွဲပြီး နှင်းတောထဲသို့ ခြေကုန်သုတ်တော့တယ်။ ဂျိုးကိုလည်း သူလုပ်သလို လိုက်လုပ်ဖို့ နှုတ်က ဆော်ဩလိုက်တယ်။ ပါးနပ်တဲ့ဂျိုးက ချက်ချင်းသဘောပေါက်တယ်။ ရန်လိုတိုက်ခိုက်လာတဲ့ဆံရှည်သရဲကို ခွေးသေ ကြိုးချီဆွဲသလိုဆွဲပြီး ထင်းရှူးပင်တန်းဘက် မနားတမ်းပြေးလာခဲ့ကြတယ်။

"ဟေ့. . ရပ်လိုက်ကြ. . ရပ်လိုက်ကြ။ မင်းတို့ ဒါဘာလုပ်တာလဲ. ."

တရှီးရှီးမြည်သော လေတိုးသံနှင့်အတူ အသံတစ်သံ ရုတ်တရက် ထွက်လာတယ်။ ထင်းရှူးပင်ပေါ်မှ ဘားလန်းတို့ ရှိရာဘက်သို့ ပျံဝဲဆင်းသက်လာတဲ့ ထင်းရှူးပင်တစ္ဆေကို ပြေးရင်းလှမ်းရင်း မြင်လိုက်ရတယ်။ ဘားလန်းနဲ့ဂျိုးက သူတို့ရဲ့မာရသွန် ခြေလှမ်းကို ရပ်လိုက်တယ်။ လက်ကတော့ ဆံရှည်သရဲရဲ့ဆံပင်တွေကို မလွှတ်

သေးပဲ ဆွဲထားတုန်း. .

"မင်းတို့လုပ်လိုက်ရင် ထူးဆန်းတာတွေချည်းပဲ ဘားလန်းနဲ့ ဂျိုး. . ငါ့နယ်မြေထဲက သရဲတစ်ကောင်ကိုတောင် ဖမ်းပြီး လသာသာမှာ ကစားနေနိုင်ပုံ ထောက်တော့ မင်းတို့ရဲ့ပညာဟာ အံ့မခန်းတိုးတက်လာတဲ့ သဘောမှာ ရှိတယ်၊ ငါပြောတာ မမှားဘူး မဟုတ်လား. ."

"ခင်ဗျားပြောတာ တစ်ခုမှမဟုတ်ဘူး. . " ဘားလန်းက မောမောနဲ့ ပြောတယ်။

"ခင်ဗျားဆီကို အကူအညီတောင်းရအောင်လာခဲ့တာ၊ လမ်းမှာ ဒီသရဲနဲ့တွေ့တယ်။ သူ့ရဲ့စိန်ခေါ်တိုက်ခိုက်မှုကြောင့် အခုလို ထွက်ပြေးနေရတာပဲ။ ဒါ ခင်ဗျားတပည့်လား. . သူ့ဆံပင်ကို ဆွဲထားရတာကိုတော့ ခင်ဗျား ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်တယ်. . ဒီလိုမှ ဆွဲမထားရင် ကျွန်တော်တို့ကို သူက ပြန်ဆွဲသွားလိမ့်မယ်. . "

"ငါ့အမြင်မှာတော့ အခုလောလောဆယ် ငါ့တပည့် မသက်မသာနဲ့ မြေမှာလဲနေတာ မြင်ရတယ်၊ ဒီအတွက်တော့ ငါမင်းကို မကူညီသင့်တော့ဘူး ထင်တယ်" ထင်းရှူးပင် တစ္ဆေက မြေမှာလဲနေတဲ့ သူ့တပည့်သရဲကို ဆွဲထူရင်း ပြောတယ်။

ဘားလန်းနှင့် ဂျိုးက သူတို့ ဆွဲဆုပ်ထားတဲ့ သရဲရဲ့ဆံပင်တွေကို အမြန်လွှတ်လိုက်ရင်း. . .

"တောင်းပန်ပါတယ်ဗျာ. . သူ့သိပ်အနာတရ မဖြစ်ပါဘူး. . ကျွန်တော်တို့ သူ့ဆံပင်ကို ဆွဲတယ်ဆိုရုံလေး ဆွဲထားတာပါ" ဂျိုးက သူ့စကားအသုံးအနှုန်းအတိုင်းပြောပြီး တောင်းပန်တယ်။

မြေပြင်မှာ လဲနေတဲ့သရဲက သူ့ဆံပင်ကို လွှတ်ပေးလိုက်တယ် ဆိုရင်ပဲ ဘားလန်းတို့ကို အထိတ်တလန့် ကြည့်ပြီး နှင်းတောထဲကို ထွက်ပြေးသွားတယ်။

"ဘားလန်း. . မင်းဟာ ဘာမှသိပ်မကြောက်တတ်သေးဘူးပဲ. . ဒါဟာ ကောင်းတဲ့အချက်လား ဆိုးတဲ့အချက်လားတော့ ငါမသိ



ဘူး. . ငါ့နယ်မြေက သရဲတစ်ကောင် ကြောက်လို့ထွက်ပြေးတာ ဒါပထမဦးဆုံး မြင်ရတာပဲ။ မင်းလို ဝိဉာဉ်မျိုးသာ ငါ့တပည့်ဖြစ်ရင် သိပ်ကောင်းမှာ. . "

ထင်းရှူးပင်တစ္ဆေက သူ့တောင်ဝှေးကို ပခုံးပေါ် ထမ်းလိုက်ရင်း ပြောတယ်။

"ဒါနဲ့ မင်းတို့ ဆိုးဝါးတဲ့အလုပ် မလုပ်ခဲ့ဘူး မဟုတ်လား။ ငါဆိုလိုတာက. . ဒေါက်တာလောက်တို့နဲ့ အဆင်ပြေအောင် နေဖို့ကိစ္စကိုပြောတာ. . "

"ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး၊ ဒါပေမဲ့ သူက ကျွန်တော်တို့ကို ဝိဉာဉ်တွေဖြစ်ကြောင်း လက်မခံဘူး ထင်တယ်. . "

"ဟုတ်တယ်. . ဒါသူ့ဗီဇပဲ၊ သူကသိမှာပေါ့. . မင်းဘယ်လိုလူစားလဲဆိုတာ. . ဒါဘာမှ မထူးဆန်းဘူး၊ ကောင်းပြီ. . အခု မင်းတို့လာတဲ့ ရည်ရွယ်ချက်က ဘာလဲ. . "

"ကျွန်တော်တို့ ဝိဉာဉ်ဆိုင်ရာ လုပ်ကွက်တချို့ သင်ယူချင်လို့ ရောက်လာရတာပါ. . ထင်းရှူးပင် တစ္ဆေအနေနဲ့ တစ်ခုခုကူညီရင် သိပ်ကောင်းမှာပဲ၊ ဥပမာ. . ကိုယ်ထင်ပြနည်းတို့. . ပစ္စည်းတစ်ခုခုကို သက်ရှိတွေမြင်အောင် ကိုင်တွယ်အသုံးချနည်းတို့ . . အဲ. . အဲဒီလိုမျိုး. . . ကျွန်တော် အကူအညီတောင်းတာ များသွားလား. . . "

"နည်းနည်းများတယ်. . ဒါပေမဲ့ မင်းတို့တတ်ထားသင့်တာပေါ့။ ဒါပေမဲ့. . မလွယ်ဘူးကွ။ မင်းတို့က ငါ့တပည့်တွေ မဟုတ်ဘူး. . ငါ့ပိုင်နက်ထဲမှာ နေသူတွေလည်းမဟုတ်ဘူး။ ဒီကိစ္စတော်တော်ခက်တယ်။ ဒေါက်တာလောက်သိရင် ဘာတွေဖြစ်လာမလဲဆိုတာ တွေးတောင် မတွေးရဲဘူး. . " ထင်းရှူးပင် တစ္ဆေက ကောင်းကင်ကလမင်းကြီးကို မော့ကြည့်ပြီး တစ်ယောက်ထဲ ညည်းညူသလိုပြောတယ်။ ဘားလန်းနဲ့ဂျိုးက သူ့ကို မျှော်လင့်ချက်များစွာနဲ့ ကြည့်နေကြတယ်။ထင်းရှူးပင်တစ္ဆေက အတော်ကြာ စဉ်းစားပြီးမှ. . .

"ဖြစ်နိုင်တာ တစ်ခုတော့ရှိတယ်. . မင်းတို့ နှုတ်လုံရင်ပေါ့၊ ဘားလန်း. . မင်း ငါ့ရဲ့သဘောထားကို သိပါတယ်။ ငါ မင်းတို့ကို ကူညီချင်ပါတယ်၊ ကောင်းပြီလေ. . တစ်ခုခုတော့ ငါကူညီကောင်းပါတယ်။ မဟုတ်ဘူးလား. ."

"ဟုတ်တယ်. . သိပ်ဟုတ်တယ်" ဂျိုးက မြန်မြန်ထောက်ခံတယ်။

"စိတ်ချပါ. . ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခ မရှာချင်ပါဘူး. . နှုတ်လုံပါ့မယ်. ." ဘားလန်းက ကတိပေးတယ်။

"ကောင်းတယ်. . မင်းတို့ကို ငါယုံပါတယ်. . တို့စွန့်စားကြတာပေါ့. . ဝိညာဉ် တစ်ကောင်မှာ ထွေထွေထူးထူး သင်စရာတော့ သိပ်မလိုပါဘူး။ တကယ်တော့ သူ့ရဲ့ပင်ကိုအစွမ်းကသာ အဓိကကျတာ. . မင်းခုနက သရဲတစ်ကောင်ကို ပြန်လည်တိုက်ခိုက်နိုင်တယ် မဟုတ်လား။ ဒီသဘောပဲ. . ဒါပေမဲ့ သိသင့်တာကိုတော့ သိထားရမယ်။ ပစ္စည်းတစ်ခုကိုကိုင်တွယ်တာ ဟုတ်လား. . ငါသင်ပြမယ်. ."

ထင်းရှူးပင်တစ္ဆေက ပတ်ဝန်းကျင်ကို ကြည့်ရင်း အနီးက သစ်ကိုင်းခြောက်တစ်ခုကို ကောက်ယူလိုက်တယ်။

"အခု ငါ့လက်ထဲမှာ သစ်ကိုင်းခြောက် ရှိတယ်. . ငါ ဘယ်လို ယူလိုက်တယ် မင်းတို့သိလား"

"သိတယ်. . ခင်ဗျား လက်နဲ့ယူလိုက်တယ်" ဂျိုးက ချက်ချင်းဖြေတယ်. .

"ငါပြောတာ အဲဒါ မဟုတ်ဘူး. . ငါ ယူလိုက်တဲ့နည်းက တို့ဝိညာဉ်အချင်းချင်းပဲ မြင်နိုင်တဲ့နည်းနဲ့တင် ယူတာ မဟုတ်ဘူး။ သက်ရှိ လူသားတွေပါ မြင်နိုင်တဲ့နည်းနဲ့ ယူလိုက်တာကွ. . မင်းတို့ အခု အရာအားလုံးကို တွေ့ထိ ခံစားနိုင်တယ်ဆိုတာ တကယ်တော့ တို့ဝိညာဉ် အချင်းချင်းသာ သိတဲ့အချက်ပဲ. . သက်ရှိသတ္တဝါတွေက တို့ကို မမြင်နိုင်ဘူးလေ. . ကြားလည်း မကြားနိုင်ဘူး. . ."

"ဘာ့ကြောင့်လဲဆိုတော့ မင်းတို့ ငါတို့က လေနဲ့သဏ္ဍာန်



တူတဲ့ စိတ်ဝိညာဉ် အနေနဲ့သာ ရပ်တည်နေရလို့ပဲ၊ ဒါကြောင့် ဝိညာဉ်တွေဟာ အဆောက်အဦတွေ၊ ပစ္စည်းတွေကို ဖြတ်ပြီးသွားလို့ရတာပေါ့. . . ဝိညာဉ်၊ သရဲ၊ တစ္ဆေ၊ အခြား နာနာဘာဝတွေဟာ ဘဝတူ အချင်းချင်း ထိတွေ့လို့ရတယ်။ ဒါပေမဲ့ သက်ရှိလူတွေနဲ့ ပစ္စည်းတွေကိုတော့ ထိကိုင်ဖို့ မပြောနဲ့၊ ကိုယ်ထင်ပြဖို့တောင် မလွယ်ဘူး. ."

"အဲဒါဆိုရင် ဒေါက်တာလောက်တို့ကျတော့ ဘာကြောင့် အရက်ဆိုင်သွားပြီးတောင် အရက်သောက်လို့ ရတာလဲ. ." ဂျိုးက သူမရှင်းတဲ့အချက်ကို မေးတယ်. .

"မင်းမေးခွန်း ကောင်းတယ် . . . ဘာကြောင့်လဲဆိုရင် ဒေါက်တာလောက်က ဝိညာဉ်ဘဝမှာ ဝါရင့်နေပြီလေကွာ. . သူက ငါတို့ထက်တောင် ပညာစုံတယ်။ သူ့အနေနဲ့ သက်ရှိတွေကို ကိုယ်ထင်ပြရုံ မပြောနဲ့. . ဒုက္ခရောက်အောင်တောင် လုပ်နိုင်တာ မင်းတို့ အမြင်ပဲ မဟုတ်လား. . အဲဒါ သင်ယူလေ့ကျင့်ထားလို့ပေါ့. . သူ့အနေနဲ့ လူတွေကို ကိုယ်ထင်ပြတယ် ခြောက်လှန့်တယ်ဆိုတာ မပြောပလောက်တဲ့အလုပ်ပဲ . ."

"ကောင်းပြီ. . ဆက်ပြောမယ်. . ကိုယ့်ကို သက်ရှိသတ္တဝါတွေမြင်အောင် ကိုယ်ထင်ပြချင်ရင် လေနဲ့အတူတူ ရောနေတဲ့ စိတ်ဝိညာဉ်ကို စုစည်းပြီး သဏ္ဍာန်တစ်ခုဖြစ်အောင် ခွဲထွက်ဖို့လိုတယ်. . အဲလိုလုပ်နိုင်ရင် ဘားလန်းဆိုရင် လူ့ဘဝက သူ့ရဲ့ပုံသဏ္ဍာန်အတိုင်း. . ဂျိုးဆိုရင်လည်း သူ့ပုံစံအတိုင်း တဖြည်းဖြည်း ရုပ်လုံးပေါ်လာလိမ့်မယ်၊ လေထဲကနေ စိတ်ကို စုစည်းပြီး ထွက်လာနိုင်ပြီဆိုရင် ပထမမှုန်ဝါးဝါးကနေ ခဏခဏလေ့ကျင့်ရင် ရုပ်လုံး ပီပြင်လာမယ်၊ တိတိကျကျ ရုပ်လုံးပေါ်လာပြီဆိုရင်တော့ မင်းတို့ကို သက်ရှိတွေရော၊ သက်မဲ့တွေရော မြင်ပြီပေါ့ကွာ. . သိပ်ကျွမ်းကျင်သွားရင်တော့ ဒေါက်တာလောက်လို ကိုယ်ကြိုက်တဲ့ ပုံစံအမျိုးမျိုး ပြောင်းပြီး လှည့်စားလို့ရပြီပေါ့. ."

"နည်းက မသိရင်သာ မလုပ်တတ်တာသိရင် လွယ်လွယ်လေးပဲ. ." ဂျိုးက လက်ဖျောက်တီးပြီး ပြောတယ်။

ထင်းရှူးပင်တစ္ဆေက. . "မင်းတို့ရဲ့သဏ္ဌာန်ကို မင်းတို့မြင်ရပြီ သိရပြီဆိုရင် စောစောက ပစ္စည်းကိုင်တဲ့ကိစ္စ ဘာမှမခက်တော့ဘူး. . တဖြည်းဖြည်းချင်း ကိုင်မဲ့ပစ္စည်းကို ထိလိုက်. . စိတ်ထဲမှာ ထိနေပြီ. . သေချာပြီဆိုရင် ယူလိုက်တော့ ရပြီ။ ငါပြောတာတွေ မှတ်မိရင် အခုငါ့ရှေ့မှာ မင်းတို့နှစ်ယောက် ရုပ်လုံးပေါ်အောင် လုပ်ကြည့်စမ်း. . ."

ဘားလန်းနဲ့ ဂျိုးဟာ စိတ်အား ထက်သန်လာပြီး သူတို့ရဲ့ ဝိညာဉ်တွေကို လေထဲကခွဲထွက်နိုင်အောင် သဏ္ဌာန်ပေါ်လာအောင် အစွမ်းကုန် အားထုတ်ကြတယ်၊ ခဏအကြာ ဘားလန်းရဲ့ရုပ်ပုံဟာ ပီပီပြင်ပြင်ထွက်ပေါ်လာတယ်။ ဂျိုးရဲ့သဏ္ဌာန်ကတော့ နည်းနည်း မှုန်ဝါးနေသေးတယ်။

"ဟုတ်ပြီ. . . သိပ်ကိုကောင်းတယ်" ထင်းရှူးပင်တစ္ဆေက အားရကျေနပ်စွာ ပြောတယ်။

ဘားလန်းက ပထမ သူ့ကိုယ်သူ သေသေချာချာကိုင်ကြည့်တယ်။ သူ့ရဲ့လက်တွေ. . ခြေထောက်တွေ. . ပြီးတော့ သူ့မျက်နှာကို စမ်းကြည့်တယ်။ သူသိလိုက်တယ်။ သူဟာ လူ့ဘဝက ဘားလန်းပုံ ပေါက်နေပြီဆိုတာကို။ သူက ထူးဆန်းစွာနဲ့ ပတ်ဝန်းကျင်ကိုကြည့်ပြန်တယ်။ ရုတ်တရက် သက်ရှိလူ့သားဘဝကို ပြန်လည်ရရှိလာသလို ထင်လိုက်တယ်။ သူ့ဘေးက ဂျိုးကိုလည်း ကြည့်မိတယ်၊ ဂျိုးလည်း အရင်ကလို မှုန်တီမှုန်ဝါး မဟုတ်ဘဲ လူတစ်ယောက်လို တည်ရှိနေတာကို တွေ့ရတယ်။

"ဂျိုးရေ. . ခင်ဗျားပုံစံကို အခုမှပီပီပြင်ပြင် မြင်ရတော့တယ်၊ ခင်ဗျားက တကယ်ပိန်ပိန်သေးသေးလေးပဲဗျ။ ခင်ဗျားကို အစ ကတည်းက ဒီပုံစံပဲဖြစ်မယ်လို့ ထင်သားပဲ. . ဒါပေမဲ့ ဝိညာဉ်ပုံစံနဲ့ အခုပုံစံဟာ ကြည့်ရတာ တော်တော် ကွာခြားသလိုပဲ. . ခင်ဗျားရော ကျွန်တော့်ကို ဘယ်လိုမြင်ရလဲ"

"ခင်ဗျားက အခုမှ ပိုကြည့်လို့ကောင်းတယ်. . လရောင်ကြောင့်လည်း ဖြစ်နိုင်တယ်. . ဟား. . ဟား. . ဟား. . ကျွန်တော်



သေတုန်းက ကျွန်တော့်ရဲ့စိတ်ကို လေထဲမှာ လွှတ်ထားသလိုပဲ ရောနှောနေတယ်။ အခုကတော့ တစ်မျိုးပဲ။ လူပြန်ဖြစ်လာတာတော့ မဟုတ်ပါဘူးနော် ဘားလန်း. ." ဂျိုးက သူ့ခြေထောက်တွေ လက်တွေကို စမ်းကြည့်ရင်း ပြောတယ်။

ထင်းရှူးပင်တစ္ဆေက ဝင်ပြောတယ်. . .

"မဟုတ်ပါဘူးဂျိုး. . မင်း လူပြန်မဖြစ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် မြင်နိုင်သိနိုင်တဲ့ ဝိညာဉ်သရဲ ဖြစ်လာတာပါ။ ပိုတာတစ်ခုက အခြားသက်ရှိတွေလည်း မင်းကိုမြင်နိုင်သိနိုင်တယ်လေ။ ဒါကို မင်းလည်း သိပါတယ်. ."

"ကဲ. . အချိန်လည်း မနည်းတော့ဘူး။ မင်းတို့ ပြန်ဖို့ ကောင်းပြီ။ ပစ္စည်းတစ်ခုခုကို ကိုင်တွယ်ဖို့တော့ တဖြည်းဖြည်း ကျင့်ယူကြပေါ့ကွာ။ မင်းတို့ကို ငါသင်ပေးတယ်ဆိုတာ ဘယ်သူမှမသိစေနဲ့. . သင်္ချိုင်းရောက်ရင်လည်း ကိုယ့်နေရာမှာကိုယ် တိတ်တိတ်လေး ပြန်ဝင်အိပ်နေကြ. . ကလေးတွေ. ."

ဘားလန်းနဲ့ ဂျိုးတို့က ထင်းရှူးပင်တစ္ဆေကို ကျေးဇူးတင်တဲ့အကြည့်များနဲ့ ကြည့်ပြီး. .

"ကျေးဇူးတင်ပါတယ် ထင်းရှူးပင်တစ္ဆေ၊ ကျွန်တော်တို့မှာ ခင်ဗျားရဲ့ ကျေးဇူးတွေ များနေပါပြီ. ."

ထင်းရှူးပင်တစ္ဆေက လမ်းခွဲကြဖို့ နှုတ်ဆက်ပြီး ထိုနေရာမှ အရင်ထွက်ခွာသွားတယ်။

ထိုညက ဘားလန်းတို့ အပြန်လမ်းမှာ ကိုယ်ထင်ပြနည်းတွေ သုံးပြီး လူတွေ လမ်းထွက်လျှောက်သလို လျှောက်ပြန်လာခဲ့ကြတယ်။ လမ်းမှာ သစ်ရွက် ချုံပုတ်တွေကိုလည်း သူတို့ရဲ့လက်တွေနဲ့ ထိခတ်လှုပ်ယမ်းသွားသေးတယ်။ ဂျိုးက သစ်ရွက်တွေကို လှုပ်ယမ်းကိုင်တွယ်ရလို့ ကျေနပ်နေတယ်။ သင်္ချိုင်းဘက်က ရယ်သံတွေကြားရတယ်။ ဒေါက်တလောက်ရဲ့တပည့်တွေနဲ့ ရေကူးမယ် ဝိညာဉ်မလေး ရယ်သံ ကလွဲပြီး အခြားသူတွေ မဖြစ်နိုင်တော့။

နောက်တစ်နေ့မှာ ဒေါက်တလောက်က အသစ်ရောက်ရှိလာတဲ့ လူသေတွေကို သူ့ရာဇဝင်တွေ၊ သူ့ရဲ့ထက်မြက်တဲ့ သရဲခြောက်

နည်းတွေ၊ သူ့ကြောင့်ဒုက္ခရောက်သွားသူတွေအကြောင်းကို အားရပါးရ မိန့်ခွန်းပြောသလို ပြောပြနေပြန်တယ်။

"သူက ကျုပ်ကို သူ့ရဲ့မှော်လက်ဝါးနဲ့ သဲကြီးမဲကြီး ရိုက်လိုက်တယ်. . အဲဒီအချိန်မှာပဲ ကျုပ်က မကြောက်မရွံ့ သူ့ရဲ့လက်ကို ဖမ်းချုပ်လိုက်တယ်. . ကွက်တိပဲ. . သူ့လက်က ကျွန်ုပ်ရဲ့ လက်ထဲမှာ မလှုပ်သာ မလွန့်သာ ဘယ်လိုမှ ရုန်းလို့ မရတော့ဘူး. . ၎င်းမှော်ဆရာက ကျုပ်ရဲ့သန်မာတဲ့လက်ကြောင့် အရမ်းကြောက်သွားတယ်. . ထိုပွဲမှာလည်း ကျုပ်ကပဲ အနိုင်ရတယ်. . "

ဒေါက်တလောက်က သူ့အတွေ့အကြုံတွေကို အာဘောင်အာရင်းသန်သန်နဲ့ ပြောနေရင်း ဘားလန်းနဲ့ အကြည့်ချင်း ဆုံမိသွားတယ်. . ဘားလန်းကို သရော်ကြည့်ကြည့်ပြီး. . .

"ဒီကျောက်စက်သင်္ချိုင်းမှာလည်း ကျုပ်ကို ဘုဂလန့် လုပ်ချင်တဲ့ ရှည်မျောမျောကောင် ရှိသေးတယ်. . အရင်တုန်းက ကျုပ်ကို ကလန်ကဆန် လုပ်သူတွေကို ဝိညာဉ်ဘဝမှာ အနိမ့်ဆုံး၊ အသိမ်ဖျင်းဆုံးဘဝကို အရောက်ပို့ခဲ့တယ်. . အခုလည်း ကျုပ်ကို ဘုဂလန့်လုပ်ရင်တော့ ထိုဒုက္ခနဲ့ ကြုံတွေ့ရမှာ မလွဲမသွေပဲ. . "

အားလုံးက ထုံးစံအတိုင်း ဒေါက်တလောက်ကို ကြောက်ရွံ့တဲ့အကြည့်တွေနဲ့ ကြည့်နေကြတယ်။

ဘားလန်းနဲ့ ဂျိုးက ဒေါက်တလောက်ရဲ့ ဩဝါဒခံယူပွဲကို စိတ်မပါပဲ ငေးမော နားထောင်နေရတယ်။ ဘားလန်းက အခြားဝိညာဉ်တွေကို လှည့်ပတ်ကြည့်ရှုလိုက်တော့ ဝိညာဉ်တော်တော်များများက ဒေါက်တလောက်ကို ယုံကြည် ကိုးစားတဲ့အကြည့်တွေနဲ့ ကြည့်နေတာတွေ့ရတယ်၊ ထိုအထဲမှာ သူနဲ့ ဂျိုးလိုမျိုး ဒေါက်တလောက်အပေါ် စိတ်ပျက်နေသူ ရှိမရှိ အကဲခတ်ကြည့်မိတယ်။ သူနဲ့ ကားမှောက်တုန်းက အတူတူပါတဲ့ အခြားဝိညာဉ်တွေကလည်း ဒေါက်တလောက်ရဲ့ တပည့်ရင်း လုပ်ချင်နေကြတာကို ဝမ်းနည်းဖွယ်တွေ့ရတယ်။ သူနဲ့ ဂျိုးလို သဘောထားမျိုး သူတို့ထဲမှာ မတွေ့ရတော့ အားငယ်လာမိတာတော့ အမှန်ပဲ. . ဝိညာဉ်အုပ်ထဲက သူ့ကို



စူးစိုက်ကြည့်နေတဲ့ ဝိညာဉ်နှစ်ကောင်ကိုတော့ ရုတ်တရက် သတိထားမိလိုက်တယ်။ ထိုဝိညာဉ်နှစ်ကောင်က ဘားလန်းကိုပဲ ခိုးခိုးကြည့်နေပြီး သူတို့အချင်းချင်း တီးတိုး စကားပြောနေတာကိုလည်း တွေ့ရတယ်။

ဒေါက်တလောက်ရဲ့ဩဝါဒခံယူပွဲအပြီးမှာ ၎င်းဝိညာဉ်နှစ်ကောင်က ဘားလန်းအနီးကို ရောက်လာပြီး ဘားလန်းကို စတင်နှုတ်ဆက်ကြတယ်။

"ဟော့. . ဘားလန်း၊ ရှင့်ကိုကျွန်မ သိတယ်. . ကျွန်မတို့နှစ်ယောက်ကိုတော့ ရှင်သိမှာ မဟုတ်ပါဘူး. . ကျွန်မ 'ဝင်ဒီကားလစ်'ပါ. . ဒါကျွန်မ အစ်ကို 'ဒါနယ်ဇာမီး'၊ ကျွန်မတို့နှစ်ယောက် ရှင့်ကို သတိထားမိတာကြာပြီ၊ ရှင်ဒီမှာ မပျော်ဘူး မဟုတ်လား. . "

"ခင်ဗျားဆိုလိုတာက ခင်ဗျားတို့မောင်နှမတော့ ကျောက်စက်သင်္ချိုင်းမှာပျော်တယ်လို့ ပြောချင်တာလား။ တွေ့ရတာ ဝမ်းသာပါတယ်. . ကျွန်တော် 'စီဂါဘားလန်း'ပါ။ ဒါ ကျွန်တော့်သူငယ်ချင်း 'ဂျိုးဂျေဆာ'. . "

ဘားလန်းက ဖော်ရွေစွာပြုံးပြီး လက်ဆွဲနှုတ်ဆက်လိုက်တယ်။

"ခင်ဗျားတို့ ဒီရောက်တာဘယ်လောက်ကြာပြီလဲ" ဂျိုးက မေးတယ်။

"ကျွန်တော်တို့ တစ်နှစ်လောက်ရှိပြီ. . " ဇာမီးကဖြေတယ်။

"ကျွန်တော်တို့ မောင်နှမ ခင်ဗျားနဲ့ ဂျိုးအကြောင်းကို ပြောဖြစ်ကြတယ်။ တောင်စောက်မြို့ ဘားဆိုင်မှာတုန်းက အဖြစ်အပျက်လည်း ကျွန်တော်တို့ စိတ်ဝင်စားတယ်၊ ခင်ဗျားဟာ ထူးခြားဘယ်လို့ ဝင်ဒီကပြောတယ်. . ခင်ဗျားမှာ ရည်ရွယ်ချက် တစ်ခုခုရှိသလိုပဲတဲ့. . "

ဘားလန်းက ဇာမီးတို့ မောင်နှမကို ဇဝေဇဝါကြည့်တယ်။

ဝင်ဒီက. . . "ကျွန်မတို့ကို ယုံပါ၊ ကျွန်မတို့လည်း ရှင့်လို

စိတ်ကူးမျိုးတွေးကြည့်ဖူးတယ်။ ဒါပေမဲ့ ရှင့်လိုတော့ လက်တွေ့မကျဘူး. ."

"ကျွန်တော့်မှာ ဘာစိတ်ကူးမှမရှိပါဘူး။ အဲ. . သူတစ်ဖက်သားကို ဒုက္ခ မရောက်စေချင်တဲ့ စိတ်ကူးပဲ ရှိပါတယ်"

"ရှင် ဘယ်လိုလူမျိုးဆိုတာ ကျွန်မတို့ သိပါတယ်။ ဒီမှာရှိနေတဲ့ အခြားဝိညာဉ်တွေကလည်း သတိထားမိကြတယ်၊ အဲဒါကြောင့် ရှင့်ကို ခင်ပေမဲ့ အပေါင်းအသင်း မလုပ်ရဲကြဘူး၊ ကျွန်မတို့ကတော့ ရှင့်ကို အားကျတယ်. . မနေနိုင် လွန်းလို့ မိတ်ဖွဲ့မိပြီ. ."

ဝင်ဒီက ပွင့်လင်းစွာ ပြောတယ်။

"ခင်ဗျားပြောသလောက် ကျွန်တော်ဘာမှမထူးခြားပါဘူးဗျာ။ အခြားဝိညာဉ်တွေကို သတိ မထားမိတာကတော့ ကျွန်တော့် အားနည်းချက်ပါ. . ကျွန်တော့်မှာ မိတ်ဆွေအပေါင်းအသင်း တိုးလာတာ ဝမ်းသာမိတယ်"

ဘားလန်းက ဝမ်းမြောက်စွာ ပြောတယ်။

"ခင်ဗျားတို့ နှစ်ယောက်က ဘာဖြစ်လို့သေတာလဲ၊ အတူတူသေတာလား" ဂျိုးက စပ်စပ်စုစုမေးတယ်။

"ဟုတ်တယ်. . အတူတူသေတာပဲ၊ ပြီးခဲ့တဲ့နှစ်က တောင်စောက်မြို့ထဲမှာ ကားချင်းတိုက်တာလေ. . ကျွန်မတို့ မောင်နှမ နှစ်ယောက်စလုံး ပွဲချင်းပြီးပဲ. ."

"ဒါဆိုရင် ဘားလန်းနဲ့ အဖြစ်ချင်းတူတူပဲပေါ့. ."

"ဟုတ်တယ်. . ဘဝတူတွေပဲ. ." ဝင်ဒီက ဘားလန်းကို ပြုံးကြည့်ပြီး ပြောလိုက်တယ်. .

"ကျွန်မ အစ်ကိုလည်း သူသေတဲ့နေ့မှာပဲ ဒေါက်တလောက်နဲ့ စကားများဖူးတယ်၊ သိတယ် မဟုတ်လား. . ဒေါက်တလောက်က ကျွန်မကို. . ရှင်တို့လည်း သူ့အကြောင်း သိပါတယ်၊ ကျွန်မကတော့ သူ့ကို မကြောက်ဘူး. ."

"ညီမလေး စကားကို ကြည့်ပြောဦး. . ဒေါက်တလောက် တပည့်တွေက တို့ကိုကြည့်နေတယ်"



ဇာမီးက သူ့ညီမကို မျက်နှာရိပ် မျက်နှာကဲပြပြီး သတိပေးတယ်။

"အို. . ဂရုမစိုက်ပါဘူး။ မှန်တာ ပြောတာပဲ၊ ရှင်တို့ဒီည စောင့်ကြည့်နေ. . ဒေါက်တလောက်နဲ့ သူ့တပည့်တွေ ဘာလုပ်မယ်ဆိုတာ. . ကျွန်မတော့ ဘယ်သူတွေ ဒုက္ခရောက်ဦးမယ်ဆိုတာတွေးမိရင် ရင်လေးတယ်"

"ဒုက္ခရောက်မယ်. . ဟုတ်လား. . ဘယ်သူတွေ ဒုက္ခရောက်မှာလဲ. . ." ဂျိုးက အထိတ်တလန့်မေးတယ်။

"ဟုတ်တယ်. . ဒီည သူတို့မှာ အစီအစဉ်ရှိတယ်။ သချိုင်းအကွေ့ တောင်တက်လမ်းကနေ လာတဲ့ကားတွေကို မှောက်အောင် ခြောက်လှန့်ကြလိမ့်မယ်။ ကြောက်တတ်တဲ့ကားသမားဆိုရင်တော့ ကျောက်စက်သချိုင်းကို လူသေတွေ အပုံကြီး ရောက်လာလိမ့်ဦးမယ်။ ရှင်တို့ မသိဘူးလား. . ဒေါက်တလောက်က ဒီနည်းနဲ့ သချိုင်းကို စည်ကား အောင်လုပ်နေတာ. ." ဝင်ဒီက လေသံနဲ့ အတင်းအုပ်သလိုပြောတယ်။

ဘားလန်းက ဝင်ဒီ့ စကားကို မယုံနိုင်ပဲ ဖြစ်နေတယ်၊ ဒီကိစ္စတကယ်ဖြစ်ခဲ့မယ်ဆိုရင် ဒေါက်တလောက် တော်တော် ရက်စက်တာပဲ။ သူတို့ကားမှောက်တာလဲ သူ့ပယောဂမှကင်းရဲ့လားလို့ သံသယဖြစ်မိတယ်။ ဘားလန်းက သူထိုင်နေတဲ့ အုတ်ဂူပေါ်မှ စိတ်မငြိမ်စွာနဲ့ ဆင်းလိုက်ပြီး. . .

"ဒါသက်သက် ယုတ်မာတာပဲ၊ ဒီသတင်းမှန်ရင် တစ်နည်းနည်းနဲ့ ဒေါက်တလောက်လုပ်ရပ် မအောင်မြင်အောင် လုပ်သင့်တယ်၊ ဘယ်လိုလဲဂျိုး. . ကျွန်တော်ပြောတာ. ."

"ဟုတ်တယ်. . ကျွန်တော်တို့ လုပ်သင့်တယ်၊ ဒါပေမဲ့. . ဘယ်လိုလုပ်မလဲ. . ကျွန်တော်တို့ တတ်ထားတဲ့ မဖြစ်စလောက် ပညာလေးနဲ့. . ဟို. . ဟိုဥစ္စာ. . စကားလော့သွားပြီ ထင်တယ်. ."

ဘားလန်းက ပြုံးတုံးတုံးနှင့် ဂျိုးကိုကြည့်ရင်း. . "ဂျိုး. . ကျွန်တော်တို့ ဘာမှ မတတ်သေးဘူးလေ. . ဘာမှ မတတ်သေးဘဲနဲ့ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ. . ."

"ဩော်. . ဟုတ်တာပဲ. . တို့ဘာမှမတတ်ဘူး. . ဟဲ. . ဟဲ. ."

ဂျိုးက သူ့စကား မှားသွားမှန်းသိလို့ စပ်ဖြီးဖြီးနဲ့ ခေါင်းကုတ်ပြီး ဝင်ဒီကို ကြည့်တယ်။

ဝင်ဒီက တစ်ချက်ပြုံးလိုက်ပြီး. . "ရှင်တို့ ညာမနေပါနဲ့. . ရှင်တို့ကိုယ်ရှင်တို့လည်း ပြန်ကြည့်ပါဦး၊ တစ်ခုခု ပေါ်နေသလိုပဲ။ ကျွန်မပြောတာ ရှင်တို့ဝိညာဉ်တွေ အရင်တုန်းကလို မဟုတ်တော့ဘူး. . မြင်သာ ထင်သာလာတယ်၊ ရုပ်လုံးပေါ်နေတယ်။ ကျွန်မလည်း ဒါမျိုးလုပ်တတ်တယ်. . ဒါပေမဲ့ ကျွန်မက အခုမှတတ်တာ။ ရှင်တို့က သေတာ မကြာသေးဘူး၊ ကိုယ်ထင်ပြတတ်နေကြပြီ. . ရှင်တို့ ဘယ်လိုလုပ်တတ်တာလဲ. ."

"ကျွန်တော်တို့ ဒေါက်တာလောက် တပည့်တွေ သင်တန်းပေးတုန်း ခိုးကြည့်ထားတာပါ။ ဂျိုး. . ခင်ဗျားလုပ်တာနဲ့ ပေါ်ကုန်ပြီ. ." ဘားလန်းက ယုတ္တိရှိအောင် ကြိုးစားပြောတယ်။

"ရှင်တို့ သင်္ချိုင်းမှာ နေ့တိုင်း ဝိညာဉ်ကို လေနဲ့ခွဲမထားနဲ့. . ဒေါက်တာလောက် သတိထားမိရင် မေးနေဦးမယ်. ."

"သတိပေးတာ ကျေးဇူးတင်ပါတယ် ဝင်ဒီ. . ကျွန်တော်တို့ကိုတော့ ဒေါက်တာလောက်နဲ့ သွားမတိုင်ပါနဲ့နော်" ဂျိုးက စိုးရိမ်စွာနဲ့ ပြောတယ်။

"ရှင့်ကိုယ်ရှင်သာ ဒေါက်တာလောက်ဆီ သွားပြီး မပြောရင် သူမသိပါဘူး၊ ဒီပုံအတိုင်းသာ ရှင်တို့နေရင်တော့ ကျွန်မ မပြောလည်း သိမှာပဲ. ."

"ကောင်းပြီ. . ကျွန်တော်တို့ သတိထားပါမယ်. ."

"နောက်ပြီး ညည ရှင်တို့သင်္ချိုင်းကို ပြန်လာရင် ပုန်းလျှိုးကွယ်လျှိုးပြန်လာတာ. . အားလုံးက သိတယ်. . ရှင်တို့ အပြင်ထွက်တဲ့အချိန်နဲ့ ဒေါက်တာလောက်တို့ အပြင်ထွက်တဲ့အချိန် တူနေလို့သာ ဒေါက်တာလောက်က မသိတာ. . ဒါပေမဲ့ သင်္ချိုင်းမှာကျန်နေခဲ့တဲ့



အခြားဝိညာဉ်တွေကတော့ ရှင်တို့ တိတ်တိတ်ပြန်ပြန်လာတိုင်း သိတယ်။ ရှင်တို့နည်းက မကောင်းဘူး. . ကျွန်မမှာ နည်းလမ်းရှိတယ်. . ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ကတိပေးရင် ပြောပြမယ်. ."

"ဟုတ်ကဲ့. . ကတိပေးပါတယ်ဗျာ. . ပြောပြပါ. ." ဂျိုးက လက်မ ထောင်ပြီး ကတိပေးတယ်. .

"ဘားလန်းဆီကလည်း ကတိတောင်းဦးလေ"

"ဘားလန်းဆီက ကတိတောင်းစရာ မလိုပါဘူး. . သူက သူသိသလောက်ကို သူများတွေပြောပြမှာ မဟုတ်ဘူး၊ သူ့ကို ခြောက်လှန့်မေးလည်း သူမပြောချင်ရင် မပြောဘဲနေမယ့်သူ. . ရှင့်ကိုသာ ပြောရမှာ. . ရှင့်ကို ခြောက်လှန့်မေးရင် ရှင်ပြောမှာပဲ မဟုတ်လား ဂျိုး. . ."

"ဘာလဲ. . ငါက သေးကွေးလို့ အထင်သေးတာလား ဝင်ဒီ. . ငါဟာ ဘယ်သူ့သူငယ်ချင်းဆိုတာ နင်မေ့နေပြီ. ." ဂျိုးက မခံချင်စွာနဲ့ ပြန်ပြောတယ်။

"ကောင်းပြီ. . ဒါဆိုကျွန်မ ပြောပြမယ်. . ကျွန်မရဲ့ဂူထဲမှာ သျှို့ဝှက်အပေါက် တစ်ပေါက်ရှိတယ်၊ လျှို့ဝှက်ပေါက်ကနေ ကျောက်ခွဲစက်ရုံအဟောင်းကြီးအထိ သွားလို့ရတယ်၊ ရှင်တို့ ကျောက်ခွဲစက်ရုံ ပျက်ကြီးကို ရောက်ဖူးလား. . စက်ရုံက သင်္ချိုင်းရဲ့မြောက်ဘက် တောင်ကုန်းပေါ်မှာရှိတယ်၊ စက်ရုံရဲ့ ရေဆိုးမြောင်းပိုက် တစ်ခုက ကျွန်မဂူအောက်က ဖြတ်သွားတယ်. . အဲဒီပိုက်ကြီးက ကျွန်မဂူအောက်တည့်တည့်မှာ ပေါက်နေတာ ကျွန်မတို့ မောင်နှမ နှစ်ယောက်ပဲ သိတယ်. . အဲဒီအပေါက်က အဝင်အထွက်လုပ်လို့ရတယ်. . ရှင်တို့အကြောင်းကိုစွ အရေးတကြီးပေါ်ပေါက်ခဲ့ရင် အသုံးပြုနိုင်တယ်၊ အခုလောလောဆယ် ကျွန်မတို့ ကူညီနိုင်တာ ဒီတစ်ခုပဲရှိတယ်၊ ရှင်တို့ ကျောက်စက်သင်္ချိုင်းမှာ ကံကောင်းပါစေ. . ."

ဝင်ဒီနဲ့ ဇာမီးက ဘားလန်းတို့ကိုနှုတ်ဆက်ပြီး သူတို့ဂူ အသီးသီးရှိရာဆီကို ပြန်သွားတယ်။

"ကျွန်တော်တို့ကတော့ ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီမှတ်နေတာ. . ကျွန်တော်တို့ ကိုယ်တွေ ထင်ရှားနေတာ သူတို့က သိနေတယ်၊ တော်တော် မလွယ်တဲ့ကိစ္စပဲ. ." ဘားလန်းက ညည်းညူတယ်။

"ဟုတ်တယ်. . ကျွန်တော်တို့ သတိထားမှဖြစ်မယ်၊ သူတို့မောင်နှမကတော့ သဘောကောင်းတဲ့ပုံပဲနော်. . သူတို့က ကျွန်တော်တို့ကို တကယ်ခင်တာမှ ဟုတ်ရဲ့လားဘားလန်း. ."

"ဖြစ်နိုင်ပါတယ်. . သူတို့လည်း ကျွန်တော်တို့လို ဘယ်သူ့ကိုမှ ဒုက္ခ မပေးချင်တဲ့ ဝိညာဉ်တွေ ဖြစ်မှာပါ"

"သူတို့လည်း ဒေါက်တလောက်ကို မကြည်ဖြူလို့ ကျွန်တော်တို့နဲ့ပေါင်းစည်းချင်တဲ့သဘောလား၊ ဒါဆိုရင် ဒီည သူတို့ရဲ့အကူအညီယူသင့်တာပေါ့။ ကျွန်တော်ပြောတာ ကျွန်တော်တို့နဲ့အတူတူ လှုပ်ရှားသင့်တယ်ထင်တယ်။ အေးလေ. . ဝင်ဒီပြောသွားတဲ့စကားထဲမှာ ဒေါက်တလောက်ကို မယုံသာတဲ့သဘောပါတယ် မဟုတ်လား. ." ဂျိုးက သူ့အထင်ကို တစ်ယောက်ထဲ တွေးသံလို ပြောတယ်။

"တော်ပြီဂျိုးရာ. . ခင်ဗျားအထင်တွေ ပြောမနေနဲ့. . သူတို့ ကောင်းမကောင်း လက်တွေ့သိမှပြောကြတာပေါ့၊ ကျွန်တော်တို့ ဒီည ဘယ်လိုလုပ်မယ်ဆိုတာကို အရင်တိုင်ပင်ရအောင်၊ လာ. . ကျွန်တော်နဲ့လိုက်ခဲ့. ."

ဘားလန်းနဲ့ဂျိုးတို့ ဝိညာဉ်နှစ်ကောင်က သချိုင်းနဲ့ မနီးမဝေးမှာရှိတဲ့ ချယ်ရီပင်တန်းဘက်ကို ထွက်လာခဲ့ကြတယ်။

ပန်းနုရောင်သန်း ချယ်ရီပန်းတွေက လမ်းဘေးတစ်ဖက်တစ်ချက်မှာ အစီအရီ ပွင့်ဖူးနေတာကို ငေးကြည့်ရင်း ဘားလန်းဟာ သူ့အတိတ်ဖြစ်စဉ်တွေကိုစဉ်းစား နေမိပြန်တယ်၊ ချစ်သောမေလီကို ဘမ်းတ လွမ်းဆွတ်ခြင်းများစွာနဲ့ သတိရလို့သာနေတော့တယ်။ ဆောင်းလက်ကျန် ချယ်ရီပန်းတွေက နှင်းပွင့်တွေနဲ့အတူ လေမှာဘဖွဲ့ဖွဲ့ ကြွေဆဲဝေဆဲ လွင့်မျောဆဲပါပဲ. .

ထိုအချိန်မှာ ဂျိုးရဲ့စကားသံကြောင့် ပြန်လည် သတိဝင်လာတယ်။

"ဘယ်လိုလဲဗျို့ . . . ခင်ဗျား လူ့ဘဝကို သတိရနေပြီမဟုတ်လား၊ ကျွန်တော်ကတော့ သတိ မရချင်တော့ဘူး။ ဒါပေမဲ့ အခုလို လေနဲ့အတူလွင့်မျောနေတဲ့ ချယ်ရီပန်းတွေကို မြင်တော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပါပဲ။ မှုန်ဝါးတဲ့ဝိညာဉ်ဘဝကို ငက်ဆုပ် မိတယ်. . တကယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက် သူသားဘဝမှာ သူငယ်ချင်းဖြစ်ရရင် ဘယ်လောက်ပျော်စရာကောင်းမလဲ. . တကယ်ပဲ. . လူ့ဘဝတုန်းက ခင်ဗျားလို ကျွန်တော့်ကို စာနာ ထောက်ထားတဲ့သူ တစ်ယောက်မှ ဟုတ်တိ ပတ်တိ မရှိခဲ့ဘူး၊ တစ်ခါတစ်လေတော့လည်း လူ့ဘဝဟာ စိတ်ပျက်စရာပါဘာ. . [illegible]ကြီးနိုင်ငယ်ညှင်းလုပ်နေကြပြီး ညစ်ပတ်ချင်တဲ့လူတွေက

အများကြီးပဲ မဟုတ်လား. . လက်ရှိ ဘဝမှာပဲ ပျော်အောင် နေစမ်းပါ. . ”

ဂျိုးက သူခင်မင်မိသော ဘားလန်းကို လက်ရှိဘဝမှာ နေပျော်ဖို့ နှစ်သိမ့်စကား ဆိုရင်းက. .

“ဒါနဲ့ ကျွန်တော်တို့ ဘယ်လိုလုပ်မလဲ. . ဒီညအစီအစဉ်. . ကျွန်တော့်စိတ်ထဲမှာတော့ ဘာမှမရှိဘူး၊ ခင်ဗျားဆန္ဒရှိရင်တော့ လိုက်ဖို့ အသင့်ပါပဲ. . ”

“ဟုတ်တယ်. . ဂျိုး၊ ကျွန်တော်တို့ ဒီည ပထမခြေလှမ်း အနေနဲ့ လူသားတွေကို ကူညီရမယ်။ ဒေါက်တလောက် အကြံအစည်ကို တစ်နည်းနည်းနဲ့ ရအောင် ဖျက်ရမယ်ဗျ။ ခင်ဗျားနဲ့ ကျွန်တော်က မောင်းလာတဲ့ ကားတွေကို သချိုင်းတောင်တက်လမ်း မရောက်ခင်မှာ အရှိန်လျှော့အောင် လုပ်ရမယ်။ အဲဒါဆိုရင် ကားတွေ တောင်ပေါ်ကို အရှိန်နဲ့တက်မှာ မဟုတ်တော့ဘူး။ ကားက အရှိန်သိပ်မပြင်းရင် ဟိုဘက်အဆင်းမှာလည်း မမှောက်နိုင်တော့ဘူးပေါ့။ ဒီလိုလုပ်. . ခင်ဗျားက ခရီးသည်အနေနဲ့ ကားကိုတား၊ ကျွန်တော်က ကားသမားကို သတိပေးမယ်၊ ရှေ့တောင်အဆင်းမှာ လမ်းပျက်နေတယ်၊ ဖြည်းဖြည်းမောင်းလို့ပြောမယ်. . . ”

“ဖြစ်ပါ့မလား ဘားလန်း၊ ကျွန်တော်တို့ ကိုယ်ထင်ပြတာတော့ ဟုတ်ပါပြီ၊ သူတို့က မြင်ပါ့မလား. . ”

“အဲဒါတော့ ကျွန်တော်လည်း အာမ မခံနိုင်ဘူး. . ကြိုးစားတော့ကြည့်ရမှာပဲ၊ ဒေါက်တလောက်တို့က ဟိုဘက် တောင်ဆင်းလမ်းကနေ ကားမှောက်အောင်ခြောက်လှန့်လိမ့်မယ်။ ကျွန်တော်တို့က တောင်ရဲ့အတက်ကနေ လက်ဦးမှု ရအောင်ယူရမယ်။ တကယ်လို့ ဒေါက်တလောက်(သို့)အခြားဝိညာဉ် တစ်ကောင်ကောင်က ကျွန်တော်တို့ဘက်ကို ဆင်းလာရင်တော့ ဘာမှစဉ်းစားမနေနဲ့ ဂျိုးရေ ဝင်ဒီ ပြောတဲ့ ကျောက်ခွဲစက်ရုံကို ပြေးကြတာပေါ့။ မမှောင်ခင် တောင်တက် ကားလမ်းရဲ့ဘေး ခြုံပုတ်တွေထဲကို နေရာယူထားရမယ်. . လာ. . လာ. . အခုကျောက်ခွဲစက်ရုံ အဆောက်အဦကို



သွားလေ့လာရအောင်၊ လျှို့ဝှက်အပေါက်ရှိတဲ့နေရာက ဝင်ဒီပြောတာတော့ ရေဆိုးပိုက်လိုင်းပေါက်ပဲ. . တိတိကျကျဘယ်နေရာမှာ ရှိတယ်ဆိုတာ အရင်သိထားဖို့လိုမယ်. . ”

“ဘားလန်းရေ. . ခင်ဗျားကိုအားကိုးလို့သာ၊ မိုက်ရမှာ မျက်ခုံးကတော့ ခတ်လှုပ်လှုပ်ပဲ၊ ကျွန်တော်တို့ ဒုက္ခ မရောက်နိုင်ပါဘူးနော်. . ဒီကိစ္စ ဒေါက်တလောက် ရိပ်မိသွားရင် ခင်ဗျားကို ဘယ်လို စီရင်ချက် ချမယ်ဆိုတာ နောက်. . ကျွန်တော့်ကိုတော့ အစိမ်းလိုက် အရင်မြိုချလိမ့်မယ်ဗျ. . ” ဂျိုးက သူ့လက်ကလေးနဲ့ သူ့ခေါင်းသူပွတ်ပြီး ပြောတယ်. .

“ဂျိုး. . ခင်ဗျားကြောက်နေပြန်ပြီလား၊ မှန်ကန်တဲ့ လုပ်ရပ်. . ကောင်းမွန်တဲ့လုပ်ငန်းကို ကျွန်တော်တို့ လုပ်ကြတာပဲဗျာ၊ ဒုက္ခရောက်တော့လည်း ဘာအကြောင်းလဲ. . ”

ဂျိုးက ဘာမှပြန်မပြောပဲ ငူငူကြီးလုပ်နေတယ်. .

“ကောင်းပြီလေ. . ခင်ဗျား မလုပ်ချင်ဘူး၊ မလုပ်ရဲဘူးဆိုရင်လည်း သချိုင်းပြန်ပြီး အေးအေးဆေးဆေး အနားယူကြတာပေါ့. . ” ဘားလန်းက ဂျိုး စိုးရွံ့နေတာကို သနားလို့ အစီအစဉ်ဖျက်ဖို့ ပြောတယ်. .

“ကျွန်တော်ပြောတာ ဒီလိုလည်း မဟုတ်သေးဘူးလေ. . ဒေါက်တလောက်ကို ကြောက်တယ်ဆိုတာက တစ်မျိုး၊ ခင်ဗျားနဲ့ အတူတူ အလုပ်တွဲလုပ်ချင်တာက တစ်မျိုး. . နောက်ဆုံးတော့ ခင်ဗျားအလိုကို လိုက်ရဖို့ပဲ ရှိတာပေါ့၊ လာဗျာ. . ကျောက်ခွဲစက်ရုံ ဟောင်းကို သွားကြစို့. . ဒင်းစက်ရုံမှာ ဘာတွေရှိတယ်ဆိုတာ ကျွန်တော်လည်း သိပ်သိချင်တာပဲ. . ”

ဘားလန်းနဲ့ ဂျိုးက စက်ရုံရှိရာဘက်ကို ထွက်လာကြတယ်။ သချိုင်းရဲ့မြောက်ဘက် မတ်စောက်စောက် လမ်းကလေးအတိုင်း တက်လိုက်တယ်ဆိုရင်ပဲ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက အသုံးပြုခဲ့တဲ့ ကျောက်ခွဲစက်ရုံဟောင်းကို ရောက်လာတယ်။ ပျက်စီးဟောင်းနွမ်းနေတဲ့ အဆောက်အဦအကျိုးအပဲ့တွေကို သစ်ပင်ခြုံနွယ်တွေက

ဖုံးအုပ်ထားတယ်။ ကြီးမားတဲ့သစ်ပင်ကြီးတွေက ဂူအဆောက်အဦကို ဝိုင်းရံထားတယ်၊ အစိမ်းရောင်ရေညှိတွေနဲ့ ကျိုးပဲ့နေတဲ့ အဆောက်အဦးဝင်ပေါက်ဟာ ကြီးမားတဲ့ ပင့်ကူအိမ်တွေ၊ ပြုတ်ကျနေတဲ့ ထုတ်တန်းတွေနဲ့ ရှုပ်ယှက်ခတ်နေတယ်။ အတွင်းဘက်မှာလည်း အလင်းရောင်အားနည်း မှောင်မည်းနေတာတွေ့ရတယ်။ ဘားလန်းနဲ့ ဂျိုးက အဆောက်အဦ ပတ်ဝန်းကျင်ကို ခေတ္တလေ့လာပြီး ထိုဝင်ပေါက်မှ အတွင်းကို ဝင်ရောက်လာခဲ့တယ်။ အထဲမှာ ရှည်လျားကျယ်ဝန်းတဲ့ ခန်းမတစ်ခုနဲ့ စက်ရုံလည်ပတ်စဉ်အခါက အသုံးပြုခဲ့တဲ့ စက်ပစ္စည်းတွေနဲ့ ကျောက်မှုန့်တွေ ပေပွနေတာကို တွေ့ရတယ်၊ အခြားတစ်ဖက်မှာ အခန်းတွေနဲ့ တစ်ဆက်တည်း ကျောက်သယ်လမ်းကို ရထား သံလမ်းငယ်တွေနဲ့ ဖောက်လုပ်သွယ်တန်းထား တယ်။ အတွင်းဘက်မှာ မြေအောက်ခန်းတွေလည်းရှိတယ်။ ခေါင်မိုး အတွင်းဘက်တွေမှာ ကြီးမားတဲ့ လင်းနို့ကြီးတွေက နေရာလွတ်မကျန် တွဲခိုအိပ်စက်နေကြတယ်။ ဂူလင်းနို့ငှက်တွေက ဘားလန်းနဲ့ ဂျိုးတို့ဝင်လာတော့ အိပ်ရေးပျက်သွားပြီး မျက်လုံးနီနီတွေနဲ့ ပြူးပြဲ ဝိုင်းကြည့်နေကြတယ်။

ဘားလန်းနဲ့ ဂျိုးက ကြောက်ကြောက်လန့်လန့်နဲ့ ရေဆိုးမြောင်းပိုက်တွေကို လိုက်ရှာနေတယ်၊ ဘားလန်းက တစ်ခန်းဝင်တစ်ခန်းထွက် ရှာဖွေတယ်။ ဂျိုးက နောက်ကနေ ဘားလန်းအင်္ကျီစကိုဆွဲပြီး တုန်တုန်ရီရီနဲ့ လိုက်လာတယ်။ ခဏအကြာမှာပဲ မြေအောက်ခန်းထဲမှာ ပိုက်လုံးကြီးတစ်ခုကို တွေ့ကြတော့တယ်။

"ဂျိုး. . ဝင်ဒီပြောလိုက်တာ ဒီပိုက်ဖြစ်မယ်။ အခြားပိုက်တွေက သေးလွန်းတော့ လျှို့ဝှက်ပေါက်မဖြစ်နိုင်ဘူး။ ဒီပိုက်ကတော့ နည်းနည်းကျယ်တယ်။ အထဲကိုဝင်သွားပြီး သချိုင်းကို ရောက်မရောက်သွားကြည့်ရမယ်။ ဂျိုး. . ခင်ဗျား ရှေ့က ဝင်ဗျို့. . ."

"ဟိုး . . ဟိုး . . ဟိုး . . ဒီလိုမလုပ်နဲ့လေ။ ခင်ဗျားရှေ့ကဝင်ပါ. ." ဂျိုးက လက်နှစ်ဖက် ကာပြီး ငြင်းတယ်။



"ခင်ဗျားက ဝိညာဉ်ဖြစ်ပြီးတော့ ကြောက်နေသေးတယ်. ."

"ဝိညာဉ်လည်း အသိရှိတာပဲ. . ကြောက်တာပဲ. ."

ဘားလန်းက စကား များမနေတော့ဘဲ ရှေ့မှ ဦးဆောင်ဝင်ရောက်သွားတယ်။ ရေမြောင်းပိုက်ဟာ မြေအောက်ထဲကို မသိမသာ နိမ့်ဆင်း သွယ်တန်းထားတယ်။ ပိုက်လိုင်းအတိုင်း ကွေ့ပတ်ဝင်လာခဲ့ပြီး ပေါက်နေတဲ့နေရာတစ်ခုက ထွက်လိုက်တော့ ဝင်ဒီရဲ့ဂူထဲကို ရောက်သွားတယ်။ ဂူထဲမှာ အိပ်စက်နေတဲ့ ဝင်ဒီ့ကို ဘားလန်းတို့က တွန်းဖယ်ပြီး တိုးထွက်လာကြတယ်။

"ရှင်တို့ကတော့ လုပ်ပြီ. . အိပ်ကောင်းခြင်း မအိပ်ရ. . ရှင်တို့ကိုပြောမိတာ နေ့တိုင်းအိပ်ရေးပျက်ရတော့မယ်ထင်တယ်. . အခြားသူတွေ အိပ်စက်အနားယူနေတဲ့အချိန်မှာ ရှင်တို့နှစ်ယောက်က မအိပ်ဘဲ ဘာတွေစပ်စုနေတာလဲ. ."ဝင်ဒီက အိပ်မှုန်စုံမွှားနဲ့ ပြောတယ်၊ သူမအသံက တဝေါဝေါနဲ့. . ရေတံခွန်ကရေကျနေသလိုပဲ။

"ဘားလန်း. . ရှင်ကတော့ တကယ်ပဲ. . ရှင့်ကို ဒေါက်ဘလောက် သတိထားမိတာ ဘာမှမဆန်းဘူး. . ကဲ. . ကိုယ့်နေရာကိုယ် ပြန်ကြတော့၊ ရှင်တို့ ဒီညလည်း ကသောကမျောနဲ့ ဒီအပေါက်က ရောက်လာဦးမယ်မဟုတ်လား. . ဒီအဖြစ်တွေသာ ဒေါက်ဘလောက်သိသွားရင် ကျွန်မလည်း သက်သာမယ် မထင်ဘူး၊ အဲဒီတော့ ရှင်တို့ သိပ်အတင့်မရဲကြပါနဲ့. . အစ်ကိုကတော့ ပြောတယ်. . ရှင်နဲ့မိတ်ဆွေဖြစ်ရတာ သူ မျက်ခုံးလှုပ်တယ်တဲ့. . တစ်ခုခု ဖြစ်လာသိမ့်မယ်လို့ သူကပြောတယ်၊ ကျွန်မ အစ်ကိုက မကြောက်တတ်ပါဘူး. . ခြွင်းချက်အနေနဲ့ ဒေါက်တလောက်ကိုသာ ရင်မဆိုင်ရဲဘာ. . ကျွန်မလည်း ကျွန်မ အစ်ကိုနဲ့ သဘောထား မကွဲဘူး. . ဒါပေမဲ့ ကျွန်မတို့ မောင်နှမ ရှင်တို့အပေါ်မှာ ဘယ်လိုသဘောထားနဲ့တယ်ဆိုတာ. . ဟုတ်တယ်. . ကျွန်မ ရှင့်ကို ကူညီချင်တယ်. ."

"ဝမ်းနည်းပါတယ် ဝင်ဒီ. ." ဘားလန်းက ဝင်ဒီ့ကို အားနာနာပြောတယ်။

"ကျွန်တော်နဲ့ မိတ်ဆွေဖြစ်ရတာ ခင်ဗျားတို့ အတွက်တော့ စိတ်ပျက်စရာတွေ ဖြစ်နေရပြီပေါ့. . ကျွန်တော် စိတ်မကောင်းပါဘူး၊ ဟုတ်ပါတယ်. . ကျွန်တော်ကလည်း အားလုံးနဲ့ လိုက်လျောညီထွေဖြစ်အောင်နေဖို့ မကြိုးစားမိဘူး. . ကျွန်တော် ပြောချင်တာက ခင်ဗျားတို့ကို ပျော်စေချင်ပါတယ်. ."

ဝင်ဒီက ဘားလန်းကို နားလည်သော အကြည့်နဲ့ ကြည့်တယ်။ သူမ အကြည့်က စိတ်ဝင်တစားပဲ။

"ဘားလန်း. . ရှင့်ကို ကျွန်မ အများကြီး နားလည်တယ်၊ ရှင့်လိုပိညာဉ်မျိုး ကမ္ဘာပေါ်မှာရှိတဲ့ သချိုင်းတွေတိုင်းမှာ ရှိသင့်တယ်၊ ကျွန်မတို့သချိုင်းကို ရှင်ရောက်လာတာ ကျွန်မအတွက်တော့ ဘုရားသခင်က ပေးတဲ့ အကောင်းမွန်ဆုံး လက်ဆောင်ပဲ၊ ကျွန်မ ဆိုလိုတာက မိတ်ဆွေကောင်းရှိဖို့လိုတယ်လေ. . ကျွန်မ အစ်ကိုကလည်း ရှင့်ကို ခင်နေတယ်၊ ဒါပေမဲ့ လောလောဆယ် ရှင်တို့နှစ်ယောက် ကျွန်မဂူထဲမှာ ရှိနေတာကို အခြားပိညာဉ် တစ်ကောင်ကောင်က မြင်သွားရင် ဘယ်နည်းနဲ့မှ ထိုပါးစပ်ကိုပိတ်လို့ရမှာ မဟုတ်ဘူး. ."

ဂျိုးက ဝင်ဒီ့စကားကြောင့် ပြုံးပြုံးကြီးလုပ်ပြီး ဂူအပြင်ဘက်ကို သတိနဲ့ထွက်လာတော့တယ်။ ဘားလန်းလည်း ဂျိုးနောက်က လိုက်ထွက်လာတယ်၊ ဘားလန်းက ရယ်ချင်တဲ့ပုံနဲ့. . .

"ဝင်ဒီပြောတာ ကျွန်တော် မစဉ်းစားမိဘူး. သူပြောသလို တစ်ယောက်ယောက်က မြင်သွားရင် ကျွန်တော်တို့ကို ဘာပြောမယ် ထင်လဲ. . ဂျိုး"

"မြင်တဲ့သူက ကျွန်တော်သာဆိုရင်. . ဝင်ဒီ့အနေနဲ့ လောဘကြီးတယ်လို့ ပြောမိမှာပဲ. . ဟဲ. . ဟဲ. ."

ဂျိုးက စပ်ဖြီးဖြီးနဲ့ ပြောပြီး သူ့စကားသူ သဘောကျနေတယ်။

အပြင်ဘက်က အလင်းရောင်ဟာ တဖြည်းဖြည်းငုပ်လျှိုးသွားတယ်။ အရောင်မွဲမွဲ ဆည်းဆာ လက်ကျန်က ဘားလန်းနဲ့ဂျိုးတို့ကို လုပ်ငန်းခွင်ဝင်ဖို့အချက်ပြနေသလိုပဲ။ သုသာန်ထဲမှာ ဝိညာဉ်တွေ နိုးထလာကြတယ်။ သချိုင်းက စည်စည်ကားကားဖြစ်လာတယ်။ ဒေါက်တလောက်က သူ့ရဲ့ရှည်လျားတွန့်လိမ်နေတဲ့ဆံပင်တွေကို လှုပ်ယမ်းရင်း ဘားလန်းတို့ ဂူဘက်ကို လှမ်းကြည့်နေတယ်။ ဂူပေါ်မှာ ထိုင်နေတဲ့ ဂျိုးက စိတ်မလုံ့စွာခေါင်းငုံ့ထားတယ်။ ဘားလန်းကတော့ ဒေါက် တလောက်ကို ခပ်တည်တည်နဲ့ ပြန်ကြည့်မိတယ်။ ဒါပေမဲ့ သိပ်အကြာကြီးတော့ ကြည့်မနေဘူး။ ဒေါက်တလောက်က ဘားလန်းကို ခေါင်းဆတ်ပြီးလှမ်းခေါ်တယ်။

"ချာတိတ်. . ငါတို့ ဒီည အလုပ်ရှိတယ်။ ဒါပေမဲ့ မင်းကိုတော့ ခေါ်သွားလို့ မဖြစ်ဘူး။ မင်းက ငါ့အလုပ်မှာ ဟီးရိုး ဝင်လုပ်ရင် မင်းအပြစ်ပေးခံရမှာက နောက်. . ငါစိတ်ညစ်မှာက အရင်. . ဒီတော့ မင်းတာဝန်က ဒီည သချိုင်းကို စောင့်ရမယ်၊ တစ်ညလုံး မင်းခြေထောက်ကို အသုံး မပြုရဘူး. . နားလည်လား။ ငါပြန်လာလို့ အခြားတစ်နေရာမှာ ရောက်နေရင်တော့ မင်းရဲ့ဝိညာဉ်လှလှလေးကို ငါ့ထက်ရုပ်ဆိုးအောင် မိတ်ကပ်လိမ်းပေးမယ်. . မင်းလိမ္မာမယ်လို့ မျှော်လင့်တယ်. ."

ဒေါက်တလောက်က မြေခွေးလို အပြုံးနဲ့ နိုင့်ထက်စီးနင်း ပြောတယ်။ သူ့အပြုံးက သွားတွေအကုန်ပေါ်အောင် တမင်သက်သက်ပြုံးခြင်းမျိုး. . သူ့ရဲ့ချွန်ထက်တဲ့အစွယ်တွေဟာ အဝါရောင်ကနေ အညိုရောင်ကို ပြောင်းလုနီးပါးပဲ။ သူ့နဖူးတည့်တည့်က ရွံစရာကောင်းတဲ့ ဒဏ်ရာကြီးတစ်ခုကို ဘားလန်းက စပ်စုတဲ့အကြည့်နဲ့ ကြည့်နေမိတယ်။ သွေးညှီနံ့တထောင်းထောင်း ထနေတဲ့ ၎င်းရဲ့ အင်္ကျီရှည်ကြီးဟာလည်း အနီရောင်တစ်ဝက်၊ အမဲရောင်တစ်ဝက် စုတ်ပြတ်ပေါက်ပြဲနေတယ်။ သူ့ပုံစံက အနီးကပ်ကြည့်ရင် ပိုကြောက်စရာကောင်းတာ တွေ့ရတယ်. . သူ့ရဲ့ ဥပဓိရုပ်ကြောင့် မြင်တွေ့ရတဲ့သူတိုင်းဟာ ဆိုးဝါးတဲ့သရဲတစ်ကောင်ဆိုတာကို မပြောဘဲနဲ့ တန်းသိမှာပဲ. . ဒေါက်တလောက်က ဂျိုးကိုလည်း အလွတ် မပေးဘူး. . လှမ်းခေါ်ပြန်တယ်။

"ဟိုမှင်စာကောင်လေး. . မင်းက အဲဒီဂူပေါ်မှာ ထိုင်ပြီးတော့ မင်းအဖေကို မျှော်နေတာလား. . မင်းအဖေ မသေလောက်သေးဘူးကွ. . ဒါပေမဲ့ သူလည်း သေမှာပါကွာ. . အသက်ကြီးပြီပဲ. . ငါ့အထင် သိပ်မကြာလောက်တော့ပါဘူး. . ဟဲ. . ဟဲ. . ငါ့ဆီကို လာခဲ့စမ်းပါဦး မှင်စာကလေး. . "

ဂျိုးက ဒေါက်တာလောက်ရဲ့ နိုင့်ထက်စီးနင်း ရိသဲ့သဲ့စကားမဆုံးခင်မှာ ပေကပ်ကပ်နဲ့ ရောက်လာတယ်။

"ဒီည မင်းကိုလည်း အလုပ်ပေးရမယ် ဗလကြီး. . မင်းငါတို့နဲ့လိုက်ခဲ့ရမယ်. . တစ်ညလုံး ငါတို့နဲ့အတူ ရှိနေရမယ်။ ဗလကြီးကို အားကိုးပါတယ်ကွာ ဟား. . ဟား. . ဟား. . . ဟိုတစ်ခါကလိုတော့ လစ်ပြန်မယ် စိတ်မကူးနဲ့ နာနာဘာဝလေး။ ငါမသိဘဲ ပြန်ပြေးရင် မင်းကို ထင်းရှူးပင်မှာ ဇောက်ထိုး ချိထားမယ်. . ."

ဒေါက်တာလောက် ပြက်လုံးကြောင့် သူ့တပည့်တွေက ဂျိုးကို ကြည့်ပြီး ဟားတိုက် ရယ်မောနေကြတယ်။ ထိုအထဲမှာ ကားသမားနဲ့ ရေကူးမယ်တို့က အဆိုးဝါးဆုံး လှောင်ရယ်သံနဲ့ ခွက်ထိုးခွက်လန် ရယ်နေတယ်။ ဂျိုးက မခံချင်စိတ်နဲ့ လက်သီးကို ဆုပ်ပြီး ပြန်ကြည့်တယ်။

"ဆရာ. . ကျွန်တော်တို့ကို သူ့ဗလကြီး ထုတ်ပြီး ပြန်ကြည့်နေတယ်. . . " ကားသမားက ဒေါက်တာလောက်ကိုပြောရင်း ဆက်ပြီး လှောင်ရယ်နေပြန်တယ်။

အခြားဝိညာဉ်တွေက ဒေါက်တာလောက်တို့အဖွဲ့နဲ့ နီးနီးကပ်ကပ် မနေဘဲ ဂျိုးကို အဝေးကသာ သနားနေကြတယ်။ တဖြည်းဖြည်းနဲ့ အမှောင်ထုက ကြီးစိုးလာတယ်။ အဝေးက ကားလမ်းပေါ်မှာ ကုန်တင်ကားတချို့ အင်ဂျင်စက်သံ တဂီးဂီးနဲ့ ဖြတ်မောင်းသွားသံကြားရတယ်။ ဘားလန်းက သူနဲ့ ဂျိုးကို လှောင်ရယ်နေတဲ့ ဒေါက်တာလောက်တို့အဖွဲ့ကို ကျောခိုင်းပြီး သူ့ဂူရှိရာကို စိတ်ပျက်စွာ ပြန်လာခဲ့တယ်။ ဂျိုးတော့ ဒေါက်တာလောက်တို့နဲ့ ဒီည လိုက်ရမယ်တဲ့. . ဘားလန်းက ဂျိုးကို သနားနေတယ်။ ဂျိုးရဲ့မျက်နှာဟာ



အေးစက် မာကျောနေတယ်။ သူ့ကိုဒီလိုသာ ဆက်လှောင်ခံနေရမယ်ဆိုရင် ဒေါက်တာလောက်ကို စပြီးတိုက်ခိုက်ဖို့ ဝန်မလေးဘူးဆိုတာကို ဘားလန်း သိလိုက်ရလို့ တစ်နည်းအားဖြင့်တော့ ဂျိုးကို အထင်ကြီးကျေနပ်မိတယ်။ အခြားဝိညာဉ်တွေနဲ့အတူ ဝင်ဒီတို့ မောင်နှမကိုလည်း တွေ့ရတယ်၊ ဇာမီးက သူ့နားရောက်လာပြီး နှစ်သိမ့်စကားပြောတယ်။

"ဂျိုးအတွက်တော့ စိတ်မကောင်းပါဘူး. . ကျွန်တော်တို့မောင်နှမလည်း လိုက်ရမှာဆိုတော့ ကျွန်တော် သူ့ကို ဆွဲထိန်းထားလို့ရပါတယ်။ ခင်ဗျား ဒီည သင်္ချိုင်းမှာ ရှိနေမယ်ဆိုရင်တော့ ခင်ဗျားအတွက် အကောင်းဆုံး ဆုံးဖြတ်ချက်ပဲ။ ဝင်ဒီကတော့ ခင်ဗျားဒီမှာရှိနေမှာ မဟုတ်ဘူးလို့ ကျွန်တော့်ကို တိုးတိုး ကပ်ပြောတယ်။ အခြေအနေအရ ခင်ဗျားကို မကူညီနိုင်တာ စိတ်မကောင်းပါဘူး ဘားလန်း. . ကျွန်တော်တို့တော့ လိုက်သွားရဦးမယ်. . ကိုယ်မလုပ်ချင်တဲ့အလုပ်ကို အတင်းအကြပ်စေခိုင်းလို့ လုပ်ရတာလောက် စိတ်ပျက်စရာကောင်းတာ ဘာမှမရှိဘူးဗျာ. . "

ဇာမီးကပြောပြီး ပျင်းရိစွာပဲ အခြားဝိညာဉ်တွေနဲ့ ရောနှောသွားတယ်။ ဒေါက်တာလောက်တို့ အုပ်စုဟာ အလင်းရောင်လုံးလုံးပျောက်သွားမှ သင်္ချိုင်းထဲက တရုံးရုံးထွက်ခွာသွားကြတော့တယ်။ ဒေါက်တာလောက်တို့ ထွက်သွားပြီးနောက် မထင်မရှားဝိညာဉ်တွေဟာ တစ်စတစ်စပေါ်လာပြီး ဘားလန်းနားကို အသီးသီးရောက်လာကြတယ်။ သူတို့ဟာ အသက်ကြီး ဝိညာဉ်တွေနဲ့ အသက်ငယ်တဲ့ ကလေးဝိညာဉ်တွေသာဖြစ်တာကို တွေ့ရတယ်၊ ဘားလန်းက သူတို့ကို အံ့ဩစွာကြည့်ပြီး. . .

"ခင်ဗျားတို့ကို ဒီသင်္ချိုင်းမှာ တစ်ခါမှမမြင်ဖူးဘူး. . ခင်ဗျားတို့က ဘယ်ကလဲ. . . "

ခြေကျိုးဝိညာဉ်အဖိုးကြီး တစ်ကောင်က ကုန်းကုန်းကွကွနဲ့ သူ့ဆီကို လျှောက်လာရင်း. .

"ငါတို့က မင်းနဲ့ သချိုင်းတစ်ခုထဲသားတွေပါ။ ငါတို့ဒေါက်တလောက်ကို ကြောက်လို့ အားလုံး ကိုယ့်နေရာမှာကိုယ် မထင်မရှား နေနေကြရတာလေ. . ငါ ဒီသချိုင်းကို ရောက်တာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိပါပြီကွာ. . ငါတို့က အိုနာကျိုးကန်း ဝိညာဉ်တွေပါ. . ဘာမှ သုံးစားလို့ မရတော့ပါဘူး. . ဒီသချိုင်းမှာ ကလေးဝိညာဉ်တွေလည်း အများကြီးရှိတယ်။ ဒေါက်တလောက်တို့ ခုလိုထွက်သွားပြီဆိုမှ လွတ်လွတ်လပ်လပ်နေကြရတာ။ သူတို့ပြန်လာရင်တော့ ကိုယ့်ဂူကိုယ်ပြန်ပြီး တိတ်တိတ်ကလေးနေရတယ်။ အဲဒါငါတို့ဘဝပဲ. . ဒေါက်တလောက်က ငါတို့ သူ့ရှေ့ဖြတ်သွားတာတောင် မကြိုက်ဘူး။ သူဒေါသထွက်ရင် ကလေးရော လူကြီးရောအားလုံးကို ဒုက္ခပေးတော့တာပဲ. . စိတ်ပျက်စရာ. . သူကဝိညာဉ်ချုပ်တတ်တယ်လေကွာ. . သချိုင်းထဲက ဇရပ်ပျက်ကြီးအောက်မှာ သူဖမ်းချုပ်ထားတဲ့ ဝိညာဉ်တွေ နည်းမှမနည်းပဲ. . မင်းကိုလည်း တစ်နေ့ကျရင် အဖမ်းခံရမယ်လို့ ဝိညာဉ်တော်တော်များများက ပြောနေကြတယ်၊ ဒါပေမဲ့ မင်းကိုတော့ လွယ်လွယ်နဲ့သူဖမ်းချုပ်လို့ မရလောက်ဘူးလို့ ငါထင်တယ်. . လွယ်လွယ်နဲ့ဖမ်းချုပ်တော့ မခံနဲ့ပေါ့ ဘားလန်း. . ငါ့ကိုသာကြည့်. . အခုငါ့ခြေထောက်တောင် သူရိုက်ချိုးထားလို့ လမ်းကောင်းကောင်းမလျှောက်နိုင်တော့ဘူး. . ကြည့်မရလို့လို့ပြောတာပဲ. . . "

ခြေကျိုးပြီး လမ်းကောင်းကောင်း မလျှောက်နိုင်တဲ့ ဝိညာဉ်အဖိုးကြီးက ဘားလန်း မသိသေးတဲ့ သူတို့ဘဝ အခြေအနေကိုပြောပြတယ်။ အခြား ဘဝတူပုန်းခို ဝိညာဉ်တွေကလည်း တစ်ယောက်တစ်မျိုး ပြောဆိုပြီး ဘားလန်းကို ကိုင်တွယ် စမ်းသပ်ကြည့်ကြတယ်။ ကလေးဝိညာဉ်တွေက ဘားလန်းကို ချစ်ခင်အားကိုးတဲ့အကြည့်တွေနဲ့ ငေးကြည့်နေကြတယ်။ ဘားလန်းက သူ့အနားကကလေးတွေ ကို ဖက်တွယ်ထားပြီး. .

"ခင်ဗျားတို့အဖြစ်ကို ကြားရတာ ကျွန်တော် စိတ်မကောင်းပါဘူး. . တစ်ချိန်ချိန်မှာ ခင်ဗျားတို့ကို ကျွန်တော် ကူညီနိုင်ပါစေလို့



ဘုရားသခင်ဆီမှာ ဆုတောင်းပါတယ်။ ခင်ဗျားတို့လည်း ဆုတောင်းကြပါ။ ဒေါက်တလောက် မရှိတုန်း လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေကြပါ. . ကျွန်တော်တော့ ခင်ဗျားတို့ ဘဝကိုကြည့်ပြီးစိတ်ပင်ပန်းသွားပြီ၊ ကျွန်တော့်ဂူမှာပြန်ပြီး အနားယူရင်း တွေးတောလိုက်ဦးမယ်ဗျာ. . ခွင့်ပြုကြပါ. . . "

ဘားလန်းက အားလုံးကို နှုတ်ဆက်ပြီး သူ့ဂူထဲကို ဝင်ရောက်သွားတယ်။ ဂူအပြင်ဘက်က ဝိညာဉ်တွေရဲ့ အသံဗလံ မကြားရတော့မှ ပုန်းကွယ်ထွက်လာရင်း ဘယ်သူမှ မသိအောင် ဝင်ဒီဂူထဲကို အမြန်ဝင်ပြီး လျှို့ဝှက်ပေါက်က တဖြည်းဖြည်းထွက်ခဲ့တယ်။ သချိုင်းဘက်က ကလေးဝိညာဉ်တွေအချင်းချင်း စကားပြောနေသံကို ကြားနေရသေးတယ်။

"သူ သူ့ဂူထဲမှာ ရှိမနေတော့ဘူးလို့ ငါထင်တယ်. . " ကလေးဝိညာဉ်တစ်ကောင်က ထင်ကြေးပေးတယ်။

အခြားကလေး တစ်ယောက်က. . .

"သူရှိတာ မရှိတာ မင်းအလုပ် မဟုတ်ဘူး. . မင်း ဒေါက်တလောက် တပည့်ဖြစ်တယ်ဆိုတာ ထိုအချက်က အဓိကပဲ။ မင်းခေါင်းထဲမှာ မြဲမြဲမှတ်ထား။ မင်းကိုဘယ်သူမေးမေး မစ္စတာဘားလန်းဟာ ငါတို့နဲ့ တစ်ညလုံး ပျော်ရွှင်စွာ အတူရှိနေတယ်၊ သူပြောပြတဲ့ပုံပြင်တွေဟာ နားထောင်လို့အရမ်းကောင်းတယ်လို့ပြောရမယ်. . မှတ်ထား. . . "

အသက်ငါးနှစ်လောက် ဝိညာဉ် ကောင်မလေးက ၎င်းကလေးဝိညာဉ်နှစ်ကောင်နဲ့အတူ ဝင်ပြောတယ်။

"ဟုတ်တယ် . . မစ္စတာဘားလန်းက အခုပဲ သူ့ကို ခရစ်စမတ် ဘိုးဘိုးကြီး ပုံပြင် ပြောပြတယ်. . " သူမက ဆက်ပြောတယ်. .

"မစ္စတာ ဘားလန်းက နောက်နေ့တွေလည်း ပုံပြင်ပြောပြဦးမယ်လို့ပြောတယ်. . ဟေး. . ပျော်စရာကြီး. . . "

သချိုင်းမှာ ကလေးဝိညာဉ်တွေက အချင်းချင်းပြောဆို ငြင်းခုံကျန်ခဲ့တယ်။ ဘားလန်းက လျှို့ဝှက်ပေါက်က တစ်ဆင့် ကျောက်ခွဲစက်ရုံကိုရောက်လာတယ်။ ကျောက်ခွဲစက်ရုံဟာ မှောင်လွန်းတဲ့ မဟူရာညနဲ့အတူ ကျောက်စက် သချိုင်းထက် တိတ်ဆိတ်ပြီး ခြောက်ခြားစရာအတိပြီးတယ်၊ ဂျိုး ကြောက်မယ်ဆိုလည်း ကြောက်စရာ အဆောက်အဦကြီးသာ ဖြစ်တယ်။ အဆောက်အဦထဲမှာ ဘားလန်းတို့လို ဝိညာဉ်တွေအပြင် အခြားအုံ့ဩလောက်တဲ့ သတ္တဝါဆန်းတွေနေထိုင်နိုင်တယ်လို့ ဘားလန်းက ဖြတ်သွားရင်း တွေးနေတယ်။ အတွေးတွေဟာ ဟိုဒီလွင့်မျောနေပြီး ဒေါက်တလောက်တို့ထက် လက်ဦးမှုရဖို့ကိုလည်း စိတ်စောနေမိတယ်။ သူနည်းနည်းနောက်ကျနေတယ်။ အခုလောက်ဆို ဆိုးဝါးတဲ့အဖွဲ့ဟာ ခရီးသွားကား ဘယ်နှစ်စီးလောက်ကိုများ ခြောက်လှန့်ပြီးပြီလဲ မသိဘူး။ သူမီသလောက်ကိုတော့ ကယ်တင်ရမယ်လို့ ဆုံးဖြတ်ထားတယ်။ အဝေးပြေးလမ်းမပေါ် ဘားလန်း ရောက်တော့ တိတ်ဆိတ်တဲ့ ပတ်ဝန်းကျင်သာ ကြီးစိုးနေတယ်။

တစ်ချက်တစ်ချက် ဒေါက်တလောက်တို့ရှိရာ တောင်ပေါ်က ခွေးအူသံနဲ့ ရယ်သံတွေ သဲ့သဲ့ကြားရတယ်။ သူတို့ဟာ ဒီညတစ်ညလုံး အမဲလိုက်နေတော့မှာပဲ. . မဟုတ်မှလွဲရော၊ ဒေါက်တလောက်တို့ အောင်သေအောင်သား စားသုံးနေကြပြီလား. . သူရှိရာဘက်ကိုလာနေတဲ့ ကားစက်သံ ကြားရတယ်။ ဘားလန်းအနေနဲ့ မောင်းလာတဲ့ ကားကိုတားဖို့ အာရုံစုစည်းနေရတယ်။ သူ့ကိုမြင်ရင် ကားမောင်းသူက လန့်သွားမှာလည်း စိုးရိမ်မိတယ်။ ကိုယ်ထင်မပြပဲ ခြုံဘေးကသာ အော်ဟစ်သတိပေးသင့်တယ်လို့ ယူဆမိတယ်။ ကားက တဖြည်းဖြည်း သူနဲ့နီးလာပြီး အရှိန်ပြင်းပြင်းနဲ့ တောင်ပေါ်ကိုတက်ဖို့ ဂီယာချိန်းသံကြားလိုက်တယ်၊ ထိုအချိန်မှာပဲ ဘားလန်းက ခြုံထဲကနေ စတင်အော်ဟစ် သတိပေးလိုက်တယ်။

"ဟေ့. . ကားဆရာကြီး. . ရှေ့မှာလမ်းပျက်နေတယ်. . တောင်အဆင်းလမ်းမှာ လမ်းပျက်နေတယ်. . ကားကိုဖြည်းဖြည်းမောင်းပါ. . ဖြည်းဖြည်းမောင်းပါ. . အန္တရာယ်ရှိတယ်. . "



သူ့အော်သံက တောင်နံရံတွေနဲ့ ထိတွေ့ပြီး ပဲ့တင်သံတွေ ထွက်ပေါ်လာတာကို အတိုင်းသား ကြားရတယ်။ ဒါပေမဲ့ သူပြောတဲ့ စကားတွေကို ကားသမားက မကြားသလို အရှိန်မလျှော့ဘဲ မောင်းနှင်သွားတယ်။ ဘားလန်းက ကားရဲ့နောက်မြီးကို ကြည့်ရင်း ခြုံပုတ်ထဲက ထွက်လာတယ်. . အဲဒီကားတော့ ဒုက္ခရောက်တော့မှာပဲ. . ငါ့အော်သံ ဘာလို့မကြားတာလဲ. . သူ့ရဲ့အသံကို လူသားတွေ မကြားနိုင်ပါလားလို့ ထင်မိတယ်။ စိုးရိမ်စွာနဲ့ပဲ ၎င်းကားကို ငေးမောကြည့်နေလိုက်တော့တယ်။ ကြည့်နေစဉ်မှာ ၎င်းကား အရှိန်လျှော့ ဘရိတ် အုပ်လိုက်တာကို လှမ်းမြင်ရတယ်။ ကားက သူရှိရာကို နောက်ပြန်ဆုတ်လာပြီး သူ့နားအရောက်မှာ ရပ်တန့်သွားတယ်။ ဘားလန်းက ခြုံထဲကို အမြန် ဝင်ရောက်ပုန်းနေလိုက်တယ်။ ခရီးသည်တစ်ချို့နဲ့ ကားဆရာက အောက်ကိုဆင်းလာပြီး ပတ်ဝန်းကျင်ကို လှည့်လည် စူးစမ်းကြည့်ကြတယ်။

"ဒီနားက အော်သံကြားရတာပဲ. . မကောင်းဆိုးဝါး အသံများ ဖြစ်နေမလား. . ဒီနေရာက အစဉ်အလာရှိတယ်. . " ကားမောင်းတဲ့သူက ပြောတယ်. .

"အော်သံက ယောကျ်ားသံပဲ. . ခင်ဗျားပြောသလို မကောင်းဆိုးဝါးအသံနဲ့တော့ မတူဘူး။ ကျွန်တော်တို့ကို ကူညီချင်လို့ သတိပေးတဲ့အသံပဲ. . သူပြောတာ ရှေ့က တောင်ဆင်းလမ်းမှာ ဘားလမ်းပျက်နေတယ်တဲ့. . "

ခရီးသည်တစ်ယောက်က သူကြားတာကို ပြောတယ်၊ အခြားခရီးသည်တွေကလည်း ၎င်းအသံကို သဲ့သဲ့ကြားလိုက်မိကြတယ်။

"ဘယ်လိုပဲဖြစ်ဖြစ်. . ရှေ့တောင်အဆင်းကို သတိနဲ့ ဖြည်းဖြည်းမောင်းဖို့ လိုတယ်. . " လို့ ကားသမားကို ခရီးသည်များက သတိပေးနေကြတယ်။

ကားဆရာက ခရီးသည်တွေ စိတ်ကျေနပ်အောင် "ဖြည်းဖြည်းမောင်းပါမယ်" လို့ ကတိပေးပြီး ဆက်လက် ထွက်ခွာသွားတော့တယ်။

ဘားလန်းက ငင်းကားထွက်သွားမှ ဝမ်းသာလွန်းလို့ အသံထွက်ပြီး ရယ်လိုက်တယ်။

"ဟား . . ဟား . . ဟား . . ငါ့အသံကို သူတို့ကြားသွားပြီပဲ . . ဒီညတစ်ညလုံး မောင်းနှင်လာတဲ့ကားတွေကို ဒီနည်းအတိုင်း သတိပေးရမယ်၊ သုသာန်ကိုလည်း ဒေါက်တလောက်တို့ထက် အရင်ရောက်အောင် ပြန်ဖို့ကတော့ အရေးကြီးဆုံးပဲ . . ဒါကိုတော့ မေ့ထားလို့မဖြစ်ဘူး . . " ဘားလန်းက ကိုယ့်ကိုယ်ကိုယ် သတိပေးပြီး နောက်လာ မည့် ကားတွေကို စိတ်ရှည်စွာ စောင့်ဆိုင်းနေလိုက်တယ်။

ပတ်ဝန်းကျင်က ပြန်လည်တိတ်ဆိတ်သွားတယ်။မှိတ်တုပ်မှိတ်တုပ် ပိုးစုန်းကြူးလေးတွေနဲ့ ညငှက်တွေက ဘားလန်းအနားက ဖြတ်ပျံသွားကြတယ်။ ကောင်းကင်ယံက ကြယ်စုတွေဟာ သိပ်သည်းလာပြီး ရင့်မှည့်တဲ့ ကြယ်တွေက သည်မှဟိုမှ ကြွေစပြုနေတယ်။ ကြယ်ကြွေတွေကို ရင်ခုန်စွာ ကြည့်ငေးရင်း ဂျိုးတို့ရှိရာတောင်ပေါ်ကိုလည်း အကဲခတ်နေရတယ်။ ဒေါက်တလောက် တပည့် ဝိညာဉ်တစ်ကောင်ကောင်က ချောင်းမြောင်းကြည့်ရှုလို့ သိများသွားရင်တော့ ဘားလန်းရဲ့ဘဝဟာ သစ်ပင်ပေါ်က ငှက်သိုက်ပြုတ်ကျသလို ကြေမွသွားလိမ့်မယ်... အဲဒီလို တစ်နေ့နေ့ ဖြစ်လာမှာကိုလည်း စိတ်ထဲက အလိုလိုသိနေသလို ခံစားမိတယ်။ ခဏအကြာ ကားသံတွေ ထပ်ကြားရတယ်။ ဒီတစ်ခါတော့ ကားသုံးလေးစီး ဆက်တိုက် မောင်းနှင်လာတယ်။ ဘားလန်းကလည်း ယခင်က အတိုင်း သစ်ပင်ခြုံထဲက အော်ဟစ် သတိပေးလိုက်တယ်။

ခရီးသွားကားတွေက အော်ဟစ် သတိပေးသံကြားရလို့ ကားတွေကိုရပ်တန့်ပြီး သတိပေးသူကို လိုက်လံရှာဖွေ ကြည့်ကြတယ်။ သတိရှိပုံရတဲ့ ခရီးသည်တစ်ယောက်က ပတ်ဝန်းကျင်ကို လှည့်ပြီး အော်ပြောတယ်. . .

"ကျွန်တော်တို့ကို အခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်. . ဒါပေမဲ့ ရှေ့မှာ လမ်းပျက်နေတယ်ဆိုတဲ့ ဆိုင်းဘုတ်လည်း မတွေ့ရဘူး. . ခင်ဗျားကိုလည်း မမြင်ရတော့ ခင်ဗျားပြောတာကို



ဘယ်လိုလုပ် ယုံကြည်ရမလဲ. . ကောင်းပြီ. . ခင်ဗျားက ဘယ်သူလဲ. . ခင်ဗျား ဒီအနီးအနား တစ်နေရာမှာ ရှိနေတယ်ဆိုရင် ကျွန်တော်တို့ ကားတွေဆီ ထွက်လာခဲ့ပါလား၊ ကျွန်တော်တို့ ခင်ဗျားကို တွေ့မှဖြစ်မှာပေါ့. . အဲဒါမှ ခင်ဗျားပြောတာကို အားလုံးက ယုံကြည်ကြမှာပေါ့. . "

ခရီးသည်ရဲ့ အော်ပြောသံအဆုံးမှာ ခေတ္တခဏ အသံတွေ တိတ်ဆိတ်သွားတယ်။ ဘားလန်းက ခရီးသွားတွေ သူ့စကားကို ယုံကြည်အောင် မျက်နှာချင်းဆိုင်ပြောလိုက်ချင်တယ်. . ဒါပေမဲ့ သူ့ကိုမြင်ရင် ကြောက်လန့်သွားမှာ ကိုလည်း စိုးရိမ်နေတယ်. . ဘားလန်းက ခြုံထဲကမထွက်ဘဲ အသံကျယ်ကျယ်နဲ့ပဲ ပြောတယ်. . .

"ကျွန်တော့်ကိုတွေ့ဖို့ မလိုပါဘူး၊ ခင်ဗျားတို့ကို ကူညီချင်သူတစ်ယောက်လို့ပဲ မှတ်ထားပါ၊ တကယ်လုပ်ရမှာက ရှေ့ကတောင်တက်တောင်ဆင်းလမ်းကို သတိထားပြီး ဖြည်းဖြည်းမှန်မှန် မောင်းသွားရုံပါပဲ။ တကယ်လို့ ဆိုးဝါးရမ်းကားတဲ့အဖွဲ့တစ်ဖွဲ့နဲ့ တွေ့ခဲ့မယ်ဆိုရင်လည်း မကြောက်ကြပါနဲ့. . သူတို့ကို ဂရုမထားဘဲ ကိုယ့်လမ်းကိုယ်သာ ဖြောင့်ဖြောင့် မောင်းပါ။ ဘာအကြောင်းပြချက်နဲ့မှ ကားရပ်မပေးလိုက်လေနဲ့. . သူတို့ နှောင့်ယှက်လို့ အဲဒီနေရာမှာ ကားရပ်သွားမယ်ဆိုရင် ခင်ဗျားတို့ ဆိုးဝါးတဲ့အမှားတစ်ခုကို ကျူးလွန်လိုက်ပြီလို့သာမှတ်ပါ. . ကျွန်တော်ပြောတာကို ယုံပါ. . ခင်ဗျားတို့ကို ခြောက်လှန့်ချင်လို့ ပြောနေတာ မဟုတ်ပါဘူး. . အဖြစ်မှန်အတိုင်း ပြောပြနေတာပါ. . "

ခြုံထဲက ဘားလန်းရဲ့စကားကြောင့် ခရီးသည်တွေအချင်းချင်း ပွက်လောရိုက်ကုန်ကြတယ်။ တချို့က ထိုစကား ပြောသူဟာ ဝိညာဉ်သရဲ (ဒါမှမဟုတ်) ကောင်းမြတ်တဲ့ပုဂ္ဂိုလ်တစ်ဦးဦးပဲလို့ ပြောနေကြတယ်။ တချို့က နောက်ပြောင်မှု တစ်ခုများလားလို့ ထင်နေတယ်. . ဘားလန်းက ဆက်ပြောတယ်. .

"ဘာမှ စိတ်စနိုးစနောင့် မဖြစ်ကြပါနဲ့. . ခင်ဗျားတို့မှာ ဘာမှအန္တရာယ်မရှိဘူး. . ကျွန်တော့်စကားကို ယုံဖို့ ကျွန်တော့်အကြောင်းကို နည်းနည်းပြောပြမှဖြစ်တော့မယ်ထင်တယ်. .

ကောင်းပြီလေ. . ကျွန်တော့်နာမည် 'စီဂါဘားလန်း' လို့ခေါ်တယ်၊ ဟုတ်ပါတယ်. . ခင်ဗျားတို့ ထင်ထားသလို ဝိညာဉ်တစ်ကောင်ပါ. . မကြောက်ကြပါနဲ့. . ခင်ဗျားတို့ကို ကူညီရုံသက်သက်ပါ. . ကျွန်တော် လူ့ဘဝမှာရော. . ဝိညာဉ်ဘဝမှာပါ ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးပါဘူး. . ကျွန်တော့်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားရင်တော့ ခွင့်လွှတ်ပါ. . "

ခရီးသည်တွေက အံ့သြစွာနဲ့ အသံလာရာ ဖြုံပုတ်ကို မှင်သက်ငေးကြည့်နေကြတယ်။ တစ်ချို့က သတိဝင်လာပြီး ကားပေါ်ကို ကြောက်လန့်တကြား အလုအယက်ပြေးတက်ကြတယ်။

"ခင်ဗျားတို့ ကျွန်တော် စိတ်မကောင်းအောင် မလုပ်ပါနဲ့. . ဘာမှကြောက်စရာ မလိုဘူးလို့ ကျွန်တော်ပြောပြီးပြီလေ. . အခုလို ကျွန်တော့်ကို ကြောက်နေမယ်ဆိုရင် ကျွန်တော် ဝမ်းနည်းလို့ ဆုံးမှာမဟုတ်ဘူး. . ကျွန်တော့်အကြောင်းကို ခင်ဗျားတို့ မသိစေချင်တာ ထိုအချက်က အဓိကပဲ. . ခင်ဗျားတို့က ကျွန်တော် သတိပေးတာ မယုံမှာ. . လက်မခံမှာစိုးလို့ အခုလိုပြောရတာပါ. . ကျွန်တော် သွားပါတော့မယ်. . " ဘားလန်းက တုန်ရီ ဝမ်းနည်းတဲ့ အသံနဲ့ ပြောမိတယ်။

ကားပေါ်က ခရီးသည်တွေက ဘားလန်းရဲ့စကား အသွားအလာကို နားထောင်ပြီး စိတ်မကောင်း ဖြစ်သွားကြတယ်၊ ခရီးသည်တွေဟာ ကြောက်စိတ် အနည်းငယ်ပြယ်ပြီး ဘားလန်းကို မြင်လိုတွေ့လိုစိတ် ဖြစ်ပေါ်လာတယ်၊ နုတ်သွက်တဲ့ အမျိုးသမီးတစ်ယောက်က. . .

"ရှင်ပြောတဲ့စကားကို ကျွန်မတို့ ယုံပါတယ်. . ဒါပေမဲ့ ရှင့်ကို ကျွန်မတို့မြင်ဖူးချင်တယ်၊ ရှင့်ပုံစံ ဘယ်လိုရှိတယ်ဆိုတာ ကျွန်မတို့ အားလုံးသိအောင် ကိုယ်ထင်ပြပါလား. . ဖြစ်နိုင်မယ်ဆိုရင်ပေါ့. . ကိစ္စမရှိဘူး. . ရှင့်မှာ အခက်အခဲရှိတယ် ဆိုရင်တော့ ကျွန်မတို့ အတင်း မတောင်းဆိုပါဘူး"

"ဟုတ်ပါတယ်. . ခင်ဗျား ကျွန်တော်တို့ကို ကူညီချင်တာ



သိရလို့ ဝမ်းသာမိတယ်။ ကျွန်တော်တို့တစ်သက်မှာ ဝိညာဉ်တစ်ကောင်က ကူညီတာ ဒါပထမဦးဆုံးပဲ. . " ခရီးသည်အမျိုးသားတစ်ယောက်က ဝင်ပြောတယ်။

ခရီးသည်တွေ တောင်းဆိုချက်ကို ဘားလန်းက အထပ်ထပ် စဉ်းစားရင်း. .

"ခင်ဗျားတို့ ကျွန်တော့်ကို မြင်ချင်တာ သေချာလား. . ကျွန်တော်ကလည်း သက်ရှိလူသားတွေကို တစ်ခါမှ ကိုယ်ထင် မပြဖူးဘူး. . ကိုယ်ထင်ပြရင် ခင်ဗျားတို့ မြင်နိုင်တယ်. . မမြင်နိုင်ဘူးဆိုတာ မသေချာဘူး. . တကယ်ကြည့်ချင်ရင်တော့ ကြိုးစားပြီး လုပ်ကြည့်ပါမယ်. . ခင်ဗျားတို့ ကျွန်တော့်အသံလာရာဘက်ကို ကြည့်နေပါ. . "

ဘားလန်းစကားကြောင့် ခရီးသည်တွေက လှုပ်လှုပ်ရွရွဖြစ်သွားပြီး ကားပြတင်းပေါက်တွေကို အလုအယက်တိုးကြည့်ကြတယ်။ ကားသမားက အစ ခရီးသည်အားလုံးဟာ ကားပေါ်ကိုပြေးတက်ကြတယ်. . ကားဝင်ပေါက် တံခါးကိုလည်း အသေအချာပိတ်ထားပြီး အကြောင်းတစ်ခုခုရှိလာခဲ့ရင် မောင်းပြေးနိုင်အောင်လို့ ကားတွေကို စက်နှိုးထားကြတယ်. . ဘားလန်းက ထင်းရှူးပင်တစ္ဆေ သင်ပေးလိုက်တဲ့ လေထုထဲမှ ဝိညာဉ်ခွဲထွက်နည်းကိုသုံးကာ ခြုံအကွယ် အမှောင်ထဲကနေ တဖြည်းဖြည်း ညင်သာစွာထွက်လာပြီး ကားတွေရှိရာ ဘက်ကို ကြည့်နေလိုက်တယ်။

အမှောင်ထဲမှာ အဖြူရောင်အကျီလက်ရှည်နဲ့ လင်းလက်တဲ့ ရှည်မျောမျောသဏ္ဍာန်တစ်ခု တဖြည်းဖြည်း ထွက်ပေါ်လာတယ်။ သူ့ရဲ့မျက်နှာကလည်း ကြည်လင် ရှင်းသန့်နေတယ်။ခရီးသည်တွေက သူတို့ တွေးထင်ထားသလို ကြောက်စရာလန့်စရာ သရဲဝိညာဉ်မျိုးမဟုတ်ဘဲ သပ်ရပ်ရည်မွန်တဲ့ အမျိုးသားတစ်ဦးကို ညမှောင်မှောင် ကားလမ်းနဘေးမှာ တွေ့ရလို့ ထူးဆန်းအံ့သြလျက် ပြောလို့မကုန်နိုင်အောင် ဖြစ်နေကြတယ်၊ တချို့အမျိုးသမီးတွေက ကားတံခါးကိုဖွင့်ပြီး အနီးကပ် ကြည့်ချင်စိတ်တောင်ဖြစ်ပေါ်လာကြတယ်။

"ဒီလောက်ခန့်တဲ့သူကို တစ်ခါမှမတွေ့ဖူးဘူး. . သူလူ့ဘဝတုန်းက တို့နဲ့ မတွေ့လိုက်ရတာ တို့ကံဆိုးတာပဲ. . ."

အမျိုးသမီးတွေက ဘားလန်းကိုမြင်တော့ စိတ်ဝင်စားပြီး အချင်းချင်း တီးတိုးပြောဆိုကြတယ်။ သူဘာကြောင့် သေတာလဲ. . အခုဘယ်လိုနေလဲ. . သိချင် စပ်စုချင်လာကြတယ်။

"ခင်ဗျားတို့ ကျွန်တော့်ကို မြင်ရလား. . ဘယ်လိုလဲ. . ကျွန်တော့်ပုံစံက တစ္ဆေတစ်ကောင်နဲ့ တူမနေဘူးလား. . ထိတ်လန့်နေကြပြီလား. ."

ဘားလန်းက စိုးရိမ်စွာမေးတယ်၊ အားလုံးက တစ်သဘောထဲ. .

"ခင်ဗျားဟာ ကြောက်စရာ မကောင်းတဲ့အပြင် ခင်စရာ တောင်ကောင်းနေသေးတယ်၊ ကျွန်တော်တို့တွေ ခင်ဗျားကို မကြောက်တော့ပါဘူး။ အခုလို ရှင်းရှင်းလင်းလင်းသိရတော့လည်း ကျွန်တော်တို့ အားလုံး စိတ်လက်ပေါ့ပါးသွားတာပေါ့ဗျာ။ ဒါနဲ့ ခင်ဗျားမှာ ဘာအခက်အခဲရှိလဲ ဘားလန်း. . ကျွန်တော်တို့ ကူညီနိုင်ရင် ကူညီပေးမယ်လေ. ."

အမျိုးသမီးတွေကလည်း. . "ဟုတ်တယ်. . ကျွန်မတို့လည်း ရှင့်ကို ကူညီချင်တယ်. . ရှင့်ကြည့်ရတာ ဝမ်းနည်းပူဆွေးနေသလိုပဲ. ."

ဘားလန်းက သူ့ကိုနားလည်နိုင်တာ သိလိုက်ရတော့ အတိုင်းမသိ ဝမ်းသာသွားမိတယ်။

"အေးဗျာ. . သေမင်းက စောစောစီးစီးခေါ်ခံရတော့လည်း ဝမ်းနည်းပူဆွေးတဲ့ပုံ ပေါက်နေမှာပေါ့. . ခင်ဗျားတို့ဆီက အခုလို မမျှော်လင့်ဘဲ နားလည်မှုရတဲ့အတွက် ကျွန်တော်ဝမ်းသာလို့ မဆုံးတော့ဘူး၊ ကျွန်တော့်မှာ ထူးထူးခြားခြား ဘာအခက်အခဲမှ မရှိပါဘူး. . ကျွန်တော့်အဖြစ်ကိုသာ ဘုရားသခင်သိအောင် ဆုတောင်းပေးကြပါ. . ကျွန်တော်မျှော်လင့်တာတော့ တစ်နေ့နေ့မှာ ကောင်းတဲ့ဘုံ တစ်ခုခုကိုသွားရမယ်လို့ မျှော်လင့် တောင့်တနေမိတာ



ပါပဲ. . ကဲ. . ခင်ဗျားတို့လည်း ဒီနေရာမှာ အချိန်လင့်နေပြီ. . လိုရာခရီး ရောက်အောင် သွားကြပေတော့။ ကျွန်တော်လည်း နောက်လာမဲ့ကားတွေကို သတိပေးရအောင် စောင့်ရင်းနေခဲ့တော့မယ်. ."

သူ့ရဲ့စကားအဆုံးမှာ ဘားလန်းရဲ့ရုပ်ပုံသဏ္ဍာန်ဟာ ချက်ချင်းပျောက်ကွယ်သွားတယ်။ ခရီးသွားအဖွဲ့တွေက ဘားလန်းကို နှုတ်ဆက်ပြီး ခရီးဆက်ဖို့ ပြင်ဆင်ကြတယ်။

"ဘားလန်းရေ. . ခင်ဗျားကို ဘုရားသခင် စောင့်ရှောက်ပါစေဗျာ. . ခင်ဗျားမျှော်လင့်ထားတဲ့ ကောင်းမြတ်တဲ့ ဘုံဘဝကို ရောက်ပါစေလို့ ကျွန်တော်တို့ ခရီးသွား တစ်ဖွဲ့လုံးက ဆုတောင်းပေးပါတယ်. ."

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ" ဆိုတဲ့ လေထဲက ဘားလန်းရဲ့ အသံကို ခရီးသွားအားလုံးက ပီပီသသကြားလိုက်တော့တယ်။

သာယာသောနံနက်ခင်းကို ဒေါက်တလောက်က ဖျက်ဆီးလိုက်ပြန်တယ်. . ညက သူ့လုပ်ရပ် မအောင်မြင်တာကို အကြောင်းပြပြီး သချိုင်းတစ်ခုလုံးမှာရှိတဲ့ ဝိညာဉ်တွေကို ဆူပူကြိမ်းမောင်းနေတယ်။ တောင်ဆင်းလမ်းမှာ ကားတွေ စဖေစ်ဖြစ်အောင် တိမ်းချော်မှောက်အောင် ရေတွေ၊ ရွှံ့တွေခင်းထားပြီး ဖြတ်လာတဲ့ကားတွေကို ဝိုင်းဝန်းခြောက်လှန့်တာတောင် ယာဉ်မောင်းတွေက မကြောက်လန့်ကြဘဲ ဘုကြည့်ကြည့်သွားတာ ဒေါက်တလောက်တို့ ခံလာခဲ့ရတယ်. . ကားတွေက ကြောက်လန့်ပြီး အရှိန်နဲ့ မောင်းမပြေးဘဲ ပျက်နေတဲ့လမ်းမှာမောင်းသလို သတိနဲ့ မောင်းသွားကြတယ်။ ဒီတစ်ခါ ထူးဆန်းတယ်. . သူတို့ဒီည တောင်ပေါ်မှာရှိနေတာကို ခရီးသွား ကားတွေသတင်းရထားပုံပဲ။ ဟုတ်ပြီ. . ဘယ်အချက်က သူတို့ကို သတင်းရစေသလဲ. . စဉ်းစားစရာ. . ဒေါက်တလောက်က စဉ်းစားရင်း ကျိုးကန်းမျက်လုံးနဲ့ ဘားလန်းဂူရှိရာဘက်ကို ကြည့်လိုက်တယ်။

"ဟေ့ကောင်တွေ. . ရှည်မျှောမျှော ကောင်ကို သွားခေါ်စမ်း၊ သူ့ကို မေးစရာရှိတယ်. . ဒီကိစ္စ သူနဲ့ပတ်သက်နိုင်တယ်၊ ဒီကောင့်ကို ရအောင်မေးရမယ်. ."

စောစောစီးစီး ဒေါက်တလောက်ရဲ့ ဆူသံအူသံကြားလို့ သချိုင်းရှိ ဝိညာဉ်အားလုံး ကြောက်ကြောက်လန့်လန့် နိုးထလာကြ



ဘယ်။ ဘားလန်းက သူဘာမှ မသိသလို နဝေတိမ်တောင်ပုံစံနဲ့ ဒေါက်တလောက်ကို ကြည့်နေတယ်။

"မင်းသားလေး. . ညကနောက်ပိုင်း ဇာတ်တော်ကြီး ကရလို့ ထင်တယ်၊ မင်းသားလေးကြည့်ရတာ သိပ်အိပ်ရေးပျက်နေတဲ့ပုံပဲ. . ဆိုစမ်းပါဦး. . ဘယ်လိုအခန်းမျိုးတွေ ကခဲ့သလဲဆိုတာ. ."

ဒေါက်တလောက်က မျက်တောင် မခတ်ကြည့်ပြီး ဘားလန်းကိုမေးတယ်။

"ခင်ဗျား ဘာကို ဆိုလိုတာလဲ. . ကျွန်တော်ညက ဘယ်ဇာတ်အဖွဲ့နဲ့မှ မလိုက်ပါဘူး. . ." ဘားလန်းက မျက်နှာမပျက် မင်သေသေပဲ ပြောတယ်။

"ဩော်. . ဩော်. . ဒါဆိုရင်တော့ မင်းသားလေးက တစ်ကိုယ်တော် စွန့်စားခန်း ပြဇာတ်သစ်ပေါ့. . ကောင်းတယ်. . ကောင်းတယ်. . ကြည့်လို့ တကယ်ကောင်းမှာပဲ၊ ဒီမယ်. . ငါ့ကို မှန်မှန်ပြောစမ်း. . မင်း ညက ဘယ်သွားသေးလဲ. . ."

ဒေါက်တလောက်ရဲ့အသံဟာ ဗုံးတစ်လုံး ပေါက်ကွဲသလို ကျယ်လောင်လာတယ်၊ ဒေါသမျက်နှာနဲ့ ဘားလန်းရဲ့ပခုံးကို တစ်ချက်ပုတ်ပြီး. . .

"မင်းပါးစပ်က မှန်တာတွေ ပြောလာအောင် ငါဘာလုပ်ရမယ်ဆိုတာ သိပါတယ်. . အဲဒီတော့ မင်းငါ့ကို မကျိစားပါနဲ့ကောင်လေး . . မှန်မှန်ပြော. . မင်း ညက ဘာလုပ်ခဲ့သလဲ. ."

"ကျွန်တော် ညက သချိုင်းမှာပဲရှိတယ် ဆိုတာကို ကလေးတွေကို မေးနိုင်တယ်၊ ကျွန်တော် သူတို့ကို ပုံပြင်တွေ ပြောပြနေဘယ်. . ." ဘားလန်းက ပခုံးတွန့်ပြီး ပြန်ပြောတယ်။

ဒေါက်တလောက်က ချွန်ထက်နေတဲ့ လက်သည်းရှည်တွေနဲ့ ဘားလန်းရဲ့မေးစေ့ကို ပင့်တင်လိုက်တယ်။ သူ့ကိုယ်က သွေးညှီနံ့ ဘထောင်းထောင်းက ဘားလန်း နှာခေါင်းထဲကို အလုံးအရင်းနဲ့ ၁င်ရောက်လာတယ်. . မသင်္ဘောစရာ စိမ်းရွှေရွှေ အနံ့အသက်. . .

"မင်းရဲ့စကား မှန်မမှန် ငါမေးကြည့်ဦးမယ်. . တစ်မျိုး

တစ်မည် အဖြေထွက်လာရင်တော့ မင်းဝိညာဉ်ကို ငါသောက်တဲ့ ပေါဒီ အရက်ပုလင်းထဲမှာ ထည့်ပြီး မြေမြှုပ်ပစ်မယ်ကွ. . နားလည်လား. . ."

"ပေ့ာကောင်တွေ. . ဟိုသောက်သုံးမကျတဲ့ဝိညာဉ်လေးတွေကို သွားမေးစမ်း၊ ဘားလန်း စကားနဲ့ တူရဲ့လားဆိုတာ. . "

ဒေါက်တလောက်က ဘားလန်းကို မယုံကြည်တဲ့မျက်လုံးနဲ့ ကြည့်ပြီး တပည့်တွေကို အမိန့်ပေးလိုက်တယ်။

တပည့်နှစ်ကောင်က အမြန်ပြေးထွက်သွားတယ်။ ခဏအကြာ ပြန်ရောက်လာတယ်။

"ဟုတ်တယ်ဆရာ. . သူပြောတာနဲ့ တူနေတယ်. . ညက သချိုင်းမှာ သူတစ်ညလုံးရှိတယ်လို့ ပြောကြတယ်"

"ဟုတ်ပြီလေ. . ငါသေသေချာချာ စုံစမ်းကြည့်ဦးမယ်၊ တစ်စုံတစ်ခု သံသယဖြစ်ခဲ့ရင်တော့ ပေါဒီ ပုလင်းဟာ မင်းကို သောက်သွားလိမ့်မယ်. . ."

ဒေါက်တလောက်က ခပ်ပြဲပြဲလေသံနဲ့ပြောရင်း သူ့လက်ထဲမှ ဝီစကီ ပုလင်းခွံ တစ်လုံးကို မြေပေါ် ကိုင်ပေါက်ပြီး မကျေမနပ်နဲ့ ထွက်သွားတယ်၊ အော်ဂလီဆန်စရာ သွေးညှီနံ့ဟာ သူနဲ့အတူ ပါသွားပြီ ထင်ရပေမဲ့ ဘားလန်း နှာခေါင်းထဲမှာ ၎င်းအနံ့ရနေတုန်းပဲ။

"ဒေါက်တလောက်ဆီက သွေးညှီနံ့ရတာ ခင်ဗျားဒီလောက် အံ့ဩ မနေစမ်းပါနဲ့ ဘားလန်းရာ. . ."

ဒေါက်တလောက်ထွက်သွားပြီးမှ ဂျိုးဟာ သူ့ဂူထဲက တိတ်တိတ်ကလေး ထလာပြီးပြောတယ်. .

"ဒေါက်တလောက်ဟာ သချိုင်းအနီးအနားက ပုတ်သင်ညိုတွေ၊ လင်းနို့တွေကို ဖမ်းစားတတ်တဲ့အကျင့်ရှိတယ်လို့ ပြောနေကြတာ ခင်ဗျား မသိဘူးလား. . အဲ. . လစ်ရင် လစ်သလို မြေမြှုပ်ထားတဲ့ လူသေ အလောင်းတွေကိုလည်း ဖော်စားသေးတယ်တဲ့. . မနေ့တစ်နေ့က မြှုပ်ထားတဲ့ကလေး အလောင်းမှာ ခြေထောက် တစ်ချောင်းနဲ့ ညာဘက် လက်တစ်ချောင်း ပျောက်နေတယ်. . အဲဒါ



ဘယ်သူ့ လက်ချက်ဖြစ်မလဲ. . သူ့ကိုမကြည်တဲ့ ဝိညာဉ်တွေကတော့ ကွယ်ရာမှာ လူသားစား မကောင်းဆိုးဝါးလို့ ခေါ်ကုန်ကြပြီ. . "

"ဒါနဲ့. . ညက ခင်ဗျား တကယ် အပြင်မသွားဘူးလား. . "

ဂျိုးက ဒေါက်တလောက် အကြောင်း အားရပါးရ ပြောနေရာမှ သူသိချင်တဲ့အကြောင်းကို ပြောင်းပြီး ဖျတ်ခနဲမေးတယ်. .

"ဟုတ်တယ်ဂျိုး. . ကျွန်တော်က ကိုယ့်ဂူထဲမှာကိုယ် အေးအေးဆေးဆေး အိပ်နေတာပဲ. . " ဘားလန်းက စကားကိုဖြတ်ပြီး စဉ်းစားသလိုလုပ်နေတယ်. . .

"ကျွန်တော်တော့ ခင်ဗျားကျိန်ပြောတာတောင် မယုံဘူး. . လုပ်စမ်းပါဦး. . ညက ခင်ဗျားရဲ့ စွန့်စားခန်းလေး. . " ဂျိုးက ပြုံးပြုံးကြီးကြည့်ပြီး မရမကမေးတယ်. .

"အဲ. . ဒါပေမဲ့ ကျွန်တော့်စိတ်က ဘယ်ကိုရောက်သွားလဲ တော့ မသိတော့ပါဘူး. . "

ဘားလန်းက မထူးဆန်းတဲ့လေသံနဲ့ ပြောတယ်။

"ဘာမှ ထူးထူးခြားခြား မရှိပါဘူး. . ညက သနားစရာ ဝိညာဉ်တချို့၊ လူတချို့နဲ့ ကျွန်တော်မိတ်ဆွေသစ် ဖြစ်ခဲ့ရတယ်. . ဒီလောက်ပါပဲ. . . ခင်ဗျားအခြေအနေရော. . ဂျိုး"

ဂျိုးဟာ သူ့ရဲ့ သေးကွေးတဲ့လက်နှစ်ဖက်ကို ပွတ်သပ်ရင်း ပြောတယ်။

"ကျွန်တော်တို့ ညကနည်းနည်းမှ စိတ်ချမ်းသာစရာ မကောင်းဘူး။ တစ်ညလုံး အလုပ်လုပ်ရတယ်. . နွားတွေကို သယ်ပြီး ကားလမ်းပေါ် ဖြန့်ခင်းရတယ်. . တောင်ဆင်းလမ်းတစ်လျှောက်လုံးပဲ. . အခုထိကျွန်တော့်ရဲ့လက်တွေ နွံ့ပေနေတာသာကြည့်တော့. . ဝင်ဒီတို့က နွံ့တွေပေါ်ကို ရေဖျန်းပေးရတယ်. . သူတို့မောင်နှမက သူတို့သယ်လာတဲ့ ရေတွေကို ဒေါက်တလောက် လစ်ရင်လမ်းဘေးကို သွန်သွန်ပစ်တယ်. . ကျွန်တော်ကလည်း လစ်ရင် လစ်သလို နွံ့တွေပေါ်ကို ကားလမ်းဘေးက သဲကြမ်းတွေပြန်တင်ထားတယ်. . ညက ဒေါက်တလောက် မျှော်လင့်သလို ဖြစ်မလာပါ

ဘူး၊ သူ့အထင်က ကားတွေ အရှိန်နဲ့ဆင်းလာရင် ရွံ့ရည်တွေကြောင့် လမ်းချော်တိမ်းမှောက်မှာပဲလို့ ထင်နေတာ. . . ထူးဆန်းတာက ဖြတ်သွားတဲ့ကားတွေအားလုံး အရှိန်နဲ့မောင်းမလာဘူး၊ ရွံ့တွေကို တောင် ရှောင်ကွင်း မောင်းသွားကြတယ်၊ ဘယ်သူ့ လက်ချက်လဲတော့ မသိဘူး. . ဟား. . . ဟား. . . ဟား. . . "

ဂျိုးက သူ့ထုံးစံအတိုင်း အရွှတ်အနောက်ကလေးနဲ့ ပြောတယ်. . .

"ဒေါက်တာလောက်တို့က ဘယ်လိုပဲ ရုပ်လုံးပြအော်ဟစ် ခြောက်လှန့်နေပေမဲ့ မကြောက်ကြဘူးဗျ. . သူတို့ရဲ့ ကားဟွန်းသံတွေ ဆူညံလွန်းလို့ ကျွန်တော်တို့တောင် လမ်းဘေး ထွက်ပြေးခဲ့ရတယ်. . နောက်တစ်နည်းက သစ်ကိုင်းတွေ ချိုးပြီး ကားမောင်းသူကို အဓိက ထား ခြောက်လှန့်သေးတယ်. . ကားသမားတွေက မကြောက်တဲ့ အပြင် ရေနဲ့တောင် ပြန်ပက်သွားကြလို့ ဒေါက်တာလောက် တစ်ကိုယ် လုံး ရေတွေစိုပြီး မှိုင်မိထားတဲ့ ကြွက်စုတ်လိုပဲ. . ဟီး. . ဟီး. . ကြွက်စုတ်ကြီး. . ဒါ ဘယ်သူ့ လက်ချက်လဲ. . ကျွန်တော်သိတယ် ဘားလန်း. . ညက လုပ်ဖြစ်တယ်ဆိုပါတော့. . . "

"ဟုတ်တယ်ဂျိုး. . ကျွန်တော် ခင်ဗျားနဲ့သွားမယ်ပြောထား တဲ့နေရာကို ရောက်သွားတယ်. . အတတ်နိုင်ဆုံး လုပ်ဆောင်ခဲ့တယ် ဆိုပါတော့ဗျာ. . . "

"ခင်ဗျားကတော့ တကယ့်ဝိညာဉ်ပဲ ဘားလန်း. . ကျွန်တော်သာပါရင်တော့ ပျော်စရာ ကောင်းမှာပဲ. . "

ညက ဘားလန်း လုပ်ရပ်ကို မှန်းဆကြည့်ရင်း ဂျိုးက အားရ ကျေနပ်နေတယ်. .

"ဒါနဲ့ ခင်ဗျားသိပြီးပြီလား. . တစ်နေ့နေ့ သစ်ပင်တွေပေါ် မှာနေတဲ့ တစ္ဆေတွေကို တိုက်ခိုက် နေရာလုမယ်လို့ ဒေါက်တာလောက် က ပြောနေတယ်. . ထိုကိစ္စဖြစ်ခဲ့ရင်တော့ ထင်းရှူးပင်တစ္ဆေနဲ့ ကြည့်ကောင်းမဲ့ပွဲတစ်ပွဲပဲ. . ခင်ဗျား ဘယ်သူ့ဘက်က ဝင်တိုက်ခိုက် မလဲ. . ကျွန်တော်တို့ ထင်းရှူးပင်တစ္ဆေကို သတိပေးထားရင် ကောင်း မယ်ထင်တယ်. . "



ဂျိုးစကားကြောင့် ဘားလန်းရဲ့မျက်လုံးတွေဟာ စိုးရိမ်မှုနဲ့ အတူ တောက်ပြောင်လာတယ်၊ ထိုကိစ္စဖြစ်ခဲ့ရင်တော့ ထင်းရှူးပင် တစ္ဆေဘက်က လုံးလုံးရပ်တည်မယ်လို့ ဆုံးဖြတ်ရမယ်။

"စိတ်မပူပါနဲ့ ဂျိုး . . . ကျွန်တော်တို့ အဆင်ပြေသလို ကြည့်လုပ်ကြတာပေါ့. . " ဘားလန်းက နောက်ဖြစ်လာမဲ့ ပြဿနာ တွေကို ရင်ဆိုင်ဖို့ အသင့်ရှိနေပုံနဲ့ပြောတယ်. . .

ဘားလန်းတို့ အချီအချ စကားပြောနေတုန်းမှာပဲ လူတစ်စု ဟာ အလောင်းတင် တွန်းလှည်းနဲ့အတူ အသုဘချဖို့ သင်္ချိုင်းထဲကို ရောက်လာကြတယ်၊ ဝိညာဉ်အားလုံးက အလျင်အမြန် ကိုယ်ရောင် ဖျောက်ပြီး သင့်တော်ရာမှာ ပုန်းနေလိုက်ကြတယ်. . သေဆုံးသူဟာ အသက်ငယ်ရွယ်သူ အမျိုးသားတစ်ယောက်ပဲ. . နာမည်က 'နာကာ စတီဖာ'၊ အသက် (၂၄)နှစ်လို့ လှပတဲ့ ဝက်သစ်ချအခေါင်းမှာ ရေးထားတာမြင်ရတယ်။ လူသေကို မြေမမြှုပ်မီ ဘုန်းကြီးတစ်ပါးရဲ့ သရဏဂုံတင်ရွတ်ဆိုမှုကို လိုက်ပါပို့ဆောင်သူတွေက ငြိမ်သက်စွာ နာယူနေကြတယ်။ ဆွေမျိုးအသိုင်းအဝိုင်းက ထုံးစံအတိုင်း မျက်ရည် ဘစမ်းစမ်းနဲ့ ငိုညည်းနေကြတယ်။ ပူဆွေးစွာ ငိုညည်းသံတွေကြောင့် သင်္ချိုင်းရဲ့အသွင်ဟာ ပိုမိုပီပြင်လာတယ်. . ရောက်ရှိလာတဲ့ နာကာ စတီဖာရဲ့ရုပ်အလောင်းကို သင်္ချိုင်းရှိ ဝိညာဉ်တွေက စပ်စုတဲ့အကြည့် နဲ့ ချောင်းမြောင်းကြည့်ရှုနေကြတယ်။

သေသူဟာ ဂျိုးလိုပဲ ပိုက်ဆံရှိတဲ့အသိုင်းအဝိုင်းကဆိုတာ သူ့ရဲ့ခေါင်းတလားနဲ့ ပန်းခြင်းတွေ၊ ပန်းခွေတွေကို ကြည့်ရင် သိသာ ဘယ်။ လိုက်ပါ ပို့ဆောင်သူတွေကလည်း ဂုဏ်သရေရှိလူကြီးတွေ ဖြစ်ကြောင်း သူတို့ရဲ့ အဝတ်အစားနဲ့ အပြုအမူက သက်သေခံနေ ဘယ်. . အားလုံးက ငြိမ်သက်စွာနဲ့ သေသူ နာကာစတီဖာကို နောက်ဆုံး နှုတ်ဆက်နေကြတယ်။

ဒေါက်တာလောက် တပည့်တွေက ဝက်သစ်ချ ခေါင်းတလား အသစ်ကြီးကို သွားရည်တမြားမြားနှင့် အမဲဖျက်ဖို့ စောင့်ကြည့်နေကြ ဘယ်။

"ဒီလောက်ကောင်းတဲ့ ခေါင်းတလားမျိုးကတော့ တစ်ရက်တောင်ခံမှာမဟုတ်ဘူး. . သူလည်း ကျွန်တော့်လို မကြာခင် မြေကြီးပေါ်မှာ အိပ်ရမဲ့ပုံပဲ ဘားလန်းရေ. . " ဂျိုးက သူ့အတွေ့အကြုံအရ ပြောတယ်။

ဘိလပ်မြေ၊ သဲ၊ အုတ်တို့နဲ့ ဂူလှလှလေးတစ်လုံးကို ပန်းရံဆရာတွေက အားကြိုးမာန်တက်လုပ်ဆောင်နေကြတယ်၊ သရဏဂုံတင်ပြီးနောက် သေဆုံးသူ နာကာစတီဖာကို ဂူသစ်ထဲသို့ သွတ်သွင်း မြှုပ်နှံလိုက်ကြတော့တယ်။ လိုက်ပါပို့ဆောင်သူတွေက သင်္ချိုင်းမြေကနေ ပြန်လည်ထွက်ခွါစပြုနေပြီ။ နောက်ဆုံးပိတ် အုတ်ဂူအသစ်လေးကို ပိတ်ဖို့၊ အမည်ထိုး အလှဆင်ဖို့အတွက် ပန်းရံဆရာနဲ့ လူအနည်းငယ်သာ ကျန်ရစ်ခဲ့တယ်။

လူတစ်ယောက် သေဆုံးခြင်းဟာ ဒီလိုနဲ့ပဲ ပြီးဆုံးသွားတယ်. . ဒါပေမဲ့ မပြီးဆုံးတာ တစ်ခုက သေသူ နာကာစတီဖာကိုယ်တိုင်ပဲ. . သူဟာ ဘားလန်းတို့လို ဝိညာဉ်ဘဝမှာ ယောင်လည်လည်နဲ့ ကျင်လည်ရဦးတော့မယ်. . လူ့ဘဝတုန်းက ဘယ်လို အခက်အခဲမျိုးမဆို ဘယ်လိုပင် ကျော်ဖြတ်ခဲ့ပါစေ. . ဝိညာဉ်ဘဝမှာတော့ တစ်ကောင်တည်း အားငယ်ထိတ်လန့်ခြင်းနှင့်အတူ မြှုပ်နှံရာ သင်္ချိုင်းမှာ စတင်ခြေချရတော့မှာ ဖြစ်တယ်. . လောလောဆယ် သူ့ဝိညာဉ်ဟာ တစ်နေရာရာမှာ ကြောင်တောင်တောင်နဲ့ ရှိနေဦးမှာ အမှန်ပဲ. .

သူဘာကြောင့်သေဆုံးရလဲဆိုတာကို သက်ရှိလူသားတွေပြန်မှ သင်္ချိုင်းရှိဝိညာဉ်တွေက လှန်လှော်ရှာဖွေ စပ်စုကြလိမ့်ဦးမယ်. . အဲဒီနောက်တော့ သူ့ရဲ့ခေါင်းတလားနဲ့အတူပါလာတဲ့ တန်ကြေးရှိပစ္စည်းအားလုံးဟာ မျက်လှည့်ဆရာ ပဉ္စလက် ပြသလို ထူးဆန်းစွာပျောက်ဆုံးသွားလိမ့်မယ်. . ဒါ ဖြစ်ရိုးဖြစ်စဉ်ပဲ. . .

ဂျိုးဆိုရင် သူ့မိဘတွေက ပစ္စည်းလေးမျိုးထည့်ပေးလိုက်တယ်။ အခုသူ့လက်ထဲမှာ ဘာတစ်ခုမှ မရှိတော့ဘူး၊ သူကြိုက်နှစ်သက်တဲ့ သူ့ဆွဲကြိုးလေး တစ်ကုံးဟာ အခြားဝိညာဉ်တစ်ကောင်ဆီမှာ ထူးဆန်းစွာရောက်နေတာကို နောက်မှတွေ့ရတယ်။ ဂျိုးက သူ့ပစ္စည်း



သူ ပြန်တောင်းတော့ ၎င်းဝိညာဉ်က သူ့အမေ သူ့ကိုထည့်ပေးလိုက်တဲ့ပစ္စည်းပါလို့ ပြောတယ်။ ဂျိုးလည်း ဘာမှမတတ်နိုင်တော့ဘူး။ ဂျိုးက အဲဒီဝိညာဉ်ကို ဒီလိုပြောလိုက်တယ်. .

"ဒါဆိုရင်တော့ ခင်ဗျားအမေ တော်တော်ဆိုးတယ်. . ကျွန်တော် မသိဘဲ ကျွန်တော့်ဆီက ခိုးယူသွားတယ်. . " လို့ ခပ်ထေ့ထေ့နဲ့ ပြောလိုက်တယ်။ ၎င်းဝိညာဉ်က ဘာမှပြန်မပြောဘူး။ မကြားသလို နေနေတော့တယ်။ ဂျိုးက သူ့ဆွဲကြိုးလေးကို ပြန်လုယူဖို့ ကြိုးစားသေးတယ်. . ဒါပေမဲ့ သိတဲ့အတိုင်းပဲ. . မယူဖြစ်ခဲ့ပါဘူး။

မျှားမကြာခင်မှာ စတီရဲ့ အုတ်ဂူလေးဟာ ရုပ်လုံးပေါ်လာပြီး ကျောက်စက်သင်္ချိုင်းမှာ အလှဆုံးနဲ့ အကောင်း ဆုံးအုတ်ဂူလေးအဖြစ် နေရာယူထားတာ တွေ့ရတယ်။ ဆေးရောင်ကလည်း အပြာနုရောင်လေးနဲ့၊ အားလုံးပြီးလို့ သက်ရှိလူသားတွေ ပြန်သွားတဲ့နောက်မှာတော့ ဝိညာဉ်တွေဟာ သူတို့ရဲ့ဂူတွေထဲက အလျှိုအလျှိုထွက်ပေါ်လာတယ်၊ စတီ ဘယ်လိုသေလဲ. . ဘာကြောင့်သေလဲ. . ဆိုတာကို တစ်ယောက်တစ်မျိုး ထင်ကြေးပေးနေကြတယ်။

ဒေါက်တလောက်ရဲ့တပည့်တွေကတော့ သူတို့ရဲ့ဆရာအရှိန်အဝါနဲ့ စတီဂူထဲကို ကျူးကျော် ဝင်ရောက်သွားကြတယ်။ ဂူထဲမှာ စတီရဲ့ ဝိညာဉ် ရှိမနေဘူးတဲ့၊ စတီရဲ့ ရင်ဝမှာ အကြည့်ရဆိုးတဲ့ ဒဏ်ရာကြီး တစ်ခုတွေ့ရတယ်လို့ ပြောတယ်။

"စတီဟာ အဲဒီဒဏ်ရာကြောင့် သေဆုံးတာပဲဖြစ်မယ်. . ဒါဆိုရင် စတီလည်း အစိမ်းသေပေါ့. . "

ဂျိုးက တစ်ချက်သွားကြည့်ပြီး ကောက်ချက်ချတယ်။စပ်စုသူဝိညာဉ်တွေက စတီရဲ့ဂူထဲကို ခေါင်းထိုးပြီး အလုအယက် ကြည့်ကြတယ်။ ဝိညာဉ်အချို့က အစအဆုံး စပ်စုချင်လို့ စတီ ပြန်အလာကို စောင့်နေကြတယ်။ ဒါပေမဲ့ စတီကိုယ်မှာပါတဲ့ လက်စွပ်နဲ့ အခြားပစ္စည်းတွေကတော့ ကြက်ပျောက် ငှက်ပျောက် ပျောက်သွားပြီ. . အလွန်လှပနေတဲ့ ဝတ်သစ်ချ အခေါင်းကြီးကိုတော့ မယူကြသေးဘူး. . ဂျိုးပြောသလို အစိမ်းသေဖြစ်နေလို့လားပဲ. . စတီဟာ

ဘယ်လို လူမျိုးလဲဆိုတာကို ဂျိုးက သိချင်နေတယ်. . အနည်းဆုံး သူနဲ့ မိတ်ဆွေဖြစ်နိုင်တယ်လို့ပြောတယ်. . ဘားလန်းကတော့ သူ့ရဲ့ အုတ်ဂူပေါ်ကနေ ထိုအခြင်းအရာတွေကို ကြည့်နေတယ်။ သူက သူများတွေလို သွားလည်း မကြည့်ဘူး၊ ဘာမှလည်း မမေးပဲ အေးအေး ဆေးဆေးသာ သူ့ဂူမှာသူ ထိုင်နေတယ်၊ ဂျိုးက ဘားလန်းဂူပေါ် ဝင်ထိုင်ရင်း ပြောတယ်။

"သေသူက ခင်ဗျားလို လူချော တစ်ယောက်ပဲဗျ. . ဒါပေမဲ့ သူ့မျက်နှာဟာ နည်းနည်း ခက်ထန်တာက လွဲရင်ပေါ့. . သူသာ ဒေါက်တာလောက်ရဲ့ ဝိညာဉ်တပည့်ဖြစ်သွားမယ် ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ဒီသချိုင်းမှာ မိတ်ဆွေရယ်လို့ လောက်လောက် လားလားရှိတော့မှာ မဟုတ်ဘူး. . ခင်ဗျားရော သူ့ကို စိတ်မဝင်စား ဘူးလား. . ."

ဂျိုးက စိတ်အားထက်သန်စွာ မေးတယ်. . ဘားလန်းက အဝေးကို ငေးရင်း. . .

"ဂျိုးရယ်. . အခြားသူ တစ်ယောက်ကို ကိုယ်နဲ့စိတ်ချင်းတူရ မယ်. . ကိုယ်နဲ့ အပေါင်းအသင်း လုပ်ရမယ်ဆိုတဲ့ ကိစ္စတွေဟာ မဖြစ်နိုင်တဲ့အရာတွေပဲ. . သူ့ရဲ့စိတ်ထဲမှာရှိတဲ့အတိုင်း လွတ်လွတ် လပ်လပ်နေပါစေဗျာ. . သူ ခင်မင်ရင် သူ့ဘာသာသူ လာပါလိမ့် မယ်. . အပေါင်းအသင်းဆိုတာ ရှာဖို့ မလိုပါဘူး။ စိတ်ချင်းတူရာ သူ့ဘာသာသူ ရောက်လာတတ်တာမျိုးပဲ. . တကယ်တော့. . ကိုယ့်ရဲ့ စိတ်ကို အမွန်မြတ်ဆုံး ထားဖို့ပဲ လိုတာပါ. . ဒါတွေ ခဏထား လိုက်ပါဦး ဂျိုးရာ. . အခြားအရေးကြီးတဲ့ အကြောင်းအရာတွေ ကျွန်တော်တို့မှာ ရှိသေးတယ်. . ခင်ဗျား သိပြီးပြီလား. . သချိုင်း ဇရပ်ပျက်အောက်မှာ ဝိညာဉ် အကောင် နှစ်ဆယ်လောက်ကို ဒေါက် တလောက်က ဖမ်းပြီး ပုလင်းထဲ ထည့်မြှုပ်ထားတယ်ဆိုတာ. . ဒါသက်သက် အနိုင်ကျင့်တာပဲ. . ခင်ဗျား ဘယ်လို သဘောရ လဲ. . ."



ဂျိုးက ဘားလန်းပြောတဲ့ အကြောင်းအရာကို သိပ်မအံ့ဩ ပဲ. .

"ခင်ဗျားတော်တော် ခက်တာပဲ ဘားလန်း. . တစ်ချို့အရာ တွေဟာ ကိုယ်နဲ့ သိပ်မဆိုင်ဘူးလေဗျာ. . မသိသလို နေလိုက်တာ ဟာ ကိုယ့်အသက်ရှည်ရာရှည်ကြောင်း လုပ်တာနဲ့ အတူတူပဲ. . ထိုကိစ္စကို မေ့ထားလိုက်ပါဗျာ၊ ဝိညာဉ်ထောင်ကို ကျွန်တော် သိတာကြာပြီပဲ. . ခင်ဗျားကို အသိမပေးရဲတာလည်း ခင်ဗျားအလုပ် များမှာစိုးလို့ပါ၊ အတူတူပဲ. . ခင်ဗျား အလုပ်များရင် ကျွန်တော် လည်း ငြိမ်ငြိမ်နေလို့ရမှာ မဟုတ်ဘူး. . ."

ဘားလန်းက ဂျိုးကို နားလည်စွာကြည့်ရင်း. . .

"ကောင်းပါပြီဂျိုး. . ကျွန်တော်သဘောပေါက်ပါပြီ. . အဲဒီကိစ္စမပြောဖြစ်ခဲ့ဘူးလို့ မှတ်ယူလိုက်ကြရအောင်. . ခု ကျွန်တော် စက်ရုံဘက်ကို သွားလိုက်ဦးမယ်. . ညက ခင်ဗျား အလုပ်တွေ ပင်ပန်းလာတယ်ဆိုတော့ အနားယူလိုက်ပေဦးတော့ဗျို့. . ."

ဘားလန်းက ထိုနေရာမှ လေးတွဲ့စွာ ထွက်သွားတယ်၊ ဂျိုးက အုတ်ဂူပေါ်မှာဆက်လက်ထိုင်လျက် ဘားလန်းရဲ့ နောက်ကျောကို ငေးမော ကျန်ရစ်ခဲ့တော့တယ်။

ကျောက်ခွဲစက်ရုံနားကို ဘားလန်းရောက်တော့ အဆောက် အဦထဲက စကားပြောသံ ကြားရတယ်၊ ဘားလန်းက အဆောက် အဦရဲ့ အဝင်ဝက သစ်သားတိုင်ကြီး တစ်တိုင်နောက်မှာ ပုန်းအောင်း နားထောင်မိတယ်။ အခန်းထဲမှာ စူးရှကျယ်လောင်တဲ့ အသံတစ်သံ ဟာ ဦးဆောင်ပြီး ပြောနေတယ်. . . ၎င်းအသံက လင်းနို့အော်သံနဲ့ တူသလိုပဲ။

"ငါတို့အားလုံး ဘားလန်းကို သတိထားဖို့တော့လိုပြီဟေ့. . ဒီကောင် ငါနဲ့ ငါ့သချိုင်းကို ပျက်စီးအောင် ကြံစည် နေပြီထင်တယ်၊ သူ့မှာ ဘယ်သူ့အားကိုးရှိလို့ ငါနဲ့ဆန့်ကျင်ဖက်လုပ်ချင်ရတာလဲ. . မင်းတို့ သူ့ကို သတိထား ကြည့်မိ ကြလား. . ဒီကောင် အခုတလော မှုမမှန်ဘူးကွ. . သူဟာ အခုဆိုရင် ကိုယ်ထင်ပြနည်းနဲ့ တိုက်ခိုက်

နည်းတွေကို တစ်ဦးဦးဆီက သင်ယူထားပြီးလောက်ပြီ. . ဒီမနက် သူ့မျက်လုံးထဲမှာ ထူးဆန်းတဲ့ အရောင် တစ်ခုကို ငါတွေ့ရတယ်. . ဒါ ဘာကို ရည်ညွှန်းသလဲဆိုရင် သူဟာ များမကြာခင် အစွမ်းထက်မဲ့ သဘောလက္ခဏာပဲ၊ သူ ပညာတွေမတတ်ခင် ငါတို့ ဘာလုပ်သင့်လဲ. . လုပ်နည်းက တစ်ခုပဲရှိတယ်. . အဲဒါ လက်ဦးမှု. . ."

"ကဲ. . သေချာနားထောင်ကြစမ်း. . မနေ့ညက မအောင်မြင်တာ သူ့လက်ချက်ဆိုတာ ယုံမှားစရာ မရှိဘူး မဟုတ်လား. . ထင်းရှူးပင်တစ္ဆေရဲ့ တပည့်တစ်ယောက်က ငါ့ကိုပြောတယ်. . ဘားလန်းဟာ ထင်းရှူးပင်တစ္ဆေနဲ့ တွေ့ဖို့လာတုန်း လမ်းမှာ ထိုသရဲက ပညာစမ်းတိုက်ခိုက်လိုက်တယ်။ ဒါပေမဲ့ ဘားလန်းက ကြောက်စိတ်မရှိဘူး. . သရဲရဲ့ဆံပင်တွေကို ဖမ်းဆွဲပြီး ပြန်လည်တိုက်ခိုက်နိုင်ခဲ့တယ်။ ထိုသရဲက နုယ်နုယ်ရရကောင်တော့ မဟုတ်ဘူးကွ. . သရဲပညာတတ်ပြီးသား. . ဘားလန်းဆီမှာ ထူးဆန်းတဲ့စွမ်းအား တစ်ခုခုရှိတယ်လို့ သူကပြောတယ်။ အဲဒီတော့တို့ ဘာလို့အန္တရာယ်ပေးနိုင်တဲ့ အကောင်ကို လွှတ်ပေးထားမလဲ။ တို့ ဒီညပဲ ဒီကောင့်ကို ဖမ်းချုပ်ရမယ်၊ သူ့အပေါင်းအသင်း ဟိုကောင်လေး မှင်စာဂျိုးနဲ့ ဝိညာဉ်မောင်နှမကိုတော့ ဖြည်းဖြည်းချင်း အပြစ်ရှာလို့ရတယ်။ သူတို့က ယုန်လေးတွေလိုပဲ၊ ဘာမှ မှုလောက်စရာမရှိဘူး. . ငါတို့ အစီအစဉ်ကို မပေါက်ကြားစေနဲ့. . ဒီကောင်မရှိမှ ငါတို့အားလုံး ချယ်လှယ်ချင်တိုင်း ချယ်လှယ်လို့ရမှာ. . ."

စက်ရုံပျက်ထဲမှာ ဒေါက်တာလောက်နဲ့ သူ့တပည့်ဝိညာဉ် ငါးကောင် တိုင်ပင်နေတာကို မထင်မှတ်ဘဲ ဘားလန်း အကုန်အစင် ကြားလိုက်ရတယ်။ စိတ်ကူးပေါက်ပေါက်နဲ့ ကျောက်ခွဲစက်ရုံဘက် ထွက်လာမိတာ ကံကောင်းသွားတယ်။ သူ့ကို ဒီညဖမ်းမယ်ဆိုတာ ကြိုသိရလို့ ဘုရားသခင်ကို ကျေးဇူးတင်မိတယ်. . ဒါပေမဲ့ တစ်နေ့ ဒီလိုဖြစ်လာမယ် ဆိုတာကို ကြိုတွေးထားလို့လား မသိဘူး. . အထူးတလည်တော့ မကြောက်မိသလိုပဲ. . ဘာတွေများ ဆက်လက် တိုင်ပင်ကြဦးမလဲလို့ တိတ်တိတ်လေး နားထောင်နေမိတယ်။



ဒေါက်တာလောက်က သူ့ရဲ့ သွေးပေနေတဲ့ ပါးစပ်ကို လက်နဲ့ သပ်ပြီး. . .

"သချိုင်းမှာ လူသေတွေ ပျောက်ပျောက်နေတာ ဝိညာဉ်တော်တော်များများက သတိထားမိ နေပြီဟေ့. . ဒါပေမဲ့ ဒါ ငါတို့ရဲ့ လက်ချက်လို့ ဘယ်သူမှ နည်းနည်းလေးတောင် မဟာရဲဘူး. . ငါ တကယ်သြဇာကြီးတယ်. . မင်းတို့လည်း ငါလိုဖြစ်အောင် ကြိုးစားသင့်တယ်. . ထိုကိစ္စ အစဖော်တဲ့သူဟာလည်း တစ်သက်လုံး အရက်ပုလင်းခွံထဲမှာ ထည့်ပြီး မြေမြှုပ် ခံဖို့ပဲရှိတယ်. . ဒါနဲ့ အခုတို့ယူလာတဲ့ ကလေး အလောင်းရော ဘယ်မှာဝှက်ခဲ့သလဲ. ."

"ရှိတယ်ဆရာ. ." ဝိညာဉ်တစ်ကောင်က အလွန်တရာ ရိုကျိုးတဲ့ မင်းစေတစ်ယောက်လို ပျာပျာသလဲ ဖြေတယ်. .

"ကျွန်တော် ဒီစက်ရုံထဲက မြေအောက်ခန်းထဲမှာ လုံလုံခြုံခြုံ ဝှက်ထားပါတယ်ဆရာ. . ကျွန်တော် သွားယူလိုက်ဦးမယ်. . "

"ဟေ့ကောင်. . နေဦး. . နေဦး၊ ပတ်ဝန်းကျင်ကို အကဲခတ်အုံးကွ. . မင်းလုပ်လိုက်ရင် သောက်တလွဲချည်းပဲ. . ခိုးလုပ်မဲ့ အလုပ်မှန်သမျှ ပတ်ဝန်းကျင်ကို အရင်သတိထားရမယ် ဆိုတာ အခုထိ မသိသေးဘူး. . သွား. . အပြင်ကို တစ်ခေါက် ထွက်ပြီး လှေ့လာစမ်း. . ."

ဒေါက်တာလောက်ရဲ့ သတိပေးစကားကြောင့် ထိုဝိညာဉ်နဲ့ ကားသမားဝိညာဉ်တို့က ဘားလန်း ပုန်းအောင်းနေရာဘက်ကို ဒရောသောပါး ထွက်လာတယ်။ ဘားလန်းက သူတို့ မမြင်အောင် ဘိုင်ကိုပတ်ပြီး ပုန်းကွယ်လိုက်ရတယ်။

"အားလုံးအခြေအနေကောင်းတယ်. . အနှောင့်အယှက် မရှိဘူးဆရာ. . " ကားသမား ဝိညာဉ်က ပတ်ဝန်းကျင်ကို ဂမူးရှူးထိုး လေ့လာခဲ့ပြီး အမှန်အကန်လေ့လာခဲ့သလို ပြောတယ်. . ခဏအကြာ မြေအောက်ခန်းထဲမှာ ဝှက်ထားတဲ့ စားလက်စ ကလေး အလောင်းကို အခြားတစ်ကောင်က ဆွဲထုတ်လာပြီး ဒေါက်တာလောက် ရှေ့ချပေးတယ်. .

ဒေါက်တလောက်နဲ့အဖွဲ့က ခြေထောက်တစ်ချောင်း၊ လက်တစ်ဖက် မပါတဲ့ ကလေးလူသေ အလောင်းကို စတင်ပွဲတော် တည်ကြတယ်၊ ဒေါက်တလောက်က ပါးစပ်ထဲမှာ အသားစတွေ ပလုပ်ပလောင်းနဲ့ . .

"ဟော့ကောင်တွေ. . ဒါကို ကုန်အောင်စားကြ. . သဲလွန်စ မကျန်စေနဲ့. . ."

"ဂွတ်တယ်. . . ကျွန်တော် ဒီမျက်လုံးလေး စားလိုက်မယ် နော်. ." လို့ ကားသမားဝိညာဉ် ပြောသံကို ကြားလိုက်ရတယ်။

ဘားလန်းက သွေးသံ တရဲရဲစားသောက်နေတဲ့ မြင်ကွင်းကို ချောင်းကြည့်ရင်း ပျို့ချင်အန်ချင်သလို ဖြစ်လာလို့ အသံ မထွက်အောင် မနည်းအောင့်ထားရတယ်။ အဲဒီမြင်ကွင်းက သူ့တစ်သက်မှာ မမေ့နိုင်အောင် ဖြစ်နေတော့မယ်ဆိုတာကိုလည်း တွေးမိတယ်။ ဒေါက်တလောက်တို့ မကြားအောင် ခြေသံလုံလုံနဲ့ နောက်ကို ဖြည်းဖြည်းချင်းဆုတ်ပြီး လာလမ်းအတိုင်း ပြန်လှည့်ခဲ့တယ်။ သူ အခု ဘာလုပ်ရမလဲ. . ဒေါက်တလောက်တို့က သူ့ကိုအလိုရှိကြောင်း ကြားသိခဲ့ရပြီ. . သချိုင်းပြန်ပြီးခုခံမလား. . လွတ်ရာကျွတ်ရာ ခြေဦးတည့်ရာ ပြေးမလား. . ၎င်းနှစ်ချက်ကို ဝေခွဲမရ ဖြစ်နေတယ်၊ လောလောဆယ်မှာ သူတို့က အဖွဲ့နဲ့. . အားသာလွန်းတယ်. . ဘယ်လိုမှ ခုခံနိုင်မှာ မဟုတ်ဘူး၊ တကယ်တမ်းတော့ သူ့မှာ ဘာ ပညာ ဘာပါဝါမှ မရှိသေး ဘူးဆိုတာကိုလည်း တွက်ဆမိတယ်။ အမျိုးမျိုးတွေးတောနေရင်း အချိန်ဟာ ကုန်မှန်းမသိ ကုန်လာတယ်၊ နောက်ဆုံးမှာ ဆုံးဖြတ်ချက်က သချိုင်းကို ခြေဦး မလှည့်ဘဲ သူ့ မိတ်ဆွေ ထင်းရှူးပင် တစ္ဆေရှိတဲ့ဆီကိုပဲ ထွက်လာခဲ့တော့တယ်။

အိပ်တန်းတက်ငှက်တချို့က တစ်ညတာ အိပ်စက်ဖို့ မြင့်မားတဲ့ထင်းရှူးပင်တွေပေါ်မှာ ဆူညံစွာ အော်ဟစ် နေရာယူနေကြတယ်။ အလင်းရောင် ပျောက်ခါနီးဆဲဆဲမှာပဲ ထင်းရှူးပင်တစ်ပင် ပေါ်က ဝိညာဉ်တစ်ချို့ရဲ့ စကားပြောသံကို ကြားလိုက်တယ်။

"ဟေ့. . ဟိုအောက်မှာကြည့်စမ်း. . ဘယ်က နာနာဘာဝ လဲ. . ကျုံးကျုံးကျော်ကျော်. . ခရီးသွား ဝိညာဉ်ထင်တယ်. . ခရီးသွားဝိညာဉ်ဆိုလည်း တို့ပိုင်နက်ထဲက ဖြတ်လို့ မရဘူးကွ. . ဟော့ကောင် ဝိညာဉ်. ."

"ဟေ့. . နေဦးဟ. ."

အခြားတစ်ကောင်က အောက်ကို သေသေချာချာငုံ့ကြည့် ရင်း. .

"ဘားလန်းဆိုတာ ဒီကောင်ပဲ. . ကျောက်စက်သချိုင်း သား. . ငါ့ကို ဟိုတလောက နှိပ်ကွပ်သွားတဲ့ ကောင်ပဲကွ. . ဒီကောင့်ကိုတော့ သတိထား. . ဒီတစ်ခါ သူ့ကို တို့နှစ်ကောင် ပေါင်းပြီး ပညာပေးရအောင်. . မင်းက ရှေ့ကတိုက်. . ငါက နောက်က နေ အလစ်ဝင်ပြီး ကုပ်ချိုးပစ်မယ်. . ."

ပြောပြောဆိုဆိုပဲ သရဲနှစ်ကောင်က သစ်ပင်ပေါ်က ဝဲပျံ ခုန်ဆင်းပြီး ဘားလန်းကို စတင်တိုက်ခိုက်ကြတယ်။ ဘားလန်းက နောက်ကို ခုန်ရှောင်လိုက်ပြီး စကားပြောဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဘားလန်းနှုတ်က အသံ မထွက်ခင်မှာပဲ ရှေ့ကတိုက်ခိုက်တဲ့ သရဲ တစ်ကောင်ရဲ့ ရှည်လျားတဲ့လက်သည်းတွေက သူ့ကို ဆွဲကုတ်မိ သွားတယ်။ ဘားလန်းက အတင်း ရုန်းကန်ပြီး ထိုသရဲရဲ့လက်ကို ပြန်လည်ကုပ်ဆွဲတယ်။ နောက်က အလစ်ချောင်းနေတဲ့သရဲက သူ့ ဆံပင်တွေနဲ့ ဘားလန်းရဲ့ လက်နှစ်ဖက်ကို ချုပ်ကိုင်လိုက်တယ်။ ဘားလန်းရဲ့လက်နှစ်ဖက်စလုံးဟာ ဆံပင်တွေရစ်ပတ်ချုပ်နှောင်ခံရ လို့ မရုန်းနိုင်ပဲ ဖြစ်သွားတယ်။ ရှေ့က သရဲကလည်း ဘားလန်းရဲ့ လည်မျိုကို သူ့ရဲ့ ချွန်ထက်တဲ့လက်သည်းတွေနဲ့ ထောက်ထားတယ်။ နောက်က ချုပ်ထားတဲ့သရဲက အားရဝမ်းသာ. . .

"ဟား. . ဟား. . မင်း ဒီတစ်ခါတော့ ပြေးလို့မလွတ်ပါဘူး ဝိညာဉ်ငပေါလေး . . ဘာ့ကြောင့် ငါတို့ နယ်မြေထဲကို ခဏခဏ ကျူးကျော်ချင်ရတာလဲ. . ပြောစမ်း. . ငါတို့ မင်းကို မသတ်ခင် ကောင်းကောင်းဖြေသွား. . "

ဆံရှည်သရဲက အောင်မြင်တဲ့လေသံနဲ့ မေးတယ်။ဘားလန်း က သူ့အခြေအနေကို အတော်ကို စိတ်ပျက်မိတယ်။ ခေါင်းကို ငိုက်စိုက်ချပြီး တိုးတိုးပဲ ပြန်ပြောတယ်။

"ခင်ဗျားတို့ သတ်ချင်လည်း သတ်လိုက်ကြပါတော့ဗျာ. . ကျွန်တော့်သချိုင်းမှာနေလည်း အသတ်ခံရမဲ့အတူတူ မထူးပါဘူး။ ကျွန်တော်က ဝိညာဉ်ဘဝကိုလာပြီး သက်သက်အလုပ်ရှုပ်နေတဲ့ ကောင်ပါ. . မဟုတ်ဘူးလား. . တစ်ခုတော့ မေးချင်တယ်. . ခင်ဗျားတို့ ကျွန်တော့်ကို သတ်ပြီးသွားရင် ကျွန်တော်က ဘယ်လို ဘဝမျိုးကို ထပ်ရောက်ဦးမှာလဲ ဆိုတာကို ပြောပြနိုင်မလား. . အမှန်မှာတော့ ကျွန်တော် ဘယ်ဘဝကိုမှ ထပ်မသွားချင်တော့ဘူး ဗျ. . ကျွန်တော် ရောက်လေရာသွားလေရာတိုင်းမှာ ရက်စက်မှု တွေ. . ယုတ်မာမှုတွေနဲ့သာ ပြည့်နှက်နေတယ်. . "



"တစ်ဦးကိုတစ်ဦး နားလည် စာနာမှုရှိတဲ့. . ငြိမ်းချမ်းတဲ့ နေရာဒေသလေးများ ဟောဒီလောကမှာ မရှိတော့ဘူးလား. . ၎င်း နေရာလေးက သေးသေးလေး ဖြစ်နေပါစေ. . ကျွန်တော်နေတတ် အောင်နေမယ်ဗျာ၊ တကယ် ငြိမ်းချမ်းမယ် ဆိုရင်ပေါ့၊ ကဲ. . ကျွန်တော် ပြောချင်တာလည်း ပြောပြီးပြီ. . ကျွန်တော့်ကို ခင်ဗျားတို့ မသတ်လည်း အခြား တစ်ဦးဦးက တစ်နည်းနည်းနဲ့ သတ်ဦးမှာ ပဲ. . ဒီလိုပဲ လူ့ဘဝတုန်းကလည်း ကားသမားက ကျွန်တော့်ကို သတ်ခဲ့တာပဲ၊ ဂျိုးလည်း အသတ်ခံရတာပဲ. . သူ့ကို ရောဂါဆိုတဲ့ လက်နက်ဆိုးက သတ်လိုက်တာပဲ မဟုတ်လား. . ဘာမှမထူးဘူး. . ထိုနည်း၎င်းပဲ. . ခင်ဗျားတို့ကိုလည်း တစ်ခြားတစ်စုံတစ်ခု ဒါမှ မဟုတ် တစ်စုံတစ်ဦးက သတ်ဦးမှာပဲ. . ဒါပါပဲ. . ဘဝဆိုတာ ဒါပဲမဟုတ်လား. . . "

ဘားလန်းက စကား မဆက်တော့ဘဲ မျက်လုံးကိုမှိတ်ထား လိုက်တယ်။ သူ့လည်ပင်းမှာ ထောက်ထားတဲ့ သရဲရဲ့ လက်ဟာ ဘယ် အချိန် လည်ပင်းထဲကို ဝင်ရောက် လာမလဲဆိုတာ စိတ်ပျက်စွာနဲ့ပဲ မျှော်လင့်နေမိတော့တယ်။ ထိုသရဲရဲ့ လက်ဟာ စောစောကလောက် မာတောင့် မနေတော့ဘဲ တဖြည်းဖြည်း အောက်ကို လျှောဆင်းသွား တယ်၊ နောက်ဘက်မှ ဘားလန်းလက်ကို ချုပ်ထားတဲ့ ဆံရှည်သရဲက တော့ သတ်လိုက်ပါတော့လား ဆိုတဲ့အကြည့်မျိုးနဲ့ သူ့အဖော်ကို ကြည့်နေတယ်။

လက်သည်းရှည် သရဲက ဘားလန်း အပြောနဲ့ ပုံစံကိုကြည့် ပြီး တွေဝေနေတယ်. .

"သူပြောတာ တစ်မျိုးပဲ. . ကျောချမ်းစရာကွ၊ ငါ့စိတ်ထဲမှာ ငါတို့လုပ်ရပ်တွေ တစ်ခုခု မှားနေပြီထင်တယ်. . "

သူတို့သုံးဦးက တစ်ဦးကို တစ်ဦး အပြန်အလှန်ကြည့်ရင်း ခဏတာ တိတ်ဆိတ်သွားတယ်. . လက်သည်းရှည် သရဲက စဉ်းစဉ်း စားစားပြောတယ်။

"ဆံရှည်. . သူပြောတာ ဟုတ်တယ်ကွ. . တစ်ဦးကိုတစ်ဦး ယုတ်မာသတ်ဖြတ် ညှဉ်းဆဲ နေတာတွေဟာ တကယ့်တကယ်တော့ အဓိပ္ပာယ်လုံးလုံး မရှိဘူးဆိုတာ ငါတွေးမိတာကြာပြီ. . မင်းပဲ စဉ်းစားကြည့်. . . လူ့ဘဝတုန်း ကလည်း ငါတို့သေတာ ဘားလန်း ပြောတဲ့ တစ်နည်းနည်းနဲ့ အကျုံးဝင်နေတယ်၊ ငါဆိုရင် ငါ့ဆရာက နိုင်ငံ့ထက်စီးနင်းလုပ်ပြီး သတ်လိုက်တာကို ခံခဲ့ရတာ. . ထိုနည်းငင်းပဲ. . ငါ့ဆရာကိုလည်း အခြားတစ်ယောက်က သေနတ်နဲ့ နှာခေါင်းကို တေ့ပြီး ပစ်သတ်သွားတာပဲ၊ ဒါတွေဟာ နေရာတိုင်းမှာ မကြာခဏ ဖြစ်ပေါ်နေတဲ့ စိတ်ပျက်စရာကောင်းတဲ့ အဖြစ်မှန်တွေ မဟုတ်လား. . ငါတို့ဘဝတွေကို မင်း သေသေချာချာ စဉ်းစားကြည့်စမ်းပါ. . ငါတို့ဆိုးညစ်ခဲ့တာတွေ ဘယ်လောက်များပြီလဲ ဆိုတာတောင် မရေနိုင်တော့ဘူး. . ဒီကောင်ကလေး စဉ်းစားသလို စဉ်းစားကြည့်ရင် သိပ်ကို အော်ဂလီဆန်စရာတွေပဲကွ. . ."

"အခု ငါ ဘားလန်း စကားကြားပြီး သူများကို ဒုက္ခပေးချင်တဲ့စိတ် လုံးလုံးပျောက်သွားသလိုပဲ. . ငါ တစ်ခုပြောချင်တယ် ဆံရှည်. . ဘားလန်းကို လွှတ်လိုက်ပါကွာ. . သူက ငါတို့ကို အဲဒီလိုအတွေးမျိုး တွေးမိအောင် မထင်မှတ်ပဲ ပြောပြနိုင်တဲ့သူ မဟုတ်လား. . ."

ဆံရှည်သရဲက ဘားလန်း စကားတစ်ခွန်းကြောင့် ချက်ချင်း ပြောင်းလဲသွားတဲ့ လက်သည်းရှည်သရဲကို နားမလည်နိုင်စွာနဲ့ ကြည့်နေတယ်၊ လက်သည်းရှည်လို သရဲဆိုးကိုတောင်မှ ဒီလိုအတွေးမျိုး စိတ်ကူးမျိုးဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်တဲ့ ဘားလန်းကို သူ နည်းနည်းတော့ လေးစားမိသွားတယ်၊ လက်သည်းရှည်ရဲ့ တောင်းပန် စကားကြောင့် ဆံရှည်သရဲက သူချုပ်နှောင်ထားတဲ့ ဘားလန်းရဲ့ လက်ကို လွှတ်ပေးလိုက်ပြီး. .

"မင်းစကားကို ကြားပြီး လက်သည်းရှည်တော့ စိတ်ပြောင်းသွားပြီ. . ငါကတော့ မင်းတို့တွေ နည်းနည်း အတွေးခေါင်လွန်းတယ်လို့ ထင်တယ်. . မင်း ဒီကို ဘာလာလုပ်တာလဲ ဘားလန်း. .



ငါ့ကို လာရှာတာတော့ မဟုတ်လောက်ဘူး" ဆံရှည်က လိုရင်းကို မေးတယ်။

ဘားလန်းက သူ့အခြေအနေကို ပြောပြတယ်. .

"အခုချိန်ဆိုရင် ဒေါက်တလောက်က ကျွန်တော့်ကို လိုက်ရှာနေလောက်ပြီ. . ကျွန်တော်ဟာ သူ့အတွက် အမှားလို့ယူဆတဲ့ အလုပ်တစ်ခုကို လုပ်ခဲ့မိတယ်. . ဒါပေမဲ့ တချို့အကြောင်းအရာတွေဟာ ကျွန်တော်ပြောခဲ့သလို ကျွန်တော့်စိတ်ထဲမှာ မတရားဘူးလို့ ယူဆမိတယ်. . ကျွန်တော်ဟာ သက်ရှိလူသားအချို့ကို ဒေါက်တလောက်တို့ စီမံထားတဲ့ သေတွင်းက ကယ်ခဲ့ဖူးတယ်. . ကျောက်စက်သချိုင်းမှာ ကျွန်တော်ရှိနေဦးမယ် ဆိုရင်လည်း ဒီလိုကိစ္စတွေက ထပ်ဖြစ်ဦးမှာ. . ဒါကို ဒေါက်တလောက်လည်း သိတယ်. . ကျွန်တော်လည်း သိတယ်. . သူက ကျွန်တော်မရှိမှဖြစ်မယ်လို့ ယူဆတယ်. . ကျွန်တော်ကတော့ သူနဲ့အတူနေလည်း ဖြစ်ပါတယ်. . ဒါပေမဲ့ အနည်းဆုံးတော့ မယုတ်မာရဘူးဆိုတဲ့ စာချုပ်တစ်ခုလိုမယ်. . ."

"မင်းပြောတာ မင်းအနေနဲ့ ကျောက်စက်သချိုင်းကို ပြန်လို့မရဘူးလို့ ဆိုလိုချင်တာလား. ." ဆံရှည်က မေးတယ်။

"ဟုတ်တယ်. . ဒီအတိုင်းပဲ. ." ဘားလန်းက ခပ်သွက်သွက်ဖြေတယ်။

"အဲဒါခက်တာပဲ. . ဒီကိစ္စ ငါတို့လည်း မတတ်နိုင်လောက်ဘူး။ ငါတို့ ဒေါက်တလောက်ကို နိုင်အောင် ဘယ်နည်းနဲ့မှ မစွမ်းဆောင်နိုင်ဘူး. . မင်းသိမှာပါ. . သူနဲ့ ဆန့်ကျင်ဘက်လုပ်ဖို့လည်း စိတ်ကူး မရှိဘူးလေ. . မဟုတ်ဘူးလား လက်သည်းရှည်ရာ. ." ဆံရှည်က မကူညီနိုင်တဲ့ပုံနဲ့ အပြတ်ပြောတယ်။

"ငါ တစ်နေ့ကတောင် ဒေါက်တလောက်နဲ့ လမ်းမှာ မတော်တဆတွေ့သေးတယ်. . သူနဲ့တွေ့တုန်းက ငါနည်းနည်း မူးနေတယ်. . မင်းအကြောင်းတွေလည်း ပြောဖြစ်သွားလား မသိဘူး. . သူ ငါ့ကို အတင်းမေးတယ်. . တကယ်ပါ. . ငါမရည်ရွယ် .

ပါဘူး. . ငါတို့က သူ့ကို မယှဉ်နိုင်ဘူးလေ. . ထင်းရှူးပင်တစ္ဆေလည်း ဒီအတိုင်းပဲပြောတာ မင်းကြားဖူးမှာပါ. ." ဆံရှည်သရဲက မျက်နှာ ငံ့ထားပြီး ပြောတယ်။

"ခင်ဗျား ကျွန်တော့်ကို စိတ်ဆိုးလို့ ဒေါက်တလောက်နဲ့ သွားတွေ့တာကို ကျွန်တော်သိခဲ့ပါပြီ. . ဒါပေမဲ့ ခင်ဗျားသွားပြောတာ သိပ်စောလွန်းတယ်. . ." ဘားလန်းက ဆံရှည်ကိုကြည့်ပြီး စိတ်ပျက်စွာ ပြောတယ်။

"ငါ ဒေါက်တလောက်နဲ့တွေ့တာကို ထင်းရှူးပင်တစ္ဆေ မသိသေးဘူး. . မင်း ငါ့ကို ခွင့်လွှတ်မယ်လို့ မျှော်လင့်မိတယ်. ." ဆံရှည် သရဲက တောင်းပန်တဲ့အကြည့်နဲ့ ပြောတယ်။

"စိတ်ချပါ. . ကျွန်တော် ထင်းရှူးပင်တစ္ဆေကို မပြောပါဘူး၊ တကယ်လို့ သူမမေးရင်ပေါ့၊ ခင်ဗျားလုပ်ပုံကို သူသိရင်တော့ ထင်းရှူးပင်တစ္ဆေလည်း စဉ်းစားမှာပဲ" ဘားလန်းက မယုတ်မလွန်ပဲပြောတယ်။

"အဲဒီတော့ မင်း ဘာဆက်လုပ်မယ်စိတ်ကူးလဲ ဘားလန်း၊ မင်းကို ငါ ကူညီနိုင်ကောင်းပါရဲ့"

လက်သည်းရှည် သရဲက ဆံရှည်လို အပြတ်မပြောင်းဘဲ တကယ် ကူညီချင်တဲ့ပုံနဲ့ ဝင်ပြောတယ်။

"ကျွန်တော်လည်း အဲဒါကိုပဲ စဉ်းစားနေတာ. . ထင်းရှူးပင်တစ္ဆေနဲ့ ဆွေးနွေးချင်လို့ စွန့်စားပြီးလာခဲ့တာပဲ. . သူ့ဆီက အကြံဉာဏ် လေး ရတတ်တယ် မဟုတ်လား. ."

ဘားလန်းက သူ့စိတ်ကူးကို မဝံ့မရဲ ဖြေရင်းတွေးနေတယ်။ ရှေ့ဆက် ဘယ်လို စခန်းသွားရမယ်ဆိုတာ တွေးမိလို့ အားငယ်စိတ်ဖြစ်ပေါ်လာမိတယ်။

"ထင်းရှူးပင်တစ္ဆေကို ဘယ်မှာတွေ့နိုင်မလဲ. . သူ့ကို ပြောစရာလည်း ရှိသေးတယ်ဗျာ. ."

"သူက အခုဒီမှာ မရှိဘူး. . တစ္ဆေအစည်းအဝေး သွားတယ်၊ ညဥ့်နက်မှ ပြန်ရောက်မယ်ထင်တယ်. . သူ့ကို တွေ့ချင်ရင်



တော့ ဒီကပဲ စောင့်ရလိမ့်မယ်. . မင်းပြောစရာရှိတာ ငါ့အကြောင်း တိုင်ပြောမှာတော့ မဟုတ်ပါဘူးနော် ကောင်လေး. ." ဆံရှည်က ပြောရင်း စိုးရိမ်စွာမေးတယ်။

"မဟုတ်ပါဘူးဗျာ. . ကျွန်တော်ပြောမှာ အခြားအကြောင်း အရာတွေပါ. ." ဘားလန်းက တုံးတိတိဖြေတယ်။

ဆံရှည်က စပ်စုတဲ့အကြည့်နဲ့. . "ဘယ်လိုအကြောင်း အရာတွေပြောမှာလဲ. . သိခွင့်ရှိရင် သိချင်တယ်. ."

"မဖြစ်ဘူးဗျ. . ခင်ဗျားသိလို့ မဖြစ်ဘူး၊ ဒေါက်တလောက်က ခင်ဗျားကို မေးရင် ကျွန်တော်တို့ အားလုံး ဒုက္ခ ရောက်ကုန်လိမ့်မယ်" ဘားလန်းက ဆံရှည်သရဲကို မယုံကြည်စွာပဲ ပြောတယ်။

"မင်းက ငါ့ကို တစ်ခါလေး မှားမိတာနဲ့ မယုံတော့ဘူးပေါ့. ." ဆံရှည်က မကျေနပ်သံ ရောယှက်ရင်း ပြောတယ်။

"မဟုတ်ပါဘူး. . ထင်းရှူးပင်တစ္ဆေနဲ့ ကျွန်တော့်ကြားမှာ စည်းထားတဲ့သဘောပါ. . ဘာမှမဟုတ်ပါဘူး. ." ဘားလန်းက သူ့စကားသူ ထိန်းချုပ်ရင်း ပြောလိုက်တယ်၊ လက်သည်းရှည်ကတော့ ဘာမှဝင်မပြောတော့ဘဲ ပါးစပ်ကြီး ဟပြီး နားထောင်လို့သာ နေတယ်။ သူက တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေတဲ့ပုံ၊ ဘားလန်းနဲ့ ဆံရှည်တို့က ထင်းရှူးပင်အောက်မှာ အချိန်အတော်ကြာ စကားပြောနေကြတယ်။ လက်သည်းရှည်ကတော့ သစ်ပင်ပေါ်တက်သွားပြီး သူတစ်ကောင်ထဲ စဉ်းစားခန်းဝင်လျက်. . .

ဒီကောင်လေးကို ငါ ကူညီချင်တယ်. . ဒါပေမဲ့ မဖြစ်နိုင်တဲ့ အချက်တွေက အများကြီးပါပဲလေ. . ဒေါက်တလောက်က ဒီနယ်တစ်ဝိုက်မှာတော့ နာမည်ကြီးသရဲ. . ရင်းက သူတင်ကိုယ်တင်ဆိုရင် ထင်းရှူးပင်တစ္ဆေကိုတောင် နိုင်အောင်တိုက်ခိုက်နိုင်တယ်ဆိုတာ တစ္ဆေတိုင်းလိုလိုသိတယ်. . ငါလည်း အရင်တုန်းက ကျောက်စက် သချိုင်းမှာ နေခဲ့ဖူးတာပဲ. . ဒေါက်တလောက်ရဲ့ဒဏ်ကို ကြောက်လို့ ထွက်ပြေးလာတဲ့ သရဲတစ်ကောင်ဆိုတာ ရှက်လို့ ဘယ်သူ့မှ မပြောဖြစ်ခဲ့ဘူး. . ဒေါက်တလောက် အကြောင်းကို ငါ့ထက် ဘယ်သူက

ပိုသိမှာလဲ. . အခု ဘားလန်းလည်း ထွက်ပြေးရပြီ. . ငါက နေစရာ ရှိတော့ တော်သေးတယ်. . ဒီကောင်လေးက နေစရာတိတိကျကျ မရှိဘဲ ရှောင်ပြေးနေရတော့မယ်. . အဲဒါပြဿနာပဲ. . . ငါ ဘယ်လို ကူညီရမလဲ. . . ဒီကောင်လေး ကြည့်ရတာ ရိုးရိုးသားသား နဲ့ ဝိညာဉ်တစ္ဆေလောက အကြောင်းကို ဘာမှသိသေးပုံ မပေါ်ဘူး. . တကယ်ဆိုရင် သူက ကျောက်စက်သချိုင်းမှာပဲရှိနေသင့်တာ. . သူလို မြင့်မြတ်တဲ့စိတ်ထားရှိတဲ့ ဝိညာဉ်မျိုးဟာ ကောင်းကင်ဘုံရဲ့ ဆုံးဖြတ်ချက်ကို ခံယူဖို့ ကိုယ့်နေရာမှာကိုယ် ငြိမ်ငြိမလေးစောင့်နေ သင့်တာ. . သူမျှော်လင့်တဲ့ ငြိမ်းချမ်းတဲ့ နယ်မြေလေးတစ်ခုက ကောင်းကင်ဘုံမှာပဲ ရှိမှာပေါ့. . . ဒေါက်တလောက် သက်သက် ညစ်ပတ်တာပဲ. . ရောက်လာသမျှဝိညာဉ်အသစ်တွေကို တစ်နှစ် တစ်ခါ ပြုလုပ်တဲ့ ဝိညာဉ်လွှတ်မြောက်ပွဲ ရှိတယ်ဆိုတာ မပြောဘူး ထင်တယ်. . အေးလေ. . ဒေါက်တလောက်အနေနဲ့ ဘယ်ပြောချင် ပါ့မလဲ. . သူက ကောင်းတဲ့အကောင်မှ မဟုတ်တာ. . .

ဝိညာဉ်လွှတ်မြောက်ပွဲဆိုတာ ဝိညာဉ်တွေအားလုံး လူ့ဘဝ က လုပ်ဆောင်ခဲ့မှုတွေကို အဆုံးအဖြတ်ပေးတဲ့ပွဲပဲ မဟုတ်လား. . အခုလက်ရှိ ဝိညာဉ်ဘဝအထိ အကျုံးဝင်တယ်လေ. . သေသူရဲ့ ကျင်လည်ရာ ဘဝခရီး ပြီးဆုံးချိန် မရောက်မချင်း ဝိညာဉ်ဘဝမှာပဲ ဆက်လက် ကျင်လည်နေရဦးမှာဖြစ်တယ်. . ဒါပေမဲ့ မွန်မြတ်တဲ့ စိတ်ထားနဲ့ ဘယ်သူ့ ကိုမှ ဒုက္ခ မပေးတဲ့သူမျိုးကျတော့ ကောင်းကင် ဘုံက လက်ပိုက်ကြည့်နေတော့မှာ မဟုတ်ဘူး. . ဘားလန်းဟာ ထင်းရှူးပင်တစ္ဆေ ပြောသလို တကယ့်ကို ဖြူစင်မှန်ကန်တဲ့သူ၊ စိတ်ထားဖြောင့်မတ်တဲ့သူ၊ လူ့ဘဝမှာ ဘာမှဆိုးဆိုးရွားရွား မလုပ်ဖူး သူ ဆိုရင်တော့ ကောင်းကင်ဘုံက သူ့ကိုဝိညာဉ်ဘဝနဲ့ အကြာကြီး နေခွင့်ပြုမှာ မဟုတ်ဘူး. . သူ့ကို ကောင်းရာ မွန်ရာဘုံဘဝ သူနဲ့ သင့်တော်ရာ နေရာတစ်ခုခုကို မဖြစ်မနေ ပေးကြရမှာပဲ. . အဲဒီ အချိန်မှာ သူ့နေရာမှာသူ ရှိနေဖို့ အရေးကြီးတယ်မဟုတ်လား. . . တကယ်လို့ရှိမနေခဲ့ရင် သူ့ကိုပျောက်ဆုံးဝိညာဉ်စာရင်းထဲမှာ



ထည့်ထားခံရလိမ့်မယ်. . ဒါဆိုရင်တော့ နောက်တစ်နှစ် စောင့်ပေဦး တော့ပဲ. . .

ငါတို့လို စည်းကမ်းဥပဒေ မလိုက်နာတဲ့ဝိညာဉ်. . လူ့ဘဝ မှာတုန်းကလည်း ကောင်းတာ သိပ်မလုပ်ခဲ့တော့ ဝိညာဉ်ဘဝနဲ့ ကြာကြာဝင့်ခံ. . အချိန်တန်တော့လည်း မကောင်းတဲ့ဘုံကို ကျွမြန်း ရမယ်. . ဒါဘာထူးဆန်းလဲ. . ငါတို့က ကောင်းတဲ့အကောင်တွေမှ မဟုတ်တာ. . ငါတို့ ဆံရှည်သရဲတို့ နောက်ပြီး ဒေါက်တလောက် တို့အုပ်စုဟာ အတူတူပဲ. . အချိန်တန်ရင် ဝိညာဉ်ဘဝထက်ဆိုးတဲ့ အခြားဘဝ တစ်ခုခုကို သေချာပေါက် သွားရမှာပဲ. . ဆိုးတယ်. . . ငါလည်း အခုမှ သေသေချာချာ တွေးမိတော့တယ်. . မကောင်းတဲ့ ကောင်တွေနဲ့ ပေါင်းမိပြီး အခုချိန်ထိ ကောင်းတာဆိုလို့ ဘာမှမလုပ်ခဲ့ ဖူးဘူး. . ငါ့ဘဝကို ပြန်စဉ်းစားမိတိုင်း ဝမ်းနည်း ကြေကွဲခဲ့ရတယ်. . အခု ငါ့ရှေ့မှာ စိတ်ထားမြင့်မြတ်တဲ့ ဝိညာဉ်တစ်ကောင် ရောက်နေ ပြီ. . ငါဘာလုပ်ရမလဲ. . ငါ သူ့ကို ကူညီချင်စိတ် ဖြစ်ပေါ်လာတာ တော့ အမှန်ပဲ. . တကယ်ဆိုရင် ဘားလန်းဟာ ဘာမှမသိသေးတဲ့ လူငယ်လူရွယ်ပဲ. . ရက်စက် ယုတ်မာတဲ့ ဒေါက်တလောက်တို့ရဲ့ လက်က လွတ်ဖို့ သိပ်မလွယ်ဘူး. . အဲဒီတော့ ငါ သူ့ကို တစ်နည်း နည်းနဲ့ ကူညီဖို့ ဆုံးဖြတ်သင့်တာပေါ့။ အနည်းဆုံးတော့ ဒီနေ့ကစပြီး မှန်တဲ့ဘက်က ရဲရဲရင့်ရင့် ရပ်တည်သွားမယ်လို့ ဆုံးဖြတ်သင့်ပါတယ် လေ. . မဟုတ်ဘူးလား. . .

လက်သည်းရှည်သရဲက သူ့ဘဝအကြောင်းတွေနဲ့ ဘားလန်း အကြောင်းကို ဆက်စပ်တွေးတောရင်း အချိန်အတော်ကုန်သွား တယ်. . ထို့နောက် ဆုံးဖြတ်ချက်နဲ့အတူ စိတ်လက်ပေါ့ပါးစွာ သစ်ပင်ပေါ်မှ ဆင်းလာတယ်။

"လက်သည်းရှည်. . မင်း သစ်ပင်ပေါ်တက်ပြီး ဘာလုပ်နေ တာလဲ. . ဘားလန်းကိစ္စ ဘယ်လိုလုပ်မလဲ၊ ငါကတော့ ဘယ်လိုမှ မတတ်နိုင်ဘူး. . သူကလည်း ငါ့ကို သိပ်ယုံကြည်ပုံ မရဘူး. . မင်း သူနဲ့ စကားပြောချင်သေးရင်တော့ နေခဲ့. . ငါတော့ ကင်းလှည့်သွား

လိုက်ဦးမယ်. . . တို့ ဒီည ထွေထွေထူးထူး ဘာမှလုပ်စရာ မရှိပါဘူး. . ထင်းရှူးပင်တန္တေ ပြန်လာရင်သာ ငါကင်းလှည့် သွားတယ်လို့ ပြောလိုက်. . ."

ဆံရှည်သရဲက ပြောပြောဆိုဆိုနဲ့ ညကင်းလှည့်ဖို့ ထိုနေရာမှ ထွက်ခွာသွားတယ်။

"ဘားလန်း. . မင်း ဘာမှ အားမငယ်နဲ့. . ထင်းရှူးပင်တန္တေရောက်လာတဲ့အထိ မင်းနဲ့တူတူ ငါစောင့်ပေးမယ်၊ ခုချိန်ကစပြီး မင်း ငါ့ကို မိတ်ရင်းဆွေရင်းလို ဆက်ဆံနိုင်ပါတယ်. . "

လက်သည်းရှည်က ဘားလန်းကို လက်ကမ်းပေးရင်း ခင်မင်ရင်းနှီးစွာပြောတယ်. . ဘားလန်းကလည်း လက်ဆွဲနှုတ်ဆက်ရင်း. .

"ကျွန်တော့်အတွက်နဲ့ ခင်ဗျားစိတ်ညစ် မနေဘူးဆိုရင် ကျွန်တော် ဝမ်းသာပါတယ်. . ဒီသစ်ပင်အောက်မှာ ခေတ္တနေခွင့်ပြုတာကိုလည်း ကျေးဇူးပဲ. . ."

"ရပါတယ်. . ငါ မင်းကို မေးချင်သေးတယ်. . မင်း ဒေါက်တလောက် အကြောင်း ဘာသိလဲ. ."

"ကျွန်တော်သိတာက သူဟာ သိပ်ဆိုးတယ်. . ပြီးတော့ ပါးနပ်တယ်ဗျ. . ဘာမဆို ရက်ရက်စက်စက် လုပ်ချင်တဲ့ပုံပဲ. ."

"မှန်တယ်. . သိပ်မှန်တယ်. ." လက်သည်းရှည်က ထောက်ခံလိုက်တယ်။

"ဒါပေမဲ့. . ဒေါက်တလောက် အကြောင်းကို ငါက မင်းထက် အများကြီး ပိုသိတယ်ဆိုရင် မင်းယုံမှာလား. ."

ဘားလန်းက လက်သည်းရှည်ကို သေချာကြည့်တယ်။

"ဖြစ်နိုင်ပါတယ်. . ခင်ဗျားက ကျွန်တော့်ထက် သရဲ အရင်ဖြစ်တာပဲ. . သူ့အကြောင်းကို ပိုသိနိုင်တာပေါ့. ."

"ဟုတ်တယ်. . ငါသိတယ်. . သိတာမှ ငါလည်း ကျောက်စက်သချိုင်းသားပဲကွ. ."



လက်သည်းရှည် စကားကြောင့် ဘားလန်းက နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်တယ်။

"ဘာလဲ. . မင်းက ငါ့ကို သူ့တပည့်ထင်လို့ လန့်သွားတာလား. . မကြောက်ပါနဲ့ကွာ. . အခုတော့ မဟုတ်တော့ပါဘူး. . သူ့ဒဏ်ကို မခံနိုင်လွန်းလို့ ထွက်ပြေးရတာပဲဟာ. . မင်းလိုပဲ. . ဒါပေမဲ့ မင်းက ငါ့ထက်စာရင် အများကြီး ကံကောင်းပါသေးတယ်ကွာ။ မင်းကို သူက ဘာမှ မလုပ်နိုင်ခင် မင်းကသိသွားလို့. . ငါက သူ့တပည့် ဖြစ်ဖူးတယ်၊ မဖြစ်စလောက်အပြစ်လေးနဲ့ ငါ့ဝိညာဉ်ကို ချုပ်ထားတယ်၊ ငါ သူ့ဝိညာဉ်ထောင်မှာ တစ်နှစ်လောက် ချုပ်ခံခဲ့ရတယ်။ တစ်နေ့မှာ ငါ့ကိုခင်တဲ့ဝိညာဉ်တစ်ကောင်က သူမရှိတုန်း ကယ်ထုတ်သွားပေလို့ လွတ်လာတာ. . နို့မို့ဆို မလွယ်ဘူး. . တချို့ ဝိညာဉ်တွေဆိုရင် ဒေါက်တလောက်ဖမ်းထားတာ နှစ်ပေါင်း အတော်ကြာပြီပဲ. . အခုထိ ထောင် မလွတ်သေးဘူးကွ. . ငါ သူ့ကို ပြန်ချဖို့ ကြိုးစားသေးတယ်. . ဒါပေမဲ့ ဖြစ်မလာခဲ့ဘူး. . သူ့မှာ ငါတို့ထက် အားသာချက်က များတယ်. . ဝိညာဉ်တစ်ကောင်ကို မေ့မြောသွားအောင်လည်း ပြုစားတတ်တာပဲ. ."

လက်သည်းရှည်ဟာ သူ့အတိတ်က အဖြစ်တွေကိုပြောရင်း ဒေါက်တလောက်ကို မကျေနပ်တဲ့အသံတွေ ရောစွက်လာတယ်. . သူဟာ တချိန်တုန်းက ဒေါက်တလောက်ကို ပြန်တိုက်ဖို့ ကြိုးစားတယ်ဆိုတာ သူ့ရဲ့အနေအထားကို ကြည့်ရင်သိသာတယ်လို့ ဘားလန်း ထင်တယ်၊ လက်သည်းရှည်က ဆက်ပြောတယ်. .

"မင်းကို ဒီအကြောင်းတွေ ပြောပြရတာ အကြောင်းမဲ့တော့ မဟုတ်ဘူး. . ဒေါက်တလောက်အကြောင်းကို ပြည့်ပြည့်စုံစုံသိထားမှ သူ့တိုက်ကွက်တွေကို ရှောင်ကွင်းလို့ရမှာမို့လို့ပဲ. . ဒေါက်တလောက်ရဲ့မျက်လုံးတွေက အရောင်ထွက်နေတာ အခြားကြောင့် မဟုတ်ဘူး. . မှော်ဆရာ တစ်ယောက်ဆီက ခိုးယူလာတဲ့မြွေမျက်လုံးတွေကို သူ့မျက်လုံးနဲ့ လဲတပ်ထားလို့ပဲ. . အဲဒီမြွေမျက်လုံးက အခုထိ သို့အားပြင်းတယ်၊ သူ့လက်တွေကလည်း တစ်ဦးဦးနဲ့ တိုက်ခိုက်ရင်

မြန်လွန်းလို့ လှုပ်ရှားလိုက်တဲ့ အရိပ်ပဲမြင်ရတယ်။ သူ့ရဲ့ဝိညာဉ်ကိုလည်း ပုံသဏ္ဍာန်အမျိုးမျိုးပြောင်းနိုင်တယ်ကွ။ ဥပမာ. . လင်းနို့ငှက်ပုံစံ. . ပျံတတ်တဲ့ ဝံပုလွေ ပုံစံလိုမျိုး. . အဲဒါကြောင့် သူ့ကို တော်ရုံတန်ရုံ တိုက်ခိုက်ဖို့မလွယ်ဘူး. . "

"သူ့ကိုနိုင်ချင်ရင် တစ်နည်းပဲရှိတယ်. . အဲဒါက. . ပုလဲနက် မှော်ဆရာကို ရအောင်ရှာမှဖြစ်မှာ. . ပုလဲနက် မှော်ဆရာက ဒေါက်တလောက်ကို ကောင်းကောင်းသိလောက်တယ်၊ ဒါပေမဲ့ ပုလဲနက် မှော်ဆရာဟာ အခု ဒီမှာမရှိဘူး၊ သူက အနောက်ဘက်ဒေသကို ခရီးထွက်သွားတယ်လို့ သတင်းရတယ်၊ သူ့အကြောင်းကို ပြည့်ပြည့်စုံစုံ သိချင်ရင်တော့ ထင်းရှူးပင်တစ္ဆေလာမှ မေးကြည့်ပေါ့၊ ထင်းရှူးပင်တစ္ဆေက ပုလဲနက် မှော်ဆရာအကြောင်းကို ငါ့ထက်ပိုသိမှာပါ. . တကယ်လို့ ပုလဲနက် မှော်ဆရာကို သွားရှာမယ်ဆိုရင်လည်း မင်းတစ်ယောက်ထဲ မဖြစ်နိုင်ဘူး. . ငါလည်းလိုက်ခဲ့မယ်၊ မင်းမသိသေးဘူး. . ဝိညာဉ်လောကမှာ တစ်ကောင်ထဲ ခရီးထွက်ခြင်းဟာ မိုက်ရူးရဲဆန် တဲ့အလုပ်ပဲ၊ မင်းလို ဘာပညာမှမတတ်တဲ့သူဆိုရင် ပိုလို့တောင်ဆိုးသေးတယ်။ မင်းကို အခြားနာနာဘာဝသရဲတစ္ဆေတွေ မှော်ဆရာရူးတွေက ဖမ်းထားပြီး ကျေးကျွန် လုပ်ပစ်ကြလိမ့်မယ်. . . "

လက်သည်းရှည်က သူ့ရဲ့အတွေ့အကြုံအရ သူ့အယူအဆတွေ ဘားလန်းကိုရှင်းပြတယ်၊ ဘားလန်းဟာ လက်သည်းရှည်ရဲ့စကားကြောင့် ဝိညာဉ်လောကကို ပိုပြီးစိတ်ကုန်သွားတယ်၊ သူဟာ အခုဆိုရင် သချိုင်းမြေ့ဘဝကို ရောက်မှန်းမသိ ရောက်နေရပြီ၊ နောက်ထပ် ဘာတွေဖြစ်လာမလဲ ဆိုတာကို မစဉ်းစားနိုင်အောင် စိတ်ပျက်လာတယ်၊ လက်သည်းရှည်က ဘားလန်းရဲ့ စိတ်ပျက်အားငယ်နေတဲ့ပုံစံကိုမြင်တော့ နှစ်သိမ့် အားပေးစကားဆိုတယ်။

"မင်း ဘာမှမပူပါနဲ့. . နောက်မှ ဒေါက်တလောက်ပြဿနာ စဉ်းစားကြတာပေါ့. . အခုလောလောဆယ်တော့ ငါနဲ့အတူတူနေလို့ရပါတယ်၊ ဒီသစ်ပင်မှာ ငါနေတယ်. . "



လက်သည်းရှည်က သူ့အပေါ်မှ ထင်းရှူးပင်ကြီးကို လက်ညှိုးထိုးပြီးပြောရင်း သူ့အနားက ဖြတ်ပျံသွားတဲ့ ခားခုတ်ကောင်တစ်ကောင်ကို လျင်မြန်စွာ ဖမ်းစားလိုက်တယ်။ ဘားလန်းက ထိုအခြင်းအရာကို ထူးဆန်းစွာ ကြည့်နေတယ်။

"ခင်ဗျား အခြားသွေးထွက်တဲ့အကောင်တွေတော့ မစားပါဘူးနော်. . "

ဘားလန်းက စိုးရိမ်စွာနဲ့မေးတယ်။ လက်သည်းရှည်က လက်ကျန်ခားခုတ်ကောင်အမြီးကို ပါးစပ်ထဲ ပစ်ထည့်ရင်း. . .

"ငါစားတယ်. . လင်းနို့လည်း စားတယ်၊ မြွေလည်း စားတယ်၊ နောက်ပြီး. . "

"နောက်ပြီး ဘာလဲဗျ. . " ဘားလန်းက အလောတကြီး မေးတယ်။

"ငါသိပါတယ်. . လူသေသား စားတာ မင်း မကြိုက်ဘူးဆိုပါတော့. . ဒါတော့ ငါမစားဘူး၊ လူသေသား တစ်ခါမှ မစားဖူးဘူးလေ၊ ထင်းရှူးပင်တစ္ဆေကလည်း ခွင့်မပြုဘူး၊ စင်စစ် ငါလည်း မကြိုက်ပါဘူးကွာ. . "

ဘားလန်းက အခုမှ မျက်နှာပြန်လည်ကြည်လင်လာတယ်။

"မင်းရော ဘာစားလဲ. . " လက်သည်းရှည်က သိချင်စိတ်နဲ့ မေးတယ်. .

"ကျွန်တော် ဝိညာဉ်ဘဝရောက်မှ ဘာမှထွေထွေထူးထူး မစားဘူး၊ စားချင်စိတ်လည်းမရှိပါဘူးဗျာ. . တစ်ခါတစ်လေတော့ ချယ်ရီပွင့်တွေကို စားမိတယ်၊ စားကြည့်ချင်စိတ် ဖြစ်လာတာနဲ့ စားမိတယ်"

ဘားလန်းက သူစားဖူးတာကို အမှန်အတိုင်း ပြောတယ်။ လက်သည်းရှည်က ဘားလန်း စကားကြားတော့ ခွက်ထိုးခွက်လန်ရယ်တယ်။

"ဟား. . ဟား. . ဟား. . တော်တော်ရယ်ရတယ်၊ ဘာတဲ့. . ချယ်ရီပန်း ဟုတ်လား . . . ဟား . . . ဟား . . . ဟား . . . "

လက်သည်းရှည်က ဘားလန်းရဲ့ စကားကို သဘောကျလို့ မြေမှာလူးလှိမ့်ပြီး ရယ်နေတာ မရပ်တော့ဘူး။

"ဘာကို စားတယ်. . ချယ်ရီပန်း ဟုတ်လား. . ဟား. . ဟား. . ဟား. . . ချင်ပန်ဇီ မျောက်တွေလိုပေါ့"

လက်သည်းရှည် ဟားတိုက်ရယ်နေတာကို ကြည့်ပြီး ဘားလန်းနည်းနည်း ရှက်လာတယ်၊ ဘားလန်းက ပခုံး တွန့်ပြီး . . .

"ခင်ဗျား ဘာကို ဒီလောက်သဘောကျသွားတာလဲ. . မတတ်နိုင်ဘူး၊ ကျွန်တော် ဗိုက်ဆာတယ်ထင်လို့ စားလိုက်မိတာပဲ. ."

ဘားလန်းလည်းရောပြီး ရယ်နေလိုက်တယ်၊ သူတို့ နှစ်ယောက်ရဲ့ ရယ်သံတွေဟာ ညအမှောင်ထဲက တိုးထွက်နေတော့တယ်။

ထင်းရှူးပင်တွေပေါ်က ဝဲပျံလာတဲ့ ထင်းရှူးပင်တစ္ဆေကို မြင်မှ အရယ်ရပ်လိုက်ကြတယ်။

"ဟေ့ ဘားလန်း. . မင်းက ဒီမှာလာပြီး ဘာရယ်နေတာလဲ၊ ဒီအချိန်ဟာ ဘယ်အချိန်မို့လို့ မင်းက ဒီနေရာမှာ ရောက်နေရတာလဲကွ. ."

ထင်းရှူးပင်တစ္ဆေက ဘားလန်းကိုမြင်တော့ အံ့သြစွာနဲ့ မေးတယ်။ ဘားလန်းက စကားပြောဖို့ အားယူ လိုက်တယ်။ ဒါပေမဲ့ ဘယ်ကစပြီး ပြောရမယ်မသိတော့ဘူး။

"ဒီလိုပါ. . ဒီလိုရှိပါတယ်. . ကျွန်တော် ခင်ဗျားကို ဒုက္ခပေးရအောင် လာတာလို့တော့ ထင်မိပါတယ်. ."

ဘားလန်းက 'အ' ထစ်ထစ်နဲ့ ပြောတယ်၊ ထင်းရှူးပင် တစ္ဆေက မျက်တောင်မခတ်ပဲ. .

"လုပ်ပြီ. . ဘယ်လိုဒုက္ခမျိုးလဲ. ."

ဘားလန်းက သူ့ရဲ့အဖြစ်သနစ် အလုံးစုံကို ရှင်းပြလိုက်တယ်။ သူတို့သုံးဦးသား ခေတ္တခဏ ငြိမ်သက်နေတယ်။

"မင်းကတော့ လုပ်လိုက်ပြန်ပြီ ဘားလန်းရာ၊ ငါပြောထားရဲ့သားနဲ့. . ဒေါက်တာလောက်နဲ့ အဆင်ပြေအောင် နေပါလို့၊ အခုကိစ္စက



တော်တော် မလွယ်တဲ့ကိစ္စပဲ၊ ဒေါက်တာလောက်က မင်းကို သချိုင်းမြန် လာခိုင်းမှာ မဟုတ်တော့ဘူး၊ သူက အဲဒီအကွက်ကိုပဲ စောင့်နေတာ. . မင်းသချိုင်းမှာ မင်းဝိညာဉ် ရှိမနေရင် ဝိညာဉ်လွတ်မြောက်ပွဲ ဘယ်လိုတက်မလဲ. . မင်းဘဝ ဘယ်လိုတွေဖြစ်သွားမယ်ဆိုတာ ငါတော့ တွေးတောင် မတွေးရဲတော့ဘူးဟေ. . ဘုရားသခင်ပဲ အသေအချာ သိတော့မှာ. ."

ထင်းရှူးပင်တစ္ဆေက စိတ်ပျက်စွာနဲ့ ညည်းညူတယ်. . ဘားလန်းက ထင်းရှူးပင်တစ္ဆေညည်းညူတာကို နားထောင်ရင်း ကောင်းကင်ယံက ကြယ်ကြီး တစ်လုံးကြွေကျသွားတာကို အကြောင်သားငေးကြည့်နေမိတယ်။

"အေးကွာ. . အခုလောလောဆယ်တော့ လက်သည်းရှည်နဲ့ ခဏနေဦးပေါ့. . မင်းပြောတဲ့အတိုင်း ဒေါက်တာလောက်ဟာ ငါတို့ကို ရန်ရှာတိုက်ခိုက်ခဲ့ရင်တော့ ငါတို့လည်း ငြိမ်ခံနေလို့ မဖြစ်ဘူးကွ၊ ပြန်တွယ်ရမှာပဲ၊ ငါတို့မှာလည်း အသင်းနဲ့အဖွဲ့နဲ့ပဲ. . ဘာကြောက်စရာရှိလဲ. . မဟုတ်ဘူးလား. ."

ထင်းရှူးပင်တစ္ဆေက သူ့ကိုယ်သူ အားပေးသလိုပြောတယ်။

"မင်းက ကောင်းမယ်ထင်လို့ လုပ်ခဲ့တာပဲ၊ မင်း မမှားဘူး. . မှန်တယ်. . အမှန်အတိုင်း ဝန်ခံရရင် ငါ ဒေါက်တာလောက်ကို ဘယ်နည်းနဲ့မှ တစ်ယောက်ချင်း နိုင်အောင် မတိုက်နိုင်ဘူး၊ ဒါကို သူကောင်းကောင်းသိတယ်၊ ငါဟာ လက်သည်းရှည် ဆံရှည်တို့ တစ်ခြားဝိညာဉ်တွေနဲ့ပါ စည်းစည်းလုံးလုံးနေထိုင်လို့ သူရန်မရှာရဲဘာ. . အခုလို မင်းက တို့ဆီမှာ ရှိနေပြီဆိုတော့ သူဟာ တစ်နည်းနည်းနဲ့ ရောက်လာမှာ. . အဲဒါအသေအချာပဲ၊ တို့ကလည်း ဘာမှ ခေတ္တဝေ မနေတော့ဘူး. . လုပ်သင့်တာကို လုပ်ဖို့ပဲရှိတယ်၊ ပြန်ပြီးတော့ ခုခံတိုက်ခိုက်ရတော့မှာပဲ၊ လက်သည်းရှည်ရေ. . တို့ဘက်က အမြဲစောင့်ကြည့်ထား. . သတိမလစ်စေနဲ့. . ဒါနဲ့ ဆံရှည် ဘယ်သွားလဲ၊ ဒီကောင် အခုလောက်ဆို ဒီမှာ ရှိနေသင့်တယ်. ."

ထင်းရှူးပင်တစ္ဆေက စိတ်မချမ်းသာတဲ့လေသံနဲ့ လက်သည်းရှည်ဘက် လှည့်မေးတယ်။

"သူ ကင်းလှည့်သွားတယ်လို့ ပြောလိုက်ဆိုပဲ. ." လက်သည်းရှည်က တုံးတိတိဖြေတယ်။

ဘားလန်းက ထင်းရှူးပင်တစ္ဆေကို လက်သည်းရှည်ပြောတဲ့ ပုလဲနက် မှော်ဆရာ အကြောင်းမေးတယ်။

"ပုလဲနက်မှော် ဆရာဟာ တို့ဒေသမှာ မနေတာကြာပြီကွ. . လက်သည်းရှည်ပြောသလို အနောက်ဘက်ဒေသကို ပြန်သွားတယ် ဆိုတာ မှန်တယ်၊ သူသာရှိနေရင် ဒေါက်တလောက်တို့ ဒီလိုစွာကျယ် စွာကျယ် ဘယ်လုပ်ရဲပါ့မလဲ. . သူဟာ မှော်ဆရာတွေထဲမှာ သဘောထားပြည့်ဝတဲ့ အတော်ဆုံး မှော်ဆရာ တစ်ယောက်ပါ။ ဒါပေမဲ့ သူက သိပ်ကို အသက်ကြီးသွားပြီ၊ မင်းအနေနဲ့ သူ့ကိုရှာဖို့ မလွယ်ပါဘူး ကွာ. . သက်ရှိထင်ရှားတောင် ရှိသေးရဲ့လား မသိဘူး. ."

ဘားလန်းဟာ ထင်းရှူးပင် တစ္ဆေစကားကြောင့် မျှော်လင့်ချက် ကင်းမဲ့သွားသလို ခံစားလိုက်ရတယ်။

"သူ လောလောဆယ် ကျွန်တော်နဲ့အတူတူနေလို့ ဖြစ်ပါတယ်. ." လက်သည်းရှည်က ထင်းရှူးပင် တစ္ဆေကို ပြောတယ်။

"ဟုတ်ပြီ. . မင်း ဘားလန်းကို စောင့်ရှောက်ထားလိုက်၊ ဒီအတွက် မင်းကို သတ်သတ်မှတ်မှတ် ကျေးဇူးတင်မယ်။ မင်း တစ်ခု သိထားရမှာက သူ့ကို အချိန်မရွေး ဒေါက်တလောက်တို့က ဖမ်းသွားနိုင်တယ်ဆိုတာကိုပဲ၊ ငါသာ မင်းနေရာမှာဆိုရင် တဟီးဟီး တဟားဟား အချိန်ဖြုန်းနေမှာ မဟုတ်ဘူး။ အခု ငါ့မှာ လုပ်စရာတွေ များလာပြီ၊ တစ်ခြား ဝိညာဉ်တွေကိုလည်း သတိပေးရဦးမယ်၊ ကဲ. . ငါသွားမယ်၊ မင်းတို့နှစ်ယောက် ငါမသွားခင် ကိုယ့်သစ်ပင်ပေါ် ကိုယ်တက်ပြီး လုံလုံခြုံခြုံနေသင့်တယ်။ တကယ်လို့ မင်းတို့ ခြေထောက်တွေ မကျိုးသေးဘူးဆိုရင်ပေါ့. ."



ထင်းရှူးပင်တစ္ဆေက စိုးရိမ်လို့ ဘောက်စပ်ဘောက်စပ် ပြောပြီး ထွက်သွားတယ်၊ ဘားလန်းနဲ့ လက်သည်းရှည်လည်း သစ်ပင်ပေါ်ကို တိတ်ဆိတ်စွာ တက်ရောက် အနားယူနေလိုက်ကြတော့တယ်။

လက်သည်းရှည်က သစ်ပင်ရဲ့ အောက်ကိုင်းမှာနေပြီး ဘားလန်းကိုတော့ သစ်ပင်ရဲ့ အပေါ်ဆုံးကိုင်းဖျားမှာ နေခိုင်းတယ်။

"မင်းတော့ မင်းသချိုင်းကို လွမ်းနေတော့မယ်ဆိုတာ ငါ တွေးမိတယ်. ."

လက်သည်းရှည်က ငြိမ်ကုပ်နေတဲ့ ဘားလန်းကိုကြည့်ပြီး ပြောတယ်။

"လွမ်းတယ်လို့လည်း မဟုတ်ပါဘူးဗျာ. . ဒါပေမဲ့ ဂျိုးကို တော့ သတိရသားလား. . ကျွန်တော် ဂျိုးကို ဘာမှ မပြောခဲ့ရဘူး. . ဂျိုးက စိတ်ပူတတ်တယ်ဗျ. ." ဘားလန်းက လေးလေးပင်ပင် ပြောရင်း ဂျိုးဆီ စိတ်ရောက်သွားတယ်. . ဂျိုး အခုလောက်ဆိုရင် ဘာတွေ လုပ်နေမလဲ၊ သူ့အတွက်နဲ့ အပြစ်ပေးမျှား ခံနေရပြီလား. . .

"ဘားလန်း. . မင်းဘာမှ ပူမနေပါနဲ့ကွာ၊ အားလုံး အဆင်ပြေပြေ ဖြစ်သွားမှာပါ၊ တကယ်လို့ ပုလဲနက် မှော်ဆရာကို တွေ့ရင်တော့ တကယ့်ကိုပဲ အဆင်ပြေသွားမှာကွ. ."

လက်သည်းရှည်ရဲ့ 'တကယ့်ကို အဆင်ပြေသွားမှာ' ဆိုတဲ့ လေသံက အားမရှိသလို တိမ်ဝင်သွားတယ်။ အမှန်တော့ ပုလဲနက်ကို ရှာဖို့ တကယ် မလွယ်ကူတဲ့ကိစ္စဆိုတာ သူတို့ နှစ်ယောက်လုံးရဲ့ မသိစိတ်က သိနေတယ်၊ ညဟာ အတော်ကို တိတ်ဆိတ်သွားတယ်။

"မင်းကို မနက်ကျရင် ငါတတ်ထားတဲ့ တိုက်ခိုက်နည်းတွေ သင်ပေးပါမယ်. . ဟုတ်ပြီလား. ."

နောက်ဆုံး လက်သည်းရှည်က နှစ်သိမ့်ရင်း ပြောလိုက်တယ်. . ညက အေးစက်စက် ဖြစ်လာပြန်တယ်။ သစ်ပင်အောက်က ချုံပုတ်တွေထဲမှာ မှိတ်တုပ်မှိတ်တုပ် ပိုးစုန်းကြူးလေးတွေကို လှမ်းမြင်

ရတယ်။ ဘားလန်းက ဂျင်း ပိုးစုန်းကြူးလေးတွေကို ငေးကြည့်ရင်း တစ်ခါတစ်ခါ ဂျင်းတို့ကို မြွေမျက်လုံးများလားလို့ ထင်နေတယ်။ ဒေါက်တာလောက်တို့ ထိုချုံထဲကို ရောက်နေပြီး သူ့ကိုချောင်းမြောင်းနေပြီလားလို့ စိတ်ထဲမှာ ဖြစ်ပေါ်လာတယ်။ လက်သည်းရှည်ကတော့ သူ့နေရာမှာသူ အသံ မထွက်တော့ဘဲ အိပ်စက် အနားယူနေလေပြီ။ ဘားလန်းက သစ်ပင်ပေါ်မှာ မအိပ်တတ်၊ အိပ်မရဘဲ ဖြစ်နေတယ်။ ဝိညာဉ် တစ်ကောင်က သစ်ပင်ပေါ်မှာ မအိပ်တတ်ဘူးလို့ လက်သည်းရှည်သိရင် အခုည သန်းခေါင်မှာပဲ ခွက်ထိုးခွက်လန် ရယ်နေဦးတော့မှာပဲ. . အမှန်လည်း ထိုညက ဘားလန်း သစ်ပင်ပေါ်မှာ တစ်ချက်ကလေးမှ အိပ်စက်လို့ မရခဲ့ဘူး. . ဒေါက်တာလောက်နဲ့ သူကပည့်တွေ ကျောက်ခွဲစက်ရုံထဲမှာ လူသေ အလောင်းကို အားရပါးရ ဝိုင်းဖွဲ့စားသောက်နေတာကို. . နောက်ပြီး. . ဒေါက်တာလောက်ရဲ့ ညို့အားပြင်းတဲ့ မြွေမျက်လုံး. . ဒါတွေပဲ မြင်ယောင်နေတယ်. .

နောက်တစ်နေ့နံနက်မှာ လက်သည်းရှည်က သူ့ကတိအတိုင်း အသွင်ပြောင်းဝိညာဉ်ပညာနဲ့ ဝဲပျံလို့ရတဲ့ ညှက်အသွင်ဖန်ဆင်းပြီး ခရီးသွားနည်း. . တိုက်ခိုက်နည်း. . ပညာတွေ သင်ပေးတယ်။

"ညှက်အသွင်ဖန်ဆင်းပြီး ခရီးသွားနည်းက ရိုးရိုးဝိညာဉ်ခရီးသွားနည်းထက် အားသာတဲ့အချက်တွေ အများကြီးရှိတယ်. . ဒီနည်းကို ဝိညာဉ် အနည်းအကျဉ်းလောက်ပဲ တတ်မြောက်တယ်. . ဂျင်းနည်းက မှော်ဆရာတွေ ခရီးသွားတဲ့ နည်းတစ်နည်းပဲ. . "

လက်သည်းရှည်က သူတတ်ထားတဲ့ပညာကို စိတ်ရှည်လက်ရှည်ရှင်းပြရင်း သင်ပေးတယ်၊ စိတ်အားထက်သန်တဲ့ ဘားလန်းက ခဏအတွင်း လေ့ကျင့် တတ်မြောက်လာတယ်။ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ ဘားလန်းက ညှက် ဝိညာဉ်ပျံနည်းကို ခဏခဏ လေ့ကျင့်နေတယ်။ သူသိတယ်. . သူ့အတွက် ဂျင်းနည်းဟာ အမြဲလိုအပ်နေတယ်ဆိုတာကို. . ဘာဖြစ်လို့လဲဆိုတော့ သူဟာ အမြဲတမ်းပြေးနေရမယ့် ဝိညာဉ် တစ်ကောင် ဖြစ်နေလို့. . .



တစ်ညမှာ လက်သည်းရှည် မသိအောင် ညှက်ခရီးသွားနည်းနဲ့ ကျောက်ခွဲစက်ရုံကို တိတ်တိတ်ခိုး ထွက်လာမိတယ်။ သူကျောက်ခွဲစက်ရုံဘက်ကိုလာခဲ့တာ ဂျိုးနဲ့တွေ့ချင်လို့ပဲ။ ဒေါက်တာလောက်တို့ အခြေအနေကို စနည်းနာချင်တာလည်း ပါတယ်၊ ဒါကြောင့် အရဲစွန့်ပြီး ထွက်လာခဲ့တယ်။

ကျောက်ခွဲစက်ရုံဟာ ပုံမှန် အိပ်စက်နေတဲ့ နဂါးတစ်ကောင်လို တိတ်ဆိတ်နေတယ်။ ဘားလန်းက ဝဲပျံရင်း စက်ရုံရဲ့ အမြင့်ဆုံးခေါင်မိုးပေါ်ကို အသံမကြားအောင် ခြေချလိုက်တယ်။ စက်ရုံထဲမှာ ဘာသံမှမကြားရဘူး။ တိတ်ဆိတ်ခြင်းဟာ သံသယ ဖြစ်စေတယ်။ သူဟာ သတိနဲ့ စက်ရုံထဲကို ဆင်းလိုက်တယ်။မှောင်မိုက်နေတဲ့စက်ရုံထဲမှာ ဘယ်သူမှ မရှိတာကို တွေ့ရတယ်. . သတိထားပြီး ဝင်ဒီ့ဂူထဲရောက်မဲ့ ပိုက်လိုင်းပေါက်ကို ဦးခေါင်းထိုး ဝင်လိုက်တယ်၊ သူ့စိတ်ထဲမှာ တစ်ယောက်ယောက်က သူ့ကိုစောင့်ကြည့်နေတယ်လို့ ထင်နေတယ်။ ဘာပဲဖြစ်ဖြစ် ဒီနေရာကိုရောက်မှတော့ နောက်ပြန်မလှည့်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ခပ်သွက်သွက်လေး ပိုက်လိုင်းဘစ်လျှောက် ဝင်လာခဲ့တယ်။ ရှေ့ဆက်သွားရင်း ဝင်ဒီ့ဂူပေါက်နားကိုရောက်နေပြီဆိုတာ သိရတယ်၊ ဂူထဲမှာ ဝင်ဒီ့အနံ့ရတယ်၊ သေချာပေါက် ဝင်ဒီ သူမ ဂူထဲမှာပဲ ရှိနေတယ်၊ သူမ ဒီည ဘယ်မှ မသွားဘူး။ သူမကို ဒေါက်တာလောက်ကလည်း ဒုက္ခ မပေးသေးလောက်ဘူးလို့ ဘစ်ဆက်တည်း တွေးမိတယ်။ ဘားလန်းက လေသံနဲ့ ခေါ်လိုက်တယ်။

"ဝင်ဒီ. . ဝင်ဒီ. . "

"ဟော့ ဘယ်သူလဲ၊ ဘားလန်း. . ရှင် မဟုတ်လား၊ ရှင့်အသံကျွန်မ မှတ်မိပါတယ်၊ လာခဲ့ ဝင်လာခဲ့ပါ. . လုံးဝ အသံမထွက်စေနဲ့. . "

ဝင်ဒီက သတိပေးသံ တိုးတိုးနဲ့ ခေါ်တယ်။ ဘားလန်းက သျှို့ဝှက်ပိုက်လိုင်းက တိုးထွက်ပြီး ဝင်ဒီ့ဂူထဲကို ဝင်လိုက်တယ်။ ဘားလန်းရဲ့ ရှည်မျောမျော ဝိညာဉ်ကြောင့် ဝင်ဒီ့အုတ်ဂူထဲမှာ

နည်းနည်း ကျပ်နေတယ်၊ ဝင်ဒီကတော့ ထိုအချက်ကို သတိ မထားဘဲ ဘားလန်းရဲ့မျက်နှာကို အနီးကပ်ကြည့်ပြီးပြောတယ်။

"ရှင် ဘယ်ကို ထွက်ပြေးသွားတာလဲ၊ ဒီမှာတော့ အခြေအနေ မကောင်းတော့ဘူး၊ ကျွန်မတို့ မောင်နှမနဲ့ ဂျိုးကို သူတို့ အပြစ်ရှာနေကြပြီ၊ ဒီတစ်ရက်နှစ်ရက် အတွင်းမှာ ရှင့်ကိုဖမ်းလို့ မရရင် ကျွန်မတို့ရဲ့ ဝိညာဉ်ကို ရှင့်အတွက်ထားတဲ့ အရက်ပုလင်းထဲမှာ နေရမယ်လို့ ရာဇသံပေးထားပြီ. . ဂျိုးက ရှင်မရှိတော့တဲ့နောက် သူဘာကိုမှ ဂရုမစိုက်တော့ဘူးလို့ ပြောနေတယ်၊ သူဒုက္ခရောက်နေရင် ဘားလန်းက တစ်နေ့နေ့မှာ လာကယ်မှာပဲလို့ပြောတယ်၊ သူကတော့ ရှင့်ကို တော်တော်ယုံတယ်. . ဒါပေမဲ့ ရှင့်မှာ ဘယ်လိုအကြံအစည်ရှိတယ် ဆိုတာ ကျွန်မတို့ မသိရတာဆိုးတယ်၊ သေချာတာကတော့ မကြာခင်မှာ ကျွန်မတို့ အားလုံး ဒုက္ခရောက်မှာပဲ၊ ကျွန်မတို့ကလည်း ထွက်ပြေးဖို့ ကြိုးစားနေတယ်၊ ရှင်နေတဲ့ဆီမှာ နေစရာတစ်ခုခု ရရင်တော့ ကောင်းမယ်. . "

ဝင်ဒီက သူစိတ်ကူးနဲ့သူ ပြောတယ်၊ ဘားလန်းက ဝင်ဒီ့ကို စာနာသော အကြည့်နဲ့ကြည့်ပြီး. . .

"ဝင်ဒီတို့ ဒီကနေ ထွက်ပြေးမယ်ဆိုရင်တော့ ပြေးလို့ရပါတယ်။ ကျွန်တော် ဟိုဘက်မှာ နေရာစီစဉ်ပြီးရင်တော့ ခင်ဗျားတို့ကို လာခေါ်ဖို့ အစီအစဉ်ရှိတယ်။ ဒါပေမဲ့ အခုလောလောဆယ်တော့ ကျွန်တော်တောင် သူများ သစ်ပင်ပေါ်မှာ ကပ်နေနေရတယ်။ ကျွန်တော်တို့အဖြစ်က တော်တော်ဆိုးတယ်၊ ဒါပေမဲ့ မကြာခင် အဆင်ပြေအောင် ကျွန်တော် ကြိုးစားမှာပါ. . အခု ကျွန်တော် ဂျိုးနဲ့တွေ့ဖို့ ဖြစ်နိုင်မလား. . ဝင်ဒီခေါ်ပေးလို့ရမလား. . "

ဘားလန်းက ဖြစ်နိုင်ချေရှိမရှိ စူးစမ်းရင်း မေးတယ်။

"ဂျိုးကို ရှင်တွေ့သင့်တာပေါ့၊ နေဦး. . ကျွန်မအပြင်ကို လှေ့လာလိုက်ဦးမယ်၊ ရှင်ဒီမှာပဲ တိတ်တိတ်နေခဲ့ဦး"

ဝင်ဒီကပြောပြီး လှစ်ခနဲထွက်သွားတယ်။ ခဏအကြာမှာ ဂျိုးရောက်လာတယ်၊ ဂျိုးက ဝင်ဒီ့ဂူထဲကို မယောင်မလည်နဲ့ ဝင်လာပြီး ဘားလန်းနဲ့လာတွေ့တယ်။



"ဘယ်လိုလဲ ဂျိုး. . ခင်ဗျားအဆင်ပြေရဲ့လား. . "

ဘားလန်းက ဂျိုးအတွက် စိုးရိမ်စွာနဲ့မေးတယ်။ ဂျိုးက မဲ့ပြုံးပြုံးပြီး. . .

"အဆင်ပြေလား . . . ဟုတ်လား. . အဆင်ပြေတယ်ဆိုတာ ဘယ်လိုအရာကို ခေါ်တာလဲတောင် မသိတော့ဘူးဗျာ၊ အခု ကျောက်စက်မှာ အခြေအနေ မကောင်းဘူး၊ ဒေါက်တလောက် တပည့်တွေက ကျွန်တော့်ကို အမြဲတမ်း စောင့်ကြည့်နေတယ်၊ ဟိုခွေးမသား ကားဆရာက အဆိုးဆုံးပဲ၊ လူလွန်မသား . . " ဂျိုးက ပြောရင်း စိတ်ဆိုးလာတယ်။

"လာဗျာ. . ကျွန်တော်တို့ ကျောက်ခွဲစက်ရုံမှာ လွတ်လွတ်လပ်လပ် စကားသွားပြောကြတာပေါ့"

"ကောင်းပြီ ဂျိုး၊ ဝင်ဒီ့ကို ခင်ဗျားပြန်မှ အကျိုးအကြောင်း ရှင်းပြလိုက်ပေါ့. . . "

ဘားလန်းနဲ့ဂျိုးက လျှို့ဝှက်ပိုက်လိုင်းမှတစ်ဆင့် ကျောက်ခွဲစက်ရုံကို ပြန်ထွက်ခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ ပတ်ဝန်းကျင်ကို လှေ့လာပြီးမှ မြေအောက်အခန်းထဲ ဝင်လာတယ်။ တိတ်ဆိတ်နေတဲ့ ညအမှောင်ထုထဲမှာ ဂျိုးက လေသံတိုးတိုးနဲ့ စပြောတယ်။

"ဘားလန်း. . ခင်ဗျားကိုတော့ ဒေါက်တလောက်တို့အဖွဲ့က အပူတပြင်းအလိုရှိနေပြီ. . အခုလာမဲ့ လေးလပိုင်း လဆန်းမှာ ဝိညာဉ်အမိန့်ချတဲ့နေ့ ရှိတယ်၊ အဲဒီအချိန်မှာ ခင်ဗျား ကျောက်စက်သချိုင်းမှာ ရှိနေမှဖြစ်မှာ. . ခင်ဗျားဂူမှာ ခင်ဗျား ရှိမနေရင်တော့ ကောင်းကင်တမန်တော်က ခင်ဗျားကို ပျောက်ဆုံးဝိညာဉ် စာရင်းထဲမှာ ထည့်လိုက်လိမ့်မယ်လို့ ဝိညာဉ်တွေက ပြောနေကြတယ်. . ဒေါက်တလောက်ကတော့ ခင်ဗျားကို ကျောက်စက်သချိုင်းထဲ ပြန်အဝင်မခံတော့ဘူးတဲ့. . . "

ဂျိုးက ပြောရင်း ချွေးစေးတွေ ပြန်လာတယ်။နဖူးကြောတွေ တွန့်ပြီး ဆက်ပြောတယ်. . .

"တကယ်လို့ ခင်ဗျား ပြန်လာချင်တယ်ဆိုရင် သူ့အတွက် လုံခြုံစိတ်ချရအောင် အရက်ပုလင်းထဲမှာ ငြိမ်ငြိမ်လေး အိပ်နေမှ လက်ခံမယ်လို့ပြောတယ်. . ဒီဝိညာဉ် လွှတ်မြောက်ပွဲက နီးကပ်လာပြီ၊ ခင်ဗျားကို ဝိညာဉ်အားလုံးက ကောင်းကင်ဘုံပေါ် တက်သွားတာမြင်ရမယ် ထင်တယ်လို့ ပြောနေကြတယ်၊ ဒေါက်တလောက်က ဒါကိုသိတယ်။ ဒါ့ကြောင့်ပဲ. . ခင်ဗျားကို သူ့သချိုင်းမှာ မရှိစေချင်တာ. . ခင်ဗျားတစ်ခုခု တုံ့ပြန်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်တယ်၊ တကယ်တော့ သူဟာဘာမှမဟုတ်ပါဘူးဗျာ. . ကျွန်တော်တို့ကို ဒုက္ခပေးချင်တာ သက်သက်ပဲ၊ သောက်ဒုက္ခပေးချင်တာပဲ. . "

ဂျိုးက သူကြားသိရသမျှကို မခံချင်စွာနဲ့ ပြောပြတယ်၊ သူ့အသံတွေကလည်း တုန်နေတယ်။

"နားလည်ပြီ ဂျိုး. . ကျွန်တော် ဆုံးဖြတ်ချက်ချထားတာ တစ်ခုရှိတယ်. . . "

ဘားလန်းက ချင့်ချိန်စဉ်းစားပြီး ပြောတယ်။

"ကျွန်တော်တို့ ဒေါက်တလောက်ဆီမှာ အညှခံလို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ သူ့ကို နိုင်အောင် တိုက်ဖို့ နည်းလမ်းကိုသာ ရွေးချယ်ရတော့မှာပဲ၊ ကျွန်တော် သိထားသလောက်တော့ ဒီပတ်ဝန်း ကျင်မှာ သူ့ကိုယှဉ်နိုင်တဲ့သူ မရှိဘူး၊ ထင်းရှူးပင်တန္တေလည်း ဒါကို ဝန်ခံတယ်၊ သူ့ကို နိုင်တဲ့သူ တစ်ယောက်တော့ ရှိတယ်ဗျ၊ ထိုသူက ပုလဲနက် မှော်ဆရာပဲ . . . ဒါပေမဲ့ သူကလည်း အခုဒီမှာ မရှိဘူး၊ အနောက်ဘက် ဒေသကို ပြန်သွားတယ်လို့ ပြောတယ်၊ ကျွန်တော့်ရဲ့ စိတ်ကူးက ဝိညာဉ်လွှတ်မြောက်ပွဲ မတိုင်မီ သူ့ကို တွေ့အောင် ရှာဖို့ပဲ ရှိတော့တယ်၊ သူနဲ့တွေ့လို့ အကျိုးအကြောင်း ရှင်းပြရင် သဘောပေါက်လက်ခံနိုင်မယ်လို့ မျှော်လင့်ရတာပဲ။ ကျွန်တော်တော့ မနက်ဖြန်ကစပြီး သူ့ကိုလိုက်ရှာမယ်. . ဝိညာဉ်တွေ ခရီးဝေးသွားတာ အန္တရာယ်များတယ်လို့ ပြောကြတယ်. . ခင်ဗျားတော့ ကျွန်တော်နဲ့မလိုက်ချင်ဘူးလို့ ထင်တယ်၊ အဲဒါကြောင့် ခင်ဗျားကို စွတ်ဆက်ရအောင် လာခဲ့တာပဲ. . ခရီးသွားရတာ ကျွန်တော့်



အတွက် အန္တရာယ်များတယ်ဆိုတာကို သိပါတယ်၊ ကျွန်တော့် အခြေအနေကလည်း မသွားလို့မဖြစ်တဲ့အခြေအနေ မဟုတ်လား။ တကယ်လို့ လေးလပိုင်း ဝိညာဉ်လွှတ်မြောက်ပွဲနေ့အမီ ကျွန်တော် ပြန်ရောက် မလာဘူးဆိုရင်တော့ ကျွန်တော်ဟာ အခြားသော လောကကိုဖြတ်သန်းနေပြီလို့ မှတ်ယူလိုက်ပါ. . ဝင်ဒီတို့ မောင်နှမကိုလည်း တစ်ခါထဲ နှုတ်ဆက်သွားတယ်လို့ ပြောလိုက်ပါ။ အခု ကျွန်တော်တို့ လမ်းခွဲတော့မှသင့်မယ်။ ကျွန်တော်နဲ့တွေ့တာ ဒေါက်တလောက် သိသွားရင် ခင်ဗျားအတွက် ကံကောင်းနိုင်မှာ မဟုတ်ဘူး. . ကံမကုန်ရင် ပြန်ဆုံကြသေးတာပေါ့ဗျာ. . . "

ဘားလန်းက သူ့အစီအစဉ်များကို စိတ်အေးအေးနှင့် ပြောရင်း ဂျိုးကို နှုတ်ဆက်အကြည့်နဲ့ ကြည့်လိုက်တယ်။ ဂျိုးက တွေဝေ နားမလည်သောအကြည့်နဲ့ ပြန်ကြည့်ပြီး ဘားလန်းရဲ့လက်ကို သူရဲ့သေးငယ်သော လက်ကလေးနှစ်ဖက်နဲ့ဆုပ်ကိုင်လိုက်တယ်။

"ဘားလန်း. . ခင်ဗျားတကယ်ပဲ သွားတော့မှာလားဗျာ၊ ကျွန်တော်. . ကျွန်တော်က ခင်ဗျားကြောင့် ဘာမဟုတ်တဲ့ မှင်စာဝိညာဉ်လေး ဘဝကနေ စိတ်ထား ကောင်းမွန်တဲ့ဝိညာဉ် တစ်ကောင်ဖြစ်လာအောင် ခင်ဗျား လမ်းပြခဲ့တယ်။ ဆိုးဝါးတဲ့ ဒေါက်တလောက်က ကျွန်တော်တို့ကို အပြစ်ရှာ ရန်ငြိုးထားတာ ခင်ဗျား တစ်ယောက်ထဲကြောင့်တော့လည်း မဟုတ်ပါဘူး။ အမှန်က ကျွန်တော့်ရဲ့စိတ်ကလည်း ခင်ဗျားလုပ်ရပ်ကို လေးစားလို့ သူတို့ကို ဂရုစိုက် မနေတော့ဘဲ ကူညီအားပေးချင်တာပါ. . ခင်ဗျားကြောင့် ကျွန်တော် ဒုက္ခရောက်တယ်လို့ နည်းနည်းလေးမှ တွေးထင်မထားခဲ့ဘူး. . အခုလည်း ကျွန်တော့်စိတ်ထဲမှာ ရှိတဲ့အတိုင်း ပြောပြလို့ရရင် ပြောချင်တယ်၊ ကျွန်တော် ခင်ဗျားနဲ့အတူ လိုက်ချင်တယ်၊ ခင်ဗျား ဆန္ဒရှိရင် ကျွန်တော့်ကို တစ်ပါတည်းခေါ်သွားပါဗျာ. . . "

ဂျိုးက ညှိုးနွမ်းသော မျက်နှာနဲ့ သူ့ဆန္ဒကို ပြောတယ်။ ဘားလန်းက သေးငယ်တဲ့ ဂျိုးရဲ့ပခုံးနှစ်ဖက်ကို သံယောဇဉ်ရှိစွာ ဆွဲကိုင်လှုပ်ယမ်းပြီး. .

"ကောင်းပြီ. . ဂျိုး၊ ကျွန်တော်က လမ်းခရီးမှာ အန္တရာယ်များလို့ ခင်ဗျားကို မခေါ်ရက်တာပါ. . ခင်ဗျား လိုက်မယ်ဆိုရင်တော့ ကျွန်တော် သိပ်ပျော်တာပေါ့၊ ဒါဆို သိပ်အချိန် မဆွဲဘဲ ကျွန်တော်တို့သွားကြရအောင်. ." ဘားလန်းနဲ့ဂျိုးက နှစ်ဦးသဘောတူ ဆုံးဖြတ်ချက်ချပြီး ကျောက်ခွဲစက်ရုံထဲက ပြန်ထွက်ဖို့ပြင်လိုက်တယ်။

ကျောက်ခွဲစက်ရုံ ခန်းမ အလယ်အရောက်မှာ အမှောင်ထုထဲက အဝါရောင်လင်းလင်း မျက်လုံးနှစ်လုံးဟာ သူတို့နှစ်ယောက်ကို စူးစိုက်ကြည့်နေတာ ဘားလန်းတွေ့ရတယ်။

"ဂျိုးရေ. . သူတို့လာပြီ၊ ခင်ဗျား လျှို့ဝှက်ပိုက်လိုင်းကနေ မြန်မြန်ပြန်ပြီး ဟန်မပျက်နေနေပါ။ ဒီကိစ္စကို ကျွန်တော်ကြည့်ရှင်းလိုက်မယ်. ."

ဂျိုးက ဘားလန်း စကားကြောင့် ကုန်းကုန်းလေး ဝပ်လိုက်ရင်း . . .

"ဖြစ်ပါ့မလား ဘားလန်း၊ ခင်ဗျား တစ်ယောက်ထဲ. . ကျွန်တော်လည်း. . ."

"ကျွန်တော် ပြောတာကို မြန်မြန်လုပ်ပါ။ အချိန်မဆွဲနဲ့. ."

ဂျိုးက မြေအောက်ခန်းထဲကို အမြန်ပြေးဝင်လိုက်တယ်။ ထိုအချိန်မှာ ဒေါက်တလောက်နဲ့ သူ့တပည့်တွေက ပြေးလာပြီး ဘားလန်းကို ဝိုင်းထားလိုက်ကြပြီ။

"ဟား. . ဟား. . ဟား. . ဘားလန်း. . . မင်း ပြေးလို့မလွတ်တော့ဘူး မဟုတ်လား. . မင်းကို လိုက်ရှာရတာ သိပ်အလုပ်ပျက်တာပဲ. . အကောင်းဆုံး အကြံပေးမယ်၊ မင်းဘာသာမင်းအေးအေးဆေးဆေး ပုလင်းထဲ ဝင်နေလိုက်၊ ချေးတလုံးလုံးနဲ့ လိုက်ဖမ်းနေရမယ်ဆိုရင်တော့ ငါဒေါသထွက်ရဦးမယ်. . ဒါဆိုရင် မင်းမသက်သာဘူးမှတ်. ."

ဒေါက်တလောက်က ပြောပြောဆိုဆိုနဲ့ သူ့ကုတ်အင်္ကျီထဲမှ အရက်ပုလင်းလွတ် တစ်လုံးကို ဘားလန်းရှိရာကို ပစ်ပေးတယ်။ ဘားလန်းက ထိုပုလင်းကို စိုက်ကြည့်ရင်း. . .



"ခင်ဗျားကို ကျွန်တော်နည်းနည်းလေးမှ မကြောက်ဘူး. . ခင်ဗျားက ဆိုးညစ်တဲ့ မကောင်းဆိုးဝါး. ."

"ဘာတဲ့. . မကောင်းဆိုးဝါး. . ဟုတ်လား၊ ဟုတ်ပါ့. . ဟုတ်ပါ့. . မကောင်းဆိုးဝါးပါ။ မင်းလည်း အတူတူပဲ။ ဘာမှ သောက်သုံးမကျတဲ့ . မကောင်းဆိုးဝါးကောင်လေး. . ဒီတော့ တို့ မကောင်းဆိုးဝါးတဲ့အလုပ် စလိုက်ကြရအောင်လား. . ."

ဒေါက်တလောက်ကပြောရင်း ဘားလန်း လည်ပင်းကိုညှစ်ဖို့ သူ့ရဲ့ကြီးမားတဲ့ လက်နှစ်ဖက်နဲ့ ချိန်ရွယ် ဝင်ရောက်လာတယ်။ ဘားလန်းက သတိနဲ့ ငုံ့ရှောင်လိုက်ပြီး ဒေါက်တလောက်ရဲ့ ဗိုက်ကို ဖြတ်ကန်လိုက်တယ်။

"ချာတိတ်လေး. . မင်းက ငါ့ကို အာခံရတာ သဘောကျတယ်ပေါ့. . ငါ မင်းကို ချီးကျူးတယ်. . ဒီနယ်တဝိုက်မှာ ငါ့ဗိုက်ကို သိအောင်ကန်နိုင်တဲ့ ဗီညာဉ်ဟာ မင်းပဲ။ မင်းကို ဆုချမယ်. . ငါ့မျက်လုံးတွေကို သေသေချာချာကြည့်. ."

ဒေါက်တလောက်က သူ့ရဲ့ညို့အားပြင်းတဲ့မြွေမျက်လုံးနဲ့ ဘားလန်းကို စတင်ညို့ယူနေတယ်၊ ၎င်းမျက်လုံးနဲ့ အကြည့်တစ်ချက်ဆုံလိုက်တိုင်း ဘားလန်းရဲ့ခေါင်းထဲမှာ ရိပ်ခနဲ၊ ရိပ်ခနဲဖြစ်ဖြစ်သွားတယ်။ ၎င်းမျက်လုံးတွေကို ရင်ဆိုင်ကြည့်နေဦးမယ် ဆိုရင် ခဏအတွင်း ယိမ်းယိုင်မေ့မျောသွားလိမ့်မယ် ထင်တယ်. . ဘားလန်းက ဒေါက်တ လောက်ရဲ့မြွေမျက်လုံးများကို ရင်ဆိုင် မကြည့်တော့ဘဲ ရင်ညွန့်ပိုင်းကိုပဲ အကြည့်ပို့ထားတယ်။

ဒေါက်တလောက်က စိတ်မရှည်နိုင်တော့ပဲ သူ့ရဲ့ ကင်းခြေများလမ်းလျှောက်သလိုမြန်တဲ့ သရဲလက်တွေနဲ့ အဆက်မပြတ် ဝင်ရောက်တိုက်ခိုက်တယ်။ ဘားလန်းက စိတ်ရှည်ရှည်နဲ့ ပြန်လည်ခံခဲ့ပေမဲ့ ဒေါက်တလောက်ရဲ့ လက်အမြန်နှုန်းကို မကာကွယ်နိုင်တော့ဘဲ ရိုက်ချက်ပြင်းများက သူ့ကိုယ်ပေါ်သို့ မိုးသီးကြွေသလို အဆက်မပြတ် ထိမှန်ကုန်တယ်. . ဘားလန်းက ပင်ကိုခွန်အားကြီးဘာမှန်ပေမဲ့ ဒေါက်တလောက်ရဲ့ သရဲပညာသဘာကို ဘယ်လိုမှ

မယှဉ်နိုင်တာ အဆက်မပြတ် နာကျင်ရင်းနဲ့ သိလိုက်တယ်။

ဘားလန်းက နောက်ကို လဲကျ မခံဘဲ ခွန်အားရှိသလောက် မျက်စိမှိတ် ခုခံနေတယ်။ ဒေါက်တာလောက်ရဲ့ တပည့်တွေက ဘေးမှ ဝိုင်းဝန်းဖမ်းချုပ်ဖို့ ကြိုးစားတယ်။ မျက်စိမှိတ်ပြီး လက်တွေ ရမ်းချင်သလို ရမ်းနေတဲ့ ဘားလန်းကို ဖမ်းချုပ်နိုင်အောင် ဒေါက်တာလောက်က သူ့ကိုယ်သူ အမွေးရှည် လင်းနို့တစ်ကောင် ပုံစံ အသွင်ပြောင်းလိုက်တယ်။ ၎င်းလင်းနို့ဟာ သာမန်လင်းနို့ထက် အလွန်တရာကြီးပြီး ချွန်ထက်နေတဲ့ သွားအစွယ်ကြီးတွေက ခွေးအစွယ်လို ကြောက်ခမန်းလိလိ ငေါ်ထွက်နေတယ်။

နားရွက်တွေကလည်း ကြီးမားပြီး ပြူတ်ထနေတယ်။ ၎င်းက အတောင်နှစ်ဖက်ကို မြှောက်ပြီး လေပေါ်ကို ၁၅ မီတာလောက် ထိုးပျံသွားတယ်။ လေပေါ်မှ ဘားလန်းရှိရာကို အသံကုန်ဟစ်ပြီး ထိုးစိုက်ဆင်းလာတယ်။ ၎င်းရဲ့အသံက ၄က်ဆိုးအော်သံထက် များစွာကျယ်ပြီး တဂီးဂီးနဲ့ ဆူညံလွန်းတယ်။ ဘားလန်းက မျက်စိမှိတ် ခုခံနေရင်း ဒေါက်တာလောက် ရုတ်တရက် ပျောက်သွားလို့ အမှောင်ထဲမှာ လိုက်ရှာကြည့်တယ်။

ထိုအချိန် ကောင်းကင်ယံမှ ကြီးမားတဲ့ လင်းနို့ကြီး တစ်ကောင်ဟာ သူ့ကို တရှိန်ထိုး ထိုးသုတ်ဖို့ ပျံဝဲလာတာ တွေ့ရတော့ အလျင်အမြန် မြေမှာဝပ်ပြီး ငုံ့ရှောင်လိုက်ရတယ်။ ၎င်းလင်းနို့ထံ သူ့ကို မကုပ်မိမချင်း အထပ်ထပ်အခါခါ ထိုးဆင်းတိုက်ခိုက်တယ်။ တစ်ချိမှာ ဘားလန်းက မြေပေါ်မှာရှိတဲ့ အရက်ပုလင်းခွံကို အမြန်ကောက်လိုက်ပြီး လျင်မြန်စွာ ရိုက်ထည့်လိုက်တယ်။လင်းနို့ရဲ့နားထင်ကို ပြင်းထန်စွာ ထိမိသွားတဲ့အသံကြားရပြီး ပုလင်းကွဲသွားတယ်။ လင်းနို့က အပေါ်သို့ ထပ်မပျံနိုင်တော့ပဲ မြေမှာလဲကျသွားတယ်။ တဖြည်းဖြည်း ၎င်းလင်းနို့က အသွင်ပြောင်းလာပြီး ဒေါက်တာလောက်ပုံစံ ပြန်ဖြစ်သွားတယ်။ ဒေါက်တာလောက်ရဲ့နားထင်မှာ သွေးတွေစီးကျနေတာကို ဘားလန်း မြင်တွေ့ရလို့ စိတ်အား တက်ကြွလာတယ်။



"ဘားလန်း. . မင်းကို ငါမညှာနိုင်တော့ဘူး. . မင်းက ငါ့ကို ယှဉ်နိုင်မယ် ထင်လို့လား. . ."

ဒေါက်တာလောက်က မီးတောက်လို အကြည့်မျိုးနဲ့ ကြည့်ပြီး ပြေးဝင်လာတယ်။ ဘားလန်းက တုံ့ဆိုင်း မနေဘဲ ရင်ဆိုင်တိုက်ခိုက်လိုက်တယ်။ ဒေါက်တာလောက်ရဲ့လက်တွေက ရုတ်တရက်ရှည်ထွက်လာပြီး ဘားလန်းရဲ့ လည်ပင်းကို ဆုပ်ကိုင်မိသွားတယ်။ ဘားလန်းက ချက်ချင်းအားစိုက်ပြီး ရုန်းပေမဲ့ မလွတ်ဘူး။ လည်ပင်းကို ပြုတ်တူကြီးနဲ့ ညှပ်ထားသလို ဖြစ်နေတယ်။ ဒေါက်တာလောက်ရဲ့လက်ဟာ အားပြင်းလွန်းလို့ ဘားလန်းရဲ့ မျက်လုံးတွေပြူးထွက်လာတယ်။ ဘားလန်း မေ့မျောလုဆဲဆဲမှာပဲ ကျောက်ခွဲစက်ရုံအဝင်ဝက အော်ဟစ်သံတွေနဲ့အတူ ထင်းရှူးပင်တစ္ဆေတို့ ရောက်လာတယ်။

"ဟေ့. . ဘားလန်းကို လွှတ်လိုက်စမ်း. . ဘာမဟုတ်တဲ့ ဝိညာဉ်လေး တစ်ကောင်ကို ဝိုင်းပြီးအနိုင်ကျင့်တာ ရှက်ဖို့ကောင်းဘယ်. . ဒါမျိုးကို ဘယ်ဝိညာဉ်မှ မလုပ်ဘူး. . ကြောက်တတ်တဲ့ ကောင်တွေသာ လုပ်တယ်. ."

ထင်းရှူးပင် တစ္ဆေက ရဲရင့်တဲ့လေသံနဲ့ ဒေါက်တာလောက်ကို သုံမ်းအော်တယ်။

"တစ္ဆေစုတ်. . ဒီမှာ ဘာလာရှုပ်တာလဲ. . ကိုယ့်နေရာကိုယ်ပြန်စမ်း. . ငါ့ပိုင်နက်ကို ကျူးကျော်လာပြီး ငါ့အလုပ်ကိုတောင် ဝင်ရှုပ်ရဲတယ်. . သိပ်သတ္တိကောင်းနေတယ်ပေါ့. ."

ဒေါက်တာလောက်က ဘားလန်းကို မလွှတ်ဘဲ ခြိမ်းခြောက်သံနဲ့ ပြန်အော်တယ်။ ဘားလန်းက ဒေါက်တာလောက်ရဲ့ လက်ထဲမှာ မေ့မျောဖို့ နည်းနည်းသာလိုတော့တယ်ဆိုတာ လက်သည်းရှည်က မြင်ရတယ်။ လက်သည်းရှည်က စဉ်းစား မနေဘဲ ပြေးလာပြီး ဒေါက်တာလောက်ရဲ့လက်ကို သူ့ရဲ့လက်သည်းတွေနဲ့ ထိုးဖောက်လိုက်တယ်၊ သွေးတွေ ပန်းထွက်လာတဲ့ သူ့ရဲ့လက်ကိုကြည့်ပြီး ဒေါက်တာလောက်က လက်သည်းရှည်သရဲကို ပြင်းထန်စွာ လက်ပြန်ရိုက်လိုက်တယ်။ လျင်မြန်လွန်းတဲ့ ရိုက်ချက်က လက်သည်းရှည်ရဲ့ မျက်နှာကို ဒိထိမိမိရိုက်မိသွားလို့ လက်သည်းရှည် သရဲ တုံးလုံးကိုလဲသွားတယ်၊

ထင်းရှူးပင်တစ္ဆေနဲ့ ဆံရှည်သရဲတို့က လက်သည်းရှည်သရဲ လဲကျတာကို ကြည့်ရင်း ဒေါက်တလောက်ကို ဝင်ရောက် တိုက်ခိုက်လိုက်ကြတယ်။

ဒေါက်တလောက်က ဘားလန်းရဲ့လည်ပင်းကို လွှတ်လိုက်ပြီး ပြန်လည် တိုက်ခိုက်တယ်။ သူ့ရဲ့တပည့်တွေကလည်း ထင်းရှူးပင်တစ္ဆေနဲ့ ဆံရှည်တို့ကို ဝိုင်းဝန်းတိုက်ခိုက်ကြတယ်။ ဘားလန်းက သတိဝင်လာပြီး ဒေါက်တလောက်ရဲ့နောက်ကနေ အရှိန်နဲ့ ဖြတ်ကန်တယ်။ ကန်ချက်ကြောင့် ဒေါက်တလောက် ရှေ့ကိုယိုင်လဲသွားတယ်. . တစ်ဖက်ကလည်း လက်သည်းရှည်က ပြန်လည်ထလာပြီး ဒေါက်တလောက်ရဲ့ တပည့်တွေကိုတိုက်ခိုက်နေတယ်။ထင်းရှူးပင်တစ္ဆေက ဒေါက်တလောက်ရဲ့ မြွေမျက်လုံးကို မကြည့်ဘဲ သူ့ရဲ့ တောင်ဝှေးနဲ့ ဒေါက်တလောက်ရဲ့ ခြေထောက်ကို ဖြတ်ရိုက်တယ်။ ဒါပေမဲ့ ဒေါက်တလောက်က လျင်မြန်စွာ ရှောင်တိမ်းပြီး ထင်းရှူးပင်တစ္ဆေရဲ့လက်ကို ဖမ်းကိုက်လိုက်တယ်။ ဒေါက်တလောက်ရဲ့ ခွေးစွယ်လို ချွန်ထက်နေတဲ့သွားတွေကြောင့် ထင်းရှူးပင်တစ္ဆေရဲ့လက်က အသားတွေ ပဲ့ပါသွားတယ်။ ထင်းရှူးပင်တစ္ဆေရဲ့ နာကျင်စွာ အော်ဟစ်ညည်းညူသံဟာ ကောင်းကင်ယံထိ လွင့်ပျံ့သွားတယ်။

ဘားလန်းက ဒေါက်တလောက်ရဲ့ ဦးခေါင်းပိုင်းကို နောက်ကနေ သိုင်းချုပ်ပြီး လည်ပင်းကို လိမ်ချိုးဖို့ အစွမ်းကုန်ကြိုးစားတယ်။ ဒါပေမဲ့ ဒေါက်တလောက်က သူမတူအောင် သန်မာနေတာကြောင့် ချိုးလို့ မရဘူး။ ဒေါက်တလောက်က ဘားလန်းကို သူ့နောက်ကျောမှ ဆွဲယူလိုက်ပြီး လက်သီးနဲ့ ဘားလန်းရဲ့နှာခေါင်းကို ထိုးတယ်။ ဒေါက်တလောက်ရဲ့ အားပါတဲ့ လက်သီးချက်ကြောင့် ဘားလန်းဟာ မှိန်ထူသွားပြီး မြေမှာအရုပ်ကြိုးပြတ် လဲကျသွားတယ်။ ဆံရှည်သရဲက ဒေါက်တလောက်တပည့်တွေနဲ့ တိုက်ခိုက်နေရာက အခြေအနေမလှတဲ့ ဘားလန်းတို့ကို ကူညီဖို့ သူ့ရဲ့ဆံပင်တွေနဲ့ ဒေါက်တလောက်ရဲ့ လည်ပင်းကို ဖမ်းချုပ်နိုင်ဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ ဒေါက်တလောက်က အကင်းပါးလွန်းတယ်။ ကြိုပြီးသိနေတယ်။



ဆံရှည်သရဲရဲ့ ဆံပင်တွေကို အေးအေးဆေးဆေးပဲ လက်ပြန်ဖမ်းယူပြီး ရှေ့ကိုဆောင့်ဆွဲလိုက်တယ်။ သူ့ရဲ့အနားကို ဆံရှည်ရောက်မှ သူ့ဆံပင်နဲ့သူ ပြန်လည်ချည်နှောင်လိုက်တယ်။ ဘားလန်းနဲ့ထင်းရှူးပင်တစ္ဆေတို့ကတော့ မြေမှာလဲပြီး အိပ်စက်ကုန်ကြပြီ. . ဆံရှည်ကိုလည်း သူ့ဆံပင်နှင့်သူ ဖမ်းချုပ်ထားလိုက်ပြီ. . လက်သည်းရှည်ကို သူ့တပည့်တွေက ဖမ်းချုပ်ထားတာ တွေ့ရတယ်. .

"သိပ်ပျင်းဖို့ကောင်းတဲ့ တိုက်ပွဲ. . သင်တို့ကို ဘာပညာမှ မသုံးလိုက်ရဘဲ အလွယ်တကူ ဖမ်းချုပ်နိုင်တယ်. . သင်တို့ ဒီလို အသုံးမကျတဲ့ တိုက်ခိုက်နည်းတွေ ဘယ်က သင်ယူတတ်မြောက်ခဲ့တာလဲ. ."

ဒေါက်တလောက်က ဘားလန်းတို့ကို တစ်နေရာမှာစုပုံထားပြီး မုဆိုးက သားကောင် ဖမ်းမိသလိုမျိုးပြောတယ်။

"သူတို့အားလုံးကို သချိုင်းကိုခေါ်ခဲ့. . ဟိုရောက်မှ တိုက်ခိုက်နည်းပညာ နည်းနည်းစီ သင်ပေးရမယ်. . ဒါပေမဲ့ လေ့ကျင့်ခန်းကိုတော့ ပုလင်းထဲမှာပဲ လုပ်ရမယ်. ."

ဒေါက်တလောက်ဟာ အောင်မြင်တဲ့လေသံနဲ့ သူ့တပည့်တွေကို အမိန့်ပေးလိုက်တယ်၊ သူ့တပည့်တွေက ထင်းရှူးပင်တစ္ဆေနဲ့ လက်သည်းရှည်ကို ကြိုးတွေနဲ့တုပ်ပြီး အတူတူ ပူးချည်ကြတယ်။ ဘားလန်းကိုလည်း တုပ်ဖို့ လက်ကို ဆွဲယူတယ်။ ကျောက်စက်သချိုင်းရောက်ရင် ဘယ်လိုနည်းနဲ့မှ ပြန်မလွတ်နိုင်တော့ဘူး။ ဘားလန်းက အတွေးတစ်ချက် ဝင်လာတယ်။ ဟိုညက ပုန်းခိုဝိညာဉ် ခြေကျိုးအဘိုးကြီးပြောတဲ့စကားပဲ။ ၎င်းက ဒေါက်တလောက် အဖမ်းကို လွယ်လွယ်နဲ့ ဘယ်တော့မှမခံနဲ့တဲ့. . အခုနေတုန်း ညှင့်ကပ်ဝိညာဉ်ပျံ့နည်းနဲ့ ထွက်ပြေးရင် လွတ်နိုင်တယ်။ ဘားလန်းက ကြာကြာစဉ်းစားမနေတော့ဘဲ သူ့ကို စတင်ချည်နှောင်တဲ့ နွယ်ကြိုးကို ရုန်းထွက်ပြီး အဝေးကို ထပျံပြေးတယ်။

မီတာ ၂၀ အမြင့်လောက် အရောက်မှာ နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ ဒေါက်တလောက်က လင်းနို့ဝိညာဉ်အသွင်

ဖန်ဆင်းပြီး လိုက်လာတာကို တွေ့ရတယ်။ ဘားလန်းက အမှောင်ထဲကို အားကုန်သုံးပြီး ပျံပြေးတယ်။ ဒေါက်တလောက်ကလည်း သူ့ရဲ့နောက်ကနေ ထက်ကြပ်မကွာလိုက်လာဆဲ. . ပျံသန်းရင်း ထင်းရှူးပင်တန်းဘက်ကို ရောက်လာတယ်။ ရရှိထားတဲ့ဒဏ်ရာတွေနဲ့ မောပန်းလွန်းလို့ ဘားလန်းဟာ သေလုအောင် ဖြစ်နေတယ်။ ဒေါက်တလောက်ကလည်း နောက်က လိုက်လာတုန်းပဲ။ ဒေါက်တလောက်ရဲ့ ငှက်ဆိုးထိုးသံဟာ ကျယ်လောင်လွန်းတယ်၊ တကီးကီးနဲ့ သေမင်းတမန်ရဲ့ အချက်ပေးသံအလား ထင်မှတ်ရတယ်။ ထိုအသံကြောင့် ဘားလန်းက တစ်ချက်ကလေးမှ နေးမပျံရဲဘူး။သူ့ကိုမိသွားရင်တော့ ဒေါက်တလောက်က လေထဲ[illegible]ပဲ အပြီးသတ်စားပြီးမှ သချိုင်းကို ပြန်မှာပဲလို့ မောပန်းတဲ့ကြားက တွေးမိသေးတယ်. . ဒါပေမဲ့ ဆက်ပျံဖို့ ခွန်အား မရှိတော့ဘူး. . သူဘာလုပ်ရမလဲ. . အပြေးအလွှား စဉ်းစားတယ်။ ဘယ်လိုမှ မတတ်နိုင်တော့ဘူး. . တစ်ခုခုလုပ်မှဖြစ်တော့မယ်. . ဘားလန်းဟာ ပြေးရင်းလွှားရင်း မျက်စေ့က ချုံပုတ်တွေဆီ အကြည့်ရောက်သွားတယ်။နီးစပ်ရာချုံပုတ်ထဲကို ဝါးလုံးထိုး ဝဲပျံဆင်းချလိုက်တယ်။ နောက်ပြီး ချုံထဲကို အတင်းခေါင်းထိုး ဝင်လိုက်တယ်။

ချုံက ဆူးခက်တွေနဲ့ ပြည့်နှက်နေတယ်။ ဘားလန်းက ဆူးခက်တွေကို ဂရုမစိုက်နိုင်တော့ဘဲ သူ့နောက်က ဒေါက်တလောက် လင်းနို့ရဲ့ ထိုးဆိတ်ကိုက်ဆွဲမှုကို မခံရအောင် ဆူးခက်ထဲကို တိုးဝင်နေလိုက်တယ်၊ သူ့ရဲ့အမွေးအတောင်တွေနဲ့ မျက်နှာတစ်ခုလုံးလည်း သွေးချင်းချင်းနီရဲလျက် ရှိတော့တယ်။ လင်းနို့ကြီးက ညငှက်ဘားလန်းကို ကိုက်သတ်လိုဇောနဲ့ မီးကုန်ယမ်းကုန် ထပ်ချပ်မကွာလိုက်လာတယ်။ ဘားလန်း ဝင်သွားတဲ့ ဆူးချုံထဲကို သူ့ရဲ့ကြီးမားတဲ့ ခန္ဓာကိုယ် ဝင်နိုင်ဖို့ ကြိုးစားတယ်။ ဆူးချုံထဲက ဘားလန်းကို မမီမကမ်းနဲ့ လှမ်းကိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့ အတောင်တွေက လင်းနို့အတောင်တွေဖြစ်နေလို့ ဆူးတွေနဲ့ ငြိနေတယ်။ လင်းနို့က သူလိုသလိုထိုးဆိတ်ကိုက်ဆွဲ မရလို့ ဒေါသ ကြီးလာတယ်. . ရှုန်းရင်း ဆန်ခတ်



ကမ္ဘာပျက်မတတ်အော်ဟစ်ပြီး ဆူးချုံကို သူ့အတောင် နှစ်ဖက်နဲ့ တဖြန်းဖြန်း ရိုက်ခတ်နေတယ်။ ၎င်းရဲ့ အတောင်တွေ ကလည်း ဆူးတွေရဲ့ဒဏ်ကြောင့် စုတ်ပြတ်ကုန်တယ်. . ဘားလန်းက ဆူးချုံအတွင်းဘက်ကို ဝင်နိုင်သမျှ တိုးဝင်ပြီး လင်းနို့ကို စောင့်ကြည့်နေတယ်။ ဒေါသကြီးတဲ့လင်းနို့ရဲ့ စိတ်မထိန်းနိုင်စွာ အတောင် တဖြန်းဖြန်းရိုက်ခတ်နေတဲ့အသံကြောင့် ဘားလန်းဟာ နားကွဲ လုမတတ်ခံနေရတယ်။ ဒါပေမဲ့ သူ့ကိုတော့ ထိုးဆိတ်ကိုက်ဆွဲမှုက လုံးလုံးမကျရောက်တော့ဘူး. . တဖြည်းဖြည်းနဲ့ တောင်ပံရိုက်သံတွေဟာ နှေးနှေးသွားတယ်။ လင်းနို့က သူ့ကို အရုပ်ဆိုးတဲ့အကြည့်နဲ့ ကြည့်နေတုန်းပဲ၊ သူ့ရဲ့အတောင်တွေကတော့ လုံးဝငြိမ်ကျသွား တယ်။

ဒေါက်တလောက်က တစ္ဆေလင်းနို့ပုံစံကနေ နဂိုပုံစံ ပြန်ပြောင်းပြီး. . .

"မင်းရဲ့ အပေါင်းအသင်းတွေ ငါ့လက်အောက်မှာ လုံးလုံးကျရောက်နေပြီဆိုတာ မင်းမျက်မြင်ပဲ။ လာမဲ့ လေးလပိုင်း ဝိညာဉ်လွတ်မြောက်ပွဲမှာ ကံမကောင်းစွာပဲ. . မင်းနဲ့ မင်းအပေါင်းအသင်းတွေ ပါဝင်ဆင်နွှဲလို့ မဖြစ်နိုင်တော့ဘူးပေါ့။ မင်းအပေါင်းအသင်းတွေကတော့ သိတ်ပြီးမျှော်လင့်စရာ မရှိပါဘူးကွာ။ သူတို့ အရင်ဘဝက အပြစ်တွေ အခုဘဝ အပြစ်တွေကြောင့် ဝိညာဉ်လွတ်မြောက်ပွဲမှာလွတ်မြောက်တယ်ဆိုရင်လည်း မကောင်းတဲ့ဘုံဘဝကို အပို့ခံရမှာပဲ။

အဓိက ငါပြောချင်တာက မင်းကိုပဲ. . မင်းကို ဝိညာဉ်အတော်များများက ကောင်းကင်ဘုံကို ရောက်နိုင်တယ်လို့ ပြောနေကြတယ်၊ ငါတော့ လုံးလုံးမယုံဘူး. . ဟဲ. . ဟဲ. . ဘာပဲဖြစ်ဖြစ်မင်း ငါ့သချိုင်းကို ပြန်လာလို့ မရတော့ဘူးလေ၊ မင်းဟာ အိမ်မရှိယာမရှိ ကလေကဝ ဝိညာဉ်ဘဝနဲ့ နေရတော့မယ်။ ထင်းရှူးပင်တစ္ဆေရဲ့ ပိုင်နက်ကိုလည်း မင်းလာဖို့ မကြိုးစားနဲ့. . အဲဒီနယ်မြေကို ငါသိမ်းလိုက်ပြီ၊ ငါ့ရဲ့စက်ကွင်းထဲက လွတ်မြောက်ချင်တယ်ဆိုရင် ငါနဲ့ဝေးဝေးမှာနေပေါ့. . မင်းကို တွေ့တဲ့နေရာမှာ အသေသတ်မယ်ဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး. . ."

ဒေါက်တလောက်က ဒေါသသံအပြည့်နဲ့ပြောပြီး ပျောက်ကွယ်သွားတယ်၊ ဒေါက်တလောက် ပျောက်ကွယ်သွားပေမဲ့ သူ့ရဲ့ကြိမ်းဝါးသံတွေဟာ ဘားလန်းရဲ့နားထဲမှာ ပဲ့တင်ထပ်ကျန်နေဆဲပဲ. . သူ တကယ်ပြန်သွားပြီလား. . ဒေါက်တလောက်က လှည့်စားမှုများနဲ့ပြည့်နှက်နေတဲ့သူ၊ သူဒီနေရာက တကယ်ပြန်သွားတာမှ ဟုတ်ရဲ့လား ဘားလန်းက မယုံမရဲဖြစ်နေတယ်၊ ဆူးချုံထဲကနေ အရပ်လေးမျက်နှာကို လေ့လာ စူးစမ်းကြည့်တယ်၊ ဒေါက်တလောက်ရဲ့ သွေးညှိနံ့တွေကတော့ သူ့နှာခေါင်းထဲကို ပုံမှန်ဝင်ရောက်ဆဲပဲ" မနက်လင်းဖို့အချိန်ကလည်း နီးကပ်နေပြီဆိုတော့ မိုးလင်းမှပဲ သင့်တော်ရာနေရာတစ်ခုကို ထွက်သွားဖို့စိတ်ကူးရင်း နာကျင်စွာ မျက်စိမှိတ်ထားလိုက်တော့တယ်. . .

သာယာတဲ့ နံနက်ခင်းရရှိဖို့ အရှေ့မိုးကုတ်စက်ဝိုင်းဆီက အသွင်ပြောင်း အလင်းရောင်တချို့ဖြစ်ပေါ်လာကြတယ်။ ကျေးငှက်တွေက တစ်နေ့တာ ဝမ်းစာအတွက် အစာရှာဖွေဖို့ နိုးထသက်ဝင်လာကြတယ်. . ၎င်းတို့ထဲ ဒဏ်ရာဗလပွနဲ့ ညငှက်တစ်ကောင်ဟာ ထိုငှက်တွေနဲ့အတူ မသိမသာ ရောထွေးပျံသန်းနေတယ်၊ ညငှက်တစ်ကောင်က နေ့မှာမအိပ်ဘဲ သွေးသံတရဲရဲနဲ့ လိုက်ပါ ပျံသန်းနေတာကို တချို့ငှက်တွေက စူးစမ်းတဲ့အကြည့်တွေနဲ့ ကြည့်ပြီး ၎င်းနဲ့ဝေးရာကို ပျံပြေးကြတယ်၊ သူ့ကို မနှစ်မြို့တဲ့ သဘာဝကျေးငှက်တွေကို လိုက်ကြည့်ရင်း ဘားလန်းက နောက်မှာ ချန်နေခဲ့တော့တယ်။ သူ့ကိုယ်သူလည်း နားလည်သွားတယ်။

ငါ ဘာတွေလုပ်နေတာလဲ. . ငါဟာ ရိုးရိုးငှက်တစ်ကောင်မှ မဟုတ်ဘဲ. . အသွင်ပြောင်းထားတဲ့ ဝိညာဉ်ငှက်. . တကယ့်သဘာဝ သက်ရှိငှက် တစ်ကောင်ဖြစ်သွားရင် သိပ်ကောင်းမှာပဲ. . ဘားလန်းက မြင့်မားတဲ့သစ်ပင် တစ်ပင်ပေါ်မှာ တစ်ကောင်ထဲ ရပ်နားကျန်ခဲ့ရင်း အထီးကျန် အားငယ်စိတ်နဲ့အတူ သူမသိချင်တော့တဲ့ လက်ရှိဘဝကို ပြန်လည် တွေးတောနေရတယ်။

သူတစ်ယောက်ထဲနဲ့တော့ ဒေါက်တလောက်ကို တွန်းလှန်နိုင်ဖို့ဆိုတာ လုံးလုံးကို မဖြစ်နိုင်တော့ဘူး။ ပုလဲနက် မှော်ဆရာကိုပဲ တွေ့အောင် ရှာရတော့မှာပဲ။ ဖြစ်ချင်တာဖြစ်စေတော့. . ပုလဲနက် ခရီးထွက်သွားတဲ့ အနောက်ဘက် ဒေသကို လိုက်သွားတာပဲ ကောင်းပါတယ်။ ဘုရားသခင်ဆီကို သူနဲ့တွေ့ဖို့ ဆုတောင်းရုံမှ တစ်ပါး အခြား ဘာမှ မမျှော်လင့်နိုင်တော့ပါဘူး. .

ဘားလန်းက သူဆုံးဖြတ်ချက်နဲ့သူ အနောက်ဘက်ဒေသသို့ ဦးတည်ကာ ခရီးနှင်ပျံသန်းလာတယ်။ ဝိညာဉ် ငှက်ဖြစ်လို့ တိမ်တွေကြားက ပုန်းလျှိုးကွယ်လျှိုးသွားနေရပေမဲ့ တကယ့်ငှက်တစ်ကောင်လို ပျံသန်းရတာကိုပဲ ကျေနပ်မိသလိုလို. . တစ်နေ့တာ ခရီးဆက်ခဲ့ရလို့ ခေတ္တနားခိုဖို့ရာ ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ ကြီးမားတဲ့ တောင်ကုန်းတစ်ခုပေါ်မှာ အမိုးအချွန်အတက်တွေနဲ့ ညိုမဲမဲ ရဲတိုက်ပျက်တစ်ခုကို တွေ့ရတယ်၊ ၎င်းရဲတိုက်ပျက်က တောင်ကုန်းပေါ်မှာ ထည်ထည်ဝါဝါ အခိုင်အမာတည်ဆောက်ထားတယ်၊ ဒါပေမဲ့ လူသူ အရောက်အပေါက် မရှိလောက်ဘူးဆိုတာ ပျက်ယွင်းနေတဲ့ ပုံစံကို ကြည့်ခြင်းအားဖြင့် သိသာတယ်။ တချို့နေရာတွေမှာ အမိုးနဲ့ နံရံတွေက ပြိုပျက်ကျနေတယ်။ အဝေးကခြုံငုံပြီးကြည့်ရင် ကြီးမားတဲ့ ဘီလူး တစ်ကောင် တောင်ပေါ်မှာ တက်ထိုင်နေသလိုပဲ။ ဘားလန်းက ၎င်းအဆောက်အဦပျက်နားကို ချဉ်းကပ်ပြီး စနည်းနာတယ်။ ဒီလို နေရာတွေဟာ ဝိညာဉ်တွေအတွက် နားခိုရာနေရာ ဖြစ်နိုင်တယ်။သူ့အတွက် အပြောင်းအလဲလည်းဖြစ်နိုင်ဖို့ မျှော်လင့်မိတယ်။

ညငှက်ဝိညာဉ်သဏ္ဌာန်ဖျောက်ပြီး ပင်ကိုပုံစံနဲ့ပဲ ရဲတိုက်ပျက်ထဲကို ဝင်လာခဲ့တယ်၊ အဆောက်အဦရဲ့ ဝင်ပေါက် တံခါးမကြီးဟာ ကြီးမားလွန်းတယ်၊ ဝင်ပေါက်ကို ကြေးဝါရောင်တံခါးရွက်နှစ်ရွက်နှင့် ပိတ်ထားတယ်၊ တစ်ဖက်က ပတ္တာတွေတောင် ပြုတ်နေပြီ၊ တခြားတစ်ဖက်ကတော့ အကောင်းပကတိအတိုင်းပဲ ရှိသေးတယ်၊ သူက ပြုတ်နေတဲ့ တံခါးရွက်ဖက်က အဆောက်အဦထဲကို



ကုန်းပြီးဝင်လိုက်တယ်၊ ဝင်ဝင်ချင်းမှာပဲ လှေကားထစ် နှစ်ဆယ်လောက်ပါတဲ့ ကျောက်လှေကားကို တွေ့ရတယ်၊ ၎င်းကျောက်လှေကားထိပ်မှာ သစ်နက်သားနဲ့ ထွင်းထုထားတဲ့ ပန်းပုရုပ်က အကြီးကြီးပဲ. . သစ်ပင် ကြီးတစ်ပင်လုံးကို အသုံးပြုပြီးထုထားတာထင်တယ်၊ လူပုံစံ မကျ၊ ဝက်ဝံပုံ မကျ အရုပ်ဆိုးလွန်းလှတယ်. . ထူးခြားတာက ရုပ်တုရဲ့ မျက်လုံးနှစ်လုံး၊ အစိမ်းရောင် တောက်နေပြီး တစ်ဖက်ကကြီး၊ တစ်ဖက်ကသေး၊ အရွယ်မတူဘူး၊ လက်နှစ်ဖက်ကိုလည်း မြှောက်ထားသေးတယ်၊ ပါးစပ်ကိုလည်း ဟထားတယ်၊ ၎င်းရုပ်တုသာ အသက် ဝင်လာမယ်ဆိုရင်တော့ ဒီပတ်ဝန်းကျင်မှာ ဘယ်လိုသတ္တဝါမျိုးမှ နေရဲမှာမဟုတ်ဘူး၊ ၎င်းရဲ့ လက်သည်းနှင့် တစ်ချက်ကုပ်လိုက်တာနဲ့ အရိုး တခြား အသားတခြားဖြစ်သွားမဲ့ပုံ. .

ဘားလန်းက ၎င်းရုပ်တုအနားမှာရပ်ပြီး ရဲတိုက်ထဲရှိ အခန်းများကို ယောင်ပေယောင်ပေ လှမ်းကြည့်မိတယ်၊ အခန်းတွေက များပြားလွန်းလို့ ဘယ်အခန်းကို စဝင်ကြည့်ရမလဲတောင် မသိဘူးဖြစ်နေတယ်၊ သူနဲ့အနီးဆုံး အခန်းတစ်ခန်းဆီကိုပဲ အရင်သွားကြည့်လိုက်တယ်။ အခန်းထဲမှာ ကျောက်ရုပ်တု အကျိုးအပျက် သေးသေးလေးတွေကို စုပုံထားတယ်၊ နေရာတိုင်းမှာ ပန်းပုရုပ်တွေ ပြည့်နှက်နေတာပဲ။ ကြွေ ဒီအဆောက်အဦပိုင်ရှင်ဟာ ပန်းပုပညာရှင်(သို့) ပန်းပုပညာ ဝါသနာပါသူ ဖြစ်မယ်ထင်တယ်။ ဘေးမှာတော့ အပေါ်ထပ်ကို တက်တဲ့ ကြောင်လိမ်လှေကားတစ်ခု၊ လှေကားအောက်မှာ အရောင်လက်တဲ့ အိုးကြီးတစ်လုံးကို ချထားတယ်။ ၎င်းအိုးကြီးထဲမှာ တစ်စုံတစ်ရာ ရှိနေသလိုပဲ၊ ကြောင်လိမ်လှေကားရဲ့ လက်ရမ်းတန်းကို လူခေါင်းရိုးပုံ ထွင်းထုထားတယ်။ လှေကားက ဈေးကျပြီး နန်းဆန်သလို အတွန့် အတက်တွေနဲ့၊ ဘားလန်းက ၎င်းလှေကားမှ အပေါ်ထပ်ကို တွန့်ဆုတ်တွန့်ဆုတ်တက်လာတယ်။ အပေါ်ထပ်မှာ စူးရှပြီး ကြောက်စရာကောင်းတဲ့ မှော်နံ့တစ်ခုရလိုက်တယ်၊ ကြက်သီးထစရာကောင်းတဲ့ အနံ့ခပ်ပြင်းပြင်းပဲ။ ညမွှေးပန်းနဲ့ မွှေးကြိုင်တဲ့သစ်ခေါက်တချို့ကို ရောပြီးမီးရှို့ထားတဲ့အနံ့လိုပဲ၊ ဘားလန်းက သူ့ခြေလှမ်းတွေ

ကို ရပ်ဆိုင်းလိုက်ပြီး ရှေ့ကိုဆက်ဖို့ မဝံ့မရဲဖြစ်လာတယ်၊ ထိုနေရာမှ လှည့်ပြန်သင့်တယ်လို့ တစ်ဆက်တည်း အသိဝင်လာတယ်။

ဒါပေမဲ့ တစ်စုံတစ်ယောက်က သူ့အတွေးကို ပျက်ပြယ်သွားစေတယ်။

"ဟုတ်ပြီ. . လာခဲ့ပါ. . လှမ်းခဲ့ပါ၊ ရှေ့ကိုတိုးခဲ့ပါ. . မကြောက်နဲ့. . ."

ဘားလန်းက အသံလာရာကို ကြည့်လိုက်တော့ သူ့ရှေ့တည့်တည့် အခန်းထဲက အသံထွက်လာတာသိရတယ်။သူက နောက်လှည့်ပြေးဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ၎င်းက သူ့အကြံကို သိနေသလိုပဲ ပြောတယ်။

"ပြေးဖို့ မကြိုးစားနဲ့. . ပြေးဖို့ မကြိုးစားနဲ့. . ငါ့ရဲတိုက်ထဲကို ဝင်လာခဲ့ပြီးမှ မသိမသာ လစ်ပြန်တဲ့သူဟာ ကြမ္မာဆိုးနဲ့ ကြုံတွေ့ရတာပဲ၊ တက်လာသူက ဝိညာဉ်တစ်ကောင်ဖြစ်တယ်ဆိုတာသိတယ်။ ဘယ်သက်ရှိလူသားမှ ငါ့ရဲတိုက်ကို မလာဝံ့ဘူး။ အနားတောင် မသီဝံ့ဘူး၊ ငါ့ရှေ့ကိုလာခဲ့စမ်း၊ မင်းကို စစ်ဆေးရမယ်. ."

ဘားလန်းက လစ်ပြေးဖို့ မကြိုးစားရဲတော့ဘဲ အသံလာရာ အခန်းထဲကို ကြောက်ရွံ့စွာဝင်လိုက်ရတယ်. . အခန်းထဲမှာ မီးတိုင်ရှည်နှစ်တိုင် ထွန်းညှိထားပြီး အလည်တည့်တည့်မှာ ဝတ်ရုံအမည်းနဲ့ အသွင်သဏ္ဌာန်တစ်ခုဟာ သူ့ကို ကျောပေးထိုင်နေတာ တွေ့ရတယ်၊ ၎င်းကိုယ်က စူးရှပြင်းထန်တဲ့မှော်နံ့တွေ ပျံ့လွင့်နေတယ်။ ၎င်းရဲ့ရှေ့မှာ လူခေါင်းရိုးခွံတွေကို အပေါ်ပိုင်းကဖြတ် ခွက်ပုံစံပြုလုပ်ထားပြီး ထိုအထဲမှာ ဆေးဝါးမှုန့်၊ ဆေးနီမှုန့်တွေထည့်ထားတာကို တွေ့ရတယ်။ ဝတ်ရုံမည်းက ဘားလန်းနဲ့ မျက်နှာချင်းဆိုင် လှည့်လိုက်တယ်။ ဘားလန်းက နောက်ကိုအတင်း ဆုတ်ပြီး ထွက်ပြေးဖို့ ထပ်ကြိုးစားတယ်။ သူ တကယ်ကြောက်လန့်သွားတယ်။ သူ့တစ်သက်မှာ ဒီလောက်ကြောက်စရာကောင်းတဲ့ ပုံစံမျိုး တစ်ခါမှ မတွေ့ဖူးလို့ပဲ. . .



ဝတ်ရုံမည်းမှာ ဦးခေါင်း မပါဘူး၊ လည်ပင်းကလည်း မညီမညာနဲ့. . သတ္တဝါ တစ်ကောင်ကောင်က လည်ပင်းကို ကိုက်ဖြတ်သွားတဲ့ပုံစံဖြစ်နေတယ်၊ ရင်ဘတ်ပေါ်ကို လည်မျိုကသွေးတွေ မြင်မကောင်းအောင် စီးကျနေတာ မြင်ရတယ်။ ၎င်းဝတ်ရုံမည်းက သူ့ကိုစေ့စေ့ကြည့်နေတယ်လို့ ခံစားမိတယ်။ အကြည့်ခံရသူအဖို့ ဘယ်လောက် တုန်လှုပ်ချောက်ချား စေနိုင်သလဲ။ ခေါင်းမပါတဲ့သူက ကိုယ့်ကို စိုက်ကြည့်နေတယ်ဆိုတာ သိရတော့ ဘားလန်း သွေးပျက်သွားပြီး ထွက်ပြေးဖို့တောင် မေ့သွားတယ်. . ခေါင်းပျောက်က သူ့လက်ကို ဖမ်းဆွဲထားပြီး ပီသတဲ့အသံနဲ့ ပြောတယ်. . .

"မင်းက ဝိညာဉ်တစ်ကောင်ဖြစ်လျက်နဲ့ ဘာဖြစ်လို့ ဒီလောက်ကြောက်လန့်နေရတာလဲကွ ကောင်လေး. . ဒီလိုသွားချင်ရာ လျှောက်သွားနေမှတော့ ဒီ့ထက်ကြောက်လန့်စရာကောင်းတာတွေတောင် ထပ်တွေ့ရအုံးမှာ. . ဒါပေမဲ့ ငါ မင်းကို ဘာမှ ရန်မရှာဘူးလို့ ကတိပေးတယ်. . အဲ. . ငါ့အကြောင်းတွေတော့ မင်း နားထောင်ရမယ်. . ဒါ ငါ့ရဲတိုက်ထဲကို ဝင်လာတဲ့ ဘယ်လိုသတ္တဝါမျိုးမဆို လိုက်နာရမဲ့ သတ်မှတ်ချက်ပဲ. . ငါ့ကို အများကတော့ ခေါင်းပျောက် ဝိညာဉ်လို့ ခေါ်ကြတယ်. . သိပ်စက်ဆုပ်စရာ ကောင်းတဲ့ နာမည်တစ်မျိုးပါ. . ဒီရဲတိုက်ကြီးက ငါလူ့ဘဝတုန်းက အရှူးထပြီး ဆောက်ခဲ့တာပဲ. . ဒီအကြောင်းတွေ ပြောရတာ ဖန်တစ်ရာတေနေပါပြီကွာ. . ထားလိုက်ပါတော့. . မင်း ရဲတိုက်ထဲ ဝင်လာကတည်းက ငါသိတယ်. . မင်းဆီက ထူးခြားတဲ့ အငွေ့အသက်တစ်ခုရတယ်လို့ ငါခံစားရတယ်. . မင်းက ဘယ်သူလဲ. . လွင့်မျောဝိညာဉ်လား. . ဒီရဲတိုက်ကို မရောက်ဖူးဘူး မဟုတ်လား. . ထားတော့. . ဘယ်သူပဲဖြစ်ဖြစ် ငါ့ဆီကိုရောက်လာရင်တော့ ငါခိုင်းတာ လုပ်ပေးရမယ်. . ."

ဘားလန်းက ဘာမှပြန်မပြောသေးဘဲ ခေါင်းတညိတ်ညိတ်နဲ့ နားထောင်ပြီး ခေါင်းပျောက် ဝိညာဉ်ရဲ့ စကား ပြောသံထွက်ပေါ်လာတဲ့နေရာကို ရှာကြည့်နေတယ်။

"ဘာလဲ. . မင်းက ငါ့အသံ ဘယ်ကလာသလဲဆိုတာ သိချင်နေတယ်မဟုတ်လား. . စပ်စုတယ်. . ငါ့အသံက ငါ့ဝတ်ရုံထဲကနေ လွင့်ပျံ့လာတာကွ. . အဲဒါ ငါ့ရဲ့လက်ကျန်ပညာပဲ. . ငါဟာ လူ့ဘဝတုန်းက မှော်ဆရာ တစ်ယောက်ပေါ့၊ ဒီအဆောက်အဦကြီးကို ဆောက်ပြီး မှော်ဆရာကြီးလုပ်ခဲ့တာ. . ဒါပေမဲ့ တတ်ယောင်ကားပါကွာ. . တစ်နေ့မှာ ငါ့ဆီကို ဝိညာဉ်တစ်ကောင် ရောက်လာတယ်။ သူဟာ ငါ့ဆီက ပညာသင်ချင်လို့ ရောက်လာသူပဲ. . ဒါပေမဲ့ သူဟာ မကောင်းဘူး။ ငါ့ကို ဒီလိုဘဝမျိုးရောက်အောင် လုပ်ခဲ့တာပဲကြည့်တော့၊ ငါအိပ်မောကျနေတုန်း ငါသင်ပေးလိုက်တဲ့ပညာနဲ့ ငါ့လည်ပင်းကို ကိုက်ဖြတ်သွားတယ်၊ ခုဆိုရင် ငါ့ပုံစံဟာ ဝိညာဉ်ဘဝမှာတောင် နေရထိုင်ရခက်ခဲတဲ့ ခေါင်းပြတ် ဝိညာဉ်ဘဝကို ရောက်နေတာ မင်းမြင်တဲ့အတိုင်းပဲ၊ ငါဟာ ဒီအဆောက်အဦထဲက လွဲပြီး ဘယ်ကိုမှ မသွားနိုင်ခဲ့ဘူး။ အခုငါဖော်စပ်နေတဲ့ဆေးဟာ ဦးခေါင်းပြန်ပေါက်နိုင်တဲ့ဆေးဖော်စပ်နေတာ၊ ဒါပေမဲ့ အလကားပဲ. . နှစ်ပေါင်းနှစ်ဆယ်ပြည့်တော့မယ်၊ ဘာမှအသုံးမကျတဲ့ဆေးတွေပဲ ဖြစ်လာတယ်၊ တကယ်ပဲ ဘာမှသောက်သုံးမကျဘူး"

ခေါင်းပျောက်ဝိညာဉ်က ဆေးမှုန့်တွေထည့်ထားတဲ့ လူဦးခေါင်းခွံတွေကို ကိုင်ပေါက်လွှင့်ပစ်ပြီး ဆက်ပြောတယ်။

"ငါ့တပည့်ဝိညာဉ်ဆိုးက ငါ့ခေါင်းကိုယူပြီး အဝေးကို ထွက်ပြေးသွားတယ်ကွာ၊ သူရှိမဲ့နေရာကိုလိုက်ရှာဖို့ မင်းလိုပဲ လွင့်မျောဝိညာဉ်တွေ ငါ့ဆီရောက်လာရင် နေစရာပေးပြီး ခိုင်းဖူးတယ်. . ဒါပေမဲ့ တစ်ကောင်မှ အဖြစ်မရှိပါဘူးကွာ၊ ဒီဝိညာဉ်စုတ်တွေ ငါ့ရဲတိုက်ရဲ့အခန်းတိုင်းမှာ အခန့်သား နေတာကလွဲပြီး နည်းနည်းလေးမှတောင် မကူညီနိုင်ဘူး၊ ဒီကောင်တွေက တကယ့် ကလေကချေ ဝိညာဉ်တွေပါ. . ဘာမှအဖြစ် မရှိဘူး. . ."

ခေါင်းပျောက်ဝိညာဉ်က ထင်းရှူးပင်တစ္ဆေ လေသံအတိုင်း ပြောတယ်. . . တကယ်လို့ သူ့ဦးခေါင်းများ ပြန်ပေါက်ခဲ့ရင် ထင်းရှူးပင်တစ္ဆေနဲ့တောင် တူမလားပဲ. .



"ငါ့စိတ်ထဲမှာ မင်းကတော့ တစ်မျိုးပဲလို့ ခံစားမိတယ်. . ငါ့ကို မင်းကူညီနိုင်မယ်လို့ မျှော်လင့်ရတာပဲ၊ တကယ်ပါ. . ငါဟာ လူ့ဘဝတုန်းက မှော်ဆရာဆိုပေမဲ့ ဆိုးဆိုးဝါးဝါးတွေ သိပ်မလုပ်ခဲ့ပါဘူး. . တကယ်လို့သာ ပျောက်နေတဲ့ ငါ့ဦးခေါင်းပြန်ရမယ်ဆိုရင် ရိုးရိုးဝိညာဉ်ဘဝနဲ့ပဲ ငါ့ကိုမြှုပ်နှံတဲ့သင်္ချိုင်းမှာ ပြန်နေပြီး ဝိညာဉ်လွတ်မြောက်ပွဲကို တက်ရောက်ချင်မိတယ်. . အခုလို အင်္ဂါမစုံတဲ့ဘဝမျိုးကြီးကို ငါရွံမုန်းလွန်းလို့ပါ. . ."

ခေါင်းပျောက်ဝိညာဉ် စကားကြားတော့ ဘားလန်းက သူ့ကိုကြောက်ဖို့တောင် လုံးလုံးမေ့သွားတယ်။

"မင်းမသိချင်ဘူးလား. . ငါ့ခေါင်းကို ဘယ်သူဖြတ်သွားလဲဆိုတာ၊ သူဟာ သိပ်ဆိုးတယ်။ သူ့ရဲ့ရည်ရွယ်ချက်က ငါ့ဦးနှောက်ထဲမှာရှိတဲ့ မှော်ပညာတွေနဲ့ မကောင်းတဲ့လုပ်ငန်းတွေလုပ်ချင်နေတယ်။ ဒါကို ငါနည်းနည်းလေးမှ သဘော မကျဘူး၊ ဒါ့ကြောင့် မှော်ပညာဆက်သင် မပေးခဲ့ဘူး. . သူက ဒါကို အငြိုးထားပြီး ငါအိပ်မောကျနေတုန်းမှာ ငါ့ခေါင်းကို လင်းနို့သွားနဲ့ ကိုက်ဖြတ်သွားတယ်. . ငါ့ကိုယ်ပိုင်က အသုံးမကျတာပါ၊ သူ့ကို ပုံပြောင်းဝိညာဉ်ပညာ သင်ပေးမိတာ. . အခုတော့ ဘယ်လိုမှ သူ့ကို မနိုင်တော့ဘူး၊ သူ့လက်ထဲမှာ ငါ့ဦးခေါင်းရှိနေပြီလေ. . . ငါ့ဦးခေါင်းကို မှောင်မည်းနေတဲ့ အုတ်ဂူတစ်လုံးထဲမှာ ပိတ်လှောင်ထားတယ်. . ဘာမှမမြင်ရတော့ဘူး. . ငါ့ဦးခေါင်း ဘယ်နေရာရောက်နေတာလဲတောင် ငါမသိဘူး. . အဲဒီမိစ္ဆာကောင်ရဲ့နာမည်က ဒေါက်တလောက်လို့ ခေါ်တယ်. . ."

ဘားလန်းက ခေါင်းပျောက်ဝိညာဉ်ဆီက ဒေါက်တလောက် နာမည်ကြားလိုက်တာနဲ့. . .

"ဟုတ်တယ်. . သူပဲ. . သူပဲ. . ကျွန်တော့်ဘဝကို ဖျက်ဆီးပစ်ချင်တာလည်း ခင်ဗျားပြောတဲ့ ဒေါက်တလောက်ပဲ. . သူ ဘယ်မှာရှိတယ်ဆိုတာ ကျွန်တော်သိတယ်. ."

ဘားလန်းက ခေါင်းပျောက် ဝိညာဉ်ကို ဘဝတူချင်း စာနာစွာနဲ့ သူ့အကြောင်းတွေကို ပြောဖြစ်လိုက်တယ်။

"မင်းပြောတဲ့အတိုင်းဆိုရင် ကျောက်စက်သချိုင်းမှာ ငါ့ဦးခေါင်းရှိနေတာ သေချာတယ်ပေါ့. . ."

ခေါင်းပျောက်ဝိညာဉ်က စိတ်အား ထက်သန် လာသံနဲ့ မေးတယ်။

"ဟုတ်တယ်. . ဒီလိုပဲယူဆရမယ်၊ ကျွန်တော့်မျက်စိနဲ့တော့ မမြင်ဖူးဘူး၊ ကျွန်တော်တို့ သချိုင်းရောက်ခါစတုန်းက သူကပြောတယ်၊ သူ့ဆီမှာ မှော်ပညာတတ်တဲ့ ဦးခေါင်းပြတ် တစ်လုံးရှိတယ်လို့ ပြောဖူးတယ်၊ နောက် သူက ပြောသေးတယ်၊ တကယ်လို့ သူအသုံးချချင်တဲ့ ပညာရှိရင် ဦးခေါင်းပြတ်ကိုမေးပြီး အသုံးချလို့ရတယ်လို့. . . ကျွန်တော်တို့က သူ့ကို မဆန့်ကျင်ရဲအောင် ဖိန့်လုံးခြောက်လုံးလို့ ထင်ခဲ့တာ။ အခုတော့ တကယ်ဖြစ်နေပြီ. . ခင်ဗျားက မှော်ပညာတတ်တာပဲ. . သူ့ကို ဘာဖြစ်လို့ မတိုက်ခိုက်တာလဲ. . ."

"ကျုပ် မင်းကိုပြောပြီးပြီလေ. . သူ ကျုပ်ကို ဘယ်လိုချုပ်ကိုင်ထားတယ်ဆိုတာ၊ တကယ်လို့ ကျုပ်ဦးခေါင်းသာ ကျုပ်လက်ထဲ ပြန်ရောက်လာရင်တော့ ဒီကောင့်ကို ပုရွက်ဆိတ်တစ်ကောင်လို အမှုန့်ချေပစ်လို့ရတယ်။ ကြည့်စမ်း. . . ကျုပ်ဆီမှာရှိတဲ့ လူလွန်မသား ကလေကဝ ဝိညာဉ်တွေက တစ်ကောင်မှအသုံးမကျဘူး။ အနည်းဆုံးတော့ ဒေါက်တလောက် ဘယ်မှာရှိတယ်ဆိုတာ သူတို့ဝိညာဉ်အချင်းချင်း ပြောရင်းဆိုရင်း သိလောက်တယ်။ ဒီကောင်တွေ ဒေါက်တလောက် ဘယ်မှာရှိတယ်ဆိုတာ ကျုပ်သိသွားရင် သူတို့ကိုခိုင်းမှာကြောက်လို့ နှုတ်ဆိတ်နေကြတာပဲဖြစ်မယ်။ မင်းပြောပြမှ ဒေါက်တလောက် ကျောက်စက်သချိုင်းမှာ ရှိတယ်ဆိုတာ သိရတော့တယ်. . ခွေးမသား ဒေါက်တလောက်. . ကျုပ်ဦးခေါင်းပြန်ရလို့ကတော့ မလွယ်ဘူးသာမှတ်. . ဘားလန်း. . မင်းဘယ်လိုသဘောရလဲ. . အခုနေ ကျောက်စက်သချိုင်းကိုပြန်ပြီး ကျုပ်ဦးခေါင်းကို ရအောင် ယူခဲ့ရင်တော့ မင်းကိစ္စကို ကျုပ်လုံးလုံးတာဝန်ယူတယ်. . ."



ခေါင်းပျောက်ဝိညာဉ်က ထိုင်ရာမှ ဝုန်းခနဲထရပ်ပြီး အားတက်သရောပြောတော့ ဘားလန်းတောင် လန့်သွားတယ်. . .

"မဖြစ်နိုင်ဘူးဗျ. . မဖြစ်နိုင်ဘူး. . အခုတောင် ဒေါက်တလောက်လက်က မနည်းလွတ်အောင် ပြေးလာရတယ်။ ကျွန်တော်မပြောနဲ့. . ကျွန်တော့်ထက် စွမ်းအားရှိတဲ့ ထင်းရှူးပင်တစ္ဆေတို့ လက်သည်းရှည်တစ္ဆေတို့တောင် သူ့ကြောင့် ဘယ်လိုဘဝမျိုး ရောက်သွားပြီဆိုတာ မသိနိုင်တော့ဘူး. . တကယ်လို့ ခင်ဗျားဆီမှာ သူ့ကို နိုင်နိုင်တဲ့ပညာ၊ ဒါမှမဟုတ် ဆေးစွမ်းတစ်ခုခု ရှိရင်တော့ ကျောက်စက်သချိုင်းကိုပြန်သွားဖို့ အသင့်ပါပဲ. . ."

ဘားလန်းက အကျိုးအကြောင်း ရှင်းပြတော့ ခေါင်းပျောက်ဝိညာဉ်ဟာ စိတ်ပျက်စွာနဲ့ သူ့နေရာသူ ပြန်ထိုင်နေတယ်၊ ဝတ်ရုံမည်းထဲက ထောင်မတ်နေတဲ့ခန္ဓာကိုယ်ဟာလည်း သေးငယ်ကျုံ့ဝင်သွားတယ်။

"ကျုပ်ဆီမှာတော့ သူ့ကို နိုင်တဲ့ဆေးရော ပညာရော မရှိတော့တာကို ဝမ်းနည်းစွာ ဝန်ခံရတော့မှာပဲ. . ကျုပ်ရဲ့ ပညာတွေက ကျုပ်ဦးခေါင်းထဲမှာပဲရှိတာ၊ လက်ရှိ ပေါ်ဒီ ခေါင်းမပါတဲ့ မသဒီစရာ ဝိညာဉ်ကတော့ သောက်သုံး လုံးလုံးမကျတဲ့ ဒုက္ခတွေချည်းပဲ. ."

ခေါင်းပျောက်ဝိညာဉ်က သူ့ရင်ဘတ်ကို တဒုံးဒုံးထုပြီး စိတ်ပျက်လက်ပျက် ကြေကွဲညည်းညူနေတယ်။

"ကျွန်တော်လည်း အဲဒါကြောင့်ပဲ ပုလဲနက် မှော်ဆရာကို ရှာဖို့ ထွက်လာခဲ့တာ. . ကျွန်တော်တို့ဘဝ လွတ်မြောက်ဖို့က ပုလဲနက်မှော်ဆရာကယ်မှဖြစ်မှာ. . ." ဘားလန်းက မပီမပိုးတဝါး ညည်းတွားသလိုပြောတယ်။

"ဘာ. . ပုလဲနက်. . ပုလဲနက် မှော်ဆရာကို ကျုပ်သိတယ်. . ကျုပ်လူ့ဘဝတုန်းက သူဟာ နာမည်ကြီး မှော်ဆရာတစ်ယောက်ပဲ. . အဆင့်မြင့် မှော်ပညာတွေကို သူ့လောက်ဘယ်သူမှ မတတ်မြောက်ကြဘူး။ ကျုပ် သူနဲ့ပတ်သက်ပြီး သတင်းတစ်ခုကြားမိတာတော့ အခု သူက မှော်ဆရာ မလုပ်တော့ဘူး။ ကျန်းမာရေး

ချို့တဲ့လာလို့ အနောက်ဘက်ဒေသက သူ့ဆွေမျိုးအသိုင်းအဝိုင်းတွေရှိတဲ့ ပယင်းနိမြို့မှာနေတယ်လို့ နောက်ဆုံးကြားသိရတယ်. . ခုချိန်ထိ သက်ရှိထင်ရှား ရှိနေဦးမယ်လို့ မျှော်လင့်ရတာပဲ။ ဒါကတော့ ကျုပ်တို့ကံပဲ၊ သူ့အသက်ရှင်လျက် ရှိမရှိဆိုတာတော့ ဘုရားသခင်မှပဲ သေချာပေါက်သိမယ်. . ပယင်းနိမြို့က ဒီကနေဆို တော်တော်ဝေးသေးတယ်. . ကျုပ်တော့ မင်းကိုပဲ ယုံကြည်အားကိုးရတော့မှာပဲ ဘားလန်းရေ ပုလဲနက်မှော်ဆရာနဲ့တွေ့ရင်တော့ တို့ဘဝကို ကယ်တင်နိုင်ကောင်းပါရဲ့ကွာ. . မင်း ကျုပ်ကို ကတိတစ်ခုပေးပါ။ ပုလဲနက်မှော်ဆရာနဲ့ တွေ့ခဲ့လို့ရှိရင် ကျုပ်အဖြစ်ကို ပြောပြပေးမယ်လို့. . ."

ဘားလန်းက ခေါင်းပျောက်ဝိညာဉ်ရဲ့ဘဝကို နားလည်စာနာသွားပြီး ဦးခေါင်း မပါတဲ့ ဝတ်ရုံမည်း ခန္ဓာကိုယ်ကြီးကို ငေးကြည့် ပင့်သက်ချနေမိတော့တယ်။

"ခုလောလောဆယ်တော့ မင်းလည်း ခရီးပန်းလာပြီဆိုတော့ မင်းကြိုက်တဲ့ အခန်းတစ်ခန်းမှာ သွားပြီး အနားယူလိုက်ဦး၊ ကျုပ်ရဲတိုက်ထဲမှာရှိတဲ့ ခပ်ပေါပေါ ဝိညာဉ်တွေကိုတော့ တစ်ကောင်မှ အရေးမစိုက်နဲ့၊ သူတို့ကိုလည်း မင်း ဒီကို ဘာကြောင့်ရောက်လာတယ်ဆိုတာ အသိမပေးလေနဲ့. . လာရင်းကိစ္စကိုသိသွားရင် အကူအညီရဖို့ မပြောနဲ့ ဒေါက်တလောက်နား ရောက်သွားပြီး မင်းရော ငါရော ခွေးပြေးဝက်ပြေး ပြေးရဖို့ သေချာသလောက်ပဲ. . ."

ဘားလန်းက ခေါင်းပျောက်ဝိညာဉ်ရဲ့ ခွေးပြေးဝက်ပြေးဆိုတဲ့စကားနဲ့ သရုပ်ပြပုံကို သဘောကျပြီး ပြုံးစေ့စေ့နဲ့ ရှုတ်ဆက်ထွက်လာခဲ့တယ်၊ ကြောင်လိမ်လှေကားအတိုင်း ပြန်ဆင်းခဲ့ပြီး ရဲတိုက်ခန်းမထဲကို ပြန်ရောက်လာတယ်။ ခန်းမထဲမှာ စောစောကလို တိတ်ဆိတ် မနေတော့ဘဲ ဝိညာဉ်တော်တော်များများ ရှိနေတာတွေ့ရတယ်၊ ဝိညာဉ်တွေက သူ့ကို မေးငေါ့ကြည့်ကြပြီး. . .

"ဟော့. . ညှိသည်လာတယ်. . ညှိသည်. . . ဘယ်ကလာလဲ နာနာဘာဝလေး . . ရဲတိုက်ထဲမှာ နေစရာ မရှိတော့ဘူး



အပြင်မှာပဲ အိပ်ရမယ်၊ အပြင်မှာအိပ်ရင်တော့ ငွေပေးစရာ မလိုဘူးပေါ့. . ဟဲ. . ဟဲ. . ဟဲ. ."

တစ်ယောက်တစ်မျိုး အတိုင်အဖောက်ညီစွာ ဘားလန်းကို ထောပနာပြု လှောင်ပြောင်ကြတယ်။ ဘားလန်းက ခေါင်းပျောက်ဝိညာဉ်စကားကြောင့် သူတို့ကို ဂရုစိုက် မနေတော့ဘဲ ဘယ်သူမှ မရှိတဲ့အခန်းကို လိုက်ရှာနေတယ်။ ဒါပေမဲ့ အခန်းတိုင်းလိုလိုမှာ ဆေးလိပ်နဲ့ အရက်နံ့တွေ၊ အရက်မူးနေတဲ့ ဝိညာဉ်တွေ တစ္ဆေသရဲတွေနဲ့သာ ပြည့်နှက်နေတယ်။ အခုတော့ ရဲတိုက်ကြီးက ဝင်လာတုန်းကနဲ့ တခြားစီ. . အလောင်းအစား ဟိုတယ်ကြီးအလား စည်ကားလျက်ရှိတယ်။ တချို့တစ္ဆေဝိညာဉ်တွေက ဆေးလိပ်ငွေ့တထောင်းထောင်းနဲ့ ဖဲကစားနေကြတယ်။ သေသေချာချာကြည့်လိုက်တော့ သူတို့ အလောင်းအစားအဖြစ်သုံးတာ ငွေတွေ မဟုတ်ဘူး၊ အင်းဆက်ပိုးကောင်၊ ငှက်တွေ၊ တောက်တဲ့တွေနဲ့ ပုတ်သင်ညို စတဲ့အကောင်ဘလောင်တွေကို လောင်းကြေး ထပ်နေတာပဲ။ ပုတ်သင်ညိုတစ်ကောင်က ပုရစ်အကောင်နှစ်ဆယ်နဲ့ ညီမျှတယ်။ ငှက်တစ်ကောင်က ပုတ်သင်ညိုနှစ်ကောင်နဲ့ ပုရစ်ငါးကောင်စသည်အရော်အစားလုပ်သံ ငြင်းခုံသံ ကြားရတယ်။

ဘားလန်းက အနားယူစရာနေရာ မတွေ့တဲ့အတူတူ သူတို့ရဲ့ဖဲကစားဝိုင်းက အော်ဟစ်သံတွေကို စိတ်ဝင်စားလာတာနဲ့ အနီးကပ်သွားကြည့်မိတယ်။ တစ်ချို့အလောင်းအစားနိုင်တဲ့ သရဲတွေရှေ့မှာ သုန်၊ လင်းနို့ ဝက်ပေါင်ခြောက်တွေနဲ့ အရက်တွေ စုပုံထားတာတွေ့ရတယ်။

"ဒီည ဖဲမကောင်းဘူး. . ပါသမျှ အကုန်လုံး ကုန်သွားပြီ၊ ခက်ခက်ခဲခဲ ဖမ်းလာတဲ့ ငှက်တွေနဲ့ ငှက်ဥတွေလည်း အကုန်ရှုံးသွားပြီ၊ အပြင်ထွက်ရှာဖို့ အချိန်မရှိလို့ ငါ့ကို နည်းနည်းချေး. . ဓားခုတ်ကောင်နည်းနည်းလောက်ချေး. ."

"ဟဲ. . ဟဲ. . ဟဲ. . မရဘူး. . မင်း ငါရှုံးတုန်းကလည်း မချေးခဲ့ဘူး၊ အဲဒီတော့ မချေးဘူး. . တကယ်ပဲ လပ်ကီးကို မရှိဘူး၊

ဖဲမှမကောင်းတာ တစ်ညတလေ ဘေးထွက်ထိုင်နေပါလား. . မင်းနောက်မှာ ကစားမဲ့သူတွေ စောင့်နေတာလဲ နားလည်ဦး. . . ဟို. . ညှိသည်ကောင်လေး. . ဒီမှာ တစ်အိမ်လိုတယ်. . ဝင်မလား. . "

နိုင်နေတဲ့ ဖဲသမားက ရှုံးတဲ့သူကို ပထုတ်ပြီး ဘားလန်းကို လှမ်းခေါ်တယ်၊ ဘားလန်းက ယောင်အအနဲ့. . .

"အဲ. . ကျွန်တော့မှာ ဘာမှမရှိဘူး. . မဝင်တော့ပါဘူး. . "

"လာပါ. . မိတ်ဖြစ်ဆွေဖြစ်ပေါ့၊ ငါ မင်းကို ချေးပါမယ်. . မင်းဘာယူမလဲ၊ ငှက်ယူမလား၊ ပုတ်သင်ညို ယူမလား၊ ဝက်ပေါင် ခြောက်.ယူမလား၊ အိမ်ပြည့်ကစားလို့ ရတာပေါ့၊ ဒါပေမဲ့ မင်း ငါ့ကို အတိုးနဲ့ပြန်ဆပ်ရမယ်နော်၊ ငှက်နှစ်ကောင်ချေးရင် တောက်တဲ့ တစ်ကောင် အတိုးပေးရမယ်. . . "

ဘားလန်းက ခေါင်းတစ်ချက်ကုတ်ရင်း. . "မချေးတော့ပါဘူးဗျာ၊ တကယ်လို့ ကျွန်တော်ရှုံးခဲ့ရင် အဲဒီအကောင်တွေကို ပြန်ဖမ်းမပေးတတ်ပါဘူး. . "

ဘားလန်းရဲ့စကားကြောင့် ဖဲရိုက်နေတဲ့ သရဲတွေအားလုံးက ဝိုင်းရယ်ကြတယ်။

"ဟား. . ဟား. . ဟား. . ဟား. . သရဲတစ်ကောင်ဖြစ်ပြီး ငှက်ကလေး ကြွက်ကလေးတောင် မဖမ်းတတ်ဘူးတဲ့. . ဟေ့ကောင်တွေ. . ကြားဖူးကြလား၊ ဒီကောင် ဘာကောင်လဲဟ. . ဝိညာဉ်အစစ်မှ ဟုတ်ရဲ့လားကွာ. . . "

"မဟုတ်ဘူး. . သရဲအခြောက်ဖြစ်မယ်. . " နောက်တစ်ယောက်က ကန့်ကရပုံစံနဲ့ပြောပြီး ဝိုင်းရယ်နေကြတယ်။

သူ့ကို ဝိုင်းလှောင်တော့ ဘားလန်းရဲ့မျက်နှာဟာနီရဲလာပြီး ရှက်ရှက်နဲ့ ထိုအခန်းနဲ့ ဝေးရာကို ထွက်လာခဲ့တယ်။ရဲတိုက်ခန်းမထဲမှာလည်း လောင်းကစားဝိုင်းတွေ၊ အရက်ဝိုင်းတွေ၊ ကခုန်ပျော်ပါးနေကြသူတွေနဲ့ စည်ကားနေတော့တယ်. . ဒီပုံအတိုင်းဆိုရင် သူ့အတွက် နားခိုစရာအခန်းလွတ် မရှိနိုင်လောက်တော့ဘူး။ ဘားလန်း



က အခန်းလွတ်ရှိမရှိ လှည့်ပတ်ရှာရင်း အပေါ်ထပ်ကို တက်လာခဲ့တယ်။ အပေါ်ထပ်မှာ အရက်ရောင်းတဲ့ကောင်တာ တစ်ခုကို တွေ့ရတယ်၊ ဘားကောင်တာက အရက်စပ်တဲ့ မိန်းမလှ သရဲမလေးက သူ့ကို လှမ်းခေါ်တယ်. .

"ဟေ့. . အစ်ကို၊ ဘာသုံးဆောင်မလဲ. . ကျွန်မတို့ဆီမှာ အရက်အစုံရှိတယ်. . ဘရန်ဒီ၊ ဝီစကီ၊ မာတီးနီ၊ ဝိုင်နဲ့ ဘီယာအစုံရှိတယ်. . "

ဘားလန်းက အရက်ကောင်တာမှာ ဝင်ထိုင်လိုက်ပြီး. .

"မသောက်တော့ပါဘူး. . ကျွန်တော် ဒီမှာ ခဏထိုင်လို့ရတယ် မဟုတ်လား. . "

"ရပါတယ်၊ တခြားဘာများ သုံးဆောင်ချင်သေးလဲ. . "

ဘားလေဒီက ညှို့ဝတ်ကျေစွာ မေးတယ်။

ဘားလန်းက အားနာနာနဲ့. .

"ရေတစ်ခွက်လောက် ရမလားခင်ဗျာ. . "

သရဲမလေးက ဘားလန်းကို စူးစမ်းသလိုကြည့်ပြီး ရေတစ်ခွက် ချပေးတယ်။

"ရှင်က ညှိသည်ထင်တယ်. . ရှင့်ကို ဒီမှာ တစ်ခါမှ မတွေ့ဖူးပါဘူး"

ဘားလန်းက ခေါင်းညိတ်ပြရင်း. .

"ဆိုပါတော့. . "

"အရက်မသောက်တတ်ဖူးလား၊ ကျွန်မတို့အရက်ကကောင်းပါတယ်။ ခရီးပန်းလာရင် ဝီစကီပြင်းပြင်းလေးတစ်ခွက်လောက် သောက်သင့်တာပေါ့၊ မဟုတ်ဘူးလား. . "

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ အရက်ဖိုးပေးစရာဘာမှမရှိဘူး. . "

"ဘာလဲ. . ရှင် လမ်းမှာ ဓားပြတိုက်ခံခဲ့ရပြီလား၊ ရှင့်ပုံစံက ဓားပြတိုက်ခံလာခဲ့ရသလိုပဲ. . ဟီး. . ဟီး. . "

သရဲမလေးက တခစ်ခစ် ရယ်မောပြီး ပြောတယ်။

"ခင်ဗျားပြောသလိုလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်က အခုမှ ဝိညာဉ်လောကကို ခရီးထွက်ဖူးတာ၊ ဒီလိုနေရာတွေက လူ့ဘဝမှာပဲရှိတယ် ထင်ခဲ့တာ၊ ဒီလောကမှာလည်း ရှိတာကို အခုမှပဲ သိတော့တယ်. . "

"ဒါဆို ရှင်က သေတာ မကြာသေးဘူးထင်တယ်. . "

"ဟုတ်တယ်. . ကျွန်တော်သေတာ သုံးလလောက်ပဲရှိသေးတယ်. . "

"အောင်မလေး. . ရှင် သုံးလလုံးလုံး ဘယ်သွားအိပ်နေလဲ၊ ပြင်ပလောကထဲကို လျှောက်မသွားဘူးလား. . ကျွန်မဆိုရင် စသေတဲ့နေ့ကတည်းက ကိုယ့်သင်္ချိုင်းမှာကိုယ်မနေဘူး. . လျှောက်သွားနေတာပဲ. . အခုဒီရဲတိုက်ရောက်မှ ခြေငြိမ်သွားတော့တယ်"

ဘားလန်းက ဘားလေဒီရဲ့စကားကို အံ့သြစွာနဲ့. .

"ဒါဆိုရင် ခင်ဗျားဝိညာဉ်လွှတ်မြောက်ပွဲ တစ်ခါမှ မသွားဖူးဘူးပေါ့. . "

"ဟုတ်တယ်. . ကျွန်မ တစ်ခါမှမသွားဖူးဘူး၊ စိတ်လည်း မဝင်စားဘူးလေ၊ ဒီမှာရှိတဲ့ သရဲတွေအားလုံးလည်း ဝိညာဉ် လွှတ်မြောက်ပွဲကို စိတ်မဝင်စားကြဘူးရှင့်၊ ကျွန်မတို့က ဝိညာဉ်ဘဝမှာပဲ ပျော်နေကြတာ . . ဒါပေမဲ့ ရှင့်ကိုကြည့်ရတာ လက်ရှိဘဝကို မနှစ်မြို့သလိုပဲ။ ဘာလဲ. . ရှင်မပျော်ဘူးလား. . "

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ. . "

ဘားလန်းက ထိန်းထိန်းသိမ်းသိမ်းနဲ့ပြောရင်း ဘားလေဒီကို အကဲခတ်ကြည့်နေမိတယ်။

"ဟော့. . ဘားလေဒီ. . ဝီစကီနှစ်ခွက်၊ ရေခဲ မထည့်နဲ့. . ခွေးအူကင်တစ်ပွဲ. . "

ထိုအချိန်မှာ သရဲနှစ်ကောင် ဝင်လာပြီး အရက်နဲ့ စားစရာ လှမ်းမှာလို့ ဘားလေဒီနဲ့ စကားပြတ်သွားတယ်။ သူမက အရက်မှာ သူတွေအတွက် အရက်နဲ့အမြည်း ပြင်ဆင်ပေးတယ်၊ စားသောက်ပြီး သရဲနှစ်ကောင် ထွက်သွားတော့မှ. . .



"ခင်ဗျားတို့ဆိုင်မှာ ထူးထူးခြားခြား စားစရာ ဘာတွေရှိလဲ. . " လို့ ဘားလန်းက စိတ်ဝင်တစား မေးမိတယ်။

ဘားလေဒီက ပျူငှာဖော်ရွေစွာပြုံးပြီး. .

"အို. . သိပ်ရှိတာပေါ့၊ ရှင် ဘာစားချင်လဲ. . ဒီအတွက် ဘာမှ မပေးရပါဘူး။ ကျွန်မကျွေးပါမယ်။ ကျွန်မတို့ ဆိုင်မှာတော့ မြွေသားအစိမ်းစလပ်၊ လူသေဦးနှောက်စလပ်၊ လဒ လည်ချောင်းကြော်၊ လူရိုးစွပ်ပြုတ်၊ အဲဒါတွေကတော့ အထူးဟင်းလျာတွေပေါ့၊ အခြားပေါ့ပေါ့ပါးပါး အကောင်မျိုးစုံဟင်းကတော့ အမြဲရှိတယ်၊ ကဲ. . ရှင် ဘာစားမလဲ. . "

ဘားလန်းက ဘားလေဒီပြောတဲ့ စားစရာတွေကိုကြားရတော့ အန်ချင်စိတ်ကို မနည်းထိန်းထားရင်း. .

"တော်ပါပြီ. . တော်ပါပြီ၊ ကျွန်တော်စားချင်စိတ် မရှိပါဘူး၊ ဖြစ်နိုင်ရင် ဝီစကီ နည်းနည်းလောက်တော့ သောက်ချင်တယ်. . "

"ရှင် စောစောကတော့ မပြောဘူး၊ ကျွန်မ သိပါတယ်. . ရှင်တစ်ခုခုသောက်ချင်နေတာ. . "

ဘားလေဒီက ဘားလန်းကို ခင်မင်စာနာစွာနဲ့ ကြည့်ပြီး ပြောတယ်။

"တကယ်လို့ ကျွန်တော်သောက်တဲ့အရက်အတွက် အဖိုးအခပေးမယ်ဆိုရင် ဘာပေးရမလဲ၊ ဘယ်လောက်ပေးရမလဲ. . "

ဘားလန်းက ဗဟုသုတရှိထားအောင်လို့မေးတယ်။

"ရှင်သောက်တာ ဝီစကီတစ်လုံးဆိုရင် အနည်းဆုံး မြွေနှစ်ကောင်လောက် ပေးရမယ်။ သေးသေးလေးတော့ မရဘူးနော်၊ ကြွက်ဆယ်ကောင်ပေးလည်းရတယ်။ ဒီရဲတိုက်မှာတော့ ဈေးချိုပါတယ်. . ဒီမှာရှိတဲ့ဝိညာဉ်တွေအားလုံးက အသင်းဝင်တွေလေ၊ တစ်ခါတလေ သူတို့က အကြွေးသောက်စားကြတယ်။ သူတို့ရှာဖွေလို့ရတဲ့ အခြားပစ္စည်းတွေနဲ့ ပြန်ဆပ်ရတာပေါ့။ ဥပမာ. . လက်စွပ်၊ ဆွဲကြိုး၊ နာရီ၊ မျောက်ခေါင်း၊ ရှူးဖိနပ်၊ ကြောင်မည်းလက်သည်း၊ ဆေးပြင်းလိပ်၊ သင်းခွေချပ်စတဲ့ ပစ္စည်းတွေက ဒီမှာ ဈေးကောင်း

ကောင်းရတယ်။ အဲဒီပစ္စည်းတွေ သန့်ရင်သန့်သလို ကျွန်မဆိုင်က စားစရာသောက်စရာတွေနဲ့ လဲလို့ရတယ်. . ရှင်လည်း နောက်တစ်ခါ လာရင် များများရှာခဲ့ပေါ့။ ဒါပေမဲ့ ဒီအရက်ဖိုးတော့ ပေးစရာ မလိုဘူးနော်။ ကျွန်မက မိတ်ဖြစ်ဆွေဖြစ် တိုက်တာပါ. . ဒါနဲ့. . ရှင့်နာမည် ဘယ်လိုခေါ်လဲ. . "

ဘားလေဒီက ဈေးသည်ပီသစွာ အလုပ်လုပ်ရင်း စကားတွေ တတွတ်တွတ်ပြောရင်း သူ့ကို နာမည် မေးလိုက်သေးတယ်။ ဘားလန်းက အရက်ခွက်ကို မော့သောက်နေရာမှ ရပ်လိုက်ပြီး. . .

"ကျွန်တော့်နာမည် ဘားလန်းပါ. . 'စီဂါဘားလန်း'. . "

"ဘားလန်း. . ရှင်နဲ့သိရတာ ဝမ်းသာပါတယ်။ ကျွန်မ နာမည် 'ဖရီဒါ' ပါ. . "

ဖရီဒါက လက်ဆွဲနှုတ်ဆက်ရင်း. . "ဒီရဲတိုက်ကိုရောက်ရင် ဘယ်သူ့မေးမေး ဘားလေဒီဖရီဒါဆို အားလုံး သိတယ်. . ဒါနဲ့ ရှင်အလည်သက်သက်ပဲလား. . "

"ဟုတ်တယ်၊ ကျွန်တော်ဒီမှာ တစ်ညနားပြီး ခရီးဆက်စရာ ရှိသေးတယ်"

ဘားလန်းက သိုသိုသိပ်သိပ်ပြောတယ်။

"ရှင် အခန်းရပြီလား၊ ဒီမှာတော့ အမြဲလိုလို အခန်းတိုင်း ပြည့်နေတာပဲ. . "

"ကျွန်တော် အခန်း မရသေးပါဘူး၊ လိုက်ရှာနေတုန်းပဲ. . "

"ဩော်. . ရှင်က အခန်း မရသေးဘဲကိုး၊ ဒီညတော့ ရဖို့ မလွယ်တော့ဘူး၊ ကိစ္စ မရှိပါဘူး. . ကျွန်မ အခန်းမှာ နားလို့ရပါ တယ်. . . ရှင်ဆန္ဒရှိရင်ပေါ့. . "

ဖရီဒါက မျက်တောင်လေးဝင့်ပြီး ပြောတယ်။ ဘားလန်းက အထွေအထူး စဉ်းစားမနေတော့ပဲ. . .

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော့်အတွက် အဆင်ပြေသွားတာ ပေါ့. . "



ဘားလန်းတို့ စကားကောင်းနေတုန်း ဘားကောင်တာဆီကို ဘေးသုံးသူဝိညာဉ်တွေ ရောက်လာပြန်တယ်။ သူတို့က ဖဲဝိုင်းက ဘလာ တဲ့သူတွေဖြစ်မယ်. . ဘားလန်းက သူတို့လက်ထဲမှာ ငွေဒင်္ဂါး ကြွက်တွေနဲ့ မျောက်ခေါင်းရိုးတွေ ကိုင်လာတာကိုကြည့်ပြီး သုံးသပ် တယ်။

"လူရိုးစွပ်ပြုတ် နှစ်ပွဲ၊ အရက်တစ်လုံး မြန်မြန်ချ. . "

ဖရီဒါက ရောက်လာသူတွေကို ဧည့်ခံဖို့ ဘားလန်းစားပွဲက ထပြီး ဘားကောင်တာကို ဝင်သွားရင်း. . .

"ဘားလန်း. . ရှင်ပင်ပန်းလာတယ်ဆိုတော့ နားချင်ပြီပေါ့၊ ကျွန်မအခန်းက ဒီဆိုင်ရဲ့ အပြင်ဘက်က စကြိုလမ်းအတိုင်း လျှောက်သွားရင် ဘယ်ဖက်အစွန်ဆုံးက အခန်းပဲ. . "

ဘားလန်းက ဖရီဒါ့ကို ကျေးဇူးတင်တဲ့အကြည့်နဲ့ ကြည့်ပြီး နေရာမှထလိုက်တယ်။ ဒါပေမဲ့ သူ့ကိုယ်က ပုံမှန် မဟုတ်ဘဲ ယိုင်ထိုး နေတယ်။ ဖရီဒါတိုက်တဲ့ ဝီစကီပုလင်းကလည်း တစ်ဝက် ကျိုးခဲ့ပြီပဲ။ ယိုင်တိုင်တိုင်နဲ့ ဖရီဒါ ညွှန်ပြတဲ့ အခန်းဘက်ကို ထိန်းပြီး လျှောက်လာ ခဲ့တယ်။ ဘားခန်းထဲက ဖရီဒါတို့ စကားပြောနေသံတွေ ကြားနေရ တုန်းပဲ။

"ဟော့. . ဘားလေဒီ၊ ဒီညတော့ မင်းအတွက် ဖူလုံသွားပြီ ဆိုတော့ ဆိုင်စောစောပိတ်တော့မယ်ပေါ့. . သရဲလေးက အမိုက်စား လေး. . ဒါမျိုးဆို ဖရီဒါတို့ အကြိုက်. . ဟား. . ဟား. . ဟား. . ဟား. . "

ဖဲနိုင်လာသူတွေက ဖရီဒါ့ကို ဝိုင်းစ နေကြတယ်။

"ရှင်တို့ စကားပြောတာ ဆင်ခြင်ပါ။ ကျွန်မက ရိုးရိုး သားသားကူညီတာ. . . "

"ရိုးရိုးသားသားလား. . ဒါဆိုရင် ကိုယ့်ကိုလည်း ကူညီပါဦး ဖရီဒါလေးရယ်. . ကိုယ့်မှာ အိပ်စရာနေရာ မရှိလို့ပါ. . ဖရီဒါလေး နဲ့ အတူတူအိပ်ပါရစေနော်လို့ ဟား. . ဟား. . ဟား. . ဟား. . . "

ထိုညက ဖရီဒါ သူမရဲ့အခန်းကိုရောက်တော့ ဘားလန်းက အခန်းထောင့်လေးမှာ ကွေးကွေးလေး အိပ်မောကျနေတယ်။ ဖရီဒါက ဘားလန်းကို မျှော်လင့်ချက်များစွာနဲ့ ရီဝေစွာ ငေးကြည့်နေတယ်။ ဘားလန်းကတော့ အရက်ရဲ့တန်ခိုးကြောင့်ရော၊ ခရီးပန်းလာတာကြောင့်ပါ ဆင်အော်လို့မနိုး တစ်ချိုးထဲ နှစ်မြိုက်စွာ အိပ်ပျော်နေတော့တယ်. . . ဖရီဒါက ဘားလန်းဘေးမှာ ဝင်ရောက် လဲလျောင်းရင်း သိပ်မကျေနပ်စွာနဲ့ . . .

'ငါ သူ့အပေါ်စေတနာတွေ ပိုသွားပြီ၊ အရက်တိုက်တာ နည်းနည်းများသွားတယ်၊ ငါ့ကိုယ်က အသုံးမကျတာပါလေ၊ ရှင့်ကို နောက်တစ်ခါ အရက်အများကြီး မတိုက်တော့ဘူး. .' စိတ်ထဲက ပြောပြီး ဘားလန်းရဲ့ ချောမောလှပတဲ့ မျက်နှာကို ငေးကြည့်ရင်းနဲ့ မိုးစင်စင် လင်းသွားတော့တယ်။

ညက ဖရီဒါ့ကျေးဇူးကြောင့် ကောင်းကောင်းအိပ်စက် အနားယူလိုက်ရလို့ အားအင်ပြည့်ဖြိုးလာတဲ့ ဘားလန်းက ခရီးဆက်ဖို့ ပြင်ဆင်ရင်း ဖရီဒါ့ကို နှုတ်ဆက်တယ်။

"ရှင် သွားတော့မယ်ပေါ့. . ရှင်က သိပ်လျှို့ဝှက်တာပဲ၊ ရှင့်မှာ အခက်အခဲရှိနေတယ်လို့ ကျွန်မထင်တယ်"

ဖရီဒါက မိန်းကလေးပီပီ ကြည့်လို့ကောင်းတဲ့ ဘားလန်းကို ခင်တွယ်နေတဲ့ပုံနဲ့မေးတယ်။

"ဟုတ်ပါတယ်. . ဒါပေမဲ့ ခင်ဗျား ဘာမှ မသိတာပဲ ကောင်းပါတယ်. ."

ဘားလန်းက စကားဖြတ်တယ်။

"ရှင် ဘာ့ကြောင့် ဒီလိုပြောတာလဲ၊ ရှင့်အခက်အခဲက ဘာမို့လို့လဲ. . ."

"ကျွန်တော့်အခက်အခဲက ခုလောလောဆယ် လျှို့ဝှက်ထားရမယ်လို့ ကျွန်တော်ထင်တယ်၊ စိတ်မရှိပါနဲ့ ဖရီဒါ. . ကျွန်တော် သွားဦးမယ်. . ."

ဖရီဒါက မျက်စောင်းတစ်ချက်ထိုးပြီး. .



"ရှင်က ကျွန်မကို မယုံကြည်တဲ့သဘောပေါ့။ ရှင်က တကယ် ရိုးသားတာမြင်ရလို့ ကူညီချင်တာသက်သက်ပါ။ ကျွန်မတို့ ရဲတိုက်မှာ ဘယ်သူ့ကိုမှ ယုံကြည်လို့ မရဘူးဆိုတာ ကျွန်မ နားလည်ပါတယ်။ ရှင်သာ ရှင့်အခက်အခဲကို ပြောပြရင် ကျွန်မဘယ်သူ့ကိုမှ ပြန်မပြောဘူးလို့ ကတိပေးတယ်. . ဒီရဲတိုက်ကို ရောက်လာတဲ့ဝိညာဉ်တွေဟာ ရှင့်လိုတော့ မဟုတ်ဘူး၊ အနည်းဆုံး မကောင်းတာတစ်ခုခု ကျူးလွန်ပြီးမှ ရောက်လာတတ်တဲ့ ကလေကချေ ဝိညာဉ်တွေများတယ်၊ ရှင့်ကို ကျွန်မသတိထားမိတယ် ဘားလန်း။ ရှင် ပုရစ်အရှင် တစ်ကောင်ကို တောင် မစားဖူးဘူး မဟုတ်လား၊ အသားစားတဲ့ဝိညာဉ်နဲ့ အသား မစားတဲ့ဝိညာဉ်လောက်တော့ ကျွန်မ ခွဲခြားတတ်ပါတယ်လေ. . ကျွန်မ လည်း ဒီရောက်မှ အသားစား ဝိညာဉ်ဖြစ်သွားတာ. . ဒါပေမဲ့ လူသားတော့ မစားပါဘူး၊ အသားစားဝိညာဉ်တွေရဲ့ အားနည်းချက်က စားပြီးရင်း စားချင်ရင်းပဲ. ."

"ရှင်က ဘာမှမစားတဲ့ဝိညာဉ်တစ်ကောင်ဆိုတာ ကျွန်မ ရှင့်ကိုမြင်ကတည်းက သိတယ်။ ကျွန်မတို့ရဲတိုက်ကိုလည်း ရှင့်လို ဝိညာဉ်မျိုး တစ်ကောင်တစ်မြီးမှ မလာဖူးဘူး။ ရောက်လာသမျှ ဝိညာဉ်သရဲတွေက အသားစားနဲ့ အရက်သမား၊ လောင်းကစားသမားတွေချည်းပဲ။ အဲဒါကြောင့် ရှင့်ကို ကျွန်မ လေးစားမိတာပါ. . ကောင်းပြီလေ. . ရှင် မပြောချင်တဲ့ကိစ္စကို ကျွန်မ မမေးတော့ ပါဘူး. . ရှင့်လမ်းခရီးသာ သာယာဖြောင့်ဖြူးပါစေလို့ ဆုတောင်း လိုက်ပါတယ်. ."ဘားလေဒီဖရီဒါက တည်ငြိမ်စွာပြောပြီး ဘားလန်း ကိုနှုတ်ဆက်တယ်။

"ကျွန်တော်လည်း ခင်ဗျားကို ခင်ပါတယ် ဖရီဒါ. . ကျွန်တော့်အခက်အခဲကို ပြောပြချင်ပါတယ်၊ ဒါပေမဲ့ ကိစ္စက ပေါက်ကြားလို့မဖြစ်ဘူး၊ ဒါကိုတော့ ခင်ဗျားသိထားစေချင်တယ်. . ကျွန်တော် တစ်ယောက်ထဲအတွက်ကြောင့်ဆိုရင် အကြောင်း မဟုတ် ပါဘူး။ ကျွန်တော့်သူငယ်ချင်းတွေရဲ့ ဘဝကိုပါ ကယ်တင်ရမှာဖြစ်လို့ ကျွန်တော် စိုးရိမ်မိတာပါ။ ခင်ဗျားက ကျွန်တော့်အပေါ် ကောင်းတဲ့သူ

ဆိုတော့ ခင်ဗျားသိသင့်သလောက်ကို ပြောပြပါမယ်။ ကျွန်တော် လူတစ်ယောက်ကိုရှာနေတာ. . သူ့နာမည်က ပုလဲနက်လို့ခေါ်တယ်၊ သူက သက်ရှိ လူသားမှော်ဆရာ တစ်ယောက်ပဲ၊ ကျွန်တော့်ကိစ္စက သူနဲ့တွေ့မှဖြစ်မှာ. . ပုလဲနက်က ပယင်းနီမြို့မှာ သူ့ဆွေမျိုးတွေနဲ့ အတူသွားနေတယ်လို့ သတင်းရတယ်၊ ကျွန်တော် အဲဒီကို လိုက်သွားမလို့ပါ။ ကျွန်တော့်အကြောင်း ဒီလောက်သိရရင် ကျေနပ်တယ် မဟုတ်လား ဖရီဒါ. . "

ဘားလန်းက ဖရီဒါ့သဘောထားကိုသိလို့ သူမ ကျေနပ်အောင် ရှင်းပြတယ်. . ဒါပေမဲ့ အကြောင်းအရာ အစအဆုံးကိုတော့ မပြောဖြစ်ဘူး. . .

"ရှင်အခုလို ကျွန်မကို ယုံကြည်စွာပြောပြတော့ ကျွန်မ သိပ်ကျေနပ်တယ်။ ကျွန်မ ရှင့်ကို အများကြီးကူညီနိုင်တာပေါ့. . ဘာဖြစ်လို့လဲဆိုတော့ ကျွန်မက ပယင်းနီမြို့သူပဲ။ အဲဒီမှာ အခုထိ ကျွန်မမိဘတွေ သက်ရှိထင်ရှားရှိကြသေးတယ်။ ရှင်ပြောတဲ့ ပုလဲနက်ကိုတော့ ကျွန်မ မသိဘူး. . ဒါပေမဲ့ ရှင့်ကို အကြံတစ်ခုပေးနိုင်လောက်တယ်။ ကျွန်မတို့အိမ်ကို ရှင်သက်ရှိ လူသားတစ်ယောက်အဖြစ်ဟန်ဆောင်ပြီး သွားတွေ့အကူအညီတောင်းလို့ရမယ်ထင်တယ်။ ရှင် နည်းနည်းတော့ စွန့်စားရလိမ့်မယ်။ ရှင်ဟာ ကျွန်မနဲ့အရင်က မိတ်ဆွေဖြစ်ဖူးတယ်. . ကျွန်မနဲ့တွေ့ချင်လို့ ခရီးဝေးက လာခဲ့တာပါလို့ပြောရင်. . ကျွန်မ အဖေနဲ့ ရင်းနှီးသွားရင်တော့ ရှင်သိချင်တဲ့ ပုလဲနက်အကြောင်းသိရဖို့ သိပ်မခက်တော့ဘူးလို့ ကျွန်မထင်တယ်။ အဖေက ပယင်းနီမြို့သား စစ်စစ်ပဲ၊ သူက ပုလဲနက်ကို သိချင်သိမှာပါ. . ဘယ်လိုလဲ ကျွန်မအကြံ. . ဝိညာဉ်ဘဝနဲ့ သက်ရှိလူသားတစ်ယောက်ကို လိုက်ရှာနေတာနဲ့စာရင် လူသားအဖြစ် အနီးကပ်စုံစမ်းတာ ပိုထိရောက်မယ်လို့ ကျွန်မထင်တယ်။ အဲဒါ ကျွန်မ ပေးနိုင်တဲ့အကြံပဲ. . "

ဖရီဒါက အားတက်သရော သူ့အမြင်ရှုထောင့်ကနေ အကြံပေးတယ်. . ဘာမှ မယ်မယ်ရရအစီအစဉ်မရှိတာထက် စာရင် ဖရီဒါပေးတဲ့အကြံကမှ ဖြစ်နိုင်ချေရှိသေးတယ်လို့ ယူဆမိတယ်။



"ကျွန်တော် သွားသာသွားရမှာ. . အဲဒီလိုစိတ်ကူးမျိုး မတွေးမိဘူး။ ဖရီဒါရဲ့အကြံကို ကျွန်တော် သဘောကျတယ်။ ဒီအတိုင်း တစ်ယောက်ထဲ စုံစမ်းတာထက်စာရင် ခင်ဗျားအဖေလို မြို့ခံတစ်ယောက်ရဲ့ အကူအညီယူတာဟာ ပိုပြီးသင့်တော်တာပေါ့. . "

ဘားလန်းက ဖရီဒါရဲ့ကူညီမှုကို လိုလိုလားလားလက်ခံလိုက်တယ်။

"ဖရီဒါ. . ကျွန်တော် လူတွေကြားထဲ အယောင်ဆောင်လို့ ဖြစ်ပါ့မလား"

ဘားလန်းက သူ့ကိုယ်သူပြန်ကြည့်ပြီး စိုးရိမ်စွာမေးတယ်။

"ဖြစ်တယ်. . ဖြစ်တယ်၊ ရှင့်ပုံစံနဲ့ သိပ်ကိုဖြစ်တယ်။ ကျွန်မတောင် ရှင့်ကို လူတစ်ယောက်လို့ ထင်နေတာ။ ရှင့်အဝတ်အစားကိုတော့ လဲသွားဖို့လိုမယ်. . အဲဒါတွေက သိပ်ကိုဟောင်းနွမ်းနေပြီ၊ အဝတ်အစားအတွက်လည်း မပူနဲ့. . ကျွန်မဆီမှာ ဝိညာဉ်တွေ အရက်နဲ့ လဲသောက်သွားတဲ့ အဝတ်အစားသစ်တွေရှိတယ်။ သူတို့ သေတုန်းက လွှမ်းပေးလိုက်တဲ့ အဝတ်အစားသစ်တွေကို ဝိညာဉ်ဘဝမှာ မဝတ်ကြပဲ အရက်နဲ့ လဲသောက်ကြတယ်လေ။ အခု သူတို့ ဝတ်ထားတဲ့ အဝတ်အစားတွေက တခြားလူသေတွေဆီက လုယူထားကြတာ. . "

ဖရီဒါက အားတက်သရောပြောပြီး သူမ အခန်းထဲက ဘီရိုတစ်ခုမှ ယောကျ်ားဝတ်အင်္ကျီအသစ်တွေကို ထုတ်ပေးတယ်။

"ဒါတွေကို ဝတ်သွားလို့ဖြစ်ပါတယ်နော်၊ ဝိညာဉ်တစ်ကောင်ကောင်က သူ့အင်္ကျီဆိုပြီး လမ်းမှာလိုက်လုနေရင် ဘယ်လိုလုပ်မလဲ. . . "

ဘားလန်းက အဝတ်အစားသစ်တွေကိုကြည့်ပြီး မယူချင်တဲ့ပုံစံနဲ့ ပြောတယ်။

"အို. . မဟုတ်တာ၊ ဒီအင်္ကျီတွေက ကျွန်မလုံးလုံးပိုင်တယ်၊ သူတို့ဆန္ဒနဲ့သူတို့ အရက်နဲ့ လဲသောက်သွားကြတာပဲ၊ ဘာမှမစိုးရိမ်ပါနဲ့. . ဝတ်သာသွားပါ. . "

ဘားလန်းက မရဲတရဲနဲ့ အကျီအဖြူရောင်တစ်ထည်ကို လှမ်းယူပြီး လဲဝတ်လိုက်တယ်။

"ရော့. . ရှင် လူတွေနဲ့ ဆက်ဆံရင် ဒါလိုတယ်. ."

ဖရီဒါက ဘားလန်းရဲ့လက်ထဲကို စာအိတ်တစ်အိတ် ထည့်ပေးတယ်။

"ဘာလဲဗျ. . ဘာတွေလဲ. ."

"အဲဒီစာအိတ်ထဲမှာ လူ့ဘဝမှာ ကျင်လည်နေသရွေ့ အမြဲတမ်း လိုနေတတ်တဲ့ တန်ခိုးကြီးအရာပဲ. ."

ဘားလန်းက ပဟေဠိဆန်တဲ့ ဖရီဒါ့စကားကို နားမလည်လို့ စာအိတ်ကို ဖွင့်ကြည့်လိုက်တယ်။ စာအိတ်ထဲမှာ လူတွေအတွက် အမြဲလိုတယ်ဆိုတဲ့ ငွေစက္ကူတွေကို တွေ့ရတယ်။

"ဒါတွေရော အရက်နဲ့လဲထားတာပဲလား. ."

"ရှင်ထင်တာ မမှားဘူး. . အရက်စွဲနေတဲ့သူတိုင်းဟာ သူတို့ဆီမှာရှိတဲ့ပစ္စည်းမှန်သမျှကို အရက်နဲ့လဲ သောက်တော့တာပဲ. . ဒါနဲ့ ရှင်ခရီးသွားရင် ဘယ်လိုသွားမှာလဲ။ ဝိညာဉ်ခရီးသွားနည်းကတော့ သိပ်မစွန်ပါဘူး။ ရှင့်မှာ အခြားနည်းလမ်းရှိလား. ."

"ရှိတယ်. . ရှိပါတယ်၊ ကျွန်တော် ဒီကိုလာတုန်းကလည်း ညဌက်ဝိညာဉ်ပုံပြောင်းပြီး ပျံသန်းလာခဲ့တာပဲ"

"ရှင်က ဘယ်ဆိုးလို့လဲ၊ သေတာ ကျွန်မလောက် မကြာသေးဘူး. . ညဌက်ဝိညာဉ်ပုံစံတောင် ပြောင်းတတ်နေပြီ၊ ကျွန်မဆိုရင် အခုထိ အရက်တွေကို ပွားတဲ့နည်းပညာက လွဲပြီး တခြားဘာမှ ဟုတ်တိပတ်တိ မလုပ်တတ်သေးဘူး"

ဖရီဒါက ပြုံးစေ့စေ့နဲ့ပြောတယ်။

"ကျွန်တော်လည်း ဒီလောက် မဟုတ်ပါဘူး။ သင်ပေးတဲ့သူနဲ့ တွေ့လို့ ဒီပညာရလိုက်တာ၊ တခြားဘာမှ မတတ်ဘူး. ."

"အော်. . ရှင် ကျွန်မဆွဲကြိုးကိုယူသွား. . တကယ်လို့ လမ်းမှာ ဒုက္ခပေးတဲ့သူတွေ့ရင် ဒီဆွဲကြိုးလေးပြလိုက်၊ ဒီနယ်တစ်ဝိုက်မှာ ကျွန်မဆိုင်ကို မလာဖူးတဲ့သူရဲ မရှိဘူး၊ ကျွန်မ ဆွဲကြိုးကိုမြင်ရင်



ဒုက္ခ မပေးတော့တဲ့အပြင် ရှင့်ကို အကူအညီတောင် ပေးနိုင်ပါသေးတယ်. ."

ဖရီဒါက သူမလည်ပင်းက ဆွဲကြိုးကို ချွတ်ပေးရင်းပြောတယ်။ သူမမှာ အခြားအကြံအစည်လည်းရှိသေးတယ်။ ဘားလန်း ပယင်းနီ မြို့က ပြန်လာရင် ဆွဲကြိုးပြန်ပေးဖို့ ရဲတိုက်ကို ထပ်လာရအောင် ရည်ရွယ်တာပဲ. . သူမ ဘားလန်းကို တော်တော် သံယောဇဉ်ဖြစ်နေပြီလေ၊ ဒါပေမဲ့ ဘားလန်းကတော့ သူမရဲ့သဘောထားကို မသိ ကျိုးကျွန်ပြုထားတယ်။

"ရှင့်ကို ဘာ့ကြောင့် ကူညီနေရတာလဲ ရှင်မသိဘူးလား. ."

ဖရီဒါက အားမလိုအားမရနဲ့ ပြောတယ်. .

ဘားလန်းက သူ့ထုံးစံအတိုင်း ယောင်နနနဲ့. . .

"မသိဘူးဗျ. . ကျွန်တော့်ကို ခင်မင်လို့ ဆိုတာတော့ ကျွန်တော်သိတယ်၊ မဟုတ်ဘူးလား. ."

"ဟုတ်တယ်. . ဒါပေမဲ့ အဲဒီထက်ပိုတယ်၊ ရှင်က တည့်တည့်ပြောမှ သိမဲ့သူ. . ရှင့်ကို ကျွန်မချစ်တယ်"

"ဟာ. . မဟုတ်တာ၊ ကျွန်တော်တို့က လူသားတွေ မဟုတ်တော့ဘူးလေ၊ သတိထားပါဦး ဖရီဒါ. . ဝိညာဉ်တွေဖြစ်နေပါပြီ. ."

ဘားလန်းက မျက်နှာနီမြန်းလျက် ပြန်ပြောတယ်. .

ဖရီဒါက နှုတ်ခမ်းစူလျက်. . .

"ဝိညာဉ်ဖြစ်တော့လည်း ဘာဖြစ်လဲ၊ မချစ်ရတော့ဘူးတဲ့လား။ ဒါကြောင့် ရှင့်ကို ရိုးအတယ်လို့ပြောတာပေါ့။ ရှင်မသေမချင်း မှတ်ထား. . ဝိညာဉ်သရဲလောကမှာလည်း ချစ်ကြိုက်လို့ရတယ်။ နားလည်ပြီလား. ."

"ဟုတ်လား. . ဒါကို ကျွန်တော် မသိပါဘူး. . ."

"ရှင် ဘယ်သိပါ့မလဲ. . ရှင်က ငတုံးပဲဟာ. . ကောင်းကင်ဘုံကို သွားချင်နေတာကလွဲပြီး ဘာမှစိတ်မဝင်စားဘူး မဟုတ်လား"

ဖရီဒါက မျက်စောင်းထိုးပြီး ပြောတယ်။

"ခင်ဗျားထင်သလောက်လည်း မဟုတ်သေးပါဘူးဗျာ၊ ရန်သူတစ်ယောက်လက်က လွတ်မြောက်ချင်တာ တစ်ခုထဲပါ။ ကျွန်တော်

ခင်ဗျားကို ခင်မင်မိပါတယ် ဖရီဒါ. . နောက်တစ်ခါ ခင်ဗျားဆီကို လာခဲ့ပါဦးမယ်၊ အခုတော့ အချိန်လင့်နေပြီ. . ခရီးဆက်စရာ ကလည်း ရှိသေးတယ် မဟုတ်လား. . ”

ဘားလန်းက သူ့လာရင်းကိစ္စကိုသာ ဦးတည်ပြောတယ်။

“ရှင်ကလည်း လောလိုက်တာ. . ကျွန်မအဖေ နာမည်နဲ့ လိပ်စာတောင် ယူမသွားတော့ဘူးလား. . ”

“ဩော် ဟုတ်သားပဲ၊ မေ့သွားတော့မလို့ . . ”

ဘားလန်းက အားနာပါးနာနဲ့ ဖရီဒါကို ပြုံးပြီးပြောတယ်။

“ကျွန်မ အဖေနာမည်က မစ္စတာပါစကယ်၊ ကြယ်ပြာလမ်း အိမ်နံပါတ်က ၂၁၊ အဲဒီမှာ ကျွန်မ အဖေနဲ့ အမေရှိတယ်။ ရှင်က ကျွန်မသေတာ မသိသေးတဲ့ပုံနဲ့ သွားမှဖြစ်မှာနော်. . ကျွန်မနဲ့ အိုပါဒီ မြို့မှာ ခင်ခဲ့တာလို့ပြော. . ကျွန်မ အဲဒီမြို့က ဟိုတယ်တစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးတယ်။ ရှင်နဲ့ ကျွန်မ အဲဒီမြို့မှာ သိကျွမ်းခဲ့တယ်လို့ ပြောပေါ့၊ ရှင်အဆင်ပြေမှာပါ။ ကျွန်မအဖေက သဘောကောင်းတယ်၊ ဒါပေမဲ့ ရှင်က သက်ရှိလူသားအဖြစ် ပြန့်တဲ့အထိ ဟန်ဆောင်ဖို့တော့ လိုမယ်. . ဘယ်သူမဆို ဗိညာဉ်တစ်ကောင်က လူတွေနဲ့အတူတူ လာနေတာ သိသွားရင်တော့ ကြောက်လန့်ကြမှာ အမှန်ပဲ၊ ရှင့်ကိစ္စပြီး ရင် မြန်မြန်ပြန်လာခဲ့ပေါ့။ ကျွန်မတို့ရဲတိုက်ကို နောက်တစ်ခေါက် ရှင်ပြန်လာဦးမယ်လို့ မျှော်လင့်ရမှာပဲ. . ”

ဘားလန်းက ဖရီဒါ့ကို နှုတ်ဆက်ပြီး ထိုရဲတိုက်မှ ဆက်လက် ခရီးထွက်ခဲ့တယ်။ သူ့အနေနဲ့ ပုလဲနက်မှော်ဆရာကို တွေ့ဖို့ဆန္ဒစော နေလို့သာ ဒရောသောပါး ထွက်လာခဲ့တယ်။ တကယ်လို့ ပုလဲနက်သာ သက်ရှိထင်ရှားရှိမနေတော့ဘူးဆိုရင် သူ့ဘဝလည်း ဖရီဒါတို့လို လုပ်ချင်တာ လုပ်နေတဲ့ဗိညာဉ်တစ်ကောင် ဖြစ်လာနိုင်မလားပဲ. . ၎င်းရဲတိုက်မှာရှိတဲ့ ဗိညာဉ်အားလုံးဟာ သရဲ တစ္ဆေ မှင်စာဘဝတွေကို ပျော်မွေ့နေကြပြီး . . သားစိမ်း ငါးစိမ်းတွေကိုလည်း ခုံမင်နေကြ တယ်. . ဗိညာဉ်ဘဝမှာ အစာမစားလည်း နေလို့ရပါလျက်နဲ့ အသွေး အသားကို စားချင်စိတ်ကြောင့် အော်ဂလီဆန်ဖွယ်ရာ အသားစိမ်း



အသားပုပ်တွေကို ခုံမင်တပ်မက်စွာ စားသုံးနေကြတာဟာ ဝဋ်ကြွေး တစ်ခု၊ ဒါမှမဟုတ် ကောင်းကင်ဘုံရဲ့ ဒဏ်ခတ်ခြင်းခံနေရတာလားလို့ တွေးထင်မိတယ်။

၎င်းရဲတိုက်ဟာ သူနေသင့်တဲ့နေရာလို့ မယူဆနိုင်ဘူး. . ဗိညာဉ်တစ်ကောင်ဟာ သားစိမ်းငါးစိမ်းစားပြီး ဆိုးဆိုးဝါးဝါးနေရ မယ်လို့ ဘယ်တုန်းကမှ တွေးထင် မထားဘူး။ . ဖရီဒါကတော့ ထိုရဲတိုက်မှာ ပျော်မွေ့နေပုံရတယ်. . အေးလေ. . သူမက သူမ ဘဝကို ကျေနပ်နေပြီပဲ. . ဘာထပ်လုပ်စရာလိုသေးလဲ. . ငါသာ ငါ့ဘဝကို မကျေနပ်သေးလို့ သွားလာနေရတာပဲ ဖြစ်မယ်. . ငါက ဘယ်ကိုသွားချင်တာလဲ. . ငါ့အတွက် နေရာတစ်ခုခုကတော့ ရှိသင့်ပါတယ်လေ. . . ဘားလန်းက ဝိုးတဝါးအတွေးစတွေနဲ့ ပျံသန်း ခရီးဆက်လာခဲ့တယ်။

ညဥ့်နက် ခရီးသွားနည်းနဲ့ နေ့ရောညပါ မနားတမ်း ခရီး ဆက်ခဲ့လို့ ပယင်းနီမြို့နားကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားတယ်။ လမ်းခရီးမှာ လွင့်မျောဗိညာဉ်တွေနဲ့ သချိုင်းတွေက သူ့ကို နှောင့်ယှက်ရန်လိုမှု ပြုချင်ပေမဲ့ ဖရီဒါ့ ဆွဲကြိုးလေးကြောင့် ဒုက္ခ ကြီးကြီးမားမားမရှိခဲ့ဘူး၊ သူ့ကိုရန်ပြုချင်တဲ့ လွင့်မျောဗိညာဉ်သရဲတွေ ကို ဖရီဒါ့ ဆွဲကြိုးထုတ်ပြပြီး ဖရီဒါ့မိတ်ဆွေပါလို့ ပြောလိုက်ခြင်းဖြင့် အတော်အတန် ရန်ငြိမ်းစေခဲ့တယ်။ ဗိညာဉ်တော်တော်များများက ဖရီဒါ့ကို သိနေကြတယ်. . ထူးဆန်းလေစွ. . အချို့ဗိညာဉ်တွေက ဖရီဒါ့ကို အကြွေးပေးဖို့ရှိလို့ ဖရီဒါဆိုတဲ့ အသံကြားရုံနဲ့ ပုန်းနေတဲ့ ဗိညာဉ်တွေတောင်ရှိသေးတယ်။ ကြီးမားလိုက်တဲ့ အရက်တန်ခိုး၊ ဘယ်လိုပဲဖြစ်ဖြစ် ဖရီဒါ့ကိုတော့ ကျေးဇူးတင်မိတယ်။ ဘားလန်းက အတွေးတွေနဲ့ ခရီးဆက်လာရင်း သူ့အတွေးတွေကို ရပ်တန့်စေတဲ့ ဆိုင်းဘုတ်တစ်ခု တွေ့လိုက်ရတယ်။

“ပယင်းနီမြို့မှ ကြိုဆိုပါ၏”

"စတီ . . ခင်ဗျားလုပ်တာ အလကားပဲဗျ၊ ခင်ဗျားရဲ့ ခေါင်းထဲမှာ ဦးနှောက်ရှိသေးတယ်ဆိုရင် နည်းနည်းအသုံးချကြည့်သင့်တယ်။ ဘားလန်းဆိုရင် ဒါမျိုးလုပ်မှာမဟုတ်ဘူး၊ ခင်ဗျားရဲ့ အလွန်လှပပြီး တန်ဖိုးကြီးတယ်ဆိုတဲ့ ဝက်သစ်ချ ခေါင်းကြီးဟာလေ ဟိုကားသမား ဂူထဲမှာရှိတယ် . . ကားသမားဂူထဲမှာ . . ဒါပေမဲ့ အလကားပဲ . . ပါသွားပြီ . . သူ့ကိုသွား ရန်ရှာလည်း ခင်ဗျား အခေါင်းတော့ ပြန်ရမှာ မဟုတ်ဘူး၊ ဒေါက်တလောက်ရဲ့ တပည့် အရင်းစစ်စစ်တွေပဲဗျာ . . ဒါမျိုးဘယ်လက်နှေးမလဲ . . ကျွန်တော် ပြောတာ ယုံစမ်းပါ . . ကျွန်တော် ခင်ဗျားအတွက် ပြောနေတာ . ."

ဂျိုးက ခေါင်းတခါခါနဲ့ နာကာစတီဖာရဲ့လုပ်ရပ်ကို မကြိုက်လို့ ပြောနေတယ်။

"မနေ့က ခင်ဗျားလုပ်ခဲ့တဲ့လုပ်ရပ်က အရမ်းအန္တရာယ်များတယ်။ ခင်ဗျားကို ဘားလန်းနဲ့ စိတ်ချင်းတူလောက်မယ်လို့ ထင်ခဲ့တာ . . ခင်ဗျား စိတ်မြန်လက်မြန် လျှောက်ပေါက်လုပ်ရင်တော့ မကြာခင်မှာ ဒေါက်တလောက် လက်တွင်း သက်ဆင်းရမှာပဲ . . ကျွန်တော်တော့ စိတ်ညစ်ပါတယ် . ."



"ကျွန်တော်ထင်တာက ကျွန်တော့်ခေါင်းတလားဟာ ဒေါက်တလောက်ရဲ့ဂူထဲမှာထင်လို့ သွားကြည့်မိတာ . ."

စတီက မျက်စိပေကလပ် ပေကလပ်နဲ့ မသိဆိုးဝါးစွာပြောတယ်။

"ဒါပေမဲ့ သူ့ဂူထဲမှာ ကျွန်တော့်အခေါင်း မရှိဘူး၊ အခြားတိုလီမိုလီနဲ့ လက်ဝတ်ရတနာတွေပဲတွေ့တယ်။ နေဦးဗျ . . ကျွန်တော် နောက်ထပ်တစ်ခုလည်း တွေ့ခဲ့သေးတယ်။ ထိုဥစ္စာက ထူးဆန်းတယ် . . အဲဒါ ဦးခေါင်းပြတ် ကြီးတစ်လုံးပဲ။ သူက အသက်ရှင်နေသေးတယ်၊ ကျွန်တော့်ကို ကြည့်နေတဲ့ မျက်လုံးဟာ တစ်ခုခုပြောချင်နေသလိုပဲ၊ ဘာလို့ ဒါကြီးက သူ့ဂူထဲမှာ ရှိနေရတာလဲဗျ . ."

"သွားပြီ . . သွားပြီ . . ခင်ဗျားတော့ ကုလို့မရနိုင်အောင် ရှုံးသွပ်သွားပြီ၊ ဒီမှာ . . ခင်ဗျားမြဲမြဲမှတ်ထား၊ ခင်ဗျား ဒီသချိုင်းမှာ ရှိနေသရွေ့ ခင်ဗျားမြင်ခဲ့တာကို မေ့ထားလိုက်တော့ . . အခြား ဝိညာဉ်တစ်ကောင်ကောင်ကိုလည်း ခင်ဗျား ဘာမြင်ခဲ့တယ်ဆိုတာ ဘယ်တော့မှ မပြောလေနဲ့။ ထိုသတင်းသာ ဒေါက်တလောက်နားထဲ ရောက်သွားရင် ခင်ဗျားကို သူက လက်ဆွဲနှုတ်ဆက်လိမ့်မယ်လို့ မျှော်လင့်နေလား . . ကျွန်တော့်အထင်ပြောရရင် ခင်ဗျားကို အဲဒီ ခင်ဗျားတွေ့ခဲ့တဲ့ဟာကြီးအောက်မှာ မြေမြှုပ်ခံရလိမ့်မယ် . ."

"တော်ပြီဗျာ . . ခင်ဗျားနဲ့နေရတာ အန္တရာယ်များတယ်၊ ကျွန်တော့်မှာ ဘယ်လို ပြစ်ချက်မျိုးတွေရှိတယ်ဆိုတာ ခင်ဗျားသိပါတယ်၊ နောက်တစ်ခါ ဒေါက်တလောက်ရှေ့မှာ အမှားတစ်ခုခု ကျူးလွန်တာနဲ့ ကျွန်တော့်ဘဝသွားပြီဗျ . . သွားပြီ . . ထင်းရှူးပင်တစ္ဆေတို့လို အရက် ပုလင်း ကျဉ်းကျဉ်းလေးထဲမှာ ထောင်နန်းစံရလိမ့်မယ် . ."

ဂျိုးက တစ်ခါသေဖူး ပျဉ်ဖိုးနားလည်စွာနဲ့ ပြောတယ်။

"ဂျိုး . . ခင်ဗျားသိပ်ကြောက်နေလား။ ခင်ဗျားဟာ ဘားလန်းရဲ့သူငယ်ချင်းဆိုရင် ဒီလောက်ကြောက်နေဖို့ မကောင်းဘူးဗျ . ." စတီက ပြက်ရယ်ပြုသလိုပြောတယ်။

"ဟော့ ဒီမှာ. . ခင်ဗျား မြဲမြဲမှတ်ထား၊ ကျုပ်က ဘယ်သူ့ကိုမှ ကြောက်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျုပ်မှာ ဦးနှောက်ရှိတယ်။ မဖြစ်နိုင်သေးတဲ့ကိစ္စမို့လို့ သည်းခံပြီးစောင့်နေတာ. . ကျုပ်ပိုင်တယ် နိုင်တယ်ထင်ရင် အချိန်မရွေး ထလုပ်ရဲတဲ့ကောင်ဆိုတာ မြဲမြဲမှတ်ထား. . ကျုပ်တို့ထက် စွမ်းအားရှိတဲ့ ဘားလန်းတို့ လက်သည်းရှည်တို့တောင်ခံနေရတာ။ ကျုပ်က ဦးနှောက်မဲ့စွာ ငါမကြောက်ဘူးဟေ့လို့ ထအော်နေရမှာလား၊ ဒါမျိုး ကျုပ်မလုပ်ဘူး. ."

ဂျိုးက နာကာစတီဖာကို နားရင်း တစ်ချက်လောက် ရိုက်ချင်တဲ့ပုံနဲ့ တင်းမာစွာပြောတယ်။

"ကျွန်တော် ခင်ဗျားကိုစတာပါ ဂျိုးရာ. . စိတ်မဆိုးပါနဲ့၊ ကျွန်တော်တို့ နှစ်ယောက်ပြောနေတာကိုလည်း ဘယ်သူမှ မကြားနိုင်ပါဘူးဗျာ၊ သချိုင်းနဲ့ အဝေးကြီးပါ. ."

စတီက ဂျိုးစိတ်တိုသွားမှန်းသိလို့ တောင်းပန်တဲ့အကြည့်နဲ့ ကြည့်ရင်း ပြောတယ်။

စတီပြောမှ သတိရတယ်။ သူတို့နှစ်ယောက် ထင်းရှူးပင်တစ္ဆေပိုင်နက်ထဲမှာ ညကင်းစောင့်နေတယ်ဆိုတာ. . အခု ကျောက်စက်သချိုင်းက အရင်လိုမဟုတ်တော့ဘူး။ ဘားလန်းတို့နဲ့ ဒေါက်တလောက်တို့ တိုက်ပွဲဖြစ်ပြီးတဲ့နောက်ပိုင်း ဒေါက်တလောက်က ထင်းရှူးပင်တစ္ဆေပိုင်တဲ့သစ်ပင်တွေကို သိမ်းပိုက်လိုက်တယ်။ ထင်းရှူးပင်တစ္ဆေ၊ လက်သည်းရှည်၊ ဆံရှည်သရဲတို့ကိုတော့ လုံခြုံစိတ်ချရတဲ့ သူ့ရဲ့အရက်ပုလင်းတွေထဲမှာ ဝိညာဉ်ချုပ်ထားလိုက်ပြီ၊ ဘားလန်းကတော့ လွတ်မြောက်သွားသလား. . ဒေါက်တလောက် လက်ချက်နဲ့ပဲ သေဆုံးသွားသလားဆိုတာ ကျောက်စက်သချိုင်းက ဝိညာဉ်တွေ ဘယ်သူမှအတိအကျ မသိဘူး။ ဒေါက်တလောက် ပြောတာကတော့ ဘားလန်း ဝိညာဉ်ဟာ သူသတ်ပစ်လို့ ပျက်စီးသွားပြီ၊ မရှိတော့ဘူးလို့ ပြောတယ်. .

ဒေါက်တလောက်တို့က ဘားလန်း မရှိတော့တဲ့နောက်ပိုင်း ရောက်လာတဲ့လူသေတွေကို ပေါ်ပေါ်ထင်ထင်ပဲ ပွဲတော်တည်ကြ



တယ်။ အုတ်ဂူတွေပတ်ပတ်လည်မှာလည်း ဒေါက်တလောက်တို့ စားကြွင်းစားကျန် အရိုးတွေ၊ ဦးခေါင်းခွံတွေနဲ့ ပြည့်နှက်နေတယ်၊ ဘားလန်းရဲ့အုတ်ဂူဖြူဖြူကလေးဟာ ဒေါက်တလောက်တပည့်တွေ လက်ချက်ကြောင့် သွေးတွေပေကျံ အရုပ်ဆိုးသွားခဲ့ပြီ။ အလွန်လှပတဲ့ ဘားလန်းရဲ့ချယ်ရီပင်ကိုလည်း ရိုက်ချိုးလိုက်ကြပြီး သစ်ပင်ခွကြားမှာ လူရိုးတွေတင်ထားတယ်. . ကျောက်စက်သချိုင်းဟာ အကျည်းတန် အရုပ်ဆိုးစွာနဲ့ ကြောက်စရာ သချိုင်းတစပြင်ရုပ် ပီပီပြင်ပြင် ထွက်ပေါ်လာခဲ့တယ်။

ဘားလန်းနဲ့ ပတ်သက်တဲ့သတင်းကို တိတိကျကျ မရရှိတော့ ဂျိုးက စိတ်ဓာတ်လုံးလုံး ကျလာတယ်။ ဝင်ဒီတို့ မောင်နှမလည်း ဒေါက်တလောက်အမိန့်ကြောင့် နေ့ရောညပါ သူတို့ရဲ့အုတ်ဂူထဲမှာ ဂူအောင်းနေရတယ်။ အပြင်ကို ထွက်ခွင့် မပေးဘူး။ ဂျိုးကိုတော့ အလုပ်တွေများများခိုင်းပြီး ချုပ်နှောင်တော့ မထားသေးဘူး။ သူတို့ရဲ့အမြင်မှာ ဂျိုးကို မှင်စာ သာသာလောက်သာ မြင်တာကြောင့်လည်း ဖြစ်နိုင်တယ်။ အခုဆိုရင် ကျောက်စက်သချိုင်းမှာ ဒေါက်တလောက်ကို တော်လှန်နိုင်တဲ့သူ မရှိတော့ဘူး။ စတီကတော့ လူငယ်ဝိညာဉ်သစ်ဆိုတော့ တစ်ခါတလေ လုပ်ချင်တာ လုပ်တတ်တယ်ဆိုတာ ဂျိုးကသိတယ်။ ဒါပေမဲ့ လောက်လောက်လားလား အသုံးမကျဘူး. . ပေါတီပေါကြောင်နဲ့. . သူ့မှာ သရဲပညာ မပြောနဲ့၊ ဝိညာဉ်ခရီးသွားနည်းတောင် ဖြောင့်ဖြောင့် မသွားတတ်သေးဘူး။ ဒီသရဲကတစ်မျိုး. . အစိမ်းသေဖြစ်ရက်နဲ့ ပေါကြောင်ကြောင်နဲ့လို့ ဂျိုးကမြင်တယ်. . ဒါပေမဲ့ စတီက သူ့ရဲ့ခေါင်းတလားပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီး ဒေါက်တလောက်ကို မယုံသင်္ကာဖြစ်နေတယ်။ မနေ့က ဘယ်သူမှမသွားရဲတဲ့ ဒေါက်တလောက်ရဲ့အုတ်ဂူထဲကို သွားချောင်းကြည့်တယ်ဆိုတော့ စတီဟာ သတ္တိရှိလို့သွားကြည့်တာလား. . သူ့ပစ္စည်းပျောက်သွားလို့ ထူပူပြီး လိုက်ရှာမိတာလား. . ဂျိုးက ထိုကိစ္စကိုတွေးရင်း စတီရဲ့ စိတ်နေ သဘောထားကို မရှင်းမရှင်း ဖြစ်နေတယ်။

"ခင်ဗျားကို ကျွန်တော်မေးမယ်.. အမှန်အတိုင်းဖြေမှာလား..."

"ဘာမေးမှာလဲ..."

"ခင်ဗျား ဘာ့ကြောင့် ဒေါက်တလောက်ရဲ့ဂူထဲကို သွားချင်စိတ်ပေါ်လာတာလဲ.." ဂျိုးက ခပ်တည်တည်နဲ့ သိချင်တာကို မေးတယ်။

"အဓိက,ကတော့ ကျွန်တော့် ခေါင်းတလားပဲ၊ ကျွန်တော့်ဟာကို သူယူသွားတယ်ထင်လို့ပါ.."

စတီက ဂျိုးဘယ်လိုရည်ရွယ်ချက်နှင့် မေးနေတာလဲ နားမလည်ဘူး။ ဒါပေမဲ့ သူ့စိတ်ထဲရှိတဲ့အတိုင်းပဲ ဖြေတယ်။

"တကယ်လို့ ခေါင်းတလားကို ဒေါက်တလောက် ယူတယ်ဆိုရင် ခင်ဗျား ဘာလုပ်မလဲ..."

စတီက ခေါင်းကုတ်ပြီး... "တကယ်လို့ ပြန်တောင်းရင် ဒေါက်တလောက်က ကျွန်တော့်ကို စိတ်ဆိုးမှာလား.. ကျွန်တော် ဘယ်လိုလုပ်ရမှာလဲဟင် ဂျိုး.." လို့ ပြန်မေးနေတယ်။

"ဒီလိုဆို မကောင်းဘူးလား... ဆရာဒေါက်တလောက် ကျွန်ုပ်၏တန်ဖိုးကြီး ခေါင်းတလားကို သင့်ရဲ့ ကြီးမြတ်တဲ့ဘုန်းတန်ခိုးကြောင့် သင့်ကိုဆက်ကပ်ပါတယ်လို့ပြော..." ဂျိုးက ဒူးထောက်လိုက်ပြီး အမူအရာနဲ့ပါ ရွဲ့ပြောတယ်။

ဂျိုးက ပြောင်ချော်ချော်အမူအရာနဲ့ပါ လုပ်ပြတာကို စတီက သူ့ကို တကယ်သင်ပေးနေတယ်လို့ ထင်နေတုန်း..

"အဲဒါဆိုရင် ဒေါက်တလောက်က ကျွန်တော့်ကို သရဲပညာသင်ပေးမှာလား..."

ဂျိုးက ဘာမှမပြောနိုင်တော့ပဲ စတီကို ကြည့်ပြီး ခေါင်းခါနေတော့တယ်။

"ခင်ဗျား ဘာဖြစ်လို့ခေါင်းခါနေတာလဲ.."

"ဘာမှ မဟုတ်ပါဘူး၊ ခင်ဗျားက ကျွန်တော့် သူငယ်ချင်း ဘားလန်းနဲ့ စိတ်ချင်းများ တူမလားလို့ပါ..."



"တူလား..."

"သောက်တလွဲ တခြားစီပဲ..." ဂျိုးက သောက်မြင်ကပ်ကပ်နဲ့ ကုန်းအော်တယ်.. ဘားလန်းကိုလည်း သတိရလို့ သူ့မျက်နှာမှာ ဝမ်းနည်းတဲ့ပုံရိပ်တွေ ဖြစ်ပေါ်လာတယ်။

"ခင်ဗျား နောက်နောင် သူ့ဂူကို သူမခေါ်ပဲ ဘယ်တော့မှ သွားချောင်း မကြည့်လေနဲ့.. ခင်ဗျားလုပ်ပုံဟာ ရှူးကြောင်မူးကြောင်နဲ့ သက်သက် ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေတယ်.."

"အေးပါဗျာ.. အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်.. ကျွန်တော်လည်း ဒီသချိုင်းမှာ မနေချင်တော့ပါဘူး.. ဘာတွေမှန်းလည်း မသိဘူး.. အားလုံးကို ကြောက်နေရတာ.. ရောက်ချင်ရာရောက် လျှောက်သွားချင်တော့တာပဲ.."

စတီက ဝိညာဉ်ဘဝအကြောင်းကို ဘာမှမလေ့လာပဲ ပြောနေတယ်။ စိတ်မထင်ရင် သွားချင်ရာသွားမဲ့သူမျိုးပဲ။ ဂျိုးက ဘားလန်းမရှိတော့တဲ့နောက်ပိုင်း သူလည်း ဒီသချိုင်းမှာမနေချင်တော့ဘူး။ ထွက်ပြေးမယ်ဆိုရင် သူ့တစ်ယောက်ထဲ သွားတာထက် စတီကို ခေါ်သွားတာ အဖော်ရမယ်လို့ ချိန်ဆနေတယ်။

"ကျွန်တော်လည်း ဒီသချိုင်းမှာမနေချင်တော့ဘူးစတီရေ၊ ရောက်ချင်ရာရောက် ပေါက်ချင်ရာပေါက် လျှောက်သွားရင် ကောင်းမလား၊ ဘယ်ကို ထွက်ပြေးရမှန်းလည်း မသိဘူး။ ခင်ဗျားမှာရော ဘယ်လိုအစီအစဉ်မျိုးရှိလဲ.."

"ကျွန်တော့်မှာ ဘယ်လိုအစီအစဉ်မှ မရှိပါဘူးဂျိုး။ ဝိညာဉ်ဘဝနဲ့ ရောက်ချင်ရာရောက် လျှောက်သွားချင်တာ တစ်ခုပဲရှိတယ်။ ခက်တာက ကျွန်တော်တို့က နယ်မြေ မကျွမ်းဘူး.. တစ်ယောက်ယောက် အကူအညီလိုမယ်ထင်တယ်။ ဝင်ဒီတို့နဲ့ တိုင်ပင်ရင် ကောင်းမလား.." စတီက အားတက်သရောအကြံပြုတယ်။

"ဒီတစ်ခါ ခင်ဗျားအယူအဆ မဆိုးဘူး.. ခင်ဗျား ပြောတာ လုပ်ကြည့်သင့်တယ်၊ ဒါပေမဲ့ ကျွန်တော်တို့ လောလို့မဖြစ်သေးဘူးထင်တယ်.. လေးလပိုင်းဝိညာဉ်လွတ်မြောက်ပွဲကို

စောင့်ကြည့်သင့်တယ်။ ကျွန်တော်တို့ကို အခြားဘုံဘဝတစ်ခုခု မသွားရသေးဘူးလို့ စာရင်းပါရင်တော့ ထွက်ပြေးကြမယ်ဗျာ။ ဝင်ဒီတို့ မောင်နှမကလည်း လေးလပိုင်း ဝိညာဉ်လွှတ်မြောက်ပွဲမှာ သူတို့ နာမည် ပါမလားလို့ သည်းခံပြီးစောင့်နေကြတာဖြစ်မယ်။ အခုသုံးလ ပိုင်း ခုနစ်ရက်နေ့ဆိုတော့ လေးလပိုင်းရောက်ဖို့ သိပ်မလိုတော့ပါဘူး၊ ကျွန်တော်တို့လည်း သူတို့ မောင်နှမလို ဝိညာဉ်လွှတ်မြောက်ပွဲကို စိတ်ရှည်ရှည်စောင့်ကြတာပေါ့။ ဒီကြားထဲ ကျွန်တော်တို့ရဲ့ အကြံ အစည်ကို ဘယ်သူမှမသိစေနဲ့ဗျ။ ဒေါက်တလောက်က သိပ်ပြီးတော့ လက်တံရှည်တယ်နော်။ သတိအမြဲရှိပါစေ. . ကဲ. . နောက်နေ့ည တွေမှာလည်း လုပ်အားပေးပွဲရှိသေးတယ်၊ အိပ်ကြရအောင်ဗျာ. . . "

ဂျိုးက ထွက်ပြေးဖို့ အစီအစဉ်ကို တိုင်ပင်ပြီး ထင်းရှူးပင်ခွ ကြားထဲ အိပ်ဖို့ နေရာယူနေတယ်။

"ဘာလုပ်အားပေးပွဲလဲ. ." စတီက နားမလည်တဲ့မျက်နှာ နဲ့ မေးတယ်။

"ဪ. . ခင်ဗျား တစ်ခါမှ မသွားဖူးဘူးထင်တယ်။ မနက်ဖြန် တောင်စောက်မြို့က စတိုးဆိုင်တစ်ဆိုင်ဆိုင်ကို ခြောက် လှန့်ပြီး အရက်သွားလုရမယ်လေဗျာ . . . ကျွန်တော်တို့က ဒေါက်တလောက်တို့အတွက် ပစ္စည်းသယ်ပေးရုံ သက်သက်ပါ. . ခြောက်တာလှန့်တာက သူတို့အလုပ်. ."

စတီက ဂျိုးပြောတဲ့ "ပစ္စည်းသယ်ပေးရုံသက်သက်. . ." ဆိုတဲ့စကားကို နှစ်ခါသုံးခါ ရေရွတ်နေတော့တယ်။

"ပစ္စည်းသယ်ပေးရုံသက်သက်တဲ့. . . ပစ္စည်းသယ်ပေးရုံ သက်သက်. . ."

ပယင်းနီမြို့ကို ဘားလန်း ရောက်တော့ လမ်းတိုင်းလိုလိုမှာ လမ်းမီးတိုင်တွေ စတင်လင်းလက်နေပြီ၊ သူ့အနေနဲ့ ဒီအချိန်ဟာ လူတွေနဲ့ရောထွေးဖို့ သင့်တဲ့အချိန်ပဲလို့ သုံးသပ်တယ်။ သူဟာ စားသောက်ဆိုင် တစ်ခုဆီကို ခပ်တည်တည်ပဲ လျှောက်သွားတယ်။ သူ့ကို လူတွေမြင်အောင် သူ့ဝိညာဉ်ကို အပီပြင်ဆုံး ရုပ်လုံးဖော်ထား တယ်၊ အင်္ကျီအိတ်ကပ်ထဲက ဖရီဒါပေးလိုက်တဲ့ ငွေစက္ကူပါတဲ့ စာအိတ်ကို စမ်းပြီး ဆိုင်ထဲကို ဝင်ခဲ့တယ်။ ဝင်ဝင်ချင်း ညှော်ကြို စားပွဲထိုးက နှုတ်မဆက်ဘူး။ ဘားလန်း အနည်းငယ်စိုးရိမ်သွားတယ်။

"ဒီမှာ. . ကျွန်တော် ခင်ဗျားတို့ဆိုင်မှာ ညစာစားချင်တယ်၊ တစ်ယောက်စာနေရာ စီစဉ်ပေးနိုင်မလား"

ဂုင်းညှော်ကြိုက အခုမှ သူ့ကိုမြင်သွားသလို ပျာပျာသလဲ အမူအရာနဲ့. ,

"ဆောရီးဆရာ. . ဆရာ့ကို ကျွန်တော် သေချာကြည့်နေတာ ပဲ။ ကျွန်တော်စိတ်ထဲမှာ ဆရာက လေထဲက ရုတ်တရက် ပေါ်လာ သလို မြင်လိုက်ရလို့ ကြောင်သွားတယ်။ ဆရာ့အတွက် နေရာ စီစဉ် ပေးပါမယ်၊ ဒီဘက်ကိုကြွပါ. . "

ဘားလန်းက ဧည့်ကြိုရဲ့စကားကြောင့် သူ့ရဲ့လှုပ်ရှားပုံဟာ စိတ်လှုပ်ရှားပြီး အနည်းငယ် မြန်နေတာကို သတိထားမိသွားတယ်။ နောက်ဆို ဆင်ခြင်ရမယ်၊ ဧည့်ကြိုနောက်က လိုက်ရင်း စိတ်ကို အတည်ငြိမ်ဆုံး ဖြစ်အောင် ထိန်းချုပ်ထားလိုက်တယ်။

"ဆရာ.. လူရှင်းတဲ့နေရာကို ကြိုက်လား။ ဟိုထောင့်က စားပွဲမှာဆိုရင် လူရှင်းပြီး အပြင်ဘက်က ရှုခင်းကိုလည်း ကြည့်လို့ရတယ်.."

"ကောင်းသားပဲ..."

ဘားလန်းက ဖြည်းဖြည်းမှန်မှန် ပြန်ပြောပြီး ဧည့်ကြိုညွှန်ပြတဲ့စားပွဲမှာ ဝင်ထိုင်လိုက်တယ်။

"ဘာသုံးဆောင်ချင်ပါသလဲ ဆရာ.. ကျွန်တော်တို့ဆိုင်မှာ ဝိုင်အရက်နဲ့ ဝီစကီမျိုးစုံ ရပါတယ်၊ ဒီညအတွက် အထူးဟင်းလျာတွေလည်း ရှိပါတယ်.."

စားပွဲထိုးက မီနူးကတ်ကို လက်နှစ်ဖက်နဲ့ပေးရင်း ပြောတယ်။

"ကျွန်တော့်ကို သိုးသား အာလူးဟင်းနဲ့ ဝိုင်နီကောင်းကောင်း တစ်လုံးပေးပါ၊ ခုလောလောဆယ်တော့ ဒီလောက်ပါပဲ.."

စားပွဲထိုးက ဘားလန်းရဲ့အော်ဒါကို သေချာရေးမှတ်ပြီး ခပ်မြန်မြန်ပဲ ထွက်သွားတယ်။ စားသောက်ဆိုင်ထဲမှာ စားပွဲပေါင်း များစွာရှိတဲ့အနက် လေးငါးဝိုင်းလောက်မှာ လူပြည့်နေတယ်။ ဘားလန်းက ဆိုင်ထဲကို မသိမသာ ဝေ့ကြည့်လိုက်တယ်။ အားလုံးက ပုံမှန်အနေအထားပဲ။ သူ့ကို လူသား တစ်ယောက်လို သတ်မှတ်သွားကြပြီဆိုတာကို သိလိုက်လို့ အနည်းငယ် ကျေနပ်သွားတယ်။ လေးမိနစ်လောက် အကြာမှာတော့ စားပွဲထိုးက အကောင်းစား ကယ်လီဖိုးနီးယား ဝိုင်နီ တစ်လုံးကို ပေါင်မုန့်နှင့်အတူ လာချပေးတယ်။

"ဆရာ.. သိုးသားဟင်းက မကြာခင်ရပါမယ်ခင်ဗျာ.."

စားပွဲထိုးက ဝိုင်ပုလင်းကို ကျွမ်းကျင်စွာဖောက်ရင်း ဘားလန်းကို ပြောတယ်။



"ရပါတယ်၊ ကျွန်တော် အေးအေးဆေးဆေးစောင့်နိုင်ပါတယ်.."

"ဆရာက ဒီမြို့က မဟုတ်ဘူးထင်တယ်.."

စားပွဲထိုးက စားပွဲထိုးတို့ ထုံးစံအတိုင်း အာလာပ သလာပ ပြောတယ်။

"ဟုတ်ပါတယ်.. ကျွန်တော်က ဧည့်သည်ပါ.."

"ဒီမြို့က ဟော်တယ်တွေများတယ်၊ ဈေးနှုန်းလည်းသင့်ပါတယ်၊ ဝန်ဆောင်မှုကောင်းတဲ့ ဟိုတယ်တွေ မြို့ထဲမှာ ရှိတယ်၊ ဆရာ တည်းဖို့နေရာ မစီစဉ်ရသေးရင် ကျွန်တော် စီစဉ်ပေးရမလား"

စားပွဲထိုးက ဧည့်ဝတ်ကျေစွာ ပြောတယ်။

"အခုလို ဧည့်ဝတ်ကျေတာ ကျေးဇူးတင်ပါတယ်.. ဒါပေမဲ့ ကျွန်တော့်မှာ တည်းဖို့ စီစဉ်ထားတာ ရှိပါတယ်၊ ကျွန်တော့်မိတ်ဆွေက ကြယ်ပြာလမ်းမှာနေတယ်လို့သိရတယ်၊ ခင်ဗျား သိမလားတော့ မသိဘူး"

ဘားလန်းက စားပွဲထိုးကို ပါးနပ်စွာ မေးကြည့်တယ်။

"ကြယ်ပြာလမ်း.. ကျွန်တော်သိတာပေါ့၊ အရင်က ကျွန်တော် အဲဒီနားက ဟိုတယ်တစ်ခုမှာ အလုပ်လုပ်ခဲ့ ဖူးသေးတယ်၊ ဆရာက ဘယ်သူ့အိမ်ကို သွားမှာလဲ.."

"ကျွန်တော်က အိမ်နံပါတ် ၂၁၊ မစ္စတာပါစကယ်တို့ အိမ်ကို သွားမှာ၊ သူတို့ကိုရော ခင်ဗျားသိလား.."

"သိတယ်.. သိတယ်၊ အိမ်နံပါတ် ၂၁ က ရှေးဟောင်း အိမ်ကြီးတစ်လုံးပဲ၊ အမိုးမြင့်မြင့်နဲ့ နှစ်ထပ်အိမ်ကြီး၊ ဆရာပြောတဲ့ မစ္စတာပါစကယ်ကို ကြားဖူးသလိုပဲ၊ သူတို့က အဘိုးကြီး အဘွားကြီး လင်မယားနှစ်ယောက်ထဲနေတာ ထင်တယ်၊ သူတို့အိမ်က အမြဲတမ်းလိုလို မီးမှိန်မှိန်လေးထွန်းထားတယ်။ အဲဒါကြောင့် ကျွန်တော် သတိထားမိတာ၊ ကျွန်တော်လည်း အဲဒီလောက်ပဲသိတယ်ဆရာ.."

စားပွဲထိုးက ဝိုင်အရက်ငှဲ့ပေးရင်းပြောတယ်။ ဘားလန်းက သူသွားချင်တဲ့ အိမ်အကြောင်းကို အရိပ်အမြွက် သိလိုက်ရတော့

ကျေနပ်စွာနဲ့ စားပွဲထိုးကို ပြုံးပြီး ကျေးဇူးတင်ကြောင်းပြောတယ်. . . ခဏအကြာမှာ စားပွဲထိုးက သိုးသားဟင်းကို ယူလာပေးတယ်။ ဟင်းချက်ပိုင်အနံ့နဲ့ ဟင်းခတ်အမွှေးအကြိုင်နံ့တထောင်း ထောင်းထနေတဲ့ ပူပူနွေးနွေး ဟင်းလျာတစ်ပွဲဟာ ဘားလန်းရဲ့စားပွဲပေါ်မှာ စားချင်စဖွယ် နေရာယူထားတယ်။ ဒေါက်တလောက် ကိုယ်ကထွက်တဲ့ သွေးညှိနံ့နဲ့တော့ တခြားစီပဲ။ ဘားလန်းက အသားလှီးဓားနဲ့ ခက်ရင်းကို ကိုင်လိုက်ပြီး သိုးသားနူးနူးအိအိကို စတင် လှီးဖြတ်မြည်းကြည့်လိုက်တယ်။ အရသာက ထူးကဲကောင်းမွန် ချိုမြိန်လွန်းတယ်။ အရှိန်မထိန်းနိုင်ဘဲ တစ်ခဏအတွင်း တစ်ပွဲလုံး ကုန်အောင် စားပစ်မိတယ်။ စားပွဲထိုးက ဆိုင်ထောင့်တစ်နေရာက သူ့ကို မသိမသာ လှမ်းကြည့်နေတယ်။ ဘားလန်းက ဝိုင်ပြည့်ပြည့် တစ်ခွက်ကို အစာပိတ် မော့သောက်လိုက်ပြီး စားပွဲထိုးအား ဘီလ်ယူ လာပေးဖို့ အချက်ပြလိုက်တယ်။ သူ့ရှေ့က စားပြီးသား ပြောင်စင်နေတဲ့ ပန်းကန်ကို ကြည့်ရင်း စဉ်းစားမိတယ်။

ငါ အခုမှသတိရတယ်. . ဝိညာဉ်ဘဝမှာ အသားစားမိတာ ဒါပထမဦးဆုံးအကြိမ်ပဲ၊ ဖရီဒါတို့ လက်သည်း ရှည်တို့ အသားကြိုက်တယ်ဆိုတာ ဖြစ်နိုင်တယ်။ ဝိညာဉ်ဘဝမှာ အသားစားရတာ ပိုကောင်းသလိုပဲ။ ဒါပေမဲ့ ဘယ်လောက်ပဲအရသာရှိရှိ သားစိမ်း ငါးစိမ်းတော့ မစားသင့်ပါဘူး။ အသားစိမ်း ငါးစိမ်းစားသူက ဘယ်လိုမှ ယဉ်ကျေးနိုင်မှာ မဟုတ်ဘူး။ ဒေါက်တလောက်တို့လို လူသားတောင် စားတဲ့သူကတော့ ပြောကုန်နိုင်ဖွယ် မရှိဘူးလို့ ဆင်ခြင်မိတယ်။

ကျသင့်ငွေနဲ့ စားပွဲထိုးအတွက် ဘောက်ဆူးကိုပေးပြီး စားသောက်ဆိုင်ထဲက ပုံမပျက် တစ်လှမ်းချင်းထွက်လာခဲ့တယ်။ အခုလောက်ဆိုရင် သူ့ရဲ့ပထမဆုံးစမ်းသပ်ချက် အောင်မြင်သွားပြီ။ စားပွဲထိုးရော ဆိုင်ထဲက စားသောက်နေသူ အားလုံးကပါ သူ့ကို ဝိညာဉ်တစ်ကောင်လို့ မထင်ကြဘူး. . ရိုးရိုးသာမန် လူတစ်ယောက်လို့ အမြင်ရှိတဲ့ပုံပဲ၊ ဒီအတိုင်းဆိုရင် ဖရီဒါတို့အိမ်ကိုသွားလို့ ရလောက်



ပါပြီ. . ဆိုင်ပြင် ရောက်တော့ မိမိကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ တက္ကစီတစ်စီးကို ငှားစီးခဲ့တယ်။

ပယင်းနီမြို့ဟာ မြို့ငယ်လေးတစ်မြို့ဆိုပေမဲ့ မြို့ကြီးတွေနဲ့ မခြား စည်စည်ကားကားရှိတယ်။ ကားလမ်းဘေး တစ်လျှောက်မှာ သန့်ရှင်းလှပတဲ့ အဆောက်အဦတွေ၊ ပန်းခြံတွေ၊ စားသောက်ဆိုင်တွေက သူ့နေရာနဲ့သူ အချိုးကျကျ ဆောက်လုပ်ထားတာ တွေ့ရတယ်။ စားပွဲထိုးနဲ့ တက္ကစီမောင်းသမားတို့ရဲ့ ဆက်ဆံရေးကိုကြည့်ရင်းဖြင့် မြို့နေလူထုကလည်း ယဉ်ကျေးပုံရတယ်လို့ ခန့်မှန်းရတယ်. . ဆယ့်ငါးမိနစ်လောက် မောင်းပြီးမှ ကြယ်ပြာလမ်း၊ အိမ်နံပါတ် (၂၁) အိမ်ရှေ့ကို ရောက်လာတယ်။ အိမ်ကြီးက စားပွဲထိုးလေးပြောသလို ရှေးကျပြီး အဝိုင်းချွန်အမိုးမြင့်တွေနဲ့ ဘုရားကျောင်းလိုလို ဘာလိုလိုပဲ၊ တစ်အိမ်လုံးကို ဆေးနီညိုရောင် သုတ်ထားတယ်။အိမ်ရှေ့ဆင်ဝင်အောက်မှာ အလှပန်းတွေ၊ နှင်းဆီပန်းတွေကို နေရာမလပ်အပြည့် စိုက်ထားလို့ အိမ်ထဲကို ဝင်းပန်းအိုးတွေ နေရာရွှေ့ပြီးဝင်မှ ရမယ့်ပုံပဲ။ ဆင်ဝင်ရဲ့ ဘေးတစ်ဖက် တစ်ချက်မှာတော့ လှေကားကို ပစောက်ပုံစံကွေ့ကွေ့ဝိုက်ဝိုက်နဲ့ ဆောက်ထားပြီး အပေါ်ထပ်ကို ကြိုက်ရာဘက်က တက်လို့ရတာ မြင်ရတယ်။

ညကမှောင်နေပြီဆိုတော့ အိမ်ကြီးကို အကြမ်းဖျဉ်းလောက်ပဲမြင်ရတယ်၊ သေသေချာချာ အနားကပ်သွားမှ ဆင်ဝင်အောက်မှာ နှင်းဆီပန်းပင်တွေနဲ့ပိတ်မနေဘဲ လူသွားလမ်းကလေး တစ်ခုတွေ့ရတယ်။ အိမ်ရှေ့ဝင်ပေါက်တံခါး မကြီးကို ဘဲဥပုံစံမှန်အဝိုင်းတစ်ဖက်တစ်ချက် ညီညာစွာတပ်ထားတယ်။ လိုက်ကာတစ်ဖက်ချထားလို့ အထဲကို သိပ်မမြင်ရဘူး။ အိမ်ခန်းထဲမှာ အလင်းရောင် အားနည်းတဲ့ ဝါကျင်ကျင် မီးလုံးလေးကို ကြိုးရှည်ရှည်နဲ့ အခန်းရဲ့အလယ်တည့်တည့်မှာ တွဲလောင်းချထားတာကို တွေ့ရတယ်။ ဘားလန်းက သူ့ရဲ့ စိုးရိမ်စိတ်ကို ချုပ်တည်းလိုက်ပြီး တံခါးကို ညင်ညင်သာသာခေါက်လိုက်တယ်။ အထဲမှာ ဘယ်သူမှ မရှိသလိုပဲ။ နောက်ထပ် သုံးချက်ထပ်ခေါက်လိုက်တော့မှ အထဲက ရွှေ့လျားတဲ့

အသံတစ်သံ ကြားရတယ်။ အထဲမှာ လူရှိတယ်။ အိမ်အတွင်းအပြင်က တိတ်ဆိတ်လွန်းတော့ တစ်ခုခုလှုပ်ရှားသွားလာတိုင်း အသံကျယ်ကျယ်ကြားရတယ်။

"ဟဲလို. . အိမ်ရှင်တို့. . မစ္စတာပါစကယ်တို့အိမ်ပါလား ခင်ဗျာ. ."

ဘားလန်းက အိမ်တွင်းကို လှမ်းမေးနေဆဲမှာပဲ ခန်းဆီးစ လှုပ်ရှားလာပြီး အသက်ကြီးကြီး အမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရတယ်။ သူမက တံခါးကို ညင်သာစွာဖွင့်လိုက်ပြီး. .

"ဟဲလို. . ဘယ်သူပါလဲ၊ ဘာကိစ္စရှိလို့ပါလဲ. ." လို့ ယဉ်ကျေးစွာမေးတယ်။

သူမက ဖရီဒါ့အမေဖြစ်မယ်ဆိုတာ မြင်တာနဲ့သိလိုက်တယ်။ ဘားလန်းက သူ့ရဲ့ရှည်လျားတဲ့ ခါးကို ကိုင်းညွတ်ပြီး. .

"ကျွန်တော် ဖရီဒါ့သူငယ်ချင်းပါ၊ ဖရီဒါနဲ့ တွေ့ချင်လို့ ခရီးဝေးကလာခဲ့တာပါ. ."

ဘားလန်းက ဖရီဒါသင်ပေးလိုက်တဲ့အတိုင်းပြောတယ်။ ဖရီဒါ့အမေက ဘားလန်းရဲ့စကားကြောင့် ချက်ချင်း ပြန်လည် မပြောနိုင်ဘဲ ဘားလန်းကို ငေးကြည့်ပြီး. .

"အထဲမှာထိုင်ပါဦးကွယ်. . သမီးလေးနဲ့ ဘယ်လိုသိခဲ့တာလဲ၊ မင်းကဘယ်သူလဲ. ."

"ကျွန်တော်တို့ အိုပါစီမြို့က ဟိုတယ်မှာ အလုပ်လုပ်ရင်း သိခဲ့တာပါ၊ သူဟာ ကျွန်တော့်အပေါ် အရမ်းကောင်းတဲ့ မိတ်ဆွေ တစ်ယောက်ပါ။ သူအလုပ်ထွက်သွားပြီးကတည်းက အဆက်အသွယ် မရဘူး၊ ကျွန်တော် ခရီးသွားရင်း ဖရီဒါ့ကို သတိရလို့ ဝင်လာခဲ့တာပါ"

သူမရဲ့ မျက်နှာဟာ ခဏချင်းပဲ ဝမ်းနည်းကြေကွဲတဲ့ အမူအရာအသွင် ပြောင်းသွားတယ်။

"ဟုတ်တယ်. . သမီးလေးက သိပ်သဘောကောင်းတယ်၊ သူမရဲ့ပင်ကိုစိတ်ကိုက အခြားသူ တစ်ဖက်သားကို ကူညီဖေးမ ချင်တဲ့စိတ်ဓာတ်အပြည့်ရှိတယ်။ ဒါပေမဲ့ သမီးလေးက ဒီဘဝမှာ



ကံမကောင်းရှာပါဘူးကွယ်။ ဖရီဒါဟာ အက်စီးဒင့်တစ်ခုကြောင့် လွန်ခဲ့တဲ့နှစ်နှစ်က ရုတ်တရက်ကွယ်လွန်သွားပါပြီ. ."

ဘားလန်းက တုန်လှုပ်သွားဟန်နဲ့. .

"ဟင်. . ဟုတ်လား. . သူမ ဒါကြောင့် ကျွန်တော့်ဆီ အဆက်အသွယ် မလုပ်တာကိုး. . ကျွန်တော် စိတ်မကောင်းပါဘူး အန်တီ။ ကျွန်တော်လာတာ အန်တီတို့အတွက် စိတ်အနှောင့်အယှက် ဖြစ်သွားရပြီပေါ့။ ဖရီဒါ့သတင်းကို ကြားရတာ ကျွန်တော်လည်း အန်တီတို့နဲ့ ထပ်တူထပ်မျှ ကြေကွဲရပါတယ်"

"ဘယ်တတ်နိုင်မလဲကွယ်၊ ဖြစ်ပြီးသွားပြီပဲ. . အန်တီတို့ ဘက်ကလည်း မင်းကိုအားနာပါတယ်။ သမီးနဲ့တွေ့ဖို့ ခရီးဝေးက လာခဲ့ရတယ်ဆိုတော့. . ဒါနဲ့ မင်းနာမည်က ဘယ်သူတဲ့လဲ. ."

"ကျွန်တော် ဘားလန်းပါ၊ 'စိဂါဘားလန်း' လို့ ခေါ်ပါ တယ်. ."

ဖရီဒါ့အမေက ခဏစဉ်းစားပြီး. . "အဲဒီလိုနာမည်မျိုးတော့ ဖရီဒါ့ဆီက တစ်ခါမှ မကြားဖူးဘူး။ ဒါပေမဲ့ ဖရီဒါက မိတ်ဆွေ အပေါင်းအသင်းပေါတော့ အန်တီ သတိ မထားမိတာဖြစ်မှာပါ. ."

ဘားလန်းက သူမရဲ့စကားကြောင့် အနည်းငယ် စိုးရွံ့သွားပြီး စကားလမ်းကြောင်းပြောင်းပြောရတယ်။

"မစ္စတာပါစကယ်ရော မရှိဘူးလားအန်တီ. ."

"အော်. . ရှိပါတယ်၊ အိမ်နောက်က ခြံထဲမှာ လမ်းလျှောက် နေတယ်၊ နေဦး. . ပါစကယ်ကို သွားခေါ်လိုက်ဦးမယ်. ."

ဖရီဒါ့အမေထွက်သွားတော့ ဧည့်ခန်းထဲမှာ သူတစ်ယောက် ထဲကျန်ခဲ့တယ်။ ဧည့်ခန်းက လိုတာထက် ပိုတိတ်ဆိတ်နေပြီး မီးလုံး မှိန်မှိန်လေး တစ်လုံးသာ ထွန်းထားတာကို အပြင်က သူတွေ့ခဲ့တဲ့ အတိုင်း တွေ့ရတယ်။ အခန်း နံရံတွေပေါ်မှာ ရှေးကျတဲ့ မှန်ကီးမှန်ဝါး ပန်းချီကားတွေ ချိတ်ဆွဲထားတယ်။ အိမ်ရဲ့ကြမ်းခင်းကို ကျွန်းသစ်တွေ နဲ့ အပြည့်ခင်းထားပြီး ထိုင်ခုံတွေကလည်း သေသပ်ကောင်းမွန်တဲ့ လက်ရာတွေဖြစ်ကြောင်း အနီးကပ်တွေ့ရတယ်။ ဧည့်ခန်းထဲကနေ

အပေါ်ထပ်တက်တဲ့လှေကားက အမည်းရောင် လက်ရန်းနှစ်ဖက်ပါ ရှေးလက်ရာပဲ။ ဘားလန်းက ဧည့်ခန်းထဲကို မျက်စေ့ ကစားပြီး လှေ့လာနေတုန်း ပိန်ပိန်ပါးပါး၊ ခေါင်းတစ်ခေါင်းလုံး ငွေရောင်ဆံပင်အပြည့်ပါတဲ့ မစ္စတာပါစကယ်က သူ့ကိုပြုံးပြရင်း ဧည့်ခန်းထဲကို ဝင်လာတယ်။ မစ္စတာပါစကယ်ဟာ အသက်ကြီးပေမဲ့ သူ့ရဲ့ မျက်ဝန်းတွေက တောက်ပနေဆဲပဲဆိုတာ တွေ့ရတယ်။ သူက ဘားလန်းကို နှုတ်ဆက်ဖို့ လက်ကမ်းပေးရင်း. .

"ကျုပ်က ဖရီဒါ့အဖေပါ. . ဖရီဒါ့သူငယ်ချင်းနဲ့ တွေ့ရတာ ဝမ်းသာပါတယ်. . "

ဘားလန်းက ဟန်မပျက် ပြန်ပြီး လက်ဆွဲနှုတ်ဆက်လိုက်တယ်။ ဒါပေမဲ့ သူ့ရဲ့လက်တွေ အလွန်တရာ အေးစက်နေတာကို မစ္စတာပါစကယ် သတိထားမိသွားမှာ စိုးရိမ်မိတယ်။ ဒါပေမဲ့ မစ္စတာပါစကယ်က တကယ် သတိထားမိသွားတယ်။

"မောင်ရင့်လက်တွေက အလွန်အေးစက်လှပါလား၊ ထိုင်ပါ. . ထိုင်ပါ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ကျုပ်တို့ဆီကို ရပ်ဝေးက သမီးသူငယ်ချင်းတွေ တစ်ခါမှမလာဖူးဘူး။ အေးလေ. . ကျုပ်တို့မြို့ကလည်း အနောက်ဘက်ဒေသ ကျလွန်းပါတယ်၊ တကူးတက လာနိုင်မှ ရောက်နိုင်တဲ့မြို့ပဲ. . ဖရီဒါ့သတင်း ကြားပြီးရောပေါ့၊ အလွန်ဝမ်းနည်းဖို့ ကောင်းတဲ့ကိစ္စပဲ၊ ကျုပ်သမီးကို တစ်နေ့မှ မေ့မရပါဘူးဗျာ. . ဒါနဲ့ မောင်ရင် ဖရီဒါ့ဆီ အလည် သက်သက်ပဲလား. . အရင်ကရော ဒီမြို့ကိုရောက်ဖူးသလား. . "

မစ္စတာပါစကယ်က အိမ်ရှင်ပီသစွာ တရင်းတနှီး မေးပေမဲ့ သူ့မျက်လုံးတွေကတော့ ဘားလန်းကို စူးစမ်းဆဲ၊ လေ့လာဆဲပဲ။

"ကျွန်တော် အခုမှ ဒီမြို့ကို ရောက်ဖူးတာပါ. . " ဘားလန်းက သူ့စကားတွေ ဖြည်းဖြည်းမှန်မှန်ဖြစ်အောင် ကြိုးစားပြီး ပြောတယ်။

"ကျွန်တော့်မှာ တစ်ခြားရည်ရွယ်ချက် တစ်ခုလည်း ရှိပါတယ်၊ တကယ်လို့ ဖရီဒါ ဒီမှာရှိနေတယ်ဆိုရင် ကျွန်တော်တွေ့ချင်တဲ့



လူတစ်ယောက်ကို ကူညီ စုံစမ်းနိုင်းဖို့လည်း ပါ,ပါတယ်၊ အခုတော့ ဖရီဒါ မရှိတော့ဘူးဆိုတော့ တစ်မျိုး စီစဉ်ရတော့မှာပေါ့. . "

ဘားလန်းက ပါးနပ်တဲ့ မစ္စတာ ပါစကယ်ကို သွယ်ဝိုက်မနေတော့ပဲ လာရင်းကိစ္စကို အလေးအနက်ထားပြီး ပြောလိုက်တယ်။

"မောင်ရင်က ကျုပ်ရဲ့သမီးကို အားကိုးပြီး လာတဲ့သူဆိုတော့ မောင်ရင့်ကိစ္စ ကျုပ်ကူညီရမှာပေါ့၊ မောင်ရင် တွေ့ချင်တဲ့သူက ဘယ်သူလဲ၊ ဒီပယင်းနီမြို့ကလား. . ဒီမြို့ကဆိုရင်တော့ ကျုပ်မသိတဲ့သူ မရှိသလောက်ပဲ၊ ကျုပ်က ဒီမြို့သားစစ်စစ်ပဲ. . "

မစ္စတာပါစကယ်က ကူညီဖို့ လိုလိုလားလားပဲပြောတယ်။ ဖရီဒါပြောတာ မှန်တယ်၊ ဖရီဒါ့အဖေလို့ မပြောရဘူး။ ကူညီဖို့ အသင့်ပဲ။

"အဲဒါတော့ ကျွန်တော် သေချာ မသိပါဘူး. . ကျွန်တော်တွေ့ချင်တဲ့သူက ဒီမြို့ကို ရောက်နေတယ်ဆိုလို့ လိုက်လာခဲ့တာပါ၊ သူ့နာမည်က ပုလဲနက်လို့ခေါ်တယ်။ သူက အခုလောက်ဆို အသက်အရွယ်ကြီးရင့်နေလောက်ပြီ။ တကယ်တော့ သူက မှော်ဆရာ တစ်ယောက်ပါ။ ကျွန်တော် သူ့ကိုရှာနေတာ. . "

ဘားလန်းက သတိနဲ့ ပြောပေမဲ့ မစ္စတာပါစကယ်ဟာ နားရှုပ်သွားတယ်ထင်တယ်။

"ဘယ်လို. . ဘယ်လို. . မှော်ဆရာတစ်ယောက် ဟုတ်လား၊ ထူးဆန်းလှပါလား. . မောင်ရင်ကလည်း မှော်ဆရာ တစ်ယောက်ပဲလား၊ ကျုပ်အထင် မမှားဘူးဆိုရင် မောင်ရင့်ကိစ္စမှာ တစ်ခုခု လျှို့ဝှက်ချက်ရှိနေသလားပဲ. . ကျုပ်အနေနဲ့ မောင်ရင်ဟာ ဘယ်သူ ဘယ်ဝါဖြစ်တယ် ဆိုတာကို တိတိကျကျသိရင်တော့ ပိုကောင်းတာပေါ့. . "

မစ္စတာပါစကယ်က ဘားလန်းကို အထူးဂရုစိုက်တဲ့အကြည့်နဲ့ ကြည့်ပြီးပြောတယ်။ မစ္စတာပါစကယ်ရဲ့ အကြည့်ကြောင့် ဘားလန်းက မနေတတ် မထိုင်တတ်သလို ဖြစ်သွားပြီး မွန်းကျပ်လာတယ်။ ဒါကို မစ္စတာပါစကယ်က သိတယ်။

"ကောင်းပြီလေ၊ မောင်ရင် ပြောမပြနိုင်ဘူးဆိုရင်လည်း မပြောပါနဲ့။ ကျုပ်တော့ မောင်ရင့်ကိစ္စ ထူးဆန်းတယ်ဆိုတာ ရိပ်မိပါတယ်။ သမီးရဲ့မိတ်ဆွေဆိုတော့လည်း ကျုပ်အတတ်နိုင်ဆုံး ကူညီချင်ပါတယ်. . ပုလဲနက် မှော်ဆရာဆိုတာ ဒီမြို့မှာ တကယ်ရှိခဲ့ရင်တော့ မောင်ရင်တွေ့ရဖို့ ကျုပ်အစွမ်းကုန်ရှာဖွေပေးမယ်။ တကယ်လို့ မရှိခဲ့ဘူးဆိုရင်တော့ ကျုပ်လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး. ."

ဘားလန်းက မစ္စတာပါစကယ့်စကားကြောင့် နေရထိုင်ရ ပုံမှန်ပြန်ဖြစ်လာတယ်။

"မစ္စတာပါစကယ်ရဲ့စကားကြားရတာ ကျွန်တော်အတိုင်းမသိ ဝမ်းသာမိပါတယ်. . အဲ. ကျွန်တော့်အကြောင်းကို ဖြစ်နိုင်ရင် ပြောပြချင်ပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားသိသွားရင် စိတ်ညစ်စိတ်ရှုပ်ထွေး သွားရုံကလွဲပြီး ဘာမှအကြောင်းထူးလာမှာ မဟုတ်ဘူးထင်တယ်. ." ဘားလန်းက တိုးတိတ်စွာပြောရင်း သူ့ရဲ့ ဒူးနှစ်လုံးကို ကပ်နေအောင် ပူးထားပြီး အားငယ်လို့နေတယ်။

မစ္စတာပါစကယ်က ဘားလန်းကို စိတ်ဝင်စားလွန်းအားကြီးသွားတယ်။

"မောင်ရင်ပြောတာ အလွန့်ကို ပဟေဠိဆန်တယ်။ ကျုပ်ကလည်း လူတစ်မျိုးပဲ၊ ဘဝမှာ ရင်ခုန်ရမှု စွန့်စားရမှု နေပျော်တယ်လို့ အယူရှိတဲ့လူမျိုး။ အဲဒီလို စိတ်ညစ်စရာ၊ စိတ်ရှုပ်ထွေးစရာလို့ ပြောလို့ကို ပိုပြီးတောင်သိချင် လာမိတယ်. ." မစ္စတာပါစကယ်က သိချင်စိတ် ပြင်းပြစွာပြောတယ်။

ဘားလန်းက သက်ပြင်း နှစ်ခါချပြီး. .

"ကျွန်တော် ပြောနိုင်တာ တစ်ခုက အခုကိစ္စဟာ ခင်ဗျားထင်သလို အံ့ဩထူးဆန်းဖွယ် ကောင်းတယ်ဆိုတာ မှန်ပါတယ်. . ပုလဲနက် မှော်ဆရာ ရှိမရှိ စုံစမ်းပြီးရင်တော့ ကျွန်တော် အားလုံးကို ပြောပြနိုင်လိမ့်မယ်လို့ ထင်ပါတယ်. . ." ဘားလန်းက ဘာမှ ဆက်မပြောနိုင်တော့ဘဲ ငြိမ်ကုပ်သွားတယ်။



မစ္စတာပါစကယ်က ဘားလန်းအရိပ်အကဲကို ကြည့်ပြီး နားလည်စွာနဲ့ . .

"ကောင်းပြီလေ. . မောင်ရင်လည်း ခရီးပန်းလာတယ်ဆိုတော့. . ဒီညတော့ နားလိုက်ပါအုံး. . နောက်နေ့မှ ဆက်ဆွေးနွေးကြတာပေါ့. ."

"ဒီအနီးအနားမှာ ဟိုတယ်တစ်ခုခုများ ရှိမလား. . ကျွန်တော်တည်းခိုဖို့ မစီစဉ်ရသေးဘူး. ." ဘားလန်းက မတ်တတ်ထရင်း မေးတယ်။

"အို. . မဟုတ်တာ၊ ကျုပ်အိမ်က အကျယ်ကြီးပါ. . ဖရီဒါ ညွှဲသည်ပဲ။ ကျုပ်အိမ်မှာပဲ တည်းရမှာပေါ့။ မောင်ရင်ဟာ ဘယ်လောက်ပဲ ပဟေဠိဆန်ဆန် မှော်ပညာနဲ့ ကျုပ်တို့ကိုတော့ ဒုက္ခမပေးလောက်ဘူးလို့ ကျုပ်သုံးသပ်မိတယ်. . ဟဲ. . ဟဲ၊ မောင်ရင် ဒီအောက်ထပ်က ဖရီဒါ နေသွားတဲ့အခန်းမှာပဲ တည်းပါ၊ ကျုပ်တို့လင်မယား နှစ်ယောက်က အိမ်အပေါ်ထပ်မှာ အိပ်တာဆိုတော့ ကျုပ်တို့အတွက် ပြဿနာ မရှိပါဘူး. ."

မစ္စတာပါစကယ်က ရယ်ရယ်မောမောပြောရင်း အဓိပ္ပါယ်တစ်မျိုးပါတဲ့ စကားပါ ထည့်ပြောတယ်။

"ကျွန်တော့်ကို အခုလို တည်းခိုခွင့်ပြုတာ ကျေးဇူးတင်ပါတယ်. . ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ကို အနှောင့်အယှက် မပေးပါဘူးလို့ ကတိပြုပါတယ်. ."

ဘားလန်းက ပါးရေနပ်ရေရှိတဲ့ မစ္စတာ ပါစကယ်ကို ကတိပေးတယ်။

"အခုလောက်ဆိုရင် ကျုပ်မိန်းမ မီးဖိုခန်းထဲမှာ ညစာစီစဉ်ပြီးလောက်ပြီ၊ ညစာစားပြီးမှ အနားယူတာပေါ့၊ မကောင်းဘူးလား"

"ကျွန်တော် လမ်းက စားသောက်ဆိုင် တစ်ဆိုင်မှာ ညစာစားခဲ့ပြီးပါပြီ။ အိမ်ရှင်ကို ဒုက္ခ မပေးချင်လို့ ကြိုတင်စားလာခဲ့မိတာ ခွင့်လွှတ်ပါ၊ နောက်နေ့ကျမှ စကားပြောရင်း အတူတူစားကြတာပေါ့. ."

"ဩော်. . မောင်ရင်က တစ်ခါတည်း အပြင်မှာစားလာတာကိုး. . ဒါဆိုကောင်းပြီလေ. . မောင်ရင်အိပ်ရမဲ့ အခန်းက ဒီဘက်ထောင့်ကအခန်းပဲ၊ စိတ်ချလက်ချအနားယူပါ။ အခန်းထဲမှာ အားလုံးအဆင်သင့်ရှိတယ်။ ရေချိုးခန်းအိမ်သာလည်း တွဲလျက်ပဲ. . ."

မစ္စတာပါစကယ်က ညှို့ဝတ်ကျေစွာ ပြောပြီး ဘားလန်းကို ဖရီဒါ သက်ရှိထင်ရှားရှိစဉ်က နေခဲ့တဲ့အခန်းကို ပို့ပေးတယ်။အခန်းထဲမှာ ဧည့်သည် တစ်ယောက်အတွက် အမြဲတမ်း လွယ်လင့်တကူ တည်းခိုနိုင်အောင် စီစဉ်ထားတာကို တွေ့ရတယ်။

"ကျုပ်အိမ်ကို မကြာမကြာ ဧည့်သည်လာတတ်တော့ ကျုပ်မိန်းမက ဒီအခန်းကို အမြဲအဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားတယ်လေ. ."

မစ္စတာပါစကယ်က အခန်းထဲကို လိုက်ပြရင်း ရှင်းပြတယ်။

"မောင်ရင် အေးအေးဆေးဆေး အနားယူပါ၊ လိုအပ်တာရှိရင်လည်း ပြောပါ"

ဘားလန်းက သေသပ်ကောင်းမွန်တဲ့ အခန်းရဲ့ဖွဲ့စည်းပုံကို ကြည့်ပြီး ကြည်နူးသွားတယ်။

"ဒီလောက်ကောင်းတဲ့အခန်းမှာ ဘာမှမလိုလောက်တော့ဘူးထင်ပါတယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ. ."

"ဟုတ်ပြီ. . စိတ်ချလက်ချ အနားယူလိုက်ဦး၊ ဂွတ်နိုက်. . ဂွတ်နိုက်. ."

မစ္စတာပါစကယ်က သူ့ကိုနှုတ်ဆက်ပြီး အခန်းထဲက ထွက်သွားတော့မှ ဘားလန်းရင်ထဲက မွန်းကျပ်မှု၊ ထိတ်လန့်မှုတွေ ပြေပျောက်သွားတော့တယ်. . ဖရီဒါရဲ့အခန်းက သပ်ရပ်ကောင်းမွန်လွန်းတယ်။ ဈေးလက်ရာအိမ်ဖြစ်လို့ အသုံးအဆောင်ပစ္စည်းတွေကလည်း တန်ဖိုးကြီးစွာပဲ မဟာဆန်တယ်လို့ပြောရမယ်။ အပြာရောင် မီးဆိုင်းတွေနဲ့ အဝိုင်းပုံစံ မျက်နှာကြက်၊ ခန်းလုံးပြည့်ကြက်သွေးရောင် လိုက်ကာတွေ၊ ငွေရောင် အနားကွပ်ထားတဲ့



ထူထဲတဲ့ကိုယ်လုံးပေါ်ကြေးမုံမှန်ကြီး တစ်ချပ်၊ မဟော်ဂနီရောင် စာကြည့်စားပွဲ၊ သစ်ထွင်းထိုင်ခုံဝိုင်း တစ်လုံး။ ခေါင်းရင်းဘက်မှာ အဖြူရောင် ပြတင်း ပေါက်နဲ့. . .

ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်တော့ အဝါရောင် နှင်းဆီပန်းတွေနဲ့ ဒေလီယာပန်း ရောင်စုံတွေ အစီအရီ ဖူးပွင့်နေကြတယ်။ ပုဏ္ဏာရိပ်ပင်တွေနဲ့ ရောယှက်နေတဲ့ ခြံစည်းရိုးကို လှမ်းမြင်ရပြီး ခြံထဲမှာ အကိုင်းအခက်တွေနဲ့ အရွက်သေးသေး သစ်ပင်ကြီးတစ်ပင်ကိုလည်း လှပတဲ့ပန်းချီကား တစ်ချပ်အလား တွေ့ရတယ်။ ပြတင်းပေါက်ကို ဖွင့်လိုက်တာနဲ့ တစ်ခြံလုံးရှိ ပန်းရနံ့ပေါင်းစုံတို့ဟာ အခန်းထဲကို အလုအယက်ဝင်လာကြတယ်။ ထူးဆန်းတဲ့ ပြင်းရှရှ အနံ့တစ်ခုလည်း ၎င်းပန်းရနံ့တွေနဲ့အတူ ပါရှိလာတာကို အနံ့ရလိုက်တယ်။ ဘားလန်းက မျက်နှာ တစ်ချက်တည်သွားပြီး ၎င်းအနံ့ကို သေချာအနံ့ခံကြည့်ရင်း သူ့စိတ်ထဲမှာ စိုးရိမ်သောကတွေ ပြန်လည်ဝင်ရောက်လာတယ်။ ၎င်းအနံ့က အကိုင်းအခက်တွေ များပြားပြီး အရွက်သေးသေးနဲ့ သစ်ပင်ကြီးပေါ်က လာတာလားပဲ. .

ငါ ဒီအနံ့ကို မကြိုက်ဘူး . . ငါ့နောက်ကို တစ်ဦးဦးက ခြေရာခံလိုက်နေပြီလား။ ဘယ်သူဖြစ်မလဲ။ သံသယအတွေးတွေနဲ့ ငေးကြည့်နေစဉ်မှာပဲ ၎င်းသစ်ပင်ဟာ လေမတိုက်ဘဲ သစ်ကိုင်းတွေ လှုပ်ခတ်သွားပြီး မည်းမည်းအရိပ်တစ်ခု သစ်ကိုင်းတစ်ကိုင်းက တစ်ကိုင်း ရုတ်တရက် ခုန်ကူးလိုက်တာကို မြင်လိုက်ရတယ်။ ဘားလန်းက အလျင်အမြန်ပဲ တံခါးကို ပြန်ပိတ်ပြီး ကလန့်ချထားလိုက်တယ်။ အခန်းထဲမှာ အရာအားလုံးက တိတ်ဆိတ်ငြိမ်သက်နေပေမဲ့ ပြတင်းပေါက် ခန်းဆီးလိုက်ကာကတော့ လှုပ်နေတုန်း။

ငါ့စိတ်တွေ ချောက်ချားနေလို့ ဖြစ်မှာပါ. . တကယ်တမ်းတော့ ငါ့နောက်ကို ဘယ်သူမှလိုက်လာစရာ အကြောင်း မရှိပါဘူး။ ဒေါက်တလောက်ရဲ့တပည့် တစ်ဦးတလေကလည်း ဒီလောက် ခရီးအဝေးကြီးအထိ လိုက်လာစရာ မရှိဘူး။ ဒါဆိုရင် ငါတွေ့လိုက်တဲ့ အရိပ်မည်းမည်းက ဘယ်သူလဲ။ ဒေါက်တလောက် ကိုယ်တိုင်ရော

မဖြစ်နိုင်ဘူးလား။ အို . . ဒါတွေ တွေးနေလို့ ဘာမှ အကြောင်း မထူးပါဘူး။ ဘယ်သူပဲဖြစ်ဖြစ် ဘာမှကြောက်စရာ မလိုဘူး။ခုလော လောဆယ်တော့ ငါအရမ်း ပင်ပန်းနေပြီ၊ အိပ်လိုက်တာပဲ ကောင်း တယ်. . အိစက်ညက်ညောတဲ့ အိပ်ရာပေါ်ကို လှဲအိပ်လိုက်တယ် ဆိုရင်ပဲ ခရီးပန်းတာ စိတ်ပင်ပန်းတာတွေကြောင့် ခဏအတွင်း အိပ်ပျော်သွားတယ်။

"ဝုန်း. . ဝုန်း. . ဝုန်း. . . ဒေါက်. . ဒေါက်. . ဒေါက်. . "

ဘာသံတွေလဲ. . ဘာတွေလဲ. . အိပ်မက်လား၊ တဝုန်းဝုန်း ဆူနေတဲ့အသံကြောင့် ဘားလန်းလန့်နိုးလာတယ်။ဘယ်သူတွေလဲ. . ဘာကြောင့် ဒီလောက် ဆူညံနေရတာလဲ။ မစ္စတာပါစကယ်တို့ လင်မယားလား၊ စိတ်ထဲမှာ အတွေးပေါင်း စုံသွားတယ်။ နေဦး. . အသံက အိမ်ထဲကလာတာ မဟုတ်ဘူး။ ငါ့ခေါင်းရင်း ပြတင်းပေါက် ကို ထုနေတဲ့အသံပဲ၊ ဒါဆိုရင် စောစောက ငါတွေ့လိုက်တဲ့ ဟိုသစ်ပင် ပေါ်က မည်းမည်းသတ္တဝါပဲလား. . ထုရိုက်သံ တံခါးခေါက်သံဟာ အဆက်မပြတ်ထွက်လာဆဲပဲ။ ဘားလန်းက ပြတင်းပေါက်ကို မဖွင့်ဘဲ လိုက်ကာကို ဖယ်ကြည့်ပြီး. .

"အပြင်က ဘယ်သူလဲ. . ဘာလို့ တံခါးကို အဆက်မပြတ် ထုနေတာလဲ. . "

ဘားလန်းရဲ့အသံကြောင့် တံခါးထုသံဟာ ရပ်တန့်သွား တယ်။

"ဟော့ကောင်. . မင်း အပြင်ထွက်ခဲ့၊ မင်းကို ငါမကျေနပ် ဘူး. . မင်းကို အပြစ်ပေးရမယ်၊ ခုချက်ချင်း အပြင်ကို ထွက်ခဲ့ စမ်း. . "

အပြင်ဘက်ကအသံ. . ၎င်းအသံကြောင့် ဘားလန်း အိပ်ချင်စိတ်ပျောက်သွားပြီး စိတ်ရှုပ်သွားတယ်၊ သေချာပြီ. . ဟိုမည်းမည်းကောင်ပဲ. . .

"ခင်ဗျား ဘာကို မကျေနပ်တာလဲ. . ဘာလိုချင်လို့လဲ. . "

"စကား ရှည်မနေနဲ့. . မင်းကို ဒီမှာ အိပ်ခွင့် မပေးနိုင်ဘူး၊



မင်းဘာကောင်လဲဆိုတာ မင်းကိုယ်မင်း သိရဲ့လား. . တံခါးဖွင့် စမ်း. . "

အပြင်ဘက်က အော်ပြောသံဟာ အရမ်းကျယ်လောင်လာ လို့ ဒေါသထွက်နေတယ်ဆိုတာ အသံကြားရုံနဲ့သိနိုင်တယ်။ ဘားလန်းက ခဏငြိမ်နေပြီးမှ မဖြစ်သေးပါဘူး။ မစ္စတာပါစကယ်တို့ လင်မယားကို ဒုက္ခ မပေးဘူးလို့ ငါကတိပေးထားတယ်။ ဆူဆူညံညံ အသံတွေ ကြားသွားရင် ဘယ်နည်းနဲ့မှ နှစ်သက်မှာမဟုတ်ဘူး။ မစ္စတာပါစကယ်က ငါ့ကို မကူညီတော့ရင် ငါ့ရည်ရွယ်ချက် ပျက်သွား လိမ့်မယ်။ ဒီလိုတော့ အဖြစ်မခံနိုင်ဘူး။ အပြင်ဘက်က အသံနဲ့ ရင်ဆိုင်လိုက်တာပဲ ကောင်းမယ်။ ဘားလန်းက ဆုံးဖြတ်ချက်အမြန်ချ ပြီး ပြတင်းပေါက်တံခါးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ မည်းနက်ပြီး ကြီးမားတဲ့ လက်ကြီးနှစ်ဖက်က အခန်းထဲကို အရင် ဝင်ရောက်လာ တော့တယ်။ဘားလန်းက နောက်ကို ဆုတ်လိုက်ရင်း. .

"ခင်ဗျားဘယ်သူလဲ. . ဘာကိစ္စကြောင့် ကျွန်တော့်ကို နှောင့်ယှက်ရတာလဲဗျ. . "

ဘားလန်းက မေးရင်း အမှောင်ထဲက လက်မည်းပိုင်ရှင်ကို သေချာကြည့်လိုက်တယ်။ ၎င်းဟာ ဂေါ်ဇီလာတစ်ကောင်လား ဘာလား. . အမွေးအမှင်တွေနဲ့. . မျက်လုံးနှစ်လုံးက အစိမ်းရင့် ရောင်တောက်နေပြီး ခန္ဓာကိုယ်ပုပု၊ လက်ရှည်ရှည် သတ္တဝါ တစ်ကောင် ဖြစ်နေတာကိုတွေ့ရတယ်။ သရဲတွေထဲက ပုံဆိုးပန်းဆိုး သရဲတစ်ကောင်ပဲလား. . ၎င်းက ပြတင်းပေါက်မှနေ အခန်းထဲကို ကျော်ဝင်လာဖို့ကြိုးစားတယ်။ ဘားလန်းက အဝင်မခံဘဲ သူ့လက် မည်းကြီးတွေကို အခန်းအပြင်ဘက် ရောက်အောင် တွန်းတွန်း ထုတ်နေရတယ်။

"မင်းကို သတ်ရမယ်ကွ. . မင်းက ငါ့နယ်မြေထဲကို ခိုးကြောင်ခိုးဝှက်နဲ့ ကျူးကျော်ဝင်လာပြီး လူယောင်ဆောင်ထားတဲ့ သရဲတစ်ကောင်. . မင်း ဘာရည်ရွယ်ချက်နဲ့ ဒီကိုရောက်လာတာလဲ။ ငါ့နယ်မြေကို မောင်ပိုင်စီးချင်လို့ မဟုတ်လား။ ငါ့ပိုင်နက်ကို လိုချင်

ရင်တော့ ငါ့ကိုနိုင်အောင်သတ်မှဖြစ်မှာပေါ့. . အဲဒီတော့ တို့နှစ်ယောက် လွတ်လွတ်လပ်လပ်သတ်ရအောင် အပြင်ဘက်ကို ထွက်ခဲ့စမ်းပါ ရှည်မျောမျောကောင်ရဲ့. . လာစမ်းပါ. . "

ဒေါသထွက်နေတဲ့ သရဲမည်းမည်းရဲ့လက်ကို ချုပ်ကိုင်ထားရလို့ ဘားလန်းက စကား ပြန်မပြောနိုင်သေးဘဲဖြစ်နေတယ်။

"နေဦး. . နေပါဦး. . ခင်ဗျားရဲ့ဒေါသတွေ ခဏချုပ်တည်းထားပါဦး၊ ခင်ဗျားဖြစ်ချင်တာ ဖြစ်ရပါစေ့မယ်။ ဒါပေမဲ့ ကျွန်တော်ပြောတာကို ခဏလောက် နားထောင်ပြီး ခင်ဗျားကြိုက်သလို ဆုံးဖြတ်ပါ ဟုတ်ပြီလား. . "

သရဲမည်းမည်းက ဘားလန်းကို အနီရောင်အစိမ်းရင့်ရောင် မီးတောက်မျက်လုံးတွေနဲ့ ကြည့်နေဆဲပဲ။

"ပြောစမ်း. . မင်း ဘာပြောမလဲ၊ ငါ့ကို ညာမယ်တော့ မကြံနဲ့ တောသားလောရှည်. . ဒီခြံထဲမှာ ငါတစ်ကောင်ထဲ မဟုတ်ဘူးဟေ့. . ငါ့နောက်ဘက်ကို သေသေချာချာကြည့်လိုက်. . ပယင်းနီမြို့မှာ သရဲတစ္ဆေ ဘယ်လောက်ပေါတယ်ဆိုတာ မင်းတွေ့ရမယ်. . "

ဘားလန်းက သရဲမည်းမည်းရဲ့စကားကြောင့် ၎င်းရဲ့နောက်ကို ကျော်ကြည့်လိုက်တော့ ခြံထဲမှာသရဲတစ္ဆေတွေ ပုံစံအမျိုးမျိုးနဲ့ သူ့ကိုဝိုင်းပြီး အမဲဖျက်ဖို့စောင့်နေကြတာကို တွေ့လိုက်ရတယ်။ သရဲတွေဟာ အမှောင်ထဲကနေ ဘားလန်းကို စိုက်ကြည့်နေကြတယ်။ ခန္ဓာကိုယ်အရွယ်အစား အမျိုးမျိုးရှိနေတာ သူတို့ရဲ့ တောက်ပတဲ့ မျက်လုံး အနီမှိုအမြင့်တွေကို ကြည့်ရင် သိနိုင်တယ် . . . ဒါကြောင့် ထင်းရှူးပင်တစ္ဆေက သတိပေးတာ. . ဝိညာဉ်ဘဝမှာ ခရီးသွားရတာ အန္တရာယ်များတယ်ဆိုတာ သူလက်တွေ့သိလိုက်ရတယ်. . အခုတော့ ဘယ်လိုလုပ်ရမလဲတောင် မသိတော့ဘူး. . .

ငါ သူတို့ကို ဘယ်လိုရှင်းပြရမလဲ။ အဖြစ်မှန်တွေကို ပြောပြရင် သူတို့လက်ခံပါ့မလား။ သူတို့လက်ခံရင် အကြောင်း မဟုတ်ဘူး။ လက်မခံရင်တော့ ဒီညဟာ ငါ့အတွက် နောက်ဆုံးညပဲဖြစ်မယ်။



သူတို့ထဲက တစ်ကောင်တလေကများ ငါ့ဘဝကို စာနာနားလည်ပေးနိုင်မလား။ ဒီလို တစ်ကောင်တလေတော့ ရှိနိုင်ကောင်းပါရဲ့။ အတတ်နိုင်ဆုံးတော့ ကြိုးစား ရှင်းပြကြည့်ရမှာပဲ။ လက်မခံရင်လည်း ကံတရားအတိုင်းပဲ ရှိပါစေတော့. .

ဘားလန်းက ဆုံးဖြတ်ချက်ချပြီး ပြတင်းပေါက်မှ အပြင်ကို ခုန်ထွက်လိုက်တယ်ဆိုရင်ပဲ ခြံထဲမှာ နေရာအနှံ့ ရှိနေတဲ့ သရဲတစ္ဆေတွေဟာ သူ့ဆီကို စုပြုံပြေးလာကြတယ်။ ဘားလန်းက မျက်လုံးကို မှိတ်ထားလိုက်ပြီး ကံစီမံရာခံဖို့ စောင့်နေလိုက်တော့တယ်။ညှာက် ဝိညာဉ် ဖန်ဆင်းပြီး ထွက်ပြေးဖို့လည်း စိတ်မကူးတော့ဘူး. . ဒါပေမဲ့ ဒေါသကြီးနေတဲ့ သရဲတစ္ဆေတွေရဲ့လက်တွေ သူ့ဆီ မကျရောက်သေးခင် မည်းမည်းသရဲရဲ့ဟန့်တားသံကြောင့် သရဲတွေဟာ ရပ်တန့်သွားတယ်။

"ငါ သူ့ကို မေးစရာရှိသေးတယ်. . သူကလည်း ပြောစရာရှိတယ်လို့ပြောတယ်၊ သူ ဘာပြောမလဲ စောင့်ကြည့်ကြစမ်း. . "

မည်းမည်း သရဲက သူ့တပည့်တွေကို ဟန့်တားလိုက်ရင်း ပြောတယ်. . .

"ပြောစမ်း. . . မင်းဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ၊ မင်းက လူယောင်ဆောင်ပြီး လူတွေနေတဲ့အိမ်မှာတောင် တက်အိပ်နေတယ်ဆိုတော့ တော်တော်သတ္တိရှိတဲ့ကောင်ပဲ. . အခု ဒီမှာရှိနေတဲ့ သရဲအားလုံးက ဒါကို မကျေနပ်ဘူး၊ ငါတို့လည်း လူယောင်သဏ္ဍာန် အယောင်ဆောင်နိုင်တာပဲ၊ ဒါပေမဲ့ ဒါကို ငါတို့ ဘယ်တော့မှ မလုပ်ခဲ့ဘူး။ ကိုယ့်နေရာကိုယ်နေ၊ သူ့နေရာသူနေ စည်းထားကြတယ်၊ ခု မင်းရောက်လာမှ ငါတို့ ထိန်းသိမ်းထားတဲ့စည်းကမ်း ပျက်ရတော့ မလိုဖြစ်နေပြီ။ မင်းလုပ်တာ တကယ်ဆိုးတယ်။ဒီမှာရှိနေတဲ့ အခြားဝိညာဉ်သရဲတွေက မင်းကို နမူနာယူပြီး အိမ်ပေါ်ခြေတက်နေရင် မခက်ပေဘူးလား။ အဲဒီလိုလုပ်ခဲ့ရင် လူသားတွေကလည်း ငါတို့ကို လက်ပိုက်ကြည့်နေမယ်လို့ထင်လား။ တစ်နည်းနည်းနဲ့ ငါတို့ကို မောင်းထုတ်မှာပဲကွ. . အဲဒီအခါကျမှ ဝိညာဉ်အားလုံး

ခွေးပြေး ဝက်ပြေး ပြေးရမှာကို မင်းမတွေးမိဘူးလား။ အဲဒီတော့ မင်းလုပ်ရပ် ဘယ်လောက် ဆိုးဝါးလဲဆိုတာ မင်းဘာသာမင်း တွေးကြည့်ပေတော့၊ ငါကတော့ ငါ့နယ်မြေမှာ ဗရုတ်သုတ္တတွေ အဖြစ်မခံနိုင်ဘူး. . ကဲ. . ပြောစမ်းပါဦး. . မင်း ဘာကြောင့် ဒီလိုလုပ်ရတာလဲဆိုတာ. . "

ဘားလန်းက မည်းမည်း သရဲပြောတာ မှန်လွန်းနေတော့ ဘာကစပြီး ပြန်ပြောရမှန်း မသိအောင်ဖြစ်သွားတယ်။

"ဟို . . ဒီလိုပါဗျာ. . တကယ်တော့ ကျွန်တော်ဟာ ဘာမှမသိ နားမလည်တဲ့ဝိညာဉ် တစ်ကောင်ပါ။ ခင်ဗျားပြောတဲ့ ဝိညာဉ်စည်းကမ်းတွေကိုလည်း မလေ့လာခဲ့မိပဲ ကျွန်တော့်စိတ်ထဲမှာ စွဲလမ်းမျှော်လင့်နေတဲ့ မျှော်လင့်ချက်လေး တစ်ခုကို ဦးတည်လုပ်ကိုင်နေမိတယ်. . အဲဒါဟာ ဘာလဲဆိုတော့ ရှေ့လမှာကျင်းပမဲ့ ဝိညာဉ်လွှတ်မြောက်ပွဲကို ပါဝင်ဆင်နွှဲချင်လို့ပါပဲ. . . "

ဘားလန်း စကားကြောင့် မည်းမည်းသရဲနဲ့ အပေါင်းပါတွေက ခွက်ထိုးခွက်လန် ရယ်မောကြတယ်။

"ကောင်လေး . . မင်း စကားကိုလည်း ကြည့်ပြောပါဦး။ မင်းလို ကလေကဝဝိညာဉ် သူများအိမ်မှာ ခိုးကြောင် ခိုးဝှက်လာနေတဲ့ကောင်က ဝိညာဉ်လွှတ်မြောက်ပွဲတက်ချင်တယ်ဆိုတော့. . ရယ်စရာ မကောင်းပေဘူးလား. . ဟား. . ဟား. . ဟား. . "

"မင်းထက် အတွေ့အကြုံများတဲ့ ငါတို့လိုကောင်တွေတောင် လွှတ်မြောက်ပွဲကို မတက်ရဲဘူး၊ မင်းတက်ရင်လည်း ဒီထက်ဆိုးတဲ့ ငရဲပြည်ကို ပို့ခံရဖို့ပဲရှိမယ်. . ဟား. . . ဟား. . ဟား. . "

"ဟုတ်ပါတယ်. . ခင်ဗျားတို့ပြောတာ မှန်မှာပါ၊ ခင်ဗျားတို့အမြင်မှာ ကျွန်တော်ဟာ လွင့်မျောနေတဲ့ ဝိညာဉ်တစ်ကောင် ဖြစ်နေမှာပါပဲ။ ဒါပေမဲ့ ကျွန်တော်စိတ်ထဲမှာတော့ ဝိညာဉ်လွှတ်မြောက်ပွဲကို တက်ချင်မိတော့တာပဲ. . ဒါပေမဲ့ ကျွန်တော် မတက်ဖြစ်အောင် ဒုက္ခရောက်အောင် လုပ်နေတဲ့သူကရှိသေးတယ်။ သူက ဒေါက်တာလော့က်သရဲ. . ခုလည်း သူ့ရန်ကို ရှောင်ရှားရင်း ဒီကိုရောက်လာ



ရတာပါ။ ခင်ဗျားတို့ နားလည်ခွင့်လွှတ်စေချင်တယ်. . ကျွန်တော့်မှာ တစ်ခုတည်းသော မျှော်လင့်ချက်က ဝိညာဉ်လွှတ်မြောက်ပွဲနေ့မှာ ကျွန်တော့်ကို မြှုပ်နှံတဲ့နေရာမှာ ကျွန်တော်ရှိနေမှ ဖြစ်မှာမဟုတ်လား . . ဒေါက်တာလော့က် သရဲကလည်း ကျွန်တော်တို့သချိုင်းမှာ သရဲပိုင်လ်. . . အဲဒါကြောင့်. . . "

"ကျွန်တော့်ကို သချိုင်းထဲ လုံးဝကို အလာမခံဘူး. . ကျွန်တော့်ကို ကူညီနိုင်တာဆိုလို့ ခင်ဗျားတို့ ပယင်းနီမြို့မှာရှိတဲ့ မှော်ဆရာတစ်ယောက်ပဲ ရှိတော့တယ်၊ သူနဲ့တွေ့ဖို့ ကြံဆရင်း ခုလို လူသားအယောင်ဆောင်ပြီး သက်ရှိလူသားတစ်ဦးကို အကူအညီတောင်းခံနေရတာပါ၊ အဲဒီအတွက် ကျွန်တော့်မှာ အပြစ်ရှိတယ်လို့ယူဆရင် ခင်ဗျားတို့ သဘောရှိသာ လုပ်ကြပေတော့။ ဒါပေမဲ့ ဝိညာဉ်အချင်းချင်း မေတ္တာရပ်ခံချင်တာက ကျွန်တော့်ကို စီရင်မယ်ဆိုရင် ဒီအိမ်ရဲ့ဝေးရာကို တိတ်ဆိတ်စွာ ခေါ်သွားပေးပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဒီအိမ်ရှင်ကို ကျွန်တော့်ကြောင့် အနှောင့်အယှက် မဖြစ်စေရပါဘူးလို့ ကတိပေးထားလို့ပါ. . "

ဘားလန်းက သူပြောချင်တာကို အကုန်ဖွင့်ချ ပြောလိုက်ရလို့ သူ့စိတ်ထဲမှာ ပေါ့ပါးသွားပြီး မှောင်ထဲက တစ္ဆေသရဲတွေကို လှမ်းကြည့်လိုက်တယ်။ မည်းမည်းသရဲနဲ့ တစ္ဆေအားလုံးက ငြိမ်ပြီး ဘားလန်းစကားကို နားထောင်နေဆဲပဲ. . .

"ကျွန်တော့်မှာ အခြားဘာရည်ရွယ်ချက်မှ မရှိပါဘူး၊ ခင်ဗျားတို့ နယ်မြေကိုလည်း လုယူဖို့စိတ်ကူးလုံးလုံး မရှိပါဘူး. . ကျွန်တော့်ရည်ရွယ်ချက်ပြီးရင် ကျွန်တော်နေတဲ့နေရာကို ပြန်မှာပါ။ ခင်ဗျားတို့ ခွင့်ပြုမယ် ဆိုရင်ပေါ့. . "

"မင်းစကားနဲ့ မင်းပုံစံကြည့်ရတာ ငါတော့ ယုံချင်သလိုလိုပဲ၊ ငါ့အလိုဆိုရင်တော့ မင်းဇာတ်လမ်းကို ကြားပြီး ခွင့်လွှတ်မိမှာအမှန်ပဲ ကောင်လေးရေ. . ဒါပေမဲ့ ဒီနယ်မြေမှာ ငါတစ်ကောင်ထဲနေတာ မဟုတ်ဘူး။ အသင်းအဖွဲ့နဲ့နေတာ၊ သူတို့ခွင့်ပြုမယ်ဆိုရင်တော့ မင်းမှာ မျှော်လင့်စရာရှိပါတယ်. . "

မည်းမည်းသရဲက သူ့သဘောထားကို စပြောတယ်။

ဘားလန်းရဲ့ ညိုးငယ်စွာ မျှော်လင့်နေတဲ့မျက်နှာကိုကြည့်ပြီး အခြားတစ္ဆေသရဲတွေကလည်း ဘာမှမပြောတော့ဘဲ အမှောင်ထဲကို အလျှိုအလျှို ဝင်ရောက် ပျောက်ကွယ်သွားကြတယ်။

"ဒီကောင်လေးကြည့်ရတာ သနားစရာလေးပါကွာ၊ လောကကြီးအကြောင်းကို ဘာမှမယ်မယ်ရရသိပုံ မပေါ်သေးပါဘူး၊ မျက်ကန်း တစ္ဆေမကြောက်ဆိုတာ ဒါမျိုးပေါ့. . "

"ငါသာ သူ့နေရာမှာဆိုရင် သူ့လိုတော့ ရူးသွပ်တဲ့စိတ်ကူးတွေနဲ့ ပင်ပင်ပန်းပန်း လျှောက်သွားမနေပါဘူး. . ဒေါက်တလောက်နဲ့တည့်အောင်နေပြီး ကိုယ့်သချိုင်းမှာကိုယ် အစားကောင်းကောင်းစား. . ဇိမ်နဲ့နှပ်နေမယ်. . "

အမှောင်ထဲမှ တစ္ဆေအချင်းချင်း စကားပြောသံတွေကို ဘားလန်းက ကြားနေရဆဲ. . နောက်ဆုံးမှာ မည်းမည်းသရဲက. . .

"ကောင်လေး. . မင်းကံကောင်းတယ်။ ငါ့အထင်တော့ မင်းသာ တံခါးဖွင့်ပြီး ရင်မဆိုင်ဘူးဆိုရင်တော့ မင်းဝိညာဉ်ဟာ ငါတို့အဖွဲ့ တစ်ယောက်တစ်ဖွဲ့ ဝိုင်းမြည်းတာနဲ့ ကုန်သွားပြီး ဘယ်သူမှ တောင် ဗိုက်ပြည့်မှာမဟုတ်ဘူး။ တစ်ခါတလေတော့လည်း လောကကြီးကို အရှိအရှိအတိုင်း လက်ခံရင်ဆိုင်တာဟာ ကောင်းတယ်လို့ အခုမင်းလုပ်ရပ်ကြောင့် ငါပညာရလိုက်တယ်. . "

"အဲ. . အများအားဖြင့်တော့ ငါတို့နယ်မြေကို ကျူးကျော်ဝင်ရောက်လာတဲ့ ဘယ်လိုဝိညာဉ်မျိုးမဆို အမှုန့်ချေပစ်တာပဲကွ. . ဒါ ငါ့လက်ထက်တင် မဟုတ်ဘူး၊ ရှေးတုန်းက သရဲတစ္ဆေတွေလည်း ဒီအတိုင်းပဲ။ ဒါပေမဲ့ကွာ. . . သေသေချာချာ စဉ်းစားကြည့်တော့လည်း ဘာမှမယ်မယ်ရရအကြောင်းပြချက် မရှိပါဘူး. . အစဉ်အလာဆိုတော့လည်း ဘုမသိ ဘမသိ လက်ခံကျင့်သုံးရတာပါပဲ. . . ငါလည်း မင်းလို ဝိညာဉ်ဘဝမျိုး တစ်ခါလောက် ရဖူးချင်လိုက်တာ. . ဝိညာဉ်လွတ်မြောက်ပွဲ တက်ချင်တဲ့စိတ်မျိုး. . ဒါပေမဲ့ မဖြစ်နိုင်ပါဘူးကွာ။ ငါ့ကို ငါတို့ဒေသက မှုတွေ ဘောင်တွေက



ချုပ်ကိုင်ထားလိုက်ကြပြီ၊ ငါ့အထင်တော့ အဲဒီအချက်တွေကို ဘုရားသခင် သိပ်ကြိုက်မှာ မဟုတ်ဘူးထင်တယ် . . . အဲဒါကြောင့် ငါ့အတွက် တော်တော်နောက်ကျနေပါပြီကွာ၊ ကဲ. . ငါသွားပြီ ဟေ့. . . မင်းရည်မှန်းချက် အောင်မြင်ပါစေကွာ. . . "

ဘားလန်းက မည်းမည်းသရဲရဲ့ စိတ်သဘောထားနဲ့ ပြောစကားကို လေးစားမိသွားတယ်။

"အခုလို လွတ်ငြိမ်းချမ်းသာခွင့်ပေးတာ ကျေးဇူးတင်ပါတယ်ဗျာ. . ခင်ဗျားတို့ဟာ အကြောင်းကြောင်း ကြောင့် ဝိညာဉ်သရဲတွေဖြစ်နေရပေမဲ့ စိတ်ကောင်းရှိကြပါတယ်။ တကယ်လို့ အဲဒီစိတ်ထားကောင်းတွေကို လက်တွေ့ အကောင်အထည်ဖော်သွားမယ်ဆိုရင်တော့ ခင်ဗျားတို့ ကျွန်တော်တို့ ကောင်းကင် ဘုံဘဝမှာ ပျော်ရွှင်စွာ ကခုန်နေကြရမှာ မလွဲပါပဲဗျာ. . "

"မင်းစကားကို ငါမှတ်ထားပါမယ်. . . "

မည်းမည်းသရဲက နောက်သို့ တစ်လှမ်းချင်း ဆုတ်သွားပြီး အမှောင်ထဲကို တိုးဝင် ပျောက်ကွယ်သွားတော့တယ်။

နံနက် နေရောင်ခြည်အောက်မှာ ဖရီဒါ့ အမေဟာ ကျေးငှက်တွေ၊ ရှဥ့်လေးတွေကို အစာကျွေးရင်း ခြံထဲကနေ ဘားလန်းရဲ့ အိပ်ခန်းကို တစ်ချက်တစ်ချက် လှမ်းကြည့်နေတယ်။ ဘားလန်းက ညက ဖြစ်ရပ်ကို စဉ်းစားရင်း သူ့ကိုယ်သူ အတတ်နိုင်ဆုံး သပ်ရပ်သန့်ရှင်းအောင် တကယ့်သက်ရှိ လူသားတစ်ယောက်နဲ့တူအောင် လုပ်ဆောင်နေတယ်။ ကိုယ်လုံးပေါ် ကြေးမုံမှန်ရှေ့မှာရပ်ပြီး ဂရုတစိုက် ပြင်ဆင်တာ သုံးခါရှိပြီ။ ဒါပေမဲ့ သူ့ရုပ်သွင်က မှန်ထဲမှာ တစ်ခါတစ်ခါ ကွယ်ပျောက်လုနီးနီး ဖြစ်ဖြစ်သွားတယ်။ ထိုအချက်ကို သူက မကျေနပ်ဘဲ အားမလိုအားမရ ဖြစ်နေတယ်။ စိတ်က ဘယ်လိုပင် တင်းထားထား သူဟာဝိညာဉ်တစ်ကောင်ဖြစ်တယ်ဆိုတာပဲ ထပ်ကာထပ်ကာ တွေးနေမိတယ်။

ဒီလောက်အထိ ခရီးရောက်ပြီးမှတော့ ဘာမှအားလျှော့နေစရာ အကြောင်းမရှိဘူး။ အားတင်းထားစမ်းလို့ ကိုယ့်ကိုယ်ကိုယ်ပြောရင်း ယုံယုံကြည်ကြည်နဲ့ အခန်းတံခါးကို ဖွင့်ပြီး ဧည့်ခန်းဘက်ကို ထွက်လာခဲ့တယ်။ ဧည့်ခန်းထဲမှာ မစ္စတာ ပါစကယ်က သူ့ကို တမင်သက်သက် ထိုင်စောင့်နေမှန်း သိသာလှတယ်။



"မင်္ဂလာ နံနက်ခင်းပါ ဘားလန်း၊ ညက အိပ်လို့မှပျော်ရဲ့လား. . "

"မင်္ဂလာပါ မစ္စတာ ပါစကယ်၊ ခရီးပန်းလာလို့လား မသိဘူး၊ တစ်ချိုးတည်းပါပဲ. . "

"ဒါဆိုရင် ညက မောင်ရင် မဟုတ်ဘူးပေါ့. . "

"ညက ဘာဖြစ်လို့လဲခင်ဗျာ. . "

ဘားလန်းက ဟန်မပျက် မေးလိုက်ပေမဲ့ စိတ်ထဲမှာတော့ ထိတ်လန့်စ ပြုနေပြီ။

"ဘယ်သူတွေလဲ မသိပါဘူး. . အိမ်မှားပြီးတော့ တံခါးလာခေါက်တယ် ထင်တယ်၊ ဒီမှာကဒီလိုပဲ. . ညကလပ်က ပြန်လာတဲ့ ခပ်ထွေထွေအတွဲတွေဟာ ကျုပ်အိမ်ကို လူမရှိဘူးအထင်နဲ့ မှောင်ရိပ်ခိုချင်ကြတယ်. . လာဗျာ. . နံနက်စာစားရင်း စကားပြောကြတာပေါ့. . "

မစ္စတာ ပါစကယ်က ရှေ့မှဦးဆောင်ပြီး ထမင်းစားခန်းထဲကို ဝင်သွားတယ်။ ဘားလန်းက အဘိုးကြီးရဲ့ နောက်ကျောကို ကြည့်ရင်း တွေးမိတယ် 'ဒီအဘိုးကြီး တော်တော်ပါးတယ်။ ညက သူ့အောက်ထပ်ကိုဆင်းလာသေးလား မသိဘူး။ တကယ်လို့ သူဆင်းလာရင်တော့ ငါဘယ်သူဆိုတာသိမှာပဲ။ ငါ့ကိုဝိညာဉ်မှန်း သိသွားရင် ဒီလို ပုံမှန် ဆက်ဆံပါ့မလား။ အခု သူ့ပုံစံက ဘာမှ မသိသလိုပဲ၊ တကယ် ဘာမှ မသိတာ နေမှာပါလေ. . '

ထမင်းစားပွဲပေါ်မှာ ကြက်ဥကြော်၊ ဝက်ပေါင်ခြောက်၊ ပေါင်မုန့်နဲ့ နွားနို့ စုံစုံလင်လင် ပြင်ဆင်ထားတာကို တွေ့ရတယ်။ အခြားအသီးအနှံတွေလည်း ပါတယ်။

"သုံးဆောင်ပါ. . ဝက်ပေါင်ခြောက်နဲ့ နွားနို့က ပယင်းနီမြို့ထွက်ပစ္စည်း စစ်စစ်တွေပေါ့။ ကျုပ်လည်း အရင်က မွေးမြူရေးလုပ်ငန်းလုပ်တယ်. . အခုအသက်ကြီးလာပြီဆိုတော့ ကျုပ်သားကြီးဖရီဒါ့အစ်ကိုနဲ့ပဲလွှဲထားရတယ်။ တစ်ခါတလေ ရာသီဥတုပူပြင်းလာရင်တော့ ကျုပ်တို့ လင်မယားနှစ်ယောက် မွေးမြူရေးခြံကို ခရီးရက်ရှည်သွားလေ့ရှိတယ်. . . "

မစ္စတာပါစကယ်က ပေါင်မုန့်ကို ထောပတ်သုတ်ရင်း သူ့ဘဝ တစ်စိတ်တစ်ပိုင်းကို ပြောပြနေတယ်။ သူ့ရဲ့ မျက်လုံးတွေကတော့ ဘားလန်းကို အကြည့်မလွှဲ စူးစမ်းနေဆဲပဲ. . ဘားလန်းက စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထားပြီး မစ္စတာ ပါစကယ် တည်ခင်းတဲ့ နံနက်စာကို ကြိုးစား စားသောက်နေတယ်။

"မောင်ရင်တွေ့ချင်တဲ့ ပုလဲနက်ကို ကျုပ်ဒီနေ့ စတင်ပြီး စုံစမ်းပေးပါမယ်။ မောင်ရင့်လူက ထူးထူးဆန်းဆန်း လူတစ်ယောက်ဆိုတော့ စုံစမ်းရတာ သိပ်မခက်လောက်ဘူး။ တကယ်လို့ သူနဲ့ ထိပ်တိုက်တွေ့ရင် ကျုပ်အနေနဲ့ ဘယ်လိုပြောရမလဲ။ ဒါမှမဟုတ် မောင်ရင်ကိုယ်တိုင် ကျုပ်နဲ့အတူ လိုက်ရှာဖွေစုံစမ်းချင်လား. ."

"ဟို. . ကျွန်တော့်အနေနဲ့ ဒီမှာပဲစောင့်နေဖို့ စိတ်ကူးရှိပါတယ် မစ္စတာပါစကယ်။ သူဘယ်မှာရှိတယ်ဆိုတာ နေရာတိတိကျကျ သိရရင် တော်ပါပြီ၊ ကျန်တဲ့အပိုင်းကိုတော့ ကျွန်တော့်ဘာသာ ကျွန်တော် ဆက်လက် လုပ်ဆောင်သွားပါမယ်။ မစ္စတာပါစကယ် အနေနဲ့ သူဘယ်မှာနေတယ်ဆိုတာ စုံစမ်းပေးရင်ပဲ ရပါပြီ. . ."

ဘားလန်းက သူ့စိတ်ကူးကို လေသံအေးအေးနဲ့ဖြစ်အောင် ပြောတယ်။

"မောင်ရင်ပြောတဲ့အတိုင်း ထူးဆန်းတယ်ဆိုတာ တကယ်ပါပဲ. . ဒါပေမဲ့ ကျုပ်မိန်းမဟာ သိပ်ပြီး ရှေးဆန်တယ်၊ သူ့ရဲ့ အကြောက်တရားဟာ ကျုပ်ထင်တာထက် ပိုနေတယ်. . ဒါတွေထားပါလေ. . ကျုပ်ကတိအတိုင်း စုံစမ်းပေးပါမယ်။ ကျုပ်ပြန်လာရင် အဖြေတစ်ခုခုထွက်မှာပါ. . အခုပဲ ဒီကိစ္စကို အကောင်အထည်ဖော်ရတော့မှာပေါ့. ."

မစ္စတာပါစကယ်က စကားတပြောပြောနဲ့ အဝတ်အစားလဲကာ ဘားလန်းကို နှုတ်ဆက်ပြီး ထွက်သွားတယ်။ မစ္စတာပါစကယ် ထွက်သွားပြီးနောက်ပိုင်း အိမ်ကြီး တစ်ခုလုံးမှာ သူနဲ့ ဖရီဒါ့အမေနှစ်ယောက်ထဲ ကျန်ခဲ့တယ်။ အဘွားကြီးက သူနဲ့မျက်နှာချင်းမဆိုင်ဘဲ တစ်မနက်လုံး မြဲထဲမှာသာ ရှိနေတယ်၊ သူမဟာ သူ့ကိုကြောက်ရွံ့



နေတယ်လို့ ဘားလန်း ရိပ်မိလိုက်တယ်။ အဲဒါကြောင့် ဘားလန်းက မစ္စတာပါစကယ်ထွက်သွားပြီး သူ့ကိုပေးထားတဲ့ အခန်းထဲမှာသာ တစ်မနက်လုံး အခန်းအောင်း နေရတယ်၊ နေ့လယ်ပိုင်း ထမင်းစားချိန်မှာ သူမက တွန့်ဆုတ်တွန့်ဆုတ် တံခါးလာခေါက်ပြီး ထမင်းစားဖို့ အသင့်ဖြစ်ကြောင်းပြောတယ်။ သူမရဲ့မျက်လုံးတွေကတော့ ဘားလန်းနဲ့ အကြည့်ချင်း မဆုံရအောင် တစ်ဖက်ကို အမြဲလွှဲထားတယ်။ ဘားလန်းကလည်း နေ့လယ်စာစားပြီး သူ့အခန်းမှာပဲ ဟန်မပျက် ပြန်လည်ဝင်နေခဲ့တယ်။ မွန်းလွဲနှစ်နာရီလောက်မှာတော့ သူမဟာ အကြီးအကျယ် တုန်လှုပ်ချောက်ချားစွာနဲ့ ဘားလန်းရဲ့ အခန်းတံခါးကို လာခေါက်တော့တာပဲ။

"မှန်မှန်ပြောစမ်း. . မင်းဘယ်သူလဲ. . ဘာကိစ္စ ဒီကို ရောက်လာရတာလဲ. . ဘာအတွက်လဲ. . ဒီကိစ္စ ငါရှင်းရှင်းလင်းလင်း သိရမှဖြစ်မယ်။ အဲဒါကို ရှင်းမပြရင်တော့ မင်းကို ဘယ်လိုမှဆက်လက်ခံ ထားနိုင်စရာအကြောင်း မရှိတော့ဘူး။ ဖရီဒါရဲ့ မိတ်ဆွေဆိုတာ တကယ်လား၊ မင်း ညာနေတာ မဟုတ်လား. ."

သူမက စိတ်လှုပ်ရှားလွန်းစွာနဲ့ တောက်လျှောက်မေးတယ်။ သူမရဲ့ နှလုံးခုန်သံဟာမြန်ပြီး အသံမြည်နေလို့ အတိုင်းသားကြားနေရတယ်။ ဘားလန်းလည်း ဒီတစ်ခါတော့ သူ့ဘဝသူ တကယ်စိတ်ပျက်သွားမိတယ်။ သူ့ရဲ့လုပ်ဆောင်ချက်တွေဟာ မစ္စတာပါစကယ်တို့ လင်မယားအတွက် အတော်ကို ကသိကအောင့် နိုင်သွားနိုင်တယ်ဆိုတာ ဒီအိမ်မလာခင် ကတည်းက သိထားသင့်တာကို နောင်တရမိတယ်။ တကယ်ဆို ပုလဲနက်ကို သူကိုယ်တိုင်ပဲ လိုက်ရှာသင့်တယ်။ အခုတော့ ဖရီဒါရဲ့ မိသားစုကို ဒုက္ခပေးမိပြီ။ အဘွားကြီးကို ကြည့်ရတာ စိုးရိမ်ကြောက်ရွံ့ပြီး အချိန်မရွေး ထွက်ပြေးမည့်ပုံစံဖြစ်နေတယ်။ ဘားလန်းက အတတ်နိုင်ဆုံး အချိုသာဆုံးပြုံးပြီး သူမကို ရှင်းပြဖို့ ကြိုးစားတယ်။

"အန်တီ. . စိတ်အေးအေးထားပါ၊ ကျွန်တော်ဟာ ဖရီဒါရဲ့ မိတ်ဆွေဆိုတာ အမှန်ပါပဲ။ အန်တီသိထားစေချင်တာက ကျွန်တော်

အန်တီတို့ကို လုံးဝ ဒုက္ခ မပေးဘူးဆိုတာကိုပါပဲ. . ဒါကိုယုံစေချင်ပါတယ်၊ ကျွန်တော်ဟာ ဖရီဒါ့ကို အကြောင်းပြုပြီး လူတစ်ယောက်ကို လာရှာတာ အမှန်ပါ။ အန်တီ့စိတ်ထဲမှာ မရှင်းလင်းဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်။ အခုတော့ ကျွန်တော် အကြောင်းစုံ ရှင်းမပြနိုင်သေးတာကို ဘယ်လိုမှ သဘော မထားစေချင်ဘူး။ တကယ်လို့ ကျွန်တော့်ကို ဒီအိမ်ထဲမှာ ရှိမနေစေချင်ဘူးဆိုရင် ကျွန်တော် ထွက်သွားဖို့ အသင့်ပါပဲ။ မစ္စတာပါစကယ်လာရင်သာ ပြောလိုက်ပါ၊ ကျွန်တော် ဒီအနီးအနားက ဟိုတယ်တစ်ခုခုမှာ တည်းနေမယ်လို့. . "

ဘားလန်းက ပြောပြောဆိုဆိုနဲ့ ဖရီဒါတို့အိမ်မှ ထွက်သွားဖို့ ဟန်ပြင်လိုက်တယ်။ ဘားလန်းရဲ့ အပြုအမူကြောင့် ဖရီဒါ့အမေရဲ့ မျက်လုံး နှစ်လုံးဟာ သိပ်ပြီးပြူးကျယ် မနေတော့ပဲ ပုံမှန်ပြန်ဖြစ်လာတယ်။

"မဟုတ်သေးပါဘူး. . မင်း ကျုပ်ယောကျ်ားပြန်လာတဲ့ အထိတော့ စောင့်နေသင့်တာပေါ့၊ ကျုပ် ဒီလောက်လည်း မရိုင်းပါဘူး။ ဒါပေမဲ့ ညက အော်သံ ခေါ်သံတွေကတော့ အတော့်ကို ထူးဆန်းတယ်။ ဒီအိမ်မှာနေတာကြာလှပြီ၊ မနေ့ညကလောက် ကြောက်စရာကောင်းတဲ့အသံမျိုး တစ်ခါမှမကြားဖူးဘူး။ ဘာတဲ့. . ထွက်ခဲ့. . ထွက်ခဲ့. . အော်သံတွေ၊ တဒုံးဒုံးထုသံတွေ. . ဘာတွေလဲကို မသိတော့ပါဘူး၊ ကျုပ်လည်း ကြောက်လွန်းလို့ စောင်ကို ခေါင်းမြီးခြုံပြီး နားထောင်နေမိတယ်. . "

"ဒါပေမဲ့ ကျုပ်ယောကျ်ားက သတ္တိရှိတယ်. . ကြောက်ဖို့ထက် စူးစမ်းလေ့လာဖို့ ပိုပြီးအားသန်တဲ့သူ မဟုတ်လား. . အောက်ထပ်က အော်သံ ထုနှက်သံတွေကြောင့် အိပ်ရာထဲမှာ မနေနိုင်တော့ဘူး။ အောက်ထပ်ကို ဆင်းကြည့်ဦးမယ်ဆိုပြီး ဆင်းသွားတာ တော်တော်နဲ့ ပြန်တက်မလာဘူး။ သူပြန်တက်လာတော့ ကျုပ်ကို စကား မပြောဘူး။ ကြောက်ရွံ့ထိတ်လန့်တဲ့ပုံနဲ့ အိပ်ရာပေါ်မှာ ငူငူကြီး ထိုင်နေတော့တာပဲ။ ကျုပ်ဘယ်လိုမေးမေး မပြောဘူး၊ ဘာမှ



မဟုတ်ပါဘူးလို့ချည်းပဲ ပြောနေတယ်။ ဒါပေမဲ့ ကျုပ်ယောကျ်ားအကြောင်း ကျုပ်သိတာပေါ့၊ သူ ထိတ်လန့်စရာ တစ်ခုခုတွေ့ကို တွေ့ခဲ့ရမယ်၊ အဲဒါက ဘာလဲ၊ မင်း ထိတ်လန့်စရာတွေ လုပ်ခဲ့သလား. . အခုလည်း စိတ်ထဲမှာ မရှင်းတဲ့အကြောင်းအရာတွေကို သိချင်လို့ လာမေးရတာပဲ. . တစ်မနက်လုံး စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေရတယ်၊ တကယ်ဆိုရင် မင်းက လူငယ်တစ်ယောက်ပဲ၊ ညက ဖြစ်ပျက်သမျှကို မင်းသိမှာပေါ့၊ ကျုပ်သံသယရှင်းအောင် မင်းပြောပြသင့်တယ်. . မဟုတ်ဘူးလား. . . "

သူမက ပြောရင်း စိတ်လှုပ်ရှားလာပြန်တယ်။

ညက အဖြစ်အပျက်တွေ၊ အသံဗလံတွေက သူမကို အတော်ကို စိတ်တုန်လှုပ်ချောက်ချားသွားစေခဲ့တာပဲ. . သူ့အနေနဲ့ တစ်ခုခုကို အရိပ်အမြွက်လောက်တော့ ပြောပြသင့်ပြီ။

"ဟုတ်ပါတယ်. . ညက ကျွန်တော်လည်း ထုသံနှက်သံတွေ ကြားမိပါတယ်။ ကျွန်တော်နဲ့ ဆက်နွယ်နေတယ်ဆိုတာလည်း ဝန်ခံပါတယ်၊ ဒါပေမဲ့ မစ္စတာပါစကယ်လာမှ ရှင်းပြရင် ပိုပြီးကောင်းလိမ့်မယ်၊ အခု ကျွန်တော် အပြင်တစ်နေရာရာကပဲ မစ္စတာ ပါစကယ် ပြန်အလာကို သွားစောင့်နေပါမယ်။ ဒါဆိုရင်တော့ အန်တီ့ရဲ့ ထိတ်လန့်နေတဲ့စိတ်တွေ လျော့ပါးသွားမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်၊ ကဲ. . ကျွန်တော်သွားပြီ. . "

ဘားလန်းက သူ့အပေါ် အမြင်ကြည်လင်လာစေဖို့ လုပ်ဆောင်တဲ့အနေနဲ့ အိမ်အပြင်ကို ပြီး သင့်တော်ရာ တစ်နေရာက မစ္စတာပါစကယ်ကို စောင့်နေခဲ့တယ်. . . သူမကတော့ စိတ်မငြိမ်နိုင်စွာပဲ အိမ်ရှေ့တံခါးကို ဖွင့်လိုက် ပိတ်လိုက်နဲ့ တစ်ချက်တစ်ချက် လမ်းမဘက်ကို မျှော်ကြည့်နေတာတွေ့ရတယ်။

ညနေ လေးနာရီလောက်ကျမှ မစ္စတာပါစကယ်ဟာ စိုက်စိုက်စိုက်စိုက်နဲ့ ရေးကြီးသုတ်ပျာပြန်လာတာကို ဘားလန်း သစ်ပင်အကွယ်က မြင်လိုက်ရတယ်။ မစ္စတာပါစကယ်နောက်ကို ချက်ချင်း လိုက်မသွားသေးဘဲ အရိပ်အခြေကို စောင့်ကြည့်နေရ

တယ်။ သူ့ရဲ့ဆုံးဖြတ်ချက်က အဘိုးကြီးရဲ့စုံစမ်းထောက်လှမ်းမှု အခြေအနေကိုသိရတာနဲ့ ဒီအိမ်က အမြန်ဆုံးထွက်ခွာသွားဖို့ပဲ၊ တကယ်လို့ ပုလဲနက်မှော်ဆရာရဲ့သတင်းကို မစ္စတာပါစကယ်မရခဲ့ဘူးဆိုရင်လည်း သူတို့ လင်မယားကို ဒုက္ခ မပေးတော့ဘဲ သူကိုယ်တိုင် စွန့်စား ရှာဖွေတော့မယ်လို့ ဆုံးဖြတ်ထားတယ်။ အခြေအနေသိရအောင် သူ့ဝိညာဉ်ကို ကိုယ်ရောင်ဖျောက်ပြီး အိမ်ဝင်းထဲကို တိတ်တဆိတ် ချဉ်းကပ် ဝင်ရောက်လာခဲ့တယ်။

"တကယ့်ကို အံ့သြကုန်နိုင်ဖွယ်ပါပဲ။ အေးလေ. . မင်းလို မိန်းမသား တစ်ယောက်အနေနဲ့ ကြောက်မယ်ဆိုလည်း ကြောက်စရာကြီးပေါ့၊ သူပြန်မလာပဲ အပြီးအပိုင် ထွက်သွားရင်တော့ ငါ့ရဲ့စုံစမ်းတွေ့ရှိမှုဟာ ဘာမှ အသုံးမဝင်တော့ပါဘူးကွာ. . သူက ဘာပဲဖြစ်ဖြစ် စိတ်ကောင်းရှိတာတော့ အမှန်ပဲကွ. . သူ့ကို မကူညီလိုက်ရရင်တော့ မင်းရော ငါရော စိတ်မကောင်း ဖြစ်မိကြတော့မှာပဲ. ."

"သူပြန်လာမှာပါရှင်. . ကျွန်မလည်း ကြောက်စိတ်ဝင်လာတာနဲ့ ပြောလိုက်မိတာ. . ရှင်ပြန်လာရင် သူ လာခဲ့မယ်လို့ မှာသွားတာပဲ. ."

"မင်း သူ့ကိုဘယ်လိုထင်လဲ. ." မစ္စတာပါစကယ်က သူ့မိန်းမရဲ့ စိတ်အခြေအနေ သိချင်လို့ မေးတယ်။

"သူက သာမန် မဟုတ်တာတော့ သေချာတယ်၊ သူ့နောက်က အကြောင်းအရာတွေက ပိုလို့တောင် သာမန် မဟုတ်နိုင်ဘူး။ ဒါပေမဲ့ သူ့ကြည့်ရတာတော့ သနားစရာလေးပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခတော်တော် တွေ့ကြုံနေရတယ်ဆိုတာကို သူ့မျက်နှာကြည့်ရုံနဲ့ သိသာပါတယ်. ."

"အေး. . ငါလည်း မင်းနဲ့ တစ်သဘောထဲပဲ၊ ညကအဖြစ်အပျက်တွေဟာ ကြောက်စရာကောင်းတာထက် အတော်ကို ထူးခြားဆန်းကြယ်တယ်ဆိုတာ ငါမပြောလည်း မင်းသိနေမှာပါ။ တကယ်တော့ ကြောက်စရာထက် သနားစရာကောင်းတယ်ဆိုရင် ပိုမှန်လိမ့်မယ်။ မင်းစိတ်ထိန်းနိုင်မယ်ဆိုရင် မင်းကိုငါပြောပြဖို့အသင့်ပဲ. ."



မစ္စတာပါစကယ်က သူ့မိန်းမကို လေ့လာတဲ့အကြည့်နဲ့ ကြည့်ရင်းပြောတယ်။

"အို. . ကျွန်မလည်း ရှင့်မိန်းမပဲ၊ တိတိကျကျမသိပဲ ကြောက်နေရမှာထက်စာရင် ဂဃနဏသိလိုက်ရတာ ပိုကောင်းပါတယ်။ ဒီ့ထက်ကြောက်စရာလန့်စရာ ထပ်ဖြစ်လာရင် ကျုပ်သားဆီမှာ သွားနေမှာပေါ့. . ရှင် ညက ဘာတွေ့ခဲ့လဲ ဆိုတာသာ ရှင်းရှင်းလင်းလင်းပြော်စမ်းပါ. ."

"မင်း သိချင်တယ်ဆိုတော့လည်း ပြောရတာပေါ့. ."

မစ္စတာပါစကယ်က ညက အဖြစ်ကို ပြန်စဉ်းစားရင်း. . .

"ညက မင်းအိပ်ပျော်သွားတော့ ငါတော်တော်နဲ့ အိပ်မပျော်ဘူး။ ဒီကောင်လေး အကြောင်းကို စဉ်းစားနေမိတယ်။ ဘားလန်းဆိုတဲ့ ကောင်လေးက ဘယ်သူလဲ၊ သူက အရာရာကို ဘာလို့ ဒီလောက်သတိထားနေရတာလဲ၊ သူ့ကိုတွေ့လိုက်ပြီး ခဏအကြာမှာပဲ ငါ ဒါကို သတိထားမိတယ်။ သူပြောလို့ ဖရီဒါနဲ့ တစ်နည်းနည်းနဲ့သိတယ်ဆိုတာပဲ ယုံထားရတာပေါ့. . တို့အိမ်ကို ရောက်လာတာ သူ့မှာ အခြားအကြောင်းအရာ ကိစ္စရှိလိမ့်မယ်ဆိုတာကို စဉ်းစားမိတယ်။ ပထမဦးဆုံး ငါစဉ်းစားတာက သူဟာ လူလိမ်လား၊ ခိုးပြလား၊ တို့အိမ်ကို အနှောက်ယှက်စီးချင်လို့လား. . စသည်ဖြင့်ပေါ့။ အဲဒီလို တွေးနေတဲ့အချိန်မှာပဲ အောက်ထပ်က တဝုန်းဝုန်းနဲ့ တံခါးထုသံတွေ ကြားရတော့တာပဲ။ ဒါကို မင်းလည်းကြားလို့ နိုးလာတာပဲ မဟုတ်လား၊ ငါ့စိတ်ထဲမှာ ထင်လိုက်တာက ဟိုကောင်လေး ဘားလန်း ငါတို့အိမ်က ပစ္စည်းတွေကို ခိုးထုတ်နေပြီလားလို့ ထင်မိတာ. .

ငါ့ရဲ့ အသုံး မပြုတာကြာပြီဖြစ်တဲ့ နှစ်လုံးပြူး သေနတ်က အဆင်သင့်ပဲ ငါ့လက်ထဲမှာ. . သေနတ်ကို မောင်းတင်၊ သတိနဲ့ အောက်ထပ်ကို ဆင်းသွားလိုက်တော့ ထုသံအော်သံတွေဟာ အိမ်ထဲက မဟုတ်ဘူးကွ. . ဘားလန်းအခန်းရဲ့ ပြတင်းပေါက်ဘက်က လာနေတာလို့ သိရတယ်၊ အသံတွေဟာ ဝုန်းဒိုင်းကြဲပဲ၊ ပြတင်းပေါက်ကို လက်နှစ်ဖက်နဲ့ အားရပါးရကို ထုနေတာလို့ ထင်မိတယ်။

ငါလည်း သိချင်ဇောနဲ့ ညှော်ခန်း ခန်းဆီးစကို သေနတ်ပြောင်းနဲ့ အသာထိုးဖယ်ပြီး တိတ်တိတ်လေး ကြည့်လိုက်တော့ အိမ်အပြင်ဘက်မှာ မည်းမည်းလုံးလုံး လူဝံလိုလို အတော်ကြီးမားတဲ့ သတ္တဝါတစ်ကောင်ကို မြုန်းခနဲ တွေ့လိုက်ရတယ်. . ဘာလဲဟ. . တိရစ္ဆာန်ရုံက လူဝံလွတ်လာတာလား. . ငါသိပ်ကြောက်သွားတယ်၊ ဒါပေမဲ့ ငါ့လက်ထဲမှာ သေနတ်က အဆင်သင့် ရှိနေတော့ ဖြစ်ချင်တာဖြစ်၊ ငါ့အိမ်ကို စော်ကားမော်ကား ကျူးကျော်လာတဲ့သူကို ပစ်သတ်မယ်လို့ စိတ်ကူးနဲ့ မည်းမည်းသတ္တဝါကို ချိန်ထားတာပေါ့။ ဒါပေမဲ့ ၎င်းက ဘားလန်း အိပ်နေတဲ့အခန်းကိုပဲ တဒုန်းဒုန်းထုနေတာဆိုတော့ ဘားလန်းနဲ့ ပတ်သက်တဲ့ကိစ္စပဲလို့ တွေးရင်း အခြေအနေကို စောင့် ကြည့်နေလိုက်တယ်၊ မည်းမည်းသတ္တဝါ အကောင်ကြီးက ဘားလန်းကို အပြင်ထွက်လာစေချင်ပုံပဲ၊ ဝူးဝူးဝါးဝါးနဲ့ အပြင်ကိုထွက်ခဲ့စမ်း၊ အပြင်ကို ထွက်ခဲ့စမ်းလို့ ဒေါသတကြီး အော်နေတယ်၊

ဘားလန်းကလည်း ၎င်းကို စကားပြန်ပြောတယ်၊ သေချာပြီ. . ငါ့အနေနဲ့ သူတို့နှစ်ကောင်လုံးကို ပစ်သတ် ရမယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအချိန်မှာ ဘားလန်းက ပြတင်းပေါက် တံခါးကို ဖွင့်လိုက်တယ် ဆိုရင်ပဲ မည်းမည်းကောင်က သူ့ရဲ့လက်ရှည်ကြီးတွေနဲ့ ဘားလန်းကို စတင်တိုက်ခိုက်တော့တာပဲ။ ဘားလန်းကိုတော့ ငါ သဲသဲကွဲကွဲ မမြင်ရဘူး၊ ဒါပေမဲ့ မည်းမည်းကောင် ပြတင်းပေါက်က ကျော်ဝင် မလာအောင်လို့ အစွမ်းကုန် ဟန့်တားနေတာကို တွေ့ရတယ်၊

အဲဒီအချိန်မှာပဲ မည်းမည်းကောင်ရဲ့ နောက်မှာ ပုံဆိုးပန်းဆိုး သရဲတစ္ဆေတွေကို ငါတွေ့လိုက်ရတော့တာပဲ။ ငါ့ခေါင်းထဲမှာ မိုက်ခနဲတောင် ဖြစ်သွားပြီး ကြောက်ရွံ့မှုဟာ ပြောမပြနိုင်အောင်ပါပဲကွာ။ ဒါပေမဲ့ တိုက်ခိုက်သံတွေ ဆက်မကြားတော့ဘဲ စကားပြောသံတွေပဲကြားရတယ်။ မည်းမည်းကောင်က ဘားလန်းကို သူတို့လိုပဲ တစ္ဆေသရဲလို့ ပြောတယ်၊ ဘားလန်းကလည်း သူဟာဝိညာဉ်တစ်ကောင်ဖြစ်ကြောင်း ဝန်ခံတယ်. . ”



ထိုနေရာရောက်တော့ သူ့မိန်းမက ခုန်ဆွခုန်ဆွဖြစ်သွားတယ်. .

“အောင်မလေး. . ကျွန်မ ကြောက်လိုက်တာ. . ဘားလန်းက တကယ်ဝိညာဉ်လား။ ဒါဆို ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ။ သူပြန်မလာခင် တစ်နေရာရာကို ထွက်ပြေးကြရအောင်လား. . ”

“ဟေ့. . ခဏနေပါဦးကွာ။ မင်း သူ့ကိုဝိညာဉ်မှန်းသိရင် ကြောက်သွားမယ်ဆိုတာ ငါသိတယ်။ မင်းပဲ အကြောင်းစုံသိချင်တယ်ဆို. . ”

မစ္စတာပါစကယ်က သူ့မိန်းမ ပခုံးကို လှမ်းဖက်လိုက်ပြီး စိတ်ငြိမ်ငြိမ်ထားဖို့ပြောတယ်. . သူမက အခုမှ တကယ်ကြောက်လာပြီး သူ့ယောကျ်ားကျောကို တဒုန်းဒုန်းထုရင်း. . .

“ရှင်မကောင်းဘူး. . ဟိုကောင်လေးကို ဝိညာဉ်မှန်းသိရဲ့နဲ့ ဘာလို့တစ်နေ့လုံး ကျွန်မနဲ့နှစ်ယောက်ထဲ ထားခဲ့ရတာလဲ၊ သူ့ကို ညကတည်းက သေနတ်နဲ့ ပစ်သတ်လိုက်ပါလား. . ” သူမကပြောပြီး ချုံးပွဲချ ငိုနေတော့တယ်။

“မင်းပြောတာ ငါနားလည်ပါတယ်၊ ငါ့အနေနဲ့ ဝိညာဉ်သရဲတစ်ကောင်ကို မင်းနဲ့အတူ မထားခဲ့သင့်ဘူး ဆိုတာလည်း မှန်တယ်၊ ဒါပေမဲ့ ဒီကောင်လေးက ဝိညာဉ်တစ်ကောင်ဖြစ်တာကို အခုငါပြောမှ မင်းသိတာ မဟုတ်လား. . ပြီးတော့ သူ့ဇာတ်လမ်းကို မင်းမှ အကုန်မသိသေးပဲ။ တကယ်တော့ ဒီကောင်လေးက သနားစရာလေး ပါကွာ၊ တို့ကို ဒုက္ခပေးဖို့လည်း ရည်ရွယ်ချက် မရှိပါဘူး. . ”

“နောက်ပြီး တို့မှာ မျှော်လင့်စရာတစ်ခုရှိတယ်ကွ။ သူ့အကြောင်းကို အစအဆုံး နားလည်လာရင် မင်း သူ့ကို သိပ်ကြောက်တော့မှာ မဟုတ်ပါဘူး. . သူက ဖရိုဒ့်သူငယ်ချင်းတော့ အမှန်ပဲ။ ဒါပေမဲ့ လူ့ဘဝက သူငယ်ချင်းတော့ မဖြစ်နိုင်ဘူး။ သူတို့ ဝိညာဉ်လောကသား အချင်းချင်း သိကျွမ်းတာပဲဖြစ်ရမယ်။ မင်း သမီးဖရိုဒ့်က ငါတို့အိမ်လိပ်စာပေးပြီး အကူအညီတောင်းခိုင်းလိုက်တာပဲ. . ဘာလို့ ငါပြောနိုင်သလဲဆိုတော့ သူ့ရဲ့လည်ပင်းမှာ ဖရိုဒ့်ဆွဲကြိုးလေး

ကို ငါ ရုတ်တရက် တွေ့လိုက်ရလို့ပဲ။ အဲဒီဆွဲကြိုးလေးက မင်းပဲ ဖရီဒါ သေတုန်းက သေသေချာချာထည့်ပြီး မြှုပ်နှံလိုက်တာ မဟုတ်လား။ သမီးက ဒီဆွဲကြိုးလေးကို စွဲစွဲလမ်းလမ်း ချစ်မြတ်နိုးတာ မင်းလည်းအသိပဲ၊ အခုဒီဆွဲကြိုးလေးက ဘားလန်းလက်ထဲကို ရောက်နေတယ်ဆိုတော့ သမီးနဲ့ ဒီကောင်လေးဟာ အတော့်ကို ရင်းနှီးတယ်လို့ ငါယူဆတယ်။ အကြောင်းတစ်ခုခုကြောင့် သမီးက ပေးလိုက်တာ ဖြစ်မှာပေါ့. . "

အဘွားကြီးက မျက်ရည်သုတ်ပြီး သူ့ယောကျ်ားကို နားမလည်စွာနဲ့မော့ကြည့်တယ်။

"မင်းနားရှုပ်သွားပြီထင်တယ်. . မင်းလိပ်ပတ်လည်အောင် ငါရှင်းပြမယ်. . အဖြစ်က ဒီလိုဟေ့. . "

"သူတို့လောကမှာ ဝိညာဉ်လွှတ်မြောက်ပွဲဆိုတာ ရှိတယ်လို့ ညက ငါသိရတယ်၊ ငါ့ကိုပြောတာ မဟုတ်ဘူး. . မည်းမည်းသရဲကို ရှင်းပြနေတာ ငါကြားရတာ. . နောက်ပြီး သူက ပြောသေးတယ်၊ ဝိညာဉ်လွှတ်မြောက်ပွဲ တက်ဖို့အတွက် သူ့မှာအခက်အခဲကြုံနေရတယ်လို့၊ အဲဒါကတော့ သူ့ထက်စွမ်းအားကြီးပြီး ဆိုးဝါးရက်စက်တတ်တဲ့ ဒေါက်တလောက်ဆိုတဲ့ သရဲတစ်ကောင်ကြောင့်ပဲ။ ဒေါက်တလောက်သရဲက ဘားလန်းတို့သင်္ချိုင်းမှာ ခေါင်းဆောင်ဆိုပဲ။ သူ့မှာ တပည့်တပန်းတွေ အများကြီး ရှိတယ်လို့လည်းပြောတယ်။ဘားလန်းနဲ့ ဒေါက်တလောက်တို့ဟာ ပဋိပက္ခဖြစ်ပြီး ဘားလန်းကိုသင်္ချိုင်းက မောင်းထုတ်လိုက်တယ်၊ တစ်နည်းအားဖြင့်တော့ ဘားလန်းကို ဝိညာဉ်လွှတ်မြောက်ပွဲ မတက်နိုင်အောင် လုပ်လိုက်တာပဲ. . "

"ဝိညာဉ်လွှတ်မြောက်ပွဲဆိုတာက သေဆုံးသွားတဲ့သူတွေဟာ သူတို့ခန္ဓာမြှုပ်နှံတဲ့နေရာမှာ စောင့်နေမှ လွှတ်မြောက်ပွဲကို တက်လို့ရတယ်တဲ့၊ သူတို့ပြောနေတာ ငါနားလည်သလို မင်းကို ရှင်းပြတာပဲ၊ ဘားလန်း ဒီကိုလာတဲ့ ရည်ရွယ်ချက်က ဝိညာဉ်လွှတ်မြောက်ပွဲကို အချိန်မီ တက်ရောက်ချင်လို့ အသည်းအသန် ကြိုးစားနေတာပဲ. . အဲဒီတော့ ငါ့စိတ်ထဲမှာ သူ့ကို မကြောက်တဲ့အပြင် သူ့ဘဝကို



သနားပြီး ကူညီချင်စိတ်တွေ ပေါ်ပေါက်လာတော့တာပါပဲကွာ. . "

"ဒေါက်တလောက်ကို ချေမှုန်းဖို့ ပုလဲနက် မှော်ဆရာကို သူစွန့်စွန့်စားစားလာရှာတာဟာ သိပ်ပြီး အန္တရာယ်များတယ်လို့ပြောတယ်၊ အဲဒီလိုမှ သူကိုယ်တိုင် လာမရှာခဲ့ရင် ပုလဲနက်ကို သူတွေ့နိုင်မှာ မဟုတ်တော့ဘူး၊ အခုတော့ ကံကောင်းလို့ ပုလဲနက်ကို မိတယ်ဆိုရုံလေးပဲ၊ တကယ့်ကို မိတယ်ဆိုရုံလေးပါပဲ. . ငါ ပုလဲနက်ကို တွေ့ခဲ့ရ ပြီ. . "

ဘားလန်းဟာ အိမ်ရှေ့အကွယ်မှာ ခိုးပြီး နားထောင်နေရာက ပုလဲနက်ကို တွေ့ခဲ့ပြီဆိုတဲ့ အသံလည်းကြားရော စိတ်မထိန်းနိုင်စွာပဲ မစ္စတာ ပါစကယ်တို့လင်မယားဆီ ကသောကမျောဝင်လာရင်း. .

"ပုလဲနက်ကို ဘယ်မှာတွေ့ခဲ့တာလဲဗျ။ တကယ့်ကို မိတယ်ဆိုရုံလေးဆိုတာ ဘာကိုပြောတာလဲ. . " လို့ မစ္စတာပါစကယ်တို့ လင်မယား ထိုင်နေရာဆီကို ရှေ့တိုးလာပြီး မေးတယ်၊ ဘားလန်းကို မြင်လိုက်တယ် ဆိုရင်ပဲ အဘွားကြီးက ဣန္ဒြေမဆောင်နိုင်အောင်ပဲ ဖြစ်သွားတယ်။

"ကြောက်တယ်. . ကြောက်တယ်. . သူလာပြီ. . သူက လူမဟုတ်ဘူး. . ဝိညာဉ်သရဲ. . ကျေးဇူးပြုပြီး ပြန်ထွက်သွားပါ။ ရှင် သူ့ကိုမောင်းထုတ်လိုက်ပါတော့လား. . " သူမက ဘားလန်းကို မကြည့်ရဲပဲ မျက်နှာကို ငုံ့ထားပြီး ပြောနေတော့တယ်။

"မင်းစိတ်ထိန်းစမ်းပါ. . " မစ္စတာပါစကယ်က တည်တည်ငြိမ်ငြိမ်နှင့် သူ့မိန်းမကို သတိပေးတယ်။

"တို့ကို သူက မနှောင့်ယှက်ပါဘူးလို့ ကတိပေးထားတယ်လေကွာ။ မင်းဒါကို ယုံစမ်းပါ၊ စိတ်ကို ငြိမ်ငြိမ်ထားစမ်းပါ. . "

မစ္စတာပါစကယ်က ပြောရင်း သူ့မိန်းမကို ဖက်ထားလိုက်ပြီး ဘားလန်းရဲ့ အရိပ်အကဲကို ကြည့်နေတယ်။ ဘားလန်းက အခြေအနေကို နားလည်စွာနဲ့ နောက်ကို ဖြည်းဖြည်းချင်း ဆုတ်သွားတယ်။

"အားလုံးက ကျွန်တော့်ကို ကြောက်ရွံ့ထိတ်လန့်နေကြပြီ မဟုတ်လား။ ကျွန်တော်လည်း ကျွန်တော့်ဘဝ အကြောင်းလေးကို ရှင်းရှင်းပြနေရတာ ကိုယ့်ကိုယ်ကို သနားလှပါပြီ. . စိတ်လည်း ပျက်မိပါပြီ. . ဒါနောက်ဆုံးပါပဲ။ ကျွန်တော်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုကို ဘယ်သူ့ကိုမှ ထည့်မတွက်ပဲ လုပ်မိတာ ဒါနောက်ဆုံးပါပဲ။ ကျွန်တော့်ကို ကြောက်ရွံ့နေတာ ကျွန်တော် ကိုယ်ချင်းစာမိပါတယ်။ ခင်ဗျားတို့ အိမ်ကို လူယောင်ဖန်ဆင်းပြီး ဝင်လာမိတာ ခွင့်လွှတ်ပါလို့ မတောင်းပန်ရဲတော့ပါဘူး၊ နောက်ကိုလည်း ကျွန်တော့်ကို ထပ်မတွေ့စေရပါဘူးလို့ ကတိပေးပါတယ်. . ပုလဲနက် မှော်ဆရာ ဒီမြို့မှာ ရှိနေမှတော့ ကျွန်တော် ကိုယ်တိုင်ပဲ သွားရှာ တွေ့ပါတော့မယ်၊ အားလုံး အားလုံးကို အထူးကျေးဇူးတင်ပါတယ်လို့ ပြောခဲ့ပါရစေ။ ကဲ. . ကျွန်တော်သွားပြီ. . ကျွန်တော်ဒီမှာ ဆက်ရှိနေရင် အန်တီက ဘယ်လိုမှ သည်းခံနိုင်မှာ မဟုတ်ဘူးဆိုတာ့ကျွန်တော်သိပါပြီ. . "

ဘားလန်းက သူ့စကား အဆုံးမှာ ခြေဦးကို အိမ်တံခါးဝဘက် လှည့်လိုက်ပြီး တစ်လှမ်းချင်း ထွက်ခွာသွားတော့တယ်။

"မင်း အငိုတိတ်ပါတော့. . သူထွက်သွားပါပြီ. . မင်းရဲ့ ထိတ်လန့်ကြောက်ရွံ့မှုတွေကိုလည်း အဝေးကို မောင်းထုတ်ပစ်လိုက်ပါတော့လား မိန်းမရယ်. . "

မစ္စတာပါစကယ်က သူ့ရဲ့မိန်းမကို သူ့ရင်ခွင်ထဲမှာ ဖက်ထားပြီး တိုးတိုးနှစ်သိမ့်စကားပြောလိုက်တယ်။

သူမက ကြောက်စိတ်ကို ထိန်းရင်း. . . "မဟုတ်ပါဘူး. . ကျွန်မ သူ့ကို သိပ်မကြောက်တော့ပါဘူး၊ ကျွန်မ သူ့စကားကြားတော့ ဝမ်းနည်းပြီး ဆက်ငိုမိတာပါ. . သူ့ကို ပြန်ခေါ်လိုက်ပါ။ ကျွန်မ မကြောက်တော့ဘူးလို့ ကတိပေးတယ်။ ကျွန်မ သူနဲ့ စကားပြောချင်တယ်. . ရှင်ပြောတဲ့ ကျွန်မ သမီးလေး အကြောင်းကို မေးရမှာ ဖြစ်မယ်. . "

သူမက ငိုသံတိတ်သွားပြီး သူ့ယောကျ်ားကို တည်တည် ငြိမ်ငြိမ်နဲ့ပြောတယ်။ မစ္စတာပါစကယ်က သူ့ မိန်းမကို နားလည်စွာ နှစ်သိမ့်ရင်း. . .



"ဒါဆိုရင် ကောင်းပြီ. . ဒီလိုမှပေါ့ ငါ့မိန်းမရဲ့၊ နေဦး. . သူ့ကို မီနိုင်သေးတယ်၊ ထွက်ခေါ်ကြည့်လိုက်ဦးမယ်. . "

မစ္စတာပါစကယ်က အလျင်အမြန် ထလိုက်ပြီး အိမ်အပြင်ဘက်သို့ ပြေးထွက်သွားတယ်။

"ဟေ့ ကောင်လေး ဘားလန်းရေ. . . နေပါဦးကွ. . ငါ မင်းကို ပြောစရာရှိသေးတယ်. . "

ဘားလန်း ထွက်သွားတဲ့ဘက်ကို တကြော်ကြော်အော်ခေါ် ရင်း အပြေးလိုက်လာတယ်။ ဘားလန်းဟာ သူ့နာမည်ကို ခေါ်သံ ကြားလို့ လှည့်ကြည့်လိုက်တော့ နောက်က ပြေးလိုက်လာတဲ့ မစ္စတာ ပါစကယ်ကို တွေ့ရတယ်၊ သူ့အနားရောက်တော့ မစ္စတာပါစကယ်က အနည်းငယ် မောဟိုက်နေပြီး စိတ်လှုပ်ရှားနေတယ်။

"နေပါဦး ကောင်လေး. . မင်းကို ငါကူညီစရာ ရှိသေး တယ် . . . မင်း ဘာမှ မသိဘဲ ပုလဲနက် မှော်ဆရာကို သွားရှာရင် ချက်ချင်းတွေ့နိုင်မှာ မဟုတ်ဘူး. . တွေ့ခဲ့ရင်လည်း ပုလဲနက် ပိုင်နက်ထဲ မင်းဝင်သွားလို့ မဖြစ်နိုင်လောက်ဘူး၊ အဲဒီကိစ္စကို ငါ ဝင်ပြီး ရှင်းပြပေးမှ ဖြစ်မှာဆိုတာ မင်းသိထားစမ်းပါ. . "

မစ္စတာပါစကယ်က ချွေးစို့နေတဲ့ သူ့နဖူးကို သုတ်ရင်း မောမောနဲ့ပြောတယ်။

"မင်းတစ်ယောက်ထဲရှာလို့ ဒီတစ်ရက်နှစ်ရက်မှ သူ့ကို မတွေ့ဘူးဆိုရင် သူ့အသက်တောင် မီဖို့မလွယ်ဘူး. . သူ တကယ့်ကို ပဲ မကျန်းမာတော့ဘူး။ ငါ့ရဲ့စိတ်ကူးက အခုညပဲ မင်းကို သူ့ဆီ ခေါ်သွားပြီး အကျိုးအကြောင်း ရှင်းပြမလို့ပဲ၊ ငါ သူ့ကို မင်း အကြောင်း တစ်စွန်းတစ်စပြောခဲ့မိတယ်၊ သူကပြောတယ်. . ဒီအချိန်မှာ သူဘယ်သူ့ကိုမှ မကူညီတော့ဘူး။ မှော်ပညာတွေကိုလည်း အသုံး မချတော့တာကြာပြီ လို့ပြောတယ်။ ငါလည်း သူ့ကျန်းမာရေး အခြေအနေကြည့်ပြီး ဒီလောက်နဲ့ပဲ လှည့်ပြန်လာခဲ့တယ်။ မင်းက လည်း သူ့ဆီက ဘာကို လိုချင်တယ်ဆိုတာ တိတိကျကျ ပြောမထား တော့ မင်းနဲ့ နောက်တစ်ခေါက် ပြန်သွားပြီး ထပ်တွေ့မယ်လို့ ဆုံးဖြတ်ထားတာ. . "

"ဒါပေမဲ့ အိမ်ရောက်တော့ ငါ့မိန်းမက အရမ်းကို ထိတ်လန့်ကြောက်ရွံ့နေပြီလေ. . အဲဒါကြောင့် မင်းကို ထပ်တွေ့ဖို့ မမျှော်လင့်ရဲတော့ဘူး။ ငါဟာ ငါ့စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ မင်းတို့ကို ဒုက္ခ မပေးဘူးဆိုတာလည်း ယုံတယ်၊ ခက်တာက ငါ့မိန်းမပဲ။ သူမက မင်းဟာ လူသားတစ်ယောက် မဟုတ်ဘူးဆိုတာ သိလိုက်ရတယ်ဆိုရင်ပဲ အကြောက်လွန်ပြီး ငါ့ကိုအတင်းတွယ်ကပ်နေတာ မင်းအမြင်ပဲ၊ ငါလည်း ဘာမှမတတ်နိုင်တော့ဘူး. . မင်းထွက်သွားတာကို ဒီအတိုင်းပဲ ကြည့်နေမိတော့တယ်။ အဲဒီအချိန်မှာ ငါ့စိတ်ထဲမှာလည်း မင်းကို အမြန်ဆုံး ထွက်သွားစေချင်တာ အမှန်ပဲလို့ ဝန်ခံပါတယ်. . "

"ခုကျ ဒီလို မဟုတ်တော့ဘူး၊ ငါ့မိန်းမက မင်းကို မကြောက်တော့ဘူးလို့ပြောတယ်။ မင်းကို ကူညီသင့်တယ် လို့ပြောသေးတယ်။ ဒီလောက်ဆိုရင် မင်း ငါပြောတာသဘောပေါက်လောက်ပါပြီ။ ငါတို့လင်မယားက မင်းအပေါ်မှာ ဘယ်လိုမှ သဘောမထားဘူးဆိုတာ. . နောက်ပြီး မင်းက သူတစ်ဖက်သားကို အတိုင်းထက်အလွန် ငဲ့ညှာတတ်တယ်၊ ကူညီတတ်တယ်ဆိုတာ ငါသိပါတယ်ကွာ၊ မင်းရှင်းပြစရာတောင် မလိုပါဘူး. . မင်း အခုလို ထွက်သွားရင်တော့တို့ ဘယ်စိတ်ကောင်းနိုင်ပါတော့မလဲကွာ. . ငါ့မိန်းမကို ပြန်လာပြီး နှုတ်ဆက်မယ်လို့တော့ ငါမျှော်လင့်ပါတယ်. . . "

မစ္စတာပါစကယ်က မောမောနဲ့ ဘားလန်းကို တတွတ်တွတ်ပြောတယ်၊ ဘားလန်းက လှိုက်လှဲစွာ ပြုံးပြီး . .

"တကယ်ပါ. . အန်တီ့ကို ကျွန်တော်ကြည့်လိုက်တော့ အရမ်းအားငယ် ကြောက်ရွံ့နေတာတွေ့ရလို့ အတော့်ကို စိတ်မကောင်းဖြစ်မိတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်ပေးတဲ့အနေနဲ့ ပုလဲနက်ကိစ္စကိုတောင် မမေးတော့ပဲ ထွက်လာခဲ့မိတာပါ၊ အခုလို ကျွန်တော့်ကို နားလည်ခွင့်လွှတ် ပေးတာကို ကျေးဇူးတင်ပါတယ်၊ အန်တီ့ကိုလည်း ပြန်တွေ့ နှုတ်ဆက်ပါမယ်။ အိမ်မှာ မတွေ့ချင်ဘူးဆိုရင်လည်း အခြားတစ်နေရာကို သွားစကားပြောကြရအောင်လား. . "



ဘားလန်းက ဖော်ရွေစွာပြောတယ်။

"မဟုတ်ဘူးလေ. . ဒီကိစ္စမျိုးဆိုတာ အိမ်မှာပဲပြောတာကောင်းပါတယ်၊ မဟုတ်ဘူးလား၊ ကဲ. . မောင်ရင် စဉ်းစား မနေနဲ့၊ အိမ်ကိုသာ ပြန်လိုက်ခဲ့ပါ. . "

မစ္စတာပါစကယ်က ပြောပြောဆိုဆိုနဲ့ ရှေ့က ဦးဆောင်ထွက်သွားတယ်။ ဘားလန်းက အဘိုးကြီးနောက်က တိတ်ဆိတ်စွာပြန်လိုက်လာခဲ့တယ်။

"တကယ်တော့ မောင်ရင်ဟာ လူကောင်း ပကတိပုံစံပါပဲ။ ကျုပ်တို့အနေနဲ့ ဘာမှထွေထွေထူးထူး ကြောက်စရာ မလိုပါဘူး. . မဟုတ်ဘူးလား မိန်းမရယ်. . "

မစ္စတာပါစကယ်က အိမ်ထဲကို လှမ်းဝင်ဝင်ချင်း သူ့မိန်းမကို ပြောတယ်၊ သူမကတော့ စောစောကအတိုင်း ထိုင်ခုံမှာ မလှုပ်မယှက် ငြိမ်သက်စွာထိုင်နေဆဲပဲ၊ မစ္စတာပါစကယ်ရဲ့နောက်မှာ ဘားလန်း မျက်နှာကို မြင်လိုက်ရတော့ ကြိုးစားပြုံးပြပြီး ပြောတယ်။

"အန်တီ့အနေနဲ့ သေချာ ပြန်စဉ်းစားကြည့်လိုက်တော့လည်း မင်းကို လက်မခံနိုင်စရာအကြောင်း မရှိပါဘူးကွယ်၊ မင်းဟာ ဘယ်သူ ပဲဖြစ်ဖြစ် ဖရီဒါ့မိတ်ဆွေ မဟုတ်လား. . ညည်းသည်တစ်ယောက်အပေါ်မှာ ရိုင်းပျသလို ဖြစ်သွားမိတာ အန်တီ တောင်းပန်ပါတယ်၊ ဒီလိုပဲ အန်တီက အထူးအဆန်းဆိုရင် သိပ်လက်ခံချင်တာမဟုတ်ဘူး၊ အဘွားကြီးတွေ ပုံစံအတိုင်းပဲလေ. . ဒါကိုတော့ မင်းနားလည်စေချင်တယ်။ အခုဆိုရင် အန်တီ့မှာ ကြောက်စိတ်ထက် သိချင်တဲ့စိတ်က ပိုများနေပါပြီ. . ပြောပြစမ်းပါ၊ မင်းဆီမှာရှိတဲ့ ဆွဲကြိုးလေးဟာ ဘယ်လိုက ဘယ်လို မင်းလက်ထဲရောက်နေရတာလဲ၊ ဖရီဒါရော. . ဘယ်လိုဘဝမျိုးတွေ ရောက်နေပြီလဲဆိုတာ အန်တီတို့ကို ပြောပြပါလားကွယ်. . "

သူမက ပထမဆုံး အနေနဲ့ ဘားလန်းကို ရဲရဲကြည့်ပြီးပြောတယ်။ ဘားလန်းက အရိပ်အကဲကြည့်ပြီး သူမနဲ့ အနည်းငယ်အလှမ်း ကွာတဲ့ထိုင်ခုံတစ်ခုမှာ ဝင်ထိုင်ရင်း သူမကို မကြည့်ဘဲ ပြန်ဖြေတယ်။

"ဟုတ်ပါတယ်. . ဒါ ဖရီဒါ့ဆွဲကြိုးပါ။ လမ်းခရီးမှာ အခက်အခဲကြုံခဲ့ရင် အသုံးပြုဖို့ ခဏပေးလိုက်တာပါ. . ဖရီဒါကလည်း ကျွန်တော့်လို ဝိညာဉ်ဘဝမှာပဲ ရှိနေဆဲပါ။ ဒါပေမဲ့ ဒီပယင်းနီမြို့ အနီးအနားမှာ မရှိတော့ဘူး။ ဟိုးအဝေးကြီးမှာ ရောက်နေပြီ၊ ကျွန်တော် ဒီကို ရောက်လာတာကလည်း ဖရီဒါ့ရဲ့ အကြံပြုချက်ကြောင့်ပါပဲ. ."

အဘွားကြီးက ဖရီဒါ့သတင်းကြားတော့ အလွန့်အလွန် စိတ်ဝင်စားသွားပြီး မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာပြန်တယ်။ မစ္စတာ ပါစကယ်က သူ့သမီး အကြောင်းကြားတော့ ဆေးပြင်းလိပ်တစ်လိပ်ကို မီးနိအောင် အငမ်းမရ ဖွာရှိုက်ရင်း မေးတယ်. .

"ဒါဆိုရင် အခုလက်ရှိမှာ မောင်ရင်က ဖရီဒါတို့နဲ့ အတူတူနေတာလား. . ကျုပ်သမီး ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်ရော ရှိရဲ့လား. . ဘယ်လိုပုံစံမျိုးလဲ. ."

"ကျွန်တော်က သူတို့နဲ့ အတူတူနေတာ မဟုတ်ပါဘူး။ ပယင်းနီမြို့ကို ထွက်လာရင်း လမ်းမှာ ခရီးသွားဟန်လွှဲ တွေ့ခဲ့တာပါ။ သူမက ဝိညာဉ်လောကသားတွေ နေထိုင်တဲ့ အဆောက်အဦပျက်ကြီးတစ်ခုမှာ လက်ရှိနေနေပါတယ်။ အဲဒီအဆောက်အဦပျက်ကြီးဟာ ပယင်းနီမြို့နဲ့ဆိုရင် မိုင်ပေါင်း အတော်ဝေးတယ်။ ဝိညာဉ်လောကသား တော်တော်များများက ဖရီဒါ့ကို သိကြတယ်. . ဖရီဒါက ဝိညာဉ်ဘဝမှာလည်း ကျန်းကျန်းမာမာနဲ့ ချောမောလှပတုန်းပါပဲ. ."

ဘားလန်းက ဖရီဒါ့မျက်နှာကို ပြန်မြင်ယောင်ရင်း အဘိုးကြီးနဲ့အဘွားကြီးကို ရှင်းပြတယ်. . လင်မယားနှစ်ယောက်လုံးဟာ စကားသံတိတ်ဆိတ်လျက် သူတို့၏ ချစ်လှစွာသော သမီးလေးရဲ့ ဝိညာဉ်ဘဝခရီးကို စိတ်ကူးနဲ့ ပုံဖော်မှန်းဆရင်း ဝမ်းနည်းစိတ်၊ စိုးရိမ်သောကစိတ်တွေနဲ့ ကြေကွဲစွာ ငေးမောနေကြတော့တယ်။

ပါးနပ်ပြီး အမြော်အမြင်ကြီးတဲ့ မစ္စတာပါစကယ်က လေးတွဲ့စွာ သက်ပြင်းချရင်း မေးတယ်။



"ဒါဆိုရင် ကျုပ်သမီးလေးဟာ မောင်ရင်တို့ လောကသားအဆိုအရ သူ့သင်္ချိုင်းမှာသူ ရှိမနေတော့ဘဲ စိတ်ကူး ပေါက်ရာသွားချင်ရာ သွားနေတဲ့ ဝိညာဉ်ဖြစ်နေပါပေါ့လား။ ကျုပ်သမီးက ဘာဖြစ်လို့ သူ့သင်္ချိုင်းမှာသူ မနေနိုင်ရတာလဲဗျာ. . ."

"ဒီလိုပါ. . ဒီလိုပါပဲ၊ ဝိညာဉ်တော်တော်များများက ကိုယ့်နေရာကိုယ် မနေချင်ကြဘူးလေ၊ လွတ်လပ်ရာ အဖော်အပေါင်းရှိတဲ့နေရာကို ရောက်မှန်းမသိ ရောက်သွားကြတယ်။ သင်္ချိုင်းထက် အဆောက်အဦပျက်တွေ၊ ဆေးရုံဆေးခန်းပျက်တွေ၊ သစ်ပင်ကြီးကြီးမားမားတွေကို နေရာယူပြီး လွတ်လွတ်လပ်လပ် နေထိုင်ကြရတာကို သဘောကျကြတယ်"

ဘားလန်းက မစ္စတာပါစကယ် နားလည်အောင် အတတ်နိုင်ဆုံးရှင်းပြတယ်။ အဘွားကြီးက ထိုင်ခုံပေါ်မှာ ဒူးနှစ်လုံးထောင်ထိုင်နေပြီး စိတ်ပျက်လက်ပျက်နဲ့ မျက်ရည်တွေကို သုတ်ရင်း. . .

"ကျွန်မသမီးလေးက ဝိညာဉ်ဘဝမှာ ပျော်နေပြီပေါ့၊ မင်းဒီကပြန်သွားရင် ပြောပေးစမ်းပါ၊ ကျွန်မက မှာလိုက်တယ်. . လိမ်လိမ်မာမာနေပါလို့. . မိဘတွေကိုရော သတိရသေးရဲ့လားလို့. . ကျွန်မ သမီးလေးကို တွေ့ချင်ရင် ဘယ်လိုတွေ့နိုင်မလဲ၊ အိမ်ကိုလာလို့ရရင် တစ်ခေါက်လောက် ပြန်လာခဲ့ပါဦးလို့ ပြောပေးပါကွယ်. . သမီးလေးကို ပြန်တွေ့ချင်လိုက်တာ. . ."

သူမက ကြေကြေကွဲကွဲ ပြောတယ်။

ဘားလန်းက နှစ်သိမ့်တဲ့အကြည့်နဲ့ သူမကို မရဲတရဲကြည့်ပြီး. . .

"ဒီအတွက်တော့ ဘာမှမပူပါနဲ့. . ကျွန်တော် ဖရီဒါ့ဆီရောက်ရင် အားလုံးကို ပြောပြမှာပါ၊ အန်တီမှာလိုက်တာလည်း ဆက်ဆက်ပြောလိုက်ပါမယ်၊ တစ်ခုတော့ ရှိတယ်. . ဝိညာဉ်တွေဟာ ကိုယ့်အိမ်ကိုယ် ပြန်လာနေမိရင် ပြန်မသွား ချင်တော့ဘူး။ အိမ်ကို စွဲလမ်းတဲ့စိတ် ဖြစ်လာရင် အခြား မလိုလာအပ်တဲ့ ပြဿနာတွေ ဖြစ်တတ်တယ်. . ဖရီဒါလို ဝိညာဉ်မျိုးကတော့ စိတ်ခတ်နိုင်မှာပါ

တယ်.. သူ့ဘဝသူ နားလည်ကောင်းပါရဲ့လေ.. သူနဲ့တွေ့ပြီး ပြောပြရင်တော့ တစ်ခေါက်တလေ လာတွေ့ကောင်းတွေ့ပါလိမ့်မယ်.."

ဘားလန်းက ဖရီဒါအမေကို နှစ်သိမ့်စကားပြောရင်း တစ်ဆက်တည်း မစ္စတာ ပါစကယ်ဘက် မျက်နှာမူပြီး...

"ကျွန်တော်တို့ သွားသင့်ပြီထင်တယ်၊ ခုချိန်လောက်ဆို ပုလဲနက် မှော်ဆရာကို တွေ့ဖို့ အကောင်းဆုံးအချိန် ဖြစ်မယ်.. မစ္စတာ ပါစကယ် လိုက်ပြီးပြောပေးမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေမယ်လို့ ထင်ပါတယ်။ မလိုက်တော့ဘူးဆိုရင်လည်း ကျွန်တော့်ကို ပုလဲနက် ရှိတဲ့နေရာကိုသာ ပြောပါတော့.."

မစ္စတာပါစကယ်က ဘားလန်း စကားကြောင့် အတွေးရေယာဉ်ကြော မျောနေရာက ပြန်လည်အသက်ဝင်လာပြီး...

"ဟုတ်တာပေါ့.. အပြင်မှာ နေတောင် ဝင်တော့မယ်၊ ကျုပ်လိုက်ပို့ပါမယ်.. ပုလဲနက်ကို ကျုပ်ကိုယ်တိုင် အကျိုးအကြောင်းရှင်းပြပြီး မောင်ရင့်ကို မဖြစ်ဖြစ်အောင် ကူညီမယ်။ ကျုပ်သမီးလေးအကြောင်းကို အခုလို ပြည့်ပြည့်စုံစုံ ပြောပြတာ ကျေးဇူးတင်ပါတယ်။ လာကွယ်.. အချိန်သိပ်မရှိတော့ဘူး၊ မြန်မြန်သွားကြရအောင်.."

မစ္စတာပါစကယ်က သူ့ရဲ့ကုတ်အကျႌကို လှမ်းယူလိုက်ရင်း ပြောတယ်၊ ဘားလန်းက အဘွားကြီးကို တစ်ချက်ကြည့်ရင်း နောက်ဆုံး နှုတ်ဆက်စကားဆိုလိုက်တယ်။

"အန်တီ.. ကျွန်တော် သွားတော့မယ်၊ အန်တီတို့အိမ်က ကျွန်တော့်ကို နွေးထွေးစွာ လက်ခံပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ခင်ဗျာ.."

ဘားလန်းက လက်ပြနှုတ်ဆက်ပြီး မစ္စတာပါစကယ်နဲ့အတူ ထွက်လာခဲ့တယ်၊ သူ့မက မျက်ရည်စက်လက်နဲ့ ပြုံးပြရင်း...

"ကလေးရယ်.. အန်တီ မင်းကို နားလည်ပါပြီ၊ မင်း ဘယ်ဘဝရောက်ရောက် ဒုက္ခတွေ ထပ်မတွေ့ပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။ အန်တီ့သမီးလေးကိုလည်း စောင့်ရှောက်လိုက်ပါကွယ်.."



သူ့မဟာ တရှုံ့ရှုံ့ငိုကြွေးရင်း ကျန်နေခဲ့တော့တယ်။

အိမ်ကထွက်တော့ အပြင်မှာ 'နေ'မရှိတော့ဘူး၊ မြို့အပြင်ဘက်ကို တက္ကစီတစ်စီး ငှားရမ်းစီးခဲ့ကြတယ်၊ မိနစ်သုံးဆယ်လောက်မောင်းပြီး အလွန်တရာ သစ်ပင်ထူထပ်စွာပေါက်နေတဲ့ လမ်းကျဉ်းတစ်ခုအရောက်မှာ မစ္စတာပါစကယ်က တက်စီကားကိုရပ်ခိုင်းတယ်.. လူသွားလမ်းလေးအတိုင်း စိုက်စိုက်စိုက်စိုက် ရှေ့က ဦးဆောင်သွားနေတဲ့ မစ္စတာပါစကယ်ရဲ့နောက်မှ ဘားလန်းက ထပ်ချပ်မကွာ လိုက်ပါရင်း ပတ်ဝန်းကျင်ကို စူးစမ်းကြည့်တယ်။ လမ်းကလေးကို ကျောက်တုံးတွေနဲ့ သေသေသပ်သပ်ပြုပြင်ထားတယ်။ ဘေးတစ်ဖက်တစ်ချက်မှာ ဖြောင့်တန်းပြီး ခရမ်းရောင်၊ အဝါရောင်အပွင့်တွေ ဝေဝေဆာဆာပွင့်နေတဲ့ အရပ်ရှည်ရှည်သစ်ပင်တွေ စိုက်ထားတယ်။ အရောင်စိုတဲ့ သစ်ပင်ပုလေးတွေရောပဲ၊ ကျောက်ခင်းလမ်းကလေးဟာ တဖြည်းဖြည်းကွေ့သွားပြီး ကွင်းပြင်တစ်ခုကိုအရောက်မှာ အဆောက်အဦကြီး တစ်ခုကို သွားခနဲတွေ့ရတယ်။ ၎င်းအဆောက်အဦကြီးဟာ ရှေးခေတ်က ဘုရားကျောင်းတစ်ခုလား.. ပြတိုက်တစ်ခုလား ဘာလား.. တစ်ခုခုပဲ.. ဒါပေမဲ့ အသုံးမပြုတော့တာ ကြာပြီထင်တယ်။ ပြိုပျက်ကျနေတဲ့ မည်းမည်းမွဲမွဲ အရောင်အုတ်ကျိုးတွေက မြေမှာ တောင်ပုံရာပုံပါပဲ.. အရှေ့မျက်နှာစာဘက်ကနေ ကြည့်ရင်တော့ အဆောက်အဦရဲ့အတွင်းဘက်ကို ခပ်မှိုင်းမှိုင်းမြင်ရတယ်။ အတွင်းဘက်က အခန်းတွေဟာ အတော့်ကို ဟောင်းနွမ်းပျက်စီးသွားပြီ၊ မြက်ရိုင်းပင်တွေတောင် ပေါက်နေတယ်။ ဒါပေမဲ့ ၎င်းအဆောက်အဦကြီးဟာ အလွန်ကို ကြီးမားတာတော့ ဘယ်လိုမှမငြင်းနိုင်ဘူး။ အချိုးအစားကျနတဲ့ အဆောက်အဦပျက်ကြီးဟာ ဘားလန်းကို မိန်းမော သွားစေတယ်၊ ဘားလန်းက အဆောက်အဦကြီးကို မင်သက်ကြည့်နေတုန်း မစ္စတာပါစကယ်က နောက်လှည့်ကြည့်ရင်း ပြောတယ်..

"ဒီအဆောက်အဦကြီးက ရှေးတုန်းက ဘုရားကျောင်းပျက်ကြီးပဲ.. ဒါ ပယင်းနီမြို့ရဲ့ သမိုင်းဝင် အဆောက်အဦကြီးတစ်ခု

ပေါ့. . လာဟေ့. . သိပ်မမှောင်ခင် ပုလဲနက်ဆီ ရောက်မှဖြစ်မယ်. . "

မစ္စတာပါစကယ်က ပြောပြောဆိုဆိုနဲ့ ဘုရားကျောင်းပျက်ကြီးရဲ့ဘေးက တောင်ကုန်းအမြင့်ပေါ်ကိုတက်တဲ့ လူသွားလမ်းကလေး အတိုင်း ခပ်သုတ်သုတ် တက်သွားတယ်။ ဘားလန်းက ဘုရားကျောင်းပျက်ကြီးကို ငေးကြည့် မနေအားတော့ပဲ သူ့နောက်က မြန်မြန်လိုက်ရတယ်။ တောင်ကုန်းထိပ်မှာ အုတ်ကျိုးတွေကိုစီပြီး သစ်သားတိုင်အဟောင်းတွေနဲ့ ဖြစ်သလိုဆောက်လုပ်ထားတဲ့ တဲသာသာအဆောက်အဦတစ်ခု၊ အမိုးကို မြက်ရိုင်းပင်တွေနဲ့ ယက်လုပ်မိုးထားပြီး တဲရှေ့ဝင်ပေါက်က ဘုရားကျောင်းပျက်မှ တံခါးပျက်တစ်ခုနဲ့ ပြီးစလွယ်ပိတ်ထားသလိုပဲ၊ အထဲမှာ မီးရောင်ခပ်မှိန်မှိန် ထွန်းညှိထားတာကို တံခါးပျက်ကြားက အတိုင်းသားမြင်နေရတယ်။ မစ္စတာပါစကယ် ၎င်းတံခါးရှေ့ရောက်သွားတော့ အထဲက အော်ပြောသံကြားရတယ်။ ဘားလန်းက မစ္စတာပါစကယ်နောက်ကနေ အရိပ်အကဲကို စောင့်ကြည့်တယ်။

"လာပြီ. . လာပြီ၊ ဒုက္ခပေးမဲ့သူတွေ လာပြီ. . " လို့ တဲအိမ်ထဲမှ ပြောသံကြားရတယ်။

"ဟေ့. . သွားကြ. . သွားကြ၊ ငါ ဒီအလုပ်တွေ မလုပ်တော့ဘူး. . ငါ့ကို ညှာတာသောအားဖြင့် မင်းတို့ ဒီနေရာက အမြန်ထွက်သွားကြပါ။ ငါ အေးအေးဆေးဆေး သေချင်ပြီကွာ. . ငါ့ကို မနှောင့်ယှက်ကြပါနဲ့တော့. . "

တဲထဲမှ အမောဖေါက်တဲ့အသံနဲ့ အော်ပြောနေတယ်၊ မစ္စတာပါစကယ်က ၎င်းအသံကို မသိကျိုးကျွန်ပြုပြီး တံခါးကို အသာ 'မ'ရွှေ့ကာ အထဲကိုဝင်သွားတယ်၊ ဘားလန်းကတော့ အပြင်က စောင့်ကြည့်နေပြီး အတွင်းကို ဝင်သင့် မဝင်သင့် စဉ်းစားနေတုန်း. . .

"ဟေ့. . ပိုဝိညာဉ်. . ငါ့အိမ်ထဲကို မင်းမဝင်ရဘူး၊ သေသွားမယ်. . ငါ့ကို ဘာမှတ်နေလဲ၊ မင်းရဲ့ ခြေလှမ်းရှေ့ကို



တစ်လှမ်းတိုးတာနဲ့ မင်းကို ငါအဆုံး စီရင်လိုက်မယ်. . ကြားရဲ့လား. . "

တဲအတွင်းမှ အဘိုးကြီးက ဘားလန်းရဲ့ အရိပ်အကဲကိုသိပြီး အထဲကနေ လှမ်းအော်ပြောတယ်။ ဘားလန်းက အဘိုးကြီး စကားကြောင့် နောက်ကို ခြေတစ်လှမ်း ဆုတ်သွားပြီး တဲအတွင်းကို ကြောင်တောင်တောင် ငေးကြည့်နေတယ်။

"စိတ်ကိုထိန်းပါဗျာ. . " မစ္စတာပါစကယ်ရဲ့ပြောသံကြားရတယ်။

"ကျွန်တော်တို့က ခင်ဗျားကို ဒုက္ခပေးရအောင်လာတာ မဟုတ်ပါဘူး။ အခုခင်ဗျားခံစားနေရတဲ့ ရောဂါတွေ သက်သာအောင် ကူညီပေးဖို့လည်းပါပါတယ်. . ခင်ဗျားကို ကျုပ်ကောင်းကောင်း ကူညီနိုင်ပါတယ်။ ခင်ဗျားရဲ့ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်အောင် ဆရာဝန်လည်း ခေါ်ပေးပါမယ်ဗျာ. . "

"လျှောက်မလုပ်နဲ့. . အဟွတ်. . အဟွတ်. . "

အဘိုးကြီးက ချောင်းဆိုးရင်း အိပ်ရာကကုန်းထလာပြီး ပြန်ပြောတယ်၊

"ကျုပ်ကို ဘာမှလုပ်ပေးစရာ မလိုဘူး . . ခင်ဗျား ကျုပ်ကို တကယ်ကူညီချင်ရင် အခုခင်ဗျားနဲ့ အတူပါလာတဲ့ ကျုပ်အိမ်ရှေ့က ဝိညာဉ်ကောင်ကို အမြန်ဆုံး ပြန်ခေါ်သွားပေးပါ။ ကျုပ်စိတ်မတိုခင် အမြန်ခေါ်သွားပေးပါ. . ကျုပ်သေခါနီး ဘယ်သူ့ကိုမှ သတ်မသွားချင်ဘူး. . အဟွတ်. . အဟွတ်. . " အဖိုးကြီးက ချောင်းသံရောယှက်လျက် ဆက်ပြောတယ်။

"တစ်သက်လုံး ဝိညာဉ်သောက်ရူးတွေနဲ့ လုံးလားထွေးလားနေလာခဲ့တာ ငြီးငွေ့လှပြီ. . အခုဆိုရင် ကျုပ် ဆွေမျိုးအသိုင်းအဝိုင်းက ကျုပ်ကို ဘယ်သူကမှ လက်မခံချင်ကြတော့ပါဘူးဗျာ. . ဝိုင်းပယ်လိုက်ကြပြီ၊ ကျုပ်ရှိနေရင် သူတို့မှာ အမြဲကြောက်လန့်နေရတယ်တဲ့. . ကျုပ်ဆီကို မှော်ဆရာ ပေါက်စတွေ၊ သရဲတစ္ဆေတွေက အကြောင်းအမျိုးမျိုးနဲ့ ရောက်လာပြီး ဇာတ်ရှုပ်တော့တာပဲတဲ့၊

မှန်တော့လည်း မှန်တယ်. . သူတို့ပြောတာ မမှားဘူး။ ကျုပ်ကလည်း ကျုပ်ပဲ၊ တစ်သက်လုံး ဒီဘာမဟုတ်တဲ့ မှော်ရှူးအလုပ်နဲ့ အချိန်ကုန်နေတာ၊ အခုတော့ ကျုပ်ဘဝ ဒီဘုရားကျောင်းပျက်ကြီးဘေးက တဲစုတ်လေးမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ သေရတော့မယ်. . ခုထိလည်း ကျုပ်နဲ့ ပတ်သက်ခဲ့တဲ့ မှော်ဆရာတွေ၊ သရဲတွေ၊ နာနာဘာဝတွေဟာ အကြောင်းအမျိုးမျိုးနဲ့ လာပြီးနှိပ်စက်နေကြတုန်းပဲ၊ သူတို့လိုချင်တာတွေ ဖြစ်ချင်တာ တွေ အတင်းလုပ်ခိုင်း၊ မလုပ်ပေးရင် အမျိုးမျိုး ခြိမ်းခြောက် အကျပ်ကိုင်ပြီး သေခါနီးလူနာ တစ်ပိုင်းဖြစ်နေတဲ့ ကျုပ်ကို နှိပ်စက်တော့တာပဲ၊ ကျုပ်ဘဝက မြန်မြန်သေတာပဲကောင်းပါတယ်. . အခု ကျုပ်ဆီကို သက်ရှိလူသားဆိုလို့ ထမင်းလာပို့တဲ့ ကျုပ်ညီမနဲ့ ခင်ဗျားတစ်ယောက်သာ ရောက်လာဖူးတယ်။ အခြားရောက်လာတဲ့သူတွေကတော့ ကျုပ်ကို သေမင်းတိုင်းပြည် အမြန်ပို့မဲ့ဝိညာဉ်သရဲတွေချည်းပဲ. . တကယ်ပါ. . ကျုပ်မသေခင်လေး သာမန် လူသား တစ်ယောက်လို မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်း နေချင်တော့တယ်ဗျာ. ."

ပုလဲနက် မှော်ဆရာကြီးက သူ့ခံစားချက်များကို မောပန်းနေတဲ့ကြားက မနားတမ်းပြောပြီး မြည်တွန်တောက်တီးနေတယ်။ မစ္စတာပါစကယ်က အဘိုးကြီးစကားကို စိတ်ရှည်လက်ရှည် နားထောင်တယ်။ လာရင်းကိစ္စကို မပြောသေးဘဲ အဘိုးကြီးကို ရေလိုက်ငါးလိုက် လုပ်နေတယ်။ ပုလဲနက် အဘိုးကြီးက သေမင်းနဲ့ စစ်ခင်းနေချိန်ဆိုတော့ ဘယ်သူ့ကိုမှ အလိုမကျ ဂရုမစိုက်နိုင်ဘဲ ဖြစ်နေရတာကို မစ္စတာပါစကယ် သဘောပေါက်တယ်။ ပုလဲနက် အဘိုးကြီးက စိုထိုင်းထိုင်း အိပ်ရာထဲကို ပြန်လှဲပြီး မှိန်းနေတယ်။ မစ္စတာပါစကယ်က အခွင့်သာရင် လာရင်းကိစ္စကို အကောင်အထည်ဖော်ဖို့ စကားစ ရှာတယ်. .

"ခင်ဗျားဆီကို ခင်ဗျား ညီမနဲ့ ကျုပ်နဲ့သာ လာတယ်ဆိုတော့ ခင်ဗျားဘဝကို ကျုပ်စာနာမိပါတယ်၊ ဒီလိုပါပဲလေ. . သက်ရှိဖြစ်လာရင် တစ်ခုခုအတွက် ပေးဆပ်နေရတာပါပဲ၊ ခင်ဗျားဆို မှော်ဆရာ



ဖြစ်ဖို့အတွက် အချိန်တွေပေးခဲ့ရတယ်။ ကျွန်တော်ဆိုရင်လည်း ကျွန်တော့်ဘဝ တစ်ခုလုံးကို မိသားစု စားဝတ်နေရေး အဆင်ပြေဖို့အတွက် မိုးလင်းက မိုးချုပ် ကီရစ္စာန်တွေ ထိန်းကျောင်း မွေးမြူရင်း အချိန်ကုန်ခဲ့ရတယ်။ လူတိုင်းလူတိုင်းဟာ ဘဝကို တစ်နည်းနည်းနဲ့ ပေးဆပ်နေရတော့တာပါပဲ။ တချို့ပုဂ္ဂိုလ်တွေဆိုရင် ကိုယ်က မလုပ်ချင်တဲ့အလုပ်တစ်ခုကိုတောင် ဘဝရှင်သန်ရေးအတွက် စိတ်ပျက်လက်ပျက်နဲ့ တစ်သက်လုံး လုပ်ကိုင် ပေးဆပ်သွားရင်း သေဆုံးသွားကြတာ အများကြီးပါပဲ. . ကျုပ်အမြင်မှာတော့ ခင်ဗျားဘဝဟာ ဒီလောက်မဆိုးသေးပါဘူး။ ဘဝမှာ ခင်ဗျားလုပ်ချင်တာတွေ ခင်ဗျား ဝါသနာပါတာတွေကို လုပ်ခဲ့ရတယ်မဟုတ်လား ဒီ့အတွက် မှားတာမှန်တာတွေကို စဉ်းစားပြီး နောင်တ ရနေမဲ့အစား ကိုယ်လုပ်ချင်တာ လုပ်ခဲ့ရလို့ စိတ်ကျေနပ်ပြီး ဂုဏ်ယူတောင်နေသင့်တယ်လို့ ကျုပ်တော့ ထင်တာပဲ"

မစ္စတာပါစကယ်က ပုလဲနက် မှော်ဆရာရဲ့ခုတင်ဘေးမှာ ဝင်ထိုင်ရင်း စကားအေးအေးလေးနဲ့ ဖြည်းဖြည်းချင်း ပြောနေတယ်။ ပုလဲနက် မှော်ဆရာက သူ့ကို မျက်လုံးတစ်ဖက်ဖွင့်ကြည့်တယ်။ မစ္စတာပါစကယ်က ဆက်ပြောတယ်. .

"ကျုပ်သာ ခင်ဗျားနေရာမှာဆိုရင် ကိုယ့်လုပ်ငန်းကိုယ် ပျော်ပျော်ကြီးလုပ်သွားပြီး ပျော်ပျော်ကြီး သေပစ်လိုက်မယ်။ ကျုပ်ထင်တာကတော့ ခင်ဗျားလို လူစားမျိုးဟာ ကျုပ်တို့လို ဘာမဟုတ်တဲ့ ရိုးရိုးသာမန်ဘဝနဲ့ ဘဝတစ်လျှောက်လုံး ဘာသိဘာသာနေပြီး ဘာသိဘာသာသေဆုံးသွားတာကို သဘောတွေ့မဲ့ လူစားမျိုး မဟုတ်ဘူး. . အဲ. . အခုမှ သာမန်ဘဝနဲ့ မိသားစုအသိုင်းအဝိုင်းနဲ့ နေချင်တယ်ဆိုတာ သက်သက်လောဘကြီးတာပဲဖြစ်မှာပါ။ မကျန်းမာလို့ ကိုယ်ရွေးချယ် မထားတဲ့ အခြားအနေအထားတစ်ခုကို စိတ်အလိုလိုက်တွေးပြီး ရယူဖူးချင်တာ ချဉ်ချင်းသက်သက် တစ်ခုပါ. . သာမန်ရိုးရိုးဘဝဟာ သိပ်စိတ်ပျက်စရာကောင်းပြီး အကြံတုံးဉာဏ်တုံးနဲ့ ပျင်းဖို့ ကောင်းတယ်ဆိုတာ

လက်တွေ့ဖြတ်သန်းလာခဲ့တဲ့ ကျုပ်ဘဝကိုကြည့်ပြီး ကျုပ် ကောင်းကောင်းသိတာပေါ့။ ဘာမှကို စိတ်ဝင်စားစရာ မကောင်းဘူး၊ ကျုပ်လည်း ဒီ့အတွက်နဲ့ ကိုယ့်ဘဝကိုယ် နှမြောမိတယ်။ ကျုပ်က ခင်ဗျားလို လူထူးလူဆန်း မှော်ဆရာ တစ်ယောက်တောင် ဖြစ်လိုက်ချင်မိတယ်. . . ”

မစ္စတာပါစကယ်က တဲရဲ့ခေါင်မိုးကို မော့ကြည့်နေရင်း သူ့အတွေးအမြင်တွေနဲ့ ပုလဲနက် အ ိုးကြီးကို အားပေး နှစ်သိမ့်တဲ့ စကားတွေ ရွေးပြောတယ်။ ပုလဲနက်မှော်ဆရာက မစ္စတာပါစကယ်ကို အသေအချာကြည့်လိုက်ပြီး ရုတ်တရက် ထထိုင်ဖို့ ကြိုးစားတယ်၊ မစ္စတာပါစကယ်က အလျင်အမြန်ထပြီး အဘိုးကြီးကို ထူမပေးတယ်။

“ခင်ဗျား ထမယ်ဆိုလည်း ပြောရောပေါ့ဗျာ. . ကျုပ်ထူပေးမှာပေါ့၊ ကျုပ် ခင်ဗျားကို အများကြီး ကူညီချင်ပါတယ်. . ဆရာဝန် ခေါ်ပေးဆိုရင်လည်း အခုချက်ချင်းခေါ်ပေးပါမယ်. . ”

မစ္စတာပါစကယ်က အဘိုးကြီးကို နောက်ကျောမှ ကိုင်မတ်ထားပေးပြီး စိတ်ပါ လက်ပါပြောတယ်။

“နေ. . နေ. . ကျုပ်အခြေအနေ ကျုပ်သိတယ်၊ ကျုပ်က အလွန်ကိုပဲ အိုမင်းနေပါပြီ၊ ခင်ဗျားပြောတဲ့စကား ကို စိတ်ဝင်စားလို့ ထထိုင်ချင်စိတ်ပေါက်လာမိတာ. . ဟုတ်တော့လည်း ဟုတ်တယ်. . ဒီလောကမှာ ခင်ဗျားလို နှစ်ဖက်အမြင်ရှိတဲ့လူမျိုး ကျုပ်သိပ်မတွေ့ရဘူး၊ ကျုပ်ကလည်း ကျုပ်ဘဝကို တစ်ခါတလေတော့ ကျေနပ်မိပါတယ်၊ ခင်ဗျားလို ဘဝကိုနားလည်တဲ့ လူမျိုးချည်းပဲဆိုရင် ကျုပ်ဒီနေရာမှာ ရဲရဲတင်းတင်း မသေရဲစရာ အကြောင်း မရှိဘူး”

“တကယ်တော့ ကျုပ်ဟာကျုပ် သွားချင်ရာ သွားနေတာကလွဲပြီး ဆွေမျိုးတွေကို ဘာမှလည်း ဒုက္ခ မပေးဖူးပါဘူး၊ အခုလောလောဆယ် ကျုပ်စိတ်ထဲမှာ ချဉ်ခြင်းတပ်နေတာက မသေခင်ကလေးမှာ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ စကားပြောချင် အတူနေချင်တာလေး တစ်ခုထဲပါ. . ဒါကို သူတို့နားလည်မပေးနိုင်ကြဘူး၊ ကူညီမပေးနိုင်



ဘူး ဖြစ်နေတယ်၊ ဒီအတွက် ကျုပ်ဝမ်းနည်းလို့မဆုံးဘူး၊ သူတို့သာ ခင်ဗျားလိုအမြင်မျိုး နည်းနည်းလောက်ရှိရင် သိပ်ကောင်းမှာပဲ. . ”

ပုလဲနက်မှော်ဆရာက သူ့ခံစားချက်ကို ဖွင့်ချလိုက်ရလို့ မျက်လုံးတွေ ကြည်လင်လာတယ်။ စကားတွေလည်း သွက်လာတယ်။

“ပြန်လည် သုံးသပ်ကြည့်တော့လည်း သူတို့အမြင်နဲ့ဆိုရင် ကျုပ်ဟာ တစ်ကိုယ်ကောင်းသမား ဖြစ်နေတာပေါ့. . ကျန်းမာတဲ့ အချိန်တုန်းက သွားချင်ရာသွားနေပြီး အိုမင်းမစွမ်းကာမှ ပြန်လာတယ်လို့ပြောခံနေရပြီ. . အဲဒါကြောင့် ခုချိန်မှာ ဖြစ်နိုင်သေးရင် သူတို့နဲ့အတူနေပြီး သူတို့ခိုင်းတာကို လုပ်ပေးနိုင်တဲ့သူ ဖြစ်ချင်လာတယ်၊ သိုက်သိုက်ဝန်းဝန်း နေချင်လာတယ်၊ ဒီလောက်ဆိုရင် မှော်ဆရာအလုပ်ကို ကျုပ်ဘာကြောင့် စွန့်လွှတ်လိုက်တယ်ဆိုတာ ခင်ဗျား ဘဘောပေါက်လောက်ပါပြီလေ. . အခု ခင်ဗျားပြောသလို စဉ်းစားကြည့်တော့လည်း မှော်ဆရာအလုပ်ဟာ ကျုပ်အတွက် သိပ်တော့လည်းအဆိုးကြီး မဟုတ်ပါဘူး။ရင်ခုန်စရာကောင်းတာတော့ အမှန်ပဲ။ ကြိမ်လုံးနဲ့တစ်ချက် ရမ်းလိုက်တာနဲ့ မျက်လှည့်ပြသလို အပြောင်းအလဲဖြစ်သွားတာ စိတ်ဝင်စားစရာ မကောင်းပေဘူးလား. . ဒီအလုပ်ကို ကျုပ်ကြိုက်ပါတယ်. . ”

ပုလဲနက်မှော်ဆရာက ပြုံးပြုံးရွှင်ရွှင်ဖြစ်လာပြီး မစ္စတာပါစကယ်နဲ့ အတိုင်အဖေါက်ညီစွာ စကားတွေ ပြောလာတယ်။

“ဒါနဲ့ နေပါဦး. . ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ဆီကို ဝိညာဉ်တစ်ကောင်နဲ့အတူ လာရတာလဲ။ ခင်ဗျားရော မှော်ဆရာဖြစ်ချင်လို့လား။ ဒါဆိုရင်တော့ ခင်ဗျားအတွက် ဝမ်းနည်းစရာပဲ. . ကျုပ် ခင်ဗျားကို သင်ပြဖို့ ခွန်အား မရှိတော့တာ ခင်ဗျားမြင်တဲ့အတိုင်းပဲ. . ”

ပုလဲနက်က မစ္စတာပါစကယ်ကို ဇဝေဇဝါအကြည့်နဲ့ လက်ခါပြီးပြောတယ်။ မစ္စတာပါစကယ်က အဘိုးကြီးကို ကရုဏာသက်စွာကြည့်ရင်း. . .

“မဟုတ်ပါဘူးဗျာ. . ကျွန်တော် မှော်ပညာသင်ဖို့လာတာ

မဟုတ်ပါဘူး။ ကျုပ် ဒီမနက် ခင်ဗျားကို တစ္ဆေးတစ်စ ပြောခဲ့တာ မှတ်မိမလားတော့ မသိဘူး. . ကျွန်တော်တို့ ခင်ဗျားတို့ထက် ဒုက္ခရောက်တဲ့သူတွေ ဒီလောကမှာရှိသေးတယ်ဆိုတာ. . ခင်ဗျား သိမှာပါ၊ ခင်ဗျားမကျန်းမာတုန်း အကူအညီတောင်းရတာ စိတ်တော့ မကောင်းဘူး၊ ကိစ္စက ခင်ဗျားကယ်မှ ဖြစ်မှာမို့လို့ပါ. ." မစ္စတာ ပါစကယ်က ပုလဲနက်ရဲ့ အရိပ်အခြေကိုကြည့်ပြီး လာရင်းကိစ္စကို ချင့်ချင့်ချိန်ချိန် ပြောတယ်။

"ခင်ဗျား ဘာတွေ လျှောက်လုပ်နေတာလဲ၊ ခင်ဗျားကိုယ် ခင်ဗျား ဘာထင်လို့လဲ. ." ပုလဲနက်က သတိပေး သလိုပြော တယ်. . "ဝိညာဉ်တွေနဲ့ အဆက်အသွယ် လုပ်တာဟာ ဘယ်လောက် အထိ အန္တရာယ်များတယ်ဆိုတာ ခင်ဗျား မစဉ်းစားမိဘူးလား. ."

"ခင်ဗျားပြောတာကို ကျွန်တော် လက်ခံပါတယ်၊ စဉ်းစား မိပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့ပါလာတဲ့ဝိညာဉ်ကတော့ ကျွန်တော့် အပေါ် အန္တရာယ်ပေးမဲ့သူ မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်တယ်၊ ခင်ဗျားသူ့ကို မြင်ရင် ပိုပြီးနားလည်လိမ့်မယ်၊ နောက်ပြီး သူ့ရှင်းပြတာကို သည်းခံပြီး နားထောင်ပေးစေချင်တယ်၊ အဲဒါ ကျွန်တော့်ဆန္ဒပါ. . သူ့အကြောင်းကို သိရပြီးနောက် ကူညီတာ မကူ ညီတာကတော့ ခင်ဗျားရဲ့အပိုင်း၊ ခင်ဗျားက ကျွန်တော့်ထက် ဝိညာဉ် တွေအကြောင်း ပိုသိတော့ ခင်ဗျားဆုံးဖြတ်ချင်သလို ဆုံးဖြတ်ပါ. ."

မစ္စတာပါစကယ်က အဖိုးကြီးကို စိတ်အားထက်သန်စွာ ကြည့်ပြီး ပြောတယ်၊ ပုလဲနက်က မစ္စတာပါစကယ်ရဲ့စိတ်ကို ခန့်မှန်း ကြည့်နေတယ်၊ ခဏကြာမှ ပုလဲနက်က ခေါင်းညိတ်ပြီး. . .

"ကောင်းပြီ. . ခင်ဗျား ဝိညာဉ်ကို ခေါ်လိုက်ပါ၊ နေဦး. . ဟိုစားပွဲပေါ်က တုတ်ကို ကျွန်တော့်လက်ထဲ ထည့်ပေးထား၊ နောက် ပြီး ဖယောင်းတိုင် နှစ်တိုင်လောက်လည်း ထပ်ထွန်းပေးပါဦး၊ ဖယောင်းတိုင်တွေက စားပွဲပေါ်မှာရှိတယ်. ."

မစ္စတာပါစကယ်က အမြန်ထပြီး ဖယောင်းတိုင်တွေကို အရင်ထွန်းလိုက်တယ်၊ နောက်ပြီး စားပွဲပေါ်က အချိုးအစားမပြေ



ဖြစ်တဲ့ အနက်ရောင် တုတ်ချောင်းကိုယူပြီး ပုလဲနက် လက်ထဲကို ထည့်ပေးတယ်။ ၎င်းတုတ်က စူးရှတဲ့ အမွှေးနံ့ရှိပြီး သူ့လက်ကိုပါ အမွှေးနံ့တွေစွဲကျန်နေခဲ့တယ်။ အလွန်မွှေးကြိုင်တဲ့မှော်နံ့တစ်မျိုးပဲ လား. . အားလုံး အဆင်သင့်ဖြစ်တော့မှ အပြင်မှာစောင့်နေတဲ့ ဘားလန်းကို လှမ်းခေါ်လိုက်တယ်။ ဘားလန်းက အိမ်ထဲကို ဝင်လိုက် တယ်ဆိုရင်ပဲ သူ့ရဲ့ခန္ဓာကိုယ်ဟာ ဖြူဖျော့သွားပြီး သွေးတစ်စက်မှ မရှိတဲ့ လူသေတစ်ယောက်လို ဖြစ်သွားတယ်။ သူ့လက်တွေကလည်း ဖယောင်းအရည်ပျော်သလို ခန္ဓာကိုယ်နဲ့ အလိုလို ပူးကပ်သွားတယ်။ ဒါကို မစ္စတာပါစကယ်က နားမလည်စွာနဲ့ ပုလဲနက်ကို ကြည့်လိုက် တယ်။

"ခင်ဗျား အသာလေးနေ. . သူ့ကို ကျုပ်ရဲ့မှော်စက်ကွင်းနဲ့ မလွတ်အောင် ချည်နှောင်ထားရမယ်၊ ဒါတွေဟာ ဝိညာဉ်တွေနဲ့ ဆက်ဆံတဲ့အခါ ကျုပ်ရဲ့ လုပ်ထုံးလုပ်နည်းပဲ၊ အဲဒါမှ သူတို့က ကျုပ်ကို မလှန်ရဲမှာ၊ သူတို့ကို ဒီအတိုင်း လွှတ်ပေးထားရင်တော့ အခု ကျုပ်လက်ထဲမှာရှိနေတဲ့ ဟောဒီ တုတ်ကိုတောင် လုယူသွားပြီး တစ်နေရာမှာ ဖွက်ထားမယ်။ နောက်ပြီး ကျုပ်ဆီက ပညာအချို့နဲ့ အလဲအလှယ်လုပ်ပြီးမှ ကြိမ်လုံးကို ပြန်ပေးမယ်။ ကျုပ် အဲဒီလိုခံခဲ့ ရတာ အကြိမ်ပေါင်း မရေတွက်နိုင်တော့ဘူး။ တစ်ခုကံကောင်းတာက ဒီကြိမ်လုံးကို ကျုပ်ကလွဲပြီး ဘယ်သူမှ အသုံး မချတတ်အောင် စီမံ ထားလို့ပဲ၊ ဒီလိုမဟုတ်လို့ကတော့ ကျုပ်တုတ်နဲ့ကျုပ်ကို ပြန်စီမံသွား လိမ့်မယ်. ."

ပုလဲနက်က ဘားလန်းရဲ့ဝိညာဉ်ကို မျက်တောင် မခတ်ဘဲ ကြည့်နေရင်း မစ္စတာပါစကယ်ကိုပြောပြတယ်။ မစ္စတာပါစကယ်က တော့ ဘားလန်းရဲ့အဖြစ်ကိုကြည့်ပြီး ဝိညာဉ်လောကမှာ အခက်အခဲ အမျိုးမျိုး၊ ပြဿနာတွေ အဖုံဖုံနဲ့ပါလားလို့တွေးရင်း ဘားလန်းနေရာ မှာ သူ့သမီးဖရီဒါ့မျက်နှာကို အစားထိုး မြင်ယောင်လိုက်မိသေးတယ်။ ဘားလန်းကတော့ စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကြီးငုံ့ပြီး လိုချင်တာရ ဖို့ တောင်းခံနေတဲ့ကလေး တစ်ယောက်သဏ္ဌာန်အလား သနားစရာ မြင်တွေ့ရတယ်။

"မင်းက ငါ့ကို အသည်းအသန်လိုက်ရှာနေရအောင် ဘာအမှားတွေလုပ်လာလို့လဲ. . သာမန်ဝိညာဉ် တစ်ကောင်ဟာ ငါ့ကို မတွေ့ရဲဘူး။ နောက်ပြီး မင်းက ရိုးသားတဲ့လူတစ်ယောက်ကို ခုတုံးလုပ်ပြီး ငါ့ဆီရောက်လာတယ်ဆိုတော့ နှယ်နှယ်ရရရည်ရွယ်ချက်တော့ မဟုတ်နိုင်ဘူး. . တကယ်လို့ မင်းဘာမှမပြောရဲဘူး၊ ဘာမှ မပြောတော့ဘဲ ဒီကနေ မင်းနေရပ်ကို အမြန်ပြန်သွားမယ်ဆိုရင် မင်းကို သက်ညှာသောအားဖြင့် ဘာမှအပြစ် မပေးဘဲ ထွက်သွားခွင့်ပြုမယ်၊ ပောဒီက မင်းမိတ်ဆွေကိုလည်း နောက်ထပ်ဒုက္ခမပေးတော့ပါ ဘူး. . အကူအညီ မတောင်းခံတော့ပါဘူးလို့ ကတိပေးရမယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ မင်းဘာလုပ်ခဲ့တယ်၊ ဘာ့ကြောင့် ငါနဲ့ တွေ့ချင်တယ်ဆိုတာကို ငါလက်ခံနိုင်အောင် ရှင်းပြပေတော့၊ မင်းရှင်းပြတဲ့ အထဲမှာ အလိမ်အညာမှုသား မပါဖို့တော့ အရေးကြီးတယ်။ အဲဒီလို ဖြစ်ခဲ့ရင်တော့ ငါ့ကို သေခါနီးနှောင့်ယှက်မှုနဲ့ သက်ရှိလူသားကို ခြောက်လှန့်မှု နှစ်ခုပေါင်းပြီး မင်းဝိညာဉ်ကို ပောဒီကြိမ်လုံးနဲ့ တစ်စစီဖြစ်အောင် လုပ်ပစ်မယ်. ."

ပုလဲနက်က သူ့ကြိမ်လုံးကို လေမှာတစ်ချက်ဝှေ့လိုက်ပြီး ဘားလန်းကို သတိပေးလိုက်တယ်။ ကြိမ်လုံးကို မနိုင့်တနိုင် 'မ'နေရလို့ သူ့လက်ထဲက ကြိမ်လုံးဟာ တဆတ်ဆတ်တုန်ခါနေတယ်။ ပုလဲနက် မှော်ဆရာကြီးဟာ တော်တော်ကို အားအင်ကုန်ခမ်းနေပြီဆိုတာ မစ္စတာပါစကယ်က သတိထားမိတယ်၊ ဘားလန်းက တုန်နေတဲ့ ကြိမ်လုံးကို လိုက်ကြည့်ရင်း သူ့အဖြစ်အပျက်တွေကို အစအဆုံး မတုန်လှုပ်ဘဲ ပြောပြလိုက်တယ်။ ပုလဲနက်က ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေခဲ့ပြီး. . .

"မင်းက အတော်ထူးဆန်းတာပဲ. . ဝိညာဉ်လွတ်မြောက်ပွဲတက်ဖို့ မတက်ဖို့ထက် အခုလို မဟုတ်တာ မမှန်တာ လုပ်တဲ့သူကို တော်လှန်ရဲတာ သဘောကျစရာပဲ။ မင်းပြောတဲ့ ဒေါက်တလောက်ဆိုတဲ့ကောင်ကို ငါကောင်းကောင်းသိတာပေါ့။ အစွမ်းရှိတဲ့ မြွေမျက်လုံးပိုင်ရှင်ဆိုပြီး နာမည်ကြီးချင်တဲ့ သရဲတစ်ကောင်ပဲ. . မှော်ဆရာ



တစ်ယောက်ရဲ့ ဦးခေါင်းကိုလည်း ဖြတ်ယူထားတဲ့ကောင် မဟုတ်လား. . ဒီကောင်က ဟိုလူ့ဆီက ပညာနည်းနည်း. . ဒီလူ့ဆီက ပညာနည်းနည်း ခိုးယူပြီး ဝိညာဉ်တွေပေါ်မှာ ဗိုလ်ကျနေတဲ့ကောင်ပဲ. ."

ပုလဲနက် မှော်ဆရာက ပြောရင်း ဘားလန်းကို ချုပ်နှောင်ထားတဲ့ ဝိညာဉ်ချုပ်စက်ကွင်းကို သူ့ကြိမ်လုံးနဲ့ ဖြည်ပေးနေတယ်။ ဘားလန်းက ပုံမှန်ပြန်ဖြစ်သွားပြီး သက်သောင့်သက်သာအနေအထားနဲ့. . .

"ဟုတ်ပါတယ်. . အဲဒီမှော်ဆရာကလည်း သူ့ဦးခေါင်းကို ဖြတ်ယူသွားလို့ အခုဆိုရင် ဦးခေါင်း မရှိတဲ့ ဝိညာဉ်ဘဝနဲ့ အတော်ဒုက္ခရောက်နေရှာတယ်. . ရဲတိုက်တစ်ခုမှာ ကျွန်တော် သူ့ကိုတွေ့ခဲ့ရတယ်။ သူက မှာလိုက်သေးတယ်၊ ပုလဲနက် မှော်ဆရာနဲ့တွေ့ရင် သူ့အကြောင်းကို ပြောပြပြီး သူကလည်း အကူအညီတောင်းပါတယ်လို့ ပြောပေးဖို့ မှာလိုက်တယ်၊ တကယ်လို့ ဒေါက်တလောက်ကိုသာ ဖမ်းချုပ်နှိမ်နိုင်ရင် သူ့ဦးခေါင်းကို ပြန်ရမယ်လို့ မျှော်လင့်နေတယ်. . အဲဒီလို ပြဿနာတွေကြောင့်ပဲ ကျွန်တော်ဒီကိုရောက်လာရတာပါ. . ဆရာကြီး နားလည်ပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်. ."

ဘားလန်းက ပုလဲနက်ကို အားကိုးစွာနဲ့ကြည့်ရင်း သူ့စကားကို အဆုံးသတ်တယ်။

မစ္စတာပါစကယ်က ဘားလန်းကို ကူညီဖို့ နှုတ်ကမပြောဘဲ မျက်လုံးတွေက မျှော်လင့်ချက်အပြည့်နဲ့ ပုလဲနက်ရဲ့ အဖြေစကားကို စောင့်ဆိုင်းနေတယ်။ ပုလဲနက် မှော်ဆရာက ဘားလန်းကို စိုက်ကြည့်နေရာက အကြည့်လွှဲဖယ်ပြီး လေးတွဲ့စွာ သက်ပြင်းချလိုက်တဲ့အသံကို အတိုင်းသား ကြားလိုက်ရတယ်။

"ငါဟာ ဝိညာဉ်တွေ မှော်ဆရာတွေနဲ့ ရှုပ်ရှုပ် ရှုပ်ရှုပ်မလုပ်တော့ပါဘူးလို့ ဆုံးဖြတ်ချက်ချထားတာ၊ အခုတော့ မင်းကြောင့် ဆုံးဖြတ်ချက် ပြင်ရမလိုဖြစ်နေပြီ၊ မင်းကလည်း ရိုးရိုးသားသားဝိညာဉ်တစ်ကောင်ဖြစ်ပြီး ကောင်းမွန်တဲ့ ဘဝတက်လမ်း ရှာချင်တဲ့သူဆို

တော့ ငါ့အနေနဲ့ ဘယ်ပြင်းသာနိုင်တော့မလဲ. . ငါ့စိတ်ကလည်း မင်းလိုပဲ၊ မဟုတ်တာ မမှန်တာလုပ်ရင် ငြိမ်ခံနေတဲ့ကောင် မဟုတ်ဘူးကွ. . ဒေါက်တလောက်ဆိုတဲ့ကောင်ကို ငါသတိ မထားမိပေမဲ့ ဒီကောင် တော်တော်ဆိုးတယ်ဆိုတာ ငါကြားတာကြာပြီ၊ ငါသာ ကျန်းကျန်းမာမာ ရှိဦးမယ်ဆိုရင် ဒီကောင့်ကို ငါကိုယ်တိုင် ပညာပေးလိုက်ချင်တယ်. . ကဲ. . မင်းဘာမှစိတ်အားငယ်မနေနဲ့တော့၊ မင်းကို ငါကူညီမယ်. . "

ပုလဲနက်က တုန်တုန်ရီရီနဲ့ ပြောတယ်။ ဒါပေမဲ့ သူ့ရဲ့ မျက်လုံးတွေက အရောင်တွေ လက်လာတယ်။

"ဒီကမိတ်ဆွေ. . ခင်ဗျား နာမည်က ဘယ်သူ. . . "

ပုလဲနက်က မစ္စတာပါစကယ်ကို ကြည့်ပြီး မေးတယ်။

"ကျွန်တော့်နာမည် 'ပါစကယ်' ပါ" မစ္စတာပါစကယ်က ခပ်သွက်သွက်ဖြေတယ်။

"အေး. . ဟုတ်ပြီ၊ မစ္စတာပါစကယ် ကျုပ်ကို တစ်ခုကူညီစမ်းပါ. . ကျုပ်ရဲ့ ခုတင်အောက်မှာ သေတ္တာအမည်း တစ်လုံးရှိတယ်၊ အဲဒါကိုထုတ်ပြီး ကျုပ်အိပ်ရာပေါ် တင်ပေးစမ်းပါ. . "

မစ္စတာပါစကယ်က ပုလဲနက် စကား မဆုံးခင်ဘဲ ခုတင်အောက်က သေတ္တာကို ဆွဲထုတ်ယူပေးလိုက်တယ်။

"ဒီသေတ္တာကို အသုံး မပြုတာ ဆယ်နှစ်ကျော်ပြီ၊ အခုတော့ နောက်ဆုံးအနေနဲ့ အသုံးပြုရတော့မယ်. . "

ပုလဲနက်က သေတ္တာကို ဆွဲဖွင့်ပြီးပြောတယ်။သူ့ရဲ့တုန်နေတဲ့ လက်တွေကလည်း သေတ္တာထဲက အထုပ်တွေ၊ ပစ္စည်း တိုလီမုတ်စတွေထဲကို ရှာဖွေနေတယ်။

"ကောင်လေး. . ငါပြောတာကို သေသေချာချာနားထောင်၊ ဒါ မင်းအတွက် အရေးကြီးတယ်၊ အခု ဒေါက်တလောက်ကို နိုင်တဲ့ဆေး ဖော်စပ်ပေးလိုက်မယ်။ ဒါပေမဲ့ မင်း ငါ့ကို ကတိပေးရမှာက ဒေါက်တလောက်တို့အဖွဲ့ကို နှိမ်နင်းပြီးရင် အခြားဘယ်သူ့ကိုမှ ဒီဆေးနဲ့အနိုင် မယူပါဘူးဆိုတာပဲ။ တကယ်လို့ ကတိ မတည်ခဲ့ရင်



တော့ ကတိပျက်တဲ့အနေနဲ့ မင်းကို ငါကျိန်စာတိုက်ခဲ့မယ်။ မင်း ဘယ်ဘဝ ရောက်ရောက် ဘေးတွေ့ပါစေသားလို့ ကျိန်စာတိုက်မယ်။ ဒါကိုတော့ မင်းလက်ခံရလိမ့်မယ်. . ငါ့ဆေးရဲ့ ပယောဂကြောင့် မဆိုင်တဲ့သူ ဘယ်သူ့ဘယ်သူကိုမှ မသေစေချင်ဘူး။ ဒီဆေးနည်း ဖော်စပ်တာ အခုတစ်ခါက နောက်ဆုံးပဲ. . မင်းရည်ရွယ်ချက်နဲ့ စိတ်ဓာတ်ကို လက်ခံလို့ မဖြစ်မနေ ကူညီလိုက်တယ်လို့ မှတ်ပေတော့. . . "

အဘိုးကြီးက နှုတ်က အဆက်မပြတ်ပြောရင်း လက်ကလည်း ခွက်တွေနဲ့ဆေးစပ်နေတယ်။ သူ့ရဲ့လက်တွေက အသားလုံးလုံး မရှိတော့သလိုပဲ. . အရိုးကို အရေပြားနဲ့ဖုံးအုပ်ထားပြီး အကြောတွေကို ဂှင်းနှစ်ခုကြားထဲမှာ ထည့်ထားတယ်လို့ ဘားလန်းက ပုလဲနက်မှော်ဆရာရဲ့လက်တွေကို ငေးကြည့်ရင်း လျှောက်ပေါက်တွေးနေတယ်။ သူက ဆက်ပြောတယ်။

"ဒီဆေးဟာ နှယ်နှယ်ရရဆေးတော့ မဟုတ်ဘူး။ အသားစိမ်း ငါးစိမ်းစားတဲ့ ဘယ်လိုဝိညာဉ်မျိုးကို မဆို ဒီဆေးနဲ့ပက်လိုက်တာနဲ့ သူ့ဝိညာဉ်ဟာ ပေါက်ပြဲသွားပြီး အစိတ်စိတ်အမွှာမွှာ ပျက်စီးသွားမယ်။ ဒီဆေးကို ကိုင်တွယ် အသုံးပြုမယ်ဆိုရင်လည်း သုံးတဲ့သူဟာ ဆေး အစွမ်းနားလည်ဖို့လိုတယ်. . အချိန်အခါကိုလည်း ကြည့်ပြီး သုံးရ မယ်၊ အပက်ခံရမဲ့ဝိညာဉ်သရဲဟာ သားစိမ်း ငါးစိမ်းစားနေတဲ့ အချိန်ဖြစ်ရမယ်။ အဲဒါမှ ဒီဆေးက အစွမ်းထက်မယ်။ သားစိမ်း ငါးစိမ်း မစားတဲ့အချိန်တွေမှာ အသုံးပြုရင် အလကားပဲ. . မရဘူး. . အဲဒါကြောင့် သားစိမ်းငါးစိမ်း စားတဲ့အချိန်ကို စောင့်ရမယ်၊ ငါပြောတာ နားလည်ရဲ့လား. . "

ပုလဲနက်မှော်ဆရာက ဘားလန်းကို အဲဒီလို အသေအချာမှာတယ်။

"မင်းပြောတဲ့အတိုင်းဆိုရင် ဒေါက်တလောက်တို့ အဖွဲ့က လူသေတွေကို ဖော်စားနေပြီဆိုမှတော့ အဲဒီအချိန်ကို စောင့်ပြီး ဒီဆေးကိုအသုံးပြုပေတော့၊ ဒီဆေးထဲမှာပါတဲ့ပစ္စည်းတွေက မဟူရာ

ကြောင်နက်သွေး၊ ဂမုန်းနက်၊ ကြက်သွန်ဖြူမှုန့်၊ အစွမ်းထက်မှော်ဆရာတစ်ယောက်ရဲ့အရိုးပြာ၊ ယမ်းမှုန့်၊ ထင်းရှူးဆီအမှုန့်တို့နဲ့ ဖော်စပ်ထားတာပဲ၊ ဒီပစ္စည်းတွေထဲက တချို့ပစ္စည်းတွေဟာ ငါ့တစ်သက်လုံး စွန့်စွန့်စားစား ရှာဖွေ စုဆောင်းလာတဲ့ပစ္စည်းတွေ. . မင်း ထပ်ဖော်ဖို့တော့ မကြိုးစားလေနဲ့. . မှော်ပညာ မပါဘဲ ဖော်စပ်ရင် ဒုက္ခရောက်သွားမယ်၊ ရော့. . ဒီမှာ ဆေးဘူးနှစ်ဘူး၊ တစ်ခါထဲစပ်ပေးလိုက်တယ်၊ သေသေချာချာ ယူသွားပေတော့ဟေ့. . ငါလည်း ထပ်မဖော်တော့ဘူး၊ ဒီဆေးသေတ္တာကိုလည်း ဖျက်ဆီးပစ်လိုက်တော့မှာ. . ."

ဘားလန်းက ပုလဲနက်မှော်ဆရာလက်ထဲက ဆေးဘူးနှစ်ဘူးကို တရိုတသေ လှမ်းယူလိုက်ပြီး. .

"ဆရာကြီးကိုကျေးဇူးတင်ပါတယ်. . ကျွန်တော်လည်း မဖြစ်သာလွန်းလို့သာ ဒီဆေးကိုသုံးရမှာ. . ကျွန်တော့် အနေနဲ့ နောက်ထပ်ဒီဆေးမျိုး ထပ်ဖော်ဖို့စိတ်ကူး မရှိပါဘူး၊ ဖော်နိုင်တဲ့ အစွမ်းလည်း မရှိပါဘူး. ."

"ဒါဆိုရင် ကောင်းပြီ၊ ခင်ဗျားတို့ ကျုပ်ကို အနားပေးကြတော့၊ ကျုပ် အနားယူချင်ပြီ. ."

ပုလဲနက်မှော်ဆရာဟာ ဆေးတွေစပ်ရ စကားတွေပြောရနဲ့ မောပန်းလာလို့ သူ့အိပ်ရာပေါ်မှာ ပက်လက်ပြန်လှဲပြီး မျက်စိမှိတ်ထားလိုက်တယ်။ မစ္စတာ ပါစကယ်က အလိုက်သိစွာနဲ့ နှုတ်ဆက်စကားဆိုတယ်။

"ကျုပ် ခင်ဗျားကို သိပ်ကျေးဇူးတင်တယ်. . တကယ်လို့ ကျွန်တော့်ကို အလိုရှိသေးတယ်ဆိုရင် ကျွန်တော် တစ်ညလုံး ခင်ဗျားကို စောင့်ပေးနိုင်ပါတယ်. ."

ပုလဲနက်မှော်ဆရာက မျက်စိ မဖွင့်ဘဲပြန်ပြောတယ်။

"ရတယ်. . ကျုပ်အတွက် ဒုက္ခ ရှာမနေနဲ့တော့၊ ဆရာဝန်တွေ ဘာတွေလည်း ခေါ်မလာနဲ့. . ခင်ဗျားတို့ လိုရာခရီးကိုသာ ဆက်ကြပါ၊ ဘာမှ နောက်ဆံ တင်းမနေနဲ့တော့. . ."



ဘားလန်းက ပုလဲနက်မှော်ဆရာကို ငြိမ်သက်စွာ ဦးညွှတ်ပြီး တဲအိမ်လေးထဲမှထွက်ခွာခဲ့တယ်။ မစ္စတာပါစကယ်ကလည်း အဘိုးကြီးကို စောင်သေချာခြုံပေးပြီး ဘားလန်းရဲ့နောက်က လိုက်လာခဲ့တော့တယ်။

"ငါတော့ အဘိုးကြီးကို သနားတယ်ကွာ၊ သူကလည်း ငါတို့ကို ဒုက္ခ မပေးချင်လို့သာ ပြောနေတာ. . သူ့အနေနဲ့ ခုချိန်မှာ အဖော်တစ်ယောက်လောက်တော့ လိုတာအမှန်ပဲ၊ သူက ပွင့်ပွင့်လင်းလင်း မပြောဘဲ ငါ့အနေနဲ့ ကူညီဖို့ သိပ်မလွယ်ဘူးဖြစ်နေတာပေါ့၊ ဘာပဲဖြစ်ဖြစ် ငါနောက်နေ့ မနက်တော့ သူ့ဆီ တစ်ခေါက်လာကြည့်ဦးမယ်. ."

မစ္စတာပါစကယ်က တဲအိမ်လေးကို နောက်လှည့်တကြည့်ကြည့်နဲ့ ပြောတယ်။

"ကျွန်တော်လည်း သူ့အတွက် တကယ်ကို စိတ်မကောင်းပါဘူး။ နောက်ပြီး ကျွန်တော်က ဝိညာဉ်တစ်ကောင် ဖြစ်နေတော့ ဘာမှ မပြောသာဘူး။ သူ့ကျေးဇူးက ကျွန်တော့်အပေါ်မှာ အတိုင်းအတာမရှိ ကြီးမားလွန်းပါတယ်။ ခုလောလောဆယ်တော့ သူ့ကို ဘုရားသခင် စောင့်မ ကြည့်ရှုပါစေလို့ ဆုတောင်းပေးရုံက လွဲပြီး ဘာမှမတတ်နိုင်တော့ဘူး. ."

ဘားလန်းက မစ္စတာပါစကယ်ကို လှည့်ကြည့်ပြီး စိတ်မကောင်းစွာပြောတယ်။ သူတို့ ပုလဲနက်မှော်ဆရာအိမ်လေးမှ ထွက်လာတော့ လရောင်အတော်ထွက်နေတာ တွေ့ရတယ်။ ဘားလန်းက လမင်းကြီးကို ကြည့်ပြီး. .

"ကျွန်တော်တို့ လမ်းခွဲဖို့ အချိန်ကျပြီဗျာ. . ကျွန်တော်တို့ ဒီကနေပဲ လမ်းခွဲကြမယ်. ."

ဘားလန်းရဲ့စကားကြောင့် မစ္စတာပါစကယ်ရဲ့မျက်နှာဟာ တည်ငြိမ်သွားတာကို လရောင်အောက်မှာ ဘားလန်းတွေ့လိုက်ရတယ်။

"အဖြစ်က အတော့်ကို ထူးဆန်းတယ်နော်. . မောင်ရင်

လည်း ထူးဆန်းတယ်၊ ကျုပ်လည်း ထူးဆန်းတယ်၊ ကျုပ်အတွက်က ပိုလို့တောင် ထူးဆန်းနေသေးတယ်။ အခုပဲကြည့်. . ကျုပ် မောင်ရင့်ကို မကြောက်တော့ဘူး။ မကြောက်တဲ့အပြင် မောင်ရင်နဲ့ ခွဲခွာရမှာကို စိတ်ထဲမှာ တစ်မျိုးကြီးပါပဲ. . ကျုပ်တစ်သက်မှာ ဒီလိုညမျိုး မနေ့ကလို ညမျိုးတွေ တစ်ခါမှ မကြုံတွေ့ဖူးဘူး၊ ဒီအတွက်နဲ့ ကျုပ် မောင်ရင့်ကို တစ်သက်လုံး သတိရနေတော့မယ်၊ မောင်ရင်ကလည်း လိုတာရလို့ ကျုပ်ကို နှုတ်ဆက်နေပြီ၊ ကျုပ်တို့ ပြန်တွေ့ရဖို့ဆိုတာ အလွန်ကို မလွယ်တဲ့ကိစ္စ. . အင်း. . ဘာပဲဖြစ်ဖြစ် ကျုပ်ကျေနပ်ပါတယ်။ မောင်ရင့်ကို ကူညီလိုက်ရလို့လေ. . အထူးသဖြင့် လူသား မဟုတ်တဲ့ ဝိညာဉ်တစ်ယောက်ကို ကူညီလိုက်ရလို့. . ဒီအတွက်တော့ ကျုပ် ဂုဏ်ယူလို့မဆုံးဘူး။ ကျုပ်မိန်းမနဲ့လည်း ဒီအကြောင်းတွေ တစ်သက်လုံး ပြောဖြစ်နေအုံးတော့မှာပဲ. . ဟို. . ကျုပ်သမီးလေးကို ဝိညာဉ်လွတ်မြောက်ပွဲ တက်ရောက်ဖို့ ကျုပ်ကိုယ်စား မောင်ရင် ပြောပေးမယ်လို့ မျှော်လင့်ပါတယ်. . ."

မစ္စတာပါစကယ်က လမင်းကြီးကို တစ်လှည့် ဘားလန်းကို တစ်လှည့် ကြည့်ပြီးပြောတယ်။ ဘားလန်းရဲ့ လက်ကိုလည်း အကြိမ်ကြိမ် လှုပ်ဆွဲနှုတ်ဆက်နေတယ်။ သူ့ရဲ့မျက်လုံးတွေဟာ လရောင်အောက်မှာ အတော်ကို ရွှန်းလဲ့နေတယ်။

"ကျွန်တော် ခင်ဗျားကို အထူးကျေးဇူးတင်တာ ပြောပြဖို့ မလိုလောက်တော့ပါဘူး မစ္စတာပါစကယ်၊ ခင်ဗျားလို လူမျိုးနဲ့ ဖရီဒါက တွေ့ဆုံခွင့်ပေးတာအရမ်းဝမ်းသာတယ်. . ဂုဏ်လည်းယူပါတယ်၊ ကျွန်တော်လည်း ခင်ဗျားတို့ကို မမေ့ပါဘူး၊ ကျွန်တော့်ရင်ထဲမှာ အစဉ်အမြဲရှိနေမှာပါ. . ဖရီဒါ့ကိုလည်း ဝိညာဉ်လွတ်မြောက်ပွဲတက်ဖို့ တိုက်တွန်းမှာပါ. . "

ဘားလန်းကလည်း မစ္စတာပါစကယ်ရဲ့လက်ကို ကိုင်ဆွဲပြီး အားရပါးရ နှုတ်ဆက်တယ်၊ ခဏအကြာမှ လက်တွဲဖြုတ်ကြတယ်။

"မောင်ရင်. . ပုလဲနက်ပေးလိုက်တဲ့ပစ္စည်းတွေကို သေသေချာချာယူသွားဦးနော်. . "



ဘားလန်းက သူ့ဘောင်းဘီ အိတ်ထဲကို ပုတ်ပြပြီး. .

"ဒီမှာရှိပါတယ်. . ကျွန်တော် သေသေချာချာ ထည့်ထားပါတယ်. . "

"ကောင်းပြီ. . ကောင်းပြီ၊ ဒါဆိုရင်သွားပေတော့. . ဩော် ဒါနဲ့. . မောင်ရင် ညကြီးဘယ်လို ခရီးဆက်မလဲ၊ ခြေကျင်ပဲလား။ ကားမစီးဘူးလား. . "

ဘားလန်းက မစ္စတာပါစကယ့်စကားကြောင့် ပြုံးလိုက်ပြီးနောက် တဟဲဟဲရယ်တယ်။

"ကျွန်တော်က ဝိညာဉ်တစ်ကောင်လေဗျာ. . ခင်ဗျား မေ့သွားပြီလား၊ ကျွန်တော် ဘယ်လို ခရီးသွားမယ်ဆိုတာ စောင့်ကြည့်. . "

ဘားလန်းက ခရီးသွားဖို့အတွက် ညငှက် ပုံသဏ္ဌာန်ပြောပြောဆိုဆိုနဲ့ ဖန်ဆင်းလိုက်ပြီး လေထဲမှာ တစ်ပတ် ပျံပြလိုက်တယ်။ မစ္စတာပါစကယ်က အံ့သြစွာ ပါးစပ်ဟပြီး မော့ကြည့်နေတယ်။ ၎င်းညငှက်က မစ္စတာပါစကယ်ကို တောင်ပံနဲ့ ယပ်တောင်ခတ်သလို သုံးလေးချက် ပုတ်ခတ်နှုတ်ဆက်ပြီး လမင်းကြီးဆီသို့ တစ်ရှိန်ထိုး ပျံသန်းထွက်ခွာ သွားတော့တယ်။ ညငှက်သဏ္ဌာန် အဝေးသို့ ရောက်သွားပြီး မမြင်ရတော့တဲ့အဆုံးကျမှ မစ္စတာပါစကယ်ဟာ ထိုနေရာမှ ထွက်ခွာခဲ့တော့တယ်။

၃ လပိုင်း ၂၂ ရက် ည. . .

သာလွန်းတဲ့လဟာ တိမ်ကြိုတိမ်ကြားကနေ စကြာဝဠာတစ်ခွင်ကို ငုံ့ကြည့်နေတယ်။

သစ်ပင်ပေါ်မှာ ငြိမ်သက်စွာ ကုပ်ကုပ်လေး ပုန်းခိုနေတဲ့ ဝိညာဉ်'ဂျိုး'က လမင်းကြီးကို တစ်လှည့်၊ မြေပြင်မှာရှိတဲ့ ကျောက်စက်သင်္ချိုင်းကို တစ်လှည့် တွေတွေကြီးငေးကြည့်ရင်း ငိုက်မြည်းစပြုလာတယ်။ လရောင်အလင်းအောက်မှာတော့ သုသာန်တစပြင်ဟာ ပီပီပြင်ပြင် ထိတ်လန့် ချောက်ချားဖွယ်ရာအတိပါပဲ. . .

သင်္ချိုင်းကုန်းအတွင်းက ရှိုးတိကျဲကျဲ ချယ်ရီ သစ်ကိုင်းခြောက်တွေပေါ်မှာ ကြီးမားတဲ့လင်းတ ငှက်ကြီးတွေဟာ ငြိမ်ငြိမ်သက်သက် ငိုက်မြည်းနေကြပြီး အပုပ်နံ့တထောင်းထောင်းထွက်နေတဲ့ လူသေ အရိုးတွေကို ၎င်းတို့ရဲ့ ရိက္ခာဘဏ္ဍာတိုက်အလား စောင့်ကြပ်လို့သာ နေတော့တယ်။ ဂျိုးက သစ်ပင်ပေါ်ကနေ ၎င်းလင်းတတွေကို မုန်းတီး စက်ဆုပ်တဲ့ အကြည့်နဲ့ကြည့်ရင်း ပတ်ဝန်းကျင်ကိုလည်း မကြာမကြာ သတိထားကြည့်နေတယ်။ ဒီညအဖို့ ဒေါက်တာလောက်က သူ့ကို သင်္ချိုင်းစောင့် တာဝန်ပေးခဲ့ပြန်တယ်။ ဒေါက်တာလောက်က



ထိုနည်းတူပဲ သူ့ကို နေ့မအား 'ည'မနား အလုပ် တာဝန်တွေပေးပြီး ပညာသားပါပါ နှိပ်စက်ခြင်းနဲ့ နှိပ်စက်နေတာကို ခံနေရတယ်။ သူတို့အဖွဲ့ကတော့ မနေ့ကမှ မြှုပ်နှံတဲ့ အလောင်းတစ်လောင်းကို ပျော်ပျော်ပါးပါး ပွဲတော်တည်ဖို့ ကျောက်ခွဲစက်ရုံဘက်ထွက်ခွာသွားကြပြီ။ ၎င်းလူသေအလောင်းကို ကားသမားဝိညာဉ်နဲ့အဖွဲ့က မြေမှာ ဒရွတ်တိုက်ဆွဲသွားကြတယ်။ ဒေါက်တာလောက်တို့အဖွဲ့ဟာ လူသေ အလောင်းတွေကို ခိုးကြောင်ခိုးဝှက် စားသောက်နေရာက ပေါ်ပေါ်ထင်ထင် လွတ်လွတ်လပ်လပ်ကြီး ဝိုင်းဖွဲ့ စားသောက်ကုန်ကြပြီ။ ယခင်က လူသား မစားဖူးတဲ့ ဝိညာဉ်တချို့တောင် အခုဆို လူသေအသားတွေကို ခုံမင်စွာ စားသောက်တတ်လာကြတယ်။

ကျောက်စက်သင်္ချိုင်းမြေမှာ အလောင်းတွေကို တူးဖော်ထားတဲ့ ကျင်းတွေ၊ ဂူတွေဟာ သင်္ချိုင်းရဲ့နေရာတိုင်းလိုလိုမှာ တွေ့နေရပြီး ထိုအချက်ကို တောင်စောက်မြို့ကလူထုက သတိထားမိလာကြတယ်။ မြှုပ်ပြီးသားအလောင်းတွေဟာ ထူးဆန်းစွာ ပျောက်ဆုံးပျက်စီးနေတာကို မကြာခဏတွေ့ရတော့ ကျောက်စက်သင်္ချိုင်းမြေက အတော့်ကို ကြမ်းတမ်းလာတယ်လို့ ပြောဆိုကုန်ကြတယ်။ လူသေတွေကို အခြားသင်္ချိုင်းအသစ်မှာ မြှုပ်နှံပြီး ကျောက်စက်သင်္ချိုင်းကိုလည်း ဖျက်ဆီးပစ်ဖို့ တိုင်ပင်ပြောဆိုနေကြပြီလို့ သတင်းထွက်လာတယ်။

ဂျိုးက ဘားလန်းရဲ့ဝိညာဉ်ဟာ ပျက်စီးသွားလောက်ပြီ။ ဒေါက်တာလောက်က အပြီးသတ် ချေမှုန်းလိုက်နိုင်လို့သာ ဘားလန်းပြန်လည် ရောက်ရှိမလာတာဖြစ်မယ်လို့ တွေးထင်လာတယ်. . ဒါကြောင့် သူလည်း ဒီတစ်ရက် နှစ်ရက်နေပြီး ဖြစ်ချင်တာဖြစ် စွန့်စားထွက်ခွာတော့မယ်လို့ ဆုံးဖြတ်ထားတယ်။ စတီကိုတော့ ဒီကိစ္စ ပြောလို့မဖြစ်သေးဘူး။ ဒီကောင်က သိပ်စိတ်မတည်ငြိမ်ဘူး။ ပြီးခဲ့တဲ့တစ်ပတ်ကပဲ လိုက်မယ်လို့ ကတိပေးထားပြီး အခု မလိုက်ချင်တော့ဘူး လုပ်နေတယ်။ ဝင်ဒီတို့ မောင်နှမကိုလည်း ခေါ်လို့မဖြစ်လောက်ဘူး။ သူတို့ဟာ ဘားလန်းလို မဟုတ်ဘူး။ သိပ်မပြတ်သားဘူး။ သူတို့လိုချင်တာ ဖြစ်ချင်တာကို လုပ်ယူနိုင်တဲ့စွမ်းအားမရှိဘူး။တွေဝေ .

ေးမောရင်းနဲ့သာ အချိန်ကုန်နေတဲ့မောင်နှမနှစ်ယောက်။ တကယ် တော့ ငါ့လူဘားလန်းကမှ တိကျပြတ်သားသူ၊ အသက်ပေးစွန့်စား ဝံ့သူ၊ သူငယ်ချင်းအပီသဆုံးသူလို့ တွေးနေမိပြီး ဘားလန်းကို သတိရ တဲ့စိတ်က ပြင်းထန်လာတယ်။ ဖြစ်နိုင်ရင် ဒီကျောက်စက်သချိုင်းနဲ့ ဝေးရာကို အမြန်ဆုံး ထွက်ပြေးချင်မိတယ်။ ဘားလန်းရဲ့အဖြစ်ကို သဲသဲကွဲကွဲသိရအောင် လိုက်လံ စုံစမ်းချင်တဲ့စိတ်က တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာတယ်.. အတွေးစိတ်ကို မချုပ်တည်းနိုင်စွာနဲ့ အခုပဲ ဒီကခွါတော့မယ်လို့ ဆုံးဖြတ်ကာ သစ်ပင်ပေါ်က ဆင်းလိုက်တယ်။

ဂျိုး သစ်ပင်အောက်ကိုရောက်တော့ ချယ်ရီကိုင်းပေါ်မှာ ငိုက်မြည်းနေတဲ့ လင်းတတွေဟာ လှုပ်လှုပ်ရွရွဖြစ်လာတယ်။ လေမတိုက်ဘဲ ချယ်ရီပင်က သစ်ရွက်ခြောက်ကလေးတွေ ရုတ်တရက် ကြွေကျလာတာကို လရဲ့အလင်းရောင်ကြောင့် ဂျိုးတွေ့လိုက်ရတယ်။ လှုပ်ရှားသွားတဲ့သစ်ကိုင်းကို သေသေချာချာကြည့်လိုက်တော့ ညှက် တစ်ကောင်ဟာ အတောင်တွေကိုဖြန့်ပြီး သစ်ကိုင်းပေါ် နားခိုလိုက် တာကို မြင်ရတယ်။ ၎င်းညှက်ရဲ့ အတောင်နှစ်ဖက်က စွင့်ကားနေ ပြီး လရဲ့အလယ်တည့်တည့်မှာ တစ်ထပ်တည်းကျနေတဲ့ပုံရိပ်ဟာ လမင်းကြီးပေါ် ညှက်ပုံ တံဆိပ်တပ်လိုက်သလို အလွန်ကြည့်လို့ လှတဲ့ ညပန်းချီကားတစ်ချပ်အလား မြင်ရတယ်။ ထိုမြင်ကွင်းကြောင့် ဂျိုးဟာ ပါးစပ်ဟလျက် မော့ကြည့်ရင်း..

"လာပြီ..လာပြီ၊ ငါသိတယ်၊ ဒါ ငါ့လူပဲ...ငါ့စိတ်က အလိုလိုသိတယ်၊ ငါဟာ အချဉ်ဝိညာဉ်တစ်ကောင် မဟုတ်ဘူး.."

ဂျိုးက အူမြူးစွာ ရေရွတ်ပြီး ညှက်ရှိရာ ချယ်ရီပင်ကို အပြေးသွားတယ်။ ညှက်က တောင်ပံနှစ်ချက်ခတ်ပြပြီး သချိုင်းရဲ့ အရှေ့စူးစူးကို ဝဲပျံသွားတာ တွေ့လိုက်ရတယ်။ ဂျိုးက ၎င်းညှက် သွားတဲ့ဘက်ကို အပြေးလိုက်ရင်း ခဏအကြာမှာပဲ ထင်းရှူးတောကို ရောက်သွားတယ်၊ ညှက်က ထင်းရှူးပင်ပေါ်မှာ နားနေရာက ဂျိုး ရှိရာကို ဝဲပျံဆင်းလာပြီး မြေပြင်အရောက်မှာ ဘားလန်းအသွင် ချက်ချင်း ဖြစ်သွားတယ်။



"ဟော့..ဂျိုး.. နေကောင်းလား... ခင်ဗျားကို အခုလို တွေ့ရတာ ဘုရားသခင်စောင့်ရှောက်တာပဲ.."

ဂျိုးက ဘားလန်းကို အားရပါးရပြေးဖက်လိုက်ရင်း...

"ကိုယ့်လူ.. ဘယ်လိုဖြစ်တာလဲ.. ကျုပ်ကို တစ်ယောက်ထဲ ဘာလို့ထားခဲ့တာလဲ၊ ခင်ဗျား သိပ်ဆိုးတယ် ဘားလန်း .. ခင်ဗျားကို ဒီတစ်သက် ပြန်မတွေ့ရတော့ဘူး ထင်နေတာ၊ ဒါပေမဲ့ ကျုပ်စိတ်ထဲမှာ ခင်ဗျားပြန်ရောက်လာမယ်လို့လည်း အမြဲမျှော်လင့် နေမိတယ်.."

ဂျိုးက ဘားလန်းကို စိတ်ဆိုး မာန်ဆိုးနဲ့ စူစူဆောင့်ဆောင့် အပြစ်တင်နေတယ်။ ဘားလန်းက ဂျိုးရဲ့ လက်သေးသေးလေးကို နွေးထွေးစွာ ဆုပ်ကိုင်နှုတ်ဆက်ရင်း ..

"ကျွန်တော် ခင်ဗျားကို ထားခဲ့တာ မဟုတ်ပါဘူး.. ကျွန်တော့်အတွေးထဲမှာ ဒေါက်တလောက်က ခင်ဗျားကို ဘယ်လိုမှ သတ်ပစ်မှာ မဟုတ်ဘူးဆိုတာ တွေးမိလို့ပါ။ အနည်းဆုံး ခင်ဗျားကို နှိပ်စက်တာလောက်ကလွဲပြီး သူဘာမှ လုပ်မှာမဟုတ်ပါဘူး.. သူ့အနေနဲ့ ခင်ဗျားဟာ ကျီစားစရာ နောက်ပြောင်စရာ သတ္တဝါလေး လို့ယူဆထားတာကို ခင်ဗျားလည်းအသိ မဟုတ်လား.."

ဂျိုးက ဘားလန်း စကားကြောင့် မော့ကြည့်တယ်။

"ခင်ဗျားကို အထင်သေးလို့ပြောတာ မဟုတ်ပါဘူး၊ ဒီအချက် ဟာ ခင်ဗျားအတွက် လုံခြုံစိတ်ချစေတယ် မဟုတ်လား၊ တကယ်လို့ ခင်ဗျား ကျွန်တော်နဲ့လိုက်လာမိခဲ့ရင် သချိုင်းမှာနေခဲ့တာထက် ပိုပြီးဒုက္ခရောက်နိုင်မယ်ထင်လို့ပါ.. ခင်ဗျားသိမလားတော့ မသိဘူး၊ ကျောက်ခွဲစက်ရုံမှာ ဒေါက်တလောက်တို့လက်က ကျွန်တော် လွတ်သွားတော့ သူဟာ ကျွန်တော့်နောက်ကို အသည်းအသန် လိုက်လာတယ်၊ ကျွန်တော့်ကို တစ်ခါတည်း ကိစ္စတုံးစီရင်ဖို့ ရည်ရွယ် ချက်နဲ့ ထပ်ချပ်မကွာလိုက်လာတာပဲ၊ ခင်ဗျား စဉ်းစားကြည့်.. အဲဒီ အချိန်မှာ ခင်ဗျားသာ ကျွန်တော်နဲ့အတူ ရှိနေမယ်ဆိုရင် ကျွန်တော် တို့အဖြစ်ဟာ တစ်မျိုးတစ်ဖုံပြောင်းလဲသွားနိုင်တယ်။ ဒါဆိုရင် ဘာကြောင့် ခင်ဗျားကို ခွဲထားခဲ့တယ်ဆိုတာ တွေးမိလောက်ရောပေါ့"

ဂျိုးက ဘားလန်းကို မူပိုင်အပြုံးနဲ့ ပြုံးကြည့်ပြီး. . .

"ကျွန်တော် ခင်ဗျားစေတနာကို နားလည်ပါတယ်. . ခင်ဗျားကို သတိရလွန်းလို့ သက်သက်ပြောတာပါ၊ ဒါနဲ့ ခင်ဗျား အခု ဘာဆက်လုပ်မယ် စိတ်ကူးလဲ. . ဒီလောက်အကြာကြီး ဘယ် တွေလျှောက်သွားနေတာလဲဗျ. . ဒီတစ်ခါတော့ ခင်ဗျား ဘယ်သွား သွား ကျွန်တော့်ကို တစ်ပါတည်းခေါ်မယ်လို့ ကတိပေးရမယ် နော်. ."

ဂျိုးက ဘားလန်း ဘယ်သွားသွားလိုက်မဲ့ အသင့်အနေ အထားပုံနဲ့ ပြောတယ်။

"နေဦးဗျ. . ကျွန်တော် ဒီကိုပြန်လာတာ အကြောင်းရှိ တယ်၊ သိပ်ပြီးတော့အရေးကြီးတယ်၊ ဒီမှာ ကျွန်တော့်ကို ကြည့်စမ်း ဂျိုး. . ခင်ဗျား ကျွန်တော့်ကို ကူညီရမယ်။ ပထမဦးဆုံး ဒေါက်တ လောက်တို့ အခြေအနေကို အကုန်သိချင်တယ်. . အဲဒါ အရင်ပြောပြ ပါလား. ."

"ခင်ဗျား ဘာလုပ်ဦးမလို့လဲ. . သူ့အကြောင်းကို သိဖို့ လိုသေးလို့လား. . ဒီလောက်ရွံစရာကောင်းတာ. . ကျွန်တော်တို့ ထွက်ပြေးဖို့ပဲ စဉ်းစားစမ်းပါဗျာ. . လုပ်စမ်းပါ. ."

ဂျိုးက မြောက်ကြွမြောက်ကြွနှင့် ပြေးဖို့ပုံစံပြင်လျက် ပြောတယ်။

"ဂျိုးရယ် နေပါဦး. . ဝိညာဉ်လွတ်မြောက်ပွဲက ရှိသေးတယ် မဟုတ်လား. . ကျွန်တော်တို့ သွားချင်ရာ လျှောက်သွားနေရင် ဒီဝိညာဉ်ဘဝက ဘယ်လွတ်မြောက်နိုင်တော့မလဲ. . လွင့်မျော ဝိညာဉ်ဘဝဆိုတာ ခင်ဗျားထင်သလောက် မလွယ်ဘူး၊ အဲဒါကြောင့် ကျွန်တော်မေးတာကိုပဲ အရင်ပြောပြပါဦး. . ဒေါက်တလောက် အခြေအနေကို သိချင်တယ်၊ ကျွန်တော့်မှာ အစီအစဉ်ရှိတယ်. ."

ဂျိုးက ပြေးဖို့ဟန်ပြင်နေရာက ဘားလန်း စကားကြောင့် မြေမှာထိုင်ချလိုက်ပြီး.

"လုပ်ပြန်ပြီ ဘားလန်းရာ. . ကျုပ်မျက်ခုံး တွေက 'ဒေါက်'. . ဆိုတာနဲ့ အလိုလိုလှုပ်နေပြီဗျ၊ ဒီရက်ပိုင်းမှာ ဘယ်



လောက် စိတ်ပျက်ဖွယ်ကောင်းသလဲဆိုတာ ပြောမပြောချင်တော့ ဘူး. . ဒါပေမဲ့ ခင်ဗျားသိချင်မှတော့ ပြောရတော့မှာပေါ့ဗျာ. ."

"ခင်ဗျားထွက်သွားပြီး နောက်ပိုင်းမှာ ဒေါက်တလောက်တို့ က အတော်ကို သောင်းကျန်းပါတယ်. . သူတို့အဖွဲ့က သင်္ချိုင်းမှာ လာမြှုပ်တဲ့ လူသေ အလောင်းတွေကို တစ်ခုမကျန် တူးဖော်စားပစ် တယ်၊ ညတိုင်းညတိုင်းလည်း ကားလမ်းဘက် ထွက်သောင်းကျန်းကြ သေးတယ်. . ဒီကောင်တွေက ကျောက်ခွဲစက်ရုံကို သူတို့ရဲ့လျှို့ဝှက် စခန်းအဖြစ် အပိုင်စီးလိုက်ကြပြီဗျ. . နောက်ပြီး အခုဒီထင်းရှူးတော ကလည်း သူပိုင်နယ်မြေဖြစ်သွားပြီ။ အဆိုးဆုံးကတော့ လွန်ခဲ့တဲ့ နှစ်ရက်လောက်က ခရီးသွားကားတစ်စီးကို အောင်မြင်အောင် ခြောက်လှန့်လိုက်တာပဲ။ ကားက ချောက်ထဲကျသွားပြီး ပါလာတဲ့ ခရီးသည်မှန်သမျှ အကုန်ရှောတာပဲ။ သင်္ချိုင်းမှာလဲ ခင်ဗျားမြင်ခဲ့တဲ့ အတိုင်း လူရိုးတွေ တောင်ပုံရာပုံ ဂူပျက်တွေ နေရာတကာမှာ မြင်ခဲ့ ရတယ်မဟုတ်လား. . ခင်ဗျားဂူကိုလည်း ခင်ဗျားအချစ်တော် ကားသမားက မောင်ပိုင် စီးလိုက်တယ်။ ခင်ဗျားထွက်သွားတဲ့နေ့မှာပဲ ထင်းရှူးပင်တစ္ဆေ၊ လက်သည်းရှည်၊ ဆံရှည်တို့ရဲ့ ဝိညာဉ်တွေကို ပုလင်းထဲ ထည့်ချုပ်ပြီး သူ့ရဲ့ဂူထဲမှာ မြှုပ်ထားတယ်။ နောက်ပြီး ဒေါက်တလောက်ရဲ့ ဂူထဲမှာ အလွန်အစွမ်းထက်တဲ့ ခေါင်းပြတ် တစ်ခုဟာ တကယ်ရှိတာဗျ. . ဒေါက်တလောက်က အဲဒီခေါင်းပြတ် ကို အသုံးချပြီး အစွမ်းထက်နေတာ. . ခုညလည်း သူတို့အဖွဲ့က ကျောက်ခွဲစက်ရုံပျက်ထဲမှာ လူသေအလောင်းတစ်လောင်းနဲ့ ပါတီပွဲ ကျင်းပနေမှာပေါ့။ ဒေါက်တလောက်ကတော့ ခင်ဗျားသာ ဒီကို ပြန်ရောက်လာတာသိရင် ခင်ဗျားကို သတ်ပစ်မှာပဲ. . ဘားလန်း. . ခင်ဗျားအတွက် ကျွန်တော် အရမ်းစိုးရိမ်တယ်၊ လာပါဗျာ. . သူတို့ မသိခင် ဒီနယ်မြေနဲ့ဝေးရာ ပြေးကြပါစို့. ."

ဂျိုးက ဒေါက်တလောက်အကြောင်းပြောပြီး ဘားလန်းရဲ့ လက်ကို ဆွဲရင်း နောက်ကိုလှည့်ကြည့်လှည့်ကြည့်နဲ့ ပြေးဖို့ဟန်ပြင်နေ ပြန်တယ်။

"ဂျိုး. . ခင်ဗျားကလည်း ပြေးမယ်ဆိုတာချည်းပဲ. . ကျွန်တော်ပြောတာလည်း ခဏနားထောင်ပါဦး။ ကျွန်တော့်မှာ သူ့ကိုနှိမ်နင်းနိုင်တဲ့ဆေး ပါလာတယ်. . "

ဘားလန်းက သူ့အသံကို ဂျိုးကြားရုံလောက်ပဲ နှိမ့်ပြောတယ်။ ဂျိုးက ပတ်ဝန်းကျင်ကို ကျိုးကန်းတောင်းမျှော် အကဲခတ်ရင်း. .

"ရှူး. . တိုးတိုး. . ခင်ဗျားဟာက သေချာလို့လား. . ဘာမှအစွမ်းမထက်တဲ့ပစ္စည်းဆိုရင် ဘယ်နဲ့လုပ်မလဲ၊ ဒီတစ်ခါ ဒေါက်တလောက်လက်ထဲကို အမိခံလို့ကတော့ ကျွန်တော်တို့ဘဝဟာ ဘာမှမျှော်လင့်ချက်ရှိတော့မှာ မဟုတ်ဘူး. . "

ဂျိုးက သူ့အယူအဆကိုပဲ စွတ်ပြောတယ်။ သူ့စိတ်ထဲမှာ ဒေါက်တလောက်နဲ့ဝေးရာကို ပြေးမှသာ စိတ်ချမ်းသာနိုင်မယ်လို့ ယုံကြည်ထားတဲ့ပုံပဲ။

"ဒီမယ် ဂျိုး. . ခင်ဗျားဟာ ကျွန်တော့်သူငယ်ချင်း မဟုတ်တော့သလိုပဲ၊ ကျွန်တော်တို့ ဟိုတုန်းက သချိုင်းကို စရောက်ရောက်ချင်း ဘာတွေလုပ်ခဲ့ကြသလဲ. . ဘာ့ကြောင့်လုပ်ခဲ့ကြတာလဲ. . ခင်ဗျားလည်း ဒေါက်တလောက်ရဲ့ ညှင်းပန်းနှိပ်စက်တာကို ခံခဲ့ရတယ် မဟုတ်လား. . သူ့ကြောင့်ပဲ ကျွန်တော်တို့ ဘဝဟာ စုတ်ပြတ်လေလွင့်ပြီး ထွက်ပြေးနေရတဲ့ဝိညာဉ်ဘဝ ရောက်မှန်းမသိ ရောက်နေရပြီ၊ သူနဲ့ဝေးရာ ထွက်ပြေးရင် ဝိညာဉ်လွတ်မြောက်ပွဲ မတက်နိုင်ဘဲ ဒီ့ထက်ဆိုးတဲ့ ဘဝတွေ ဘဝတွေကို ရောက်သွားလိမ့်မယ် ဆိုတာ ကျွန်တော် ကောင်းကောင်းသိတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ လုပ်စရာ တစ်ခုပဲရှိတယ်။ ဒါဟာ နောက်ဆုံးပဲ. . ကျွန်တော်တို့ ဒေါက်တလောက်ကို ပြန်ချမယ်၊ တကယ်လို့ ရှုံးနိမ့်ခဲ့ရင်လည်း ဒီဘဝ ဒီမျှသာပေါ့ဗျာ. . ကျွန်တော်တို့နှစ်ယောက် အတူတူထပ်သေကြတာပေါ့. . ခင်ဗျား ကျွန်တော့်ကို ယုံပါ. . ကျွန်တော့်လက်ထဲမှာ ရှိတဲ့ဆေးက တကယ်အစွမ်းရှိမှာပါ. . ဒီဆေးက မှော်လောကမှာ နာမည်ကြီးတဲ့ ပုလဲနက်မှော်ဆရာဆီက ကျွန်တော်အသက်စွန့်ပြီး တောင်းခဲ့ရတာပါ. . ခင်ဗျား ကျွန်တော့်ကို ကူညီမယ် မဟုတ်လား. . . "



ဘားလန်းက ဇဝေဇဝါဖြစ်နေတဲ့ ဂျိုးကို ရှင်းပြတယ်။ ဂျိုးက လေးလေးနက်နက် စဉ်းစားရင်း. . .

"ခင်ဗျားကို ကျွန်တော် ဘယ်လောက်အထိ သံယောဇဉ်ရှိတယ်ဆိုတာ ခင်ဗျားသိပါတယ်။ ခင်ဗျား ဒီလောက်တောင်ထက်သန်နေမှတော့ ကျွန်တော့်အနေနဲ့ ဆန့်ကျင်ဘက်ပြောနေလို့ ဘာထူးမှာလဲ. . လုပ်ကြရုံပဲရှိတော့တယ်။ ပြောပါဦး. . . ခင်ဗျား အစီအစဉ်က ဘယ်လိုလဲ. . "

"ဟုတ်ပြီ. . ဒီလိုမှပေါ့. . ပထမဆုံး ခင်ဗျား ကူညီရမှာက ကျွန်တော့်မပျက် ဒီကောင်တွေနဲ့ ဝင်ရောရမယ်။ သူတို့နဲ့ တူတူနေပြီး သူတို့ သားစိမ်းငါးစိမ်းတွေ စားနေတဲ့အချိန်မှာ ကျွန်တော့်ကို အချက်ပေးရမယ်။ ဒါက ခင်ဗျားအတွက် လွယ်လွယ်လေးပါ. . သူတို့ စားသောက်နေတဲ့အချိန်မှာ ဂျိုးငှက်ကူသံပြုရုံပဲ. . ခင်ဗျားရဲ့ ဂျိုးကူသံ ကြားရင် ကျွန်တော် ရောက်လာမယ်၊ အရေးကြီးတာက ခင်ဗျား ကျွန်တော့်ကို အချက်ပေးတဲ့အချိန်ဟာ ဒေါက်တလောက် အသားစိမ်းစားနေတဲ့အချိန် ကွက်တိဖြစ်ရမယ်။ ဒါ သိပ်အရေးကြီးတယ်. . ကျွန်တော့်ဆေးက အဲဒီအချိန်မှာ အသုံးပြုမှ အစွမ်းထက်မှာဗျ. . . ခင်ဗျားသဘောပေါက်ရဲ့လား. . "

ဂျိုးက ခေါင်းညိတ်ရင်း. . "သဘောပေါက်ပါတယ်. . ခင်ဗျားပြောတဲ့အတိုင်း ဖြစ်စေရမယ်။ အခုလည်း ဒေါက်တလောက်တို့ အဖွဲ့က လူသေအလောင်းကို စားနေမှာပဲ။ အခုလုပ်ရားလို့ရော မဖြစ်ဘူးလား. . "

"ဆန္ဒ မစောပါနဲ့ဗျ. . သေချာမှဖြစ်မှာ. . မသေချာပဲ ကျွန်တော့်ကို အနံ့ခံမိသွားလို့ မဖြစ်ဘူး။ ဒေါက်တလောက် ပါးနပ်တာ ခင်ဗျားမယုံသေးဘူးလား. . သူစားနေတာကို မျက်စိနဲ့အနီးကပ်တပ်အပ်မြင်မှ လှုပ်ရှားတာ ပိုသေချာတာပေါ့. . အဲဒါကြောင့် ခင်ဗျား ကူညီမှဖြစ်မှာ. . ကျွန်တော့်ဆေးက အလွန်ရှားပါးအဖိုးတန်တယ်၊ နောက်ထပ်လည်း မရနိုင်တော့ဘူး. . "

ဘားလန်းက သူ့အစီအစဉ်ကို သေသေချာချာရှင်းပြတော့ ဂျိုးက နားလည် သဘောပေါက်သွားတယ်။

"ဒီတော့ ခင်ဗျား ဂျိုးငှက်ကူသံလို ကူတတ်လား..."

"ဟာ..ဒီလောက်တော့ ရပါတယ်ဗျာ.. လူ့ဘဝတုန်းက ကူဖူးပါတယ်.."

"ဒါဆို လုပ်စမ်းပါ..စမ်းကူကြည့်ပါဦး.. ခင်ဗျားဂျိုးကူတဲ့ အသံကိုလည်း မှတ်ထားရအောင်လို့.."

ဘားလန်းက အစီအစဉ်တကျဖြစ်အောင် ဂျိုးကူသံလုပ်ခိုင်းကြည့်တယ်။ ဂျိုးက မဆိုင်းမတွဘဲ ဂျိုးကူသံ တိုးတိုးလေး ကူပြတယ်။ တိတ်ဆိတ်တဲ့ညထဲမှာ ဂျိုးရဲ့အချက်ပြသံဟာ ပီပီပြင်ပြင်ထွက်ပေါ်လာတယ်။ ဘားလန်းက ဂျိုးလက်ကို အမြန်ဆွဲဖယ်လိုက်ပြီး...

"တော်ပြီ.. တော်ပြီ.. ရပြီဂျိုး.. ဒီလောက်ဆိုရင် ကျွန်တော် ခင်ဗျားဂျိုးကူသံကို မှတ်မိပြီ၊ ဟိုကောင်တွေ ကြားသွားဦးမယ်။ ဒါဆိုရင် အားလုံးအဆင်ပြေလောက်ပါပြီ။ အစီအစဉ်ကို မနက်ဖြန်ညက စပြီးလုပ်ကြမယ်။ မနက်ဖြန်ည ခုနစ်နာရီတိတိက စပြီး ကျွန်တော် ခင်ဗျားနဲ့မနီးမဝေးမှာရှိနေမယ်။ ခင်ဗျား ဒေါက်တလောက်ကိုသာ မျက်ခြည်မပြတ်စေနဲ့။ အခု ကျွန်တော်သွားဦးမယ်.. ကျွန်တော်ပြန်ရောက်နေတာ ဘယ်သူမှ မသိစေနဲ့နော်.."

ဘားလန်းက ဂျိုးကို သေသေချာချာမှာတယ်။

"အားလုံး သဘောပေါက်တယ်.. စိတ်ချ .. ခင်ဗျား ပြောတဲ့အတိုင်း ဖြစ်စေရမယ်.. ကျွန်တော်လည်း သွားတော့မယ်..မနက်ဖြန်ည ခုနစ်နာရီတိတိက စမယ်နော်.."

"အိုကေ ဂျိုး.."

ဂျိုးက နှုတ်ဆက်ပြီး သချိုင်းဘက်ကို ဟန်မပျက် ပြန်သွားမှ ဘားလန်းလည်း ထင်းရှူးတောက ထွက်ခွာသွားတော့တယ်။

ကျောက်စက်သချိုင်းကို ဂျိုးပြန်ရောက်တော့ ဒေါက်တလောက်တို့အဖွဲ့က ပြန်မရောက်ကြသေးလို့ တော်သေးတယ်။ ဂျိုးက ဣန္ဒြေရရ သူ့တာဝန်ကျ သစ်ပင်ပေါ်ကို တက်နေလိုက်ပြီး လေလေးတချွန်ချွန်နဲ့ ပတ်ဝန်းကျင်ကို ကင်းစောင့်နေတော့တယ်။ လရောင်ဟာ အခုဆိုရင် ပိုမိုအလင်းအား ကောင်းလာပြီး လှပနေတယ်လို့ ဂျိုးထင်လာတယ်။ ဂျိုးက ချယ်ရီကိုင်းခြောက်တွေပေါ်မှာ ငိုက်မြည်းနေတဲ့ လင်းတတွေကို တစ်ချက်ကြည့်ရင်း ပြုံးလိုက်တယ်။ သူ့အနေနဲ့ သူမုန်းတဲ့ လင်းတတွေကို ပြုံးကြည့်တာ ဒါပထမဆုံးပဲ။ သူ့စိတ်ထဲကတော့.. 'လင်းတတွေ..မင်းတို့တော့နာပြီ.. မင်းတို့ ကောင်းကောင်းနှပ်နေကြ ဇိမ်ယူနေကြ.. ဟုတ်ပြီလား.. နောက်နေ့တွေမှာတော့ ဆောရီးပဲ.. လင်းတပြေး ပြေးရပြီသာမှတ်..'

မိုးလင်းလုလုမှပဲ ဒေါက်တလောက်တို့အဖွဲ့ ပြန်ရောက်လာကြတယ်။ ဂျိုးက သစ်ပင်ပေါ်မှမဆင်းသေးဘဲ အိပ်ချင်ယောင်ဆောင်နေလိုက်တယ်၊ သူတို့အဖွဲ့က သချိုင်းဝရောက်ရောက်ချင်း ဝူးဝူးဝါးဝါးနဲ့ ဝင်လာလို့ ဂူအသီးသီးမှာ အိပ်နေကြတဲ့ ဝိညာဉ်တွေအားလုံး နိုးထလာကြတယ်၊ ဒီမနက်လည်း ဒေါက်တလောက်ရဲ့ ဟောင်ဖွာ

ဟောင်ဖွာ အာဏာပြမှုနဲ့အတူ သချိုင်းတစ်ခုလုံးကို စိတ်မချမ်းသာစွာ နိုးထစေခဲ့ပြန်တယ်။

"ဝိညာဉ်ငပေါတွေ. . ထစမ်း. . ထကြစမ်း. . တစ်နေကုန် တစ်ညလုံး အိပ်နေဖို့ပဲ သိတယ်၊ ဘာမှ အသုံးမကျဘူး။ မင်းတို့ကို ငါ့သချိုင်းမှာ ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး. . ငါခိုင်းတာ မလုပ်ရင် အကုန်လုံး မောင်းထုတ်ပစ်ရမယ်. ."

ဒေါက်တာလောက်က သူ့ဝါသနာအတိုင်း သချိုင်းရှိ ဘာသိဘာသာနေတဲ့ ဝိညာဉ်တွေကို ဆူပူကြိမ်းမောင်းနေတယ်။သူ့ကို ကြောက်တဲ့ ဝိညာဉ်တွေက နေစရာ မရှိအောင်ထိတ်လန့်နေလို့ အချင်းချင်းတိုးဝှေ့ ပူးကပ်နေကြတယ်၊ သူစိတ်မထင်ရင် အကြောင်းမဲ့ နှိပ်စက် ခံရမှာကြောက်လို့ သတိထားပြီးနေကြရတယ်။

ဒေါက်တာလောက်က သူ့မျက်လုံးကို အရောင်နည်းနည်း ထုတ်လိုက်ပြီး လင်းနို့အော်သံမျိုးနဲ့ . . .

"အားလုံးနားထောင်ကြ. . . လေးလပိုင်း တစ်ရက်နေ့မှာ ဝိညာဉ်ဒုက္ခရောက်ပွဲဆိုလား. . ဝိညာဉ်လွတ်မြောက်ပွဲဆိုလားရှိတာ အားလုံးသိကြမှာပဲ. . ငါ ဒီပွဲကိုတက်ဖို့ ဆန္ဒကို မရှိဘူး. . နင်တို့လည်း ဘယ်သူမှ မတက်ရဘူး၊ အဲဒါငါ့အမိန့်ပဲ. . ငါ့ အမိန့်ကို ဆန့်ကျင်တဲ့ကောင် ငါနဲ့တွေ့ဖို့များတယ်. . မင်းတို့ဒီပွဲကိုတက်လည်း ဒီ့ထက်ဆိုးတဲ့ဘဝတွေကို ရောက်သွားမှာပဲ. . မယုံမရှိနဲ့ ကိုယ့်လူတို့. . ဒီသချိုင်းမှာ ငါနေတာကြာပြီ. . အဲ. . တစ်ယောက်တလေကလွဲပြီး ဘယ်ကောင်မှ ကောင်းကင်ဘုံကို ရောက်သွားတယ်ဆိုတာ မရှိဘူး. . သူတို့ဟာ မဖြစ်စလောက် အပြစ်လေးတွေကို ပုတ်လောက်ရေးမှတ်မယ်. . ပြီးရင် မကောင်းတဲ့ဘုံဘဝသို့ အရောက်ပို့မယ်. . ဒါပဲ. . ဒါမျိုးလုပ်ဖို့ပဲ ငါတို့ကို စောင့်ကြည့်နေတာ. . သက်သက် စိတ်ဒုက္ခပေးတာ. . အဲဒါကြောင့် သူတို့ရှေ့မှာ ဒူးထောက်ပြီး အခစား ဝင်နေမဲ့အစား ပုန်းနေတာကမှ သရဲတစ္ဆေဘဝနဲ့ ပျော်စရာ ကောင်းဦးမယ်. . ဟုတ်ပြီလား. . မင်းတို့သိသင့်တာက ဘုရားသခင်ဟာ ငါတို့ကို လှည့်ကြည့်နေဖို့ အချိန်မရဘူး၊ သူ့မှာ တစ်ကမ္ဘာလုံး ကြည့်စရာလူတွေ ဝိညာဉ်တွေအများကြီးပဲ. .



ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနေ့မနက် သချိုင်းမှာ တစ်ကောင်မှမနေဘဲ တစ်နေရာရာမှာရှောင်နေကြမယ်၊ ငါတို့လည်း ရှောင်နေမှာပဲ. . မင်းတို့လည်း ငါနေခိုင်းတဲ့နေရာကို သွားနေရမယ်၊ ကိုယ်သွားချင်တဲ့ နေရာကို သွားလို့ မရဘူး၊ ဟုတ်ပြီလား. . မရှင်းတာ ဘာရှိလဲ. ."

ဒေါက်တာလောက်က သချိုင်းတစ်ခုလုံးမှာရှိတဲ့ ဝိညာဉ်တွေကို တစ်ယောက်မကျန် ဝေ့ကြည့်ပြီး ပြောတယ်။

"နေအုံး. . ငါ့စိတ်ထဲမှာ တစ်ကောင်လိုနေသလိုပဲ. . ဟိုကောင်. . ဟိုကောင်မှင်စာ ဘယ်သွားလဲ. ."

ဒေါက်တာလောက်က ဂျိုးကိုရှာရင်း မေးတယ်။ ဂျိုးက ဒေါက်တာလောက်ရဲ့ဩဝါဒကိုနားထောင်နေရင်း သူ့ကို မေးသံကြားမှ သစ်ပင်ပေါ်က အလျင်အမြန်ဆင်းလာတယ်။

"ကျွန်တော် ဒီမှာရှိပါတယ်. . ကင်းစောင့်နေတာပါ. ."

ဒေါက်တာလောက်က သစ်ပင်ပေါ်က ဆင်းလာနေတဲ့ဂျိုးကို မော့ကြည့်ပြီး. . .

"မင်းရော ငါပြောတာ နားလည်ရဲ့လား မှင်စာလေး. . မင်းသူငယ်ချင်းကို မျှော်မနေနဲ့. . ဒီကောင် ဝိညာဉ်ဘဝမှာ မရှိတော့ဘူးလို့ ငါပြောတာ အကြိမ်တစ်ရာ မကတော့ဘူး. ."

ဂျိုးက အလွန်တရာရိုကျိုးစွာနဲ့ . . . "ကျွန်တော်သဘောပေါက်ပါတယ်ခင်ဗျ. . အခုလည်း ဆရာ ကင်းစောင့်ခိုင်းလို့ သစ်ပင်ပေါ်တက်နေတာပါ. ."

"ကောင်းတယ်. . အခုလို အခြေအနေမှန်ကိုသိတာ မင်းအတွက် အကောင်းဆုံးပဲ. ."

ဂျိုးက သွားအားလုံးပေါ်အောင် ပိပိပြင်ပြင်ပြုံးပြီး . . . "ကျွန်တော်လည်း နောင်တ ရပါပြီဆရာ. . နောက်ဆိုရင် ဆရာပြောတဲ့အတိုင်း ဖြစ်စေရပါမယ်. . ကျွန်တော့်ကိုလည်း တပည့်ရင်းအဖြစ် သတ်မှတ်ပေးပါ. ."

"ကောင်းတယ်. . ဒီလိုပဲဖြစ်သင့်တယ်. . ငါ့တပည့်ရင်းတွေ ဘယ်လို နေထိုင်တယ်ဆိုတာ မင်းသိတယ် မဟုတ်လား. . ဒီကောင်တွေကို လေ့လာထား. ."

ဂျိုးက ရှိုကျိုးစွာ ခေါင်းညိတ်ပြရင်း သူ့အတွေးနဲ့သူ ရယ်လိုက်တယ်။ ဒေါက်တလောက်က ဝိညာဉ်လွှတ်မြောက်ပွဲကို မတက်ဘဲ ပုန်းနေကြဖို့ အသေအချာမှာပြီး သူတို့တစ်ဖွဲ့လုံး သူတို့ရဲ့ဂူတွေထဲ အလျှိုအလျှိုဝင်ရောက်ကာ ကုလားသေ ကုလားမော အိပ်စက်ကုန်ကြတယ်။ အခြားကျန်ခဲ့တဲ့ ဝိညာဉ်တွေကတော့ တစ်ဦးနှင့်တစ်ဦး စိတ်အားငယ်စွာ ကြည့်ပြီး နှုတ်ဆိတ်နေကြတုန်း ဝင်ဒီတို့မောင်နှမက ဂျိုးအနားရောက်လာပြီး. . .

"ရှင် ဘယ်လိုပြောလိုက်တာလဲ. . .ကျွန်မတော့ သိပ်ကို အံ့ဩတယ်။ ကျွန်မတို့က ဘားလန်း မရှိတဲ့နောက်ပိုင်း ရှင့်ကို မျှော်လင့်ထားတာ. . ရှင်က အခုလို ပြောင်းလဲသွားတော့ တကယ့်ကို မယုံနိုင်စရာပဲ. . "

ဝင်ဒီက ဂျိုးကိုအထင်သေးတဲ့အကြည့်နဲ့ ကြည့်ပြီး ပွစိပွစိ ပြောတယ်။

"ဒီမှာ. . ခင်ဗျားလည်း ဘာမှ မစွမ်းဆောင်နိုင်ဘဲနဲ့ ကျုပ်ကိုချည်း ပြောမနေနဲ့။ တကယ်ဆို ခင်ဗျားတို့ မောင်နှမနှစ်ယောက် ကျွန်တော့်ထက်အရင် ဒီသင်္ချိုင်းကိုရောက်ခဲ့တဲ့သူတွေပဲ။ သူများကို ချည်းပဲ အားကိုးနေတယ်။ ကျွန်တော့်အမြင်တော့ ခင်ဗျားတို့ဟာ ဟုတ်တိပတ်တိ ဘာမှမစွမ်းဆောင်နိုင်ဘူး။ ကိုယ့်စိတ်ထဲမှာ မကျေနပ်ရင် တစ်ခုခု ထလုပ်ပါတော့လား. . ဘာကိုစောင့်နေကြတာလဲ. . ကျုပ်ကတော့ သေသေချာချာ စဉ်းစားပြီးပြီ။ သူတို့ကို ဘယ်လိုမှ မနိုင်နိုင်ဘူးဆိုတာ တဖြည်းဖြည်းချင်း သဘောပေါက်လာတယ်။ အဲဒီတော့ ကျုပ်ဘာလုပ်မလဲ. . ဒေါက်တလောက်နဲ့ မတည့်အောင်နေခဲ့သမျှ ကာလပတ်လုံး ညတိုင်း ကျုပ်ချည်းပဲ ကင်းစောင့်နေရတာ. . ဟော. . အခုလို သူ့တပည့်အဖြစ် ခံယူလိုက်တော့ နားနားနေနေ နေရတာပေါ့. . "

ဂျိုးက စိတ်တိုတိုနဲ့ ပြောချင်တာပြောပြီး တစ်နေ့တာ အနားယူဖို့အတွက် သူ့အုတ်ဂူလေးထဲကို ဝင်ရောက်သွားတော့တယ်။

နေလုံးဟာ အနောက်ဘက်ယွန်းယွန်းကို လုံးလုံးဝင်သွားပြီး မှောင်ရီသန်းလာမှ ပုတ်အဲ့အဲ့ စူးရှတဲ့အနံ့တွေနဲ့အတူ ဒေါက်တလောက်တို့အဖွဲ့ နိုးထလာကြတယ်၊ ဒေါက်တလောက်ရဲ့တပည့်တွေက ယနေ့ သင်္ချိုင်းကို အလောင်းသစ်တွေ လာရောက်မြှုပ်နှံခြင်း ရှိမရှိ လိုက်လံစုံစမ်းရင်း တူးပြီးသား တွင်းဟောင်းတွေကို လှန်လှော ရှာဖွေနေကြတယ်၊ အဲဒီအချိန်မှာ အခြားဝိညာဉ်တွေက သူတို့ နေထိုင်ရာ ဂူတွေဆီကို ဝင်ရောက် ပျောက်ကွယ်ကုန်ကြပြီ၊ ဒါဟာ အခု လောလောဆယ် ဒေါက်တလောက် ချမှတ်ထားတဲ့ စည်းကမ်း အသစ် ဖြစ်တယ်။ သူတို့အဖွဲ့နိုးလာရင် အခြားဝိညာဉ်တွေက အလိုက်သိစွာ ရှောင်တိမ်း ပုန်းခိုနေကြရမှာဖြစ်ပြီး သူတို့ဘာလုပ်လုပ် ဘာသိဘာသာ မမြင်ချင်ယောင်ဆောင် နေရမယ်လို့ အမိန့်ချမှတ်ထားတယ်၊ ထိုအမိန့်ကို ဘယ်ဝိညာဉ်ကမှ မလွန်ဆန်ဝံ့ဘူး၊ အကယ်၍ ချောင်းမြောင်းကြည့်ရှုတဲ့ဝိညာဉ်ရှိခဲ့ရင်လည်း ဒေါက်တလောက်ရဲ့ ဖမ်းချုပ်မြေမြှုပ်ခြင်းခံရဖို့သာရှိတယ်. . ဒါပေမဲ့ ဒီနေ့ထူးဆန်းတာက ဒေါက်တလောက်တို့နဲ့အတူ နိုးထလာသူ ဂျိုးဟာ သူ့ဂူကနေ ရဲရဲဝံ့ဝံ့စွာအပြင်ထွက်လာပြီး ဒေါက်တလောက် ဂူရှိရာကို တစ်လှမ်းချင်း

လျှောက်လာတယ်။ ဒေါက်တလောက်က သူ့ဂူပေါ်မှာ အိပ်မှုန်စုံမွှားနဲ့ ထိုင်နေရင်း သူ့ဆီကို ရဲရဲဝံ့ဝံ့လျှောက်လာနေတဲ့ ဂျိုးအား မျက်တောင်မခတ်ဘဲ ကြည့်နေတယ်၊ သူ့အကြည့်က နားမလည်ခြင်း၊ ဇဝေဇဝါဖြစ်ခြင်းတို့ ရောယှက်နေတယ်၊ ဂျိုးက ခပ်တည်တည်ပဲ ဒေါက်တလောက်ရှေ့မှာ ဒူးတစ်ဖက်ထောက် လက်မြှောက်ပြီး သစ္စာခံကျေးကျွန်တွေ လုပ်သလို. . .

"ဆရာ. . မင်္ဂလာညချမ်းပါ၊ ယနေ့ညမှစ၍ ဆရာနဲ့အတူတူ ကျွန်တော်လိုက်ပါရစေ. . တစ်ချိန်က ကျွန်တော်နားမလည်ခဲ့တာတွေကို ဗွေမယူပါနဲ့ဆရာ. . ကျွန်တော့်ကို ခိုင်းချင်တာ ခိုင်းပါ. . ."

ဒေါက်တလောက်က ဂူပေါ်မှနေ ဂျိုးကို ထူးဆန်းတဲ့သတ္တဝါတစ်ကောင်အလား ငုံ့ကြည့်တယ်။

"မင်း ဘာဆေးတွေသောက်လာလဲ ဂျိုး . . ဂျိုးဂျေဆာအစစ်မှဟုတ်ရဲ့လား. . ငါသိတာ ဂျိုးဆိုတဲ့ မှင်စာလေးတစ်ကောင်ဟာ ဘယ်လိုမှ စည်းရုံးသိမ်းသွင်းလို့မရနိုင်ဘူး. . သေးသေးလေးနဲ့အတော်ခေါင်းမာတဲ့ကောင်လို့ ထင်ထားတာ. . အခုမင်းကရုတ်တရက် ငါနဲ့အတူတူနေချင်တယ်ဆိုတော့ ငါ မင်းကို ဘယ်လိုနားလည်ရမှန်းတောင် မသိဘူး၊ ကောင်းပြီလေ. . . ငါ့အတွက်မင်းဘယ်လို စွမ်းဆောင်ပေးမလဲဆိုတာ အရင်ကြည့်ပြီးမှ ငါ့တပည့်အဖြစ် လက်ခံနိုင်မယ်၊ အဲဒီတော့. . အခု ငါ့ကို ကြောင်တောင်တောင်ကြည့်နေမဲ့အစား . . . ဟိုကောင်တွေနဲ့အတူ စားစရာသောက်စရာ ဝိုင်းရှာပါတော့လား. . ."

အကင်းပါးတဲ့ဂျိုးက ဒေါက်တလောက်ရှေ့က အလျင်အမြန်ထသွားပြီး ဒေါက်တလောက် တပည့်တွေနည်းတူ ဂူတွေ၊ ကျင်းတွေထဲက အကြွင်းအကျန် အရိုးအသားစတွေကို ရှာဖွေနေတော့တယ်။ ကားသမားက ဂျိုးရဲ့ခေါင်းကို သူ့ရဲ့နံစော်နေတဲ့လက်နဲ့ပုတ်ပြီး. . .



"မှင်စာလေး. . အခုတော့လည်း အမြင်မှန်ရလာခဲ့ပြီပဲ. . ဟား. . ဟား. . ဟား. . အစောကြီးကတည်းက ငါတို့လို သဘောပေါက်မယ်ဆိုရင် မင်းအနေနဲ့ ဒီသချိုင်းမှာ ဘာမှစိတ်ပျက် အားငယ်စရာ ရှိမှာမဟုတ်ဘူး။ မင်းက မင်းဆရာ ဘားလန်းကို အထင်ကြီးလိုက်တာကို. . ဒီကောင်က သူ့ကိုယ်သူ လူတတ်ကြီးလုပ်ပြီး နံရံကို ခေါင်းနဲ့ တိုက်ချင်တဲ့ကောင်ပဲ. . အခု ဒီကောင်ဘာဖြစ်သွားလဲ. . . သူ့ဘဝလေး ပျက်သွားတယ်. . ဟား. . ဟား. . ဟား. . မင်းတောင် အမြင်မှန်ရတာမြန်လို့ ကံကောင်းသွားတာ. . မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီည စပယ်ရှယ် ညစာကျွေးမယ်. ."

ကားသမားက ရွံစရာကောင်းတဲ့ သွားဝါဝါကြီးတွေပေါ်အောင် ဟားတိုက်ရယ်လိုက်ပြီး ဂျိုးကို ပြောတယ်။ ဂျိုးက အောင့်သက်သက်နဲ့ ငြိမ်ခံနေလိုက်တယ်. . ကားသမားနဲ့အတူ ဝတ်ကျေတန်းကျေ လူအရိုးတွေလိုက်ကောက်နေရင်း အန်ချင် ပျို့ချင်လာတယ်၊ အခြားကောင်တွေ မရိပ်မိအောင် ဟန်မပျက်နေရင်း ရသမျှအရိုးတွေကို စုပုံထားလိုက်တယ်။

"တို့သချိုင်းမှာ ရိက္ခာတော်တော်ရှားသွားပြီဟေ့. . အရိုးချည်းပဲ ကျန်တော့တယ်၊ တော်သေးတာပေါ့ကွာ. . ညက ရိက္ခာအကုန်စားမပစ်ဘဲ သိမ်းထားလို့. . . "

သရဲတစ်ကောင်ရဲ့ ပြောသံကို ဂျိုးက သဘောပေါက်တယ်။ 'ညကရိက္ခာဆိုတာ ဟိုတစ်နေ့က ဆွဲသွားတဲ့ အလောင်းပဲဖြစ်မယ်။ ဒီကောင်တွေ ဘယ်မှာဝှက်ထားလဲ . . . မဟုတ်မှလွဲရော. . ကျောက်ခွဲစက်ရုံမှာပဲဖြစ်မယ်. . ဒီကိစ္စ မြန်မြန်အဆုံးသတ်မှ အေးမယ်။ ငါ ဒီလူရိုးတွေ. . အသားစတွေနဲ့ ကြာကြာနေရရင် တစ်ခါထဲပျို့အန်ပြီး သေသွားလိမ့်မယ်။ အခုတော့ ကိုယ့်အကြံအစည်မအောင်မချင်း သည်းခံပြီး နေရတော့မှာပဲ။ ရိပ်မိသွားလို့တော့ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ ခုလောက်ဆိုရင် ဘားလန်း တစ်နေရာရာက ငါ့ကို စောင့်ကြည့်နေကောင်းပါရဲ့. . .'

ဂျိုးက လူရိုးတွေကိုကောက်ရင်း သချိုင်းအတွင်းကို တစ်ချက် ငေးကြည့်လိုက်တယ်။ သူ့အနီးအနားက ဂူတွေအတွင်းမှ ဝိညာဉ်အချင်းချင်းတွတ်ထိုးသံတွေ ကြားနေရတယ်။

“ဂျိုးက ဘာလို့ဖွတ်ကျားဖြစ်သွားတာလဲ.. ငါတော့ နားမလည်တော့ဘူး..”

“အလကားကောင်ပါကွာ.. အဖြစ် မရှိပါဘူး။ ဒီကောင်က သေးသေးလေးဆိုတော့ အားကိုးမရှိရင် မနေရဲလို့ဖြစ်မှာပေါ့.. ဟား...ဟား...ဟား...” အခြားတစ်ကောင်ရဲ့ ထောက်ခံသံ..

“ဟေ့ကောင်..တိုးတိုး..တိုးတိုး.. ကြားသွားဦးမယ်၊ ဒီကောင်က ငါတို့ထက်စာရင် ဆရာဖြစ်သွားပြီ၊ တော်တော်ကြာ ဒေါက်တလောက်ကို သွားတိုင်မှ ဟုတ်ပေ့ဖြစ်နေဦးမယ်။ သူ့ဟာသူ ဘာလုပ်လုပ် ငါတို့နဲ့မဆိုင်ဘူး။ မသိချင်ယောင်ဆောင်နေတာပဲ ကောင်းတယ်။ အသက်ရှည်ချင်သေးရင် အိပ်ကြစို့.. ဒီကောင်တွေ သချိုင်းက ထွက်သွားမှ လွတ်လွတ်လပ်လပ် အတင်းဆက်အုပ်ကြမယ်...”

“ဟုတ်တယ်..ဟုတ်တယ်.. သူတို့သွားမှ အတင်းပြောတာပဲ ကောင်းတယ်..ဟီ..ဟီ”

ညဟာ တဖြည်းဖြည်း မှောင်လာပြီး အလင်းရောင်တွေ တစ်စတစ်စ ပျောက်ကွယ်သွားတယ်။ ဒေါက်တလောက်က တစ်ညတာ လှုပ်ရှားဖို့ သူ့တပည့်တွေကို စုရုံးပြီး သချိုင်းအတွင်းကနေ ဆူဆူညံညံ ထွက်ခွာသွားကြပြန်တယ်။

ဒီညတော့ ဒေါက်တလောက်တို့နဲ့အတူ ဂျိုးပါ ပေစောင်းစောင်းနဲ့ ရောယောင် လိုက်ပါသွားတာကို သချိုင်းရှိ အခြားဝိညာဉ်တွေက နောက်ကနေ ချောင်းမြောင်း ကြည့်ရှုပြီး တစ်ယောက်တစ်မျိုး ပြောဆို ကျန်ခဲ့တယ်။

ဂျိုးက လူရိုးတွေနဲ့ အသားပုပ်အပိုင်းအစတွေကို အိတ်ကြီးတစ်လုံးထဲမှာ ထည့်ပြီး မနိုင့်တနိုင်ထမ်းရင်း ဒေါက်တလောက်တို့



နောက်ကို အမီလိုက်နေရတယ်။ သူတို့ဟာ ကျောက်ခွဲ စက်ရုံဖျက်ဆီးဦးတည်ပြီး သွားနေကြတယ်၊ ဘားလန်း မရှိတဲ့ နောက်ပိုင်း ဂျိုးလည်း ကျောက်ခွဲစက်ရုံကို မရောက်ဖြစ်တော့ဘူး။ ၎င်းစက်ရုံဟောင်းဟာ အရင်ကနဲ့မတူဘဲ စက်ရုံထဲဝင်လိုက်တာနဲ့ အညှီအဟောက် အပုပ်နံ့တွေက နံဟောင်နေပြီး လူရိုးအပါအဝင် တိရစ္ဆာန်ပေါင်းစုံတို့ရဲ့ အရိုးအရင်းတွေဟာ တောင်ပုံရာပုံ နေရာတိုင်းလိုလိုမှာ ပြန့်ကျဲနေတယ်။

ဂျိုးက သူထမ်းလာတဲ့ အိတ်ကြီးကို အသာအယာချပြီး အရိုးပုံကြီးတစ်ခုနား မောမောနဲ့ထိုင်လိုက်တယ်။ ဒေါက်တလောက်က သူနဲ့ခပ်ဝေးဝေးမှာ သူ့တပည့်တွေနဲ့ တီးတိုးတိုင်ပင်နေရင်း တစ်ချက်တစ်ချက် သူ့ကို လက်ညှိုးထိုးပြီး ပြောနေတာလှမ်းမြင်ရတယ်။ ဂျိုးက နားစွင့်ပြီး နားထောင်ပေမဲ့ ဘာတွေပြောနေမှန်း သဲသဲကွဲကွဲ မကြားရဘူး။ ခဏအကြာမှာ ဒေါက်တလောက် တပည့်တစ်ယောက်က သူ့ဆီလာပြီး...

“ဟေ့..ဂျိုး.. မင်းကို ဒီည စမ်းသပ်တဲ့အနေနဲ့ ဒီမှာ တစ်ယောက်ထဲထားခဲ့ရမယ်လို့ ဒေါက်တလောက်က ပြောတယ်။ မင်းတစ်ယောက်ထဲ မနေရဲရင်တော့ သချိုင်းကိုပြန်ပြီး ထုံးစံအတိုင်း ကင်းစောင့်နေရမယ်။ ဒါပေမဲ့ ဒေါက်တလောက်ရဲ့ တပည့်ရင်းဖြစ်ဖို့တော့ မသေချာတော့ဘူးပေါ့ကွာ.. ငါတို့ ပြန်မလာမချင်း မင်းဒီမှာ စောင့်နေမယ်ဆိုရင်တော့ ဒေါက်တလောက်က မင်းကို သူ့တပည့်အဖြစ်လက်ခံမယ်လို့ပြောတယ်၊ မင်း ဘယ်လို သဘောရလဲ...”

ဂျိုးက ခေတ္တ တွေဝေသွားတယ်။

“လုပ်ပြီ.. ခင်ဗျားတို့ဟာကလည်း.. ဒါဆိုရင် ခင်ဗျားတို့က ဘယ်ကို သွားမှာလဲ၊ ကျွန်တော်ရော လိုက်လို့ မရဘူးလား..”

ဂျိုးက စောဒကတက်တယ်။

“ငါတို့က အစားအသောက်သွားရှာမှာပေါ့ကွ.. သိပ်မကြာပါဘူး၊ သန်းခေါင်ကျော်လောက်ဆိုရင် ငါတို့ ဒီကို ပြန်ရောက်ပြီ..”

ဂျိုးက ဇက်ပုသွားတယ်။

ဒါပေမဲ့..

"ကောင်းပြီလေ. . ကျွန်တော် ကြိုးစားပြီး စောင့်ကြည့်မယ်. ."

ဇင်းသရဲက ဂျိုးရဲ့ပခုံးကို အသားလွတ် တစ်ချက်ပုတ်လိုက်ပြီး. . .

"မကြောက်ပါနဲ့ကွာ. . မင်းလည်း သရဲတစ်ကောင်ဖြစ်လာပြီပဲ. . ဘာမှုစရာလိုလဲ. . ငါ မင်းကို အကြံပေးမယ်။ သေချာပေါက် သရဲ တစ်ကောင် ဖြစ်ချင်တယ်ဆိုရင်တော့ ခု မင်းထမ်းလာတဲ့ အိတ်ထဲက အသားပုပ်တွေကို အဝသာ စားပစ်လိုက်. . ဒါဆိုရင် ဘယ်လို အကောင်မျိုးမှ မင်းအနားကို ကပ်ရဲမှာ မဟုတ်တော့ဘူး. . ဟား. . ဟား. . ဟား. . ."

ဇင်းသရဲက ဂျိုးကို အကြံပေးပြီး သဘောကျ ရယ်မောကာ ဒေါက်တလောက်တို့ နောက်ကို ပြေးလိုက်သွားတယ်။သူတို့ထွက်သွားတော့ ကျောက်ခွဲစက်ရုံပျက်ကြီးထဲမှာ ဂျိုးရယ် သူ့ဘေးပတ်ပတ်လည်မှာရှိတဲ့ အရိုးပုံကြီးတွေရယ် ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေတဲ့ မြေအောက်ခန်းတွေနဲ့ မနေ့ညက ဒေါက်တလောက်တို့ စားလက်စလက်ကျန် ပေါင်နှစ်ချောင်း မရှိတော့တဲ့ လူသေကြီးရယ်ပဲရှိတယ်။ ဇင်းလူသေက မှောင်နေတဲ့အခန်းထောင့်မှာ မှီလျက်ရှိတယ်။ သူ့ကိုမျက်လုံးပြူးပြီး စိုက်ကြည့်နေတယ်လို့ ခံစားရတယ်။ အရိုးပုံဘေးမှာ သူ့ခန္ဓာကိုယ်လေးကို သေးသည်ထက် သေးအောင် ကျုံ့ထားပြီး မျက်စိက စက်ရုံထဲရှိ အရာအားလုံးကို အလစ်မပေးပဲ ကြောက်လန့်တကြား ကြည့်နေမိတယ်။

အခန်းထောင့်အမှောင်ထဲက လူသေအလောင်းရဲ့ဝိညာဉ်ကတော့ ဘယ်သွားနေတယ်မသိ။ ဇင်းရဲ့ ရုပ်ပျက် ဆင်းပျက်ဖြစ်နေတဲ့ ခန္ဓာကို အခုနေများ မြင်လိုက်ရင်တော့ သူ့ကို မသက်ာပြီး စိတ်ဆိုးရန်ရှာမှာပဲလို့ တစ်ဆက်တည်း တွေးမိလိုက်တယ်။ ဂျိုးက ဇင်းကို စားပစ်တယ်လို့ တထစ်ချ စွပ်စွဲပြီး ပြဿနာရှာမှာကို စိုးရိမ်မိပြန်တယ်။



ဂျိုးတစ်ယောက်ထဲ အမျိုးမျိုးတွေးပြီး ကြောက်လန့်နေစဉ်မှာပဲ စက်ရုံခေါင်မိုးက သွပ်ပြားချပ်တွေ လေမတိုက်ဘဲ တဂျုံးဂျုံးမြည်သွားတယ်။ ဇင်းအသံကြောင့် ဂျိုးဟာ စိတ်မထိန်းနိုင်တော့ဘဲ စက်ရုံအပြင်ဘက်ကို ပြေးထွက်ခဲ့တယ်။ စက်ရုံအပြင်ရောက်မှ မြေပစ်လက်ပစ်နဲ့ သစ်ပင်တစ်ပင်ကို မှီထိုင်ပြီး ကြောက်စိတ်ကို အမြန်ဆုံးပြေပျောက်အောင် ကြိုးစားနေရတယ်။

"သိပ်ရှက်ဖို့ကောင်းတယ်. . ငါဘယ်လိုဖြစ်တာလဲ. . ဝိညာဉ်တစ်ကောင်က အခြားသူတွေကို ပြန်ကြောက်နေရတယ်ဆိုတာ လုံးလုံးကို အဓိပ္ပါယ် မရှိဘူး။ ဘားလန်းကလည်း ထိုအချက်ကြောင့် ငါ့ကို အားမရတာပဲ။ ဒီလောက် စွန့်စားလုပ်ကိုင်လာပြီးမှ သချိုင်းကို ပြန်ပြေးလို့ မဖြစ်သေးပါဘူး။ အစီအစဉ်တွေအားလုံး သဲထဲ ရေသွန်ဖြစ်သွားရင် ဘားလန်းက ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး. . ဂျိုး မင်းဘာလုပ်မလဲ. . မင်းငကြောက်ပဲ၊ နေရာတကာမှာကြောက်နေလို့ ဘာသုံးစားမလဲ၊ လုပ်စမ်း. . လုပ်စမ်း. . မင်းတာဝန်ကို ကျေပွန်အောင် လုပ်စမ်း၊ လူ့ဘဝတုန်းကလည်း ရောဂါသည်အဖြစ်နဲ့ တစ်သက်လုံးမျက်နှာငယ်ခဲ့ရတယ်။ အခုလည်း ဘာမဟုတ်တဲ့ ခေါင်မိုးက သွပ်ပြားမြည်သံကိုကြောက်ပြီး ထွက်ပြေးရတယ်လို့ သောက်သုံးမကျတဲ့မှင်စာကောင်. . ထွက်စမ်း. . ထွက်စမ်း. . မင်းသတ္တိတွေထွက်စမ်း. . တာဝန်ယူထားတဲ့ အလုပ်တစ်ခုကို အောင်မြင် ပြီးမြောက်အောင် လုပ်ပါတော့လား. ." ဂျိုးက အတွေးအမျိုးမျိုးနဲ့ သူ့ကိုယ်သူ ပြန်လည် အားပေးရင်း စက်ရုံပျက်ထဲကို ပြန်ဝင်လာတယ်။

ပတ်ဝန်းကျင်အခြေအနေကို ရဲစိတ်တင်ပြီးလေ့လာလိုက်တယ်။ ဘားလန်းရဲ့အရိပ်အယောင်ကို အခုထိ မတွေ့ရသေးဘူး။ ဒါဆိုရင် ခေါင်မိုးသွပ်ပြားမြည်အောင်လုပ်တာ ဘယ်သူလဲ. . ဒါ တစ်ယောက်ယောက်က ငါ့ကို ခြောက်လှန့်တာပဲ။ ဇင်းကို မရရအောင်စုံစမ်းရမယ်။ ဂျိုးက စက်ရုံပျက်ထဲကို တွန့်ဆုတ်တွန့်ဆုတ်ဝင်လာရင်း စောစောက လေမတိုက်ဘဲ လှုပ်ခတ်သွားတဲ့သွပ်ပြားတွေ

ကို မော့ကြည့်လိုက်တယ်။ ၎င်းသွပ်ပြားတွေက တွန့်လိမ်ပေါက်ပြဲနေလို့ အပြင်ဘက်က လရောင်အလင်းပျပျကိုတောင် လှမ်းမြင်နေရတယ်။

ထိုအချိန်မှာ သွပ်ပြားနှစ်ချပ်ကြားက အရိပ်တစ်ခုဟာ လရောင်ကို ကွယ်လိုက်ပြီး အဆောက်အဦထဲကို ငုံ့ကြည့်နေတာ ဂျိုးတွေ့လိုက်ရတယ်၊ ကြည့်နေတဲ့သူရဲ့ မျက်လုံးနှစ်လုံးဟာ အလွန်တရာ တောက်ပြောင်နေပြီး အနီရောင်တွေ ဖြာထွက်နေတယ်။ ဂျိုးက အထိတ်တလန့်နဲ့ အနီးရှိအရိုးပုံထဲက လူရိုးနှစ်ချောင်းကို ကောက်ကိုင်လိုက်ပြီး ၎င်းမျက်လုံးနှစ်လုံးရှိရာကို အားနဲ့ လှမ်းပေါက်တယ်၊ နှုတ်ကလည်း. . .

"ဟေ့. . ခေါင်မိုးပေါ်ကကောင်. . မင်းက ဘာကောင်လဲကွ. . သတ္တိရှိရင်ဆင်းလာခဲ့စမ်း. . ငါ့ကို ဘယ်သူထင်လို့လဲ. . ငါ့နာမည် ဂျိုးကွ. . ဒေါက်တလောက်ရဲ့တပည့်ဆိုတာ မင်းမသိသေးဘူးပဲ. . ဒုက္ခရောက်သွားချင်လား. ."

ဂျိုးက အမျိုးမျိုး စိန်ခေါ်ရင်း အရိုးတွေနဲ့ အဆက်မပြတ်ပစ်ပေါက်နေတယ်။ အရိုးတစ်ချောင်းက ၎င်းမျက်လုံးနီကို တည့်တည့်ထိမှန်သွားတယ်။ ခေါင်မိုးပေါ်က သတ္တဝါက သူ့ကိုမှန်သွားတော့ စိတ်ဆိုးမာန်ဆိုးနဲ့ ဂျိုးရှိရာကို ခုန်ဆင်းလာပြီး ဂျိုးရဲ့လည်မျိုကို သူ့ရဲ့သန်မာတဲ့လက်တွေနဲ့ ဆွဲညှစ်ထားတယ်၊ ဂျိုးက အသည်းအသန်ရုန်းကန်ပြီး လက်ထဲရှိအရိုးနဲ့ အားရှိသလောက် ပြန်ရိုက်တယ်။ ဒါပေမဲ့ အကောင်ချင်းမမျှတော့ မကြာခင်မှာပဲ ဂျိုးရဲ့မျက်လုံးတွေပြူးကျယ်လာတယ်။

"ဟေ့. . တော်ပြီ. . ရပ်လိုက်တော့. . ."

ထိုအချိန်ပဲ ဒေါက်တလောက်နဲ့အဖွဲ့က စက်ရုံထဲကို ဝင်လာတယ်။

"တော်တယ်. . တော်တယ်. . မင်းမဆိုးဘူးဘဲ မှင်စာလေး. . မင်း ငါ့တပည့်ဖြစ်ထိုက်တယ်. ."

ဒေါက်တလောက်က လက်ခုပ်လက်ဝါးတီးပြီးပြောတယ်။

"မင်းကို ငါတို့စောင့်ကြည့်နေတာ၊ ငါ့တပည့်က ခြောက်လှန့်



တာတောင် ပြန်ခုခံရဲတယ်၊ မင်းက ငါ့တပည့် အမှန်တကယ်ဖြစ်ချင်တာသိရလို့ ငါဝမ်းသာတယ်၊ မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ အစာကောင်းကောင်း ကျွေးရမယ်. ."

ဒေါက်တလောက် တပည့်တွေက အခန်းထောင့်မှာရှိတဲ့ တစ်ပိုင်းပြတ် လူသေအလောင်းကို ဝိုင်းမလာပြီး ဂျိုးရှေ့ကို ပစ်ချလိုက်လို့ ဂျိုးက မျက်လုံးမှိတ်ပြီး နောက်ကို ကမန်းကတန်းခုန်လိုက်မိတယ်။ ဂျိုး လန့်သွားတာကို ကြည့်ပြီး သရဲအားလုံးက ဝိုင်းရယ်နေကြတယ်။

"ဟား. . ဟား. . ဟား. . . မလန့်ပါနဲ့ ဂျိုးရေ့ဆာ၊ ဒါကိုစားပြီးရင် ငါတို့လိုပဲ သရဲလုံးလုံးဖြစ်သွားမယ်။ မင်းရဲ့ အစွမ်းတွေလည်း အရမ်းတိုးတက်လာပြီး နောက်ဆို ဘယ်သူ့ကိုမှ ကြောက်စရာမလိုတော့ဘဲ အရည်အချင်းရှိတဲ့ သရဲတစ်ကောင် ဖြစ်လာမှာပေါ့. . ."

ဒေါက်တလောက်က ပြောပြောဆိုဆိုနဲ့ ဂျိုးရှေ့မှာရှိတဲ့ လူသေအလောင်းရဲ့ဗိုက်ကို သူ့ရဲ့ရှည်လျား မဲညစ်နေတဲ့ လက်သည်းတွေနဲ့ ထိုးခွဲလိုက်တယ်၊ လက်က ဗိုက်ထဲကို အားနဲ့ ဝင်သွားတယ်၊ ပြန်ဆွဲအထုတ်မှာ အလွန်တရာ အပုပ်နံ့ထွက်နေတဲ့ အသည်းနှလုံးတစ်ခု ပါလာတယ်။

"အရင်ညတွေမှာဆိုရင် ဒီအသည်းနှလုံးက ငါ့အတွက်ပဲ. . ဒီညတော့ ငါ့တပည့်ဖြစ်တဲ့ အထိမ်းအမှတ်အနေနဲ့ မင်းကိုကျွေးမယ်. . ဒါကိုစားရင် မင်းရဲ့မျက်လုံးတွေဟာ သာမန်မဟုတ်တော့ပဲ အရောင်တွေ ထွက်လာလိမ့်မယ်. . အရောင်ထွက်လာရင် သရဲပညာတွေ သင်လို့ရပြီ. . ရော့ စားလိုက်. ."

ဒေါက်တလောက်က ဂျိုးလက်ထဲကို အသည်းနှလုံးထည့်ပေးတယ်၊ ဂျိုးက လှမ်းယူလိုက်ပြီး ကြောင်တောင်တောင်နဲ့ သူ့လက်ထဲက အသည်းနှလုံးကို ကြည့်နေတယ်။ အသည်းနှလုံးက သူ့လက်ထဲမှာ ခုန်နေသလိုပဲ။ ဒေါက်တလောက်က လူသေရဲ့ ဗိုက်ထဲကို ဆက်လက်နှိုက်ယူပြီး ဝမ်းတွင်းသားတွေကို အငမ်းမရ စားနေတယ်။ သူ့တပည့်

တွေကလည်း ဝိုင်းအုံလာပြီး တစ်ယောက်တစ်ဖွဲ့ လုယက်စားကြတော့တယ်။ ကားသမားက သွားရည်တမြားမြားနဲ့ ဂျိုးလက်ထဲက အသည်းနှလုံးကို စားချင်စိတ်နဲ့ ကြည့်နေတယ်။ ဂျိုးက အလျင်အမြန်ပဲ အသည်းနှလုံးကို ကားသမားလက်ထဲ အမြန်ပစ်ပေးပြီး လက်နှစ်ဖက်ကိုပူးပြီး ဂျိုးကူသံ ပြုလိုက်တယ်၊ ဒါပေမဲ့ စိတ်လှုပ်ရှားပြီး လက်တွေတုန်နေလို့ အသံက ပီပီပြင်ပြင် ထွက်ပေါ်မလာဘူး။

ဒေါက်တလောက်က ဂျိုးရဲ့အပြုအမူကို နားမလည်စွာ မော့ကြည့်တယ်။

"မင်း ဘာလုပ်နေတာလဲ. . . ဘာဖြစ်သွားတာလဲ. . ."

ဂျိုးက ဒေါက်တလောက် အမေးကို ဂရုမစိုက်နိုင်ဘဲ မျက်လုံးမှိတ်ပြီး ဂျိုးကူသံ ထွက်လာအောင် အားကုန် မှုတ်နေတော့တယ်။ ဒီတစ်ခါတော့ ဂျိုးကူသံဟာ အဆက်မပြတ် ထွက်ပေါ်လာတယ်။ တိတ်ဆိတ်တဲ့ကောင်းကင်ယံထဲအထိ လွင့်ပျံ့သွားတယ်၊ အားလုံးက ဂျိုးကို နားမလည်စွာ ကြည့်နေကြတယ်။ ဂျိုးကူသံ ပြုရလွန်းလို့ ဂျိုးရဲ့မျက်လုံးတွေလည်း ပြူးထွက်နေပြီ. . .

ထိုအချိန်မှာ ညငှက်တစ်ကောင်ဟာ ကျောက်ခွဲစက်ရဲ့ အမိုးပျက်ပေါ်က အဆောက်အဦထဲသို့ ဝင်ရောက်လာပြီး ထုတ်တန်းတစ်ခုပေါ်မှာ ဝဲခိုရပ်နားလိုက်တယ်။ ဒေါက်တလောက်က ငှင်းညငှက်ရဲ့အနံ့ကို ချက်ချင်းရလိုက်လို့ ထုတ်တန်းပေါ်က ညငှက်ကို အရောင်ထွက်နေတဲ့ မြွေမျက်လုံးတွေနဲ့ စိုက်ကြည့်တယ်။

"ဩော်. . မင်းတို့က ဒီလိုကိုး. . ငါတော်တော် အတာပဲ. . မှင်စာ. . မင်းဘာကြောင့် ဂျိုးကူသံ ပေးတယ်ဆိုတာ ငါ အခုမှ သဘောပေါက်တော့တယ်. . လက်စသတ်တော့ မင်းက မင်းဆရာကို အချက်ပေးလိုက်တာကို. . ဟေ့ကောင်တွေ. . ဒီကောင့်ကို ဖမ်းချုပ်ကြစမ်း. . ."

ဒေါက်တလောက် တပည့်တွေက စားလက်စ အသားစတွေကို ပစ်ချပြီး ဂျိုးကို ဖမ်းချုပ်ဖို့ အသင့်ပြင်ကြတယ်။ ဂျိုးကလည်း လည်ပြီး သားပဲ. . ဘားလန်းရှိတဲ့ ထုတ်တန်းဘက်ကို လျင်မြန်စွာ ပြေးသွားတယ်။



"ခင်ဗျားတို့ ဂျိုးကို ဘာလို့ဖမ်းချုပ်နေဦးမှာလဲ. . တို့ရွာအားလုံး ကျွန်တော်ကြောင့် ဖြစ်ရတာမဟုတ်လား. . အခု ကျွန်တော် ခင်ဗျားတို့ရှေ့ကို ရောက်နေပြီပဲ. . ကျွန်တော့်ကိုပဲ ရအောင်ဖမ်းပါတော့လား. . ."

"ဟား. . ဟား. . ဟား. . ဟား. . . ဘားလန်း. . ဘားလန်း. . သိပ်ရယ်ဖို့ကောင်းနေပြီ၊ မင်းလို မလောက်လေး မလောက်စား ကောင်ကများ ငါ့ကို စိန်ခေါ်ရတယ်လို့. . မင်းဘာအရှုးထပြီး ငါ့ပိုင်နက်ထဲကို ပြန်လာရတယ်ဆိုတာ ငါတော့ နားမလည်နိုင်တော့ဘူး. . ခွင့်လွှတ်ဖို့ အသနားခံစာရေးပါရဲ့လား. . ဟား. . ဟား. . ဟား. . . ဟီး. . ဟီး. . ဟီး. . ."

ဒေါက်တလောက် တပည့်တွေကလည်း သူတို့ဆရာနဲ့အတူ ရောယောင်ပြီး ဘားလန်းကို ဝိုင်းလှောင်ကြတယ်။ ဘားလန်းက ထုတ်တန်းပေါ်က ခုန်ဆင်းလိုက်တယ်။ ညငှက်အသွင်ကနေ ဘားလန်းအသွင်ပြောင်းပြီး သူ့လက်နှစ်ဖက်ကို ဘောင်းဘီအိတ်ထဲ ဘယ်ညာ ထည့်ထားလိုက်တယ်၊ သူ့လက်ထဲမှာ ဆေးဘူးနှစ်ဘူးက အဆင်သင့် ဆုပ်ကိုင်လျက်. . .

"ဘာလဲကွ. . မင်းက ငါနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းဦးမလို့လား. . . ဒီတစ်ခါတော့ မင်းကို ခွင့်လွှတ် လိမ့်မယ် မထင်နဲ့. . ."

ဒေါက်တလောက်က ဘာလန်းကို စားတော့ဝါးတော့ မတတ်ကြည့်ပြီး သူ့ရဲ့ချွန်မြတဲ့လက်သည်းတွေမှာ ကပ်နေတဲ့ အသားစတွေကို လျှာနဲ့လျက်ရင်း အလစ်အငိုက် ဝင်တိုက်ဖို့ ချောင်းနေတယ်။ ဘားလန်းကလည်း ဒေါက်တလောက်ကို အလစ် မပေးဘဲ ကြည့်ရင်း. . .

"ခင်ဗျားဟာ အတော်ကို စိတ်ပျက်ဖို့ကောင်းတယ်။ ခင်ဗျား စိတ်ချမ်းသာဖို့အတွက် အခြားသူတွေရဲ့ဘဝကို ဖျက်ဆီးဖို့ ဝန်မလေးဘူး။ ခင်ဗျားကြောင့် အခြားသူတွေ ဘယ်လောက်ဒုက္ခရောက်နေကြရတယ်ဆိုတာ တစ်ချက်ကလေးမှ မစဉ်းစားခဲ့ဘူး။ အေးအေးချမ်းချမ်း

နေချင်တဲ့ ဝိညာဉ်တွေရဲ့ဘဝကို နည်းအမျိုးမျိုးနဲ့ နှောင့်ယှက်ဖျက်ဆီးဖို့ကလွဲပြီး ဘာမှအကျိုး မပြုတဲ့သူပဲ။ အဲဒီတော့ ဘာမှအသုံးမကျတဲ့ ခင်ဗျားဘဝကို စွန့်လွှတ်ဖို့ အချိန်တန်ပါပြီ. . . "

ဘားလန်းက ပြောရင်း လက်ထဲက ဆေးဘူးအဖုံးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ ဒေါက်တလောက်က ဘားလန်းဆီကို တစ်ဟုန်ထိုး ပြေးဝင်ပြီး ပူးသတ်ဖို့ ကြိုးစားတယ်။ ဘားလန်းက တစ်ရှိန်ထိုး ပြေးလာတဲ့ဒေါက်တလောက်ကို ပုလဲနက်မှော်ဆရာ ပေးလိုက်တဲ့ဆေးနဲ့ ဆီးကြိုပက်လိုက်တယ်။ ဒေါက်တလောက်ရဲ့ ရင်ပတ်နဲ့ ဝမ်းဗိုက်တွေကို မှော်ဆေးတွေ ထိမှန်ကုန်တယ်၊ ဒေါက်တလောက် ဟန်ချက်ပျက်သွားပြီး နာကျင်စူးရှစွာ အော်လိုက်တဲ့ အသံဟာ အဆောက်အဦတစ်ခုလုံး ပဲ့တင်ထပ်သွားတော့တယ်။

ဘားလန်းက ဒေါက်တလောက်တပည့်တွေကိုလည်း ဆေးမှုန့်တွေနှင့် အလျင်အမြန် ပက်ဖြန်းလိုက်တယ်။ ကားသမား အပါအဝင် သရဲတော်တော်များများကို ထိမှန်သွားတယ်။ နာကျင်စူးရှစွာ အော်လိုက်တဲ့အသံတွေ အဆက်မပြတ် ထွက်ပေါ်လာလို့ စက်ရုံပျက်ကြီး တစ်ခုလုံး ကမ္ဘာပျက်မတတ် ပွက်လောရိုက်သွားတော့တယ်။ ဘားလန်းက ပထမဆေးဘူးကုန်တဲ့အထိ လိုက်လံပက်ဖျန်းနေတုန်း မြေမှာဝမ်းလျားထိုး လဲနေတဲ့ ဒေါက်တလောက်က ရုတ်တရက် ကုန်းထပြီး အဝေးကို ထွက်ပြေးသွားတယ်။ ဘားလန်းက ဒေါက်တလောက် နောက်ကို ထပ်ချပ်မကွာ ပြေးလိုက်ခဲ့တယ်။

ကျောက်ခွဲစက်ရုံအပြင်ရောက်တော့ ဒေါက်တလောက်က လင်းနို့သဏ္ဌာန် အသွင်ပြောင်းပြီး ဦးတည်ရာမဲ့ ထပျံပြေးတယ်။ ဘားလန်းကလည်း အလျင်အမြန်ပဲ ညငှက်ဝိညာဉ်သဏ္ဌာန် ဖန်ဆင်းပြီး ဒေါက်တလောက် နောက်ကို ထပ်ကြပ်မကွာ လိုက်လံတိုက်ခိုက်နေတော့တယ်။ ဂျိုးက လဲကျသွားတဲ့ ဒေါက်တလောက် တပည့်တွေကို ကြည့်လိုက်တော့ ကားသမား အပါအဝင်သရဲတွေဟာ ချိန်ကိုက်ဗုံး ပေါက်သလို တစ်စစီ ပေါက်ကွဲသွားတာကို တွေ့လိုက်ရတယ်။ ဂျိုးက ဆက်လက် ကြည့်မနေတော့ဘဲ စက်ရုံပျက်ထဲက ပြေးထွက်ခဲ့ပြီး



ဘားလန်းတို့ ပျံသွားရာအရပ်ကို ဒရောသောပါး ပြေးလိုက်သွားတယ်။

၃ လပိုင်း ၂၃ ရက်နေ့ ညသန်းခေါင်လရောင်ဟာ မှိုးတိမ်ကင်းစင်စွာ ထွန်းလင်းတောက်ပနေပြီး ကြယ်စုတွေက လမင်းနဲ့ တစ်သွေးထဲ ညီအစ်ကိုပမာ ကြည်လင်တောက်ပနေကြတယ်။

ကျောက်စက်သချိုင်းရဲ့ အပေါ်တည့်တည့် ကောင်းကင်ယံမှာ အလွန်ကြီးမားတဲ့ လင်းနို့ငှက်ကြီး တစ်ကောင်ရဲ့ နောက်ကနေ ညငှက်လေးတစ်ကောင် လိုက်လံထိုးဆိတ်နေတာကို သချိုင်းရှိ ဝိညာဉ်တစ်ကောင်က မြင်လိုက်ရပြီး အခြားဝိညာဉ်များကို သတင်းပေး အော်ဟစ်လိုက်တယ်။

"မိုးပေါ်ကို ကြည့်လိုက်စမ်း. . ငှက်နှစ်ကောင်တိုက်ခိုက်နေကြတာ သိပ်ကြည့်လို့ကောင်းတယ်. . "

၎င်းဝိညာဉ်ရဲ့စကားကြောင့် သချိုင်းထဲကဝိညာဉ်အားလုံးဟာ နေရာအသီးသီးမှ အလျှိုအလျှိုထွက်လာပြီး ကောင်းကင်ပေါ်ကို မော့ကြည့်လိုက်ကြတယ်။

ငှက်နှစ်ကောင်ဟာ သဲကြီးမဲကြီး သူတစ်ပြန်ကိုယ်တစ်ပြန် လိုက်လံထိုးဆိတ် တိုက်ခိုက်နေတာကို လမင်းကြီးရဲ့ အလင်းရောင်ကြောင့် ပီပီပြင်ပြင်မြင်ကြရတယ်။

ဝိညာဉ်တွေက အော်ဟစ်အားပေးရင်း မျက်တောင်မခတ်ဘဲ ကြည့်ရှုနေကြတယ်။ ထိုအချိန်မှာပဲ ဂျိုးက သချိုင်းထဲ ပြေးဝင်လာပြီး. . .

"ဘားလန်း ပြန်လာပြီ. . ဘားလန်း ပြန်လာပြီကွ. . ဟေ့ဟေ့. . ဘားလန်းက ဒေါက်တလောက်ကို တိုက်ခိုက် နေပြီ. . အခုမင်းတို့ ကောင်းကင်ပေါ်မှာ မြင်ရတဲ့ ညငှက်လေးဟာ ဘားလန်းပဲ. . လင်းနို့ကြီးက ဒေါက်တလောက်ပဲကွ. . ဒေါက်တလောက်မှာ ဘားလန်း တိုက်ခိုက်လို့ ဒဏ်ရာ အကြီးအကျယ်ရနေပြီ. . . ဒေါက်တလောက် ဝိညာဉ်ဟာ မကြာခင် ပျက်စီးသွားတော့မယ်. . မင်းတို့မယုံရင် ကြည့်ထားကြ. . . "

ဂျိုးက အသံကုန် ဟစ်အော်ပြီး သင်္ချိုင်းထဲရှိဝိညာဉ်တွေကို အကျိုးအကြောင်း ရှင်းပြနေတယ်၊ ဂျိုးရဲ့စကားကြောင့် ကောင်းကင်ပေါ်က ညငှက်လေးဟာ ဘားလန်းဆိုတာ သိသွားပြီးတာနဲ့ တစ်ပြိုင်နက် ဝိညာဉ်အားလုံးက ထိန်းမနိုင်သိမ်းမရ တစ်ခဲနက် အားပေးလာကြတော့တယ်။

"ဘားလန်းကွ. . ငါတို့ဘားလန်း. . မဟုတ်ရင် မခံတတ်တဲ့ ဘားလန်းကွ. . . သတ္တိအရာမှာ ခေသူ မဟုတ်ဘူး. . ချထား. . ဆိတ်ထား. . ဆိုးဝါးတဲ့ ဒေါက်တလောက်ကို အပြတ်ချေမှုန်းပစ်လိုက်. ."

"ဟုတ်ပြီ. . ဟုတ်ပြီ. . ဆိတ်ထား. . ဒေါက်တလောက်ရဲ့ အတောင်တွေကို ထိုးဆိတ်ပစ်လိုက်စမ်းပါ. . အဲဒီလိုလုပ်. . ."

ဝိညာဉ်တွေက ဘားလန်းဘက်မှ တစ်ယောက်တစ်မျိုးစီ အော်ဟစ်အားပေးနေကြလို့ သင်္ချိုင်းတစ်ခုလုံး ဆူညံသွားတယ်။ ထိုအထဲမှာ ဝင်ဒီတို့မောင်နှမရဲ့ အားပေးသံဟာ အကျယ်ဆုံးပဲ။

ဘားလန်းရဲ့သဲကြီးမဲကြီး ဖွဲ့နဲ့ အဆက်မပြတ် တိုက်ခိုက်ထိုးဆိတ်အားကြောင့် ဒဏ်ရာရပြီးသား လင်းနို့ဒေါက်တလောက်ဟာ တဖြည်းဖြည်း အားအင်ကုန်ခမ်းလာပြီး ပြန်လည် မခုခံနိုင်တော့ပဲ လှည့်ပတ်ပြေးနေရတယ်။ ဒေါက်တလောက်က ပြေး. . ဘားလန်းက အဆက်မပြတ်လိုက်နဲ့ ငှက်နှစ်ကောင်ဟာ လမင်းရဲ့နှုတ်ခမ်းတွေပေါ်မှာ စက်ဝိုင်းသဏ္ဌာန် ပတ်ပြေးသလို ဖြစ်နေတယ်။ ဝိညာဉ်တွေက အဲဒီလိုထူးဆန်းတဲ့ မြင်ကွင်းမျိုးကို လက်လွတ်မခံဘဲ တိုးဝှေ့ငေးကြည့်နေကြတယ်။

ခဏအကြာမှာ ရှေ့ကပြေးနေတဲ့ လင်းနို့ဒေါက်တလောက်ဟာ မြေပြင်ပေါ်ကို တရှိန်ထိုး ပြုတ်ကျလာတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ. . သင်္ချိုင်းထဲက သူ့ရဲ့အုတ်ဂူပေါ်ကို တည့်တည့်ကျသွားတယ်။ ပြင်းထန်တဲ့အရှိန်နဲ့ ပြုတ်ကျလာတဲ့ လင်းနို့ဒေါက်တလောက်ဟာ သူ့အုတ်ဂူနဲ့မိတ်ဆက်မိပြီး 'အုန်း' ဆိုတဲ့အသံကြီးထွက်ပေါ်သွားတယ်။ ဝိညာဉ်အားလုံးက ဒေါက်တလောက်ရဲ့ခန္ဓာကို အပြေးအလွှား



ဝိုင်းအုံကြည့်ရှုကြတယ်. . လင်းနို့ဒေါက်တလောက်ဟာ တဖြည်းဖြည်း သူ့ရဲ့မူလပုံသဏ္ဌာန် ပြောင်းလာပြီး နောက်ဆုံး. . ပေါက်ကွဲသံနဲ့အတူ တစ်စစီ ကြေမွပျောက်ကွယ်သွားတော့တယ်။

ဘားလန်းလည်း မြေပြင်ကိုပျံဆင်းလာပြီး ဒေါက်တလောက်ရဲ့ နောက်ဆုံးထွက်သက်ကို ငေးကြည့်နေမိတယ်။အခြားဝိညာဉ်တွေက ဘားလန်းကို ဝမ်းသာအားရ ပြေးဖက်ကြတယ်။

"ကျွန်တော်တို့ အားလုံးအတွက် စွန့်စွန့်စားစားစွမ်းဆောင်ပေးတဲ့ ခင်ဗျားကို ဂုဏ်ပြုပါတယ်ဗျာ. ."

ဂျိုးက ပြောရင်း သူ့ရဲ့လက်တွေနဲ့ ဘားလန်း ကိုယ်လုံးကြီးကို 'မ'ဖို့ ကြိုးစားသေးတယ်၊ ဘားလန်းက ဂျိုးကို ပြုံးကြည့်ပြီး. . .

"ခင်ဗျားလည်း အတူတူပါပဲဗျာ. . ခင်ဗျား မကူညီရင် ကျွန်တော် တစ်ယောက်ထဲ လုပ်လို့မရနိုင်ပါဘူး. ."

"လုပ်ပြီဗျာ. . ကျွန်တော်တို့ နှစ်ယောက်အတူတူပါပဲ. . ဟား. . ဟား. . ဟား. . တကယ်ပဲ. ကျောက်စက်သင်္ချိုင်းမှာ အခုမှ လွတ်လွတ်လပ်လပ် ရယ်မောခွင့်ရတော့တယ်. ."

ဂျိုးက ပျော်ရွှင်စွာ ရယ်မောရင်းပြောတယ်။

သင်္ချိုင်းရှိဝိညာဉ်တွေက ဘားလန်းနဲ့ ဂျိုးတို့ကိုကြည့်ပြီး အားလုံးပျော်ရွှင်လာကြတယ်။

"လွတ်ပြီကျွတ်ပြီဟေ့. . ဒေါက်တလောက် လက်က လွတ်ပြီကွ. ."

ဝိညာဉ်တွေက ပျော်ရွှင်စွာ ကခုန်ရင်း ဘားလန်းတို့တိုက်ပွဲကို တစ်ယောက်တစ်မျိုး ပြန်လည် ပြောဆိုနေကြတော့တယ်။

ထိုညမှာပဲ ဘားလန်း၊ ဂျိုးနှင့် ဝင်ဒီတို့မောင်နှမက အချုပ်ခံထားရတဲ့ ထင်းရှူးပင်တစ္ဆေနဲ့ အခြားဝိညာဉ်တွေကို ဒေါက်တလောက်ရဲ့ အုတ်ဂူထဲက ပြန်လည်တူးဖော်ပြီး ပုလင်းအဖုံးတွေကို ဖွင့်ပေးလိုက်ကြတယ်။

"လောကကြီး ပြောင်းပြန် ဖြစ်သွားပြီထင်တယ်. . ဘယ်သူအဖုံးဖွင့်ပေးတာလဲ. . ဒေါက်တလောက်ရော ဘယ်ရောက်သွားပြီလဲ. ."

ထင်းရှူးပင်တစ္ဆေက ပုလင်းထဲက ထွက်ထွက်ချင်းမေးတယ်။ သူ့အမေးကို ဂျိုးက ဝင်ဖြေတယ်. .

"မရှိတော့ဘူး. . ဘားလန်း လုပ်ထည့်လိုက်လို့ ဘဝပြောင်းကုန်ပြီ. ."

"ဟား. . ဟား. . ဟား. . ကောင်းတယ်. . ဒီလောက်ဆိုးဝါးတဲ့ကောင် သေတာပဲ ကောင်းတယ်. ."

ထင်းရှူးပင်တစ္ဆေက ပြောရင်း ဘားလန်းကို မြင်သွားပြီး. . .

"ဟုတ်ပြီ. . ဟုတ်ပြီ. . ဘားလန်း မင်းကို ငါပြောဖူးသားပဲ. . မင်းဟာ အခြားဝိညာဉ်တွေနဲ့မတူပါဘူးလို့. . ငါပြောတာမှားသလား. ."

ထင်းရှူးပင်တစ္ဆေက ဝမ်းသာလှိုက်လှဲစွာ ပြောတယ်။ သူ့နောက်မှာ လက်သည်းရှည်နဲ့ ဆံရှည်တို့ကလည်း ဝမ်းသာအားရ ဘားလန်း လက်ကို ဆွဲယူလှုပ်ယမ်း နေကြတယ်။

"ကျွန်တော့်ကြောင့် အခုလို အချုပ်အနှောင်ခံရတာ ခွင့်လွှတ်ကြပါဗျာ. ." ဘားလန်းက ထင်းရှူးပင်တစ္ဆေတို့ အဖွဲ့ကို တောင်းပန်စကား ဆိုတယ်. .

လက်သည်းရှည်က. . "မဟုတ်ပါဘူးကွာ. . ငါတို့လည်း ဒီကောင့်ကို တွန်းလှန်ဖို့ တာဝန်ရှိပါတယ်. . မင်းမရှိလည်း တစ်နေ့မဟုတ်တစ်နေ့ ဒေါက်တာလောက်နဲ့ ပြဿနာဖြစ်မှာပဲ. . တို့အခုလို ရက်တိုတိုနဲ့ လွတ်လာတာကိုပဲ မင်းကို ကျေးဇူးတင်ရမှာ. ."

"ကျွန်တော်လည်း ခင်ဗျားကို အထူးကျေးဇူးတင်စရာ ရှိပါသေးတယ်. . ခင်ဗျားသင်ပေးလိုက်တဲ့ ညင္ဂက် ခရီးသွားနည်းဟာ ကျွန်တော့်အဖို့ အလွန်ကိုပဲ အသုံးတည့်တယ်ဗျ. . ခင်ဗျားသာ အဲဒီပညာ သင်မပေးခဲ့ရင် ကျွန်တော် အခုဆိုရင် ဘယ်လိုတွေဖြစ်နေမယ်ဆိုတာ မတွေးတတ်တော့ဘူး. ."

လက်သည်းရှည်က ပြုံးပြုံးကြီး. . "အဲဒါက ငါ ဘယ်သူ့ကိုမှ သင်မပေးဖူးဘူး. . မင်းကျမှ ဘယ်လိုဖြစ်သွားတယ် မသိပါဘူးကွာ. . ဟား. . ဟား. . ဟား. . ."



ထင်းရှူးပင်တစ္ဆေက. . "ကောင်းတယ်ဟေ့. . အခုဆိုရင် ငါတို့ စည်းစည်းလုံးလုံးနဲ့ ပျော်ပျော်ရွှင်ရွှင် နေထိုင်လို့ရပြီ. . အဲဒါ မင်းကြောင့်ပဲ ကောင်လေးရေ. . ငါလည်း ငါ့ရဲ့ ထင်းရှူးတောကို လွမ်းလှပြီ. . ငါတို့ပြန်ဦးမှသင့်မယ်. . ဝိညာဉ်လွှတ်မြောက်ပွဲရော ပြီးသွားပြီလား. ."

"မပြီးသေးဘူးဗျို့. . အချိန်ကိုက်ပဲ. . ဒီနေ့က သုံး လပိုင်း ၂၃ ရက်နေ့ဆိုတော့ နောက်ထပ် တစ်ပတ်ပဲ လိုတော့တယ်. ." ဘားလန်းက ပြန်ဖြေတယ်။

"ငါလည်း ဒေါက်တာလောက်အရက်ပုလင်းထဲ အလည်ရောက်နေတော့ အနံ့နဲ့တင်မူးနေလို့ နေ့တွေရက်တွေကို မသိတော့ပါဘူးကွာ. . ဒါဆိုအတော်ပဲဟေ့ ဘားလန်း. . လေးလပိုင်း တစ်ရက်နေ့ ဝိညာဉ်လွှတ်မြောက်ပွဲမှာ ငါကိုယ်တိုင်လာပြီး မင်းကို ဂုဏ်ပြုမယ်. . အခုတော့သွားပြီ ကောင်လေးရေ. . မင်းသင်္ချိုင်းကို လှပသန့်ရှင်းသွားအောင် ပြုပြင်ရင်း ဝိညာဉ်လွှတ်မြောက်ပွဲကို စောင့်စားနေရစ်တော့ ဘားလန်းရေ. ."

ထင်းရှူးပင်တစ္ဆေ၊ လက်သည်းရှည်၊ ဆံရှည်တို့က သင်္ချိုင်းရှိ ဝိညာဉ်တွေအားလုံးကို လိုက်လံနှုတ်ဆက်ပြီး သူတို့ နေရပ်ကို ပျော်ရွှင်စွာ ထွက်ခွာသွားကြတော့တယ်။ သင်္ချိုင်းထဲက ဝိညာဉ်တွေအားလုံးကလည်း ဘားလန်းရဲ့လုပ်ရပ်ကို အထူးတလည် အားရကျေနပ်ကြပြီး တစ်ယောက်တစ်မျိုး အမျိုးမျိုးပြောဆိုနေကြတော့တယ်။ ဝင်ဒီတို့မောင်နှမက ဘားလန်းနဲ့ ဂျိုးတို့ဆီလာကာ သူတို့သူငယ်ချင်းနှစ်ယောက် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ပြီး ဒေါက်တာလောက်တို့အဖွဲ့ကို ချေမှုန်းလိုက်တာကို ချီးကျူးပြောဆိုကြတယ်။

"ဘားလန်း. . ရှင့်ကို ကျွန်မ ပြန်မတွေ့ရတော့ဘူးထင်နေတာ. ."

ဝင်ဒီက မြူးမြူးကြွကြွပြောတယ်။

"ဂျိုးဆိုရင် နေ့တိုင်းညတိုင်း ရှင့်အုတ်ဂူဘေးက ချယ်ရီပင်ပေါ်တက်တက်ပြီး ရှင့်ကိုမျှော်ရတာ လည်ပင်းတောင် အတော်ရှည်

နေပြီ. . မနေ့ကတော့ ဂျိုးလုပ်ရပ်ကြောင့် ကျွန်မတို့ သူ့ကိုအထင်မှားမိသေးတယ်. . လက်စသတ်တော့ ရှင်တို့နှစ်ယောက်က တစ်ကျိတ်တည်း တစ်ဉာဏ်တည်းကို. . ရှင်တို့ ခွန့်ခွန့်စားစား လှုပ်ရှားခဲ့တာ ကျွန်မတော့ သိပ်ကို အားရကျေနပ်တာပဲ. . ကျွန်မတို့ မောင်နှမလည်း ဒီနှစ် ဝိညာဉ်လွတ်မြောက်ပွဲကို ရှင်နဲ့အတူ တက်ဖြစ်အောင် တက်မယ်လို့ ဆုံးဖြတ်လိုက်ပြီ. . ”

ဇာမီးက. . “ကျွန်တော်တို့ကို ဒေါက်တလောက်က ဒီနှစ် ဝိညာဉ်လွတ်မြောက်ပွဲ မတက်ရဘူးလို့ပြောသေးတယ်. . အဲဒါကြောင့် ကျွန်တော်တို့မောင်နှမ နှစ်ယောက်လည်း ဒီကနေ ထွက်ပြေးဖို့ တိုင်ပင်ထားတာ. . အခုတော့ ပြေးစရာမလိုတော့ဘူးပေါ့. . ဝိညာဉ်လွတ်မြောက်ပွဲကို စိတ်လက်ချမ်းသာစွာတက်လို့ရပြီ. . ခင်ဗျားကို သိပ်ကျေးဇူးတင်တယ်ဗျို့. . ”

ဘားလန်းက ဝင်ဒီတို့ မောင်နှမနှစ်ယောက်နဲ့ သူ့သချိုင်းက ထွက်မသွားခင်လေးမှာ ရောက်လာတဲ့ စတီကိုပါ ပြောတယ်. .

“ကျွန်တော်တို့ အခုလို ပြန်လည်တွေ့ဆုံရတာ အလွန်ကြည်နူးဖို့ ကောင်းပါတယ်. . ခင်ဗျားတို့ဟာ ကျွန်တော် ဖြစ်ချင်တဲ့ ဆန္ဒတွေကို တစ်ဖက်တစ်လမ်းက ကူညီအားပေးတဲ့ ကျွန်တော်ရဲ့ မိတ်ရင်း ဆွေရင်းတွေပါပဲ. . အခု ကျွန်တော့်မှာ ကိစ္စလေးတွေက မပြတ်သေးဘူး. . အခုလို ဒေါက်တလောက်ကို တွန်းလှန်နိုင်ဖို့ ကူညီထားတဲ့ ဝိညာဉ်တစ်ဦး ရှိသေးတယ်. . သူက ဒီက မဟုတ်ဘူး. . ကျွန်တော်သူ့ဆီသွားပြီး ပြောပြစရာ. . ပေးစရာ ရှိသေးတယ်၊ နောက်ပြီး ဒေါက်တလောက်ဂူထဲက အစွမ်းထက်တဲ့ ခေါင်းပြတ်ကိုလည်း မူလပိုင်ရှင်လက်ထဲ ပြန်ပေးဖို့ ကတိပေးထားတာ ရှိတယ်. . အဲဒီအတွက် ဒီညပဲ ခရီးထွက်ရဦးမယ်. . ကျွန်တော် ပြောချင်တာက ခင်ဗျားတို့ မောင်နှမရယ်. . ဂျိုးနှင့် စတီတို့ ဦးဆောင်ပြီး ဒီသချိုင်းကို သန့်သန့်ရှင်းရှင်း ဖြစ်သွားအောင် လုပ်လိုက်ကြပါလို့ ပြောပါရစေ. . အဲဒါမှ ကျွန်တော်တို့သချိုင်းက သန့်ရှင်းသပ်ရပ်စွာနဲ့ဝိညာဉ်လွတ်မြောက်ပွဲကိုမွန်မွန်မြတ်မြတ်ကျင်းပရတာပေါ့. . ”



ဝင်ဒီတို့မောင်နှမနဲ့ စတီတို့က ဘားလန်းရဲ့အစီအစဉ်ကို နားလည် သဘောပေါက်ပြီး ဇင်းညမှာပဲ သုသာန်တစ်ခုလုံး သန့်ရှင်းရေး ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ သဘောတူလိုက်တယ်. . ဂျိုးကတော့ ဘားလန်း စကားကို မကြားလိုက်မိဘဲ သချိုင်းထဲက ဝိညာဉ်ကလေးတွေနဲ့ အဖွဲ့ကျကာ ချယ်ရီကိုင်းတွေပေါ်မှာ နားနေတဲ့ လင်းတငှက်တွေကို ခဲလုံးတွေနဲ့ပေါက်ပြီး မောင်းထုတ်ရင်း ပျော်မြူးနေကြတယ်။

“ဟေ့ကောင်တွေ . . အပုပ်စားတဲ့ ကောင်တွေ. . ပြေးစမ်း. . လင်းတပြေး ပြေးစမ်း. . . ” ဂျိုးက ရှေ့က ဦးဆောင်ပြီး လင်းတတွေကို ခဲလုံးနဲ့ထုတယ်။ ဝိညာဉ် ကလေးတွေက သူလုပ်သလို လိုက်လုပ်ကြပြီး သူပြောသလို လိုက်ပြောကြတယ်။

ဘားလန်းက ဂျိုးကိုခေါ်ပြီး အကျိုးအကြောင်းပြောကာ ဒေါက်တလောက် ဂူထဲက ဦးခေါင်းပြတ်ကြီးကို အိတ်တစ်လုံးနှင့် ထည့်ပြီး လဝန်းဆီသို့ စတင်ထွက်ခွာသွားတယ်။

ဖရီဒါတို့နေတဲ့ ရဲတိုက်ပျက်ကြီးဆီကို မိုးစင်စင်လင်းမှ ဘားလန်း ရောက်သွားတယ်။ ညိုမည်းမည်း ရဲတိုက်ကြီးဟာ ထီးထီး မားမား တိတ်ဆိတ်ငြိမ်သက်နေပြီး သက်ရှိသတ္တဝါတစ်ကောင် တလေရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရဘူး။ ဒါပေမဲ့ ဘားလန်း ကတော့ အရင်တစ်ခေါက် ရောက်ဖူးလို့ ရဲတိုက်ထဲမှာ ဘာတွေရှိတယ် ဆိုတာ ကောင်းကောင်း သိနေတယ်။ ၎င်းရဲတိုက်ဟာ နေ့အခါမှာ ဘာသိဘာသာ အိပ်စက်နေတတ်ပြီး ညအခါမှသာ နာမည်ကြီး ဟိုတယ်ကြီး တစ်ခုအလား စည်ကားသိုက်မြိုက်စွာ နိုးထသက်ဝင် လာတတ်တာကို. . .

ဒီတစ်ခါတော့ ဘားလန်းက ရဲတိုက်ပျက်ကြီးထဲကို ရဲရဲ တင်းတင်းပဲ ဝင်လာခဲ့ပြီး ကျောက်လှေကားထစ်တွေပေါ်ကို အပြေး လေး တက်ရောက်လာခဲ့တယ်။ သူ့လက်ထဲမှာ ဦးခေါင်းပြတ် တစ်လုံး ပါတဲ့အိတ်ကိုဆွဲလျက်. . ခန်းမ အလယ်က ကျောက်ရုပ်ကြီးဟာ လက်မြှောက်လျက် သူ့ကို ကြိုဆိုနေတယ်. . ဒါပေမဲ့ ၎င်းရုပ်တုက တော်တော့်ကို ရုပ်ဆိုးလွန်းတယ်။ ဘာကြောင့် ရုပ်တုရဲ့မျက်လုံးကို အစိမ်းရောင်ထည့်ထားသလဲ. . မည်းမည်းသရဲနဲ့ အမျိုးတွေပဲ



လား. . ဘားလန်းက ပခုံးတစ်ချက် တွန့်ပြီး ရုပ်တုကြီး အေးမှ ပတ်ကာ အဆောက်အဦရဲ့ ထည်ဝါ ခမ်းနားမှုကို တစ်ဖန် ငေး ကြည့်မိပြန်တယ်။ ဒီမှာ အခန်းတွေက ဘာကြောင့် ဒီလောက်တောင် များနေရတာလဲ. . ခေါင်းပျောက် ဝိညာဉ်ဟာ အရင်ဘဝက ဟိုတယ် ပိုင်ရှင်များ လုပ်ခဲ့ဖူးသလား. .

ဘားလန်းက ခေါင်းပျောက်ဝိညာဉ်ရှိရာ ကြောင်လိမ် လှေကားကို ဆက်တက် မသွားသေးဘဲ ခန်းမထဲမှာ ဖွဲ့စည်းထားတဲ့ အခန်းတွေကို စိတ်ဝင်တစား လှေ့လာနေတယ်။ အခန်းတိုင်းရဲ့ နံရံတွေပေါ်မှာ ကြောင်ကြောင်ကျားကျား ရုပ်ပုံတွေကို ပန်းချီဆရာ က စိတ်ရှုပေါက်ပေါက်နဲ့ ရေးဆွဲထားပြီး အနက်ရောင်နဲ့ အနီရောင် ဆေးတွေ များများသုံးထားတယ်။ ပန်းချီကားပုံတွေဟာ လိမ်လိမ် ကောက်ကောက် မျဉ်းကွေးတွေနဲ့ရောပြီး ထိတ်လန့်စရာ အသွင် အမျိုးမျိုးဆောင်နေကြတယ်။ ဘားလန်းဟာ အခန်းနံရံတွေပေါ်က ပန်းချီကားတွေကို စိတ်ဝင်တစား ကြည့်နေတုန်းမှာပဲ ကြောင်လိမ် လှေကားက ဝတ်ရုံမည်းနဲ့ ခေါင်းပျောက်ဝိညာဉ်ဟာ သူ့ဆီ ဒရော သောပါးပြေးလာပြီး ရုတ်တရက် သူ့ကို လှမ်းဖက်လိုက်တယ်။ ဘားလန်းက အလစ်အငိုက် အဖက်ခံလိုက်ရတော့ ကြောက်လန့် တကြား လေထဲကို လှမ်းခုန်လိုက်တယ်။ ဒါပေမဲ့ သူ့ခြေထောက် တွေက ခေါင်းပျောက်ဝိညာဉ်ရဲ့ သန်မာတဲ့လက်တွေကြားမှာ မလူး သာ မလွန့်သာ လေထဲမှာ တန်းလန်းကြီး မိနေတော့တယ်။

"ငါ့ဆရာ. . ဒီကမ္ဘာမှာ မင်းက ငါ့ဆရာ. . ဘားလန်း. မင်းကို ငါ တစ်နေ့မှ မအိပ်ဘဲ စောင့်နေတာ. . ငါစောင့်ရကျိုးနပ် ပြီ. . ငါ့ဘဝမှာ အခုလောက် တစ်ခါမှ မပျော်ဖူးဘူးဟေ့. . ဘယ်မှာ လဲ ငါ့ဦးခေါင်း. . ပေးပါ. . ပေးပါ. . ငါ့ကို အမြန်ပေးပါ. ."

ခေါင်းပျောက်ဝိညာဉ်က ဘားလန်းရဲ့ခြေထောက်တွေကို မလွှတ်တမ်း ဆွဲထားပြီး သူ့ဦးခေါင်းကို တောင်းနေတယ်။

"နေဦး. . နေဦး. . ခင်ဗျားဘယ်လို လုပ်တာလဲ. . ကျွန်တော်ဖြင့် လန့်သွားတာပဲ. . ခင်ဗျားက ကျုပ်ခြေထောက်ကြီးကို

အတင်းဆွဲထားတော့ ဒီမှာလှုပ်လို့ မရတော့ဘူး။ ကျုပ်ကို လွှတ်ပါဦး. . "

ခေါင်းပျောက်ဝိညာဉ်က ဘားလန်းပြောမှ သူ့အဖြစ်ကို သတိရပြီး ဘားလန်းကို လွှတ်ပေးတယ်။

"ဆောရီးပဲကွာ. . ငါ ဝမ်းသာလွန်းလို့ နည်းနည်းလော သွားတယ်. . "

"ရော့. . ဒီမှာ. . ခင်ဗျားဦးစွာ. . သေသေချာချာ စစ်ကြည့်ဦး. . "

ဘားလန်းက အိတ်ထဲက ဦးခေါင်းပြတ်ကို ဂရုစိုက် ထုတ်ပြီး ခေါင်းပျောက်ဝိညာဉ်လက်နှစ်ဖက်ထဲကို ထည့်ပေးလိုက်တယ်၊ ခေါင်းပျောက်ဝိညာဉ်က သူ့ဦးခေါင်းကို သေသေချာချာစမ်းပြီး မညီမညာဖြစ်နေတဲ့ သူ့လည်ပင်းနဲ့ နေရာတကျဖြစ်အောင် ဆက်လိုက်တယ်. . . နောက်တော့ သူက ရဲတိုက်ခန်းမဆောင်ထဲမှာ အော်ဟစ် ပတ်ပြေးပြီး ပျော်ရွှင်စွာ ကနေတော့တယ်။

"ဟား. . ဟား. . ဟား. . ငါ့ဦးခေါင်းပြန်ရပြီဟေ့. . အားလုံးကို ပြန်မြင်ရပြီ. . ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား" လို့ အော်ဟစ်ပြီး ကိုးရိုးကားရားနဲ့ ခုန်ပေါက်နေတယ်။ ဘားလန်းက ကျေနပ်စွာနဲ့ ခေါင်းပျောက်ဝိညာဉ်ကို လိုက်ကြည့်နေတယ်။

ခေါင်းပျောက်ဝိညာဉ်ရဲ့ ဆူဆူညံညံ အော်ဟစ်နေသံကို ကြားလို့ အခြားဝိညာဉ်တွေဟာ အိပ်မှုန်စုံမွှားနဲ့ နိုးထလာကြပြီး ခန်းမထဲကို ခေါင်းပြူကြည့်နေကြတယ်။

"ဟေ့ကောင်တွေ. . မင်းတို့ ဘာကြည့်နေတာလဲ. . မင်းတို့ မျက်စိတွေ ကန်းနေကြလား. . ငါ့ဦးခေါင်းပြန်ရပြီကွ. . မင်းတို့ တွေ့ကြလား. . ဟောဒီက ဘားလန်း ပြန်ယူလာပေးတာကွ. . မင်းတို့ကောင်တွေ တစ်ကောင်မှ သောက်သုံးမကျဘူး. . ငါ့ကို လိမ်ညာပြီး စားဖို့ပဲသိတယ်. . အခုကစပြီး မရတော့ဘူး ကိုယ့်လူတို့. . ငါ့မျက်လုံးတွေ ပြန်မြင်နေရပြီဆိုတာ မင်းတို့ ကောင်းကောင်း သဘောပေါက်ထား. . . " ခေါင်းပျောက်ဝိညာဉ်က သူ့မျက်လုံးတွေကို လက်ညှိုးထိုးပြပြီး လိုက်ကြွားနေတယ်။



အောက်ထပ်က အသံတွေကြောင့် ဖရီဒါလည်း လန့်နိုးလာပြီး ခန်းမဘက်ကိုထွက်လာခဲ့တယ်။ ခန်းမထဲမှာ ကလန့်ကလားနဲ့ ဘားလန်းကို ဝိညာဉ်တွေအလယ်မှာ တွေ့လိုက်ရတော့ ကြောင်လိမ် လှေကားအတိုင်း အမြန်ပြေးဆင်းလာပြီး . . .

"ဟဲလို. . ဘားလန်း. . ရှင် ဘယ်တုန်းက ရောက်နေတာလဲ. . ရှင့်ကြည့်ရတာတော့ အဆင်ပြေလာတဲ့ပုံပဲ. . "

"ပြေတယ်. . ပြေတယ်. . သိပ်ပြေတယ်. . ပြေတာမှ ဟောဒီငါ့ဦးခေါင်း ငါ့လည်ပင်းပေါ် အခန့်သား ရောက်နေတာသာ ကြည့်. . . "

ခေါင်းပျောက်ဝိညာဉ်က သူ့ခေါင်းကြီးကို ဖရီဒါ့နှာခေါင်းနား တိုးကပ်ပြီး အားရဝမ်းသာ အော်ပြောတယ်. .

"အဲ. . ဟုတ်ပါ့. . ရှင့်ခေါင်းကြီး ပြန်ရပြီတော့. . "

ဖရီဒါက အံ့ဩစွာနဲ့ ခေါင်းပျောက်ဝိညာဉ်ရဲ့ ဦးခေါင်းကို ကိုင်ကြည့်နေတယ်။

"ဖရီဒါ. . ကျွန်တော့်ကို ခင်ဗျား စားသောက်ဆိုင်မှာ ညှို့မခံတော့ဘူးလား. . "

"ကျွန်မဆိုင်က ညမှဖွင့်တာရှင့်. . ဒါပေမဲ့ အထူးဧည့်သည်ကို ကြိုဆိုတဲ့အနေနဲ့ ဖွင့်ပေးရမှာပေါ့. . "

ဖရီဒါက လှိုက်လှဲစွာပြုံးပြီး ပြောတယ်။

ဘားလန်းနဲ့ ဖရီဒါက စကားတပြောပြောနှင့် ဘားကောင်တာရှိရာဘက်ကို လှေကားအတိုင်းတက်သွားတယ်။ ခေါင်းပျောက်ဝိညာဉ်နဲ့ အခြားဝိညာဉ်တွေက ခန်းမထဲမှာ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြတယ်။

ဖဲသမား သရဲတစ်ကောင်က. .

"ဒီကောင့်ကို ဖဲရိုက်ဖို့ခေါ်တုန်းက သူက မရိုက်တတ်ဘူးလို့ ငြင်းတော့ ငါ ဒီကောင့်ကို တောသားငတုံးလို့ထင်ခဲ့တာ၊ ခုတော့ မှားသွားပြီ. . ဒေါက်တလောက် လက်ထဲက ခေါင်းပြတ်ကိုတောင် ရအောင်ယူနိုင်ခဲ့တယ်ဆိုတော့ နှယ်နှယ်ရရတော့ မဟုတ်ဘူးကွ. . "

"ဒေါက်တလောက်အလစ်မှာ ခိုးလာတာဖြစ်မယ်. . "
နောက်ဝိညာဉ်တစ်ကောင်က သူ့အထင်ကိုပြောတယ်။

ခေါင်းပျောက်ဝိညာဉ်က ၎င်းဝိညာဉ်ကို တွန်းလိုက်ပြီး. . .

"မင်းတို့ ဘာမှ မစွမ်းဆောင်နိုင်ဘဲနဲ့ သူများကို လှောင်ဖို့ ဝေဖန်ဖို့ပဲ တတ်တယ်. . မင်းတို့ မသေမချင်းမှတ်ထား. . ဒေါက်တလောက်က ၎င်းဦးခေါင်းကို လွယ်လွယ်နဲ့ယူလို့ ရအောင် ဘယ်ထားမလဲ. . မင်းတို့ကော ရအောင်ယူနိုင်လို့လား. . ဒီမယ် ဘားလန်းက ဒေါက်တလောက်ကို နိုင်အောင်တိုက်ပြီး ယူလာခဲ့တာ. . အခုလည်း သူ ဒီမှာရှိတုန်း ပြောင်သလို နောက်သလို ဟာသ သွားမလုပ်နဲ့. . မင်းတို့ကိုပါ တစ်ခါတည်း ဒေါက်တလောက် နောက်ကို ပို့လိုက်လိမ့်မယ်. . "

ခေါင်းပျောက်ဝိညာဉ်က ခပ်ချဉ်ချဉ်နဲ့ပြောပြီး ဘားလန်းတို့ရှိရာ ဘားကောင်တာဆီကို လိုက်တက်သွားတယ်။

"မစ္စတာပါစကယ်တို့က ကျွန်တော့်ကို အစွမ်းကုန် ကူညီလို့ ဒီလိုအဆင်ပြေခဲ့တာပါ. . ခင်ဗျားအမေကတော့ ခင်ဗျားကို အတော် တွေ့ချင်နေပုံပဲဗျ. . ကျွန်တော် ပြောသလို ခင်ဗျားသာ ကျွန်တော်တို့လို ဝိညာဉ်လွတ်မြောက်ပွဲ တက်ခဲ့မယ်ဆိုရင် သူတို့အနေနဲ့ ပျော်ရွှင်မိမှာ အမှန်ပဲတဲ့. . ခင်ဗျား မိဘတွေက ခင်ဗျား ဝိညာဉ်ဘဝမှာပဲ ရှိနေသေးတယ်ဆိုလို့ အလွန်ကို စိတ်မကောင်းဖြစ်နေကြတယ်. . "

ဖရီဒါက အံကို ကြိတ်ထားပြီး ဘားလန်း ပြောပြတဲ့ သူ့မိဘတွေ အကြောင်းနဲ့ သူမရဲ့လက်ရှိ ဘဝပေး အခြေအနေကို ကွက်ကွက်ကွင်းကွင်း မြင်လာမိတယ်။ သူမ ဘယ်လိုပဲ စိတ်တင်းထားထား မျက်ရည်တစ်စက်ဟာ သူ့ပါးပြင်ပေါ်မှာ လိမ့်ဆင်းသွားတာကို ဘားလန်း တွေ့လိုက်ရတယ်။

"ကျွန်မက ရှင့်လို မဟုတ်ဘူး ဘားလန်း. . လူ့ဘဝတုန်းက သိပ်ပြီး ဆိုးဆိုးဝါးဝါး မလုပ်ခဲ့ပေမဲ့ အခုလက်ရှိ ဝိညာဉ်ဘဝမှာ အသားကုန်သည်. . အရက်သည် ဘဝနဲ့ မကောင်းမှု ဒုစရိုက်တွေကို တစ်ဖက်တစ်လမ်းက အားပေးအားမြှောက် လုပ်နေတဲ့သူ ဖြစ်နေပြီ. . ရှင်နဲ့မတွေ့ခင် အချိန်အထိ ကျွန်မ ဝိညာဉ်ဘဝမှာ ပျော်နေပြီး

ဝိညာဉ်တွေနဲ့ တသားတည်းကျအောင် နေထိုင်လာခဲ့တယ်. . ရှင်ပြောတဲ့ ဝိညာဉ်လွှတ်မြောက်ပွဲ ဆိုတာက ကိုယ်နဲ့မဆိုင်ဘူးလို့ ထင်ထားတာ. . အခု ရှင်ပြောပြလို့ အားလုံးတွေးမိပါပြီ. . ဒါပေမဲ့ ခုလောလောဆယ်တော့ ကိုယ့်အပြစ်နဲ့ကိုယ် လွှတ်မြောက်ပွဲကို ကျွန်မ ရဲရဲတင်းတင်းမတက်ရဲသေးဘူးရှင်. . ကျွန်မ ဒီအလုပ်ကို စွန့်လွှတ်ပြီး ကောင်းမှုတွေ လုပ်ချင်သေးတယ်. . ရှင့်လိုပဲ သန့်ရှင်းမွန်မြတ်တဲ့ ဝိညာဉ်ဘဝမျိုးရောက်အောင် ကြိုးစားရဦးမယ်. . "

"ခင်ဗျားက ကျွန်တော့်ထက်တောင် စိတ်ထားကောင်းမွန်ပါတယ်ဖရီဒါ. . စိတ်ကို အလိုလိုက်လို့သာ အခုလို ဘဝမျိုးရောက်နေရတာပါ. . " ဘားလန်းက သူမကို နားလည်စွာ ကြည့်ရင်း ပြောတယ်။

"စိတ်ချပါ. . တစ်ချိန်ချိန်မှာ ကျွန်မ ဝိညာဉ် လွှတ်မြောက်ပွဲ တက်ဖြစ်အောင်တက်ပါမယ်လို့ ရှင့်ကို ကတိပေးပါတယ်. . "

ဖရီဒါက လက်ရှိသူ့အခြေအနေကို တွေးမိပြီး သူ့မိဘတွေကိုလည်း သတိရလို့ မျက်နှာကို လက်နှစ်ဖက်နဲ့အုပ်ပြီး သည်းထန်စွာ စတင် ငိုကြွေးနေတော့တယ်၊ ခေါင်းပျောက်ဝိညာဉ်က ဘားလန်းတို့ ပြောဆိုနေတာကို နောက်မှနေကြားပြီး . .

"သမီးရယ်. . မင်းအတွက် ကျုပ်စိတ်မကောင်းလိုက်တာ. . တို့ဘဝက ကံဆိုးပါတယ်. . အမြဲတမ်းလိုလိုပဲ. . အခုပဲကြည့်. . ဘားလန်းလို ဝိညာဉ်မျိုးကို နောက်ကျမှ ဘုရားသခင်က တို့ဆီလွှတ်ပေးတယ်၊ အေးလေ. . ဘယ်တတ်နိုင်မလဲ. . ဒါ ဘုရားသခင်ရဲ့ အစီအမံကို. . အခုချိန်ကစပြီး ဘုရားသခင်က ဒီအတိုင်း ပစ်မထားတော့ဘူးလို့ ယုံကြည်လိုက်စမ်းပါ သမီးရယ်. . အဲဒီတော့ တို့ဘာလုပ်ရမလဲ. . တစ်ခုပဲရှိတယ်. . အခု ဟောဒီက ဘားလန်းလို မွန်မြတ်တဲ့စိတ်ကို လက်ကိုင်ထားပြီး မှန်ကန်တဲ့ဘက်က သူတစ်ပါးကို ယဉ်ကျေးလိမ္မာစွာ ရိုင်းပင်းကူညီဖို့ပဲ လုပ်ကြရတော့မှာပေါ့. . ကျုပ်တော့ ကျုပ်အတွေ့အကြုံအရ ဒီလိုပဲဆုံးဖြတ်တော့မယ်. . "

"အခုမှ ကျုပ်လည်း ကိုယ့်ဘဝကိုယ် ပြန်သုံးသပ်မိတယ်. .



ကျုပ် လူ့ဘဝတုန်းက ဘာလုပ်ခဲ့သလဲ. . ဟောဒီ အဆောက်အဦကြီးကို ကြည့်စမ်းပါ. . ကျုပ်စိတ်ကူး. . ကျုပ်ဆန္ဒ တစ်ခုထဲနဲ့ တည်ဆောက်ထားတာ. . မှော်ပညာကို အားကျပြီး မှော်ရူးရူးခဲ့တာပဲ. . ဒီအဆောက်အဦကြီးက ဘယ်သူ့အတွက် ကောင်းကျိုးပေးလဲ. . ပထမဦးဆုံး ကျုပ်ကိုယ်ကျုပ်ပဲ ပြန်ကြည့်မိတယ်၊ ဘာတွေ့ရမလဲ. . မှော်ရူးရူးနေတဲ့ ကျုပ်ကို ဝိညာဉ် တစ်ကောင်က ခေါင်းဖြတ် သတ်သွားတာပဲတွေ့ရမယ်. . ဟော. အခုကြည့်. . သမီးတို့လို စိတ်လေလွင့်နေတဲ့ ဝိညာဉ်တွေ. . မသိဆိုးဝါး ကပျက်ကချော် ပေကပ်ကပ် ဝိညာဉ်တွေ. . တစ်ကိုယ်ကောင်းဆန်တဲ့ ဝိညာဉ်ဆိုး ဝိညာဉ်မိုက်တွေ ပုန်းခိုရာ နားခိုရာ ကျောင်းတော်ကြီး ဖြစ်နေပြီမဟုတ်လား. . "

"ဒါတွေဟာ ကျုပ်ရဲ့စိတ်ရူး စိတ်မိုက်တွေကြောင့်ဖြစ်လာတဲ့ အကျိုးဆက်တွေပဲ. . အခုတော့ ကျုပ်ဆုံးဖြတ်ထားတာ တစ်ခုရှိတယ်. . ဒီအဆောက်အဦကြီးမှာ အမှောင်လောကသားတွေ ဖြစ်ပျက်နေသမျှ ကျုပ်ဘယ်လိုမှ မထိန်းနိုင် မကွပ်ကဲနိုင်တော့ဘူး. . ဒါပေမဲ့ ဒီအဆောက်အဦကြီးကို အဆင်ပြေ ကောင်းမွန်သန့်ရှင်းသွားအောင် လုပ်နိုင်တဲ့သူတော့ ရှိတယ်. . အဲဒါက ဘုရားသခင်ကိုယ်တိုင်ပဲ. . ဒါကြောင့် ဒီနေ့ကစပြီး ဒီအဆောက်အဦကြီးကို ဘုရားသခင်ကိုအပ်လိုက်ပြီ. . ကျုပ်လည်း အေးချမ်းရာ ဘဝတစ်ခုမှာ ကောင်းတာလုပ်ပြီး ကောင်းကင်ဘုံကို မျှော်ကြည့်နေပါတော့မယ်. . ကျုပ်နဲ့ဘဝတူ အတူတူနေခဲ့တဲ့ သမီးဖရီဒါကို ဒီဘဝမှ အမြန်လွှတ်မြောက်ပါစေလို့ ဆုတောင်းခဲ့ပါတယ်. . ဒီလိုအတွေးအမြင် အယူအဆမျိုး ဖြစ်ပေါ်လာအောင် လမ်းပြပေးတဲ့ ဟောဒီက ဘားလန်းကို ကျေးဇူးအနန္တပါလို့ပြောရင်း ကျုပ်အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်. . "

ခေါင်းပျောက်ဝိညာဉ်က ဖရီဒါနဲ့ ဘားလန်းကို နှုတ်ဆက်ခြင်းနှင့်အတူ သံဝေဂ စကားတွေ တောက်လျှောက်ပြောပြီး သူပိုင်ရဲတိုက်ကြီးအတွင်းမှတစ်လှမ်းချင်းကျောခိုင်းထွက်ခွာသွားတော့တယ်. .

ဘားလန်းနဲ့ ဖရီဒါက ခေါင်းပြတ်ဝိညာဉ် ထွက်သွားရာ

ဖက်ဆီကို နောက်မှလိုက်ကြည့်ရင်း . .

"ဒီလူဟာ ခင်ဗျားလိုပါပဲ ဖရီဒါ. . ပင်ကိုစိတ်ရင်းကောင်းတဲ့သူပါ. . လူ့ဘဝမှာ ကိုယ်ယုံကြည်ရာကို လက်ကိုင်ထားပြီး ခေါင်းမာခဲ့လို့သာ မှော်ဆရာဘဝနဲ့ လမ်းလွဲရောက်ခဲ့တာ. . မင်းလည်း သူ့လိုပါပဲ. . လမ်းမှန်ကို ရောက်ဖို့သာ ကြိုးစားပါဖရီဒါ၊ ကိုင်း. . ကျွန်တော်လည်း မင်းကို နှုတ်ဆက်ရဦးတော့မှာပဲ. . ရော့. . ဒီမှာ . . မင်းရဲ့ဆွဲကြိုးလေး. . ဖရီဒါ ကျွန်တော့်ကိုကူညီခဲ့တာ ဘယ်ဘဝရောက်ရောက် မေ့မှာ မဟုတ်တော့ပါဘူး. . "

ဘားလန်းက ဖရီဒါရဲ့ဆွဲကြိုးလေးကို သူမ လည်ပင်းမှာ ပြန်လည် ဆွဲပေးလိုက်ရင်း ပြောတယ်။

"ကျွန်တော် ယုံကြည်ထားတာက ခင်ဗျားဟာ ကောင်းကင်ဘုံကို အရောက်သွားမယ်လို့. . . "

ဘားလန်းက လှိုက်လှဲသော အပြုံးနဲ့ အပြီးတိုင် နှုတ်ဆက်ပြီးရဲတိုက်အတွင်းက ထွက်ခွါသွားတယ်။ ဖရီဒါက ကြမ်းပြင်သို့ ဒူးထောက်လဲကျလျက်. . ဘားလန်းရဲ့နောက်ကျောကို ကြည့်ငေးနေရင်း သူမရဲ့ပါးပြင်ပေါ်မှာ မျက်ရည်တွေအပြည့်နဲ့ ဝေဝါးကျန်ခဲ့တယ်. . . .

# ဝိညာဉ်လွတ်မြောက်ပွဲ

## (၄) လပိုင်း (၁) ရက်နေ့

## တောင်စောက်မြို့၊ ကျောက်စက်သချိုင်း

ရောင်နီ မလာခင် နံနက် လေးနာရီလောက် ကတည်းက ကျောက်စက်သချိုင်းရှိ ဝိညာဉ်အားလုံး နိုးထသက်ဝင်နေကြတယ်။ ထင်းရှူးပင်တန်းတွေတို့လို ဘယ်တုန်းကမှ ဝိညာဉ်လွတ်မြောက်ပွဲကို မတက်ရောက်ဖူးတဲ့ ဝိညာဉ်တွေကလည်း ယခုနှစ်မှ ထူးထူးဆန်းဆန်း လွတ်မြောက်ပွဲတက်ဖို့ ကျောက်စက်သချိုင်းကို အရောက်သွားနေကြတယ်. . လက်သည်းရှည်နဲ့ ဆံရှည်ဝိညာဉ်တို့က ထင်းရှူးပင်တန်းရဲ့နောက်မှာ ကုပ်ကုပ် ကုပ်ကုပ်နဲ့ ပုန်းခိုလိုက်လာပြီး ကောင်းကင်ပေါ်ကို တစ်ချက်တစ်ချက် ကြောက်လန့်တကြား မော့ကြည့်နေကြတယ်။ ကိုယ့်ကိုယ်ကိုယ် မယုံကြည်တဲ့ ဝိညာဉ်တစ်ချို့. . မကောင်းမှုတွေကျူးလွန်ထားတဲ့ဝိညာဉ်တစ်ချို့ကတော့ ညသန်းခေါင်ယံ အချိန်ကပဲ ရှောင်တိမ်း ပုန်းခိုသွားကြပြီ. .

ဝိညာဉ်တွေက ကျောက်စက်သချိုင်းကို အခုလောက်ထိ သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင် မမြင်ဖူးကြလို့ ကိုယ့်သချိုင်းကိုယ်ကြည့်ပြီး ကျေနပ်ဂုဏ်ယူနေကြတယ်. . ဝိညာဉ် လွတ်မြောက်ပွဲတက်မဲ့ ဘားလန်းတို့အဖွဲ့ဟာ မနေ့ကတည်းက ရေကန်တစ်ကန်ကိုသွားပြီး ကိုယ်လက်သန့်စင်ထားကြတယ်။ ဝိညာဉ်စေတမန်ကို ကိုယ့်အုတ်ဂူ

ပေါ်မှနေ ယုံကြည်မှုအပြည့်နဲ့ သန့်ရှင်းစင်ကြယ်စွာ စောင့်ဆိုင်းနေကြလေပြီ..

ဂျိုးက စိတ်လှုပ်ရှားစွာနဲ့.. "ဘားလန်းရေ.. ကျွန်တော့်အခြေအနေတော့ ဘယ်လိုလဲ မသိဘူး.. ကျွန်တော် ခင်ဗျားနဲ့အတူတူ ဘုံဘဝတစ်ခုကို ရောက်နိုင်ပါတယ်နော်.."

"ဒီမယ်ဂျိုး.. ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ယုံကြည်စမ်းပါ.. ခင်ဗျားဟာ လူ့ဘဝမှာရော ဝိညာဉ်ဘဝမှာပါ.. အချိန်သိပ်များများ မနေခဲ့ရဘဲ မကောင်းတာလည်း မလုပ်ခဲ့ဘူးဆိုတာ ကျွန်တော်ယုံကြည်တယ်.. အဲဒီတော့ စိတ်အေးအေးထားပါ.. ကောင်းကင်တမန်တော်က ဆုံးဖြတ်ပေးမဲ့အချိန်ကို ယုံကြည်မှုအပြည့်နဲ့ စောင့်နေလိုက်စမ်းပါ..."

ဘားလန်းက အလွန်တရာ တည်တည်ငြိမ်ငြိမ်နဲ့ ပြောတယ်။ အခြားဝိညာဉ်တွေကလည်း သူတို့ရဲ့ ကောင်းကွက်ဆိုးကွက် အနည်းအများကို စိတ်ကူးနဲ့တွက်ချက်ရင်း ရင်ခုန်စွာနဲ့ ကောင်းကင်ပေါ်ကို မျှော်ကြည့်နေကြတယ်။

ကောင်းကင်ပေါ်က အလင်းရောင်သဲ့သဲ့မြင်လိုက်ရတယ်ဆိုရင်ပဲ ဝိညာဉ်များရဲ့မျက်လုံးတွေဟာ ၎င်းအလင်းတန်း ထွက်ပေါ်ရာဘက်ကို စုပြုံရောက်သွားတယ်.. ခဏအကြာ ကောင်းကင်ပေါ်က ကြယ်တစ်လုံးကြွေကျလာသလို မြင်ကြရတယ်။ ၎င်းအလင်းတန်းဟာ ပျောက်ကွယ်မသွားဘဲ ဘားလန်းတို့ရှိရာ ကျောက်စက်သချိုင်းကို တရွေ့ရွေ့လာနေတာတွေ့ရတယ်။ သချိုင်းပေါ်အရောက် မှာတော့ ၎င်းက လေထဲမှာရပ်တန့်ပြီး သချိုင်းတစ်ခုလုံးကို ငုံ့ကြည့်နေတယ်။ ဝိညာဉ်တွေက ၎င်းအလင်းတန်းကို မော့မကြည့်ရဲကြဘူး.. ဘားလန်းကတော့ ၎င်းကို သေသေချာချာ ကြည့်လိုက်မိတယ်။

သူ့ဆီက ထွက်တဲ့အလင်းရောင်ဟာ ငွေရောင် တောက်နေတဲ့ အလင်းတန်းဝိညာဉ်ပုံစံမျိုးပဲ.. မျက်နှာ အသွင်အပြင်က တည်ငြိမ်ရည်မွန်လှတယ်.. ၎င်းငွေရောင် တမန်တော်က ဝိညာဉ်



တွေကို ငုံ့ကြည့်ပြီးပြောတယ်..

"ဝိညာဉ်အပေါင်းတို့... သင်တို့ကို အခုချိန်ကစပြီး ဝိညာဉ်လွှတ်မြောက်ပွဲအဆုံးအဖြတ်ပေးဖို့ အချိန်ရောက်ပြီ.. ယခင်နှစ်တွေ နှစ်တွေတုန်းက ဒီသချိုင်းမှာ ဝိညာဉ်လွတ်မြောက်ပွဲတက်တဲ့သူ နည်းနည်းသာရှိပြီး ပုန်းရှောင် ထွက်ပြေးနေတဲ့သူကများတယ်။ ဝိညာဉ်လွတ်မြောက်ပွဲကို ရှောင်ပုန်းနေကြတဲ့ဝိညာဉ်တွေ သုသာန်တိုင်းလိုလိုမှာ တွေ့ရတယ်.. ဘယ်လိုပင် ရှောင်ပုန်းစေဦးတော့ အချိန်တန်ရင် ရှောင်ပုန်းလို့ မလွတ်ဘူးဆိုတာ သိထားသင့်တဲ့အချက်ပဲ.. အဲဒါကြောင့် ကိုယ့်အခြေအနေကိုယ် တိတိပပသိအောင် ဝိညာဉ် လွတ်မြောက်ပွဲကို တက်သင့်တယ်။ တက်မှလည်း ကျွန်ုပ်ကို သိချင်တာ မေးလို့ရမယ်.. အဲဒါမှ ကိုယ့်ရဲ့အခြေအနေဘယ်လောက်ရှိတယ်.. ဘာတွေ ဆက်လုပ်ရင် ဘယ်ဘုံဘဝ သွားရမယ်ဆိုတာ ပြောပြလို့ရမှာ.. အခုနှစ် ကျောက်စက်သချိုင်းကဝိညာဉ်တော်တော်များများဟာ ယုံကြည်မှုအပြည့်နဲ့ စောင့်မျှော်နေကြတာကို သင်တို့ကိုယ်စား ကျွန်ုပ်ဂုဏ်ယူမိတယ်။ သချိုင်းကလည်းအလွန်သန့်ရှင်းနေတယ်.. ဒါ ကောင်းတဲ့အလားအလာပဲ.."

"ကဲ.. အားလုံး နားထောင်ကြ.. အရင်ကလည်း ခဏခဏ ရှင်းပြခဲ့ပြီးသား.. ဝိညာဉ်အသစ်တွေရော နားမလည်သေးတဲ့ဝိညာဉ်တွေကိုပါ တစ်ခေါက် ထပ်ရှင်းပြမယ်.."

"ဝိညာဉ်တွေရော၊ သက်ရှိတွေအားလုံး အတွက်ပါ သွားစရာက ကောင်းသောဘုံ၊ မကောင်းသောဘုံနဲ့ အပြီးသတ်လွတ်မြောက်ဘုံဆိုပြီး သုံးပိုင်းရှိတာ သင်တို့လည်း သိပြီးဖြစ်မယ်.. အပြီးသတ်ဘုံဘဝဆိုတာ ဒုက္ခအားလုံး ချုပ်ငြိမ်းရာ အတိပြီးတဲ့ထာဝရဗိမာန်ဖြစ်တယ်၊ အပြီးသတ် ဘုံကိုတော့ ကောင်းတဲ့အမှတ်များများရှိပြီး နည်းလမ်းတကျ ကျင့်ကြံမှသွားလို့ရတယ်.."

"သေဆုံးသူဝိညာဉ်ရဲ့ အတိတ်နဲ့ ပစ္စုပ္ပန်က လုပ်ဆောင်ချက်တွေ၊ အနာဂတ်ရည်မှန်းချက်တွေ အားလုံးကို ကောင်းကင်ဘုံအဖွဲ့အစည်းက ခြုံငုံသုံးသပ်ပြီး အမှတ်ပေး စည်းမျဉ်းအတိုင်း အမှတ်

ပေးပြီးမှ ဆုံးဖြတ်ချက် ချတာဖြစ်တယ်. . အဲဒီတော့ ကောင်းမြတ်တဲ့ စိတ်ထားနဲ့ ကောင်းတာလုပ်ရင် ကောင်းတဲ့အမှတ်ရမယ်။ ထိုနည်းတူစွာပဲ မကောင်းတဲ့စိတ်ထားနဲ့ မကောင်းတာလုပ်ရင် မကောင်းတဲ့ အမှတ်ပေးတာခံရမယ်. . "

"သင်တို့ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံးပဲ. . သင်တို့သိသလို သင်တို့ကိုစောင့်ကြည့်နေတဲ့ ဘုံအဖွဲ့ ကလည်း အားလုံးကို သိတယ်. . "

"ကောင်းကင်ဘုံသို့သွားရာ လမ်းကြောင်းအမျိုးမျိုးရှိတယ်၊ ၎င်းအချက်က ဘုံအဖွဲ့ အမှတ်ပေးစည်းမျဉ်းပေါ်မှာ မူတည်ပြီး အဆင့်အမျိုးမျိုးကွဲပြားတယ်၊ သေဆုံးသူဝိညာဉ်ရဲ့ ဘဝမှတ်တမ်းများ အရ ကောင်းတဲ့အချက်က စုစုပေါင်း အမှတ် တစ်ရာရတယ်၊ မကောင်းတဲ့အချက်က အမှတ် ငါးဆယ်ရတယ် ဆိုကြပါစို့. . သူ့ကို ကောင်းတဲ့အမှတ်ထဲက မကောင်းတဲ့အမှတ်ကို နှုတ်ပါတယ်။ သူ့မှာ ကောင်းတဲ့အမှတ် ငါးဆယ်ပဲ ကျန်နေတော့ ဘုံအဖွဲ့က သူ့ကို စောင့်ကြည့်နေရတယ်။ သူ ရောက်ရှိတဲ့ဘဝမှာပဲ အမှတ်ပြည့်အောင် ကျင်လည်နေရဦးမယ်။ ၎င်းက ဆက်လက်ပြီး ကောင်းတဲ့အကျင့် အကြံနဲ့ ကောင်းတာတွေ ပြီးမြောက်အောင်လုပ်မယ် ဆိုရင်တော့ ကောင်းတဲ့အမှတ် မြန်မြန်ပြည့်သွားပြီး ကောင်းကင်ဘုံကို တက်ရဖို့ သေချာသွားပြီပေါ့. . ကောင်းတဲ့အမှတ် တစ်ရာပြည့်သူတိုင်း ကောင်းကင်ဘုံပေါ် တက်ကြရမယ်"

"ဒီလိုပဲ မကောင်းတဲ့အမှတ် တစ်ရာပြည့်သွားရင်တော့ မကောင်းတဲ့ဘုံဘဝကို ရောက်သွားပြီး မကောင်းတဲ့ ဘုံဘဝမှာ ဆက်လက် ကျင်လည်နေရအုံးတော့မှာပဲ. . ရှင်းရှင်းလင်းလင်းသိရ မှာက ကောင်းတဲ့အလုပ်တစ်ခုလုပ်ရင် အမှတ်တစ်မှတ်ရပြီး မကောင်းတာ လုပ်ရင်တော့ နှစ်မှတ်ပေးခံရမယ်။ ဒါကလည်း စကြဝဠာကြီး အမြဲတမ်းငြိမ်းချမ်းတည်မြဲနေဖို့ သတ်မှတ်ရခြင်း ဖြစ်တယ်။ သူတစ်ပါးနစ်နာသွားအောင် မကောင်းတာကို ဆိုးဆိုး ဝါးဝါးလုပ်ရင်တော့ တစ်ခါတည်းနဲ့ အမှတ်တစ်ရာ အပြစ်ပေးခံရတဲ့



သူတွေ ဒုနဲ့ဒေးရှိတယ်။ ထိုအချက်ကတော့ သင်တို့အားလုံး သတိထားရမဲ့ အချက်ပဲ. . ကောင်းတဲ့ဘက်က ဖြစ်ဖြစ်၊ မကောင်းတဲ့ ဘက်ကဖြစ်ဖြစ် အမှတ်တစ်ရာ ပြည့်သွားရင်တော့ ရှောင်ပုန်း နေလို့မရတော့ဘူး. . သတ်မှတ်ထားတဲ့အတိုင်း ဘုံဘဝတစ်ခုကို သွားရတော့မှာပဲ၊ အဲဒါကြောင့် ကျွန်ုပ်အနေနဲ့ ကောင်းတာတွေပဲ လုပ်ဖို့ အကြံပြုချင်တယ်. . "

"ကဲ. . အစီအစဉ်စမယ်. . "

ငွေရောင် တမန်တော်က သူ့ရဲ့စာချွန်လွှာမှာပါတဲ့ အမည် စာရင်းကို ဖွင့်လိုက်တယ်။ သချိုင်းရှိ ဝိညာဉ်တွေအားလုံးက တိတ်ဆိတ် ငြိမ်သက်ခြင်းနဲ့အတူ ငွေရောင် တမန်တော်ကို ရင်ခုန်စွာ မော့ကြည့်နေကြတယ်။

နေ့စွဲ - ဧပြီလ ၁ ရက်၊ ၂၀၀၈ ခုနှစ်
စာချွန်လွှာနံပါတ် (၂)
တောင်စောက်မြို့၊ ကျောက်စက်သချိုင်း။
ဝိညာဉ်လွှတ်မြောက်ပွဲ စာရင်း။

အမှတ်စဉ် (၁) ဝိညာဉ် ဘာနီစရစ်နာ(ထင်းရှူးပင်တစ္ဆေ)
အသက် (၇၂)နှစ်
လက်ရှိရမှတ် . . .
ကောင်းသော အမှတ် ၃၀
မကောင်းသော အမှတ် ၅၀
ကောင်းကင်ဘုံအဖွဲ့ဆုံးဖြတ်ချက်အရ စောင့်ကြည့် ဝိညာဉ်အဖြစ် ခံယူစေ . . .

အမှတ်စဉ် (၂) ဝိညာဉ် ဒေါက်တလောက်
အသက် (၅၀)နှစ်
လက်ရှိရမှတ် . . .
ကောင်းသော အမှတ် မရှိ၊
မကောင်းသော အမှတ် ၁၀၀ ပြည့်ပြီး
ကောင်းကင်ဘုံအဖွဲ့ ဆုံးဖြတ်ချက်အရ မကောင်းသောဘုံဘဝသို့ သွားရောက်စေ . . .

အမှတ်စဉ် (၃) ဝိညာဉ် ဗရော့ကာအာဝ့ပ်(လက်သည်းရှည်)
အသက် (၅၁)နှစ်
လက်ရှိရမှတ် . . .
ကောင်းသော အမှတ် ၂၀
မကောင်းသော အမှတ် ၅၀
ကောင်းကင်ဘုံအဖွဲ့ ဆုံးဖြတ်ချက်အရ စောင့်ကြည့် ဝိညာဉ်အဖြစ် ခံယူစေ . . .

အမှတ်စဉ် (၄) ဝိညာဉ် ဒါဖီအယ်ဒင်(ဆံရှည်)
အသက် (၃၉)နှစ်
လက်ရှိရမှတ် . . .
ကောင်းသော အမှတ် ၁၀
မကောင်းသော အမှတ် ၅၀
ကောင်းကင်ဘုံအဖွဲ့ ဆုံးဖြတ်ချက်အရ စောင့်ကြည့် ဝိညာဉ်အဖြစ် ခံယူစေ . . .

အမှတ်စဉ် (၅) . . . . . . . . . . . . . .
အမှတ်စဉ် (၆) . . . . . . . . . . . . . .

ပုံ. . .
ဝိညာဉ်လွှတ်မြောက်ပွဲ ကြီးကြပ်ရေးကော်မိတီ
ကောင်းကင်ဘုံအဖွဲ့

"ဒီနှစ်လည်း ဝိညာဉ်လွှတ်မြောက်ပွဲ မတက်ဖြစ်တဲ့ ဝိညာဉ်တွေကိုတော့ ပျောက်ဆုံး ဝိညာဉ် စာရင်းထဲမှာပဲ မှတ်ရမှာပဲ. ."

ငွေရောင် တမန်တော်က စောင့်ကြည့်ဝိညာဉ် စာရင်းကို ဖတ်ကြားပြီး ပြောတယ်။ သူ့ရဲ့စာချွန်လွှာကို နောက်တစ်ရွက် လှန်လိုက်ပြီး. .

"ကျေးဇူးပြု၍ နားထောင်ပါ. . ကောင်းတဲ့ဘုံ သွားရသူများ စာရင်းကို ဆက်လက် ဖတ်ကြားပါမယ်"

နေ့စွဲ - ဧပြီလ ၁ ရက်၊ ၂၀၀၈ ခုနှစ်
စာချွန်လွှာနံပါတ် (၁)
တောင်စောက်မြို့၊ ကျောက်စက်သချိုင်း။
ဝိညာဉ်လွှတ်မြောက်ပွဲ စာရင်း။

အမှတ်စဉ် (၁) ဝိညာဉ် စီဂါဘားလန်း
အသက် (၂၆)နှစ်
**ကောင်းသော အမှတ် ၁၀၀ ကျော် ပြီးဖြစ်၍**
ကောင်းကင်ဘုံအဖွဲ့ ဆုံးဖြတ်ချက်အရ ကောင်းကင်ဘုံသို့ ငွေရောင်တမန်တော်အဖြစ် တက်ရောက်စေ ...

အမှတ်စဉ် (၂) ဝိညာဉ် ဂျိုးဂျေဆာ
အသက် (၂၅) နှစ်
**ကောင်းသောအမှတ် ၁၀၀ ပြည့်ပြီဖြစ်၍**
ကောင်းကင်ဘုံအဖွဲ့ ဆုံးဖြတ်ချက်အရ ကောင်းကင်ဘုံသို့ အပြာရောင်ဘုံသားအဖြစ်တက်ရောက်စေ ...

အမှတ်စဉ် (၃) ဝိညာဉ် ဝင်ဒီကားလစ်
အသက် (၂၅) နှစ်
**ကောင်းသောအမှတ် ၁၀၀ ပြည့်ပြီဖြစ်၍**
ကောင်းကင်ဘုံအဖွဲ့ ဆုံးဖြတ်ချက်အရ ကောင်းကင်ဘုံသို့ အပြာရောင်ဘုံသားအဖြစ်တက်ရောက်စေ ...

အမှတ်စဉ် (၄) ဝိညာဉ် ဒါနယ်ဇာမီး
အသက် (၂၇) နှစ်
**ကောင်းသော အမှတ် ၁၀၀ ပြည့်ပြီဖြစ်၍**
ကောင်းကင်ဘုံအဖွဲ့ ဆုံးဖြတ်ချက်အရ ကောင်းကင်ဘုံသို့ အပြာရောင်ဘုံသားအဖြစ်တက်ရောက်စေ ...

အမှတ်စဉ် (၅) .................
အမှတ်စဉ် (၆) .................

ပုံ...
ဝိညာဉ်လွှတ်မြောက်ပွဲ ကြီးကြပ်ရေးကော်မီတီ
ကောင်းကင်ဘုံအဖွဲ့

တမန်တော်က ဝိညာဉ်လွှတ်မြောက်ပွဲ စာရင်းကိုဖတ်ပြီး သူ့ရဲ့လက်တစ်ဖက်ကို ရှေ့တွေဆန့်တန်းလိုက်တယ်။

"ယခုအမှတ် စာရင်းအရ ကောင်းကင်ဘုံ တက်ရမဲ့သူတွေ ကျွန်ုပ်၏ရှေ့ကိုထွက်ခဲ့ပါ. .

သင်တို့ကို ယခုပဲ ကောင်းကင်ဘုံ အရောက်ပို့ရမှာဖြစ်လို့ သင်တို့ဝိညာဉ်ကို သန့်စင်ပေးမယ်. ."

ငွေရောင် တမန်တော်ရဲ့ရှေ့မှာ ဘားလန်း၊ ဂျူးနဲ့စာရင်းပါသူ အားလုံးက ငြိမ်သက်စွာ ခေါင်းငုံ့ ရပ်နေကြတယ်။

"သင်တို့ကို ကောင်းကင်ဘုံက ကြိုဆိုပါတယ်. ."

တမန်တော်က ပြောပြီး ဘားလန်းတို့ကို သန့်စင်ခြင်းအသွင် ပြောင်းလိုက်တယ်။

ဘားလန်းက ငွေရောင်အဆင်းနဲ့ . .

ဂျူးတို့က အပြာရောင်အဆင်းနဲ့ . .

သူတို့ဟာ ကောင်းကင်ဘုံသို့ တရိပ်ရိပ်တငြိမ့်ငြိမ့် ပျံတက်သွားကြတော့တယ်။

ပြီးပါပြီ။
ကိုချစ်
၃၀. ၇. ၂၀၀၈